


ကျေးဇူးတော်ရှင်

မဟာထေရ်အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်

ဟောကြားတော်မူသော

# သစ္စာ(၄)ပါး

တရားတော်

အမှတ်စဉ် ၂၀

ဒုတိယအကြိမ်



ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

# ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ခေတ်အစဉ်

ဆမရပ္ပရန္တြိ၊ မင်္ဂလာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ၊



အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန် ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဘန်ဘန်၊ ဖြစ်ပြန်နည်းအစလျှော်။ ဗြဟ္မာ-သိကြား၊ ဝသည်များက၊ ထင်ရှား၊ ပြုပြင်၊ ဖန်ဆင်း၊၊ အကြောင်းရင်းကြောင့်၊ လူနတ်များ၊ ငှာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှုစုံမြော်။

(သင်္ချေဆောင်ပုဒ်) မူလနှစ်ပြား၊ သင်္ဂနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ်များ၊ နှင့်၊ သုံးပါးအစပ်၊ နှစ်ရစ်မှလေ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးပြား၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း၊၊

၁၄၈.၃၈

အမရပူရမြို့-မင်္ဂလာတိုက်ဟောင်း

# ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ ဓမ္မာရုံ၌

ဟောကြား-ဆုံးမတော်မူသော

## ( ဝိပဿနာလုပ်ငန်းစဉ် )

# နေ့အလုပ်ပေး တရားတော်

အမှတ်စဉ် ( ၂၀ )

A (ဒုတိယအကြိမ်)

မိုးကုတ် ဆရာတော် ဘုရားကြီး၏
ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏
မူပိုင်ဖြစ်သည်။
မည်သူမျှ ကူးယူထုတ်ဝေခြင်း မပြုရ။

ဘာသာရေးဆိုင်ရာ ကြိုတင်ခွင့်ပြုချက် အမှတ် ( ၁၅၁၁ )
၁၉၈၁ ခု၊ ဖေဖော်ဝါရီလ
ဒုတိယအကြိမ်

အုပ်ရေ- ၂၀၀၀

တန်ဖိုး- ၁၄ ကျပ်
အဖုံးရိုက်-ကဝိရတနာ

ဖြန့်ချိရာဌာန

မိုးကုတ် ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၊
၈၂-နတ်မောက်လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ဒေါ်တင်ရွှေ၊ (၀၂၈၄၅)စာပေမွန်
စာပေတိုက်၊ ၂၀၄၊ လမ်း ၃၀၊ ရန်ကုန်။

ပုံနှိပ်သူ ဦးမောင်မောင်လွင် (၀၂၃၅၀)
ကဝိရတနာ ပုံနှိပ်တိုက်၊ ၂၀၄၊ လမ်း ၃၀၊
ရန်ကုန်မြို့။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁ | ဝိသုဒ္ဓိ ၇-ပါး၊ ရထား ၇-စင်း ဥပမာပေးပုံ နေ့အလုပ်ပေး တရားတော် | | ၁ |
| ၂ | သာသနာတော်၏ အနှစ်သာရရှာပုံ | ။ | ၄၇ |
| ၃ | ခန္ဓာငါးပါးသည် ကမ်းနားသစ်ပင်နှင့်တူပုံ | ။ | ၉၄ |
| ၄ | သူများပါးစပ်လမ်းဆုံးမှ ဇာတ်သိမ်းပုံ | ။ | ၁၄၂ |
| ၅ | ခန္ဓာဉာဏ်ရောက်မှ သံသရာ တိုမည့်အကြောင်း | ။ | ၁၈၉ |
| ၆ | ဓမ္မာနုဓမ္မပဋိပတ္တိကင်း၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရနိုင်ကြောင်း | ။ | ၂၄၄ |
| ၇ | အနာဂတ်ဘေးငါးပါးအကြောင်း | ။ | ၂၉၀ |
| ၈ | သံသရာစခန်းသတ်ချင်ယင် မဂ်အလုပ်- လုပ်ရန် | ။ | ၃၃၈ |
| ၉ | ခန္ဓာကပြောတာကို ဉာဏ်ကရှုရန် သက္ကာယဒိဋ္ဌိ အဆုံးသတ်ပုံ | ။ | ၃၈၃ |
| ၁၀ | အိမ်တွင်းပဋိစ္စသမုပ္ပါဒ်တရားတော် | (၁) | ၄၂၇ |
| ၁၁ | ။ | (၂) | ၄၇၅ |
| ၁၂ | ။ | (၃) | ၅၂၃ |
| ၁၃ | ခန္ဓာမှာ တရားရှာပါ- ဘုရားပရိနိဗ္ဗာန်မစံသေးပုံ တရားတော် | | ၅၇၁ |

# စိတ္တာနုပဿနာ ရှုပွားနည်း

| | | |
|---|---|---|
| ၁။ မြင်စိတ် | ) | အပြင်ဧည့်သည် ၅ ယောက် |
| ၂။ ကြားစိတ် | ) | |
| ၃။ နံစိတ် | ) | |
| ၄။ စားစိတ် | ) | |
| ၅။ ယားနာကောင်းစိတ် | ) | |
| ၁။ လောဘစိတ် | ) | အတွင်းဧည့်သည် ၆ ယောက် |
| ၂။ ဒေါသစိတ် | ) | |
| ၃။ မောဟစိတ် | ) | |
| ၄။ အလောဘစိတ် | ) | |
| ၅။ အဒေါသစိတ် | ) | |
| ၆။ တွေးတောကြံစည်စိတ် | ) | |
| ၁။ လေကိုထုတ်သောစိတ် | ) | အိမ်သည်စိတ် ၂ ခု |
| ၂။ လေကိုသွင်းသောစိတ် | ) | |

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊
၎င်း (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။
ရှုပုံနည်းစနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ၊
အိမ်သည် မရှိပါက အပြင်ဧည့်သည်၊ အတွင်းဧည့်သည်
ပေါ်ရာကို ရှုပါ၊
ဧည့်သည်မရှိပါက အိမ်သည်ကို အမြဲရှုပါ။

# နိဒါန်း

## နမော ဗုဒ္ဓါယ သိဒ္ဓမ်

ကျေးဇူးတော်ရှင် မဟာထေရ်မိုးကုတ်ဆရာတော်ဘုရားသည်
တကာတကာမတို့အား လွန်စွာမှ ကရုဏာတရား ရှေ့ထားတော်
မူပြီးလျှင် သာသနာတော်တွင်း ကြုံကြိုက်သောအခါ သစ္စာ
ဟောတတ်ပြောတတ်သော ဆရာသမားများနှင့် တွေ့၍ ထောင်
နိုင်သော နားရှိကြသည့် အခါ မိမိတို့ကလည်း ထိုက်တန်
သလောက် သဒ္ဓါတရားရှိကြသော ပုဂ္ဂိုလ်များ ဖြစ်ကြသဖြင့်
ဤသာသနာတော်၌ ကောင်းသည်၊ သာ၍ ကောင်းသည်၊
အကောင်းဆုံးဖြစ်သည် ဟူ၍ အဆင့်အတန်းအားဖြင့် ရှိကြရာ
ကျေးဇူးရှင် ဆရာတော်ဘုရားသည် အကောင်းဆုံးဟု ဆိုအပ်
သော ဆုလာဘ်ကြီးကို ရရှိကြစေချင်ကြောင်း တရားနာနေကြ,
တရားစာ ဖတ်နေကြ တကာတကာမများ အကဲခတ်ရှိနိုင်ကြပါ
လိမ့်မည်။

ဆရာတော်ကြီးသည် ဥပမာအားဖြင့် ဤသို့ ဟောကြား
ပြသ တော်မူပါသည်။ တယောက်သော သူသည် တောထဲ၌
လှည်းဝင်ရိုးတပ်လိုသဖြင့် လှည်းဝင်ရိုးလုပ်ရန် အနှစ်ကို အရှာ
ထွက်ရာ အနှစ်ဟူ၍ မသိနားမလည်သည့်အတွက် အနှစ်ကို မယူ
ပဲ အပွေးကို အနှစ်ထင်မှတ်ပြီး ခုတ်ယူပြီး ထမ်း၍ ပြန်ရှာသည်။

နောက် တယောက်သောသူသည် ဤကဲ့သို့ပင် လှည်းဝင်ရိုး
လုပ်ရန် အနှစ်ရှာ တောထဲသို့ထွက်၍ရှာပြန်သည်။ ၎င်းသူသည်

လည်း အနှစ်ကို မသိသဖြင့် အကာကို အနှစ်ထင်မှတ်ပြီးလျှင် ခုတ်၍ ထမ်းပြီးပြန်ရှာသည်။ နောက်တယောက်သောသူသည် ကား အနှစ်ရှာရန် ထွက်ပြန်ရာ အနှစ်ကို မသိသောကြောင့် အကိုင်းကိုခုတ်ပြီး ထမ်း၍ပြန်ရှာသည်။ ထိုနောက် တယောက် သောသူသည် အနှစ်ရှာထွက်ပြန်ရာ အနှစ်ကို မသိသောကြောင့် အသားကို အနှစ်ထင်ပြီး ၎င်းအသားကိုပင် ခုတ်၍ ထမ်းပြီး ပြန် ပြန်သည်။

သို့ကြောင့် အသိအလိမ္မာရှိသောသူများက မြင်ခဲ့ပါလျှင် ပထမလူသည် လှည်းဝင်ရိုးလုပ်ရန်ဆို၍ အပွေးကို အနှစ်မှတ်ပြီး သူ့လှည်းဝင်ရိုးအဖြစ် သုံးခဲ့သော် သူ၏အပွေးသည် လှည်းဝင်ရိုး အဖြစ် အသုံးဝင် မဝင်သိနိုင်ရာသည်။ ထိုနည်းအတူ အကာကို အနှစ်ထင်၍ ပင်ပင်ပန်းပန်းထမ်း၍ ပြန်သွားသူများသည် မိမိတို့ လိုရင်းကိစ္စ ပြီးစီးနိုင်မပြီးစီးနိုင်ကို အသိအလိမ္မာရှိသော ဆရာ သမားများကမြင်လျှင် သိရှိနိုင်သလို မြတ်စွာဘုရား၏သာသနာ တော်ကြီး အတွင်းမှာလည်း ဒါနမျှလောက်ကို အနှစ်ထင်ပြီး နေမည်ကို စိုးရိမ်တော်မူသည်။ အဘယ့်ကြောင့်ဆိုသော် ဒါနမှု သည် ဝိနိပါတဘေးမှ မလွတ်နိုင်သောကြောင့် တကာတကာမ တွေအတွက် စိုးရိမ်တော်မူရှာသည်။

သီလလောက်ကို အနှစ်ထင်ပြီး သီလကိုပဲ အားကိုးပြီး သီလ မှာပင် လမ်းဆုံးကြမည်ကို စိုးရိမ်တော်မူသည်။ ဥပမာအားဖြင့် ကဿပဘုရားရှင်လက်ထက်၌ အနှစ်-နှစ်သောင်းကျော် ၂၂၇- သွယ်သော သိက္ခာပုဒ်ကို လုံခြုံစွာစောင့်ထိန်းလာခဲ့သော်လည်း သေခါနီး၌ မြက်ပင်ကလေး တပင်ကို လှေနှင့်သွားယင်း ဆွဲ၍ ပြတ်သွားသည်ကို ဒေသနာမကြားခဲ့မိ၍ (အာပတ်မဖြေ)

နဂါးကြီးသွားဖြစ်သည့်သာဓက စသည်များစွာ ပြောကြားပြသ တော်မူပါသည်။ သီလတန်ခိုးကြောင့် အသက်ရှည်မည်။ အန္တရာယ် ကင်းမည်။ သေသောအခါ လူ့ချမ်းသာ, နတ်ချမ်းသာရရှိမည်။ သို့သော်....မြတ်စွာဘုရားသခင်တို့ ပွင့်တော်မူခြင်းသည် ဤမျှ လောက်အကျိုးတရားရရှိရုံကလေးမျှလေးသင်္ချေနဲ့ ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့် ဆည်းပူးတော်မူလာခဲ့ခြင်းမဟုတ်။ ဤထက် အဆအရာ-အထောင်မြင့်မြတ်သောမဂ်ဖိုလ်တည်းဟူသောအကျိုး တရားကို လက်ဆုပ်လက်ကိုင်ရရှိစေခြင်းငှာ မြတ်စွာဘုရားရှင်တို့ ပွင့်တော်မူလာခြင်းဖြစ်ရာ ဤသာသနာတော်၌ ဒါန-သီလတွင် လမ်းမဆုံးကြမူ၍၊ ဤထက် အနှစ်စစ်စစ် တရားတွေရှိသေးတယ် ဟူ၍ ကျေးဇူးရှင် ဆရာတော်ကြီးသည် သဘောပေါက်နားလည် အောင် ဟောကြား ပြသတော်မူသည်။

ဒါန, သီလထက် တဆင့်တက်ပြီး တချို့က သမာဓိစခန်း သမထ,အလုပ်လို အမြင်အထင် ရသည်အထိ ကြိုးစားတက်လှမ်း သည်လည်း ရှိကြသေး၏။ လောကီမှာလည်း အမြင်အထင်ရရှိမှု၊ သေလျှင်လည်း ဗြဟ္မာဖြစ်မှု မရှိဟူ၍ ကျေးဇူးရှင် ဆရာတော် ဘုရားကြီး မဆိုလိုပါ။ သို့သော်.... ဤဗုဒ္ဓသာသနာတော်ကြီး၌ အနှစ်စစ်စစ်ကြီးရှိသေးသည်။ အနှဲသတိ၌ လမ်းမဆုံးကြစေလို သောကြောင့် အနှစ်သာရ စစ်စစ်ကြီး ရရှိအောင် ပို့ဆောင် သယ်ယူတော်မူလိုသော ဆန္ဒ ပြင်းပြတော်မူသောကြောင့် အပင် ပန်းခံကာ ဟောကြားတော်မူခြင်းဖြစ်ချေသည်။

ဤတရားစာကို ဖတ်ကြားသည့်အခါ၌လည်း ဗဟုသုတဖြစ်ရုံ၊ ကုသိုလ်ရရုံ၊ ပရိသတ်ထဲ၌ ပြောတတ်ဆိုတတ်ရုံမျှ မဟုတ်မူ၍

အနှစ်ထုတ်ယူနိုင်သည်အထိ တက်လှမ်းနိုင်ကြပါစေဟု စေတနာ မေတ္တာဖြင့် တိုက်တွန်းအပ်ပါသည်။

ဤသာသနာတော်၌ အနှစ်ဆိုသည်မှာ မဂ်လေးတန်, ဖိုလ်လေးတန်,နိဗ္ဗာန်ကိုဆိုပါသည်။ ဤထက် အနှစ်ကျသော တရားများမရှိဟူ၍ ဆုံးဖြတ်တော်မူစေလိုပါသည်။

ဤမျှအထိ အနှစ်ကိုရှာ၍ ထမ်းယူကြရန်ဖြစ်ပါသည်။ အနှစ်ရှာရမည့်အလုပ်သည် ဝိပဿနာက စရမည် ဖြစ်ပါသည်။ ဤအလုပ်ကစ၍ တက်ရမည်ဖြစ်ရာ ဤအလုပ်သည်လည်း သီလ ပထမစင်ကြယ်ရန်အရေးကြီးရာ ဝိပဿနာအလုပ်ဆိုလျှင် သီလပါပြီးပင်ဖြစ်ချေသည်။ သို့သော် မြတ်စွာဘုရားသခင်နှင့် ဘုရားသားတော်စစ် ဖြစ်တော်မူသော ကျေးဇူးရှင်ဆရာတော်ဘုရား သတိပေးသည်မှာ- သီလတခုထဲအားကိုးပြီး တင်းတိမ်နေမည်ကို စိုးရိမ်တော်မူခြင်းဖြစ်ပါသည်။ ဓမ္မပဒတွင် "သီလလောက်တွင် လုံခြုံတယ်ဟု တင်းတိမ်ရုံမျှမနေရ စိတ်ချ၍လည်းမနေနှင့်" ဟု ဟောတော်မူရာ ယခုခေတ် သီလလောက်မျှနှင့် တင်းတိမ်နေသူများအတွက် စိုးရိမ်၍ ဟောတော်မူခြင်းဖြစ်ပါသည်။

အပါယ်လေးပါး စိတ်ချရသည်မှာ ပထမအဆင့်ဖြစ်သော သောတာပန်တည်မှသာလျှင် လုံးလုံးကြီး အပါယ်ဘေးက စိတ်ချရမည်ဖြစ်ရာ၊ သောတာပန်အဆင့်အတန်း ရောက်လိုသော သူသည် ဒိဋ္ဌိ,ဝိစိကိစ္ဆာ ၂ပါးကို အရင်ပယ်ရမည်ဖြစ်သည်။ ဒိဋ္ဌိ, ဝိစိကိစ္ဆာပြုတ်မှုမှာလည်း သီလနှင့်လည်း မပြုတ်နိုင်၊ သမထနှင့်လည်း မပြုတ်နိုင်၊ ဝိပဿနာတည်းဟူသော မဂ်အလုပ်သာလျှင် ဤအပါယ်ရေသောက်မြစ်ဖြစ်သော ဒိဋ္ဌိ,ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ်သတ်နိုင်ရာ ဤ အပါယ်ရေသောက်မြစ် ဖြတ်လိုသူတိုင်း

ဝိပဿနာအလုပ် (ဝါ) မဂ္ဂဗြဟ္မစရိယာအလုပ် (ဝါ) အနုပဿီ အလုပ်ကို ပွားများ အားထုတ်ကြပါရန် အထူး တိုက်တွန်းပါ သည်။

သီလလောက်နှင့် မိမိတို့သန္တာန်၌ရှိသော ဒိဋ္ဌိစသော ကိလေသာက တစ္ဆေးသားမျှ မပြုတ်နိုင်ဟူ၍ အထူးသတိချပ်တော်မူကြပါကုန်။ ၇-ရက်ပင်ဖြစ်စေ၊ ၇-ရက် ၇-လ ၇၉-ရက်ပင်ဖြစ်စေ သီလလောက်နှင့် မိမိတို့ သန္တာန်မှာရှိသော ကိလေသာသည် မပြုတ်နိုင်ဟုဆိုသော် အခြားဘာကျေးဇူးခံစားရသနည်းဟုမေးစရာ လိုအပ်ပါသည်။ သီလစောင့်လျှင်သီလစောင့်ထိန်းသောသူအဖို့ သီလကုသိုလ်မှုကား အသေအချာရမည်ပင်ဖြစ်သည်။ မရဟူ၍ မဆိုလိုပါ။ ကိလေသာပြုတ်လိုသောသူသည် ကိလေသာပြုတ်မှု အလုပ်သာလုပ်ရန်ဖြစ်၍ အပါယ်ရေသောက်မြစ် ဖြတ်လိုသောသူသည်လည်း အပါယ်ရေသောက်မြစ် ဖြတ်သော အလုပ်ကိုသာလျှင် လုပ်ရပေမည်။

အထူးသဖြင့် ကျေးဇူးရှင် ဆရာတော်ကြီးသည် ယခုတဘဝကောင်းစားရေးနှင့် နောင်ဘဝကူး ကောင်းအောင်ဆို၍ရည်ရွယ်ပြီးလျှင် လှူကြ၊ တန်းကြ၊ သီလဆောက်တည်ကြ ပြုလုပ်ကြသည်ကို အထူးသဖြင့် သတိပေးတော်မူသည်။ ဘဝကူးကောင်းအလိုမရှိကြမူ၍ ဘဝရပ်သိမ်း ချုပ်ငြိမ်းခြင်းကိုသာ အလိုရှိပါသောကြောင့် လှူဒါန်းပေးကမ်းပါ၏။ သီလဆောက်တည်ပါ၏ဟူ၍ ရည်ရွယ်ချက်ထားကြပြီးလျှင် လှူမှု၊ တန်းမှု၊ ပေးကမ်းစွန့်ကြဲမှု၊ သီလဆောက်တည်မှု ပြုလုပ်ကြရန် အမြဲမပြတ် သတိပေးတော်မူသည်။ ဆိုလိုသည်မှာ ဤသာသနာတွင်း ကြုံကြိုက်သည့်

အခါဝယ် အနှစ်ကိုရနိုင်လျက် အနှစ်ကိုသာသိမ်းပြီး ပြန်နိုင်ကြရန်ဖြစ်ပေသည်။

ဤနေရာ၌ ဖော်ပြပါဦးအံ့။ များသောအားဖြင့် ဗုဒ္ဓဘာသာဝင်မြန်မာများတို့သည်ဘဝကူးကောင်းအောင်တရားနာသွားလိုက်ဦးမည်။ ဒါနပြုလိုက်ဦးမည်။ ဘဝကူးကောင်းအောင် ဒီနေ့တော့ဥပုသ်သွားစောင့်လိုက်ဦးမည်။ ဒါမှ ကိုယ့်အတွက်အထုပ်ပါမှာဟူ၍ ပြောဆိုလေ့ရှိကြသည်။ ဘဝကူးသည်ဟု ယုံကြည်၍သာ ပြောဆိုခြင်းဖြစ်ကြရာ၊ ဘဝကူးသည် ဆိုတာသည်က ဤဘဝ ခန္ဓာစွန့်၍ ဝိညာဉ်က နောက်ဘဝကူးသွားသည်ဟူ၍ အယူရှိကြသည်။ မြန်မာတိုင်းလိုပင် ဤအတိုင်းယုံကြည်ချက်စွဲများကြသည်။ ဤအယူသည်'သဿတဒိဋ္ဌိအယူ'သာဖြစ်ရာ အပါယ်သို့ မရောက်စေနိုင်သော်လည်း မဂ်, ဖိုလ်ကိုကား တားမြစ်သည်။ မြတ်စွာဘုရား ဤအတိုင်းဟောတော်မူသည်။

ထို့ပြင် ဒါမှ ကိုယ့်အတွက်ပါမှာဟု တဖန်ပြောကြားကြပြန်သေးသည်။ ဤသို့ ပြောဆိုကြခြင်းမှာလည်း မိမိဘဝကူးသည့်အခါ ပါသွားမည်။ ယခု ဘဝက လှူဒါန်းပေးကမ်းမှုသည် နောင်ဘဝ၌ ထိုအထုပ်ကိုဖြေ၍ စားနိုင်အောင်ဆိုသည့်သဘော သက်ဝင်သည်။ ဤသည်လည်း သဿတဒိဋ္ဌိအစွဲပင်ဖြစ်ပေသည်။ မိမိပြုသည်။ မိမိပဲနောက်ဘဝ၌ ခံစားရမည်။ ဒီဘဝလည်း မိမိ။ နောက်ဘဝလည်း မိမိဟူ၍စွဲယူသဖြင့် ပြုလုပ်သူလည်း မိမိ။ ခံစားသူလည်း မိမိဟူ၍ ယုံကြည်ကြသည်။

ပရမတ္ထသစ္စာအနေအားဖြင့်မိမိဆိုတာလဲမရှိ၊ ခန္ဓာငါးပါးမျှသာရှိသည်။ ပြုလုပ်သူလည်းမရှိ, ခံစားသူလည်းမရှိ။ ယခုဘဝခန္ဓာငါးပါးသည်လည်း နောက်ဘဝသို့ တစွန်းတာလိုက်နိုင်သည်

မည်သည်မရှိ။ ခန္ဓာငါးပါးအားဖြင့် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူ၍ရှိရာ ရုပ်ကလေးကလည်း တတိုတစမလိုက်နိုင်။ ဝေဒနာကလေးကလည်း တတိုတစမလိုက်နိုင်။ သညာကလည်းတတိုတစမလိုက်နိုင်။ သင်္ခါရကလည်း တတိုတစမလိုက်နိုင်။ ဝိညာဏ်ကလည်း တတိုတစမလိုက်နိုင်။ မည်သည့်တရားမျှမလိုက်နိုင်။ ဤနေရာ၌ဖြစ်၍ ဤနေရာ၌သာပျက်သည်။ ရုပ်သည်လည်း ၁-၂ ဆိုလျှင်ပျက်သည်။ ဝေဒနာသည်လည်း ၁-၂ ဆိုလျှင်ပျက်သည်။ သညာဆိုသည်မှာလည်း ၁-၂ ဆိုလျှင်ပျက်ပြီ။ သင်္ခါရ ဆိုလျှင် ၁-၂ ဆိုလျှင် ပျက်ပြီ။ ဝိညာဏ်ဆိုသည်လည်း ၁-၂ ဆိုလျှင် ပျက်ပြီ။ ရုပ်သက်ထက် နာမ်သက်က ၁၇-ဆ ပို၍မြန်သည်။

ဘဝကူးကောင်းအောင်ဆိုသည်မှာ ဤဘဝ, ဟိုဘဝကူးနေသည်ဟု ယုံကြည်မှုဖြစ်သည်။ ၎င်းယုံကြည်မှုသည် ဒိဋ္ဌိခေါ်သည်။ မှားသော ယုံကြည်မှုခေါ်သည်။ ဒိဋ္ဌိ ၆၂ ပါးတွင် တပါးဖြစ်သည်။ ဤဒိဋ္ဌိအပင်းခံနေခဲ့ပါလျှင် ဝိပဿနာတရား အားထုတ်ပင်, အားထုတ်ငြားသော်လည်း မဂ်,ဖိုလ် လမ်းကြောင်း၌ သူက ခံနေပါသည်။ ဆိုလိုသည်မှာ မဂ်,ဖိုလ်မရနိုင်ဟု ဆိုလိုသည်။

၎င်းအယူ ကင်းစင်နိုင်ရန်မှာ ပဋိစ္စသမုပ္ပါဒ်တရားကို ကောင်းစွာ နားလည်ရန် လိုအပ်ပါသည်။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်သည်ဟု မိမိတို့စိတ်သန္တာန်မှာ ရှင်းလင်း ပြတ်သားနေရန် လိုအပ်ပါသည်။ အကြောင်း အကျိုးဆက်မှု နားလည်ရန်မှာ သုတ္တန်နည်းအားဖြင့် ဟောကြားထားသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သာလျှင် မိမိတို့ မိရိုးဖလာ အစွဲအားကြီးနေခဲ့ကြသော ဘဝကူးသည် ဆိုသော ယုံကြည်မှု ကင်းလွတ်စင်ကြယ်စေနိုင်ပါသည်။

သို့အတွက် ဗုဒ္ဓဘာသာဝင်တိုင်း ပဋိစ္စသမုပ္ပါဒ် ဒေသနာ အကြောင်းအကျိုး ဆက်သွယ်သောတရားကို နားမလည်မခြင်း ခန္ဓာဉာဏ်ရောက် သင်ကြားလေ့လာ အားထုတ်သင့်ကြကြောင်း စေတနာမေတ္တာ ရှေ့ထား၍ တိုက်တွန်းအပ်ပါသတည်း။

အဘယ့်ကြောင့်ဆိုသော် ဤအကြောင်းတရားကြောင့် ဤအကျိုးတရား ဖြစ်ပေါ်သည်ဟု အမြင်ဉာဏ် မရှင်းလင်းသော်, ခန္ဓာဉာဏ် မရောက်ခဲ့သော် မုချကေန် ယုံမှားခြင်း ဝိစိကိစ္ဆာ လာမည်။ဒိဋ္ဌိစွဲလာမည်မှာ သေချာလှသည်။ ပညာအရာတွင် မြတ်စွာဘုရားအောက် တပါးမျှသာရှိသော ရှင်သာရိပုတ္တရာ ကိုယ်တော် မြတ်ကြီး သဲ့ည်ပင်လျှင် "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" စသောတရားကို ရှင်အဿဇိနှင့်တွေ့၍ နာရမှပင် သောတာပန် ဖြစ်တော်မူသည်။

ထို့ကြောင့် ဤသာသနာတော်ဝယ် သစ္စာတရား, ပဋိစ္စသမုပ္ပါဒ်တရားတော်များသည် အလွန်မှ အရေးပါ အရာရောက်လှသော တရားဖြစ်ရာ ပထမအဆင့် အနေဖြင့် ပဋိစ္စသမုပ္ပါဒ် နားလည်ရန် လိုပါသည်။ ၎င်းတရားကို နားလည်ပါက ရုပ်, နာမ် ကွဲမှုပါတွဲ၍ နားလည်နိုင်ပါသည်။ သစ္စာတရားလည်း ပါသဖြင့် အရေးပါသော ဒုက္ခနှင့် သမုဒယ သစ္စာနှစ်ပါးပါ ပြသသော တရားဖြစ်သဖြင့် ပထမအဆင့်အနေဖြင့် အလွန်မှပင် သိသင့်, သိထိုက်လှသော တရားတော်ဖြစ်ပါသည်။

ဒုတိယအဆင့်အနေဖြင့် သစ္စာလေးပါးတရားတော်သည် ဗုဒ္ဓဘာသာဝင်တိုင်း သမုဒယသစ္စာဟူ၍ရင်း, ဒုက္ခသစ္စာဟူ၍ရင်း, နိရောဓသစ္စာဟူ၍ရင်း, မဂ္ဂသစ္စာဟူ၍ရင်း အလွန်တရာမှ အဖိုးတန်လှသောတရား။ မည်သည့်ဘာသာမှ ကြားမဝင်နိုင်သော တရား

တော်များဖြစ်ရာ နိုင်ငံခြား အခြား ဘာသာဝင် ဖြစ်ကြသော ဥရောပတိုက်သားများ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူပြောင်းလဲလာကြခြင်းမှာလည်း ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို ပထမအဆင့်အနေဖြင့် နားလည်ပြီးနောက် သစ္စာလေးပါး တရားတော်ကို သဘောပေါက် နားလည်ကြခြင်းကြောင့်ဖြစ်ပါသည်။

ဒီဠ္ဌ တန်းလန်းရှိကြသူ ဗုဒ္ဓဘာသာဝင်တိုင်း အားလည်း.... ကျေးဇူးရှင် ဆရာတော်ကြီးသည် ဤမျှ ဘိ၍ဟောကြားတော်မူနေသည်မှာ အပါယ်တံခါး ပိတ် စေ ချင် လွန်းလို့ အပါယ်ရေသောက်မြစ် ပြတ်စေချင်လွန်းလို့ ဖရိုဖရဲ ကျသော ဘေးမှလွတ်စေချင်လွန်းလို့ ကြီးမားတော်မူလှသောမေတ္တာကရုဏာနှင့် ဟောကြားနေတော်မူခြင်းဖြစ်သည်ဟူ၍ အပါယ်ရေသောက်မြစ်ပြတ်လိုသူတိုင်း, ဖရိုဖရဲ ကျမည့်ဘေးမှ လွတ်လိုသူတိုင်း ဤဒိဠ္ဌပြုတ်တရားများကို နာလည်းနာကြပါ။ လေ့လာ ကျင့်သုံးကြပါဟု စေတနာ မေတ္တာဖြင့် တိုက်တွန်းအပ်ပါကြောင်း။

ဦးသံဒိုင်၊
ဥက္ကဋ္ဌ၊
မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့၊
အမှတ် ၃၃၊ ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မမှာရှိ၍- ဟောကြားဆုံးမတော်မူသော

ရထဝိနီတသုတ်တော် ( ၂ )

( ဝိသုဒ္ဓိ ၇-ပါး၊ ရထား ၇-စင်း ဥပမာပေးပုံ)

# နေ့အလုပ်ပေး-တရားတော်

( ၂၀-၉-၆၁ )

ကိုင်း....တကာတကာမတွေ တရားနှလုံးသွင်းကြ၊ တရားဟောတာ နားက ထောင်ပြီးသကာလ ဉာဏ်က ခန္ဓာကိုယ်လှည့်ပြီးနာကြလို့ရှိယင်ဖြင့် တရားပွဲအဆုံးမှာ သောတာပန် စသည်ဖြစ်ဖို့ရာ အလွယ်ကလေးလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောထားတယ် (မှန်ပါ့)။

နားကတော့ ဘုန်းကြီးပြောတာတွေ နာကြပေါ့ဗျာ.... (မှန်ပါ့)ဉာဏ်က သစ္စာပြောနေတယ်ဆိုတာကလေးကို ဉာဏ်က ဦးတည့်ပြီးသကာလ နေတုန်းကို ဉာဏ်နဲ့ ခန္ဓာကိုယ်၏ အနိစ္စအဖြစ်နဲ့ တွေ့သွားလို့ရှိယင်ဖြင့် တကာတကာမတို့ ပါရမီတွေကလဲ ပြည့်စုံပြီးသားမို့ ဒီနေရာ့ဒီဌာနရောက်လာတော့ ကျွတ်ရေး လွတ်ရေး အလွယ်ကလေးနဲ့ ဖြစ်နိုင်တယ်ဆိုတဲ့ဥစ္စာ တကာကြွယ် မှတ်ထားရလိမ့်မယ်....(မှန်ပါ့ဘုရား)။

ပါရမီတွေ့ဘာတွေ ဘာမှစဉ်းစားပြီးသကာလ မနေပဲနဲ့ ပြည့်စုံပြီးသား ဆိုတာကိုလဲ သေသေချာချာ ကိုယ်-ကိုယ်တိုင် ဆုံးဖြတ်ချက်ချထားပါ....(မှန်ပါ့ဘုရား)။

တကာကြွယ် ပြည့်စုံပြီးသားနော်....(မှန်ပါ့)ပြည့်စုံပြီးသားကို မပြည့်ဘူးထင်ယင်လဲ တကာသစ် လွဲလိမ့်မယ်....(မှန်ပါ့)။

ပြည့်စုံပြီးသား မပြည့်စုံဘူးထင်ယင်.... (လွဲပါတယ်ဘုရား) လွဲလိမ့်မယ်ဆိုတာ ဘုန်းကြီးတို့ တကာတကာမတွေ သေသေချာချာမှတ်ထားရမယ်....(မှန်လှပါဘုရား)။

ပြည့်စုံတာကို ဘုန်းကြီး ထောက်ခံချက်ပေးပါမယ်-(မှန်ပါ့) ဘုရားသာသနာနဲ့ ကြုံခြင်းလဲ ပြည့်စုံခြင်းတမျိုး (မှန်ပါ့)သစ္စာတရားဟောတတ်တဲ့ ပုဂ္ဂိုလ်နဲ့တွေ့ခြင်းဟာလဲ.... (ပြည့်စုံခြင်းတမျိုးပါဘုရား) ထောင်တတ်တဲ့နားနဲ့ ခင်ဗျားတို့ ပြည့်စုံခြင်းဟာလဲ.... (ပြည့်စုံခြင်းတမျိုးပါဘုရား) တမျိုးပဲဆိုတာ သေချာတယ်...(မှန်ပါ့)။

ထောင်တတ်တဲ့နား ရှိပြီးသကာလ ကျင့်တဲ့အကျင့်ကို မလုပ်ပဲနေပြန်လဲ မဖြစ်လို့ အခုလုပ်ဆဲဖြစ်နေပြန်တော့လဲ ပါရမီ ပြည့်လို့လို့မှတ်ပါ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒါ အဂ္ဂုတ္တိုရ်ပါဠိတော်ကြီးမှာ ကိုယ်တော်တိုင် ပါရမီ ပြည့်-မပြည့် ဆုံးဖြတ်ချက်ချတဲ့နေရာမှာ အခုပြောတဲ့ ငါးချက်ကို သေသေချာချာပြတယ်....(မှန်ပါ့)။

ဒါဖြင့် အားလုံး တကာတကာမတွေ ကိုယ့်စိတ်ဟာ နောက်ကို မဆုတ်ပဲနဲ့ ဩော်....ပြည့်စုံပြီးသား ပုဂ္ဂိုလ်ဟာဖြင့် နောက်ပြန်လှည့်နေဖို့မလိုဘူး၊ ပြည့်စုံသည်ထက် ပြည့်စုံပြီး ကိစ္စပြီး

ခဲအောင်သာ ကိုယ်ဂရုစိုက်ဖို့ လိုတော့တယ်ဆိုတာ တကာကြွယ်တို့ဦးမာဒင်တို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) ရှင်းပြီးနော်....(ရှင်းပါပြီဘုရား)။

ပြီးတော့လဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောထား တာရှိတယ် ကွာ....တဲ့၊ ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ မင်းတို့ လောဘ,ဒေါသ,မောဟတွေ မိုးမှောင်ကျနေတဲ့အထဲမှာ ခုနစ်ရက် မိုးမှောင်ကျနေတဲ့အထဲမှာ လျှပ်စစ် ဝင်းကနဲ လင်း သလောက် ငါ-ဘုရားပွင့်တာနဲ့ ချိန်လိုက်လို့ရှိယင် ဆိုလောက် ပါတယ်တဲ့....(မှန်ပါ့)။

ခုနစ်ရက် မိုးမှောင်နေတဲ့အထဲ လျှပ်စစ်တခါလင်းတာနဲ့ နှိုင်းချိန်လိုက်လို့ရှိယင် လျှပ်စစ်လင်းတာဟာ တကာသစ်တို့ မပြောပလောက်ဘူး.... (မှန်ပါ့) ပြောပ လောက်ပါ့မလား.... (မပြောပလောက်ပါဘုရား)။

အဲဒီ့အထဲ ကြုံလို့ရှိပြန်လို့ရှိယင်လဲ ငါဘုရား သာသနာ အလင်းကလေးထဲ ကြုံလို့ရှိယင်လဲ ပါရမီ ပြည့်ပြီးသားပဲ.... (မှန်ပါ့)ဆိုတော့ ကျုပ်တို့စဉ်းစားခဏ်း ရှည်ရှည်ထုတ်မနေပါနဲ့ ဆိုတာ သတိပေးလိုက်တယ်....(မှန်ပါ့)။

စဉ်းစားခဏ်း.... (ရှည်ရှည်ထုတ်မနေပါနဲ့ဘုရား) စဉ်းစား ခဏ်းရှည်ရှည်ထုတ်လေ တကာကြွယ်ရေ- နောက်ဆုတ်လေပဲ.... (မှန်ပါ့)။

စဉ်းစားခဏ်း ရှည်ရှည်ထုတ်လေ.... (နောက်ဆုတ်လေပါ ဘုရား)။

အဲဒါတွေကို ဘာမှမယောင်ကြပဲနဲ့ ဘုန်းကြီးတို့ တကာ တကာမတွေက ဩော်....ခုနစ်ရက်-ခုနစ်လီမိုးမှောင်ကျနေတဲ့အထဲ

လျှပ်စစ်လင်းသလောက်အထဲမှာ ဒို့ - သာသနာအလင်းရောင်ထဲမှာ လာကြုံနေတာဖြင့် ဒါ-ဒို့က လုံ့လဝီရိယကလေးဖြင့် ပြင်းပြင်းထန်ထန် လုပ်လိုက်လို့ရှိယင် ကြုံတဲ့ပုဂ္ဂိုလ်သည် ဖြီးပြီးသွားကိစ္စဖြစ်နိုင်တယ် ဆိုတဲ့ဥစ္စာဖြင့် ခင်ဗျားတို့ပဲ ဆုံးဖြတ်ချက်ချပါလို့ ပြောလိုက်တယ်နော်....(မှန်ပါ့)။

ကြည့်စမ်းပါလား- ရှင်အာနန္ဒာဟာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံမယ်ဆိုတော့ သူ-အင်မတန် ချုံးပွဲချပြီး ငိုတဲ့အချိန်မှာ မင်း-ပြီးပြီးသားအကြောင်း ရှိပါတယ်ကွာလို့ ဟောတယ်... (မှန်ပါ့)။

ပြီးပြီးသားအကြောင်း ရှိပါတယ်ဆိုတော့ သူနဲ့တွေ့ကတည်းက ပြီးပြီးသားအကြောင်း....(မှန်ပါ့) သူ့သာသနာနဲ့တွေ့ယင်ကော....(ပြီးပြီးသားအကြောင်းပါဘုရား)။

အဲ....မင်းမငိုနဲ့ကွဆိုတော့ ပြီးပြီးသားအကြောင်းရှိလို့ မင်းငိုစရာအကြောင်းမလိုပါဘူးကွ ဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပြောထားခဲ့တော့ နောက်ကြည့်စမ်းပါလား၊ပရိနိဗ္ဗာန်စံပြီး သံဂါယနာတင်ကာနီးကျတော့ သူသည် တကာတကာမတို့ ပြီးပြီးသားအကြောင်းရှိတဲ့ ပုဂ္ဂိုလ်ပဲဆိုပြီးသကာလ ကြိုးစားလိုက်တာ စကြံနဲ့ချည့်ပဲ ဖြစ်ပျက်တွေကြိုးစားလိုက်တာ မိုးလင်းခါနီးတောင်မှ ဝီရိယလွန်နေလို့ ဦးမာဒင်ပရဘူး (မှန်ပါ့) ဝီရိယလွန်နေပြန်လဲ တကာတကာမတို့ မရဘူးနော်.... (မှန်ပါ့ဘုရား)။

အဲဒီတော့ကို ဝီရိယနဲ့ သမာဓိက မမျှပဲနဲ့ သမာဓိက နောက်ကျ ဝီရိယက ရှေ့သွားနေပြန်တော့လဲ အမောသာ ဆိုက်ရှ်

နိဗ္ဗာန်ကြီးဟာ ရှင်းရှင်းလင်းလင်း မမြင်လာဘူး.... (မှန်လှပါ ဘုရား)။

ဒါနဲ့ သူ့စိတ်ထဲမှာတော့ မလျှော့ပါဘူး၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါ့ကို ပြီးပြီးသားအကြောင်းရှိတယ်လို့ ဟောသွားတာပဲ....၊ ရ,ရမှာပဲဆိုပြီးသကာလ သူသည် ကြိုး စားလိုက်ပါတယ်....(မှန်ပါ)။

ကြိုးစားလိုက်တော့ ဝီရိယတွေ ပြင်းထန်နေတာနဲ့ တကာ သစ် ဝီရိယနဲ့သမာဓိက မညီပြန်ဘူး (မှန်ပါ) မညီပြန်တော့လဲ လမ်းသွားယင်း စင်္ကြံအတွင်း ဒုက္ခချုပ်တဲ့နိဗ္ဗာန်ကို မမြင်ဘူး (မှန်ပါ) တကာကြွယ် ဘာလွန်နေသလဲ.... (ဝီရိယလွန်နေပါ တယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေလဲ ဝီရိယလွန် နေပြန်လဲ မရဘူးလို့မှတ်ရမယ်....(မှန်ပါ)။

လိုချင်လွန်း အားကြီးလို့ ဝီရိယလွန်ယင်.... (မရပါ ဘုရား)။

ဒါဖြင့် ဝီရိယနဲ့ သမာဓိကို ခန္ဓာကိုယ် ဖြစ်ပျက်အနိစ္စရှိတဲ့ ဆီကို သူမလွန်–ငါမသာရအောင် တကာသစ်ရေ တွဲလွတ်ပါ.... (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီလိုဆိုလို့ရှိယင် ဝီရိယကလဲ မလွန်စေနဲ့ သမာဓိကလဲ မလွန်စေနဲ့.... (မှန်ပါ) သူတို့ကတော့ တွဲတော့တွဲဖက်ပဲ.... (မှန်ပါ) တွဲဖက်မှာ တခုခုလွန်တော့ ဝီရိယလွန်တော့ စိတ်က ရမှာမဟုတ်ပါဘူးဆိုတဲ့ ဥဒ္ဓစ္စဘက် ပြေးတတ်တယ်.... (မှန်ပါ ဘုရား)။

သမာဓိလွန်ပြန်တော့လဲ ထိနမိဒ္ဓဆိုတဲ့ ငိုက်မျည်းတဲ့ဘက် ပြေးဘတ်တယ်.... (မှန်ပါ့) ဒါ့ကြောင့် သူတို့ နှစ်ခုညီအောင် ထားပြီး တကာတကာမတွေက သာသနာတွင်းသားဖြစ်နေယင် ရ,ရမယ်....၊မညီလို့ မရတာပဲဆိုပြီး ညီပေး.... (မှန်ပါ့)။

တကာကြွယ် အခုပြောတဲ့အချက်တွေဟာ အရေးကြီးတယ် နော် (မှန်ပါ့) ဘာဖြစ်လို့ တုံးဆိုတော့ လိုချင်လို့ လုပ်ပြန်ပါ သော်လဲ လွန်တာ,ကျ တာရှိနေယင်လဲ ဆရာက ညှိမပေးလို့ ရှိ ယင် တကာကြွယ် နည်းမမှန်လို့ မရတာလဲရှိသေးတယ်....(မှန်ပါ့ ဘုရား)။

အဲဒီတော့ အားလုံးတရားနာလာကြတဲ့ တကာတကာမတွေ အားလဲထုတ်ကြပါ.... (မှန်ပါ့) အားထုတ်ကြတဲ့အခါ ဝီရိယလဲ မလွန်စေနဲ့၊သမာဓိလဲမလွန်စေနဲ့.... (မှန်ပါ့) သမာဓိလွန်ယင် ငိုက်မျည်းတဲ့ဘက် သွားပါတယ်....( မှန်ပါ့ ) ဝီရိယလွန်ယင် ဥဒ္ဓစ္စဘက်သွားပါတယ်....(မှန်ပါ့)။

ဥဒ္ဓစ္စဘက်သွားပြန်လဲ မရဘူး၊ ငိုက်မျည်းတဲ့ဘက်သွားပြန် ယင်ကော....(မရပါဘုရား) မရတော့ သူတို့နှစ်ခုဟာ တခုခုလွန် ယင် စောင်းတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဦးမာဒင်တို့လူစုက ဝီရိယနဲ့ သမာဓိကိုညီအောင် နွားနှစ်ကောင် ကြိုးစုံကိုင်ပြီးမောင်းသလို....(မှန်ပါ့)တခါထည်း ဖြစ်ပျက်ရှိတဲ့ဘက်ကို စုံ,သူမသာ-ငါမသာ လွှတ်ရမယ်....(မှန်ပါ့ ဘုရား)။

တကာကြွယ် ရိပ်မိပြီ.... (ရိပ်မိပါပြီ) ဝီရိယနဲ့ သမာဓိကို သူမသာ-ငါမသာ ဖြစ်ပျက်ရှိတဲ့ဆီ လွှတ်ပေးပါ....(မှန်ပါ့) ငိုပ်မိ ပြီ....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ သာသနာတွင်းသားဖြစ်ပေမယ့်လဲ အညှိကလေး လိုနေပြန်တော့လဲ အချိန်ကြာတတ်တယ်....( မှန်ပါ့ )အခုတော့ ဆရာဘုန်းကြီးက ဟာ....တကာကြီးဦးမောင်-တကာသစ် အား လုံး တကာတကာမတို့ ဝီရိယနဲ့ သမာဓိ ညီနေအောင် ခန္ဓာ ဖြစ်ပျက်ရှိတဲ့ဆီလွှတ်ပါ....(မှန်ပါ့) ဘာဖြစ်လို့တုံး၊ ခင်ဗျားတို့ ရှုတဲ့မဂ္ဂင်ငါးပါးထဲမှာ ဝီရိယနဲ့သမာဓိက ပါပြီးသား ဖြစ်နေ တယ်....(မှန်ပါ့)။

နောက်တခါ ညီညွတ်ဖို့ရာက သဒ္ဓါဆိုတဲ့ သဒ္ဓါတရားရှိလို့ ဒီအလုပ်-လုပ်တာ.... (မှန်ပါ့)သဒ္ဓါနဲ့ ပညာနဲ့ကိုလဲတကာကြွယ် တို့ ဦးမောင်တို့ ညီနေအောင်လွှတ်ပါ....(မှန်ပါ့)။

သဒ္ဓါနဲ့ပညာကို (ညီနေအောင်လွှတ်ရပါမယ်) ဖြစ်ပျက် ရှိတဲ့ဆီကိုနော်....(မှန်ပါ့ဘုရား) သဒ္ဓါပညာ ဘာလုပ်ရမလဲ.... (ညီအောင်လုပ်ရပါမယ်ဘုရား)။

ညီအောင်လွှတ်လိုက်ပါ....၊ သဒ္ဓါလွန်ပြန်တော့လဲ တကာ တကာမတို့ သဒ္ဓါလွန်တဲ့အခါကျလို့ရှိယင်လဲ ဟိုဘက်ကို သွား တတ်တယ်ဆိုတာ ဆိုးရွားပါတယ်.... (မှန်ပါ့)တဖက်ဘက် ပြေး သွားတယ်....(မှန်ပါ့)ဘုရားကိုကြည်ညိုပါတယ်-ကြည်ညိုပါတယ် ဆိုပြီး ခင်တဲ့ဘက်ပြေးသွားတယ်....(မှန်ပါ့) ဒါလဲမကောင်းဘူး (မှန်လှပါ)။

ပညာလွန်ပြန်တော့လဲ အတွေးအဆပညာက ထက်မြက်ပြန် တော့လဲ ကောက်ကျစ်တဲ့ဘက် ပြေးတယ်....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီ)။

ဒါဖြင့် သဒ္ဓါနဲ့ပညာကိုလဲ သဒ္ဓါက ယုံကြည်ကြရမယ်ဆို တာ ယုံကြည်မှု....(မှန်ပါ့) ပညာကလဲ အင်း....စိုက်ကနဲ-စိုက် ကနဲ ဖြစ်ပျက်နဲ့ ကိုက်အောင်လုပ်ပါ....(မှန်ပါ့)။

အဲဒီတော့ သဒ္ဓါနဲ့ပညာ ညီပြန်လို့ရှိယင်လဲ တကာကြွယ်-ဦးမာဒင်တို့ လိုက်....(မှန်ပါ့)။

ဒါဖြင့် ဝီရိယနဲ့သမာဓိကိုလဲညီညွတ်အောင်လွတ်ပါ၊သဒ္ဓါနဲ့ ပညာကိုလဲ....(ညီညွတ်အောင်လွတ်ရပါမယ်ဘုရား) ဘယ်ဟာကို လွှတ်ရမှာပါလိမ့်....(ဖြစ်ပျက်ဆီလွှတ်ရမှာပါဘုရား) တကာသစ် နေရာကျပြီ (မှန်ပါ့)။

ဖြစ်ပျက်ရှိတဲ့ဆီကို ဦးမာဒင်ရေ....ဒီလေးခု စုံလွှတ်ရမယ်.... (မှန်ပါ့)စုံလွှတ်လိုက်တဲ့အခါကျလို့ရှိယင် သဒ္ဓါမလွန်တော့လဲ တဏှာဝင်ခွင့်မရဘူး....(မှန်ပါ့) ပညာ လွန်တော့လဲ ကောက် ကျစ်စဉ်းလဲတဲ့သဘောတရားဝင်ခွင့်မရဘူး....(မရပါဘုရား)အဲဒါ့ ကြောင့် သဒ္ဓါ-ပညာ-ဝီရိယ-သမာဓိကိုဖြင့် ဣန္ဒြေညီညွတ်အောင် လုပ်၊ ဒါပါပဲ (မှန်ပါ့)။

အဲဒီတော့ ပါရမီပြည့်စုံပြီးသားဟာလဲ ညီပေးမယ့် ဆရာသမား ကင်းပြန်လို့ရှိယင်လဲ တကာသစ်ရေ.... အချိန်နှောင်းသွားတယ် (မှန်ပါ့)။

အားလုံးတကာတကာမတွေ ဒီနေ့ပြောတဲ့စကားဟာ အလုပ် သမားမှာ တခါတည်း ခရီးပေါက်ဖို့ပြောနေတယ်လို့ မှတ်ရ မယ်....(မှန်လှပါ) အလုပ်သမားမှာ.... (ခရီးပေါက်ဖို့ ပြောနေ ပါတယ်ဘုရား)။

အဲဒီတော့ ဒါ....ခရီးဟာ ကန့်လန့်ဖြစ်တာတွေ တကာကြွယ် ဖော်ပြနေတယ်....(မှန်ပါ့ဘုရား) နိဗ္ဗာန်သွားတဲ့ခရီးပေါ် သူတို့

မဖြောင့်လို့ မဂ္ဂင်လမ်းပေါ် မရောက်ပဲ နေမှာစိုးလို့ ပြောနေတယ်....(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီ)။

အဲ....သတိကတော့ဖြင့် တကာတကာမတို့ သေသေချာချာ မှတ်ပါ၊ သတိကတော့ဖြင့် သူက ဘယ်တော့မှ လွန်တယ်မရှိဘူး။ သဏ္ဌိက လိုတာသာရှိတယ်....(မှန်ပါ့) တခြားသော တရားများကဲ့သို့ လွန်တယ်လို့ မရှိပါဘူး....(မှန်ပါ့)။

အဲဒီတော့ သတိတော့ဖြင့် တကာကြွယ်-ဦးမာဒင်တို့က မလစ်စေနဲ့....(မှန်ပါ့) မလစ်စေနဲ့ဆိုတော့ ဖြစ်ပျက်ပေါ်တိုင်း-ပေါ်တိုင်း သတိထားမယ်၊ သဒ္ဓါနဲ့ပညာလဲ ညီအောင်လုပ်မယ်၊ ဝီရိယနဲ့သမာဓိကော (ညီအောင်လုပ်ရပါမယ်ဘုရား)။

ဒါဖြင့် ဒီငါးခုဆိုလို့ရှိယင် မဂ္ဂင်ငါးပါးညီညွတ်သွားလို့ရှိယင်ကွာ....တဲ့ မင်းတို့ ဣန္ဒြေညီတဲ့အတွက် ဘယ်နည်းနဲ့မှ မရမရှိပါဘူး.... (မှန်ပါ့) ဆိုတော့ တကာသစ် သိပ် အားရှိစရာကောင်းပါကလား....(ကောင်းပါတယ်ဘုရေး)။

တကာကြွယ် ဒီအတိုင်းညှိရမှာနော်....(မှန်ပါ့) သဒ္ဓါနဲ့ ပညာဘာလုပ်ရမလဲ.... (ညီအောင်ညှိရပါမယ်ဘုရား) ဝီရိယနဲ့သမာဓိ-(ညီအောင်ညှိရပါမယ်ဘုရား) သတိကို ဘယ်တော့မှ မလစ်ရဘူး (မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီ)။

အဲဒီကဲ့သို့ ဘုန်းကြီးတို့ တကာတကာမတွေက သြော်....ငါ-ပါရမီမရှိလို့မဟုတ်ပါဘူး....၊ ပါရမီက ဆရာဘုန်းကြီး ဘုရားဟောစဉ်က ပြောခဲ့ပြီ၊ ပြည့်ပြီးသားပုဂ္ဂိုလ်တွေ....(မှန်ပါ့) ဘယ်နှယ်ကြောင့် ဖြစ်ပျက်ဆုံးတဲ့နိဗ္ဗာန်ကြီးကို ငါမမြင်သေးပါလိမ့်မတုံးလို့ တွေးလုံးထုတ်လို့ရှိယင် ဒီလေးခု တခုခုလွန်နေပါလိမ့်မယ်....(မှန်ပါ့)။

အဲဒီတော့.... ခုနင်က ရှင်အာနန္ဒာ ပြန်ကောက်လိုက်၊ ရှင်အာနန္ဒာသည် တညလုံးစကြံသွားပြီး အားထုတ်တော့ ဦးမာဒင်ရေ...ဝီရိယလွန်နေတယ် (မှန်ပါ့) သမာဓိက နည်းတယ်... (မှန်ပါ့ဘုရား)။

ဒါနဲ့ သူ့စိတ်ထဲ ဗြောင်....မိုးကလဲလင်းတော့မယ်၊ မိုးလင်းလို့ရှိယင် ပထမသံဂါယနာတင်ပွဲ ရဟန္တာတွေ ပွဲထဲလဲသွားရတော့မယ်....(မှန်ပါ့) ငါကလဲ အခု အရဟတ္တဖိုလ် မဆိုက်သေး၊ ရဟန္တာအဖြစ်သို့မရောက်သေး၊ သောတာပန်ကတော့ ရှင်ပုဏ္ဏက ဟောထားလို့ တည်ပြီးပြီ....(မှန်ပါ့)။

ဘုရားကတော့ ဗျာဒိတ်ထားခဲ့တယ်၊ မင်းမှာ ပြီးပြီးသားအကြောင်းရှိတယ် မင်္ဂနဲ့တဲ့....(မှန်ပါ့) မင်း....ငါနဲ့ တွေ့ကတည်းက ပြီးပြီးသား အကြောင်းရှိတယ်ဆိုတာက သေချာနေတယ်....(မှန်ပါ့) မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲ....ဒီတကာတကာမတွေ့မှာလဲ ပြီးပြီးသား အကြောင်းကရှိလို့ ဒီသာသနာတော်ကြီးနဲ့-ဒီလို ဆရာကောင်းသမားကောင်းနဲ့ ဒီလိုကြုံလာတာ တကာသစ်-ရ ဘာမှ လိုလေသေးမရှိဘူး....(မှန်ပါ့) ခုနင်က ပြောခဲ့တဲ့ အညှိကလေးမတည့်သေးလို့ ကြာနေကြတာ.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာကလေးမတည့်သေးလို့လဲ...: (အညှိကလေးမတည့်သေးလို့ပါဘုရား)အေး....ဣန္ဒြေညှိနှိုင်းမှုကလေးတခုခု လိုနေသေးလို့ ငါ ဘာဖြစ်ပါလိမ့်မတုံး ဆိုတာကို ယနေ့ ဖော်ပြောတာပဲ....(မှန်ပါ့)။

ငါ-ဘာဖြစ်နေပါလိမ့်မတုံး၊ ရက်တွေကြာလိုက်တာ ဘယ့်နှယ်များ ဖြစ်နေပါလိမ့်မတုံး....လို့ တကာကြွယ်က စိတ်ပျက်ချင်လဲ ပျက်လိမ့်မယ်....(မှန်ပါ) မညီတတ်သေး၍ ဖြစ်ပါတယ် ( မှန်ပါ ) ရှင်းပလား....(ရှင်းပါပြီ) အခု ညီတတ်ပလား.... (ညီတတ်ပါပြီဘုရား)။

အဲ.... ဒါကိုလဲ ကြားပေါက်-ကြားပေါက် ဦးမာဒင် သတိပေးရတယ်....(မှန်ပါ) မပေးယင် တော်ပါ့မလား.... (မတော်ပါဘုရား) မတော်ဘူး....တဲ့၊ ဒီဥစ္စာ အလုပ်သမားမှာ တခါတလေ ဝီရိယလွန်နေ-တခါတလေ သမာဓိက လွန်နေတတ်တော့ လွန်နေပြန်တော့လဲ ရက်တွေပုပ်ပြီးသကာလ တကာကြွယ်-ရေ.... ကန့်လန့်ဖြစ်နေတယ်....(မှန်ပါ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ သဒ္ဓါဆိုတဲ့ တရားအပေါ်၌ ယုံကြည်မှုရှိပြီး ဒီဟာရ,ရမယ်.... (မှန်ပါဘုရား) "သွက္ခာတော ဘဂဝတာ ဓမ္မော၊' ဘဂဝတော=မြတ်စွာဘုရားသည်၊ ဓမ္မော=တရားကို၊ သွက္ခာတော=အကောင်းဟောထားတာ... (မှန်ပါ)။

ဒီ အနိစ္စ,ဒုက္ခ,အနတ္တ ဆိုတာ သူများဟောတာမဟုတ်ဘူး၊ ဘုရားကိုက ကောင်းစွာဟောထားတာ.... ( မှန်ပါ ) ကောင်းကောင်း ဟောထားတဲ့တရားမို့ ဒို့က မကောင်းလို့လား ...၊ ဒီဟာ အနိစ္စ-ဒုက္ခ-အနတ္တလုပ်တာ၊ မရသေးတာဟာ ဒို့တခုခုလိုလို့ပဲ၊ ဘုရားကတော့ ကောင်းစွာဟောထားတာ၊ အကောင်းဖြစ်ဖို့ ဟောထားတာ- နိဗ္ဗာန်ရ,ရမယ်လို့ ဟောထားတာ.... (မှန်ပါ) တကာသစ် ဒီလိုသွားရမယ်နော်....(မှန်ပါ)။

ကဲ ...ဒါဖြင့် တကာဘကာမတို့ ရှင်အာနန္ဒာသည် ဝီရိယ လွန်နေတယ်ဆိုတာ ပေါ်သွားပြီ...(ပေါ်ပါပြီဘုရား)။

ရှင်အာနန္ဒာ ဘာလွန်နေပါလိမ့်.... (ဝီရိယလွန်နေပါတယ်ဘုရား) ဝီရိယလွန်နေတယ်ဆိုတာ ဘုန်းကြီးတို့ တကာတကာမတွေ မှတ်ထားတော့ ကိုင်း.... ဝီရိယ ခဏနားပါဦးမယ်ဆိုပြီး သူ့စင်္ကြံသွားနေတဲ့ဘေးနားမှာ အိပ်ရာ ညောင်စောင်းကလေး တခုရှိနေတယ်နော်....(မှန်ပါ့ဘုရား) သို့သော်လဲ သတိကတော့ မလစ်ရဘူး....(မှန်ပါ့)သတိမလွှတ်ဘူး၊ ဒီနေရာ ညောင်စောင်းပေါ် ခဏတော့ကျောကလေး လှဲလိုက်ဦးမယ်ဆိုပြီး သကာလ သှဲလိုက်ဟဲ့အခါမှာ တကာကြွယ်တို့ ဦးမာဒင်တို့ ဝီရိယနဲ့ သမာဓိက ညီပြီးထွက်သွားတယ်၊သဒ္ဓါနဲ့ ပညာကလဲ ညီထွက်သွားတယ် (မှန်ပါ့ဘုရား)။

အဲဒီမှာ ဝီရိယလျှော့လိုက်တော့ ညီပြီးထွက်သွားတော့ သူခုဘင် ညောင်စောင်းပေါ်မှာ ခြေထောက်နဲ့ မြေကြီးနဲ့လဲလွတ်ခါကလေး....(မှန်ပါ့) ခေါင်းအုံးနဲ့ ခေါင်းနဲ့လဲ မထိသေးဘူး.... (မှန်ပါ့)အဲဒီကြားမှာ ရဟန္တာဖြစ်သွားတယ်.... (မှန်ပါ့ဘုရား)။

ကဲ....တကာဘကာမတို့ ညီညွှတ်ပြန်တော့လဲ ခဏကလေး.... (မှန်ပါ့) ကြည့်လေ သူ့ညောင်စောင်းပေါ် တင်ပါးကလေး လှဲပြီးထိုင်လိုက်တော့ကို ခြေထောက်နဲ့ မြေကြီးနဲ့လဲ လွတ်ကာကလေးရှိသေးတယ်၊ ခေါင်းနဲ့ ခေါင်းအုံးနဲ့က မထိသေးဘူး၊ ဒီကြားထဲမှာ ရဟန္တာဖြစ်တယ်ဆိုတော့ သြော်....ညီညွှတ်တော့လဲ ခဏကလေးပါကလား....(မှန်ပါ့ဘုရား)။

အခု တကာသစ်က စဉ်းစားကြည့်တာပေါ့ ဒီကြားဆိုတာ အချိန်များသလား.... (မများပါ) ခေါင်းအုံးနဲ့ လဲအိပ်မယ်ဆို ပြီးတော့ ခြေထောက်လဲ မြေကြီးကမလွတ်၊ ခေါင်းအုံးဆီလဲ မရောက်သေးဘူး....(မှန်ပါ့) မရောက်ခင်တွင် အာသဝေါကုန် သွားတယ်လို့ ဆိုတော့ တကာကြွယ်ရေ-ညီညွတ်ပြန်တော့လဲ ခဏ ကလေးပဲဆိုတာ ဦးမာဒင်မှတ်ရမယ်.... (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ရမယ်.... (ညီညွတ်ပြန်တော့လဲ ခဏကလေးပါ) ညီညွတ်ပြန်တော့လဲ ခဏကလေးပဲဆိုတာ ဘုန်းကြီးတို့ တကာ တကာမတွေက မှတ်ထားတော့ ဩော် ....ဒါကလေးဟာလဲ အရေးကြီးတဲ့ အဲချက်ကလေး တခုပါလားဆိုတာ ဦးမာဒင်တို့ မှတ်ရလိမ့်မယ်(မှန်ပါ့) တကာကြွယ် မှတ်ထိုက် မမှတ်ထိုက်ဗျာ- (မှတ်ထိုက်ပါတယ်ဘုရား)။

အခု ရှင်အာနန္ဒာမှာ တညလုံးဟာဖြင့် အမောသာဆိုက်ပြီး သကာလ နိဗ္ဗာန်မျက်မှောက်မပြုနိုင်ဘူး.... (မှန်ပါ့) အခုတော့ ဝီရိယကလေးလျှော့တဲ့ပြီး သကာလ တကာတကာမတို့ ကဲ-ခဏ နားပါဦးမယ်၊ ဝီရိယနည်းနည်း လျှော့ပါဦးမယ်ဆိုပြီး လျှော့ လိုက်တဲ့အချိန်မှာ နဂိုက သမာဓိ ပညာတွေနဲ့ သွားပြီး ညီပြန် တယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီကဲ့သို့ ညီလိုက်တဲ့အချိန်ကျတော့ ခြေထောက်နဲ့မြေကြီး နဲ့လဲလွတ်ကာစ၊ခေါင်းအုံးနဲ့ခေါင်းနဲ့လဲမထိခင်ကြားမှာ ရဟန္တာ ဖြစ်တယ်၊ အာသဝေါတွေ ကုန်တယ်ဆိုတော့ တကာတကာမတို့ တော်တော်ထူးဆန်းတဲ့ ပုဂ္ဂိုလ်ပဲ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ယနေ့သူ့ကို ရှင်းရှင်းလင်းလင်း ပြောရသဖြင့် ဘုန်းကြီးတို့ အလုပ်သမားတွေအတွက်မှာ ဩော်....အလုပ်-လုပ်တတ်ငြားသော်လဲ ဥာဏ်ခြေအညွှိကလိုပါသေးကလား....(မှန်ပါ့)။

ညှိနှိုင်းမှုကလေး.... (လိုပါတယ်ဘုရား)ဒါတွေလဲ သိရတော့ ရှင်အာနန္ဒာကို တခါ နမူနာထုတ်လိုက်ပြန်တော့ တကာသစ်ကိုက်သွားတယ် (ကိုက်ပါတယ်)သူနဂိုက ဘာလွန်နေတာတုံး (ဝီရိယလွန်နေတာပါဘုရား)။

အဲ ···· ဝီရိယလွန်ပြီးသကာလနေတော့ ကိုင်း....ခဏနားပါဦးမယ်ဆိုတော့ ဝီရိယကလေးက နည်းနည်းလျော့မသွားဘူးလား (လျော့သွားပါတယ်) သို့သော်လဲ ဖြစ်ပျက်ကိုတော့ သူလက်မလွှတ်ဘူး....(မှန်ပါ့) ဖြစ်ပျက်ကတော့ လက်မလွှတ်ဘူး တကာကြွယ်ရ (မှန်ပါ့ဘုရား)။

လက်မလွှတ်တော့ သတိကလဲ အမြဲတမ်းရှိနေတော့ ဖြစ်ပျက်လက်မလွှတ်တော့ ဝီရိယကလေးပဲ သူလျော့ပြီးသကာလ ခဏကျောခင်းပါဦးမယ်ဆိုတဲ့ အသွားကလေး ဒီစိတ်ကူးကလေးပေါ်လိုက်တာ၊ သို့သော် ကမ္မဋ္ဌာန်းမလွှတ်ရဘူး ( မှန်ပါ့ )ဒီတော့ ခြေထောက်နဲ့မြေနဲ့လဲ လွှတ်ကာစ ခေါင်းအုံးနဲ့ ခေါင်းနဲ့လဲ မထိခင်မှာ ရဟန္တာဖြစ်တယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ရဟန္တာဖြစ်တဲ့အထဲမှာဖြင့် ရှင်အာနန္ဒာဟာ တော်တော်ဆန်းတဲ့ပုဂ္ဂိုလ်ပဲ....(မှန်ပါ့)မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား)။

တချို့ထိုင်ယင်းဖြစ်တယ်ဆိုတော့ အင်း....ကြာလှပြီ၊ ကြာတဲ့ အခါကျတော့မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ အစဉ်အတိုင်းပေါ်လာလို့ ရတာတွေ တပုံကြီးပေါ့ဗျာ(မှန်ပါ)သူကတော့ ဒီလိုကိုမဟုတ်ဘူး ခပ်ဆန်းဆန်းဖြစ်နေတော့ ခြေထောက်နဲ့ မြေနဲ့ လွတ်ကာ၊ ခေါင်းနဲ့ ခေါင်းအုံးနဲ့လဲ မထိမိကြားမှာ ရဟန္တာဖြစ်တယ်လို့ ဆိုသဖြင့် တကာတကာမတို့ ဒီကြားထဲမှာ အာသဝေါကုန်သွား တာသည် ခုနင်က ညှိနှိုင်းမှုညီတဲ့ . အချိန်ဖြစ်တာပဲ....(မှန်ပါ့ ဘုရား)။

ဘယ်လိုဆိုကြမလဲ....( ညီတဲ့အချိန်ဖြစ်ပါတယ် ) ညှိနှိုင်းမှု ညီတဲ့အချိန်မှာဖြင့် အရေးတကြီးသူ့ကိစ္စပြီးသွားတယ်....(မှန်ပါ့ ဘုရား)။

တကာကြွယ်ရေ ဒါဖြင့် ဒီအရေးဟာ ကြီးသပေါ့ဗျာ .... (ကြီးပါတယ်) ဒါ့ကြောင့် ဒီနေ့တရားပွဲမှာ နာကြတဲ့ တကာ တကာမတွေ ဖြစ်ပျက်ဆီကို သဒ္ဓါပညာမလွန်အောင်လွတ်ပါ.... (မှန်ပါ) ဝီရိယနဲ့ သမာဓိ ဘယ်သူမှမလွန်ပဲနဲ့ ညီညွတ်အောင် လွှတ်ပေးပါ....(မှန်ပါ့ဘုရား)။

သတိကို ဘယ်အခါကာလမှ မလွှတ်ပါစေနဲ့.... ( မှန်ပါ့ ) ဟာ....ဘုန်းကြီးက တပည့်တော်တို့ ထိန်းရမှာတွေက အများကြီး အားထုတ်ရမှာတွေက အများကြီးလို့ ဒီလိုမယူပါနဲ့ (မှန်ပါ့) သူတို့က ရှုလိုက်ကတည်းကိုကဖြစ်ပျက်ငါးခုစုံဝင်တယ်.... (မှန်ပါ့ ဘုရား)။

တကာသစ်ရေ ရှုလိုက်ကတည်းကဘာတဲ့တုံး.... (ငါးခုစလုံး စုံဝင်ပါတယ်) ငါးခုဟာ တခါတည်း ဖြစ်ပျက်ရှိတဲ့ဆီကိုစုံဝင်

တာပဲတဲ့၊ သို့သော်လဲ တခုခုလွန်နေပြန်တော့လဲ ဖြစ်ပျက်တော့ မြင်ပါရဲ့ ဝီရိယလွန်နေပြန်တော့လဲကြွေမျှလို့ တကာတကာမ တို့ မဂ္ဂင်ငါးပါးက ရှစ်ပါးဖြစ်လာဖို့အရေးဟာ နှောင့်နှေးနေ တယ်(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) ရှစ်ပါးဖြစ်မှလဲ နိဗ္ဗာန်ကို တွေ့ရမှာကိုး....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် စုံဝင်ပြေးသော်လဲ သူက ရှေ့က သွားမယ်၊ ငါကနောက်ကလိုက်မယ်ဆိုတော့ စုံတော့ဝင်ပြေးသော်လဲ ရှေ့ နောက် ဆွဲနေလို့ရှိယင် တကာသစ် ဒီဥစ္စာ တခုခုလွန်လို့ပဲ.... (မှန်ပါ့)သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

အဲ....ပန်းဆွတ်သလိုတကာတကာမတို့ စုံဝင်တဲ့နွားနှစ်ကောင် စလုံးဟာ ပန်းတိုင်ကို စုံရောက်ပါမှ နေရာကျမယ် .... (မှန်ပါ့ ဘုရား)။

ဒါဖြင့် အားလုံး တကာတကာမတို့ ဩော် .... လုပ်နည်း နိသ းရည်းကလဲ ဆရာမပြ နည်းမရဆိုသလိုပဲ ဒီအရေးဟာလဲ အလုပ်ခွင်မှာ ကိုယ့်ဟာကိုယ်ချိန်ဆဖို့အရေးဟာ ကြီးပါကလား ဆိုတာ တကာကြွယ်တို့၊ ဦးမာဒင်တို့ ပေါ်လာတယ်....(ပေါ် လာပါတယ်)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဘာမျှား ဟောနေပါလိမ့်မတုံး ဆိုတော့ အလုပ်သမားမှ နားလည်တယ်....(မှန်ပါ့ဘုရား)။

ဘယ်သူမှ နားလည်သတုံး....(အလုပ်သမားမှ နားလည်ပါ တယ်ဘုရား)။

အလုပ်သမားမဟုတ်တဲ့ပုဂ္ဂိုလ်တွေက ဘုန်းကြီးပြောနေတာ ဘာပါလိမ့်မတုံးလို့ တကာကြွယ် ပြောချင်ပြောကြမယ်(မှန်ပါ့) သူမှ နားမလည်ပဲကိုး.... (မှန်ပါ့) အဲဒီတော့ နားမလည်တဲ့ ပုဂ္ဂိုလ်တွေကလဲ မှတ်သားထား၊ ကိုယ်လုပ်တော့ ဒီမူလိုက်ရလိမ့်မယ်ဆိုတာ မှတ်ထားပေါ့....(မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ပါရမီက ဘယ်လိုစဉ်းစားကြမတုံး၊ ပြည့်ပြီးသား....(မှန်ပါ့) ပြည့်ပြီးသား နှောင့်နှေးနေတာ ဘာ့ကြောင့်ပါလိမ့်မတုံး....(မညှိတတ်လို့ပါဘုရား) ဣန္ဒြေမညှိတတ်လို့။

ရှင်အာနန္ဒာကြည့်၊ ခုတင်ပေါ် ခဏကလေးတက်လိုက်တာက အကျိုးရှိတယ်....(မှန်ပါ့) ကဲ....တကာသစ် မကွာခြားဘူးလား (ကွာခြားပါတယ်ဘုရား) သဘောပါကြပလား.... (ပါပါပြီဘုရား)။

အေး....ဒါ့ကြောင့် တခါတလေကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရှင်မောဂ္ဂလ္လာန်ကြီးများ တရားအားထုတ်နေတဲ့အခါ သမာဓိလွန်ပြီး ထိနမိဒ္ဓများလာတဲ့အခါ အမြန်ကြွသွားပြီး ပြောရတယ်.... (မှန်ပါ့) ဟေ့.... ထိနမိဒ္ဓတွေလွန်နေတယ်၊ ဝီရိယတွေတင်းပေးဦးကွ၊ အံမာ....ဦးမာဒင် သွားပြောပေးနေရတယ်....(မှန်ပါ့) အကျိုးစီးပွားအလိုရှိတော်မူတဲ့ ကိုယ်တော်ကြီးကိုးဗျ....(မှန်ပါ့) ကပျာကယာ သွားညှိပေးရတယ်....(မှန်ပါ့ဘုရား)။

ဒီလိုညှိပေးရတဲ့ ဝတ္ထုသက်သေသာဓကတွေ တကာကြွယ်ပြည့်နေတယ်....(မှန်ပါ့)။

အဲဒါကြောင့် အားလုံး တကာတကာမတွေ ဒီနေ့ အရေးဟာကြောင့် အလုပ်သမားအတွက်မှာ သတိထားရမည့် အချက်တွေချည့် ပြောနေတာပဲဆိုတဲ့ဥစ္စာ တကာသစ် ကောင်းကောင်း ပေါ်သွားပြီ.... (မှန်ပါ့) မပေါ်သေးဘူးလား.... (ပေါ်ပါပြီ ဘုရား)။

နောက်က တကာတကာမတွေ ကိုယ့်ကိုယ်ကယ်တင်ချင်လို့ ရှိယင်လဲ ကိုယ့်ကိုယ်သနားကြလို့ရှိယင် ဒီညှိလုံးကလေးတွေနဲ့ အလုပ်လုပ်မယ်ဆိုလို့ရှိယင် ကိုယ့်ကိုယ်ကိုသနားလို့ အပါယ် လေးပါးထဲမှ ဆွဲတင်လိုက်တာပဲ....(မှန်ပါ့) ဒုက္ခဝဋ်ထဲမှ ဆွဲတင် လိုက်တာပဲ...,(မှန်ပါ့) ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ဆီသို့ ပို့လိုက်တာ ပဲ....(မှန်ပါ့)။

အဲဒါကြောင့် တကာကြွယ် လုပ်ဖြစ်အောင်လုပ်ပါဆိုတာလဲ တိုက်တွန်းရတယ်.... (မှန်ပါ့) ညှိတတ်ပါစေဆိုတာကိုလဲ တိုက် တွန်းရတယ်....(မှန်ပါ့) ဦးမာဒင် အရေးမကြီးဘူးလား....(ကြီး ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒါက ရှေ့ပိုင်းမှာ အလုပ်သင်နေတယ် ဆို တာ တကာကြွယ် မှတ်လိုက်ပေတော့....(မှန်ပါ့)။

ကဲ....ဒါဖြင့် တကာတကာမတို့ မနေ့ကဝတ္ထုဆက်ကြပါစို့ - (မှန်ပါ့) မနေ့က ရှင်သာရိပုတ္တရာနဲ့ ရှင်ပုဏ္ဏ....(မှန်ပါ့) ရှင်ပုဏ္ဏ က ဦးမာဒင်ရေ.... အမေးခံသမား၊ ရှင်သာရိပုတ္တရာက အမေး သမား....(မှန်ပါ့) အားလုံးတော့ဖြင့် တကာကြွယ်က မှတ်လိုက် ရဟန္တာနှစ်ပါးမေးမြန်းတာ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

အားလုံးကတော့ ဘာတဲ့....(ရဟန္တာနှစ်ပါး မေးမြန်းတာပါဘုရား) သြော်....သူတို့မေးနေတာကဖြင့် ဒီဘက် အမေး ကိုယ်တော်ကြီးကလဲ ပညာအရာ တေဒဂ်ရ...(မှန်ပါဘုရား)ဟိုကလဲ သူတပါးချွတ်ဖို့ စရိုက်ဖမ်းတဲ့နေရာမှာ သူတပါးကို တရားဟော ချွတ်နိုင်တဲ့နေရာမှာ သူကလဲ တေဒဂ်ရပဲ... (မှန်ပါ) ရဟန္တာနှစ်ပါးပဲ၊ သူ့ဂုဏ်ထူးနဲ့သူ ရှိကြတယ်....(မှန်ပါ)။

အဲဒီ့ နှစ်ပါး မေး၊ ဖြေ နေတာသည် တကာကြွယ်ရေ.... ရောက်ပြီးသားလမ်းကို နှစ်ပါးစလုံးသိပြီးသား.... (မှန်ပါ) မဂ္ဂင်လမ်းကို နှစ်ပါးစလုံးရောက်လို့ နိဗ္ဗာန်ကို မြင်ပြီးသား ပုဂ္ဂိုလ်ချည့်ပဲ.... (မှန်ပါ) ဘယ်အတွက်ကြောင့် ဒီကိုယ်တော် နှစ်ပါးကလဲ ဒီအမေးနဲ့ ဒီအဖြေ လုပ်နေပါလိမ့်မတုံး....လို့ မေးတဲ့အခါ ကျတော့မှ တကာတကာမတို့ နောင်လာနောက်သားများ လမ်းလွဲမှာ စိုးလို့....(မှန်ပါ)။

ဘယ်လိုပါလိမ့်... (နောင်လာနောက်သားများ လမ်းလွဲမှာ စိုးလို့ပါဘုရား) တကာသစ် ဒါဖြင့် ကျုပ်တို့အရေးပေါ့ဗျာ- (မှန်ပါ)။

ကျုပ်တို့က နောင်လာနောက်သားဖြစ်နေတော့ တကာကြွယ် ကျန်ရစ်တဲ့ ပုဂ္ဂိုလ်တွေ၏ ဝိပဿနာအလုပ်၊ ဝါသနာပါသော ပုဂ္ဂိုလ်တွေ၏အရေး....(မှန်ပါ) ကိုယ့်ကိုယ်ကို သနားတဲ့ပုဂ္ဂိုလ်၏ (အရေးပါဘုရား) ကိုယ့်ကိုယ်ကို ဒုက္ခ ငလယ်ဝေတဲ့ အထဲမှ ဆွဲထုတ်လိုသော ပုဂ္ဂိုလ်၏.... (အရေးပါဘုရား) အရေးပဲလို့ ဆိုတာ သေသေချာချာမှတ်တော့မှ ဦးမာဒင့်ရေ ...အားရှိစရာ

တယ်ကောင်းတယ်....(မှန်လှပါ) ကိုယ်တော်ကြီးတွေ ကရုဏာဟာ နှစ်ပါးစလုံး သေးသလား....(မသေးပါဘုရား)။

အင်မတန်မှ ကျုပ်တို့အပေါ်မှာ နောင်လာနောက်သားတွေဖြင့် ဒို့အမေ့အဖြေ ကြည့်ပြီးသကာလ လမ်းမှန်ရစ်ကြပါစေဆိုတဲ့ စိတ်ထားသည် တကာကြွယ် တယ်ပြင်းပြပါလား (ပြင်းပြပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ပြောကြ ပါစို့....တဲ့....၊ ရှင်သာရိပုတ္တရာက အင်မတန် တွေ့ချင်နေတုန်းပဲ တွေ့ရပါတယ်....(မှန်ပါ့)တွေ့တော့ ဘယ်နေရာ သွားတွေ့ သတုံးဆိုတော့ ဘုရားရှေ့မှာတော့ဖြင့် မတွေ့ရပါဘူး။

ပုဏ္ဏက သူ ဘုရားရှေ့မှာ လျှောက်စရာရှိတာလျှောက်၊ဘုရားက ဟောစရာရှိတာဟောပြီးသကာလ ဘုရားက ဝမ်းမြောက်ကြောင်းတွေ ပြောဆိုပြီးသကာလ သူက အန္ဓဝနဆိုတဲ့ သုံသာန်တောထဲ သွားတဲ့အခါမှာ ရှင်သာရိပုတ္တရာ၏ တပည့်တပါးက အရှင်ဘုရား....အရှင်ဘုရား နေ့တိုင်း တောင့်တနေတဲ့ ရှင်ပုဏ္ဏဟာ ဘုရား အခု အန္ဓဝနတောသို့ သွားပါတယ်။

အို....ငါ အင်မတန် တွေ့ချင်နေတာ လိုက်မှပဲဆိုပြီး နေရာထိုင်ကလေး ကပျာကယာယူတဲ့ပြီး တကာကြွယ် နောက်က လိုက်တယ်....(မှန်လှပါ)။

နောက်ကလိုက်တော့ ဟိုကိုယ်တော်က ရှေ့ကသွား ဒီကိုယ်တော်က နောက်ကလိုက်....(မှန်ပါ့ဘုရား) ဟိုကျတော့ ပုဏ္ဏက သစ်ပင်တပင်ရင်းမှာ ဖလသမာပတ်ဝင်စားနေလိုက်တယ် (မှန်ပါ့ဘုရား)။

ဟာ....ဒီအချိန်သွားလို့ မတော်သေးပါကလား၊ ငါလဲ ဖလသမာပတ်ဝင်စားနေမှပဲဆိုပြီး ရှင်သာရိပုတ္တရာက သစ်တပင် ရင်းမှာပဲ ဖြစ်ပျက်တွေရှုပြီး ဖြစ်ပျက်ဆုံးတဲ့နိဗ္ဗာန်ကို အာရုံပြု နေကြတယ်....(မှန်ပါ့) သဘောပါပြီနော်.... (ပါ-ပါပြီဘုရား) ဖလသမာပတ်ဆိုတာ ဖြစ်ပျက်ဆုံးတဲ့နိဗ္ဗာန်ကို ဉာဏ်လှည့်နေတာ လို့ မှတ်လိုက်စမ်း....(မှန်ပါ့)။

ဖြစ်ပျက်ဆုံးတဲ့နိဗ္ဗာန်ကို.... ( ဉာဏ်လှည့်နေတာပါဘုရား ) အဲဒါ ဘာခေါ်ကြမယ်....(ဖလသမာပတ်ပါဘုရား)။

ဩော်....ဖလသမာပတ်ဆိုတာ ဒါပဲကိုးဆိုတာ၊ ဘယ်နှယ် ကြောင့်တုံးဆိုတော့ နိဗ္ဗာန်ကို အမြင်အားဖြင့် ရောက်ရတယ်.... (မှန်ပါ့) ခန္ဓာကိုယ်ကတော့ဖြင့် မချုပ်သေးလို့ တကာတကာမ တို့ခန္ဓာက မရောက်သေးဘူးပေါ့ဗျာ....(မှန်ပါ့) အမြင်အားဖြင့် တော့....(ရောက်ပါပြီဘုရား)။

ရောက်နေတော့ ခန္ဓာရှိလျက်နဲ့မြင်ရတဲ့နိဗ္ဗာန်ကို သူတို့အာရုံ ပြုနေရလို့ရှိယင်ဖြင့် ဘယ်ဝိတက်မှ မလာတော့ဘူး၊ ဘယ်ကိစ္စ တွေမှ အရှုပ်အထွေးမရှိဘူး၊ သပိတ်ဆေးစရာ, သင်္ကန်းခေါက်စရာ ကိစ္စတွေတောင်မှ သူတို့က အလိုမရှိတော့ဘူး.... ( မှန်ပါ့ ဘုရား)။

အဲဒါနဲ့ ဖလသမာပတ်ဝင်စားနေကြတဲ့အချိန်မှာ ညနေကျ လာတော့ ဟိုပုဂ္ဂိုလ်လဲ ဖလသမာပတ်ဝင်စားရာမှ ထပြီးလာတဲ့ အချိန်မှာ ရှင်သာရိပုတ္တရာက အနားသွားပြီးသကာလ အလ္လာပ သလ္လာပပြောပြီးသကာလ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်

ကြီးဆိုက နည်းယူပြီးသကာလ မည်သူပဲ ကျင့်ကျင့် နိဗ္ဗာန် အကျိုးငှါ ကျင့်တာမဟုတ်လား....လို့ မေးတယ်နော်.... (မှန်ပါ ဘုရား)။

နိဗ္ဗာန်အကျိုးငှါကျင့်တာမဟုတ်လားလို့ မေးတဲ့ အခါကျ တော့ မဟုတ်သေးပါဘူးဘုရား... တဲ့။

ဒါဖြင့်ကွာ....တဲ့၊ ဘုရားက သီလကို အရင်စင်ကြယ်အောင် ကျင့်လို့ဆိုတော့ အဲဒါကော နိဗ္ဗာန်အကျိုးငှါကျင့်တာ မဟုတ် ဘူးလား....တဲ့၊ မဟုတ်သေးပါဘူးဘုရားလို့ပဲ ဖြေလိုက်တယ်.... (မှန်ပါ)။

ဒါဖြင့် သီလဝိသုဒ္ဓိဖြစ်ခြင်းသည် တကာတကာမတို့ နိဗ္ဗာန်နဲ့ ဝေးနေသေးတယ်ဆိုတဲ့အဓိပ္ပါယ်ပြတယ်.... ( ပြပါတယ်ဘုရား ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့်ဘုရား....တဲ့၊ သမာဓိအလုပ်တွေလုပ်နေတဲ့ ပုဂ္ဂိုလ်တွေ ကော နိဗ္ဗာန်အကျိုးငှါကျင့်တာမဟုတ်ဘူးလားလို့ မေးပြန်တော့ မဟုတ်သေးပါဘူးဘုရား....တဲ့....(မှန်ပါ)။

ဒီလိုနဲ့ ဖြေလိုက်တာ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ရောက်သွား တယ်....(မှန်ပါ)မဇနေကဟောပြီးသားမို့ တကာသင် ချုံးလိုက်ပြီ (မှန်ပါဘုရား)။

ဒီလိုနဲ့ ဉာဏဒဿနဝိသုဒ္ဓိရောက်သွားပြီ၊ ဉာဏဒဿန ဝိသုဒ္ဓိဆိုတာ မဂ်ဆိုက်သွားပြီ....(မှန်ပါ) အဲဒီမဂ်ဆိုက်တဲ့ ဉာဏ ဒဿန ဝိသုဒ္ဓိအလုပ်ဟာ နိဗ္ဗာန်အကျိုးငှာ ကျင့်တာမဟုတ်ဘူး လားဆိုတော့မဟုတ်သေးပါဘူး ဘုရား....တဲ့....(မှန်ပါ)။

ဘုရားထံကျင့်ကြတဲ့ ပုဂ္ဂိုလ်တွေ သီလဝိသုဒ္ဓိ ကျင့်တာ နိဗ္ဗာန် အကျိုးငှာမဟုတ်ဘူးလားဆိုတော့ မင်းကမဟုတ်ဘူးတဲ့၊ နောက်ဆုံးပိတ် ဉာဏဒဿနဝိသုဒ္ဓိဟာလဲ နိဗ္ဗာန်အကျိုးငှာ မဟုတ်ဘူးလားဆိုတော့ မင်းက မဟုတ်ဘူးလို့ ဖြေတယ်....(မှန်ပါ့)။

နို့.... ဒါဖြင့် ဘာလုပ်ဖို့ ကျင့်ကြတာတုံးလို့ မေးတော့ ဥပါဒါနိမစ္စဲတဲ့....နိဗ္ဗာန်အကျိုးငှာသာ ကျင့်ကြတာ.... (မှန်ပါ့) ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

ဥပါဒါနိမစ္စဲတဲ့.... (နိဗ္ဗာန်အကျိုးငှာကျင့်ကြတာပါဘုရား) အဲ....နိဗ္ဗာန်ဆိုတာ ဥပါဒါန်ချုပ်မှ ရောက်တယ်....(မှန်ပါ့)။

နိဗ္ဗာန်ဆိုတာ....(ဥပါဒါန်ချုပ်မှ ရောက်ပါတယ်ဘုရား)အေး ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ရှိတုန်းက ဟောထားတာတွေ တကာကြွယ်တို့ မှတ်မိပါလိမ့်မယ်နော်.... (မှန်ပါ့ဘုရား)။

ဤခန္ဓာစွန့်ပြီး နောက်ခန္ဓာဥပါဒါနိမစ္စဲယင် ခန္ဓာမရဘူးတဲ့ (မှန်ပါ့) နိဗ္ဗာန်ရောက်တာ ဟောတာပဲ....(မှန်ပါ့)။

ဤခန္ဓာစွန့်ပြီး နောက်ခန္ဓာ ဥပါဒါန်ပြုတ်ယင် ဘာတဲ့ဗျာ.... (နိဗ္ဗာန်ရတာပါဘုရား) နိဗ္ဗာန်ရတာပဲဆိုတာ ပေါ်ကြပလား.... (ပေါ်လာပါပြီဘုရား)။

အေး....ဒါ့ကြောင့် ဥပါဒါန်ပြုတ်ဖို့အရေးဟာလဲ ကျုပ်တို့ ဒါ့ကြောင့် ပဋိစ္စသမုပ္ပါဒ်ကို ဦးမာဒင် ခဏခဏပြရတယ်.... (မှန်ပါ့) ဟ....တဏှာချုပ်အောင်လုပ်ပါဟာဆိုတာ ဥပါဒါန်က ချုပ်မသွားဘူးလား....(ချုပ်သွားပါတယ်ဘုရား)။

အဲ....ချုပ်တော့ နောက်ခန္ဓာဆိုတာ ဉပါဒါန်က လုပ်တာ ကိုး....(မှန်ပါ့) ဉပါဒါန်မရှိယင် ကံက သူချည့်သက်သက် ငါ့ဟာ ငါလုပ်မယ်လို့ဖြစ်သေးရဲ့လား.... (မဖြစ်ပါဘုရား) ဉပါဒါန် လက်ညှိုးညွှန်ရာကို တကာကြွယ် ကံကလုပ်ရတာ....(မှန်ပါ့)ရှင်း ပလား ...(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ကတော့ ကံကောင်းလို့လူဖြစ်တယ်၊ ကံမကောင်း လို့ ခွေးဖြစ်တယ်၊ ကံကချည့်လုပ်တယ်ထင်နေတယ်....၊ မဟုတ် ပါဘူး ဉပါဒါန်လက်ညှိုးညွှန်ရာ ကံကလုပ်ရတာ.... (မှန်ပါ့) သဘောပါပလား....(ပါပါပြီဘုရား)။

ဘယ်သူလက်ညှိုးညွှန်ရာ ကံကလုပ်ရသတုံး.... (ဉပါဒါန်လက် ညှိုးညွှန်ရာ ကံကလုပ်ရပါတယ်ဘုရား) ဒါဖြင့် ဘယ်သူကဆရာ ဘယ်သူကတပည့်ပါလိမ့်.... (ဉပါဒါန်ကဆရာ ကံကတပည့်ပါ ဘုရား)။

ဒါဖြင့် ဉပါဒါန်က ပြဋ္ဌာန်းတယ်၊ ကံကမပြဋ္ဌာန်း....(မှန်ပါ့) ဉပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ်မှာ ကံလုပ်စရာအကွက်ပေါ်သေးရဲ့လား (မပေါ်ပါဘုရား)။

အဲဒါကြောင့် ဉပါဒါန်ချုပ်ရာကို နိဗ္ဗာန်လို့ ရှင်ပုဏ္ဏက ဖြေ လိုက်တယ်....(မှန်ပါ့)။

မြတ်စွာဘုရားထံကျင့်တဲ့အကျင့်ဟူသရွေ့ သည်ကားလို့ဆိုယင် ဖြင့်တဲ့ တကာတကာမတို့ သီလသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်တဲ့ နိဗ္ဗာန်အကျိုးငှာ ကျင့်တာလားဆိုယင် မဟုတ်ဘူးတဲ့....(မှန်ပါ့ ဘုရား)။

နို့-ဘယ်အကျိုးငှာ အားလုံး ကျင့်နေကြတာတုံးဆို....အို.... ဥပါဒါန်ချုပ်တဲ့ နိဗ္ဗာန်အကျိုးငှာ ကျင့်နေကြတာ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါနဲ့ ရှင်သာရိပုတ္တရာက မင်းဟာ ရှင်းပါဦးကွာလို့ ပြောတဲ့ အခါကျတော့....တပည့်တော် ရှင်းပါမယ်တဲ့ ဥပမာမယ် သီလ ဝိသုဒ္ဓိဆိုတာ သီလစင်ကြယ်အောင်လုပ်နေတဲ့ ပုဂ္ဂိုလ်တွေ ရှိကြ တယ်....(မှန်ပါ့)။

အဲဒီ သီလစင်ကြယ်အောင် လုပ်တဲ့ပုဂ္ဂိုလ်တွေကို နိဗ္ဗာန်လို့ ဆိုကြမယ်ဆိုလို့ရှိယင်လဲ ပုထုဇန်ဟာ နိဗ္ဗာန်ရောက်နေမှာပဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သမထလုပ်နေတဲ့ ပုဂ္ဂိုလ်လဲ တိတိသွားကြစို့၊ နိဗ္ဗာန်ရောက် နေတယ်လို့ မဆိုရပေဘူးလား....(ဆိုရမည့် အဓိပ္ပါယ် ရောက်နေ ပါတယ်ဘုရား)။

အဲဒါကြောင့် မဂ်ဉာဏ်ရနေတဲ့ ပုဂ္ဂိုလ်တောင်မှ နိဗ္ဗာန် ရောက်နေတယ်လို့ မဆိုပါနဲ့ဦး....တဲ့၊မဂ်ဉာဏ်တောင်မှ ဦးမာဒင် သေသေချာချာ မှတ်ပါ။ ဖြစ်ပျက် သင်္ခတ တရားပါ.... (မှန်ပါ့ ဘုရား)။

မဂ်ဉာဏ်ဟာ....(ဖြစ်ပျက်သင်္ခတတရားပါ) ဖြစ်ပျက်သင်္ခတ ဖြစ်ပါတယ်တဲ့၊ ဖြစ်ပြီးပျက်နေတော့ တကာတကာမတို့ မဂ်ဉာဏ် ဖြစ်အောင်လဲ အတော် မပြုပြင်ရဘူးလား.... (ပြုပြင်ရပါတယ်) ပြီးတော့လဲ ဖြစ်ပျက်မသွားဘူးလား....(သွားပါတယ်) ဖိုလ်ဉာဏ် ဖြစ်အောင်ကော မပြုပြင်ရဘူးလား (ပြုပြင်ရပါတယ်) ပြီးတော့ ဘာတုံး....(ဖြစ်ပျက်သွားပါတယ်)။

ဒါဖြင့် သင်္ခတတရားတွေဆိုတော့ အသင်္ခတနိဗ္ဗာန်အတွက်နဲ့ သူမဆိုင်ဘူး....(မဆိုင်ပါ) ဒါဖြင့်နိဗ္ဗာန်ဆိုလို့ တော်ပါ့မလား (မတော်ပါဘုရား)။

ဒါဖြင့်ကွာတဲ့ ဘယ်အကျိုးငှာ ကျင့်တာတုံး ဆိုလို့ရှိယင်ဖြင့် ဥပါဒါနိချုပ်တဲ့ နိဗ္ဗာန်အကျိုးငှာလို့ တပည့်တော်က ဖြေပါတယ်တဲ့....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘယ်အကျိုးငှါ ကျင့်တာတုံး သီလဝိသုဒ္ဓိ အကျိုးငှာလဲ မဟုတ်ဘူး၊ ဥပါဒါနိချုပ်တဲ့ နိဗ္ဗာန်အကျိုးငှာ ကျင့်တာပါလို့ တပည့်တော်က ဖြေပါတယ်တဲ့....(မှန်ပါ့)။

ဒါဖြင့် ဟုတ်ပြီပေါ့....မင်းဟာက....၊ နို့မဟုတ်လို့ရှိယင် ပုထုဇန်တွေလဲ နိဗ္ဗာန်ရောက်ထုန်မှာပဲ ဆိုလို့ရှိယင်သမထအလုပ် လုပ်နေတာလဲ နိဗ္ဗာန်ပဲ ဆိုလို့ရှိယင် လွဲကုန်လိမ့်မယ်ပေါ့.... (မှန်ပါ့ဘုရား) ရှင်သာရိပုတ္တရာက သဘောကျတယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် မင်းဟာကွာတဲ့ ဒါတွေ အလကားပဲလားတဲ့၊ သီလ ဖြူစင်အောင်လုပ်နေတာလဲ နိဗ္ဗာန်နဲ့မဆိုင်သေးဘူး အလကား ပဲလားလို့ဆိုတော့ အလကားတော့ မဟုတ်ပါဘူးဘုရား....တဲ့- (မှန်ပါ့)။

တကာတကာမတို့ အလကားတော့ မဟုတ်ဘူးတဲ့....(မှန်ပါ့) အလကား မဟုတ်ပုံကလေး တကာတကာမတွေက ရှင်းဖို့ အရေးကြီးတယ်....(မှန်ပါ့)။

အလကားမဟုတ်ပုံကလေးဆိုတော့ကိုတဲ့ တကာတကာမတို့ သီလကို ဖြူစင်အောင်ကျင့်တဲ့ပုဂ္ဂိုလ်သည် ဩော်.... ငါသည်

ကားလို့ဆိုယင် သီလဖြူစင်လို့ရှိယင် သမာဓိအလုပ်-လုပ်မယ် ဆိုတဲ့စိတ်ထားရှိတယ်တဲ့....(မှန်ပါ့)။

ဒါဖြင့် သီလဝိသုဒ္ဓိ သီလဖြူစင်မှ သမာဓိအလုပ်-လုပ်လို့ရ တယ်.... (မှန်ပါ့) ဒီတော့ တခုနဲ့တခု ကျေးဇူးမပြုဘူးလား.... (ပြုပါတယ်) နိဗ္ဗာန်တော့ပါသလား(မပါ-ပါ) အဲ-ဒါလောက် ကျေးဇူးရှိတာဘုရား.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

သီလက သမာဓိ ကျေးဇူးပြုတာဘုရား နိဗ္ဗာန်မဟုတ်သေးဘူး တဲ့....(မှန်ပါ့ဘုရား) တကာကြွယ် ပေါ်ပြီနော်.... (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် သီလဝိသုဒ္ဓိဟာ စိတ္တဝိသုဒ္ဓိ အကျိုးငှာပေါ့ဗျာ.... ( မှန်ပါ့ ) စိတ္တဝိသုဒ္ဓိဟာ တကာတကာမတို့ ရုပ်နာမ်ခွဲတဲ့ သမ္မာဒိဋ္ဌိအကျိုးငှာ....(မှန်ပါ့) ရုပ်နာမ်ခွဲတဲ့အခါ သမ္မာဒိဋ္ဌိရှိတဲ့ ရုပ်နာမ်ခွဲတဲ့ အခါရှင်းရှင်းလင်းလင်းဖြစ်ပါတယ်....(မှန်ပါ့)။

ဒါဖြင့် စိတ္တဝိသုဒ္ဓိကလဲ ဒိဋ္ဌိဝိသုဒ္ဓိအကျိုးငှာ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

တခါ ဒိဋ္ဌိဝိသုဒ္ဓိဆိုတာ တကာတကာမတွေက မရှင်းပဲနေ မှာစိုးလို့ ရုပ်နာမ်ခွဲတာ ဒိဋ္ဌိဝိသုဒ္ဓိပါပဲ.... (မှန်ပါ့)။

ကဲ....ဒိဋ္ဌိဝိသုဒ္ဓိက ဘယ်ကျေးဇူးပြုသတုံးဆိုတော့ ကင်္ခါ တရဏဝိသုဒ္ဓိဆိုတဲ့ ပုဂ္ဂိုလ် သတ္တဝါမရှိ-အကြောင်းအကျိုးသာ ရှိတယ်ဆိုတဲ့ နားလည်မှုကို ဒိဋ္ဌိစင်ကြယ်ပြီးတဲ့ ပုဂ္ဂိုလ်မှာ အကြားအမြင်နဲ့ စင်ကြယ်ပြီးတဲ့ပုဂ္ဂိုလ်မှ ယုံမှားခြင်း ဖျောက်နိုင် တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အကြားအမြင်စင်ကြယ်ပြီးသား ပုဂ္ဂိုလ်မှ.... ( ယုံမှားခြင်း ဖျောက်နိုင်ပါတယ်) ဟော.... လေးခုပြီးသွားပြီ၊ မပြီးသေးဘူး လား....(ပြီးပါပြီဘုရား)။

ကောင်းပြီတဲ့၊ ဒါဖြင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ရှိတဲ့ ပုဂ္ဂိုလ်မှာ ယုံမှားခြင်းကင်းတော့မှ ဖြစ်ပျက်တွေကျင့်တယ်၊ ကျင့်တော့ အရောင်အဆင်း အလင်းတွေ ခန္ဓာကိုယ်ထဲက ပီတိကလေးတွေ ဖြတ်ကနဲ-ဖြတ်ကနဲ လာတတ်တယ်....(မှန်ပါ့) အဲဒါကို မဂ်ထင် နေမှာစိုးလို့ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ဟောတယ်(မှန်ပါ့) ဒါက ယုံမှားခြင်းကင်းတဲ့ ပုဂ္ဂိုလ်မှလဲ ဒီမဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ က ဖြစ်နိုင်တာကိုး....(မှန်ပါ့)။

ဒီလိုတော့ ကျေးဇူးများတယ် ဘုရား....တဲ့၊ နိဗ္ဗာန်တော့ ဘိုက်ရိုက်မဟုတ်ဘူးတဲ့....(မှန်ပါ့) သဘောပါပလား....(ပါပါပြီ ဘုရား)။

ကောင်းပြီဒါဖြင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကလဲ ဘယ်များ ကျေးဇူးပြုသဘုံးကွဆိုတော့ အို-တပည့်တော်တို့ ဘဂ် ဘယ, အာဒီနဝ,နိဗ္ဗိန္ဒ ဆိုတဲ့ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိကို သွားပြီး သူက ကျေးဇူးပြုတယ်ဘုရား၊နိဗ္ဗာန်တော့ မရောက်သေးဘူးတဲ့.... (မှန်ပါ့ဘုရား)။

နိဗ္ဗာန်အကျိုးငှာတော့ မဟုတ်သေးဘူးတဲ့ (မှန်ပါ့) တခုချင်း ကျေးဇူးပြုသွားတာပါတဲ့၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိကလဲ ဉာဏ်စဉ်တွေတက် ပြီးသကာလ ဂနငြားသော်လဲ နိဗ္ဗာန်ကိုမြင်လဲ မမြင်ရသေးဘူး၊ ရောက်လဲ မရောက်သေးဘူး....(မှန်ပါ့ဘုရား)။

နောက်ကျလာတဲ့ အခါကျတော့ မဂ်ဉာဏ်ဆိုတာ ပေါ်လာတယ်နော်၊ ဉာဏဒဿန ဝိသုဒ္ဓိဆိုဘာ၊ ဉာဏ်စင်ကြယ်သွားပြီ.... (မှန်ပါ့) ဉာဏ်စင်ကြယ်သွားတဲ့ဘုရား အဲဒါနိဗ္ဗာန်လားလို့ မေးတော့ သူကလဲ ဖြစ်ပျက်ပဲရှိနေတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိသုဒ္ဓိခုနစ်ပါးသည် နိဗ္ဗာန်လား မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(မဟုတ်ပါ) နိဗ္ဗာန်ကို အဆင့် အဆင့်အားဖြင့် ကူညီပြီး ကျေးဇူးပြုကြောင်းတရား....(မှန်ပါ့)။

အဆင့်အဆင့်အားဖြင့်....(ကူညီပြီးကျေးဇူးပြုကြောင်းတရား ပါဘုရား)။

ကျေးဇူးပြုကြောင်း တရားဆိုတာ ၁-က ၂-ကိုပေါ့ဗျာ .... (မှန်ပါ့) ၂-က ၃-ကို၊ ၃-က....(၄-ကိုပါ) ၄-က....(၅-ကိုပါ) ၅-က....(၆-ကိုပါ) ၆-က....(၇-ကိုပါဘုရား)။

အဲ .... အဲဒီကနေဆက်မှသာလျှင် ဟိုဘက်နိဗ္ဗာန်ကိုးဗျ .... (မှန်ပါ့ဘုရား)။

ဒါနဲ့ ရှင်သာရိပုတ္တရာက သဘောကျသွားတယ်၊ အင်း.... မင်းကလဲ ဉာဏ်ထက်ပါပေကွာ၊ ဒါတွေ နိဗ္ဗာန်မဟုတ်ဘူးဆိုတာ၊ ဒို့ဘုရားဆိကျင့်တော့လဲ ဒီအကျင့်တွေကျင့်ရတာပဲကွတဲ့၊ ဒို့ ဒါတွေကို နဂိုက နိဗ္ဗာန်ရောက်ကြောင်း အကျင့်လို့ ထင်တော့ ထင်ခဲ့တယ်၊ စင်စစ်သော့ဖြင့် နိဗ္ဗာန်ကို အဆင့်အဆင့် ကျေးဇူး ပြုတဲ့တရား၊ နိဗ္ဗာန်မဟုတ်ဘူးဆိုတာ ရှင်းပြီကွာတဲ့.... (မှန်ပါ့) ရှင်သာရိပုတ္တရာက တာဝန်ခံတယ်(မှန်ပါ့ဘုရား)။

သို့သော်လဲ ဘုရားတဲ့၊အရှင်ဘုရား ရှင်းသည်ထက်ရှင်းအောင် "ဥပမာယ ပိမေ ကစ္စေ ဝိညူ ပုရိသာ ဘာသိတဿ အတ္ထံ အာ

ဇာနန္တိ”တပည့်တော်ဥပမာကလေးတခုဆောင်ပြလို့ရှိယင် အရှင်ဘုရားပိုပြီးရှင်းမယ်တဲ့....(မှန်ပါ့ဘုရား)။

ဥပမာဆောင်ပြယင်.... (ပိုရှင်းမှာပါ) ပိုရှင်းမယ်တဲ့၊ အဲဒါကြောင့် အရှင်ဘုရားသည် ဥပမာကလေးတခု နားထောင်စမ်းပါတဲ့၊ ရှင်ပုဏ္ဏကပြောပြီ....(မှန်ပါ့ဘုရား)။

သာဝတ္ထိပြည်မှာ ပဿေနဒီကောသလမင်းကြီး ရှိတယ်တဲ့၊ ကိစ္စတခုရှိတာနဲ့ သာကေတကိုသွားတယ်တဲ့၊ သူ့အမျိုး သူ့အဆွေတွေရှိတဲ့ သာကေတမြို့သွားတယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီသာကေတမြို့ကလဲတဲ့ ခုနစ်ယူဇနာ ဝေးတယ်လို့ ထားပါတဲ့....(မှန်ပါ့)အဲဒါ ရှေးက မော်တော်ကားခေတ်–လေယာဉ်ပျံခေတ်ကလဲ မဟုတ်တော့ သူကပြောရှာတယ်၊ မြင်းရထားတခုကိုစီးတယ်၊ သာဝတ္ထိပြည်ကနေ စီးသွားတော့ တယူဇနာပြည့်တဲ့အခါ ဒီမြင်းကမသွားနိုင် မလာနိုင်တော့ ဟိုဘက်က မြင်းလှည်းကနေပြီး ဆက်ပြီးကြိုရတယ်၊ ဒီလိုပဲ ခုနစ်ဆက်ပြည့်အောင် ကြိုရတယ်ဆိုကြပါစို့....(မှန်ပါ့ဘုရား)။

အဲဒီတော့ ခုနစ်ဆက်ကြိုကြိုပြီး မြင်းလှည်းတွေ ပြောင်းပြောင်း–ပြောင်းပြောင်း စီးသွားတော့ တကာသစ် ခုနစ်ခုမြောက် လှည်းကဆင်းလိုက်တော့ သာကေတ မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။

အဲဒီတော့ကို မြင်းရထားခုနစ်စင်းနဲ့ တယူဇနာမှာတခါလဲ၊ တယူဇနာမှာ တခါလဲဆိုတော့ ခုနစ်ယူဇနာကျတော့ ခုနစ်ခါလဲရတယ်....(မှန်ပါ့) ခုနစ်ခါလဲလို့ ဆင်းတော့မှ သာကေတဆိုတဲ့ သူ့ဆွေမျိုးရှိတဲ့နေရာ ရောက်ပါတယ်....(မှန်ပါ့ဘုရား)။

အဲ့ဒီတော့ ဆွေမျိုးတွေက မေးကြတယ်ဘုရားတဲ့ အရှင်မင်းကြီး အခုရထားနဲ့ပဲ ရောက်လာသလားလို့ မေးကြတယ်.... (မှန်ပါ့) မေးကြတော့ သူ့အမှန်ဖြေရလို့ရှိယင်ဖြင့် ဪ .... သာဝတ္ထိပြည်က ထွက်တဲ့အခါမှာ တယူဇနာမှာ မြင်းလှည်းတခါစီးခဲ့ရပါတယ်၊ နောက်ဆင်းရပါတယ်....(မှန်ပါ့ဘုရား) နောက်တယူဇနာမှာ တလှည်းစီးခဲ့ရပါတယ်၊ နောက်ဆင်းရပါတယ်လို့ သူခုနစ်ခါဖြေမှာပဲတဲ့.... (မှန်ပါ့)ရိပ်မိပလား(ရိပ်မိပါပြီဘုရား)။

ဒီအတိုင်းပါပဲတဲ့ တကာကြွယ်ရ သီလဝိသုဒ္ဓိက ဆင်းပြီး စိတ္တဝိသုဒ္ဓိတက်ရမှာပဲ.... (မှန်ပါ့) စိတ္တဝိသုဒ္ဓိဆင်းပြီး ဒိဋ္ဌိဝိသုဒ္ဓိတက်ဖို့ပဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒိဋ္ဌိဝိသုဒ္ဓိရထားပေါ် စီးပြီးသကာလ ကင်္ခါဝိတရဏဝိသုဒ္ဓိရထားတက်ဖို့ပါပဲ.... (မှန်ပါ့) ကဲ....တကာကြွယ် ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီဘက်က ဉာဏဒဿနဝိသုဒ္ဓိက ဆင်းတဲ့အခါကျတော့မှ သူ့သာကေတမြို့နဲ့တူတဲ့ နိဗ္ဗာန်ရောက်ပါတယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ သာကေတမြို့ရောက်တဲ့အခါ ဆွေတွေမျိုးတွေက မေးကြတယ်၊ အရှင်မင်းကြီး ဒီရထားနဲ့ပဲ ရောက်လာသလားလို့မေးယင် ဒီရထားနဲ့တော့ ရောက်လာတာ မဟုတ်ပါဘူးတဲ့၊ အဆင့်ဆင့်ပို့လို့ ရောက်လာတာ....(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (အဆင့်ဆင့်ပို့လို့ရောက်လာတာပါ) သဘောပါကြပလား ( ပါပါပြီ ) ဘယ်လိုနဲ့ရောက်လာကြသတုံး....(အဆင့်ဆင့်ပို့လိုက်လို့ပါဘုရား)။

ဒါဖြင့် ဒီရထားတွေသည် တကာတကာမတို့ ခုနင်က သာကေတပြည်နဲ့တူတဲ့ နိဗ္ဗာန်ကိုရောက်ဖို့ရာသည်ကားလို့ဆိုယင် သူတို့က အဆင့်ဆင့် ကျေးဇူးပြုမှုသာရှိဘယ်၊ နိဗ္ဗာန်မဟုတ်ဘူး- (မှန်ပါ့ဘုရား)။

အဆင့်ဆင့်.... (ကျေးဇူးပြုမှုသာရှိပါတယ် နိဗ္ဗာန်မဟုတ်ပါဘုရား)။

နိဗ္ဗာန်တော့မဟုတ်ဘူး.... (မှန်ပါ့) နိဗ္ဗာန်က သာကေတနဲ့တူတယ်၊ ဒါတွေဟာ ဝိသုဒ္ဓိခုနစ်ပါးက ဦးမာဒင် ရထားခုနစ်စင်းနဲ့တူတယ်(မှန်ပါ့) ပဿေနဒီကောသလမင်းကြီးက တကာတကာမတို့ ယောဂီပုဂ္ဂိုလ်နဲ့တူပါတယ်....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

သာကေတမြို့က ဘာနဲ့တူပါလိမ့်.... (နိဗ္ဗာန်နဲ့တူပါတယ်) ဝိသုဒ္ဓိ ခုနစ်ပါးက.... (ရထားခုနစ်စီးနဲ့တူပါတယ်ဘုရား)။

ရထားခုနစ်စီးကို ပြောင်းစီးတဲ့ ပဿေနဒီကောသလမင်းကြီးနဲ့ ဘာနဲ့တူသလဲ.... (ယောဂီပုဂ္ဂိုလ်နဲ့တူပါတယ်) အလုပ်-လုပ်တဲ့ ယောဂီတွေနဲ့တူပါတယ်.... (မှန်ပါ့)တကာကြွယ်-ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကိုင်း .... ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေ အတွက် နည်းနည်းကလေး စကားထည့်ပေးရတော့မယ်....(မှန်ပါ့ဘုရား)။

အခု ဘုန်းကြီးကဟောတော့ တကာဘကာမတွေ ခန္ဓာကိုယ်ကြည့်ပြီးသကာလ ဖြစ်မှု ပျက်မှုကိုနှလုံးသွင်းပါ၊ မပြောဘူးလား (ပြောပါတယ်ဘုရား)။

ဖြစ်မှု့ပျက်မှု နှလုံးသွင်းပါဆိုတော့ ဩော် .... ငါတို့သည် ဘယ်ရထားရောက်ပြီဆိုတာ သိရအောင်ဆိုတော့ တကာတကာမတို့ သီလကလဲ ခင်ဗျားတို့စီစဉ်ပြီးသားမို့ သီလရထားကလဲ ဆင်းခဲ့ပြီ....(မှန်ပါ့) သမာဓိကလဲ ဒီအထဲအလုပ်ခွင်ပ့ါသွားလို့ သမာဓိကိစ္စကလဲ ပြီးခဲ့ပြီ....(မှန်ပါ့ဘုရား)။

ဒိဋ္ဌိဝိသုဒ္ဓိဆိုတာ ဆရာသမားက ရုပ်နာမ်သာရှိတယ် ဆိုပြီး သကာလ ရုပ်နာမ်တွေ ခွဲပေးခဲ့ကတည်းက ဒိဋ္ဌိဝိသုဒ္ဓိ ရထားကလဲ ခင်ဗျားတို့ဆင်းခဲ့ပါပြီ....(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ကင်္ခါဝိတရဏဝိသုဒ္ဓိဆိုတာ နေ့တိုင်း ပဋိစ္စသမုပ္ပါဒ်ပြနေတော့ ခန္ဓာကိုယ်မှာ ယောကျ်ား့မိန်းမရယ်....လို့ မရှိပါဘူး၊ အကြောင်းနဲ့ အကျိုးတွေသာ ရှိပါတယ်ဆိုတော့ ဒီရထားကလဲ လေးခုမြောက်ရထားကလဲ ဆင်းခဲ့ပြီ....(မှန်ပါ့)။

တခါ ငါးခုမြောက်ရထားဆိုတာ ဖြစ်ပျက်ရှုနေပြန်တော့လဲ တကာတကာမတို့ ဒါ....ငါးခုမြောက်ရထားပေါ်မှာ ရောက်နေတာ....(မှန်ပါ့)။

ကဲ....ရထားဘယ်နှစ်စင်းပြီးသွားပလဲ (ငါးစင်းပြီးသွားပါပြီဘုရား) အံမာလေး....ဦးမာဒင် ဒါဖြင့် နှစ်စင်းကျန်တော့တယ် (မှန်ပါ့)။

တကာကြွယ် ဘယ်နှစ်စင်းကျန်သေးသလဲ....(နှစ်စင်းကျန်ပါတော့တယ်ဘုရား)နှစ်စင်းတောင်မှလဲ အပြည့်အစုံ တကာတကာမတို့ ဟိုရောက်သည့်တိုင်အောင် မလိုတော့ဘူး....တဲ့၊ ခန္ဓာကိုယ်

ရှုမှန်းငြီးငွေ့လာတယ်ဆိုလို့ရှိယင်ပဲ ခြောက်ခုမြောက် အစင်း ပေါ်လဲ သူရောက်နေပါပြီ.... (မှန်ပါ့) သဘောကျပလား... ( ကျပါပြီ ) နောက် ဖြစ်ပျက်များ အဆုံးမြင်လိုက်လို့ရှိယင် ခုနစ်ခုမြောက်ရထားပေါ်ရောက်တယ်....(မှန်ပါ့)။

ဖြစ်ပျက် အဆုံးမြင်လိုက်ယင်.... (ခုနစ်ခုမြောက်ရထားပေါ် ရောက်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒို-သာကေတဆိုတဲ့ နိဗ္ဗာန်တော့ ရောက် တော့မှာပဲ.... (မှန်ပါ့) တည်းတည်းလိုကြတော့တယ်.... (မှန်ပါ့ ဘုရား)။

တကာကြွယ် ဘယ်လောက်လိုတော့သလဲ.... (တည်းတည်း ကလေးလိုပါတော့တယ်ဘုရား)။

နောက်က တကာတကာမတွေ ကိုယ့်အလုပ်နဲ့ ကိုယ်ချိန်ပါ.... (မှန်ပါ့) ဖြစ်ပျက်မြင်တယ်ဆိုယင် နောက်ဆုံးမြောက် သုံးစင်း ပေါ်ရောက်ပြီ (မှန်ပါ့) ဖြစ်ပျက်မုန်းတယ်ဆိုလို့ရှိယင် တကာ တကာမတို့ နောက်ဆုံး နှစ်စင်းပေါ်ရောက်ပြီ(မှန်ပါ့)။

အလုပ်သမားတွေအတွက်မှာဖြင့် ဒီနေ့ဥစ္စာ ကိုယ်စီးပြီးသား ရထားတွေက ကိုယ်ဆင်းပြီးသကာလ ရောက်ခါနီး ရထားတွေ ပေါ်တက်နိုင်တယ်ဆိုတာ ယနေ့ ရှင်းသွားပြီ....(မှန်ပါ့)။

အခု ဘုန်းကြီးတို့ တကာတကာမတွေ တချို့တကာတကာ မတွေမှာ ခြောက်စင်းမြောက်တောင်တက်ပြီး စီးနေတာရှိပြီ.... (မှန်ပါ့) တချို့ကတော့လဲ တကာတကာမတို့ ငါးစင်းမြောက် လောက်ဘဲ ရှိချင်ရှိကြမယ်....(မှန်ပါ့) ဘာမှ မလုပ်တဲ့ပုဂ္ဂိုလ်ဖြင့်

သာကေတဆိုတဲ့နိဗ္ဗာန်နဲ့ ဘယ်အခါမှ မနီးလို့ အဝေးကြီးပါပဲ (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဘာမှ မလုပ်တဲ့ပုဂ္ဂိုလ်ကျတော့ ရထားခုနစ်စင်း တစင်းမှ မစီးတဲ့ပုဂ္ဂိုလ်တွေအတွက်မှာဖြင့် နိဗ္ဗာန်တည်းဟူသော သာကေတနဲ့ တကာကြွယ် ဘယ်လောက်ဝေးသတုံး.... ( အဝေးကြီးပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် မလုပ်ပဲနဲ့ဖြင့် မရဘူး.... (မရပါဘုရား)သူ့ရထားနဲ့ သူ့ရထားနဲ့ ဆင်းကာ တက်ကာ–ဆင်းကာ တက်ကာသွားမှ ရတဲ့ အဓိပ္ပါယ်ကို ရှင်ပုဏ္ဏက ရှင်သာရိပုတ္တရာကိုဖြေပြတာ ဦးမာဒင် ကောင်းကောင်းရိပ်မိပြီ....(မှန်ပါ့) တကာကြွယ် ဘယ့်နှယ်နေသတုံး....(ရိပ်မိပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာသစ်ရေ.... သူ့နေရာနဲ့သူ တက်စီးပြီး သူ့နေရာနဲ့သူကျတော့ ဟိုရထားပြောင်းစီးလိုက်– ရှေ့ရထား ပြောင်း ပြောင်းစီးသွား....(မှန်ပါ့)။

အဲဒီတော့ ယနေ့ ဒီတရားကို ဆရာဘုန်းကြီးက လေးလေးနက်နက်နဲ့ တခါ ဟောပြောပြီးနေတာ ဘယ်အကျိုးငှာတုံး မေးတော့ ကိုယ်ဘယ်ရထားရောက်နေတယ်ဆိုတာ သိအောင်လို့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာတုံး–(ကိုယ်ဘယ်ရထားရောက်နေတယ်ဆိုတာ သိအောင်လို့ပါဘုရား)။

အဲဒီတော့ ရထားခုနစ်စင်းပို့မှ သာကေတနဲ့တူတဲ့ နိဗ္ဗာန်ရောက်မှာ ကိုယ်က ဟာ....ငါးခုမြောက်ရထားပေါ်မှာရောက်ပြီး

ခြောက်ခုမြောက်ရထားပေါ်မှာ ရောက်ပြီဆိုလို့ရှိယင် အနီးကလေးကျန်တော့တယ်....၊ . အနီးကလေး ကျန်တော့တယ်ဆိုတဲ့ ဝမ်းသာလုံးကြီးဟာ တကာကြွယ့်ရေ...နည်းလှမယ် မဟုတ်ပါဘူး....(မနည်းပါဘုရား) နည်းပါ့မလား.... (မနည်းပါဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ဖြစ်ပျက်မြင်လို့ရှိယင်ဖြင့် ငါးခုမြောက်ရထားပေါ်ရောက်ပါပြီ....(မှန်ပါ့) ဖြစ်ပျက်မုန်းယင် ခြောက်ခုမြောက် ရထားပေါ်ရောက်ပါပြီ....(မှန်ပါ့)။

ဖြစ်ပျက်တွေ ဉာဏ်ထဲမှာ ကြည့်ယင်းမတ္တနဲ့ မလိုချင်လို့ ဆုံးသွားလို့ရှိယင်ဖြင့် ခုနစ်ခုမြောက်ရထားပေါ်ရောက်လို့ ဆင်းတော့ ဆင်းပါပြီ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲဒီတော့ တကာကြွယ့်ရေ.... ကိုယ့်ရထားကိုယ်ကြည့်ပြီး နီးပြီဆိုတာ သိတယ်နော်....(မှန်ပါ့)။

ကိုယ်စီးတဲ့ရထား ကိုယ်ကြည့်ပြီး.... (နီးပြီဆိုတာ သိပါတယ်ဘုရား)။

နို့မဟုတ်ယင် နိဗ္ဗာန်ဆိုတာ သူများက အဝေးကြီးလို့ဟောတယ်....(မှန်ပါ့) မင်းတို့အိမ်ထောင်သည်တွေ သားနဲ့ သမီးနဲ့ တို့လို့ တန်းလန်းတွေနဲ့ သားဝတ်လင်ဝတ်တွေနဲ့ မင်းတို့သည် ကား ဝေးပါသေးတယ်ကွာ....(မှန်ပါ့)။

ဟ....ဝေးတာသာ သူပြောနေတာ၊ လုပ်ကြည့်တဲ့ပုဂ္ဂိုလ်မှာ ဘယ်ရထားကို စီးမိတယ်ဆိုတာသိတော့ လုပ်ကြည့်တဲ့ပုဂ္ဂိုလ်က တကာတကာမတို့ ကိုယ့်အကြောင်း ကိုယ်သိပြီးသကာလ ဝေးတယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဒီရထားခုနစ်စင်း ဉပမာ-ရှင်သာရိပုတ္တရာ

က အမေးသမား၊ ရှင်ပုဏ္ဏက အဖြေသမား၊ ဒါတွေကို မလေ့လာလို့ ဝိသုဒ္ဓိခုနစ်ပါးမလေ့လာလို့ ပြောတာကိုးဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

တကာကြွယ် တယ်အဖိုးတန်ပါကလား.... ( တန်ပါတယ်ဘုရား) တကာတကာမတို့ ဒီနေ့တရားသည်ကား....လို့ဆိုလို့ ရှိယင်ဖြင့် ကိုယ်နီးတာ, ဝေးတာကို ကိုယ်ကိုယ်တိုင် ရထားက ပြပါတယ်....(မှန်ပါ့)။

ကိုယ်နီးတာ,ဝေးတာကို.... (ကိုယ်ကိုယ်တိုင် ရထားကပြပါတယ်ဘုရား) အဲ.... ကိုယ်စီးနေတဲ့ရထားက ပြောနေတယ်.... (မှန်ပါ့) ဖြစ်ပျက်မြင်ယင် ၅-နံပါတ်ရထား တကာတကာမတို့စီးမိပြီနော်....(မှန်ပါ့)။

ဖြစ်ပျက်မုန်းလို့ရှိယင်၅-နံပါတ်ရထားက ဆင်းပြီး၆-နံပါတ်ရထားပေါ်ရောက်နေပြီ....(မှန်ပါ့) သဘောကျပလား-(ကျပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်မုန်းတော့ ၆-နံပါတ်ရထားနဲ့ အပေါ်ရောက်နေပြီဆိုတော့ တကာသစ်,ရေ.... နောက်ရထား ဘယ်နှစ်စင်းကျန်သေးသတုံး....(တစင်းကျန်ပါတော့တယ်ဘုရား)။

ဩော်.... ဦးမာဒင် တစင်းတည်းကျန်တော့တယ်.... (မှန်ပါ့) ဒါဖြင့် အဝေးကြီးဆိုမလား-အနီးကလေးဆိုကြမလား....(အနီးကလေးပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ လက်ထက်မှာဖြင့် တကာကြွယ်ရေ....နိဗ္ဗာန်အဝေးကြီးဆိုတာ မလုပ်တဲ့ ပုဂ္ဂိုလ်အတွက်တော့လဲ

မှန်ပေလိမ့်မယ်....(မှန်ပါ့ဘုရား) လုပ်နေတဲ့ပုဂ္ဂိုလ်ကျတော့ အနုဖျင်ပုဏ္ဏနဲ့ ရှင်သာရိပုတ္တရာ အမေး-အဖြေလုပ်တာ ထောက်လိုက်သဖြင့် တကာသစ်္စရေ... ကိုယ်စီးတဲ့ရထားနဲ့ ကိုယ်ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

နှီးတာ့၊ဝေးတာ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (ကိုယ်စီးတဲ့ရထားနဲ့ ကိုယ်ဆုံးဖြတ်ချက်ချရပါမယ်ဘုရား)။

ဥပမာမယ် သီလဆောက်တည်နေတယ်ဆိုယင် သီလဖြူစင်ယင် ပထမရထားတက်ပြီ....(မှန်ပါ့)။

ဒီအထဲကနေပြီး ငါသည် အာနာပါနကလေး လုပ်လိုက်ဦးမယ်၊ သမာဓိကလေးတည်အောင် လုပ်လိုက်ပါဦးမယ် ဆိုယင် ပထမရထားကဆင်းပြီး ဒုတိယရထားတက်မိပြီ....(မှန်ပါ့)။

ဒီကနေပြီးသကာလ ဆရာကောင်း၊သမားကောင်းဆီ ရှပ်နာမ်ခွဲတာတွေ နာလိုက်ရတော့ ဒုတိယရထားကဆင်းပြီး တတိယရထားတက်ပြီ....(မှန်ပါ့)။

နောက် ဒီဆရာသမားက ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးသာဂ္ဂျိတယ်၊ ခန္ဓာကိုယ်မှာလို့ သိပြန်တော့လဲ စတုတ္ထမြောက်ရထားတက်တယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

နောက်ကျတော့ ဒီတွင်မနေနဲ့ ကွာ မင်းတို့ ဒါတွေက သိမှုတွေက၊ ရှုမှုလုပ်ပါဦးဆိုတော့ ဖြစ်ပျက်တွေ မြင်လာတယ်.... (မှန်ပါ့) ပဥ္စမမြောက်ရထားတက်တယ်....(မှန်ပါ့)။

နောက်ကျလာတော့လဲ ဦးမာဒင်တို့ တကာကြွယ်တို့ မြင်ရုံတွင် မနေပဲ ခင်ဗျားတို့ခန္ဓာကိုယ်ကြီး ခင်ဗျားတို့ကိုယ်တိုင် မုန်းလာလိမ့်မယ်....(မှန်ပါ့)။

မုန်းလာယင်ပဲ တကာတကာမတွေက ဘယ်ရထားတက်ပြီတုံး....(ခြောက်စင်းမြောက်ရထားပါ)ခြောက်ဆင့်မြောက်ရထားတက်ပြီ....(မှန်ပါ့)။

ကဲ....တကာကြွယ်က ဆုံးဖြတ်ချက်ချ၊ ရထားက ခုနစ်စင်းမှာ ခြောက်ခုပေါ်တောင် တက်မိမှ နိဗ္ဗာန်နဲ့ နီးသလား- ဝေးသလားလို့ မေးဖို့အတော်ရှင်းနေတယ်.... (ရှင်းပါတယ်)တကာသစ် ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (နီးပါတယ်ဘုရား) ခုနစ်ခုမြောက် ရထားပေါ်တက်မိပြီး ဆင်းယင်နိဗ္ဗာန်ကိုး.... (မှန်ပါ့ဘုရား)။

ဒီတော့ ဖြစ်ပျက်တွေမုန်းတော့ ဆရာဘုန်းကြီးက သတိပေးတယ်....(မှန်ပါ့ဘုရား) တကာကြွယ်တို့ ဦးမာဒင်တို့ မုန်းတာမှ လူတောင်ထွက်ပြေးချင်တယ်....(မှန်ပါ့)။

ဒီဟာမရှိချင်လိုက်တာလွန်လို့.... (မှန်ပါ့) စိတ်တွေဘာတွေများ ညှိုးငယ်လာတယ်....(မှန်ပါ့) ပေရှုပါ-ပေရှုပါ၊စူးစူး-စိုက်စိုက် ပေရှုပါလို့ခိုင်းလိုက်တော့ မုန်းရာကနေပြီး ဒါတွေ ဒုက္ခသစ္စာမြင်ပြီး ဆုံးသွားတယ်လို့ အဆုံးမြင်လိုက်တယ်ဆိုယင် တကာသစ်ရေ ခုနစ်ခုမြောက် ရထားပေါ်တက်ပြီ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါ တက်ပြီးတယ်ဆိုကတည်းက နောက်ကျတော့ မဂ်ပေါ် ဘက်ပြီးသကာလ တကာတကာမတွေက ကိုင်း.... အားလပ်တဲ့ အခါ ဖြစ်ပျက်ရှုဦးမယ်ဆိုပြီး ရှုလိုက်တော့ မဂ်မပေါ်လာပဲနဲ့ တခါတည်း နိဗ္ဗာန်ပေါ်လာတာပဲ....(မှန်ပါ)။

ကိုယ့်ဉာဏ်ထဲက နိဗ္ဗာန်ကြီးမြင်နေလို့.... (မှန်ပါ) အဲဒီကျ တော့ သာဓကတာ ရောက်သွားပြီ.... (မှန်ပါ) ခုနစ်ခုကတောင် ဆင်းလိုက်ပြီ....(မှန်ပါ) ရိပ်မိပလား တကာသစ်.... (ရိပ်မိပါပြီ ဘုရား)။

အားလုံးတကာတကာမတွေ နိဗ္ဗာန်ဝေးတယ်-နီးတယ်ဆိုတာ ကိုယ့်ဉာဏ်နဲ့ ကိုယ်တိုင်းတတ်ပလား....(တိုင်းတတ်ပါပြီဘုရား)။

ဒါဖြင့် တကာကြွယ်ရေ နိဗ္ဗာန်အဝေးကြီးဆိုတဲ့ စကားတွေ ဟာ အလုပ်ပေါ်မှာ မပါလို့ပဲ....(မှန်ပါဘုရား)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ .... (အလုပ်မပါလို့ပါဘုရား) အလုပ်မပါပဲနဲ့ သူ့ဟာသူ ရမ်းပြောနေတဲ့ အခိပ္ပါယ်....(မှန်ပါ ဘုရား)။

ပေတံမပါပဲနဲ့ ဘယ်နှစ်ပေရှိတယ်၊ ဘယ်လောက်ဝေးပါတယ် လို့ ပြောသလိုပေါ့ဗျာ.... (မှန်ပါ) ဟိုနဂိုက တိုင်းထားလို့ ရှိယင် နိဗ္ဗာန်သည်ကားလို့ ဆိုယင် ပေပေါင်း ဘယ်လောက်ဝေးတယ် လို့ ဆိုလို့ရှိယင်ဖြင့် မတိုင်းပဲနဲ့ အဝေးကြီးလို့ ပြောတာနဲ့ တိုင်းပြီးသားပုဂ္ဂိုလ်က ခုနစ်ပေလောက်ပဲ ဝေးတယ်ဆိုတာနဲ့ ဆိုတော့ ခုနစ်ပေသမားက မှုမှန်သွားရမယ်.... (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီလိုပဲ ဒီဝိသုဒ္ဓိခုနစ်ပါးကို ဦးမာဒင်တို့က မှတ်သားရမယ် (မှန်ပါ) ဖြစ်ပျက်မြင်ယင် ငါးခုမြောက် ရထားကို.... (တက်ပါပြီဘုရား) ဖြစ်မုန်းယင်.... (ခြောက်ခုမြောက်ရထား တက်ပါပြီ) ဖြစ်ပျက်ဆုံးသွားပြီ.... (ခုနစ်ခုမြောက်ရထားတက်ပါတယ်ဘုရား) ကဲ ..ဒါဖြင့် သာကေတဆိုတဲ့နိဗ္ဗာန် တခါတည်းဆင်းရုံပဲကျန်တော့တယ်....(မှန်ပါ)။

တကာကြွယ် ဘယ့်နှယ်တုံးဗျာ၊ အနီးအဝေးချိန်တတ်ကြပလား....(ချိန်တတ်ပါပြီဘုရား)။

သြော်... ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ဆိုလို့ရှိယင်ဖြင့် ရထားနဲ့ ရေတွက်ကြည့်တဲ့အခါကျတော့မှ သြော်....လုပ်ကြည့်လို့ရှိယင်ဖြင့် ကိုယ်ရောက်ရာရထား ကိုယ်စီးနိုင်တဲ့ရထား ကိုယ်စီးနေတဲ့ရထားသည် နီးတယ် ဝေးတယ်ဆိုတာ ခုနင်ကပြောတဲ့ ဝိသုဒ္ဓိနဲ့ ဝေဘန်လိုက်တော့မှ ဦးမာဒင်ရေ နီးတာဝေးတာပေါ်လာတယ် (မှန်ပါ)။

နို့မဟုတ်လို့ရှိယင် ပါရမီကို ချလိုချ, ကံကမကောင်းတာကို ချလိုချ, ရောဂါထူလို့ ချလိုချနဲ့ တကာကြွယ် ခင်ဗျားတို့ဆင်ခြေက များလှန်းတယ်....(မှန်ပါဘုရား)။

အခုတော့ ရထားပေါ်တက်မိဘာနဲ့ ဆုံးဖြတ်ချက်ချလိုက်တော့ ဆင်ခြေဝင်စရာ ပါသေးလား....(မပါ-ပါဘုရား)။

အဲ....ဆင်ခြေဆိုတာ ကိလေသာကဝင်တာ....(မှန်ပါ) ဒီလိုအတိုင်းအထွာနဲ့တကွ ခရေစေ့တွင်းကျ မသိသေးလို့ ဆင်ခြေကဝင်တာ....(မှန်ပါဘုရား)။

အခုတော့ အတိုင်းအထွာနဲ့ တကူ တကာသစ်တို့ ဦးမာဒင်တို့ သိရတော့ ဟာ....နီးပြီ၊ ဟာ....နီးပြီဆိုတဲ့ဥစ္စာကို မာမာခန့်ခန့်ကြီး ပြောနိုင်တယ်....(မှန်ပါ့)မပြောနိုင်ဘူးလား.... (ပြောနိုင်ပါတယ် ဘုရား)။

ဖြစ်ပျက်မြင်လို့ ရှိယင် တကာသစ် ဘယ်နှစ်နံပါတ် တက်မိ သလဲ....(၅ နံပါတ်တက်မိပါတယ်ဘုရား) ၅ နံပါတ်တက်မိတယ် ဆိုကတည်းက ၁-၂-၃-၄ ဒါတွေကို ကျုပ်တို့ကျော်လာပြီ.... (မှန်ပါ့) အဲဒီရထားတွေကဆင်းခဲ့ပြီ၊ ၅ ပေါ် ရောက်နေပြီ.... (မှန်ပါ့)။

တခါဖြစ်ပျက်ကို မြင်ရုံတွင်မကဘူးဘုရာ့၊ တပည့်တော်ဖြင့် မုန်းတယ်, ရွံတယ်,ငြီးငွေ့တယ်ဆိုလို့ ရှိယင် ဘယ့်နှယ်ဆိုကြမ လဲ (၆ ပေါ်ရောက်ပါတယ်ဘုရား)။

အင်း....ရထားခုနစ်စင်း စီးပြီးသွားရမည့်ခရီး ၆ နံပါတ်ပေါ် တက်မိလို့ ရှိယင်ဖြင့် နောက်တစင်း စီးမိလို့ ရှိယင်ဖြင့် ရောက် တော့မှာပဲ....(မှန်ပါ့)။

ဦးမာဒင် နောက်တစင်းတက်မိယင်.... (ရောက်တော့မှာပါ ဘုရား)။

အဲဒီတော့ နိဗ္ဗာန်နီးသလား, ဝေးသလားဆိုတာသည် ဘယ် သူ့အပေါ်မှာ မူတယ်ဆိုတာ ရထားခုနစ်စင်းနဲ့ တူတဲ့ အလုပ် ပေါ်မှာမူပါတယ် (မှန်ပါ့ဘုရား)။

တကာကြွယ် ဘယ်ပေါ်မှာမူပါလိမ့်.... (အလုပ်ပေါ်မှာမူပါ တယ်ဘုရား) အလုပ်ပေါ်မှာမူတယ်ဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် ဘုရားဟောထားတယ် “ယဿာ သောဒိသံ ယာနံ ဣတ္ထိယာ ပုရိသဿဝါ၊ တေနယာနေန နိဗ္ဗာနဿေဝ သန္တိကေ....”ဆိုတာ ဒီယာဉ်ဟောတာပဲ.... (မှန်ပါ) ဒါဟာ ယာဉ်ရထားတွေပဲ တကာတကာမတို့....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒီယာဉ်ရထားတွေရှိလို့ စီးနိုင်တဲ့ပုဂ္ဂိုလ်ဟာ စီးနိုင်တဲ့အလုပ်-လုပ်တဲ့ပုဂ္ဂိုလ်ဟာ အနီးကလေးကွတဲ့.... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ....ဒါဖြင့်တကာတကာမတို့စဉ်းစားကြည့်ပါတဲ့၊ ၅-နံပါတ်ဆိုလဲ မဂ္ဂင်ငါးပါး၊ မဂ္ဂင်ငါးပါးနဲ့ပြည့်စုံနေပြီ.... (မှန်ပါ) ဖြစ်ပျက်မြင်တယ်ကိုးဗျ....(မှန်ပါ) ၆-နံပါတ်ဆိုလို့ရှိယင် ဖြစ်ပျက်မှန်းတယ်ဆိုလို့ရှိယင်လဲ မဂ္ဂင်ငါးပါးပဲ.... (မှန်ပါ) ဖြစ်ပျက်အဆုံးမြင်တယ်ဆိုတော့ ရှစ်ပါး....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ပထမယာဉ်၊ ဒုတိယယာဉ်-ငါးခုယာဉ်ကနေပြီး ရှစ်ခုယာဉ်တက်ရတာပဲ .... ( မှန်ပါဘုရား)။

ဒီရှစ်ခုယာဉ်တက်ပြီးလဲ ဒီအပေါ် နေလို့မဖြစ်ပါဘူး တကာကြွယ် ဆင်းရုံပါပဲ.... ( မှန်ပါ ) ဆင်းယင် သာကေတနဲ့တူတဲ့ တကာသစ် နိဗ္ဗာန်ပဲ....(မှန်ပါဘုရား)။

ဒါဖြင့် ဒီယာဉ်ပေါ် စီးနေတဲ့ပုဂ္ဂိုလ်က ယာဉ်ရထားတွေပေါ်စီးနေတဲ့ပုဂ္ဂိုလ်က ဝေးလေရော့လား- နီးလေရော့လား-

ဒို့ဖြင့် မေ၁င်းလာတာကြာလှပြီလို့ ဒီအခိပ္ပါယ်မရဘူး (မှန်ပါဘုရား)။

ဒြော်-ဒီရထားပေါ်က ဆင်းလိုက်ယင် ဒုတိယရထားတက်မိပြီဆိုတာ ကိုယ်တိုင်ဆုံးဖြတ်ချက်ချ....(မှန်ပါ) ဒုတိယရထားက ဆင်းပြီးတတိယရထားတက်မိပြီ ဆိုတာကော .... (ကိုယ်တိုင်ဆုံးဖြတ်ချက်ချရပါမယ်ဘုရား)။

တတိယဆင်းပြီး စတုတ္ထတက်မိပြီဆိုတာကော .... (ကိုယ်တိုင်ဆုံးဖြတ်ချက်ချရပါမယ်)စတုတ္ထကဆင်းပြီး ပဉ္စမတက်မိပြီဆိုတာကော....(ကိုယ်တိုင်ဆုံးဖြတ်ချက်ချရပါမယ်) ကိုယ်တိုင်ဆုံးဖြတ်ချက်ချတော့ နီးပလား- တကာတကာမတို့လို့ မေးယင်ဘယ့်နှယ်ဖြေမလဲ....(နီးပါပြီဘုရား)။

နီးပြီတဲ့ ရှေ့ရထားဘယ်နှစ်စင်းသာ ရှိရတော့မတုံး.... (နှစ်စင်းသာရှိရပါတော့မယ်) နှစ်စင်းကျန်တော့တယ် .... (မှန်ပါဘုရား)။

ဟာ....ဒါဖြင့် ကြိုးစားလိုက်- ကြိုးစားလိုက်ဆိုပြီး သကာလ တကာတကာမတို့ မုန်းအောင်ရှုလိုက်စမ်းပါလို့ ဖြစ်ပျက်မြင်ရုံနဲ့ မပြီးသေးလို့ ဖြစ်ပျက်မုန်းသည်တိုင်အောင်တကာသစ် ကြိုးစားလိုက်စမ်းပါဆိုတော့ ဘယ်ပေါ်ရောက်သွားသတုံး....(၆ နံပါတ်ပေါ် ရောက်သွားပါတယ်ဘုရား)။

ဟာ....ခင်ဗျားတို့ ၆-နံပါတ်ပေါ် ရောက်သွားယင် မုန်းနေပြီ မုန်းတဲ့ပုဂ္ဂိုလ်ဟာ မလိုချင်တာ နီးပလား- မနီးသေးဘူးလား.... (နီးပါပြီ) ဖြစ်ပျက်မုန်းတဲ့ပုဂ္ဂိုလ်ဟာဖြစ်ပျက်မလိုချင်ဖို့ ဦးမာဒင်

အနီးကလေးပါ...(မှန်ပါ့) တကာကြွယ် ဘယ့်နှယ်တုံး....(နီးပါတယ်ဘုရား)။

မုန်းတဲ့ပုဂ္ဂိုလ်ဟာ မလိုချင်ပါဘူး ဆိုတော့ ဒီခင်ပွန်းမနဲ့ ပေါင်းနေတာအကျင့်ကလဲတန်၊အရုပ်ကလဲဆိုး၊ဝေယျာဝစ္စကလဲ မပြုတတ် မုန်းနေတာကြာတော့ကို သူနဲ့ကွာဖို့ ရှင်းဖို့ရာ အရေးဟာ ဝေးသေးသလားမေးယင် ဘယ့်နှယ်ပြောကြမလဲ.... (မဝေးပါ)သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ကွာဖို့ ရှင်းဖို့ရာအရေးဟာ .... ( အနီးကလေးပါ )အနီးကလေးပါပဲတဲ့၊ အခု အကြောင်းတခုပေါ်လာယင် ကွာမည်-ရှင်းမည်ဆိုတဲ့ စကားသည် တကာတကာမတို့ မြန်မြန်ကြီးထွက်မည့်စကား....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီမှာလဲမုန်းလာလို့ရှိယင် မလိုချင်ဆိုတဲ့ဥစ္စာ ဖြစ်ပျက်မုန်းလို့ရှိယင် ဖြစ်ပျက်မလိုချင်ဆိုတဲ့ မဂ်ဉာဏ်ဟာ ခဏကလေးလာတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တစ္ဆေ့ခုန်ပဲကျန်တော့တယ်(မှန်ပါ့)တကာသစ်ဘယ့်နှယ်ဆိုပါ့မလဲ....(တစ္ဆေ့ခုန်ပဲ ကျန်ပါတော့တယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ တစ္ဆေ့ခုန်ဖြင့် ကဲ-မုန်းတာပေရှုနေလိုက်လို့ရှိယင်မလိုချင်တဲ့ ဉာဏ်တက်မိတော့ခုနစ်နံပါတ်ရထားပေါ်မရောက်ဘူးလား.... (ရောက်ပါတယ်) ဖျတ်ဆိုခုနစ်ဆိုတော့ သောတာပတ္တိမဂ်ဉာဏ် ပေါ်လာပြီး သောတာပတ္တိဖိုလ် ရောက်သွားတော့ ဆင်းတာပဲ... (မှန်ပါ့) ဆင်းယင် နိဗ္ဗာန်ရောက်တာပဲ... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်နီးသလား- ဝေးသလား (နီးပါတယ်ဘုရား) ကိုယ်တော့ဖြင့် ဘယ်ရထားပေါ် ရောက်ပြီဆိုတာတော့ ကိုယ့်ဟာကိုယ် စစ်ဆေးကြ....(မှန်ပါ့)ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ကိုင်း....ယနေ့ ဒီတွင်တော်ကြပါဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မမှာရှိ၍- ဟောကြားဆုံးမတော်မူသော

( သာသနာတော်၏ အနှစ်သာရရှာပုံ )

# နေ့အလုပ်ပေး-တရားတော်

( ၂၁-၉-၆၁ )

တရားနာလာကြတဲ့ တကာတကာမတွေ အနှစ်ရှာတဲ့တရားကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောရှာတယ်.... ( မှန်ပါ ) သာသနာတော်မှာ အနှစ်ဘယ်ဟာတုံးဆိုတဲ့ဥစ္စာ သူမေးမယ်တဲ့၊ တကာတကာမတို့ သာသနာတော်မှာ အနှစ်သာရအရှိဆုံးဟာ ဘယ်ဟာတုံးဆိုတဲ့ဥစ္စာကို သူမေးပြမယ်နော်.... (မှန်ပါဘုရား)။

အနှစ်သာရ မရောက်ပဲနဲ့လဲ တင်းတိမ်ပြီး မနေကြပါနဲ့ ဆိုတာကို မတိုက်တွန်းသော်လဲ တိုက်တွန်းဘိသကဲ့သို့ အနှစ်သာရ ရှာကြပါဆိုတဲ့ဥစ္စာကို သေသေချာချာ တကာကြွယ် ဟောခဲ့ တယ်နော်....(မှန်ပါဘုရား)။

ဥပမာ လူတယောက်ဟာ တောထဲမှာသစ်ပင် တပင်ရှိတယ်၊ ခားမကြီးကိုင်ပြီး သစ်ပင်ရှိရာသူသွားတယ်-(မှန်ပါ) ကိုယ့်အိမ်က ရည်ရွယ်ချက်က လှည်းတို့ဘာတို့လုပ်တဲ့ အခါကျလို့ ရှိယင် ဝင်ရိုး လုပ်ဖို့ဆိုပြီးသကာလ အနှစ်အရှာသွားတယ်နော်.... ( မှန်ပါ ဘုရား)။

ထိုကဲ့သို့ အနှစ်အရှာသွားတဲ့အခါ တောထဲမှာ ဓားမကြီးနဲ့ သွားတော့ သစ်ပင်တပင်လှဲ၊ လှဲပြီးသကာလ သူက အနှစ်ရယ်၊ အသားရယ်၊ အကာရယ်၊ အပွေးရယ်၊ အခက်ရယ် နားမလည်တော့ ဩော်....ဒီအကိုင်းအခက်အလက်တွေလဲ လှည်းဝင်ရိုးလုပ် လှည်းဘီးလုပ်၊ ထမ်းပိုးလုပ်ရလို့ ရှိယင် ဖြစ်မှာပဲလို့ ထင်လိုက်လို့ သူခုတ်ယူသွားလို့ရှိယင်ဖြင့် နဂိုက အနှစ်နားလည်တဲ့ပုဂ္ဂိုလ်က တော့ဖြင့် တကာကြွယ်ရေ- သူခုတ်သွားတာမှားပြီ.... (မှန်ပါ ဘုရား)။

ဘယ့်နှယ် တောထဲ အနှစ်သာရရှာပြီးသကာလ ခိုင်ခံ့ဖို့ အလုပ်ကြီးလာရှာတဲ့ဥစ္စာ မခိုင်ခံ့တဲ့ အခက်တွေခုတ်ပြီး လှည်းဝင်ရိုးလုပ်လို့ရှိယင် တနေရာမှာ သူဒုက္ခဖြစ်ရှာတော့မယ်လို့ အနှစ်သိတဲ့ပုဂ္ဂိုလ်ကတော့ တွေးမှာပဲ.... ( တွေးမှာပါဘုရား ) မတွေးပေဘူးလား....(တွေးပါတယ်ဘုရား)။

ဒီလိုပုဂ္ဂိုလ်ရှိသေးတာပဲ.... (မှန်ပါ) အနှစ်ရှာတာ အကိုင်းအခက်ထမ်းတင်သွားတယ်....(မှန်ပါဘုရား)။

အနှစ်ရှာတာ အကိုင်းအခက် ထမ်းတင်သွားတော့ သိသော ပုဂ္ဂိုလ်ကတော့ပြုံးမှာပဲ.... ( ပြုံးမှာပါ ) မပြုံးပေဘူးလား.... (ပြုံးပါတယ်ဘုရား)။

ဩော်....ဒီဟာတွေဟာ အနှစ်သာရမှမဟုတ်ပဲ၊ သူသည်ကား လို့ဆိုယင်သူ့ရည်ရွယ်ချက်ကလှည်းဝင်ရိုးလုပ်ဖို့ဆိုယင် ဝန်ထမ်းဘက်ကကျတယ်.... ( မှန်ပါ ) လှည်းဘီးလုပ်ဖို့ဆိုလို့ ရှိယင်လဲ ဝန်ထမ်းဖို့ဘက်ကပဲ.... ( မှန်ပါ ) ထမ်းပိုးလုပ်ဖို့ဆိုလို့ရှိယင်လဲ

နွားနှစ်ကောင်ရုန်းတဲ့အခါ မကျိုးအောင် မပျက်အောင်အရေး ကြီးတဲ့ဘက်ကပဲ သူ့အလိုရှိတာပဲ....(မှန်ပါ့ဘုရား)။

သို့သော် သူ အကိုင်းထမ်းပြန်ပြီး အနှစ်ထင်ပြီး သကာလ အနှစ်နားမလည်တော့ ဒီအကိုင်းလဲ ဝန်ရိုးနဲ့အတော်ပဲ၊ ဝင်ရိုး လုပ်လဲရတာပဲ၊ ထမ်းပိုးလုပ်လဲ ရတာပဲဆိုပြီး ပြန်သွားလို့ရှိယင် တကာကြွယ် ဘေးကပုဂ္ဂိုလ်က အနှစ်နားမလည်ဘူးလို့ သူ့ကို ပြောရမယ်....(ပြောရပါမယ်) တနေရာရာမှာ သူ ဒုက္ခရောက် တော့မှာပဲဆိုတဲ့တွေးလုံးလဲ သိသောပုဂ္ဂိုလ်မှာ မလာပေဘူးလား (လာပါတယ်ဘုရား)။

ဒါဘယ့်နှယ်ကြောင့် ဒီပုဂ္ဂိုလ်သည်ကားလို့ဆိုယင် တောထဲ သွားပြီးရှာဌြားသော်လဲ အကိုင်းထမ်း ပြန်သွားပါလိမ့်မလဲလို့ မေးတဲ့အခါ အနှစ်နားမလည်လို့....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြပါ့မယ်.... (အနှစ်နားမလည်လို့ပါ) အနှစ် နားမလည်တော့ တကာတကာမတို့ ကိုယ်ထင်ရာ ကိုယ်တခါ တည်း ပွတဲ့အသားကြီးကိုပဲ အနှစ်ပဲ ဝင်ရိုးနဲ့ အတော်ပဲဆိုပြီး ထမ်းပြန်သွားမယ်ဆိုယင်ဖြင့် ဦးမာဒင်တို့လူစု ဘေးကအနှစ် နားလည်တဲ့ပုဂ္ဂိုလ်က ဒုက္ခရောက်ရှာတော့မှာပဲ တွေးမယ်...., (မှန်ပါ့) မတွေးပေဘူးလား....(တွေးပါတယ်ဘုရား)။

ဘာ့ကြောင့်တုံး....လို့ မေးတဲ့အခါကျတော့ တကာကြွယ်က မှတ်လိုက်၊ တကာသင်တို့ ဦးမာဒင်တို့က မှတ်လိုက် ဩော်.... သူ့အဖြစ်သည် သစ်ပင်မှာ အကိုင်းရယ်၊ အသားရယ်၊ အနှစ်ရယ်၊ အခွံရယ်၊ အပွေးရယ် နားမလည်ဘူး....(မှန်ပါ့) အကိုင်းအခက်

ထမ်းပြီး ပြန်သွားလို့ ရှိယင်လဲ ဒီပုဂ္ဂိုလ်ဟာ အနှစ်နားမလည်လို့ သူအလိုရှိတဲ့ အနှစ်ကို သူ သစ်ပင်မှာကြည့်ပြီး နားမလည်တဲ့ အတွက် အကိုင်းအခက်ထမ်းပြီးသကာလ လှည်းဝင်ရိုးလုပ်တယ် ဆိုလို့ ရှိယင်ဖြင့် သိတဲ့ကြားတဲ့ ပုဂ္ဂိုလ်များက ပြုံးကြမှာပဲ.... (ပြုံးမှာပါဘုရား)။

တနေရာမှာဖြင့် ဒုက္ခရောက်တော့မှာပဲဆိုတာ တကာတကာမ တွေပဲ စဉ်းစားကြည့်ပါ တွေးလုံးပေါ်ကြမှာပဲ.... ( မှန်ပါ့ ) မပေါ်ပေဘူးလား....(ပေါ်မှာပါဘုရား)။

ဒီပုဂ္ဂိုလ်က တယောက်နော်.... ( မှန်ပါ့ ) တယောက်သော ပုဂ္ဂိုလ်ကလဲ....တဲ့ ဒီလိုပဲ လှည်းဝင်ရိုးတို့ ထမ်းပိုးတို့ လုပ်ချင်လို့ တောထဲသွားပြီး ရှာလိုက်ပြန်တယ်....၊ သစ်ပင်က ကြီးတာနဲ့ အပွေးကိုပင် ထမ်းပြန်သွားမယ်ဆိုယင်လဲ ဩော်....အနှစ် နား မလည်လို့ အပွေးကို တကာတကာမတို့ လှည်းဝင်ရိုး လှည်းထမ်း ပိုးလုပ်မယ်ဆို ဖြစ်နိုင်ပါ့မလား.... (မဖြစ်နိုင်ပါဘုရား) ဘယ် လောက်ပဲကြီးကြီး ဒီအပွေးဟာ....(မဖြစ်နိုင်ပါဘုရား)။

မဖြစ်နိုင်တာကို သူ့စိတ်ထဲ အနှစ်နားမလည်လို့ ဒါ....ထမ်း ပြန်သွားပြန်လဲ ဦးမာဒင်တို့ တကာသစ်တို့ ပြုံးရမှာပဲ....(ပြုံးရ မှာပါဘုရား) သိသောပုဂ္ဂိုလ်က မပြုံးရပေဘူးလား....(ပြုံးရပါ တယ်ဘုရား)။

ဘာ့ကြောင့် ပြုံးရပါလိမ့်မလဲလို့ အမေးထုတ်တော့ အနှစ် နားမလည်ရှာဘူး.... (မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီ ဘုရား)။

ကဲ....ဒါဖြင့် နှစ်ယောက်ရှိသွားပြီနော်....(မှန်ပါ့) ၁-နံပါတ်က အကိုင်းထမ်းပြန်တယ်၊ ၂-နံပါတ်က အပွေးထမ်းပြန်သွားတယ်....(မှန်ပါ့)။

၃-နံပါတ်ပုဂ္ဂိုလ်ကတော့ တကာကြွယ့်ရေ၊ တောထဲသွားပြီး လှည်းဝင်ရိုးလုပ်ဖို့ သွားရှာပြန်တော့လဲ သစ်ပင်က အခွံအကာတွေထမ်းပြီး ဒါတွေလဲ အတုတ်ကြီးတွေပဲ ရတာပဲဆိုပြီး ပြန်သွားလို့ရှိယင် ဦးမာဒင် ဒီပုဂ္ဂိုလ်ကိုလဲ အနှစ်နားလည်တဲ့ပုဂ္ဂိုလ်က ပြုံးရမှာပဲ....( ပြုံးရမှာပါဘုရား ) မပြုံးရပေဘူးလား....(ပြုံးရမှာပါဘုရား)။

ဘာ့ကြောင့်တုံးဗျာ....(အနှစ်နားမလည်လို့ပါဘုရား) အနှစ်နားမလည်တော့ လိုရာကိစ္စပြီးပါ့မလား.... ( မပြီးပါဘုရား ) ဘကာကြွယ် ရိပ်မိပြီ....(ရိပ်မိပါပြီ)။

တယောက်သော ပုဂ္ဂိုလ်က ဒီလိုပဲ အသားတွေကို ခုတ်ပြီး ထမ်းပြီးလှည်းဝင်ရိုးထမ်းပိုးလုပ်ဖို့လာပြန်ပါတယ်၊ ဒီပုဂ္ဂိုလ်ကလဲ သစ်ပင်၏အသားတွေ့ အနှစ်ချန်ပြီးသကာလ သစ်ပင်ကြီးခုတ်ပြီး အသားတွေထမ်းပြန်သွားပြန်လို့ရှိယင်လဲ အနှစ်ရှာလာတဲ့ပုဂ္ဂိုလ် လှည်းဝင်ရိုးလုပ်ဖို့ ခိုင်မာတာရှာဘာ အနှစ်နားမလည်တဲ့အတွက် အသားတွေ ထမ်းပြန်သွားလို့ရှိယင်လဲ သိကြား့ လိမ္မာတဲ့ ပုဂ္ဂိုလ်ကဖြင့် ဦးမာဒင် ပြုံးမှာပဲ....(ပြုံးမှာပါဘုရား)။

ဩော်....တနေရာမှာဖြင့် ဒုက္ခဖြစ်တော့မှာပဲ....(မှန်ပါ့)မဆိုနိုင်ကြဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) အင်း....ဘာနားမလည်လို့ပါလိမ့်....(အနှစ်နားမလည်လို့ပါဘုရား)။

အနှစ်နားမလည်တဲ့အတွက်ပေမယ့် တကာကြွယ်တို့-ဦးမာဒင်တို့ တယ်အရေပ်ဆိုးပါလား.... ( ဆိုးပါတယ်ဘုရား ) ဒါတွေကိုသာ လူညီးဝင်ရိုးလုပ်မယ်ဆိုလို့ရှိယင် တနေရာရာမှာ ကျိုးရတော့ မယ်....(ကျိုးရမှာပါဘုရား)ကျိုးယင် ဒီလူညီးသမား ဒုက္ခဖြစ် တော့မယ်.... (ဒုက္ခဖြစ်မှာပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

တယောက်သောပုဂ္ဂိုလ်ကတော့ဖြင့် ဒီလိုပဲခေါ်မကြီးထမ်းပြီး တောထဲ သစ်ပင်ကြီးလှဲတဲ့ပြီး သကာလ အကိုင်းတွေလဲမယူ့ အပေးတွေလဲမယူ့ အကာတွေလဲမယူ့ အသားလဲ မယူ့အနှစ် ထမ်းပြန်သွားလို့ရှိယင်ဖြင့် သိကြား့လိမ္မာတဲ့ ပုဂ္ဂိုလ်ကတော့ ဩော်....သူကတော့နားလည်ရှာတယ်....( မှန်ပါ ) သူလိုချင်တဲ့ ရေးဖြင့် အပြီးတိုင်ရောက်တော့မှာပဲဆိုပြီးသကာလ မပြုံးပဲနဲ့ သူ့အတွက်တော့ ဝမ်းသာတယ်....(မှန်ပါ) သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် ဘယ်နှစ်ယောက်ပါလိမ့်.... (ငါးယောက်ပါဘုရား) ငါးယောက်ရှိသွားပြီဦးမာဒင်-ရေ.... (မှန်ပါဘုရား) တကာသင် ဘယ်နှစ်ယောက်တုံး....(ငါးယောက်ပါဘုရား)။

ထို့အတူပဲ....တဲ့၊ သာသနာတွင်း ကြုံကြတဲ့ တကာတကာ မတွေမှာလဲ သာသနာတွင်း၏ အနှစ်ကိုမသိပဲနဲ့ အကိုင်းထမ်း ပြန်သွားမယ်ဆိုလဲ ပြုံးစရာ.... (မှန်ပါ) အပွေးနဲ့တူတာ ထမ်း ပြန်သွားမယ်ဆိုရင်....(ပြုံးရမှာပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အကာနဲ့တူတာ သာသနာတွင်းမှာ ယူသွားမယ်ဆိုယင်ကော (ပြုံးရမှာပါဘုရား) ပြုံးရမှာပဲ၊ အနှစ်က မဟုတ်ပဲကိုး.... (မှန်ပါ)· အသားထမ်းပြန်သွားလဲ ပြုံးရမှာပဲ....(မှန်ပါဘုရား) ဘာ့ကြောင့်ပါလိမ့်မတုံးမေးတော့ အနှစ်နားမလည်လို့ -(မှန်ပါ ဘုရား) ဒါဖြင့် အနှစ်ယူသွားမှပဲ လိုရာကိစ္စပြီးမယ် ... (မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော်.... ဒါ့ကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ကြီးက မူလပဏ္ဏာသပါဠိတော်မှာ သာရေပမသုတ်- အနှစ်ကို ငါရှာပြမည့်သုတ်ပဲ၊ မင်းတို့ ဂရုစိုက်ပြီးနားထောင်....(မှန်လှပါ ဘုရား)သာသနာတော်မှာ အနှစ်ဆိုတဲ့ဥစ္စာ ငါ-သေသေချာချာ ရှင်းပြမယ်....တဲ့....(မှန်ပါ)။

ဒါဖြင့် တကာကြွယ်ရေ.... ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကိုက မပျက်စီးနိုင်တဲ့အနှစ်ကို ရှာမှသာလျှင် သူသည်ကားလို့ ဆိုယင် ဝမ်းမြောက်တော်မူလိမ့်မယ်ဆိုဘာ တကာသပ် ငြင်းဖို့ လိုသေးသလား....(မလိုပါဘုရား)။

အေး....ဒါ့ကြောင့် တကာတကာမတို့ ဒီနေ့တရားသည်ကား လို့ဆိုယင် ဘာတရားတုံးဆိုယင် သာသနာတော်၏ အနှစ်ရှာမည့် ဘုရား....(မှန်ပါဘုရား) ဆိုထိုက်ကြရဲ့လား.... (ဆိုထိုက်ပါဘယ် ဘုရား)။

ဘာရှာကြမှာတုံး.... (သာသနာတော်၏အနှစ်ရှာကြဘာပါ ဘုရား)သာသနာတော်ထဲမှာလဲ အနှစ်တွေ့အကာတွေ့ အမျိုး မျိုး အဖုံဖုံရှိတယ်ကွာဆိုပြီးသကာလ တကာတကာမတို့ ဒီအထဲ

မှာ တရားနာတဲ့လူတွေလဲ မနည်းပါဘူး.... (မနည်းပါဘုရား) မနည်းတဲ့အထဲမှာလဲ ဒီနေ့ဟောတဲ့တရား ဂရုစိုက်နားထောင်ပါ- (မှန်ပါ)။

ဩော်....ငါသည်ကားလို့ဆိုယင်ဖြင့် အနှစ်ရှာတာ ·အကိုင်းများထမ်းမိလေရော့လား....၊ အပွေးများထမ်းမိလေရော့လား၊ အကာအနှ ံတွေပဲ ထမ်းမိလေရော့လား.... (မှန်ပါ) သဘောကျပလား....(ကျပါပြီ) အသားပဲ ထမ်းမိလေရော့လား၊ အနှစ်ပဲ ထမ်းမိလေရော့လားဆိုတာ ကိုယ့်ဟာကိုယ်တွေးကြ.... (မှန်ပါဘုရား)။

ဦးမာဒင် ချိန်ရတော့မယ်....(မှန်ပါ) မချိန်ရပေဘူးလား.... (ချိန်ရပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် သစ်ပင်တပင်လို့ မဆိုနဲ့တော့ ဘုန်းကြီးတို့တရားပွဲမှာ ဘုန်းကြီးတို့ တကာတကာမတွေပဲ အနှစ်မရောက်သေးလို့ရှိယင် ငါနေရာမကျသေးဘူးဆိုတဲ့ဥစ္စာ အနှစ်ရောက်ဖို့ရာ့လိုက်ဖို့ရာအကြောင်းကို ဘုန်းကြီးများကလဲ တိုက်တွန်းတယ်....(မှန်လှပါဘုရား)။

အခု တချို့ တရားနာပြီးသကာလ နေကြတယ်၊ တရားနာယင် သိတော့ သိတာပဲ၊အခုလိုသိပြီးသကာလ အင်း.... ဘေးကင်းရန်ကင်းအန္တရာယ်ကင်းတရားက ဟောမှာပါပဲဆိုပြီးသကာလ လောကကလဲလူရှိသေ့ရှင်ရှိသေးလဲရှိသေးတယ် ဘေးကင်းရန်ကင်းအန္တရာယ်ကင်းလဲရှိသေးတယ်၊ စီးပွားရေးလဲအကြောင်းညီညွတ်နိုင်တယ်လို့ဆိုပြီးသကာလ တရားကို ဒီလိုနာကြပြန်လို့

ရှိယင်လဲ တကာတကာမတို့ မှတ်ထားစမ်းပါ အကိုင်းထမ်းပြန်တာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဘုန်းကြီးပြောလိုတဲ့အဓိပ္ပာယ် တကာတကာမတွေ ကုသိုလ်ဖြစ်နာနေတာတော့ မကောင်းပါဘူး....(မှန်ပါ့) ဘာပါလိမ့်....(ကုသိုလ်ဖြစ်နာတာမကောင်းပါဘုရား)။

အံမာလေး.... တကာတကာမတွေ တချို့က ဒါလောက်ကလေး တင်းတိမ်နေတယ်.... (မှန်ပါ့) ပစ္စုပ္ပန်မှာ အန္တရာယ်ကင်းလို့ စီးပွား ဥစ္စာရတနာတွေဖြောင့်လို့ အင်း .... ဒါလောက်ဆိုလို့ ရှိယင်ပဲ တရားကျေးဇူးဟာ အတော်ခံစားရတယ်ဆိုပြီးသကာလ ဒါလောက်ကလေး ကုသိုလ်ကလေးကို အလိုရှိပြီးနာကြမယ်ဆိုလို့ ရှိယင်ဖြင့် ဘုရားက တကာကြွယ်ရေ- အနုစ်ရှာတဲ့ပုဂ္ဂိုလ် တောထဲလာပြီး အကိုင်းထမ်းပြန်သွားတဲ့ ပုဂ္ဂိုလ်နဲ့ တူလိုက်တာ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အကိုင်းထမ်းပြန်လို့ဖြင့် တော်ပါ့မလား (မတော်ပါဘုရား)။

ဒါဖြင့် ဘာလုပ်ကြမတုံး တကာတကာမတို့.... (အနှစ်ထမ်းရပါမယ်ဘုရား) ဟာ....သိပ်လဲမကြွားနဲ့နော်.... (မှန်ပါ့) သိပ်လဲ မကြွားနဲ့၊ကိုယ့်အရည်အချင်းကိုလဲကိုယ်သိ၊မသိသေးတဲ့ပုဂ္ဂိုလ်က အခုပြောတဲ့အတိုင်း အကိုင်းထမ်းပြီးမပြန်ပါနဲ့ ဆိုတာ ပြင်လုံးကို စောစောစီးစီးကတည်းက ဆရာဘုန်းကြီးက သတိပေးထားတယ် (မှန်ပါ့)ပြင်ကြရမယ်....(မှန်ပါ့)။

အင်း....တချို့နာတာက ဦးလှဘူး ရှိသေးတယ်.... (မှန်ပါ့) တရားနာယင်လဲ ကုသိုလ်လဲဖြစ်တယ်, အန္တရာယ်လဲ ကင်းတယ်, ဘေးလဲကင်းတယ်....(မှန်ပါ့)။

မြတ်စွာဘုရားတရားဘော်ကို ကောင်းရာထောင်တာပဲ....၊ သုဂတိတော့ ဘယ်နည်းနဲ့မှမရောက်ပဲမရှိဘူး ဆိုတော့ သုဂတိကျပြန်တော့လဲ အိုပွဲ့သေပွဲ့ဆင်ရဘာပဲ.... (မှန်ပါ) အနှစ်မဟုတ်တော့ ကျိုးမယ်....(ကျိုးပါတယ်ဘုရား)အကိုင်းကိုးဗျ.... (မှန်ပါ ဘုရား)။

အဲဒါလောက်နဲ့လဲ ရည်မှန်းပြီးသကာလ တရားကိုမနာကြပါနဲ့ဆိုတာကိုလဲ စောစောစီးစီး သတိပေးရတယ်.... (မှန်ပါ) ဦးမာဒင် ပေးထိုက်မပေးထိုက်.... (ပေးထိုက်ပါတယ်ဘုရား)။

နတ်ရွာသုဂတိဆိုတဲ့ဥစ္စာ ခင်ဗျားတို့ တရားနာတာ မရောက်ဘူးလို့ ဆရာဘုန်းကြီးက မဟောပါဘူး....(မှန်ပါ) ရောက်မှာပါပဲ သေချာပါတယ်....(မှန်ပါ)။

သို့သော် ဒါဟာ အကာလောက် အကိုင်းအခက်လောက်ဖြစ်နေတော့ ဒါတင်းတိမ်နေလို့ နတ်ရွာသုဂတိကျတော့ အိုမှု နာမှု သေမှု ပူမှု ဆွေးမှုတွေ ကင်းရဲ့လားလို့ ဦးမာဒင်မေးယင်ဘယ့်နှယ်ဖြေမလဲ.... (မကင်းပါဘုရား)ကျိုးပြန်ပြီ.... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒါလောက်ကလေးနဲ့ ရည်မှန်း၍ တကာတကာမတို့ ကောင်းသော အနှစ်သာရပေးချင်တဲ့ဘုရား, ကောင်းသောအနှစ်သာရကို ပြည့်စေချင်တဲ့ ဆရာသမားဖြစ်လေတော့ ဒါလောက်ကလေးကိုဖြင့် မှန်းထားချက် အောက်မကျပါနဲ့.... (မှန်ပါ) ဦးမာဒင် မှာထိုက်မမှာထိုက် (မှာထိုက်ပါတယ်ဘုရား) မှာထိုက်တယ်ဆိုတာ သေချာကြပလား....(သေချာပါပြီ)သာသနာတွင်း

ကိုးဗျ.... (မှန်ပါ့) သာသနာတွင်း အနှစ်ရယင် ကောင်းတယ်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ကဲ....ဒါဖြင့် ကုသိုလ်ရရုံ ကိုယ့်မှာအန္တရာယ်ကင်း ဘေးရှင်းရုံ နတ်ရွာသုဂတိရောက်ရုံဖြင့် တကာကြွယ်ရေ.... မနာနဲ့နော်.... (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ အကိုင်းအခက်ထမ်းပြန်တဲ့ ပုဂ္ဂိုလ်နဲ့ ဘူနေတော့ တကာယ်လှည်းဝင်ရိုး လုပ်လိုက်တဲ့အခါ တကာယ့် ချက်ကောင်းကျတော့ကျိုးတာပဲ (ကျိုးပါတယ်) မကျိုးပေဘူး လား....(ကျိုးပါတယ်ဘုရား) အဲဒီတော့ ကိုယ့်မှန်းခြေ ကိုက်ကဲ့ သလား....(မကိုက်ပါဘုရား)။

ဩော်.... နတ်ပြည်ရောက်ကောင်းတယ်လို့ ပြောကြတာ၊ ဒီ- အသားကြီး ထမ်းလာတာကောင်းတယ်လို့ ပြောကြတာ အခု နည်းနည်းပဲ ဝန်တင်ကာရှိသေး ကျိုးပါပေါ့လား.... (မှန်ပါ့) ဦးမာဒင်တို့ ဆိုနိုင့်မဆိုနိုင်....(ဆိုနိုင်ပါတယ်ဘုရား)။

နို့-ရှေးကနာကြတာတော့ တကာသစ်တို့ဦးမာဒင်တို့ တွေး ပါဦး ဒါလောက်မရည်ရွယ်ဘူး....(မှန်ပါ့) ဘယ့်နှယ်ထင်သတုံး ဘကာကြွယ်....(ဒါလောက်မရည်ရွယ်ပါ) ဒါဖြင့် ဘာထမ်းပြန် သတုံး....(အကိုင်းအခက်ထမ်းပြန်သွားပါတယ်ဘုရား)။

ဟာ....ဦးမာဒင် သိပ်နာလွန်းအားကြီးပြီ....(မှန်ပါ့)မနာဘူး လား....(နာပါတယ်ဘုရား)။

သာသနာတွင်းမှာ သာသနာတွင်းအနှစ် သူထမ်းပြန်သွား ချတဲ့ ပုဂ္ဂိုလ်မဟုတ်တော့ ဦးလှဘူးရေ-နာသဗျာ....(မှန်ပါ့)၊

ဒါ ဒီတရားမျိုးကိုလဲ မနာဘူးတော့ကို အို.... ကျုပ်တို့ ကုသိုလ်လဲဖြစ်တယ်၊ ပစ္စုပ္ပန်အန္တရာယ်လဲကင်းလို့ သေသည်၏ အခြားမဲ့၌ နတ်ရွာသုဂတိလဲ ရောက်နိုင်တယ်ဆိုတာ ကျုပ်တို့ ယုံယုံကြည်ကြည်နဲ့ နာပြီးသကာလနေတော့ အကျိုးမယုတ်ပါ ဘူးဆိုပြီးသကာလ တကာတကာမတို့ ဒီလိုနာတာဟာ အကောင်း နဲ့ စာတော့ ညံ့တယ်ပြောရတယ်....(မှန်ပါ့)။

အကောင်းနဲ့ စာတော့.... (ညံ့တယ် ပြောရပါတယ်ဘုရား) ပြောကော မပြောထိုက်ဘူးလား.... (ပြောထိုက်ပါတယ်ဘုရား)။

ဒါလောက်ဆိုတော့ နတ်ပြည်ကျတော့ ခုနင်ကအကိုင်းအခက် ထမ်းသွားတဲ့ပုဂ္ဂိုလ်သည် တကယ်ဝန်တင်ပြီးသကာလ လှည်းထဲ ထည့်လိုက်တဲ့အခါ ဦးမာဒင် ဘာဖြစ်မယ်ထင်သတုံး- (ကျိုးမှာ ပါဘုရား)။

လိုရာကိစ္စ အပြီးအပိုင် ရောက်ပါရဲ့လား.... ( မရောက်ပါ ဘုရား) ဘာ့ကြောင့်တုံး....(အနှစ်သာရမဟုတ်လို့ပါ)သဘော ကျပလား....(ကျပါပြီ)။

အဲဒါကြောင့် နတ်ရွာသုဂတိ ကလေးလောက် ပစ္စုပ္ပန် အန္တရာယ်ကင်းလိုမှုကလေးကြောင့် မကင်းဘူးဆိုလို့ဘုန်းကြီးက ကင်းတယ်လို့ ပြောတယ်....(မှန်ပါ့) ကျန်းမာမယ်, ချမ်းသာမယ် ဆိုတာ ဟုတ်ပါတယ်ဒီတရား.... (မှန်ပါ့)။

တကာတကာမတို့ နတ်ရွာသုဂတိရောက်မယ်ဆိုတာလဲ ဟုတ် ပါတယ်....(မှန်ပါ့) မငြင်းပါဘူး....၊ သို့သော်.... အကိုင်းထမ်း ပြန်သွားသလို ပုဂ္ဂိုလ်ထဲက အပါအဝင်ဖြစ်နေတော့ လိုရာကိစ္စကို

အပြီးအပိုင် မခိုင်မြဲတာကြီးကို သူတို့အရယူသွားတဲ့ အခိပ္ပာယ် ရနေတယ်....(ရပါတယ်) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခိုင်မြဲတာမှ တကာကြွယ်ရေ...(မှန်ပါ့) ရှေးက ဒီလို ဟာတွေ လုပ်ခဲ့လို့ ခန္ဓာပေါင်း ဘယ်လောက် စွန့်ခဲ့ရပြီတုံးမေး ယင် ဘယ့်နှယ်ဖြေပါ့မလဲ.... (မရေတွက်နိုင်ပါဘုရား) ဦးမာဒင် ကျိုးခဲ့ပေါက်ခဲ့တာတွေ ဘယ်လောက်များပြီတုံး.... (များပါပြီ ဘုရား) သေခဲ့ကြေခဲ့တာတွေကော....(များပါပြီဘုရား)။

အဲဒါ သာမည်နဲ့ တရားနာတော့ သာမညကုသိုလ်တွေ လုပ် ပြီးသကာလ လာခဲ့တဲ့အတွက် အင်း....သေပွဲချည့် ငိုပွဲချည့်ဆင်ခဲ့ ရတယ်ဆိုတာလဲ တကာသစ် ငြင်းဖို့မလိုပါဘူး.... ( မလိုပါ ဘုရား)။

ဒါ့ကြောင့် တရားနာနည်းနိဿရည်းမှာလဲ တကာကြွယ် လိုပါသေးတယ်....(လိုပါတယ်ဘုရား) ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ မှန်းခြေအောက်တန်းမကျပါစေနဲ့ ဆိုတာ သတိပေးလိုက်တယ်....(မှန်ပါ့ဘုရား)။

ဘယ်လိုသတိပေးသတုံး.... (မှန်းခြေ အောက်တန်းမကျပါစေ နဲ့လို့ သတိပေးပါတယ်ဘုရား) ဟာ.... ဦးမာဒင် ပေးထိုက်- မပေးထိုက်....(ပေးထိုက်ပါတယ်ဘုရား) တကာကြွယ် ဒီအရေး ဟာလဲ မသေးဘူးပေါ့ဗျာ....(မသေးပါဘုရား)။

ဒီတွင် ဆရာဘုန်းကြီးက ရှေ့ကို ဉာဏ်သစ်တွေ မပေးမယ် ဆိုယင် ခင်ဗျားတို့ ဒါလောက်နဲ့ ရပ်ချင်ရပ်ပါတယ်.... (မှန်ပါ့ ဘုရား)။

ရပ်ပစ်လိုက်လို့ ရှိယင်ဖြင့် အကိုင်းအခက် ထမ်းပြန်သွားတဲ့ ပုဂ္ဂိုလ် လှည်းဝင်ရိုးလုပ်တော့ ချက်ကောင်းကျမှ ကျိုးဆိုတဲ့ အဓိပ္ပာယ်မျိုး မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဤမျှလောက်နဲ့ တင်းတိမ်ပြီးသကာလ ဒီ-တရားပွဲနာလို့ မတော်ပါဘူး....(မှန်ပါ) အနှစ်ကိုဖြင့် ဒို့-အရယူမဟာဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ နာပြီးလုပ်ကြရလိမ့်မယ်.... (မှန်ပါ ဘုရား)။

တကာသစ် ဒီဥစ္စာ မပြောမဖြစ်လို့ပြောတာ.... (မှန်ပါ) ဘုရားကလဲ သာရောပမသုတ်တဲ့ အနှစ်ရှာတဲ့ သုတ်ကွဆိုပြီး သေသေချာချာဟောသောကြောင့် ဦးမာဒင်ရေ- ဒီဥစ္စာဆုံးမရမှာပဲ (မှန်ပါ)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ကုသိုလ်ဖြစ်ချံ့,သုဂတိရောက်ရုံ တရားနာကြတာလား၊ တကယ့်လောကုတ္တရာ တရားကိုးပါး ကိုယ်ပိုင်ရအောင်လို့ နာကြတာလား....(လောကုတ္တရာ တရားကိုးပါး ကိုယ်ပိုင်ရအောင် နာကြတာပါဘုရား)။

အဲဒီမှန်းခြေဟာ၂ အနှစ်ပါပဲ.... (မှန်ပါ) ဒါဖြင့် မဖျက်လိုက်ပါနဲ့....(မှန်ပါ) ဒီပြင်ဟာတွေကတော့ ကျိုးမှာ ပေါက်မှာ ပျက်မှာတွေကို မြင်လို့ ဦးမာဒင် ကန့်ကွက်ရတယ်(မှန်ပါ) မကောင်းလို့လားလို့ မေးတဲ့အခါကျတော့ အကောင်းအစစ် မဟုတ်လို့....(မှန်ပါဘုရား)။

တကာကြွယ် ဘာတဲ့တုံး....(အကောင်းအစစ် မဟုတ်လို့ပါဘုရား)။

တကာသစ်ရေ-အင်မတန်အရေးကြီးပါတယ်နော်.... (မှန်ပါ့) အင်မတန်အရေးကြီးပါတယ်၊ ခလေးကလေးတွေမုန့်စားသလိုလဲ မဖြစ်ပါစေနဲ့နော် (မှန်ပါ့) တချို့မုန့်ကလေးတွေဟာ အလယ်မှာ အဆာကလေးတွေနဲ့၊ ဘေးနှုတ်ခမ်းသားကလေးစားပြီး ကောင်း တာကျမှပစ်လိုက်တော့ တော်ပါ့မလား.... (မတော်ပါဘုရား)။

ဩော်.... ဒီကလေးဟာ တယ်ဆိုးပါကလား၊ အကောင်း အဆိုးလဲ မသိသေးဘူးလို့ လူကြီးကကဲ့ရဲ့ ပြစ်တင်တဲ့အခါကျ တော့ ဦးလှဘူး ခံရရှာတယ်.... (ခံရပါတယ်) ခံရပင်ခံရငြား သော်လဲ အဖြေကလေး ထည့်ရလိမ့်မယ်၊ ဩော်....ကလေးမို့လို့ မသိရှာဘူး....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ဒီလိုအပြစ်တင်လို့တော့ မကောင်းဘူး.... (မကောင်းပါ)ကလေးဆိုပြီး ကြည့်ရမှာကလဲ ခေါင်းတွေကဖြူ ကုန်ပြီ၊ တော်ပါ့မလား....(မတော်ပါဘုရား)။

ကလေးဆိုလို့ရှိယင်လဲ ဒီဥစ္စာ တကာကြွယ် မတော်ဘူးဗျ.... (မှန်ပါ့) အဲဒါ ကလေးတွေမို့ပဲလို့ ဆိုတဲ့ အစိပ္ပါယ်လဲ မရောက် အောင် တကာကြွယ်ရေ - အနှစ်တော့ဖြင့် မရ-အရယူမှပဲ.... (မှန်ပါ့) ကလေးမုန့်စားသလို တကာကြွယ်ရေ မဖြစ်ပါစေနဲ့..... (မှန်ပါ့)တော်ပါ့မလား....(မတော်ပါဘုရား)။

အဲ....ဒါဖြင့် တကာတကာမတွေ အချို့တရားပွဲသွားရတာ ကျုပ်ကျန်းမာရေးလဲပါတယ်၊ တရားကလဲနာရတယ်၊ ကုသိုလ် ကလဲရတယ်၊ သေလဲ ကျုပ်တို့သည်ကားလို့ဆိုယင် အပါယ်တော့ မကျဘူး၊ သုဂတိတော့ရောက်တယ်.... (မှန်ပါ့) ကျေနပ်တယ်-

ကျုပ်တို့ကတဲ့....( မှန်ပါ့) ဟာ....ဒါဖြင့် ဦးမာဒင် ဘာထမ်းပြန်ပါလိမ့်.... ( အကိုင်းထမ်းပြန်ပါတယ် ) ကျိုးပါလိမ့်ဦးမယ်.... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တကာကြွယ် ဘာတဲ့တုံးဗျ....( အကိုင်းထမ်းပြန်ပါတယ် ) အကိုင်းထမ်းပြန်သွားလို့ ရှိယင် ဒီလှည်း ဘယ်နှယ်နေပါ့မလဲ.... (ကျိုးပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ကျိုးချင်လို့ တရားနာယင်လဲ မတော်ပါဘူးဗျာ....(မှန်ပါ့ဘုရား)။

နဂိုက ကျိုးချင်တဲ့ခန္ဓာကြီး ရထားရတဲ့အထဲမှာ ( မှန်ပါ့ ) ကျိုးပေါက်ပျက်စီးတတ်တဲ့ ခန္ဓာကြီးရထားတဲ့အထဲမှာ အကျိုးပဲ ပြန်ရှာဦးမယ်ဆိုလို့ရှိယင်ဖြင့် ဦးလှဘူး တော်ပါ့မလား.... (မတော်ပါဘုရား)။

ဒါ စကားလိမ်မှာလို့ ပြောနေတယ်လို့ မယူလိုက်ပါနဲ့၊ ဘုရားဟောမို့ ဒါလောက်ပြောနေတာ....(မှန်ပါ့ဘုရား)။

ကိုင်း.... တကာသစ်ရေ-အနှစ်တော့ဖြင့် မရ, အရယူမှပဲ.... ( မှန်ပါ့ ) မအားသေးတယ်လို့များ ဆိုချင်သေးသလား.... (မဆိုချင်ပါ)မဆိုချင်နဲ့-မဆိုချင်နဲ့၊ ပြုံးလဲမနေနဲ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တချို့က မယူနိုင်သေးတော့ ပြုံးနေတာက ရှိသေးတယ်.... (မှန်ပါ့) ဒါကလဲကြောက်စရာပဲ တကာသစ်ရေ....( မှန်ပါ့ ) ကြောက်စရာမနေဘူးလား....(ကြောက်စရာပါဘုရား)။

အေး....ဒါ့ကြောင့် သာသနာတွင်းဆိုတာ သာသနာတွင်း၏ အနှစ်သာရကိုလဲ ရမှသာလျှင် ကိုယ့်ဆုတောင်းဟာ ဒီနေရာ အစွမ်းကုန်ပြည့်သွားတယ်... (မှန်ပါ့) မကျိုးမပျက်တာ ရလို့ ရှိယင် လောကုတ္တရာကတော့ဖြင့် တကာတကာမတို့ သောတာ ပတ္တိမဂ် တခါရယင် နောက်နှစ်ခါရဖို့လိုသေးသလား (မလိုပါ) နောက် သောတာပတ္တိမဂ်ရဖို့ ကျင့်စရာကော (မလိုပါဘုရား)။

အဲ....သူတို့ကတော့ မကျိုးမပေါက် မပြောက်မကြား ဘယ် သူဖျက်လို့မှမပျက်တာ.... ( မှန်ပါ့ ) သဘောကျပလား .... (ကျပါပြီဘုရား)။

အဲဒါတွေကတော့ အနှစ်သာရ အစစ်ဆိုလို့ရှိယင် ဦးမာဒင် လွဲပါ့မလား....(မလွဲပါဘုရား)။

အေး....ဒါ့ကြောင့် ဒို့သည် မဂ်ဆိုက်၊ဖိုလ်ဆိုက် နိဗ္ဗာန်ရောက် အရေးကြီးလို့နာတာ၊ အန္တရာယ်ကင်း ဘေးရှင်း ကုသိုလ်ရရုံ မဟုတ်ပါဘူး....(မှန်ပါ့)တကာကြွယ် ပေါ်လောက်ပြီ (ပေါ်ပါ ပြီဘုရား)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

တချို့ကျပြန်တော့လဲ တကာတကာမတို့ အင်း .... သီလ ကလေး ဆောက်တည်တယ်၊ သီလကလေး ဆောက်တည်ပြန် တော့လဲ ဩော်....သီလဆိုတာ အသက်လဲရှည်တယ်၊ သီလဆိုတာ အသက်လဲရှည်တယ်၊ အန္တရာယ်ကင်းလို့ ဘေးရှင်းတယ်ဆိုတဲ့ သီလရန့်တွေ အင်မတန်သင်းပျံ့တယ်ဆိုတာ ဘုရားကလဲဟော ထားတော့ အင်း....တော်ပြီ၊ သာသနာတွင်းမှာ သီလနဲ့ပြည့်စုံ တယ်ဆို မသေးလှပါဘူး-ဆိုပြီးသကာလ တကာသစ်ရေ သီလ

ကလေးနဲ့ တင်းတိမ်နေတဲ့ပုဂ္ဂိုလ်လဲ တချို့ရှိတယ်....(ရှိပါတယ်ဘုရား)မရှိဘူးလား....(ရှိပါတယ်) သီလထက် ကောင်းတာများဘာရှိသေးသတုံးများတောင် သူက ပြောလိုက်သေးတယ် ....(ပြောပါတယ်ဘုရား)။

အဲဒါကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကဟောတယ် ဦးမာဒင်ရေ....(မှန်ပါ့) အပွေးထမ်းပြန်တာကွတဲ့.... (မှန်ပါ့) သွားပကောဗျာ....(မှန်ပါ့) မသွားသေးဘူးလားဗျာ.... (သွားပါပြီဘုရား)။

ဘာထမ်းပြန်သတုံး-(အပွေးထမ်းပြန်ပါတယ်)အိမ်ကျတော့လှည်းလုပ်ပါလား ဒီအပွေးတုံးကြီး၊ ဒီအပွေးတုံးကြီး လှည်းဝင်ရိုးလုပ်၊ လှည်းထမ်းပိုးလုပ်၊ ဒုက္ခမရောက်ဘူးလား-ရောက်မှာလား....(ရောက်မှာပါဘုရား)။

အဲ....သီလလောက်ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ အပွေးမျှလောက် ဟောထားပါတယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် တချို့တကာတကာမတွေက ဒါလောက်ဆိုယင် သေပျော်ပဟတဲ့၊ အံမာလေး.... အပွေးကြီးထမ်းပြီး သေပျော်ပဟာလုပ်ပြန်ပြီ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) လိုသေးသနော်....(လိုပါတယ်ဘုရား)။

တချို့ကြည့်ပါလား၊ အင်း .... အရှင်ဘုရားများကတော့ သီလနဲ့၊ သူတို့တော့ အပါယ်မကျပါဘူး၊ ဘယ်....ဘာဆိုင်တာမှတ်လို့ ဒီဥစ္စာ....(မှန်ပါ့) မခိုင်မြဲတဲ့ဥစ္စာ....(မှန်ပါ့)အခု ဝေဒနာပေါ် အခုသုဂတိရောက်-အခု အိုဘေး, နာဘေးနဲ့တွေ့သွားတယ်

(တွေ့ပါတယ်)မဂ်ဖိုလ်မှမဟုတ်သေးပဲ....(မှန်ပါ) ရိပ်မိပလား- (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ သီလရှိတဲ့ပုဂ္ဂိုလ်များကလဲ မသိတဲ့ပုဂ္ဂိုလ်ချီးမွမ်းတာကို အပွေးလောက် ထမ်းနေတဲ့ပုဂ္ဂိုလ် သူတို့ကမသိလို့ချီးမွမ်းတာကိုးလောက်သာ ဦးမာဒင် မှတ်ရမယ်....(မှန်ပါ) ငါ့ကိစ္စလိုသေးတယ်....( လိုပါသေးတယ် ) အနှစ်မဟုတ်သေးဘူး .... (မှန်ပါ)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာပါလိမ့်....(အနှစ်မဟုတ်သေးပါ) အပွေး-အပွေးပဲရှိသေးတယ်....(မှန်ပါဘုရား)။

တကာကြွယ် ဘာတဲ့တုံး.... (အပွေးပါ) သစ်ပင်၏အပွေးပဲရှိတယ်....(မှန်ပါ) အဲဒါ လှည်းဝင်ရိုးလုပ်- လှည်းထမ်းပိုးလုပ်မယ်၊ဦးမာဒင်တို့ အသုံးချလို့ဖြစ်-မဖြစ်....(မဖြစ်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါလောက်နဲ့လဲ ဘုရားက အနှစ်မဟုတ်လို့ မတင်းတိမ်နဲ့ကွလို့ ဟောလိုက်ပြန်တယ်.... ( မှန်ပါ )သဘောပါပလား.... (ပါပါပြီဘုရား)။

တချို့ပုဂ္ဂိုလ်များကျတော့လဲ အင်း....ဒါနလဲစုံခဲ့ပြီ၊သီလလဲတော်တော်ပြည့်စုံပြီ၊ သမထကလေးတက်ပြီးသကာလ သမာဓိစခန်းကလေးများ တက်လှမ်းရဦးမှာပဲဆိုပြီး သမာဓိကလေးကတည့်တော့ အမြင်အထင်ကလေးငများ ပေါက်လာတယ်ဆိုကြပါစို့.... ( မှန်ပါ ) တော်ပြီ-တော်ပြီ သေပျော်ပြီဆိုပြီးနေတဲ့ပုဂ္ဂိုလ်တွေလဲ ဦးလှဘူး -အနုသယတိန္နဲ့ နေတဲ့ပုဂ္ဂိုလ်တွေ ရှိသေးတယ် ဦးမာဒင်ရေ....(မှန်ပါဘုရား)။

အဲဒါတွေကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သမထ ဘယ်လိုဟောသတုံးဆိုတော့ကွာ....တဲ့ တောထဲမှာ လှည်း ဝင်ရိုး လှည်းထမ်းပိုးလုပ်ဖို့ အရှာသွားတဲ့ပုဂ္ဂိုလ်ဟာကွာ အခွံ တွေ ထမ်းပြန်သွားတာကွ....တဲ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိ ပါပြီဘုရား)။

ဘာတွေထမ်းပြန်သွားသတုံး....(အခွံတွေ ထမ်းပြန်သွားပါ တယ်ဘုရား)။

အင်း....သိ့ကြား, လိမ္မာတဲ့ပုဂ္ဂိုလ် ဦးမာဒင်တို့-တကာကြွယ် တို့က တွေးလိုက်တာပေါ့၊ အင်း....ဒီလူတော့ ဒုက္ခရောက်တော့ မှာပဲ....(မှန်ပါ့)။

ဘယ်....အခွံတွေ လှည်းဝင်ရိုးလုပ်မယ်ဆိုတော့ အခွံဘယ် လောက်ကြီးကြီးကျိုးရမယ်, ပေါက်ရမယ်.... ( ကျိုးရပါမယ် ဘုရား) ပျက်စီးရမယ်.... (မှန်ပါ့) သဘောပါပလား.... (ပါ- ပါပြီဘုရား)။

အဲဒါ့ကြောင့် ဘုန်းကြီးတို့တကာတကာမတွေလဲ ကျုပ်ဖြင့် သမာဓိ တော်တော်တည်ပြီ၊ သေမယ်ဆိုလဲ သေပျော်ပြီဆိုပြီး သကာလ တင်းတိမ်ပြီး မနေလိုက်ပါနဲ့....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အင်း....ဦးမာဒင် သမထလဲ ဘုရားမချီးမွမ်းပါဘူး-(မှန်ပါ့) ဘာတဲ့တုံး သူက အခွံပဲရှိသေးတယ်....၊ သစ်ပင်၏ အခွံ ပဲရှိသေးတယ်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ ဘုရား)။

သစ်ပင်၏ အနှစ်ရောက်ပလား.... (မရောက်သေးပါဘုရား) ဘယ်ရောက်ပလဲ....(အကာပဲရောက်ပါသေးတယ်ဘုရား)။

ဒါဖြင့် တကာသစ်ရေ...ဒီအကာ လှည်းဝင်ရိုးလုပ်လို့ မပြီးသလို သူ့မှာလဲ အိုဘေး၊ နာဘေး၊ သေဘေး၊ ဇာတ်မသိမ်းသေးဘူး မပြီးသေးဘူးလို့ ဟောလိုက်တယ်....(မှန်ပါ့)။

တကာကြွယ် သိပ်ကောင်းပါလား၊ ရွေးပုံ-ရွေးပုံ....(ကောင်းပါတယ် ဘုရား)။

တကာတကာမတို့ အနှစ်သာရရွေးပုံမှာဖြင့် ဒါ သာရောပမသုတ်၊ သာရကအနှစ်၊ ဥပမာက ဥပမာ၊ အနှစ်ကို ဥပမာထားပြီး သကာလ ဟောတဲ့သုတ်....တဲ့၊ ဒါ့ကြောင့် သာသနာတွင်းမှာ အနှစ်ရှာလဲ့မှာစိုးလို့ ဦးမာဒင်ရေ ဒီတရား စလာရပြန်တယ်- (မှန်ပါ့) မစသင့်ဘူးလား....(စသင့်ပါတယ်ဘုရား)။

ကိုင်း.... တကာသစ် သွားပါဦးနော်....၊ တယောက်သောပုဂ္ဂိုလ်က လှည်းထမ်းပိုးနဲ့ လှည်းဝင်ရိုးလုပ်ဖို့ ဓားမကြီးထမ်းပြီးသကာလ တောထဲဝင်လာကြတယ်၊ ကြီးလှစွာသော အနှစ်ရှိတဲ့သစ်ပင်ကြီး ခုတ်လှဲပြီးသကာလ အနှစ်တွေချန်ပြီးတော့ အသားတွေ ထမ်းပြန်သွားတယ်ဆိုလို့ရှိယင်လဲ တကာသစ်တို့ ပြုံးရဦးမှာပဲ....(မှန်ပါ့)။

လှည်းဝင်ရိုး၊ လှည်းထမ်းပိုးလုပ်ခဲ့သော် (ကျိုးရမှာပါဘုရား) ကျိုးရမယ်၊ ပျက်ရမယ်ဆိုတာ ဘယ့်နှယ်နေပါလိမ့်....(သေချာပါတယ်ဘုရား) တကာကြွယ် သေချာပါတယ်....(မှန်ပါ့)။

ထို့အတူပဲ....တဲ့၊ လောကီအဘိညာဏ် ကောင်းကင်ပျံ မြေလျှိုး၊ သူတပါးစိတ်သိတဲ့ လောကီအဘိညာဏ် ရတာတောင်မှ

အဲဒါ အသားထမ်းပြန်သွားတာကွ ဘာမှမဟုတ်သေးဘူး....တဲ့- (မှန်လှပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ....အဘိညာဏ်ဟာ ကျုပ်တို့ကိုယ်တိုင်ပဲ ကမ္ဘာပျက်ခါနီး ကျုပ်တို့ ဗြဟ္မာပြည်ရောက်လို့ ကောင်းကင်ပျံ - မြေလျှိုးတွေ မဟုတ်လားဗျာ....(မှန်ပါ့)။

အခု ဘာဖြစ်နေသတုံး....၊ မြေကြီးကနေပြီး ငါးတောင် ခြောက်တောင်မျှတောင် မကြွတော့ပါလား.... (မှန်ပါ့) အဲဒါ လောက် ဆိုးရွားတယ်....(ဆိုးရွားပါတယ်ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

လောကီအဘိညာဏ်ရတာတောင် တကာကြွယ်ရေ- အသား ထမ်းပြန်သွားတာကွ....တဲ့၊ တနေရာ ဒုက္ခရောက်ဦးမယ်....တဲ့... (မှန်ပါ့ဘုရား) မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ....တဲ့ အနှစ်ကျ အောင် မရှာယင်ဖြင့် ကိုယ်အလိုရှိတဲ့ ခရီးကိုဖြင့် အပြီးတိုင် မရောက်ဘူးဆိုတဲ့ အဓိပ္ပာယ်ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး စူဠသာရောပမသုတ်ဆိုပြီးသကာလ မူလပဏ္ဏာသပါဠိတော်မှာ သေသေချာချာဟောတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဝိပဿနာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သည်သာလျှင် ဉ်းမာဒင်,ရေ....အနှစ်....တဲ့....(မှန်ပါ့)။

သောတာပတ္တိမဂ်တခါရပြီးယင် ပျက်တယ်လို့ ရှိသေးသလား (မရှိတော့ပါဘုရား) နိဗ္ဗာန်ကို တခါမြင်ပြီးယင် နောက်-မမြင်

တွေ့ဘူးလို့ ရှိသေးသလား.... (မရှိပါဘုရား) အားထုတ်လိုက်ယင် တကာကြွယ် မြင်လာတာပဲ.... (မှန်ပါ့) မမြင်ဘူးလား.... (မြင်ပါတယ်ဘုရား)။

ဘယ်လို အန္တရာယ်တွေ့, မာန်စွယ်တွေ နှောင့်ယှက်ခြားသော်လဲ တကာသစ်တို့ ဦးမာဒင်တို့ ပျက်သေးရဲ့လား-(မပျက်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သူက ဘယ်လိုသုံးသုံး မကျိုးမပျက်တဲ့ အနှစ်ပေါ့.... (မှန်လှပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့်....တကာ တကာမတို့ ဘာအရေးကြီးပြီး ဒီဘုရားကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး စ,ပြီးသကာလ ဟောလိုက်ပါသိမ့်မတုံး....ဆိုတော့ သာသနာတွင်း အနှစ်ရှာ လွဲမှာစိုးလို့.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာတဲ့တုံးဗျာ.... (သာသနာတွင်း အနှစ်ရှာလွဲမှာစိုးလို့ပါဘုရား)။

သာသနာတွင်းမှာ အနှစ်ရှာလွဲမှာစိုးလို့ဆိုတော့ ဦးမာဒင်ရေ...ကျုပ်တို့၏ ကျေးဇူးတော်ရှင် ဂေါတမမြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက သာသနာတွင်းမှာဖြင့် မင်းတို့ကွာ.... အနှစ်ရှိတဲ့ဥစ္စာ အကိုင်းလဲ ထမ်းမပြန်ပါနဲ့ဟုဘ်လား....(မှန်ပါ့ဘုရား)။

အခေါက်လဲ ထမ်းမပြန်ပါနဲ့၊ အကာလဲ ထမ်းမပြန်ပါနဲ့၊ အသားလဲ ထမ်းမပြန်ပါနဲ့၊ အနှစ်ရောက်အောင် ယူလိုက်ကြစမ်းပါဆိုတဲ့ အဓိပ္ပာယ်ကို တိုက်တွန်းချက်ပါလာတယ်- (မှန်ပါ့ဘုရား) မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

တကာတကာမတွေ တချို့ တကာတကာမတွေ ဒီတရား မနာဖူးသေးဘူး....(မှန်ပါ့ဘုရား) တချို့လဲ နာဖူးကြတယ်.... (မှန်ပါ့ဘုရား)။

နာဖူးတဲ့လူက နည်းတယ် ဒီအထဲမှာ....(မှန်ပါ့) မနာဘူးတဲ့ လူက များနေတယ်.... ( များပါတယ်ဘုရား ) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ... ဒါဖြင့် တကာတကာမတို့ အနှစ်သာရဆိုတာ လောကုတ္တရာ မဂ်ဉာဏ်,ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ဘဲ....(မှန်ပါ့)။

မဂ်ဉာဏ်,ဖိုလ်ဉာဏ်နဲ့....(နိဗ္ဗာန်ပါဘုရား)အဲ....မဂ်ဉာဏ်-၄၊ ဖိုလ်ဉာဏ်-၄၊ နိဗ္ဗာန်ဆိုတော့ ၉-ပေါ့ဗျာ....(မှန်ပါ့)။

အဲဒီ လောကုတ္တရာတရား ၉-ပါးသာလျှင်အနှစ်ဖြစ်ပါတယ် မရ-ရအောင်ကြိုးစားမှ တကာတကာမတို့ ....( မှန်ပါ့ ) ပျက်စီးစရာရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ဦးမာဒင်-ရေ....ဘုရားပေးတဲ့ ဥပမာနဲ့ ကျုပ်တို့သည် ကားလို့ဆိုလို့ရှိယင်ဖြင့် ရွေးတတ်ရမယ်ဗျာ....(မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုဆုံးမသလဲ....(ရွေးတတ်ရပါမယ် ဘုရား) ရွေးတတ်ကြရမယ်.... ( မှန်ပါ့ ) ဘာလုပ်ကြရမလဲ.... (ရွေးတတ်ရပါမယ်ဘုရား)။

ရွေးတတ်ရမယ်ဆိုတဲ့ စကားဟာလဲ အခုလို ဥပမာ,ဥပမေယျ နဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကဟောလို့ တကာကြွယ်တို့- ဦးမာဒင်တို့ ရွေးတတ်တာနော်....(မှန်ပါ့) ကျုပ်တို့ဟာ ကျုပ်တို့ ဆိုလို့ရှိယင်ဖြင့် ရောက်ရာမှာ တော်လောက်ပြီ သုံးနေမှာ-(သုံး မှာပါ ဘုရား)။

ရောက်ရာမှာ....(တော်လောက်ပြီ သုံးနေမှာပါဘုရား)အရင် တုန်းက နားမလည်ခင်တုန်းကလဲ ဒါနကလေးလောက် ဆိုလို့ ရှိယင်ဖြင့် အင်း....တော်လောက်ပြီ-သေပျော်ပြီ....တဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

တချို့ကလဲ အို....ဒါနထက် သီလက ကောင်းတယ်ဆိုပြီး ဒါနတော့ ကျုပ်တို့ တော်တော် ကျေနပ်ပြီ၊ သီလဘက်ကကြိုး စားရဦးမှာပဲဆိုပြီးသကာလ ဒါနဲ့တင်းတိမ်ပြီးသကာလ သေသွား တဲ့ ပုဂ္ဂိုလ်တွေလဲ ရှိကြမှာပဲ.... (ရှိပါတယ်ဘုရား) မရှိပေဘူး လား....(ရှိပါတယ်ဘုရား)။

တချို့ကျတော့လဲ ဒီ့ထက်တက်ပြီးသကာလ သမထ-သမာဓိ ကလေး တည်ရုံမျှကို ကြိုးစားပြီးသကာလ နေလို့ သမာဓိဖြင့် ဘယ်အချိန် ဖမ်းလိုက်-ဖမ်းလိုက်၊စိတ်ကလေးဟာဖြင့် တည်တော့ တာပဲဆိုပြီးသကာလ ဦးမာဒင် ဒီလိုနဲ့ ကျေနပ်ပြီး သေသွားတဲ့ ပုဂ္ဂိုလ်တွေလဲရှိကြတယ်....(ရှိပါတယ်ဘုရား)။

ဘုရားကတော့ဖြင့် တကာတကာမတို့ သိတဲ့အတိုင်း အကာ ထမ်းပြန်တာလို့ ဟောတာဘဲ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

တချို့ကျတော့လဲ အဘိညာဏ် ကလေးတွေ ရလို့ အမြင့် အထပ်ပေါက်ပြီးသကာလ နေတာတောင်မှ ဘုရားသခင် ကိုယ် တော်မြတ်ကြီးက ဒါလဲကွာ....တဲ့ အဘိညာဏ်ငါးပါး ရငြား သော်လဲ လောကီအဘိညာဏ်တွေ ဖြစ်လေသောကြောင့် တခု သော ကိစ္စကြုံလို့ကံတွေ တခုခုပြစ်မှားယင် အကုန်ပျက်စီးတယ်

(မှန်ပါ့)ဆိုတော့ ကျိုးပေါက်တတ်တယ် ပြောတာပဲ.... (မှန်ပါ့ဘုရား)။

အဲဒီတော့ တကာတကာမတို့ စိတ်ချရရဲ့လား.... (စိတ်မချရပါဘုရား)။

ဒါဖြင့် ကျုပ်တို့ အခု သာသနာတွင်းကြုံတဲ့အချိန်မှာ ဦးမာဒင် စိတ်ချရတဲ့ အလုပ်ကလေးကို ကိုယ်ပိုင်မှ မရလို့ရှိယင်ဖြင့်ဖြေ....ဘာထမ်းပြန်သွားပါလိမ့်မလဲဆိုတာကို အခု အကဲခတ်ရလိမ့်မယ်....(မှန်ပါ့ဘုရား)မခတ်ရပေဘူးလား.... (ခတ်ရပါတယ်ဘုရား)။

အင်း....အကာထမ်းပြန်သွားပြီဟေ့၊ အင်း....အသားကလေးထမ်းပြန်သွားပြီဟေ့....(မှန်ပါ့)အနှစ်တော့ မပါသေးဘူးဟေ့ (မှန်ပါ့)ဟာ.... ကျိုးပါလိမ့်ဦးမယ်၊ ပေါက်ပါလိမ့်ဦးမယ်.... ပျက်ပါလိမ့်ဦးမယ်ဆိုတာ ကိုယ်ကလဲ သူများ အကဲခတ်နိုင်တယ် (မှန်ပါ့) သူများကလဲ ဒီတရားနာပြီးသား ပုဂ္ဂိုလ်တွေဖြစ်တော့ (အကဲခတ်နိုင်ပါတယ်ဘုရား) သူများကိုလဲ ကိုယ်အကဲခတ်နိုင်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သူများလဲ အကဲခတ်တတ်အောင် ကိုယ့်ကိုယ်လဲ အကဲခတ်တတ်အောင်ဖြင့် ဒီ သာရေပမသုတ်ကိုဖြင့် မမေ့မှ တော်မယ်....(မှန်ပါ့ဘုရား)။

တကာကြွယ် ဘာတုံးဗျ.... (မမေ့မှတော်ပါမယ်) မမေ့မှတော်မယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒီဥစ္စာကို ဟောရခြင်းဟာလဲ ဦးမာဒင်ရေ ဟောသင့်.... မဟောသင့်လဲ အကဲခတ်ကြပါဦး....(ဟောသင့်ပါတယ်) ဟောသင့်လို့ ဘုရားဟောလို့ ဘုန်းကြီးများက တဆင့်ပြောရဘယ်.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ယခုအချိန်မှာတဲ့ ဒါနနဲ့ သေပျော်ပြီလို့ ဒီလိုလဲ မတင်းတိမ်လိုက်ပါနဲ့ (မှန်ပါ့) လုပ်တော့လုပ်ပါတဲ့၊ တင်းတိမ်မနေပါနဲ့.... (မှန်ပါ့) သီလ ဆောက်တည်ပြီး ကျုပ်တို့တော်ပြီ ဘာလိုသေးသတုံး ဆိုတဲ့ အမေးမျိုးကို မမေးပါနဲ့တဲ့၊ဒါလဲ မတင်းတိမ်ကောင်းသေးဘူးတဲ့ (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သမထကလေး-အာနာပါနကလေးလုပ်ပြီး သကာလ ရှုကာ ရှိုက်ကာနဲ့ လုပ်ပြီးသကာလ သမာဓိကလေး တော်တော်တည် နေပြန်လို့ ရှိယင်လဲ ဟာ....သေပျော်ပေါ့လို့ ကော....(တင်းမတိမ် ကောင်းပါ)တင်းမတိမ်ရဘူး သူ့ဟာက....(မှန်ပါ့)သဘောပါ ကြပလား....(ပါ-ပါပြီဘုရား)။

အင်း....ယုတ်စွအဆုံးဘုရားက အဘိညာဏ်ငါးပါး ဒိဗ္ဗစက္ခု, ဣဒ္ဓိဝိဓ,စေတောပရိယ,ပုဗ္ဗေနိဝါသ,ယထာကမ္မုပဂ, အနာဂတံသ ဆိုတဲ့အဘိညာဏ်တွေ ရတာတောင်မှ မတော်သေးဘူးကွ အသားထမ်းပြန်သွားတာ၊ တနေရာ ကျိုးလိမ့်ဦးမယ်တဲ့....(မှန်ပါ့ဘုရား)။

ဦးမာဒင် ပြောထိုက် မပြောထိုက်.... (ပြောထိုက်ပါတယ် ဘုရား)။

ဒါဖြင့် အနှစ်ရှာလာကြတဲ့ တကာတကာမတွေချည့် ဖြစ်ကြပါစေသတည်းဆိုတာ ဘုန်းကြီးကလဲ အကြောင်း ပြောရတယ် (မှန်ပါဘုရား)။

ဘာပြောရသလဲ....(အနှစ်ရှာလာကြတဲ့ တကာတကာမတွေချည့် ဖြစ်ကြပါစေလို့ ပြောရပါတယ်ဘုရား)။

အနှစ်ရှာလာကြတဲ့ တကာတကာမတွေ ဖြစ်ပါစေသတည်းဆိုတာ ဦးမာဒင်တို့ တကာကြွယ်တို့ ပြောထိုက်-မပြောထိုက်.... (ပြောထိုက်ပါတယ်ဘုရား)။

ဩော် .... လမ်းမှာခင်ဗျားတို့ ဒုက္ခရောက်မှာစိုးလို့ပါ.... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကုန်တွေတင်ပြီး သွားတဲ့အခါ ဒီလှည်းသမားကြီးသည်ကား လို့ဆိုယင် သူ့ဒုက္ခသူရှာတဲ့အမိပ္ပါယ်မျိုးကို မရောက်ပေဘူးလား (ရောက်ပါတယ်) သူ-အထင်လွဲလို့ သူဒုက္ခပွဲနဲ့ နွံနေရတာ.... (မှန်ပါ)။

သူအထင်လွဲတာနဲ့.... (သူ-ဒုက္ခပွဲနဲ့ နွံနေရပါတယ်ဘုရား) အနှစ်မရှာတတ်လို့....(မှန်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘာရှာဖို့သင့်သလဲ....(အနှစ်ရှာဖို့သင့်ပါတယ်) ရိပ်မိကြပလား....(ရိပ်မိပါပြီ) ဦးမာဒင် ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီဘဝမှာ အနှစ်မှမရတဲ့ပုဂ္ဂိုလ်ဖြင့် သံသရာမှာတပည့်တော်တို့ ဘယ်လိုမျှားနေမတုံး....၊ အို....ကျိုးလိုက်၊ ပဲ့လိုက်

သွားနေရမှာပေါ့.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

အနှစ်မရတဲ့ပုဂ္ဂိုလ် တကာကြွယ် ဘယ့်နှယ်ဆိုမလဲ....(ကျိုး လိုက်ပဲ့လိုက်သွားရမှာပါဘုရား) အို.... သေလိုက်ကြေလိုက်နဲ့ အတူတူပါပဲ....(မှန်ပါ့) သေလိုက်ကြေလိုက်နဲ့ပဲ လမ်းဆုံးနေ ကြမယ်ဆိုတာ တကာတကာမတို့ ငိုပွဲနဲ့ပဲမဆုံးပါဘူး.... (မဆုံး ပါဘုရား) တကာကြွယ်တို့ ဦးမာဒင်တို့ ရိပ်မိပြီ.... (ရိပ်မိပါပြီ ဘုရား)။

အင်း....ဒါ-ဘာမကိုင်မိ၊ မဆုပ်မိ၊ မရမိလို့ပါလိမ့်မလဲလို့ အကဲခတ်ကြည့်ပါဦး....(အနှစ်မရလို့ပါဘုရား) အနှစ်မရလို့.... (မှန်ပါ့) မဂ်ဉာဏ်၊ ဖိုဉာဏ်၊ နိဗ္ဗာန်ဆိုတဲ့ အနှစ်ကို....(မရလို့ ပါဘုရား) တယ်လဲနာပါလားတကာကြွယ်ရေ.... (နာပါတယ် ဘုရား)။

အခု ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပေးလိုက်တဲ့ လှည်း ဝင်ရိုးလုပ်၊ လှည်းထမ်းပိုးလုပ်တဲ့ ဥပမာနဲ့ တောထဲအနှစ်ရှာတဲ့ ပုဂ္ဂိုလ်၊ အနှစ်နားမလည်တဲ့ပုဂ္ဂိုလ် အပွေးစသည်ထမ်းပြန်သွားပုံ နဲ့ဆိုလို့ရှုယင်ဖြင့် တကာသစ်တို့ဦးမာဒင်တို့ သိပ်ဥပမာဟပ်တာပဲ (ဟပ်ပါတယ်ဘုရား) မဟပ်ဘူးလား....ကဲ (ဟပ်ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့အတွက် ဘုန်းကြီးများက ဩော်....ဒို့ တကာဘကာမတွေ အနှစ်ရှာတတ်ပြီ....၊ ဒို့ ဝိပဿနာအလုပ်- လုပ်နေတာ ဘာပါလိမ့်မတုံးဆိုတဲ့ အခါကျတော့မှ ကိုယ့်ဟာ ကိုယ် ဝေဖန်နိုင်တယ်.... (ဝေဖန်နိုင်ပါတယ်ဘုရား) ဘယ်လို များ ဝေဖန်ကြပါလိမ့်မတုံး....(အနှစ်ရှာတာပါဘုရား)။

အနှစ်ရှာဘယ်ဆိုတော့ ဝိပဿနာအလုပ်နဲ့ အနှစ်ရှာလိုက်တော့ ဝိပဿနာသည် ဆရာဘုန်းကြီး ဆုပေးသလိုပေါ့၊ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်သို့ ကျေးဇူးပြု၍....(မှန်ပါ့)ဝိပဿနာဉာဏ်အလုပ် ရင့်လာတော့ မဂ်ဉာဏ်က ဖြစ်ရတော့မယ်.... (မှန်ပါ့) ဖြစ်သွားယင် အနှစ်မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အနှစ်ဖြစ်တော့ ကျိုးစရာ,ပဲ့စရာ,ပေါက်စရာ,ပျောက်စရာ....(မရှိပါဘုရား)။

အဲ....ဒါ့ကြောင့် တကာတကာမတို့ အနှစ်ဟာ အရေးကြီးတယ်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါနဆိုတဲ့ ဂုဏ်ကျက်သရေကြီးနဲ့ လောကကြီး နေငြားသော်လဲ ဥပစ္ဆေဒက ဥပဃာတကကံတွေက ဖြတ်ချလိုက်တော့ သူ့တားနိုင်တဲ့သတ္တိက ရှိရဲ့လား....(မရှိပါဘုရား)။

မဂ်က ကံဖြတ်တယ်.... (မှန်ပါ့) မင်းတို့မလာခဲ့နဲ့ ဆိုတာပါဘယ်....(မှန်ပါ့) မဂ်ကတော့ ကံဖြတ်ပါတယ်....(မှန်ပါ့)။

မင်းတို့ မလာခဲ့နဲ့ မင်းတို့ကို ငါနိုင်တယ်ဆိုတော့ တကာတကာမတို့ ခုနင်က ၄ာနတပါး သုဂတိမှာ နေငြားသော်လဲ တော်တော့ကံက ဖြတ်ချလိုက်ယင် ဦးမာဒင် စင်းစင်းကြီး အပါယ်လေးပါးရောက်ချင် ရောက်တယ်....(မှန်ပါ့)မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား) ဒါ-ဘာတုံးအနှစ်မပါလို့ ကျိုးရတာ....(မှန်ပါ့)။

အနှစ်မပါလို့....(ကျိုးရတာပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကောင်းပြီ အချို့သီလသမားတွေလဲ နတ်ပြည် အသက်ရှည်ပြီးနေငြားသော်လဲ သီလဘန်ခိုးအရှိန်အာနုဘော် ကုန်ပြန်တော့လဲ တကာကြွယ်,ဦးမာဒင်တို့ အောက်ပြန်ရောက်တယ်.... (ရောက်ပါတယ်ဘုရား)။

ဟ....ဘယ့်နှယ်ကြောင့် ရောက်ပါလိမ့်မလဲလို့ အကဲခတ်ပြန်တော့လဲ....(ကျိုးတာပါဘုရား) အနှစ်မဟုတ်လို့ ကျိုးပြန်တယ်ဆိုတဲ့ဥစ္စာ သဘောကျပလား....(ကျပါပြီ) အနှစ်လောက်အဖိုးမတန်လို့ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာလောက် အဖိုးတန်သတုံး.... (အပွေးလောက်အဖိုးတန်ပါတယ်)အပွေးလောက် အဖိုးတန်ပြီးသကာလ နေတဲ့အတွက်လဲ ဘုရားက အပွေးလို့ပဲ ဟောလိုက်တယ်-(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အင်း....တချို့ကျပြန်တော့လဲ သမာဓိစခန်းကလေးနဲ့ တော်တော်ကလေး ခရီးပေါက်ပြီးသကာလနေတာ သေပျော့်, ကျေပျော်ပြီလို့ ဦးမာဒင် မအောင့်မေ့လိုက်စမ်းပါနဲ့.... (မှန်ပါ ဘုရား)။

တချို့ဒါနနဲ့ပဲ သေသွားကြတာတွေလဲ တကာကြွယ် ကြားဘူးကြပါလိမ့်မယ်....(ကြားဖူးပါတယ်ဘုရား)။

ဘာထမ်းပြန်သွားပါလိမ့်မတုံး ဆိုတော့ဗျာ အကာတွေ, အခွံတွေ....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘာထမ်းပြန်သတုံး....(အကာတွေ,အခွံတွေပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား) ဒါ-လှည်းဝင်ရိုးလုပ်တော့ ဘယ့်နှယ်နေသတုံး....(ကျိုးမှာပါဘုရား)။

အင်း....ဒါဖြင့် သမာဓိစခန်း သာမညလောက် ကျုပ်တို့ဖြင့် မေတ္တာနေ့တိုင်းပို့ပြီး ခပ်အေးနဲ့ပဲ အန္တရာယ်ကင်း ဘေးရှင်း မေတ္တာအကျိုး ဆယ့်တပါးတဲ့....၊သေလဲ ဗြဟ္မာ့ပြည်လားသတဲ့.... (မှန်လှပါ) အဲဒီတော့ ကျုပ်တို့ ဒါ-အားကိုးတခုပါပဲ (မှန်ပါ့ ဘုရား)။

အင်း.... ဘာထမ်းပြန်ပါလိမ့်.... ( အကာထမ်းပြန်ပါတယ် ) အကာတွေ အခွံတွေ ထမ်းပြန်တယ်....(မှန်ပါ့ဘုရား)။

ဦးမာဒင် ဘာတွေသမ်းပြန်သတုံး(အကာတွေ့ အခွံတွေသမ်း ပြန်ပါတယ်ဘုရား)။

တချို့အိမ်ပေါ်ကနေသိပ်အော်ပြီး ဒါ-လုပ်နေတဲ့ လူတွေ ကလဲ တပုံကြီးပါပဲတဲ့၊ သို့သော် ဘုန်းကြီးများက အပြစ်ဘင်လို့ လို့မဟုတ်ပါဘူး (မှန်ပါ့) အနှစ်ရှာတာ အနှစ်မရောက်သေး တာကို ဟောရတယ်....(မှန်ပါ့)။

အနှစ်ရှာတာ....(အနှစ်မရောက်သေးတာကို ဟောရပါတယ်) အနှစ်မရောက်သေးတာ ဟောရတော့ ဦးမာဒင် မြတ်စွာဘုရား ဒေသနာတော်အတိုင်း ပြောရတယ်....(မှန်ပါ့)အနှစ်မှ- မဟုတ် သေးပဲ....(မှန်ပါ့)။

ကဲ ...ဒါဖြင့် အဲဒီ့သမထ ထက် အထက်တန်းကျတဲ့ အဘိညာဏ် ငါးပါး, အဘိညာဏ်ခြောက်ပါး. ရပါတယ် တကာကြွယ်- (မှန်ပါ့ဘုရား)။

ဒါလဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ် မဟုတ်သေးဘော့ ဦးမာဒင်က ဘယ့်နှယ်ဆိုမလဲ အသားပဲဆိုလိုက်ပါတော့....(မှန်ပါ့) လှည်း ဝင်ရိုးလုပ်လို့ ဘယ့်နှယ်တုံး....(ကျိုးပါတယ်ဘုရား)။

သူများထက်စာယင်တော့ နည်းနည်းကလေးတော့ မိုင်ရှည်ပြီး သွားဦးမှာပဲ....(မှန်ပါ့) သို့သော် မကျိုးမရှိဘူး (ကျိုးပါတယ်ဘုရား) ကျိုးရမယ်၊ ပျက်စီးရမယ်ဆိုတာ တကာသစ် ကေန်ပေါ့ဗျာ....(ကေန်ပါဘုရား)။

အဲ....ကျုပ်တို့သည်ကားလို့ ဆိုလို့ရှိယင် မြေလျှိုးနေတဲ့ဣသိဂ်တို့ ဇာတ်ထုပ်ထောက်ကြည့်ပြန်လဲ ကောင်းကင်ပျံ မြေလျှိုးတဲ့ပုဂ္ဂိုလ်တွေပဲ....(မှန်ပါ့)။

ငါးပါးအာရုံ ကာမဂုဏ်တည်းဟူသော အဖျက်ခံတက လာတော့ လှည်းဝင်ရိုးကျိုးသလို ကျိုးကျသွားတာပဲ.... ( မှန်ပါ့ဘုရား)။

ဒီ့ပြင်ရသေ့ကြီးတွေကောင်းကင်ကပျံပြီး နန်းတော်မှာဆွမ်းစားတာတွေ ကြားဖူးကြပါလိမ့်မယ် (ကြားဖူးပါတယ်ဘုရား) အဲဒါတွေလဲ မခိုင်လုံတော့ ဘာဖြစ်ကုန်ကြသလဲ.... ( ကျိုးပါတယ်ဘုရား)ကျိုးပျက်ပြီးသကာလ တကာတကာမတို့ ဒီအတိုင်းမနေကြဘူးလား....(နေပါတယ်ဘုရား)။

အေး ...ဒါတွေကိုစဉ်းစားကြည့်တော့ 'ဒေဝိလရသေ့တို့များ တခါတည်း ဗြဟ္မာ့ပြည်သွားပြီး ဘုရားအလောင်းမွေးပြီး သူ ဘုရားဖြစ်အောင် မဆိုင်းနိုင်လို့ အသက်တမ်းက တားမရတာနဲ့ သေသွားလို့ ငိုများ ငိုရှာတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ ငါ့အလုပ်က လွန်သွားပြီတဲ့၊ အကာတွေထမ်းပြီး ဟိုဗြဟ္မာ့ပြည်မှာသွားပြီး ကျိုးမှု-ပျက်မှုနဲ့ ကြုံရ

တော့မယ်....(မှန်ပါ့) အနှစ်တော့ ငါမရတော့ဘူးဆိုပြီး ငိုရှာတယ်....(မှန်ပါ့) ဘယ်လောက် ကြောက်စရာကောင်းသတုံး .... (ကောင်းပါတယ်ဘုရား)။

တကာကြွယ်တို့ အခု အနှစ်ရဖို့အချိန်အခါ ရှိသေးတယ် မဟုတ်လား....(ရှိပါတယ်) အားလုံး တရားနာတဲ့ ပုဂ္ဂိုလ်တွေ မကျိုးမပဲ့ -မပျောက်မကြားတဲ့ တခါတည်း မင်လေးပါး,ဖိုလ်လေးပါ, နိဗ္ဗာန်တရားဆိုတာ ဘယ်တော့မှ မပျောက်- ဘယ်တော့မှမပျက်-ဘယ်အခါကာလမှ ပြင်စရာ ဆင်စရာမရှိ၊ဘယ်လို အန္တရာယ်တွေ, ရန်စွယ်တွေ, မာန်စွယ်တွေနဲ့ဖျက်ဆီးငြားသော်လဲ မရ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီ အနှစ်သာရ မရောက်သရွေ့ ငါသည်ဆားလို့ ဆိုယင် သာသနာတွင်းသားအဖြစ်မှ မလျော့သေးဘူးဟေ့.... (မှန်ပါ့) ဆိုပြီး ကိုယ့်စိတ်လဲ ကိုယ်တင်းကြ....(မှန်ပါ့)သဘောကြပလား- (ကျပါပြီဘုရား)။

ကောင်းပြီ ဒါပြင့် တကာသစ်ရေ- လောကုတ္တရာမဂ္ဂင်ရပြန်တယ်ဆိုတော့ လောကီမဂ္ဂင်ကို မရပဲနဲ့လဲ လောကုတ္တရာမဂ္ဂင် ရနိုင်ပါ့မလား....(မရနိုင်ပါဘုရား)။

ဒါဖြင့် တကာကြွယ် ဦးမာဒင်တို့ လောကီမဂ္ဂင်ကနေပြီး သကာလ လောကုတ္တရာမဂ္ဂင်တက်ရမည့် လမ်းစဉ်အတိုင်းပေါ့ဗျာ (မှန်ပါ့) ပထမအထစ်မှ မတက်မိပဲနဲ့ ဒုတိယအထစ် ခုန်တက်ချင်လို့ ရှိယင်လဲ အထစ်ကဝေးတော့တက်လို့ ရပါ့မလား ... (မရပါဘုရား)။

ဒီအတိုင်းပါပဲတဲ့၊ ဘုန်းကြီးတို့ တကာတကာမ တွေမှာ ဝိပဿနာမဂ်မှ မပြည့်စုံယင် လောကုတ္တရာမဂ်မရနိုင်ဘူး .... (မရပါဘုရား)။

လောကုတ္တရာမဂ်မှ မရလို့ရှိယင် နိဗ္ဗာန်ဆိုတဲ့ ခိုင်မြဲမှုကြီးကို ကျုပ်တို့ မြင်လဲမမြင်နိုင်ဘူး....(မှန်ပါ့) တွေ့ကော.... (မတွေ့နိုင်ပါဘုရား)။

မတွေ့နိုင်ဘူးဆိုတာ သေချာတော့ ကိုင်း....ယနေ့ အနှစ်ရှာတော့မယ်....(မှန်ပါ့)တကာသစ် ဘာလုပ်ရမလဲ.... (အနှစ်ရှာပါတော့မယ်ဘုရား)။

အနှစ်ရှာရတော့မယ်ဆိုတော့ တကာတကာမတို့ အနှစ်ရှာလို့ရှိယင် ဝိပဿနာက စ....(မှန်ပါ့ဘုရား)။

အနှစ်ရှာယင်....(ဝိပဿနာက စ,ရပါမယ်) ဝိပဿနာက စ,ရလိမ့်မယ်ဆိုတာဖြင့် အားလုံးတကာတကာမတွေ တင်းတိမ်ပြီးမနေလိုက်ပါနဲ့၊ကျန်တာကလေးတွေနဲ့ အခုပြောခဲ့တဲ့လေးမျိုးနဲ့ တင်းတိမ်ရောင့်ရဲပြီးသကာလ မနေလိုက်ပါနဲ့.... (မှန်ပါ့ဘုရား)။

အဘယ့်ကြောင့် ဒါလောက်တောင် ကန့်ကွက်ရပါသတုံးလို့ မေးတဲ့အခါ တင်းတိမ်ရောင့်ရဲမှု ဦးမာဒင် လွှမှာစိုးလို့....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်နေသတုံး .... (တင်းတိမ်ရောင့်ရဲမှု လွှမှာစိုးလို့ပါဘုရား)။

တကာကြွယ် ကိုယ့်အလိုကတော့ဖြင့် ကိုယ်ကမသိတဲ့ လူကတော့ဖြင့် ရမ်းတွေးနဲ့ တင်းတိမ်နေတာ....(မှန်ပါ့) မသိသေးပဲကိုးဗျ....(မှန်ပါ့ဘုရား)။

အနှစ်သာရ မသိတော့ ကိုယ့်ဟာကလေးနဲ့ကိုယ် ဘယ့်နှယ် နေသတုံး....(တင်းတိမ်နေပါတယ်) ကိုယ့်ဟာကိုယ် တင်းတိမ်ပြီး သကာလနေတာပဲ....(မှန်ပါ့ဘုရား)။

အခု မြန်မာပြည်မှာ ဥပမာ တော်တော်ကလေး သိန်းပေါင်း များစွာကလေး ချမ်းသာတဲ့ပုဂ္ဂိုလ်ကို ကိုယ့်ဟာနဲ့ကိုယ် တင်းတိမ် နေတယ်....(နေပါတယ်ဘုရား) အနောက်နိုင်ငံက တန်နဲ့ထားတဲ့ ဒေါ်လာတွေ, ရွှေဒင်္ဂါးတွေ မြင်မှ-မမြင်ဘူးပဲ.... (မမြင်ဘူးပါ) မမြင်ဘူးတော့ ကျုပ်တို့ ဒါလောက်ဆိုယင် သေပျော်ပြီတဲ့.... (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့်ပါလိမ့် ဒီ့ထက်ကြီးတဲ့ အနှစ်သာရကို.... (မတွေ့ဘူးလို့ပါ) မမြင်ဘူး,မကြုံဘူးတော့ကို တင်းတိမ်နေတာ ပဲ....(မှန်ပါ့ဘုရား)။

အနောက် နိုင်ငံသားတွေကလဲ ထို့အတူပဲ၊ ကောင်းကင် မော့ကြည့်လို့ရှိယင် ရွှေမိုး-ငွေမိုး ခါးပုဆစ်လောက် တတိုင်း ပြည်လုံး ရွာနိုင်တယ်ဆိုတဲ့ စကြဝတေးမန္ဓာတ်အဖြစ်ကို သူတို့ ကလဲ မကြားဘူး-မတွေ့ဘူးတော့ အင်း....သူတို့ မီလျံနာသဌေး ကြီးတွေပဲ၊ သူတို့ထက်သာတာ မရှိဘူးဆိုပြီး သူတို့လဲ ဘဝင်မြင့် နေတာပဲ.... ( မှန်ပါ့ ) ဒါ တင်းတိမ်နေတာ မဟုတ်လား.... (တင်းတိမ်နေတာပါဘုရား)။

ဒါဖြင့် သူသည် ခုနင်က စကြဝတေးမန္ဓာတ်တို့၏ အဖြစ်ကို တွေ့ဘူးရဲ့လား (မတွေ့ဘူးပါ) မတွေ့ဘူးလို့ ဦးမာဒင်....ဘာဖြစ် နေသတုံး....(တင်းတိမ်နေပါတယ်ဘုရား)။

ဒါဖြင့် တင်းတိမ်တာ မှန်သလား၊မှားသလား မေးကြည့်.... (မှားပါတယ်) အို....ကိုယ်က ဒီ့ထက်အနှစ်သာရရှိတာကို မရှာ တတ်လို့ ဖြစ်ရတယ်....(မှန်ပါ့ဘုရား)။

စကြဝတေးမင်းကြီးကလဲ သူ့ထက်သာတာမရှိဘူး ဆိုပြီး လေးကျွန်း ငါအစိုးရနေတာပဲ ဆိုတဲ့ဥစ္စာ တကာတကာမတို့ ကြည့်လိုက်တော့ ခုနင်က တုသိတာတို့ အထက်ကနေပြီး သွား ကြည့်မယ်ဆိုတော့ သူဟာ ဖြစ်လောက်သေးရဲ့လား.... ( မဖြစ် လောက်ပါဘုရား)။

သို့သော်လဲ သူ့ဟာသူတော့ တင်းတိမ်နေလို့ ရှိယင်သဲ ညြောင်.... အနှစ်မရှာတတ်သေးလို့ပဲ(မှန်ပါ့) သဘောကျပလား-- (ကျပါပြီဘုရား)။

အဲဒီ တုသိတာနတ်ပြည်ကလဲ သူတို့ဟာသူတို့ တင်းတိမ် နေတာ ဗြဟ္မာတွေမမြင်ရသေးလို့ .... (မှန်ပါ့) ဗြဟ္မာတွေမြင်ရ လို့ရှိယင် သူတို့ဟာသည်ကားလို့ ဆိုယင် အိုးပုတ်စင်ကလေးနဲ့ ကစားတဲ့ ကလေး၏အလုပ်လောက် ဖြစ်နေတယ်-(မှန်ပါ့ဘုရား)။

သို့သော် သူ့ဟာသူ တင်းတိမ်နေတာက တကာသစ်တို့ ဦးမာဒင်တို့အနှစ်ကိုတကယ်တမ်း မရှာတတ်သေးတော့တင်းတိမ်မှု လွဲတယ်.... (လွဲပါတယ်) ဆိုနိုင်ကြရဲ့လား.... (ဆိုနိုင်ပါတယ် ဘုရား)။

အဲဒီ့ဗြဟ္မာတွေကလဲကမ္ဘာလေးဆယ်၊ကမ္ဘာရှစ်ဆယ်၊ကမ္ဘာ ပေါင်းသောင်းခြောက်ထောင် နေရမှာတွေဆိုတော့ အို-ဒါနိဗ္ဗာန် ပဲ....(မှန်ပါ့) တော်တော်ကြာ သောင်းခြောက်ထောင်စေ့တဲ့ အခါကျတော့ သူတို့အသက်ကလေးကကြွေသွားတယ် (မှန်ပါ့)။

သို့သော် သူနေတုန်းက တင်းတိမ်နေတာလဲ ခုနင်က လောဂုတ္တရာဖြစ်တဲ့ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဆိုတဲ့တရားတွေ မတွေ့ဘူးသေးတော့ ဦးမာဒင်ရေ အနှစ်ရှာတာလဲနေပြီ.... ( လဲနေပါပြီ ) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ အခုတော့ လူ့ပြည်ကနေပြီး ဆရာဘုန်းကြီးကလဲ အမျိုးမျိုးချိန်ပြတယ်(မှန်ပါ) တောထဲ သစ်ပင်ခုတ်တဲ့နည်းနဲ့လဲ ဘုရားက အမျိုးမျိုးချိန်ပြတယ်....(မှန်ပါ) ချိန်ပြလိုက်တဲ့ အခါကျတော့ တကာတကာမတို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မရယင် အနှစ်သာရ ငါ့မှာမရှိသေးဘူး....(မှန်ပါဘုရား)။

ဘယ်လိုဆိုကြမယ်(မဂ်ဉာဏ်,ဖိုလ်ဉာဏ် မရယင် အနှစ်သာရ မရှိသေးပါ) ဘာဖြစ်လို့တုံး-ကျိုးမယ်,ပျက်မယ်,ပျောက်မယ်.... (မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (ကျိုးမယ်, ပျက်မယ်,ပျောက်မယ်ပါဘုရား)ဩော်....ဒါဖြင့် ကျိုးမည့်ပစ္စည်း၊ပျက်မည့်ပစ္စည်း၊ပျောက်မည့် ပစ္စည်းကိုဖြင့် ကျုပ်တို့သည်ကား လို့ ဆိုလို့ရှိယင်ဖြင့် အမြင်မှားလို့သာ သိမ်းဆည်းတန်, သိမ်းဆည်းရမယ်... (မှန်ပါ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

တကယ်ခိုင်တာတော့ဖြင့် ရှာနိုင်တဲ့အချိန်က ရှာဖို့ကောင်းတယ်ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်ပါတယ်.... ( သက်ရောက်ပါတယ်) မသက်ရောက်ဘူးလား.... (သက်ရောက်ပါတယ်ဘုရား)။

ဒါဖြင့် တကာကြွယ် ခင်ဗျားဘာထမ်းပြန်ချင်သတုံး(အနှစ်ထမ်းပြီး ပြန်ချင်ပါတယ် ဘုရား)။

ဟုတ်ပါ့မလားခင်ဗျား....၊အိမ်ကနေပြီးသဂ္ဂါလ သားတွေ သမီးတွေကို အင်း....ငါဖြင့် လောကုတ္တရာမဂ္ဂင်ပဲ သွားတော့မယ့်မဂ္ဂင်ရပြီး နင်တို့နဲ့ ငါနဲ့ ဘာမှမဆိုင်တော့ဘူးလို့ ပြောရဲ့ပါ့မလား....၊ တိုင်ပင်ရဦးမှာပဲဘုရာ့....၊ စဉ်းစားရဦးမှာပဲလား...၊ ကဲ....ရှိပါစေတော့ တကာကြွယ်ရာ....နော် ပထမ မဂ်လောက် ရယင်ပဲ ကျုပ်တို့အနှစ် ခိုင်မြဲပါပြီ....(မှန်ပါ့ဘုရား) ရှင်းကြပ သား....(ရှင်းပါပြီဘုရား)။

ပထမမဂ်လောက်ရယင်ပဲ.... (ခိုင်မြဲပါပြီ) ခိုင်မြဲပါပြီ ဘာဘာ ဘာကာမတို့ သုံးဆယ့်တဘုံမှာဖြင့် အိုပွဲ, နာပွဲ, သေပွဲသည် ကားလို့ဆိုယင် အတော်ကိုနည်းပါပြီ (မှန်ပါ့) အလွန်အရှုပ် ဆိုးတဲ့ သောတာပန်တောင် ခုနစ်ခါပဲသေရမယ်....(မှန်ပါ့)။

ဟာ....တပည့်တော်တို့ ဒီဥစ္စာမသေချင်ပါဘူးဘုရာ့....၊သော တာပန်တည်ပြီး ဆက်ပြီးတက်သွားပါမယ်ဆိုယင် တခါသေနဲ့ပြီး ပါတယ်....(မှန်ပါ့)မပြီးဘူးလား....(ပြီးပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် တကာတကာမတို့ တခါသေကြိုက်သလား- နှစ်ခါသေကြိုက်သလားလို့ တကာကြွယ် မေးရဦးမယ် (မှန်ပါ့) ဘယ့်နှယ်တုံးဟင်....(တခါသေတာကြိုက်ပါတယ်) အလကား ပြောနေတာ ခင်ဗျားတို့....၊ အလကားပြောနေတာတဲ့ သော တာပန်ဖြစ်ပြီး အပါယ်လေးပါးလဲ စိတ်ချပေါ့ပဲ၊ အေးအေး ခတော့ဖြင့် နေချင်ဦးမှာပဲ.... (မှန်ပါ့) မနေချင်ပေဘူးလား.... (မနေချင်ပါဘုရား)။

မနေချင်ဘူး....(မှန်ပါ့)အေး.... တော်သေးရဲ့-တော်သေးရဲ့၊ ဒါက ခန္ဓာဝန်အပြစ်ကို ကျကျနန မြင်မှသာလျှင်လဲ ခုနစ်ခါ သေဆိုတာ ခုနစ်ခါ အသုဘဖြစ်ရတယ်....(မှန်ပါ့)။

ခုနစ်ခါသေဆိုတာ....(ခုနစ်ခါအသုဘဖြစ်ရပါတယ်)ခုနစ်ခါ မျက်ရည်ပွဲတွေကော....(ကြုံခဲ့ရပါတယ်) ဆိုးတဲ့အပြစ်တွေ ကျန် သေးတာပေါ့....(မှန်ပါ့)။

အဒါကြောင့် အပါယ်လေးပါးလွတ်ရုံ တကာကြွယ်ရေ.... မတော်သေးဘူးပေါ့ဗျာ....(မှန်ပါ့)ခန္ဓာလွတ်မှ အဖိုးတန်တယ် (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်.... ( ခန္ဓာလွတ်မှ အဖိုးတန်ပါမယ် ဘုရား)။

ဒီခန္ဓာဒုက္ခသစ္စာကြီးနဲ့ကို လွတ်ရေး ကျွတ်ရေး ကေန် တခါ တည်း ပြီးသွားမှသာလျှင် ဦးမာဒင်ရေ အရေးအကြီးဆုံးကိစ္စ ပြီး ပါတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

နို့ မဟုတ်ယင်ဖြင့် ခန္ဓာဝန်ရှိနေတော့ ရဟန္တာတောင်မှ ဟို- မာန်တွေ ဘာတွေက ပြစ်မှားလို့ ဒယ်အိုးထဲထည့်ပြီး ဆီနဲ့ အကြော်ခံရတာရှိသေးတယ်....(မှန်ပါ့)။

ဘယ်နှယ်ကြောင့် ရဟန္တာ ဆီကြော်ခံရပါလိမ့်မတုံးဆိုတော့ ရဟန္တာခံရတာမဟုတ်ဘူး၊ခန္ဓာအကြော်ခံရတာ.... (မှန်ပါ့)ရိပ်မိ ပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ မင်းပြစ်စိုးဒဏ်တွေက ကင်းရဲ့လား....(မကင်းပါ ဘုရား)မကင်းသေးလို့ရှိယင်ဖြင့် ဒါ ကိလေသာအတွက်လား ခန္ဓာ့အတွက်လား....(ခန္ဓာ့အတွက်ပါဘုရား)။

ကိလေသာကတော့ ရဟန္တာဖြစ်ကတည်းက ကိလေသာဒဏ်ချက်ကတော့ ကုန်ပါပြီ...(မှန်ပါ့)ခန္ဓာဒဏ်ချက်က မကုန်သေးတော့ ခုနင်က ဆီကြော်ခံပြီး အသတ်ခံရတဲ့ ရဟန္တာ, ရှင်သာရိပုတ္တရာတို့ သွေးအန်တာတွေက ဟင်....(မှန်ပါ့)။

ရှင်မောဂ္ဂလ္လာန်တို့ခိုးသားရိုက်ပြီးသေရဆိုတာတွေ ကိလေသာကတော့ ကုန်ပြီးသား(မှန်ပါ့)ခန္ဓာကျန်နေလို့ တကာတကာမတို့အရုပ်ဆိုးသေခြင်းဖြင့် သေရရှာတယ်....(မှန်ပါ့) မသေရဘူးလား (သေရပါတယ်ဘုရား)။

အဲဒါ ဘယ်သူ့အတွက်ပါလိမ့်....(ခန္ဓာ့အတွက်ပါ) ဒါဖြင့် တကာကြွယ်ရေ ခုနစ်ဘဝဟာလွန်တယ်....(မှန်ပါ့)အရိုက်ခံချင်သေးလို့ပဲ....(မှန်ပါ့)ဒီအခိပ္ပာယ်မကျဘူးလား.... (ကျပါတယ်ဘုရား)။

အရိုက်ခံချင်သေးလို့, သေချင်းဆိုး သေချင်သေးလို့ ဆိုတဲ့ ဒီစကားကို ဦးမာဒင် သုံးထိုက်မသုံးထိုက်....( သုံးထိုက်ပါတယ်ဘုရား)။

ဒါက တက်ပြီးဟောတဲ့တရားလို့ မှတ်လိုက်(မှန်ပါ့) ခန္ဓာ့အပြစ်ဟာ ဆိုးတယ်ဆိုတဲ့ဥစ္စာ တကာတကာမတွေ တချို့ကတော့ သောတာပန်တည်ပေါ့-ဝိသာခါတို့လိုကျုပ်တို့ကြိုက်တယ်လာချင် လာဦးမှာ.... (မှန်ပါ့) သိကြားမင်းကြီးတို့လိုပေါ့.... (မှန်ပါ့)ကြိုက်တယ်လို့ ပြောချင်လဲ ပြောကြဦးမှာ.... (ပြောမှာပါဘုရား)။

ဘာ့ကြောင့်တုံး....၊ အပါယ်လေးပါး စိတ်ချရပေါ့ဗျာ....၊ အေးအေးနေလိုက်တာပေါ့ အစရှိသည်နဲ့ သူ-အပါယ်လေးပါး သာ မြင်တာကိုး၊ ခန္ဓာ့ဝန်ကို....(မမြင်ပါဘုရား)။

အဲ....နောက်ထပ်ပြောတာက ခန္ဓာ့အပြစ်ကို ပြောပါတယ်၊ (မှန်ပါ့)တကာသစ် ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာ့အပြစ်လောက်ကြီးတာကော ရှိရဲ့လား....(မရှိပါဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ခိုင်မြဲတဲ့ဥစ္စာ တခုရလို့ ရှိယင်လဲ ဆက်တက်တာအေးပါတယ်....(မှန်ပါ့)။

တခုခုရလို့ရှိယင်လဲ....(ဆက်တက်တာ အေးပါတယ်ဘုရား) ကိုင်း....ဒါဖြင့် ဆက်တက်ချင်တဲ့ အခါကျလို့ရှိယင့်လဲ တကာ တကာမတို့ သတိပေးပါဘယ်.... (မှန်ပါ့) ပထမဖြစ်ပျက်ကို မြင် တယ်....(မှန်ပါ့)။

ရှုလိုက်တယ် ဝိပဿနာဉာဏ်နဲ့....၊ ဟာ....ဖြစ်ပျက်တွေ မှန်း လာတယ်ဆိုယင် ဒီအတိုင်းတက်တယ် တကာသစ်.... ( မှန်ပါ့ ဘုရား)။

နောက်ဖြစ်ပျက်တွေ တခါဆုံးသွားတယ်ဆိုတော့ ဩော်.... အဆုံးဖြစ်တဲ့ နိဗ္ဗာန်မြင်ရတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

နောက်တခါ တပည့်တော် ဒါ သောတာပန်တည်ပြီဘုရာ့-၊ ဖြစ်ပျက်အဆုံးမြင်ယင် သောတာပန်တည်တယ်.... (မှန်ပါ့)။

နောက်တခါ သကဒါဂါမ်တည်ချင်တော့လဲ ဒီအတိုင်း လုပ် ရမယ်....(မှန်ပါ့)။

အင်း....ဖြစ်ပျက်မြင်အောင် လုပ်ရုံပဲ.... (မှန်ပါ့) ဖြစ်ပျက်မုန်းအောင်....(လုပ်ရပါမယ်) တခါ ဖြစ်ပျက်ဆုံးအောင်.... (လုပ်ရပါမယ်ဘုရား)ဒါ သကဒါဂါမ်တည်တာပဲဆိုတော့ ဒြေဲ....ဒို့အရင်လမ်းအတိုင်း သွားရတာ ဖုံနေတာပဲ၊ တိုးရှုရတာလဲ မဟုတ်ပါဘူး၊ ဒီလမ်းပြန်လိုက်ရတာဆိုတော့ ပျင်းစရာမလိုပါဘူး (မှန်ပါ့)လိုသေးသလား....(မလိုပါဘုရား)။

ကိုင်း....ဒါဖြင့် အနာဂါမ်တည်ချင်ပြန်တော့ ဘယ်က စ,ကြမယ်....(ဖြစ်ပျက်က စ,ကြပါမယ်)ဒီ ဥဒယဗ္ဗယဖြစ်ပျက်က နေပြီး စ,ရမယ် (မှန်ပါ့)။

ဖြစ်ပြီးပျက်တော့ မုန်းတဲ့ဉာဏ်တက်လိုက်.... (မှန်ပါ့) ပြီးတော့မှ ဆုံးတဲ့ဉာဏ်ပေါ်လာအောင် လုပ်လိုက်.... (မှန်ပါ့) ဆိုတော့ အနာဂါမ်တည်တယ်....(မှန်ပါ့)။

တခါရဟန္တာဖြစ်ချင်ပြန်တယ်ဆိုတော့ တကာကြွယ် ဘယ်က စ,မလဲ....(ဖြစ်ပျက်က စ,ရပါ့မယ်) ဖြစ်ပျက်က စ,ပြီးသကာလ ဖြစ်ပျက်မုန်းတဲ့ဆီ တက်လိုက်....(မှန်ပါ့)။

ဖြစ်ပျက် မုန်းတဲ့ဉာဏ်ရောက်အောင် တခါတည်း ကြိုးစားလိုက် (မှန်ပါ့) အင်း....ရဟန္တာဖြစ်သွားတယ်.... (မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ တဘဝတည်းနဲ့ တခဏာဘည်းနဲ့ ကော မဖြစ်နိုင်ဘူးလား.... (ဖြစ်နိုင်ပါတယ်ဘုရား) သဘောကျ ၃လား (ကျပါပြီဘုရား)။

ကြည့်....တကာတကာမတို့ ရှင်သာရိပုတ္တရာဟာ ရှင်အဿဇိ ဆုမ်းခံကြွလာတော့ ရှင်အဿဇိက....

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊
ဧဝံ ဝါဒီ မဟာသမဏော။

ဆိုတဲ့ ဂါထာကလေး ဟောလိုက်တယ်၊ သောတာပန်တည်တယ် (မှန်ပါ့) ခန္ဓာဉာဏ်လှည့်လိုက်တာ သောတာပန်တည်တယ်.... (မှန်ပါ့)။

နောက်ကျတော့ကို ဝက်တူးတဲ့ဂူကြီးထဲမှာ ဘုရားထံသွားပြီး သူက နောက်က ယပ်ခတ်နေတော့ ဒီဃနခက ရှေ့ကနေ မေးပြီး ဝေဒနာကမ္မဋ္ဌာန်းမေးနေတာနဲ့ သူက နောက်ကနေပြီး ဖြေတာ တွေကို ခန္ဓာပေါ် ဉာဏ်ရောက်ရှုလိုက်တာ သကဒါဂါမ်ိ၊ အနာဂါမ်ိ၊ ရဟန္တာ အဲဒီ့ဂူထဲတွင်ဖြစ်တယ်....(မှန်ပါ့) မမြန်ဘူးလား (မြန်ပါတယ်ဘုရား)။

သူတို့က ပါရမီရင့်လို့လို့ ခင်ဗျားတို့က ဆိုချင်သေးသလား- (မဆိုချင်ပါဘုရား) မဆိုပါနဲ့၊ ခင်ဗျားတို့လဲ ပါရမီရင်တွေပါပဲ (မှန်ပါ့)။

ပါရမီရင် မဟုတ်လို့ရှိယင် လူ့ပြည်လဲ မရောက်ပါဘူး.... ဒီသာသနာတရားတွေနဲ့လဲ မတွေ့ပါဘူး၊ ဒီတရားလဲ နားမထောင် တတ်ပါဘူး....(မှန်ပါ့) ဒီအလုပ်-လုပ်ချင်တဲ့စိတ်လဲ ပေါ်မှာ မဟုတ်ပါဘူး.... (မှန်ပါ့ဘုရား) ပေါ်ပါ့မလား.... (မပေါ်ပါ ဘုရား)။

အဲဒီတော့ သူတို့တော့ ပါရမီ့ရင်မို့မြန်တာ တပည့်တော်တို့ကတော့ ပါရမီရင်က မဟုတ်ဘူးလို့ ဒီလိုလဲ နောက်ထိုင်မချနဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုယ်လဲ ပြည့်စုံပြီးသား.... ပြီးပြီးသား အကြောင်းကြောင့် ဒီရောက်၊ ဒီဌာနကို ဒီဉာဏ်တွေပေါ်လာတဲ့ဥစ္စာ ပြည့်စုံအောင် လုပ်လိုက်ယင် တကာကြွယ် ဘာဖြစ်မယ်ထင်သတုံး.... (ခဏနဲ့ ပြည့်စုံပါမယ်ဘုရား) ခဏနဲ့ပြည့်စုံမယ်ဆိုတာ ဦးလှဘူး ဘာမှ သံသယမရှိနဲ့.... (မှန်ပါ့) ရှင်းပါတယ်ဆိုတာ မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အဲဒါကြောင့် ပါရမီကိုလဲ မချနဲ့၊ သဒ္ဓါနဲ့ ပညာ, ဝီရိယနဲ့ သမာဓိ, သတိမလစ်စေနဲ့....(မှန်ပါ့)သဒ္ဓါနဲ့ ပညာ ညီမျှပါစေ- (မှန်ပါ့)ဖြစ်ပျက်ဆီလွှတ်တဲ့အခါလေ....(မှန်ပါ့ဘုရား) ဝီရိယနဲ့ သမာဓိကော....(ညီမျှရပါမယ်ဘုရား) သတိတော့ မလစ်စေနဲ့.... (မှန်ပါ့)။

အဲဒီငါးခုညီလို့ရှိယင် ဣန္ဒြေညီယင် မရမရှိပါဘူး-(မှန်ပါ့) တကာသစ် သဘောကျပလား....(ကျပါပြီဘုရား)။

သဒ္ဓါနဲ့ ပညာ ဘာလုပ်ရမယ်....(ညီရပါမယ်ဘုရား)ဖြစ်ပျက်ဆီ လွှတ်တဲ့အခါ ညီပြီးလွှတ်ရမယ်....(မှန်ပါ့) ဝီရိယနဲ့ သမာဓိကော....(ညီရပါမယ်ဘုရား)။

ဘယ်ဆီ ညီအောင်လွှတ်ရမှာတုံး... (ဖြစ်ပျက်ဆီပါဘုရား) ဖြစ်ပျက်ရှိတဲ့ဆီကို ညီအောင်လွှတ်ပေး ...(မှန်ပါ့)။

အင်း....သတိတရားကတော့ ဘယ်အခါမဆို ပေါ်လာတိုင်း ပေါ်လာတိုင်း မလစ်စေနဲ့....(မှန်ပါ့)။

အဲဒီ ပေါ်လာတိုင်းလဲ မလစ်ဘူး၊ ခုနင်က ပြောခဲ့တဲ့ နှစ်ခု ညီညွတ်ရေးတွေလဲ ပြည့်စုံကြမယ်ဆိုလို့ရှိယင်ဖြင့်.... တဲ့ တကာ ကြွယ် မရ,မရှိပါဘူး....(မှန်ပါ့) အနှစ်သေသေချာချာရမယ်.... (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

အနှစ် သေသေချာချာ ရလို့ရှိယင်ဖြင့် ကျိုးလိမ့်ဦးမယ်.... ပျောက်လိမ့်ဦးမယ်....ပျက်လိမ့်ဦးမယ် ဦးမာဒင် ဆိုစရာ လိုသေး သလား....(မလိုပါဘုရား)။

အဲ....ကျုပ်တို့ ရှေးတုန်းက ဘယ်လိုများနေခဲ့ကြပါလိမ့်မတုံး ဆိုတော့ ခုနင်က အကိုင်းထမ်း ပြန်ခဲ့လို့လဲ တကာတကာမတို့ ကျိုးခဲ့,ပျက်ခဲ့တဲ့ ခန္ဓာကြီးနဲ့ အချိန်ကုန်ခဲ့ပြီ.... (ကုန်ခဲ့ပါတယ် ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အကိုင်းထမ်းပြန်ခဲ့လို့ ကျိုးခဲ့,ပျက်ခဲ့တဲ့ ခန္ဓာပေါင်း ဘယ် လောက် စွန့်ခဲ့ရပလဲ....(မရေတွက်နိုင်ပါဘုရား)။

အင်း....အပွေးထမ်းပြန်ခဲ့လို့ ကျိုးခဲ့ ပျက်ခဲ့တဲ့ ခန္ဓာပေါင်း ဘယ်လောက် စွန့်ခဲ့ရပလဲ....(မရေတွက်နိုင်ပါဘုရား) သဘောပါ ပလား....(ပါ-ပါပြီဘုရား)။

ဒသာထမ်းပြန်ခဲ့ရလို့ ကျိုးခဲ့,ပျက်ခဲ့ရတဲ့ ခန္ဓာပေါင်း.... ( မရေတွက်နိုင်ပါဘုရား ) အသားလောက်ကို ထမ်းပြန်လို့ ဗြဟ္မာ့ပြည်မှာ ကျိုးခဲ့,ပျက်ခဲ့ရတဲ့ခန္ဓာပေါင်း.... (မရေတွက်နိုင်ပါ ဘုရား) ဟော....အခုလဲ ကျိုးမည့်,ပျက်မည့် ခန္ဓာကြီးရ,ထားပြီ- (မှန်ပါ့)။

ဒီတခါ အနှစ်ရှာမတွေ့လို့ ရှိယင်ဖြင့် တကာကြွယ် ကိုယ်ကျိုး အကြီးအကျယ်နည်းပြီ.... (နည်းပါပြီဘုရား) မနည်းပေဘူးလား....(နည်းပါတယ်ဘုရား)။

ဒါဖြင့် မရရအောင် ရှာမယ်ဆိုတဲ့ဥစ္စာဖြင့် မရရအောင် ဝိပဿနာဉာဏ်ကနေ တက်တော့မယ်ဆိုတာ ယနေ့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မှာရှိ၍- ဟောကြားဆုံးမတော်မူသော

ခန္ဓာငါးပါးသည် ကမ်းနားသစ်ပင်နှင့်တူပုံ

# နေ့အလုပ်ပေး-တရားတော်

( ၂၂-၉-၆၁ )

အားလုံး တကာတကာမတွေက ဘယ်လိုအခြေအနေဆိုက် နေသလဲလို့ မေးလို့ရှိယင်ဖြင့် ဘဝပေါင်းများစွာကြာခဲ့ကြပြီး တဘဝထက် တဘဝစုတိပြီး ပဋိသန္ဓေ၊ ပဋိသန္ဓေပြီးပဝတ္တိ၊ ပဝတ္တိပြီးစုတိ၊ စုတိ-ပဝတ္တိ-ပဋိသန္ဓေဆိုပြီး သကာလ တကာ တကာမတွေ စုတိ၊ တော်တော်ကြာ ပဋိသန္ဓေလာပြန်ပြီ၊ တော် တော်ကြာ ပဝတ္တိနေရပြန်ပြီ၊ တော်တော်ကြာစုတိပြီး သေရ ပြန်ပြီဆိုတဲ့ ဒီလိုပဋိသန္ဓေပေါင်း ဒီလိုပဝတ္တိနေခဲ့ရတဲ့ အပေါင်း- စုတိခဲ့ရတဲ့အပေါင်း တကာကြွယ် ရေတွက်နိုင်ပါ့မလား .... (မရေတွက်နိုင်ပါဘုရား)။

မရေတွက်နိုင်ဘူးဆိုတာ ဘုန်းကြီးတို့ တကာတကာမတွေ ကိုက .... အဝိဇ္ဇာဖုံးလို့သာ မမြင်တာလို့ မှတ်ကြပါနော် .... (မှန်ပါ့)စင်စစ်အားဖြင့် တကာသစ်တို့ တပည့်တော်တို့နောက်က ဘယ်နှစ်ခါ ပဋိသန္ဓေနေ၍ ဘယ်နှစ်ခါ ပဝတ္တိအခါမှာနေခဲ့ရ တယ်၊ ဘယ်လောက်သေခဲ့ရတယ် ဆိုတာ မည်သူမှ မသိကြပဲ ဖြစ်နေတယ်....(မှန်ပါ့) နေခဲ့ရတယ်ဆိုတာကတော့ သေချာတယ်

(သေချာပါတယ်) ဘယ်လောက်တုံးလို့ ရေတွက်ပါဆိုတော့ အစမရှိအောင်ပဲ ရှည်လွန်းတယ်....(မှန်ပါ့ဘုရား)။

အဲဒီလို လာပြီးသကာလ နေခဲ့ရတဲ့ဘဝတွေဟာ ဘယ်သူ့ကြောင့် ဒါလောက်တောင် ပဋိသန္ဓေနေခြင်းဆင်းရဲ- ပဝတ္တိ အိုခြင်းဆင်းရဲ- စုတိ သေခြင်းဆင်းရဲဆိုတဲ့ ဆင်းရဲလက်စ မပြတ်ပဲနဲ့ ဆင်းရဲလက်စသာ ရှည်ပြီးနေခဲ့ရတဲ့ ဘဝတွေသည်တဲ့ ဘယ်သူ့ဒဏ်ချက် ဘယ်သူ့လက်ချက်ဆိုတဲ့ဥစ္စာ တကာကြွယ် လက်သည်ရှာဖို့ အရေးကြီးတယ်....(ကြီးပါတယ်ဘုရား)။

လက်သည်ရှာကြည့်ပါ တကာတကာမတို့နော် .... (မှန်ပါ့) လက်သည်ရှာကြည့်လို့ လက်သည် မမိလို့ရှိယင်ဖြင့် ကိုယ်ဟာ သူစီမံသလိုပဲ လက်သည်စီမံသလိုပဲ ပဋိသန္ဓေနေလိုက်ဟဲ့၊အိုလိုက် နာလိုက်, သေလိုက်ဟဲ့ဆိုတဲ့ ဒီလမ်းကိုပဲ အမြဲသွားနေရမယ်.... (သွားနေရမှာပါ) မသွားရဘူးလား.... (သွားရပါတယ်ဘုရား)။

အဲဒါ ဘာကြောင့် သွားရသတုံးလို့ မေးတဲ့အခါကျတော့ လက်သည်မမိလို့ဘုရား....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ) ဘာ့ကြောင့်ပါလိမ့်.... (လက်သည်မမိလို့ပါဘုရား)။

ဒီမှာလဲ ဆရာဘုန်းကြီးက ဘုရားဟောတဲ့ နည်းအတိုင်း လက်သည်ဖမ်းပေးမယ်....(မှန်ပါ့)လက်သည်ဖမ်းပေးပြီး သံသရာ ရေယဉ်ကြောမှာမျောတတ်တဲ့လက်သည်ကိုဖြင့် ငါတို့အမိဖမ်းပြီး သကာလ သတ်ရလို့ရှိယင်ဖြင့် သံသရာထဲမှာ ဒို့မြုပ်ခြင်း၊မျော ခြင်းဆိုတာကြီးဟာ လွတ်ရတော့မယ်ဆိုတာ သေသေချာချာ မှတ်ရမယ်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ယနေ့ လက်သည်ဖမ်းပေး လိုက်တော့ ဘာတွေသတုံးလို့ မေးတဲ့အခါကျတော့ သေခါနီး

ကျလာပြီဆိုယင် တဏှာ, ဥပါဒါန်တို့က ဘယ်ဘဝဟာ မင်းကောင်းတယ်ဆိုပြီးသကာလ ဘယ်ဘဝ-ရှေ့ဘဝ သူက ကူးပြီးသကာလ ကောင်းတယ်လို့ ပြောလိုက်ပြန်တော့ ကံကနေပြီးသကာလ အဲဒီဘဝကို ပဋိသန္ဓေအနေခိုင်းလိုက်တယ်....(မှန်ပါ) ဒါဖြင့် တဏှာလက်သည်ပဲဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ကံဆိုတာကတော့ တကာတကာမတွေ သိပြီးသားအတိုင်း ခဏခဏလဲ ပြောဟောနေလို့ ကံဟာလက်သမားပါ တကာတကာမတို့ ခန္ဓာကိုဆောက်တဲ့ အိမ်ပိုင်ရှင်က တဏှာပါလို့ပြောတယ်....(မှန်ပါဘုရား)။

ခန္ဓာကို တကာတကာမတို့ ဘယ်အိမ်ဆောက်ပါဆိုတဲ့ဥစ္စာက တဏှာကခိုင်းတာ .... (မှန်ပါဘုရား) ကံလက်သမားကတော့ဖြင့် လက်သမားပီပီပဲ တကာတကာမတို့ လူ့ခန္ဓာအိမ်ဆောက်လိုက် တိရစ္ဆာန်ခန္ဓာအိမ်ဆောက်လိုက်(မှန်ပါ)ပြိတ္တာ အပါယ်လေးပါး ခန္ဓာအိမ်ကို....(ဆောက်ပါတယ်ဘုရား)။

ဩော်.... ဒါဖြင့် ကံကလိုရင်းလား - တဏှာကလိုရင်းလား.... (တဏှာကလိုရင်းပါ) တဏှာက အိမ်ပိုင်ရှင်ကိုးဗျ....( မှန်ပါ ) တဏှာက ပစ္စည်းရှင်-ကံကလက်သမား.... (မှန်ပါ) ခန္ဓာကြီးက အထည်....(မှန်ပါ) သဘောကျပလား(ကျပါပြီဘုရား)။

တဏှာကအိမ်ပိုင်ရှင်....(မှန်ပါ)ကံက.... ( လက်သမားပါ ) ဖြစ်ပေါ်လာတဲ့ ခန္ဓာအိမ်ကြီးက တကာတကာမတို့ သိတဲ့အတိုင်းတဲ့ ကံစီမံသလိုဖြစ်ရဘယ် .... ( မှန်ပါ ) တခါတလေ ခြေလေးချောင်း နဲ့ကံက ခန္ဓာအိမ်ဆောက်လိုက်လို့ နွားကြီးများ

ဖြစ်ရတယ်....( မှန်ပါ ) ကျွဲကြီးများဖြစ်ရ၊ ကင်းခြေများ ယင်လဲဖြစ်ရ၊အမျိုးမျိုးအဖုံဖုံ နောက်ချေးပိုးထိုးတွေများဖြစ်ရ, (မှန်ပါဘုရား) ဒီဟာတွေဖြစ်တာသည်ကားလို့ဆိုယင် ကံက ဆောက်တာပဲ....(မှန်ပါ)။

ကံကတော့ ဆောက်တော့ဆောက်တာပဲ၊ သူဆောက်ချင် သလိုဆောက်ရသလား၊ တဏှာ အိမ်ပိုင်ရှင်စီမံသလို ဆောက်ရ သလားလို့ ဦးမာဒင်တို့ မေးယင် ဘယ့်နှယ်ဖြေကြပါမလဲ.... (တဏှာအိမ်ပိုင်ရှင် စီမံသလိုဆောက်ရပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ တဏှာဟာ လိုရင်းပဲ ဆိုတဲ့ဥစ္စာ သေချာပါပြီ....(သေချာပါတယ်ဘုရား)။

ဒါကြောင့် ဟော့....ခန္ဓာယောကျ်ားလက်သမား နောက် ခန္ဓာအိမ်ဆောက်ရလိမ့်မယ်လို့ မထင်နဲ့တော့လို့ ဘုရားက ပထမဘိသိက်ခံပြီးတဲ့အခါ အနေကဇာတိ သံသာရံများရွတ်တဲ့ အခါကျတော့ တဏှာယောကျ်ားလက်သမား နောက်ခန္ဓာ အိမ်ဆောက်ရလိမ့်မယ်လို့ မင်း-မအောက်မေ့နဲ့ဆိုတော့ ကံပါ သေးရဲ့လား.... (မပါ-ပါဘုရား)။

မပါတော့ပါဘူး....တဲ့၊ ဘာ့ကြောင့်တုံး....ဆိုတော့ ကံက မပြဋ္ဌာန်းတဲ့လူဖြစ်နေပါတယ်.... (မှန်ပါ) ကံက ဘာပါလိမ့်.... (မပြဋ္ဌာန်းတဲ့လူဖြစ်နေပါတယ်ဘုရား)။

မပြဋ္ဌာန်းတာဖြစ်နေတော့ ပြဋ္ဌာန်းတာက တကာသင်တို့- ဦးမာဒင်တို့ ဘယ်သူပါလိမ့်ဗျာ... (တဏှာပါဘုရား)။

ဒါဖြင့် တဏှာက လိုချင်တာ ညွှန်ပြသမား....(မှန်ပါ` ကံက ခန္ဓာအိမ်ဆောက်သမား....(မှန်ပါ)။

ခန္ဓာအိမ်ဆိုတဲ့ဥစ္စာသည် တကာတကာမတို့အိုဘေး,နာဘေး, သေဘေး အပြည့်ရှိတာကို ခန္ဓာအိမ်လို့ခေါ်တယ်.... ( မှန်ပါ ဘုရား)။

အိုဘေး,နာဘေး,သေဘေးအပြည့်ရှိတာ ဘာခေါ်ကြမယ်.... (ခန္ဓာအိမ်ခေါ်ပါတယ်ဘုရား)။

ခန္ဓာအိမ်ခေါ်တယ်ဆိုတော့ အခု တကာတကာမတွေမှာ ခန္ဓာအိမ်ကြီးကိုဖြင့် ဆောက်ထားပြီ.... ( ဆောက်ထားပါပြီ ဘုရား) ဘယ်သူပါလိမ့်မတုံး....လို့ လက်သည်ရှာထော့ ကံတွေ့ တယ်....(မှန်ပါ)။

ဩြော်....ကံစီမံသလို ခံရတာပဲလို့ တကာတကာမတွေက တော့ သူတို့သိသလောက် ဉာဏ်ကလေးနဲ့ ဦးမာဒင် ဒါပဲ ပြောတယ်....(ပြောပါတယ်ဘုရား)။

စင်စစ်တော့ ကံစီမံသလိုခံရတာလား၊ တဏှာလက်ညှိုးညွှန် သလို ကံက လုပ်ရတာလား.... (တဏှာလက်ညှိုးညွှန်သလို ကံက လုပ်ရတာပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ လက်သည် အဖမ်း လွဲနေတယ်.... (လွဲနေပါတယ်ဘုရား) လက်သည် အဖမ်း သေ သေချာချာလွဲပါတယ်ဆိုတာဖြင့် ပေါ်ကြပါပြီ.... (ပေါ်ပါပြီ ဘုရား)။

ကံစီမံသလိုခံယူကြတာလား၊ တဏှာစီမံသလိုခံရတာလား- (တဏှာစီမံသလိုခံရတာပါဘုရား)။

ခင်ဗျားတို့က ပဋိစ္စသမုပ္ပါဒ် မကြည့်လိုက်လို့ပါ....တဲ့၊ ဒီက တဏှာ ဥပါဒါန်နှစ်ခု....(မှန်ပါ) ဒီက ကံဘခု....(မှန်ပါ) ဒီက စီမံလိုက်တဲ့အခါကျတော့ကို တကာတကာမတို့ ခန္ဓာငါးပါး

ပေါ်လာတယ်....(မှန်ပါ့) စုတိပြီးတော့ ခန္ဓာငါးပါးပေါ်လာတယ်....(ပေါ်ပါတယ်ဘုရား)။

ဒီခန္ဓာငါးပါးကလဲ တကာတကာမတွေ မြင်တဲ့အတိုင်းကာ ကဆောက်တာတော့ ဘုန်းကြီးတို့လဲ မငြင်းပါဘူး.... (မှန်ပါ့) ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်တာကိုးဗျ....(မှန်ပါ့)။

ကမ္မဝဋ်ကြောင့်.... ( ဝိပါကဝဋ်ဖြစ်ပါတယ်ဘုရား ) ဒါလဲ မငြင်းပါဘူး၊ သို့သော်လဲ သူဟာ အရင်းကျသလား- မကျဘူးသလားဆိုတာ တကာသစ်တို့-တကာကြွယ်တို့က တွေးဖို့ လိုလာတယ်....(လိုပါတယ်ဘုရား)။

လိုတဲ့အခါကျတော့ တဏှာကြိုက်တာကိုဆောက်ပေးရသည် (မှန်ပါ့) ခန္ဓာအိမ်ကို ဘာတုံး....(တဏှာကြိုက်တာကို ဆောက်ပေးရပါတယ်ဘုရား)။

တဏှာက သွားစွဲသွားလို့ ရှိယင်ဖြင့် ပြိတ္တာခန္ဓာအိမ်ကြီးကို၊ သေကာနီး သွားစွဲသွားတယ်- သမီးစွဲသွားတယ် - ပစ္စည်းစွဲသွားတယ်ဆိုယင် တဏှာစွဲတဲ့ခန္ဓာလာပေါ့....(မှန်ပါ့) ကံလုပ်တဲ့ခန္ဓာပေါ်သလား၊ တဏှာလုပ်တဲ့ခန္ဓာပေါ်သလား....(တဏှာလုပ်တဲ့ခန္ဓာပေါ်ပါတယ်ဘုရား)။

အဲဒါတွေ ဝေဖန်ကြည့်တော့မှ သြော်.... ကိလေသဝဋ်ကျွတ်မှပါလား....(မှန်ပါ့) ပေါ်ကြပလား-(ပေါ်ပါပြီဘုရား) ဘာပါလိမ့်ဗျာ.... (ကိလေသဝဋ်ကျွတ်မှပါဘုရား)။

ကိလေသဝဋ်ကျွတ်သို့ ရှိယင် ကမ္မဝဋ် နင်သွားတော့လို့.... ဆိုစရာ လိုသေးသလား....(မလိုပါဘုရား)။

ဒါ့ကြောင့် ကံကို သမုဒယသစ္စာမဖွဲ့ပဲနဲ့ တဏှာကို သမုဒယသစ္စာဖွဲ့တာကို တကာသစ်တို့-ဦးမာဒင်တို့ ထောက်ကြည့်တာပေါ့....(မှန်ပါ့) ဟောဒီ သမုဒယကြောင့် ဟောဒီ ဒုက္ခဖြစ်တယ်ဆိုတာ ကံကျော်သွားပြီ....(မှန်ပါ့) မကျော်ဘူးလား....(ကျော်ပါတယ်ဘုရား)။

ဗီသမုဒယကြောင့် တဏှာ ဥပါဒါန်ဆိုတဲ့ သမုဒယကြောင့် တကာတကာမတို့ ဒုက္ခခန္ဓာကြီးပေါ်လာတယ်.... (မှန်ပါ့ဘုရား) ကံပါသေးရဲ့လား....(မပါ-ပါဘုရား)။

နို့....ဘုန်းကြီးတို့ တကာတကာမတွေက အရေးရှိကံ၊ အရေးရှိကံနဲ့ ကံပဲ မှတ်ပြီးသကာလ ကံခေါင်းပေါ်ချည့် လျှောက်ပုံကြတယ်....( မှန်ပါ့ ) ကံခေါင်းပေါ်ချည့် လျှောက်ပုံတော့ ပြောင်....ကိုယ့်ပင်စ္စသမုပ္ပါဒ်မှ ကိုယ်မမြင်တော့ ပုံမိပုံရာ ပုံလိုက်တာပဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါပြင့် ကိုယ်အကြောင်း ကိုယ်သိတော့ အခုတခါ ဆရာသမားက အရင်းကျကျပြောပြန်တော့လဲ တကာတကာမတို့ ဘယ်သူ့အပေါ်မှာ ပုံချရမှာပါလိမ့် (တဏှာ့အပေါ်မှာ ပုံချရမှာပါဘုရား) ဘုရားညည်းတာလဲ....

အနေကဇာတိ သံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊
ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

ငါ လက်သမားရှာတဲ့အခါ တဏှာတွေ့တယ်လို့ ပြောတာ.... (မှန်ပါ့) ကံတွေ့တယ် ပြောရဲ့လား....(မပြောပါဘုရား)။

အဲဒါတွေ ထောက်ကြည့်တော့မှ ဩော်.... ဘုန်းကြီးတို့ တကာတကာမတွေ ကံမကောင်း အကြောင်းမသင့်လို့ တပည့်တော်တို့ဘုရား အကျိုးအကန်း အပဲ့ဖြစ်ရတယ်၊ ကံမကောင်း အကြောင်းမသင့်လို့ သားဆိုးသမီးဆိုးနဲ့ တွေ့ရတယ်ဆိုတဲ့ဥစ္စာ ခင်ဗျားတို့လဲ့တယ်....(လဲ့ပါတယ်ဘုရား) တပည့်တော်ကိုတဏှာ တပည့်တော်တို့ မနိုင်လို့ ဒီဒုက္ခတွေ အစုံတွေ့ရတယ်ဆိုယင် ကိုက်တယ်....(ကိုက်ပါတယ်ဘုရား)။

တပည့်တော်တို့ တဏှာကို.... (တပည့်တော်တို့မနိုင်လို့ ဒုက္ခတွေ့ရပါတယ်ဘုရား) မနိုင်လို့ ဒီဒုက္ခအစုကြီး တွေ့ရတယ်လို့ ဒီလို ညည်းလိုက်ယင် ဘုန်းကြီးများကလဲ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နဲ့လဲကိုက်....(မှန်ပါ့) သစ္စာလေးပါးနဲ့လဲ သွားကိုက်တဲ့ အတွက် ဩော်....တကာတကာမတွေ အမြင်မှန်ပြီလို့ သေသေချာချာ ဆိုရပါတယ်....(မှန်ပါ့)။

အခုတော့.... အမြင်မှန်မရတော့ သူများနှုတ်ယောင်ခံပြီး သကာလ ဦးမာဒင်ရေ.... ကမ္မဝဋ်ကြီးပဓာနထားပြောနေတယ်.... (မှန်ပါ့) ကိလေသဝဋ်ကျွတ်သွားလို့ရှိယင် ကမ္မဝဋ်လာစရာ ရှိသေးသလား....( မရှိပါဘုရား )ဝိပါကဝဋ်ကော.... (မရှိပါဘုရား)။

ဒါဖြင့် တကာသစ်တို့ ဦးမာဒင်ဘို့ လိုရင်းဘယ်သူပါလိမ့်.... (တဏှာပါဘုရား)။

ဩော်....ဒါဖြင့် သံသရာဆဲမှာ ဟိုဘဝ-ဒီဘဝ မျှောချလိုက်တာ တဏှာပဲပေါ့....(မှန်ပါ့)။

ဟိုဘဝ-ဒီဘဝမျှောလိုက်တာ ... (တကျော့ပါဘုရား)တကျော့ပဲ ဆိုပါ့ ဘုန်းကြီးတို့ တကာတကာမတွေ သေချာကြပလား.... (သေချာပါပြီဘုရား)။

ဩော်....ဒါဖြင့် ဟိုဘဝ-ဒီဘဝကို တပည့်တော် အဘိညာဉ်က မရလို့မမြင် ရှိပါစေဦးတော့၊ တခါတလေများ သားရှိရာ သွားတယ် မိဘများက....(မှန်ပါ့) သူသွားချင်လို့ သွားရတာ လား၊ တကျော့မျှောလို့မျှောရရှာတာလား.... (တကျော့မျှောလို့ မျှောရရှာတာပါဘုရား)။

ဒါတောင်မှ တကာတကာမတွေကလဲ ကိုယ်တိုင်သွားပြီး သကာလ မျှောနေရတာတောင်မှ ဦးမာဒင်ရေ ကံပေါ်ချချင်ချ နေတာပဲ....(ချနေပါတယ်ဘုရား)။

စင်စစ်တော့ တကျော့က မလှို့ဆော်ပဲနဲ့ နင့်သားဆီသွား လိုက်ပါဦးလား....၊ နင့်သမီးဆီ သွားလိုက်ပါဦးလား....၊ ဟိုမှာ ဘယ့်နှယ်နေမှန်းမသိဘူးဆိုတာက ဘယ်သူက ပြောတာတုံး.... (တကျော့ကပြောတာပါဘုရား)။

ဒါနဲ့ ခန္ဓာကိုယ်ကြီးက လှုပ်လှဲ့လှုပ်လှဲ့နဲ့ တကာကြွယ်သွားပြီ (သွားပါပြီဘုရား)ကံကြောင့် သွားတာလား့တကျော့ကြောင့်သွား တာလား.... (တကျော့ကြောင့်သွားတာပါ) ဒါ-အထင်အရှားပဲ (မှန်ပါ့)။

သွားရပါသော်ကောဘုရား.... ကိုယ့်လဲ ဒီတယောက်ရှိတာ လို့ဆိုတာ အဖြေကထွက်လာတယ်.... (မှန်ပါ့) ဒီတယောက် ခပ်နေရတယ်ပြောမှာပဲ....(ပြောမှာပါဘုရား)။

အဲဒီတော့ အဖြေ့ကိုက ကံထွက်သလား တကျော့ဟွက် သလား....(တကျော့ထွက်ပါတယ်ဘုရား)သို့သော် အရေးရှိသောတွေ့

အခါ တကာတကာမတွေက က'စိမ'သလို ခံရုံပဲ.... (မှန်ပါ) လှဲလိုက်တဲ့ တကာတကာမတွေ....(လှဲပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ယနေ့ကစပြီး စွဲချက်ဘယ်သူ့တင်ကြမယ်.... (တဏှာကိုတင်ရပါမယ်)ဒုက္ခဖြစ်လေသမျှတဏှာကြောင့်(တဏှာကြောင့်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အေး....ဒါဖြင့် ပစ္စည်းတွေဘာတွေ ရှုံးကြ, ဆုံးကြတယ်ဆိုတာလဲ တကာသစ် လက်သည်ရှာလို့ရှိယင် တဏှာကြောင့်ပဲ (မှန်ပါ)မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ဒီ့ထက် အမြတ်ရမလားလို့ လွှတ်လိုက်တာနဲ့ ရှုံးသွားတာသည်ကားလို့ဆိုယင် မူလတဏှာဆိုဘာ သေချာတယ်.... (သေချာပါတယ်) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီတဏှာကို အရင်းအမြစ်နဲ့တကွ ဖြတ်တဲ့နည်းကို မရသေးသရွေ့ကာလပတ်လုံး တဏှာမျှောသလို မျောရချည်သေးရဲ့ဆိုတာ ဆုံးဖြတ်ချက်ချကြပါတော့....(မှန်ပါဘုရား)။

ဘာမျှောသလို မျောရမှာတုံး.... (တဏှာမျှောသလိုမျောရမှာပါဘုရား) တဏှာမျှောသလို မျောရဦးမယ်ဆိုတာဖြင့် ဘာမှသံသယမရှိနဲ့....(မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

သားကလေးစွဲသွားလို့ ပြိတ္တာဖြစ်သတဲ့၊ သမီးကလေးများစွဲသွားလို့ပြိတ္တာဖြစ်သတဲ့ဆိုတော့က 'ကလ ၁းဗျ ၁ စွဲတဲ့တဏှာက, လား(စွဲတဲ့တဏှာကပါဘုရား)

ဟာ....တကာသစ် ရှင်းနေပြီ....(ရှင်းပါပြီ) ဘုရားဟောတော်မူတာက သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာ ဖြစ်တယ်ကွ.... (မှန်ပါ)မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အေး....ဒါ့ကြောင့် တကာတကာမတွေ ယခုဘယ်ကလာကြသတုံး....၊ ဘယ်ဘဝက လာကြသဘုံးလို့မေးတော့ မပြောတတ်ပါဘူးဘုရား....၊ ဘယ်ဘဝကလာဘယ်ဘော့ မပြောတတ်ဘူးဘုရာ့၊ သို့သော် တဏှာရေမျောလိုက်လို့ လူ့ဘဝဆိပ်ကမ်းတော့ ရောက်နေပြီ.... (မှန်ပါ) ဘယ်သူမျောလိုက်ပါလိမ့်.... (တဏှာရေမျောလိုက်ပါတယ်ဘုရား)။

တဏှာရေမျောလိုက်တာနဲ့ လူ့ဘဝဆိပ်ကမ်းတော့ ဆိုက်နေကြပြီ....(မှန်ပါ)။

ကဲ....လူ့ဘဝဆိပ်ကမ်းရောက်နေတော့ လူ့ပြည်မှာရှိနေတဲ့ အာရုံတွေနဲ့ ပေါင်းဆုံမိပြန်တော့လဲ တဏှာက ပွားလာတယ်.... (ပွားပါတယ်)။

နောက်ဘယ်သွားကြဦးမှာဘုံးလို့မေးလို့ရှိယင်လဲ ဘယ့်နှယ်ဖြေကြမလဲ....(တဏှာရေယဉ်မျောဦးမှာပါ) တကာသစ် ရိပ်မိပြီ (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့ မျောလေသမျှ တကာတကာမတို့ မျောလေသမျှ မြုပ်လေသမျှ ဘယ်သူ့သတ္တိပါလိမ့်.... (တဏှာ့သတ္တိပါဘုရား)တဏှာ့သတ္တိပဲဆိုဘာ သေချာကြပလား.... (သေချာပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ ယနေ့တော့ဖြင့်တဲ့ ဘဏှာ့အကြောင်းကို တဏှာကမျောသမား၊ ကျုပ်တို့ကလဲ

ရောက်ရာကို ဆွဲမိဆွဲရာ ဆွဲသမားဆိုတာ ပေါ်တော့မှာပဲ.... (မှန်ပါ့)။

အင်း....တကာတကာမတွေသေသေချာချာမှတ်ကြပေတော့၊ အခု-ဒီသံသရာထဲမှာ မျောပြီးသကာလ လာတာက တဏှာ ရေလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ကောင်းပြီ တကာတကာမတို့ တဏှာရေထဲမှာ ကျုပ်တို့သည် ဘုံဘဝက တဏှာရေမျောလိုက်တာနဲ့ မျောလာတယ်ဆိုတာ ပေါ်ပါပြီ....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ၊ကျုပ်တို့ မျောလာတာတော့ မျောပါစေတော့ ဘဲ၊တဏှာကို.... ကျုပ်တို့ကမဖြတ်နိုင်လို့ သူစီမံသလိုခံရတယ် ဆိုတာရှိပါစေတော့....(မှန်ပါ့)။

ဒီဘဝကျတော့ ဘုန်းကြီးတို့ တကာတကာမတွေက ဘာလုပ် ပြန်သတုံးလို့ မေးတယ်နော်....(မှန်ပါ့)။

မေးတဲ့အခါကျတော့ တကာတကာမတွေ မျောလာတဲ့ တဏှာရေက ဒီကြားထဲက မျောတယ်.... (မှန်ပါ့) ကမ်းနား သစ်ပင်က ငါးပင်ရှိတယ်....(မှန်ပါ့)။

ကမ်းနားသစ်ပင်က....(ငါးပင်ရှိပါတယ်) ငါးပင်ရှိတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ကောင်းပြီ ကမ်းနား သစ်ပင်က ဘယ်နှစ်ပင်ပါလိမ့်.... (ငါး ပင်ပါဘုရား)။

ဒီက ပုထုဇန်တယောက်ကလဲ တဏှာရေမျောတာနဲ့ ဒီဘက် မျောတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) မျောလာ

တဲ့လူဟာ အထက်တက်ချင်တာ မလဲ့ဘူး....(မှန်ပါ့) မျောလာတဲ့ ပုဂ္ဂိုလ်ဟာ ကုန်းပေါ် ကမ်းပေါ် တက်ချင်တယ် ဆိုတာတော့ ငြင်းဖို့မလိုဘူး....(မလိုပါဘုရား)သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာမျှောလို့မျောလာပါလိမ့် (တဏှာရေမျှောလို့မျောလာပါတယ်ဘုရား) တဏှာမျှောလို့ မျောလာတယ်ဆိုတာကဖြင့် တကာတကာမတွေ ရှင်းလင်းပါပြီ (မှန်ပါ့)။

သို့သော် သူမျောတဲ့ချောင်းဘေးမှာ မခိုင်မြဲတဲ့ ကမ်းနားသစ်ပင်ကငါးပင်ရှိတယ်.... (မှန်ပါ့ဘုရား) မခိုင်မြဲတဲ့ ကမ်းနားသစ်ပင်က....(ငါးပင်ရှိပါတယ်ဘုရား)။

မခိုင်မြဲတဲ့ ကမ်းနားသစ်ပင်က.... (ငါးပင်ရှိပါတယ်ဘုရား) တကာသစ် ဘယ်နှစ်ပင်ပါလိမ့် ( ငါးပင်ပါဘုရား ) အဲဒီတော့ ဦးမာဒင်တို့က မှတ်ရလိမ့်မယ်၊ဩော်.... ကမ်းနားသစ်ပင်ဆိုတာ တခြားလားအောက်မေ့တယ် ခန္ဓာငါးပါးပါကလား.... (မှန်ပါ ဘုရား)။

တကာတကာမတို့ ကမ်းနားသစ်ပင်ဟာ ဘယ်သူပါလိမ့်.... (ခန္ဓာငါးပါးပါဘုရား)။

အင်း....မျောတဲ့ပုဂ္ဂိုလ်ကလဲ ကုန်းပေါ်တက်ချင်တော့ ခန္ဓာငါးပါးကမ်းနားသစ်ပင်တော့ သူဆွဲတော့မယ်....(မှန်ပါ့) မဆွဲပေဘူးလား....(ဆွဲပါတယ်ဘုရား)။

ဆွဲယင် ကမ်းနားသစ်ပင်ဆိုတာကလဲ နဂိုက ရေတွေစီးထားလို့ ဦးမာဒင်ရေ အမြစ်တွေက မြေနဲ့တွယ်နေတဲ့ဥစ္စာက အတော်နည်းနေတယ်....(နည်းပါတယ်ဘုရား)။

မြေတွေ ရေကစားတာနဲ့ အမြစ်ဆုံတွေကပေါ်နေတယ်.... (ပေါ်နေပါတယ်)အကိုင်းတွေကလဲ နိမ့်ရာဘက် ရှိုင်းရတာ ဖြစ်နေတော့ ကိုင်းရတာဖြစ်နေတော့ ရေထဲပဲ အခက်အလက် တွေက ကျနေတယ်....(မှန်ပါ့)။

တကျောရေနဲ့ မျောလာတဲ့ ပုထုဇန်ပုဂ္ဂိုလ်တဦး တယောက် ကလဲခန္ဓာငါးပါးကမ်းနားသစ်ပင်ကြီးကို တွေ့ရာဝင်ဆွဲလိုက်တယ် (မှန်ပါ့) ဆွဲလိုက်တော့ တကာကြွယ်ရေ ပြုတ်ကျမှာပဲ.... (ကျ မှာပါ)နဂိုကမှ မခိုင်ပဲကိုးဗျ....(မှန်ပါ့)။

ဒါ့ကြောင့် ဒီခန္ဓာငါးပါးက အနိစ္စတရားတွေလို့ မှတ်လိုက် စမ်းပါ....(မှန်ပါ့)။

အဲဒါတွေ ခင်ဗျားတို့က, အခုဆွဲနေကြပြန်ပြီ.... ( ဆွဲနေပါ တယ်ဘုရား) ဆွဲနေကြတယ်ဆိုတော့တကာတကာမတွေက မသိ ပဲနေမှာစိုးလို့ ရုပ်ဟာလဲငါပဲ (မှန်ပါ့) ဝေဒနာလဲ....(ငါပါ ဘုရား)သညာလဲ... (ငါပါဘုရား)သင်္ခါရလဲ.... (ငါပါဘုရား) ဝိညာဏ်ဆိုတာလဲ....(ငါပါဘုရား)။

ရော....ဒီခန္ဓာငါးပါးကြီး ငါ-ငါ့ဘာမှတ်လို့တုံး (မှန်ပါ့) ငါ ကျန်းကျန်းမာမာရှိသေးတယ်ဆိုတော့ ရုပက္ခန္ဓာ သူဆွဲလိုက် တယ်....(မှန်ပါ့)ငါကောင်းစားနေတယ်ဆိုတော့ ဝေဒနာက္ခန္ဓာ ဆွဲလိုက်တယ်....(မှန်ပါ့ဘုရား)။

ငါ့အကြံဉာဏ်ပဲဆိုတော့သညာက္ခန္ဓာဆွဲလိုက်ဘယ်(မှန်ပါ့) ငါစေတနာ ကောင်းကောင်းထားတာကွ စေတနာကောင်း—

ခေါင်းဘယ်ရွေ့မတုံးကွ–ဆိုတော့ စေတနာကိုငါထင်လိုက်တယ် (မှန်ပါ့) ငါ့စိတ်မစမ်းနဲ့ဟော့ဆိုတော့ စိတ်ကိုပဲဆွဲလိုက်တယ် (မှန်ပါ့ဘုရား)။

ဘယ့်နှယ်တုံး တကာတကာမတို့ခန္ဓာငါးပါးကလဲ ကမ်းနားသစ်ပင်နဲ့တူတဲ့ အနိစ္စတရား.... ( မှန်ပါ့ ) ဒါတွေကိုပဲ တကာတကာမတွေက ဟိုဆွဲလိုက်-ဒီဆွဲလိုက်၊ ပြုတ်မကျပါ့မလား.... (ပြုတ်ကျပါတယ်ဘုရား)။

ဪ....တကာတကာမတို့ မျောလာရတဲ့ အထဲမှာ ခပ်ဗျား ဘိုသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ရောက်ရာခန္ဓာငါးပါးစွဲလိုက်တဲ့ အဓိပ္ပာယ်ကို ဘုရားဟောတယ်....(မှန်ပါ့ဘုရား)။

ရောက်ရာ ခန္ဓာငါးပါးကို....(စွဲလိုက်တဲ့အဓိပ္ပာယ်ပါ)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

တကာကြွယ် အခု အိမ်မှာရှိတဲ့ သမီးကလေးရှိတယ်၊ မြေးကလေးရှိတယ်၊ခင်ပွန်းမလဲရှိတယ်၊ တိုက်တာတွေလဲ ရှိတယ်၊ ဓိမိထိုက်တန်သလောက် ပစ္စည်းကလေးလဲ ရှိကြတယ် (မှန်ပါ့) ဘယ်သူ့အခင်ဆုံးတုံးမေးတော့ ကိုယ့်ကိုယ်အခင်ဆုံးပေါ့ဘုရား (မှန်ပါ့)ကိုယ့်ကိုယ်က ခန္ဓာဘယ်နှစ်ပါးရှိသတုံး.... (ငါးပါးရှိပါတယ်ဘုရား)။

အခင်း....ငါးပါးကလဲ ကမ်းနားသစ်ပင် အနိစ္စတရားတွေ.... (မှန်ပါ့)ဒီဟာတွေ တကာတကာမတွေက ဆွဲဦးမယ်ဆိုလို့ရှိယင်ဖြင့် မျောသမားသည် မြုပ်သမားဖြစ်ဖို့တော့ ကပ်နေပြီ.... (ကပ်နေပါပြီဘုရား)။

မျောသမားသည်.... (မြုပ်သမားဖြစ်ဖို့ ကပ်နေပါပြီဘုရား) ဟာ....တကာကြွယ်တို့- ဦးမာဒင်တို့၊ ဆရာဝန်ကြီးတို့ စဉ်းစားရမည့် အချိန်ရောက်ပြီ....(ရောက်ပါပြီ) မဆွဲမှတော်မယ်-(မှန်ပါ) မဆွဲမှ တကာသင်ရေ....(တော်ပါမယ်ဘုရား)။

နဂိုက အပင်ခြေမှာ မြေရှိရဲ့လား....( မရှိပါ ) ကိုင်းကျနေတာကလဲ ချောင်းထဲမှာပဲ .... ( မှန်ပါ ) တဏှာရေမျောလာတဲ့ ပုထုဇန်ကလဲ တက်ချင်တော့ ဆွဲမိဆွဲရာ ဆွဲလိမ့်မယ်.... (မှန်ပါ)မဆွဲကောင်း ဆွဲကောင်း သူသိသေးရဲ့လား....(မသိပါဘုရား)။

ဩော်....ဒါကြောင့် တကာတကာမတွေ ဒီကျတော့ တပည့်တော်ဘုရား- ကိုယ့်ခန္ဓာကိုယ်တော့ဖြင့် ကျန်းမာစေချင်တယ်ဘုရာ့၊ ချမ်းသာစေချင်တယ်ဘုရာ့၊ အခုကောင်းစားတာကလေးတွေလဲ မပျက်စီးစေချင်ဘူးဘုရာ့၊ လက်ရှိသညာ- ပညာကလေးတွေလဲမပျောက်စေချင်ဘူးဘုရား.... (မှန်ပါ)အင်း....အားကိုးလိုးကလေးတွေ လာကုန်ပြီ....(မှန်ပါ) ဦးမာဒင် ကမ်းနားသစ်ပင်ဆွဲပြီ....(ဆွဲပါပြီဘုရား)။

ဘာဆွဲကြပါလိမ့် .... (ကမ်းနားသစ်ပင် ဆွဲပါတယ်ဘုရား) ဩော်....အောက်ကနေဆွဲတာလား- အထက်ကနေ ဆွဲတာလား ဆိုတာကို မျောလာတဲ့ ပုဂ္ဂိုလ်သာအကဲခတ်ပါတော့(အောက်ကနေ ဆွဲတာပါ) အောက်ကနေဆွဲတယ်... (မှန်ပါဘုရား)။

သစ်ပင်ကိုင်းတွေကလဲ တကာတကာမတို့ကိုယ်ဆွဲမိလောက်တဲ့ ရေထဲမှာ အဖျားတွေကကျနေတယ်.... (ကျနေပါတယ်) အညွန့်

အဖျားတွေက အောက်ကျနေတယ်·(မှန်ပါ့) မျောလာတဲ့ပုဂ္ဂိုလ် ဆိုတော့ တက်ချင်လိမ့်မယ်ဆိုတာကလဲ အင်တော်သမားကိုးဗျ .... (မှန်ပါ့)မဆွဲပေဘူးလား....(ဆွဲပါတယ်ဘုရား)။

ပထမသစ်ပင်ဆိုတာကြီး ရူပက္ခန္ဓာဆွဲတော့လဲကမ်းနားသစ်ပင် မို့ ဆွဲတဲ့ပုဂ္ဂိုလ်ပေါ်မှာပဲ ပြုတ်ကျတယ်.... (ပြုတ်ကျပါတယ်) ဒါဖြင့် ဆွဲကျိုးနပ်-မနပ်....(မနပ်ပါဘုရား)။

မျောရတဲ့အထဲမှာ ပင်လုံးနဲ့တကွ မြေဆိုင်ပါဆွဲတဲ့ ပုဂ္ဂိုလ် အပေါ်မှာ ပြုတ်ကျတယ်....(ပြုတ်ကျပါတယ်ဘုရား)။

ဘယ်နှယ်တုံး အရင်ဒုက္ခပေါ်မှာ ဘာဆင့်ပါလိမ့်မတုံး.... ခမေးကြယင်....(နောက်ဒုက္ခဆင့်ပါတယ်ဘုရား)။

အရင် ဒုက္ခပေါ်မှာ .... (နောက်ဒုက္ခဆင့်ပါတယ်) အင်း.... ဒါ့ကြောင့်လဲ တကာတကာမတွေ ရောက်ရာဘဝမှာ မအားကြ ဘူး....(မအားပါ)ဘာ့ကြောင့် မအားပါလိမ့် .... (နောက်ဒုက္ခ ဆင့်လို့ပါဘုရား)။

နောက်ဒုက္ခဆင့်တယ်....(မှန်ပါ့) မိမိခန္ဓာကျွေးချင် မွေးချင် တဲ့ဒုက္ခ၊ မိမိခန္ဓာခင်ချင်တဲ့ဒုက္ခ....(မှန်ပါ့)မိမိခန္ဓာအအားကိုးချင်တဲ့ (ဒုက္ခပါဘုရား)။

အင်း....ဒီထဲကလဲ အခု ငါးပင်သာပြရတယ်၊ခင်ဗျားတို့ကလဲ ငါးသောင်းလောက် ကမ်းနားသစ်ပင်ဆွဲထားတယ် .... (မှန်ပါ့) ဒီထဲက ခန္ဓာငါးပါးမို့ ဘုရားက ကမ်းနားသစ်ပင်ငါးပင်လို့ ပြလိုက်တာ(မှန်ပါ့) ခင်ဗျားတို့က ပေါက်နေတာက ငါးပင်မှာ

ကပဲ.... (မှန်ပါ့) သားခန္ဓာငါးပါး၊ သမီးခန္ဓာငါးပါးကလဲ ခင်လျက်မင်လျက် ဆွဲလျက်ပဲ....(မှန်ပါ့ဘုရား)။

ဝ,ပလား-မျောလာတဲ့ သံသရာ့ခရီးသည်ရဲ့ ဝ,ပလားလို့ မေးတဲ့အခါကျလို့ ရှိယင် မဝသေးဘူး....(မဝသေးပါ)သားခန္ဓာငါးပါးကိုဆွဲလို့ .... (မဝသေးပါ) သမီးခန္ဓာငါးပါးဆွဲလို့ .... (မဝသေးပါ) ကိုယ့်ခန္ဓာကြီးဆွဲလို့ ကော(မဝသေးပါ) မြုပ်မှ မြုပ်ပါ့မလား....(မြုပ်မှာပါ) အင်း....ကိုယ့်ဟာကိုယ် ဗျာဒိတ်ပေးထားကြနော်....ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အံမာလေး .... ကြောက်စရာကြီးပါလား တကာကြွယ် .... (မှန်ပါ့) ခင်ဗျားတို့ကလဲ ခက်လိုက်တဲ့ဖြစ်ခြင်း၊ သူတို့ကိုမဆွဲရတော့ ညအိပ် ညနေ ခရီးသွားတော့မယ် ဆိုလို့ ရှိယင်လဲ မဆွဲရတဲ့ တနေ့မှာ ဟိုက စိတ်မချလက်မချဖြစ်နေတယ်.... (မှန်ပါ့) ဘာဖြစ်လို့တုံး....(မဆွဲရလို့ပါ) ကမ်းနားသစ်ပင် မဆွဲရလို့ .... (မှန်ပါ့) ဘာဖြစ်လို့တုံး၊ ပြုတ်မကျလို့ ....(မှန်ပါ့)ပြုတ်မကျမှာစိုးတယ် (မှန်ပါ့)ပြုတ်ကျမှလဲ မျက်စိမျက်နှာကလဲ ပြုံးသော်ငင်း၊ မဲ့သော်ငင်း၊ ဖြစ်ရမှာကိုးဗျ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က မပြုံးမမဲ့ပဲနဲ့ နေရလို့ရှိယင်ပဲ ပျင်းခြောက်ကြီးတဲ့....(မှန်ပါ့) ဘယ့်နှယ်ဖြစ်နေသလဲ .... (ပျင်းခြောက်ကြီးပါဘုရား)။

တကာကြွယ်ရေ- ခင်ဗျားတို့ဖြစ်စဉ်ကလဲ မျောသမားက မြုပ်သမားဖြစ်ရမှ တင်းတိမ်တယ်....(မှန်ပါ့ဘုရား)။

မျှောသမားက.... ( မြုပ်သမား ဖြစ်မှတင်းတိမ်ပါတယ် ) တကာသစ် လွန်ကုန်ပြီ.... ( လွန်ပါတယ် ) မြုပ်သမားက .... (မျှောသမားဖြစ်မှ တင်းတိမ်ပါတယ်ဘုရား)။

မျှောသမားဟာ တကာတကာမတို့....တဲ့၊ သောင်ကမ်းပေါ် ရောက်ဖို့ဟာ အံရေးကြီးတယ် .... (မှန်ပါ့) မြုပ်သမားဖြစ်ဖို့ အရေးမကြီးဘူး-(မှန်ပါ့)သို့သော် ခင်ဗျားတို့က မျက်စိလည်ပြီး သကာလ နေတာနဲ့ တကာကြွယ်ရေ ဘာသမားဖြစ်ချင်သတုံး- (မြုပ်သမားဖြစ်ချင်ပါတယ်ဘုရား)။

မကောင်းပါဘူးဗျာ....(မှန်ပါ့) တကာတကာမတို့ ကောင်း ကြရဲ့လား....(မကောင်းပါဘုရား)။

မကောင်းသာ မကောင်းတယ်။ ဘေးကပုဂ္ဂိုလ်က မဆွဲနဲ့ မဆွဲနဲ့ဆိုတော့ မဟုတ်ဘူးဘုရာ့၊ အရှင်ဘုရားတို့က သိတာ မဟုတ်ဘူး၊ ဒါပဲအားကိုးနေရတယ်.... (မှန်ပါ့) အံမာလေး.... သူကတောင် ဆင်ခြေ လဲလိုက်သေးတယ် .... ( လဲပါတယ် ဘုရား)။

ပုတ်ကျမှာကြီးမို့ မဆွဲပါနဲ့ ခင်ဗျားတို့ မြေစိုင်ပါပါပြီး မြုပ်ပါလိမ့်မယ်ဆိုတာ မဟုတ်ဘူး ကိုယ်တော်တို့ ပြောတာ တခြား၊ တပည့်တော်တို့အကြိုက်က တခြားဖြစ်နေတယ် .... (မှန်ပါ့)ဘာကြောင့်တုံး မြုပ်သမား မဖြစ်ရယင် မကျေနပ်လို့ (မှန်ပါ့)ဒါလောက်ဆိုးနေတာ....(ဆိုးပါတယ်) သဘောပါကြ ပလား....(ပါ-ပါတယ်ဘုရား)။

တကာကြွယ် ဘယ်အထဲကပါလိမ့်.... ( မြုပ်သမားထဲကပါ ဘုရား....) ဟာ....ခင်ဗျား မြုပ်သမားဆိုယင် ဆွမ်းသွတ်မရဘူး နော်....(မှန်ပါ) မြုပ်သမားဆိုယင် ဆွမ်းသွတ်မရတော့ဘူး၊ အမျိုးကိုမရတော့ဘူး၊ ငရဲရောက်သွားတာကိုး....(မှန်ပါ) မျှော သမားဆိုလို့ရှိယင် တော်သေးတယ်.... (မှန်ပါ) မြုပ်သမားဆို ယင် ဒီ့ထက်ဆိုး....(ဆိုးပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေမှာတဲ့ ခန္ဓာ ငါးပါး ကမ်းနားသစ်ပင်ကို တဏှာနဲ့မျှောလိုက်တော့ ဟိုဘဝက နေ မျှောလိုက်တဲ့တဏှာကြောင့် ဒီခန္ဓာကြီး မျှောလာတယ်.... ( မှန်ပါ )ကမ်းနားသစ်ပင်ငါးခုကိုလဲ တကာတကာမတွေက သားခန္ဓာငါးခု, သမီးခန္ဓာငါးခု, ပစ္စည်းခန္ဓာ ငါးခုတွေနဲ့ ဦးမာဒင်တို့ ဆွဲလိုက်တဲ့ဖြစ်ခြင်းဟာ ဘယ်လောက်ကြာလာ ပတုံး....တဲ့၊ ဒီဘဝတွင် အသက်နဲ့ အမျှပေါ့ဘုရား.... ( မှန်ပါ ဘုရား)။

တကာကြွယ် ဘယ့်နှယ်ဆိုပါ့မလဲ.... (အသက်နဲ့ အမျှပါ ဘုရား) အသက်နဲ့အမျှ....တဲ့.... (မှန်ပါဘုရား) လူလားမြောက် ကတည်းက ဘုရာ့....(မှန်ပါ) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဘယ်အချိန်က စ,ဆွဲကြသလဲ.... (လူလားမြောက်ကတည်းက ပါဘုရား) တချို့အပင်တွေလဲ ပြုတ်ကျကုန်ပြီဗျာ့.... (ကျပါပြီ) ဒါလဲ နောက်အပင်ကျယင် မဆွဲတော့ဘူးလို့နေရဲ့လား....(မနေ ပါဘုရား)။

(၁၁၄) မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား ။၂၀။

'ဖျတ်'ကနဲဆို သားကလေးအားကိုးလိုက်၊ သားကလေးက ပက်ကနဲဆို သေသွားလိုက်၊ မဟုတ်ပါလား၊ ဒီဟာတွေဆွဲလို့ မတော်ပါလား၊ငါပဲ မျက်ရည်ကြီးငယ်ကျပြီး အပါယ်လေးပါး မြုပ်ကြောင်းတွေ ငါ့သန္တာန်ပေါ်ရတယ်....(မှန်ပါ့) နောက် မဆွဲဘူးလို့ တကာကြွယ် လာရဲ့လား-(မလာပါဘုရား)ရွှေ့ပြီး ဆွဲပြန်တယ်....(မှန်ပါ့)။

အင်း....သူလိုလိမ္မာတာ, သူလိုအဆင်းတူကလေး, သူလို စိတ်ထားကောင်းကောင်းကလေး တွေ့ပြန်မယ်ဆိုလို့ ရှိယင်ဖြင့် ဒါကလေး အစားထိုးဆွဲရမယ်ဘုရာ့.... (မှန်ပါ့)ဘာဖြစ်လို့တုံး- အရင်မြုပ်ရတာမကျေနပ်လို့ (မှန်ပါ့-မကျေနပ်လို့ပါဘုရား) အံမာလေး.... ကြောက်စရာကြီးပါလားဦးမာဒင်ရ.... (မှန်ပါ့) တကာကြွယ် ဘယ့်နှယ်တုံး....(ကြောက်စရာကြီးပါဘုရား)။

အရင် ဆွဲရတာတုံးကလဲ သူ့အတွက်နဲ့ ဝမ်းနည်းပက်လက် ဖြစ်ခဲ့ပြီ.... (ဖြစ်ရမှာပါဘုရား) အခုနောက်တခါတွေ့ပြန်တော့ အစားထိုးကလေးကော တကာကြွယ် ပေါ်လာမယ်ဆို ဝမ်းသာ မလား-ဝမ်းနည်းမလား.... (ဝမ်းသာမှာပါဘုရား) အင်း.... သွားပြီ၊ နှစ်ခါမြုပ်ချင်ပြီ....( မြုပ်မှာပါဘုရား ) မြုပ်လို့ပဲ တင်းတိမ်နိုင်တဲ့သဘောရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ပြောကြတာပေါ့....၊ သားကလေး တယောက်ထွန်းကားလာတယ်၊ဆွဲစရာပေါ်လာတယ်- (မှန်ပါ့) သမီးကလေးတယောက်ထွန်းကားလာတယ်၊ ဘာပေါ်လာတာ တုံး....(ဆွဲစရာပေါ်လာပါတယ်ဘုရား)။

သြော်....ကိုယ်မြုပ်စရာလို့ ဒီလိုမဟုတ်ဘူး၊ သူက ထွန်းကားလာတယ်....တဲ့....(မှန်ပါ့)။

တကာကြွယ် ဘာတဲ့တုံး....(ထွန်းကားလာတယ်....တဲ့) မြုပ်စရာမဟုတ်လား စင်စစ်က.... (မြုပ်စရာပါဘုရား) သူ့အားကိုးယင် မြုပ်ရမယ်....(မြုပ်ရမှာပါဘုရား) သူက အနိစ္စ ခန္ဓာကိုယ်ကိုးဗျ....(မှန်ပါ့)။

အနိစ္စခန္ဓာကိုယ် အားကိုးလိုက်တဲ့အခါကျတော့ အနိစ္စအဖြစ်သို့ ရောက်တော့ တကာဘကာမတွေမှာ သူက အနိစ္စရောက်၊ ဟုတ်လား....(မှန်ပါ့) ကိုယ်က တာဝန်ယူပြီးသကာလလုပ်လို့ ပူဆွေးဒုက္ခတွေနဲ့ ကိုယ်ကမြုပ်....(မှန်ပါ့) ဒီလိုမနေဘူးလား....(နေပါတယ်ဘုရား)။

အဲဒါကိုပင်လျှင် သူများလာတဲ့အခါ ညွှဲခံတဲ့အခါတကာကြွယ်တို့က ဘယ်လိုများ ညွှဲခံသတုံးဆိုတော့ ခင်ဗျား မျက်စိမျက်နှာ မကောင်းပါလား၊ ဘာများဖြစ်လာသတုံးတဲ့၊ အားကိုးကလေးပြုတ်သွားလို့ပေါ့ဗျာ.... (မှန်လှပါဘုရား) အဲဒီတော့ကျုပ်တော့ ရှာဦးမယ်....(မှန်လှပါ)။

ဟာ....ဝကျလိုက်တာ....(မှန်ပါ့)ဘယ့်နှယ်တုံး အားကိုးပြုတ်လို့ တခါမြုပ်ပြီးပြီ၊အဲဒါ တကာကြွယ်က ဘာပြောပြန်သတုံး- (အားကိုးပြုတ်လို့အစားရှာရဦးမယ်....တဲ့)။

ဒီလိုနေလို့တော့ မဖြစ်ဘူးဗျ....တဲ့.... (မှန်ပါ့) အင်း....ဟိုလိုနေဦးမယ်ပေါ့လေ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဘာရှာတာတုံး ...(အားကိုးရှာတာပါဘုရား)ဟာ....ဦးလှဘူးကမြုပ်စရာရှာတယ်....(မှန်လှပါ)။

ဘယ်နှယ်ဖြစ်ကြတာတုံး.... (မြုပ်စရာရှာပါတယ်ဘုရား) ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့မှာ တပင်လဲတပင်ထူ ဆိုတာ သဘောကျကြပလား....(ကျပါတယ်ဘုရား)။

တပင်လဲ တပင်ထူဆိုတာ ဘာပါလိမ့်.... (မြုပ်စရာရှာတာပါ ဘုရား) တိုးတိုးမပြောနဲ့ ခင်ဗျားတို့ကျယ်ကျယ်ပြော၊ တပင်လဲ တပင်ထူဆိုတာ မြုပ်စရာရှာတာ....(မှန်ပါ)။

နဂိုက အားကိုးရှာတာ....(မှန်ပါ) အားကိုးရှာတဲ့အခါကျ တော့ နောက်အပူရော, အယင်အပူတွေရော တခါတည်း ရောပြီး သကာလ တကာကြွယ် မြုပ်ရတယ်ဆိုတာ မသေချာဘူးလား..... (သေချာပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ကတော့ အားကိုးရှာတာပဲ....တဲ့၊ တရား သဘောနဲ့ကြည့်လိုက်တဲ့ အခါကျလို့ ရှိယင် မြုပ်စရာရှာတာ.... (မှန်ပါ)။

ခင်ဗျားတို့ကတော့... (အားကိုးရှာတာပါ) တရားသဘော ကတော့....(မြုပ်စရာရှာတာပါဘုရား) ကဲ....တကာကြွယ် ဘယ် ဟာက မှန်သတုံး(မြုပ်စရာရှာတာက မှန်ပါတယ်ဘုရား) အခု သိပလား....(သိပါပြီဘုရား)။

ဒါဖြင့် ဘယ်သူ့မှ အားမကိုးနဲ့တော့ တကာကြွယ်ရ.... (မှန်ပါ) အိမ်ရောက်လို့ ရှိယင် ပြောရဲပါ့မလား၊ ငါဘယ်သူ့မှ အားမကိုးတော့ဘူးဟေ့၊ ကိုယ့်တရားပဲ ကိုယ်အားကိုးတော့ မယ်လို့ ရဲရဲတင်းတင်းပြောပါ.... (မှန်ပါ) မပြောရဲဘူးလား.... (ပြောရဲပါတယ်ဘုရား) မတော် ထမင်းမကျွေးပဲမျှားနေယင်

ခက်နေဦးမလားလို့၊ ဒီလိုမျိုး လာချပ်လာနေဦးမှာ.... (မှန်ပါ့ဘုရား)။

ကြောက်စရာလို့ ဒီလို မအောက်မေ့ပါနဲ့....(မှန်ပါ့) အားကိုးယင် မြုပ်ရလိမ့်မယ်.... (မှန်ပါ့) ဦးမာဒင် ဘာတဲ့တုံး.... (အားကိုးယင် မြုပ်ရမှာပါဘုရား)။

အားကိုးတော့ ခင်ဗျားတို့က အားကိုးတယ်ဆိုကတည်းက ဆွဲပြီ.(မှန်ပါ့) တဏှာဥပါဒါန်နဲ့ ဆွဲပြီ၊ တဏှာနဲ့ ခင်-ဥပါဒါန်နဲ့ မလွတ်တော့ဘူး....(မှန်ပါ့) မလွတ်တော့ ဒီဥစ္စာလဲ ကမ်းနားသစ်ပင် အနိစ္စတရားကိုး....(မှန်ပါ့) ခန္ဓာငါးပါးအနိစ္စတရားဆိုတော့ 'ဖျတ်' ကနဲဆို ပြုတ်ပြီ....(မှန်ပါ့) ခဏခဏ ခင်ဗျားတို့ကြည့်လိုက်တဲ့အခါ ခန္ဓာထဲမှာ ဖျတ်,ဖျတ်ဖျတ်,ဖျတ်နဲ့ ဝေဒနာက ပြုတ်ကျ၊ သညာက ပြုတ်ကျ၊ ရုပ်တွေက ဦးမာဒင် ပြုတ်ကျ (မှန်ပါ့) ကမ်းနားသစ်ပင်တွေ မမှန်ဘူးလား.... (မှန်ပါတယ်ဘုရား)။

အဲဒါတွေ အားကိုးလို့ ရှိယင်ဖြင့် နောက်ဆုံးပိတ်တနေ့မှာ ခင်ဗျားတို့အမြုပ်သမားဖြစ်ပါလိမ့်မယ်.... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ခင်ဗျားတို့က ကဏှာမျှောသလို မျှောလာတယ် ကြည့်ပါ တကာတကာမတို့၊ နောက်ဘဝက တဏှာမျှောလိုက်လို့ ဟောဒီမှာ ရောက်လာတယ်....(မှန်ပါ့ဘုရား) ရောက်တဲ့ခန္ဓာငါးပါးကို ခင်ဗျားတို့က ကမ်းနားသစ်ပင်မှန်းမသိတော့ အရမ်းခင်, အရမ်းဆွဲချတယ်....(မှန်လှပါဘုရား)။

အရမ်းခင်ပြီးတော့....(အရမ်းဆွဲချပါတယ်ဘုရား)ဆွဲချတော့ ဦးမာဒင့်ရေ.... ဒါတွေက ခိုင်သလား- မခိုင်တာတွေလား.... (မခိုင်ပါဘုရား) အနိစ္စတရားတွေ .... (မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

အဲဒီ အနိစ္စတရားတွေကို ဘုန်းကြီးတို့ တကာတကာမတွေက အတင်းအဓမ္မ ဆွဲလို့ရှိယင် အနိစ္စပါလို့ဆိုတာ အတင်းအဓမ္မ ဆွဲလိုက်တော့ မြန်မြန်ပြုတ်တာပဲ....(မှန်ပါ) မပြုတ်ဘူးလား- (ပြုတ်ပါတယ်ဘုရား)။

ပြုတ်တော့ အခြားပေါ်မှာ ပြုတ်ကျသလား....တဲ့၊ ဆွဲတဲ့လူ အပေါ်မှာပဲ ပြုတ်ကျသလား.... (ဆွဲတဲ့လူအပေါ်မှာပဲ ပြုတ်ကျပါတယ်ဘုရား)။

တပည့်တော်တို့ကလဲ ဒီလိုမှ မှီခိုရာမှမရှိလို့ရှိယင် မဖြစ်ဘူးဘုရား....(မှန်ပါ) သားကလေးသော်ငင်း အရွယ်ကြီးလာတော့ ဆွဲသွားရတယ်....(မှန်ပါ) သမီးကလေးသော်ငင်း.... (အရွယ်ကြီးလာတော့ ဆွဲထားရပါတယ်ဘုရား) ကိုယ့်ကိုယ်သော်ငင်း.... (အရွယ်ကြီးလာတော့ ဆွဲထားပါတယ်) ဘာတွေများ ဆွဲထားကြပါလိမ့်.... (အနိစ္စတရားတွေပါဘုရား) အနိစ္စတရားတွေချည့် ဆွဲထားတယ် (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

ဪ....သံသရာ့ခရီးသည် အမျောသမားက အမြုပ်သမားဖြစ်အောင် အလုပ်ကို ကိုယ့်ဟာကိုယ်လုပ်တာ....(မှန်ပါ)။

အမျောသမားက.... (အမြုပ်သမား ဖြစ်အောင် ကိုယ့်ဟာကိုယ်လုပ်ပါတယ်ဘုရား) သနားစရာမှရှိရဲ့လား.... (မရှိပါဘုရား)။

ဒါ့ကြောင့် ဘုရားအဆူဆူလဲ ခင်ဗျားတို့ကို သပိတ်မှောက်သွားထင်ပါရဲ့....(မှန်ပါ့) ဆိုးလွန်းလို့....(မှန်ပါ့)။

ဟ....အမျောသမားရ- အမြုပ်သမားမလုပ်ပါနဲ့၊ သောင်တင်အောင်သာ သောင်ဆီရောက်အောင် မြန်မြန်သွားပါလို့ ဆိုတာမဟုတ်ဘူး၊ ကမ်းနားသစ်ပင်ချည့် နင်းဆွဲနေတယ်... (ဆွဲနေပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဆွဲလိုက်တဲ့ အခါကျတော့ ဆွဲတဲ့လူအပေါ်မှာပဲ ပိရပါတယ် (ပိရပါတယ်ဘုရား) မြေစိုင်နဲ့တကွ ပိရတယ်....(မှန်ပါ့) မပိရဘူးလား....(ပိရပါတယ်ဘုရား)။

ဒါ့ကြောင့် ဟိုအိမ်မှာ မျက်စိချက်နှာမသာတာ ဦးမာဒင်သွားမေး....(မှန်ပါ့)ဘာဖြစ်လို့တုံး....၊ ဘယ်သူပြုတ်ကျလို့ ပြောတာ....(မှန်ပါ့) မပြောဘူးလား....(ပြောပါတယ်ဘုရား)ဟိုဘက်အိမ် သွားမေးမြန်တော့ကော....( ပြုတ်ကျတယ်ပြောပါတယ် ) ပြုတ်ကျလို့-မကြားလိုက်ဘူးလား....၊ လက်မောင်းကို ပြုတ်သွားတယ်....(မှန်ပါ့) တောင်ကြီးမက ပြိုသွားတယ်....(မှန်ပါ့)။

အံမာ.... ကြီးကျယ်လိုက်တာ မနည်းပါလား....(မနည်းပါဘုရား) ဘုရားက ကမ်းနားသစ်ပင်လို့ ဟောတာ သူက ဘောင်ကြီးတောင် ထည့်လိုက်သေးတယ်....(မှန်ပါ့)။

အံမာလေး....ကြောက်စရာပါကလား တကာတကာမတို့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကာကြွယ် ဒီတရားမျိုး နာဘူးပလား.... ( မနာဘူးပါဘုရား) မြို့ထဲ ရွာထဲဗျာ....၊ တောင်ကြီးပြိုလို့, လက်မောင်း

ပြုတ်သွားလို့, ကျုပ်တို့ အခက်ကြီးကြုံပါပေါ့လား....၊ မကယ်ကြတော့ဘူးလား၊ မယူကြတော့ဘူးလားတဲ့....(မှန်ပါ့)။

ကြည့်မနေကြပါနဲ့ အစရှိသည်နဲ့ မျက်ရည်ခံထိုးတယ်.... (ထိုးပါတယ်ဘုရား) ဟ....ဘာဖြစ်လို့ မျက်ရည်ခံထိုးပါလိမ့်.... (ပြုတ်ကျလို့ပါ) ပြုတ်ကျလို့ ....(မှန်ပါ့)။

သူက ခိုင်တာဆွဲတာလား၊ မခိုင်တာဆွဲတာလား.... (မခိုင်တာဆွဲတာပါ) မခိုင်တာ သူမသိဘူးလား.... ( မသိပါဘုရား) မသိလို့ဆွဲတယ်....(မှန်ပါ့)။

ဆွဲတဲ့ပုဂ္ဂိုလ်ကလဲ လွတ်လွတ်လပ်လပ်လား....၊ အမျောသမားလား....(အမျောသမားပါဘုရား)။

အမျောသမားက မြုပ်ချင်လို့ဆွဲတာ ခင်ဗျားတို့က ဘြော်.... မင်းမှာ ဖြစ်မှ-ဖြစ်ရလေကွာလို့ လောကွတ်ချော်ချင်သေးသလား (ချော်ပါတယ်ဘုရား) ဦးမာဒင် နောက်ကိုမချော်နဲ့.... ( မှန်ပါ့ဘုရား)။

ဘယ်မှာ ခင်ဗျားတို့ သူ့ဟာသူ မျောလာတဲ့ပုဂ္ဂိုလ်က မြုပ်ချင်လို့ဆွဲတဲ့ဥစ္စာ မင်းတို့ဖြစ်မှ ဖြစ်ရပလေ ငါတောင် စိတ်မကောင်းဘူးလို့ သွားပြီး လောကွတ်မချော်နဲ့....(မှန်ပါ့)။

ငါပါစိတ်မကောင်းဘူး ဆိုလို့ရှိယင် ငါပါမြုပ်ချင်လို့သာ မှတ်ပေတော့....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

သို့သော်လဲ ခင်ဗျားတို့ လောကကြီးထဲမှာတော့ ဒီစကားလောက်မှ မသုံးလို့ရှိယင်လဲ မသာမှာ ညှော်ခံမကောင်းဘူး.... (မှန်ပါ့)အမာလေး....ကြောက်စရာကြီးပါလား....(မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

တကာကြွယ်တို့ မသာသွားတော့ ဩဒ္ဓိစကားကလေး ထည့်ရသေးတယ်.... (ထည့်ရပါတယ်ဘုရား) ငါလဲ သတိထားတယ်၊ သတိထားလျက်နဲ့ ဒီလိုဖြစ်သွားတယ်ဆိုတော့ ငါလဲ ဘယ်စိတ်ကောင်းမတုံးကွ ...(မှန်ပါ့)။

ဒါလဲ ဩဒ္ဓိတာကိုးဗျ....(မှန်ပါ့) ငါ-အမြုပ်ထမ်းချင်တယ်ကွ....(မှန်ပါ့) ဒီအဓိပ္ပာယ် မရောက်ဘူးလား၊ ရောက်သလား.... (ရောက်ပါတယ်ဘုရား)။

သို့သော် တကာကြွယ်တို့က ဒါ-ဩဒ္ဓိစကားအဖြစ်နဲ့ သုံးတာသား- လှိုက်လှိုက်လှဲလှဲပဲ သုံးလိုက်သလား.... (ဩဒ္ဓိသည်စကားအဖြစ်နဲ့ သုံးပါတယ်ဘုရား) ဘာဟုတ်မလဲ သွေးနီးယင် လှိုက်လှိုက်လှဲလှဲသုံးတယ်.... (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သွေးနီးယင်....( လှိုက်လှိုက်လှဲလှဲသုံးပါတယ်ဘုရား)သွေးဝေးလို့ ရှိယင် ဩဒ္ဓိစကား....(မှန်ပါ့)။

ခင်ဗျားတို့စကားတွေရှုပ်လိုက်တာ ကျုပ်တောင် နားမလည်ဘူး....(မှန်ပါ့) အတော်ဆိုးနေတယ်ဆိုတာ ပေါ်ပလား- (ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဆရာဘုန်းကြီး ဘုရားဆီကယူပြီးပေးတဲ့ ဉာဏ်နဲ့ကြည့်လိုက်တော့မှ အမျှောသမားဒီကျတော့ ခင်မိခင်ရာ, သား,လင်,ခင်ပွန်းတွေ ခင်မိခင်ရာ ကိုယ့်ကိုယ်ခင်မိခင်ရာ....(မှန်ပါ့)။

သူ့ဟာသူခင်လို့ သူ့ဟာသူ တပါတည်း ပြုတ်ကျတယ်....၊ သူ့ဟာသူ သောကပရိဒေဝတွေ ဖြစ်ရတဲ့ဥစ္စာကို ခင်ဗျားတို့က

ဘေးကနေ ကျွတ်-ထိုးပြီးသကာလ တကာကြွယ်တို့က ညှော်ခံနေလို့ရှိယင် ကိုယ်လဲ အပါးမဝသေးတာ သေချာတယ်.... (မှန်ပါ့ဘုရား)။

ကိုယ်လဲ ဉာဏ်အပါး မဝသေးတာ ဘယ့်နှယ်နေကြသလဲ.... (သေချာပါတယ်) ဦးမာဒင် ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဉာဏ်အပါးမဝတဲ့ပုဂ္ဂိုလ်နဲ့ အပါးဝတဲ့ပုဂ္ဂိုလ် တကာသစ် ဘယ်ဟာကများသတုံး.... (အပါးမဝတဲ့ပုဂ္ဂိုလ်က များပါတယ်ဘုရား) မြုပ်ပါလိမ့်မယ်....(မှန်ပါ့) မြုပ်ပါလိမ့်ဦးမယ်ဆိုတာ သေချာပြီ တကာကြွယ်ရ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ရှေ့ပြင်ရဲပါ့မလား.... (ပြင်ရဲပါတယ်ဘုရား) ဟာ....မဟုတ်သေးဘူး ခင်ဗျားတို့၊ မြို့နဲ့ ရန်ဖြစ်ကုန်လိမ့်မယ်....(မှန်ပါ့)။

သူ့ဟာသူဖြစ်တာ မသာဖိတ်လို့ သွားလို့ရှိယင်ဖြင့် ဘယ့်နှယ်ကြောင့် သူသည် သောကပရိဒေဝ ဒီအိမ်မှာ ဆူပူပြီး အော်ဟစ်ပြီးသကာလ ငိုနေကြပါလိမ့်မတုံး....၊ ညည်းတို့မှားလို့ ညည်းတို့ဖြစ်ရတာ ဒို့ဘာမှမဆိုင်ဘူးလို့ ပြောရဲပါ့မလား.... (မပြောရဲပါဘုရား) ရန်ဖြစ်မယ်ဗျ....(မှန်ပါ့)။

ရန်ဖြစ်မယ်....၊အဲ့မာလေး ကရုဏာနည်းလိုက်တာ, မေတ္တာနည်းလိုက်တာနဲ့ ဟိုက ပြောလိုက်ဦးမယ်....(မှန်ပါ့)။

စင်စစ်ကတော့ ဘုရားဟောတာကတော့ ညွှန်....သူမှားလို့ သူမျက်ရည်ကျတာ.... (မှန်ပါ့) သူ-အဆွဲမှားလို့ သူ့အပေါ်

ပြုတ်ကျတာ....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

သူ-အဆွဲမှားတာနဲ့.... (သူ့အပေါ်ပြုတ်ကျပါတယ်ဘုရား) အဲဒီတော့ ခင်ဗျားတို့ ပြုတ်ကျတဲ့ပုဂ္ဂိုလ် သွားမေးတဲ့အခါကျတော့ မင်း-အဆွဲမှားလို့မင်း-ဒုက္ခရောက်တာလို့ တရားသဘောနဲ့ပြောဦးတော့ တရား ကျုပ်ကြားဖူးပါတယ်၊ ဒီကနေခံလိမ့်မယ်....(မှန်ပါ့) တရားတော့ ကျုပ်ကြားဖူးပါတယ်၊ သို့သော်ကျုပ်အဖြစ်က ဆိုးလွန်းလို့....(မှန်ပါ့) အင်း....ဒီကတက်လာတာကိုး....(တက်လာပါတယ်ဘုရား)။

တရားတော့ ဘာတဲ့...(ကြားဖူးပါတယ်) ကျုပ်အဖြစ်က.... (ဆိုးလွန်းလို့ပါ) ဟာ တရားထက် ပိုဆိုးတာတော့ မရှိပါဘူး မရှိပါဘူးဒီဥစ္စာ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အံမာလေး ဒီလောက်ဆိုယင် တကာကြွယ်တို့က လှည့်ပြန်ချင်ပြန်လာဦးမှာ....(မှန်ပါ့) အံမာ.... သူပြောတာက ဟုတ်သကိုးလို့ ဒီလိုမျိုးပြန်လာဦးမှာလား ....(အရင်ကတော့ ပြန်ခဲ့တယ်ဘုရား) အရင်ကတော့ ပြန်ခဲ့တယ်၊ မျှော့တော့ ကဆုန်ချပြေးမှာစိုးရတယ်....။

ကိုင်း....ဒါဖြင့် အားလုံး တကာတကာမတို့ ကျုပ်တို့ အခုတိုင်းပြည်သာယာတုန်း စိတ်ကလေး,ဉာဏ်ကလေးကလဲ ရွှင်တုန်း (မှန်ပါ့)။

အခုအချိန်မှာ သေဘေးကိုလဲ ရှောင်ဖို့ရာ ကျုပ်တို့ အရေးကြီးနေတဲ့အချိန်၊ ဉာဏ်ကလဲ ထက်တဲ့အချိန်မို့ ဩော်.... မဆဲ့ကောင်းဘူးဟ၊ ဒို့က အမျောသမားတွေ....(မှန်ပါ့)။

ခန္ဓာငါးပါးကို ဘယ်ဟာမှ မခင်ကောင်းဘူးဟ၊ခင်သရွေ့ ဒို-အပေါ်မှာ ပိုပြီးမြုပ်မှာပဲ.... (မှန်ပါ့) ဆိုတာ ကျုပ်တို့က ဒါ-ဝိပဿနာရှုမှရမယ်....(မှန်ပါ့ဘုရား)။

ဝိပဿနာ မရှုတဲ့ပုဂ္ဂိုလ်ကဖြင့် တကာတကာမတို့ အတင်းဆွဲပြီး တဏှာ,ဥပါဒါန်နဲ့ ဆွဲမှာပဲ....(မှန်ပါ့) တဏှာ, ဥပါဒါန် ဆွဲလေလေ ဦးမာဒင်ရေ ကမ်းနားသစ်ပင်က နဂိုကမခိုင်တာက များလေလေ....(မှန်ပါ့) ကိုယ်ကလဲ ရေစီးကမျောလာရတာက မောလာတော့ တွေ့ရာကိုပဲ ဆွဲတော့တာပဲ .... (မှန်ပါ့ဘုရား)။

အဲ....အခု တကာတကာမတွေမှာ တွေ့ရာဆွဲနေကြတယ်.... (မှန်ပါ့) ဒါကလေး ဘာတော်သတုံး(ဘာမှမတော်ပါ) မတော်ပေမယ့် မတော်ဘူးပြောယင်မကြိုက်ဘူးဗျ....(မကြိုက်ပါ) မွေးစားသားကလေးဆို မပြောပါနဲ့ မပြောပါနဲ့၊ မတော် သူသိသွား ခက်ချည်ရဲ့....( မှန်ပါ့ ) ဘာဖြစ်လို့တုံး-ဥပါဒါန်မရှိမှာစိုးလို့....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါလောက်လဲ ခင်ဗျားတို့ ဥပါဒါန်ကလဲ အဆွဲကသန်တယ်ဆိုတာ တကာတကာမတွေ ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီကရွှေ့ဆွဲကြဦးမလားတဲ့.... (မဆွဲပါ) မုသားများဖြစ်ကုန်ပါ့မယ်....(မဖြစ်ပါ) မုသားဖြစ်မှာလဲ တကာကြွယ်စိုးရတယ်....(မှန်ပါ့)မစိုးရဘူးလား....(စိုးရပါတယ်ဘုရား)။

အေး....ဒါ့ကြောင့် ဝိပဿနာဉာဏ်မပါသရွေ့ ကာလပတ်လုံး ဖြင့် ဆွဲမိဆွဲရာဆွဲကြမှာပဲ.... (မှန်ပါ့) ဝိပဿနာဉာဏ် မပါသရွေ့ ကာလပတ်လုံး....(ဆွဲမိဆွဲရာဆွဲမှာပါဘုရား)။

ဝိပဿနာဉာဏ်ပါတော့ ဘယ်ခန္ဓာ ကြည့်လိုက်ကြည့်လိုက် ကမ်းနားသစ်ပင်တွေမှန်း သိနေတော့ အနိစ္စပဲ-အနိစ္စပဲ- အနိစ္စ သွားအားကိုးလို့ရှိယင် လွဲကုန်မှာပေါ့....(မှန်ပါ့) အနိစ္စဆိုတာ ပျက်စီးတာ....(မှန်ပါ့) အဲဒါစောင့်သာကြည့်နေဖို့ အရေးကြီး တယ်-ဦးမာဒင်ရေ့ ဆွဲဖို့အရေးမကြီးဘူး.... (မှန်ပါ့ဘုရား)။

တဏှာ,ဥပါဒါန်နဲ့....(ဆွဲဖို့အရေးမကြီးပါ) ဉာဏ်နဲ့ စောင့် ကြည့်နေဖို့သာ အရေးကြီးတယ်....(မှန်ပါ့) တဏှာ,ဥပါဒါန်နဲ့ ဆွဲဖို့မလိုဘူး....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ဉာဏ်နဲ့စောင့်ကြည့်တာက နည်းတယ်.... (မှန်ပါ့)တဏှာ,ဥပါဒါန်နဲ့ဆွဲတာက....(များပါတယ်)ခုထက်ထိ ပြန်မလာသေးဘူး၊ အချိန်တော်တော်ကြာသွားပြီ.... ( မှန်ပါ့ ) ဘာနဲ့ဆွဲနေသတုံး... (တဏှာ,ဥပါဒါန်နဲ့ဆွဲနေပါတယ်ဘုရား)။

ဒီလိုပဲ လူကြီးစိတ်မချလိမ့်မယ်လို့ လူငယ်တွေများ မသိ ရှာဘူး....(မှန်ပါ့) ဩော်....လူကြီးစိတ်မချလိမ့်မယ်လို့ လူငယ် တွေဟာ မသိရှာဘူးတဲ့ တကာကြွယ်....(မှန်ပါ့) သူကဆွဲထား တာက နည်းနည်းနောနောမှ မဟုတ်ပဲ လူကြီးဆွဲထားတာက.... (မှန်ပါ့ဘုရား)။

ဟိုက အလွတ်ရုန်းတာတောင်မှ ဒီကသူတို့ဘာမှ မသိဘူး၊ ကိုယ်ဆွဲထားတာမသိဘူးလို့ ကိုယ်ကပဲ လူကြီးပီပီပြောလိုက် ချင်သေးတယ်(ပြောပါတယ်)အံမာလေး....မိုက်လိုက်တဲ့ဖြစ်ခြင်း (မှန်ပါ့) ဆွဲယင် ဘယ်သူ့အပေါ် ပြုတ်ကျမှာတုံး.... (ကိုယ့် အပေါ်ပြုတ်ကျမှာပါဘုရား)။

ဒါပြုတ်ချင် ပြုတ်ပေစေဘုရား၊ ပေလဲပြုတ်ချင်ပြုတ်ပေစေတဲ့ (မှန်ပါ့)မပေဘူးလား... (ပေပါတယ်ဘုရား)။

အဲဒါကမ်းနားသစ်ပင် အနိစ္စတရားကို မသိတဲ့အဖြစ်တွေ ဟာဖြင့် တကာကြွယ်ရေ- အမျောသမားက အမြုပ်သမား ဖြစ်ဖို့သေချာတယ်....(သေချာပါတယ်ဘုရား)။

တကာသစ် ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(အမျောသမားက အမြုပ်သမားဖြစ်ဖို့ သေချာပါတယ်) သဘောပါကြပလား.... (ပါ ပါတယ်ဘုရား)။

ဒီဥစ္စာ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ လာပါတယ်လို့ဆိုတာ တကာတကာမတွေ မှတ်ပါနော်....(မှန်ပါ့ဘုရား)။

ဘယ်နှယ်ကြောင့်ဒီတရားကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောရပါလိမ့်မတုံးဆိုတော့ သောင်ကမ်းရှာပါစေ၊ ကမ်းနား သစ်ပင် မဆွဲပါစေနဲ့ဆိုတာကို ရည်ရွယ်ချက်ထားဟောတယ်.... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာရှာစေချင်ပါလိမ့် ....( သောင်ကမ်း ရှာစေချင်ပါတယ်) ကမ်းနားသစ်ပင်ဖြစ်နေတယ်၊မဆွဲစေချင်လို့.... (မှန်ပါ့ဘုရား) တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တယ်လဲ မြင်တဲ့ ကိုယ်တော်ကြီးပါလား.... (မှန်ပါ့) တကာ တကာမတို့ ဆွဲယင် မြုပ်ရှာတော့မယ်ဆိုတာ သူကသိတယ်.... (မှန်ပါ့)သောင်ကမ်းရှာပါစေဆိုတာတော့ဖြင့် သူ့အရေးတကြီး အလိုရှိတာပဲ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

နိဗ္ဗာန်သောင်ကမ်းရှာကြပါ၊ ကမ်းနားသစ်ပင်ဖြင့်မဆွဲလိုက် ပါနဲ့ဆိုတာ ကိုင်း....ခင်ဗျားတို့ မသာတွေပို့ဖူးကြတဲ့ တကာ တကာမတွေချည့်ပဲ....(ပို့ဖူးပါတယ်ဘုရား)။

ကိုယ့်နီးစပ်လို့၊မကင်းကြလို့ပို့ရတဲ့ မသာတွေဟာသချႋုင်းဟာ အဲဒီမသာမှာ မျက်ရည်ကြီးငယ်ကျပြီး တက်တဲ့လူသဲဘက်လို့ဟင်း

(မှန်ပါ) အင်း....အချိုလဲ အရပ်အဆင်းတွေ ပျက်လို့-(မှန်ပါ) ဒီလိုနေတဲ့ပုဂ္ဂိုလ်တွေဟာ ကဲ-ဦးမာဒင် ကံမကောင်း အကြောင်း မသင့်လို့ ဖြစ်တာလား၊ အဆွဲများလို့ ပြုတ်ကျတာလား....(အဆွဲ များလို့ ပြုတ်ကျတာပါဘုရား)။

ဒါ.... ခင်ဗျားတို့က လူကြီးပီပီ ညွှန်ခံတဲ့အခါ ကျတော့ သူတို့အိမ်က ကံမကောင်းဘူး၊ ခဏခဏပဲ ဒီအသံတွေကြားရ တယ် (မှန်ပါ)အင်း....မှန်ရဲ့လား....( မမှန်ပါ ) အဆွဲများလို့ ဘာပါလိမ့်....(ပြုတ်ကျပါတယ်)အဲဒါ ကံမကောင်းတာလား.... (မဟုတ်ပါဘုရား)။

ဒါကြောင့် ဘုန်းကြီးက ကံပယ်ချင်လို့မဟုတ်ပါဘူး၊ စွဲချက် လွဲလို့ ဟောရပါတယ်....(မှန်ပါ) ကံ....သူ့နေရာနဲ့သူသာ သုံးရ မှာကိုး....(မှန်ပါဘုရား)။

အခုတော့ အရေးရှိလို့ရှိယင် အဆွဲများလို့ မျက်ရည်ကျရတာ ကံမကောင်းရှာဘူးတဲ့....(မှန်ပါ) တကာကြွယ် ဒီဟာကံလုပ်တာ ဟုတ်ကဲ့လားဗျ....(မဟုတ်ပါဘုရား)။

ကိုယ်က အမျှောသမားက ကမ်းနားသစ်ပင် ဆွဲလိုက်လို့ ကမ်းနားသစ်ပင်က အနိစ္စရောက်ပြီ အသုဘပို့လိုက်ရလို့ ကိုယ် ငိုချင်းချရတာ....(မှန်ပါဘုရား)။

ဒါဖြင့် ကံမကောင်းတာလား ဆွဲလို့ဖြစ်တာလား....( ဆွဲလို့ ဖြစ်တာပါဘုရား)။

ဟိုတစိမ်းတယောက်သေနေတဲ့ အခါကျတော့မတတ်သာလို့ လိုက်ပို့ရတဲ့ အသုဘကျတော့ အပြုံးတောင် မပျက်ဘူး .... (မပျက်ပါ) မိတ်ဆွေနဲ့ သင်္ဂဟနဲ့ ပြောတာနဲ့ ဆိုတာနဲ့ ဆေးလိပ် ကမ်းတာယူခဲ့၊ယပ်တောင်ကမ်းလဲယူခဲ့ပြီးပြန်လာတာပဲ (မှန်ပါ)

အပြုံးများ ပျက်သေးသလား....(မပျက်ပါ) ဘာဖြစ်လို့ မပျက် သတုံး- ဟိုမှာအဆွဲမရှိဘူး....(မှန်ပါ)။

အဆွဲမရှိတော့ သူများ မျက်ရည်ကြီးငယ်ကျပြီး ပြုတ်ကျတဲ့ သဘောပါရဲ့လား(မပါပါ)မသေချာဘူးလား(သေချာပါတယ် ဘုရား)သေချာပါတယ် တကာကြွယ်ရ....(မှန်ပါဘုရား)။

အဲဒီတော့ တကာတကာမတို့ ဆွဲမှုပြုတ်ကျပြီး မျက်ရည် ကြီးငယ်ကျရတာပါ....(မှန်ပါ) မဆိုင်တဲ့ ပုဂ္ဂိုလ်တွေအတွက် မျက်ရည်ကြီးငယ်ကျရဲ့လား....( မကျပါ ) ဥပါဒါန်မရှိလို့.... (မှန်ပါ) ဥပါဒါန်ဆိုတာ ဆွဲကိုင်တဲ့သဘော.... (မှန်ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဥပါဒါန်ပြုတ်ယင် မျက်ရည်တွေသိမ်းပါတယ်.... (သိမ်းပါတယ်) ဒုက္ခကော....(သိမ်းပါတယ်).... ဥပါဒါန်မပြုတ် ယင်....(မသိမ်းပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ကမ်းနားသစ်ပင် ရှောင်ရလိမ့်မယ် (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီအထဲ စပ်မိလို့ပဲ ပြောလိုက်ပါဦးမယ် တကာတကာမတို့ ဗဟုသုတလဲတိုးရော့.... (မှန်ပါ) ဘယ်ခန္ဓာရပါလို၏ ဆိုယင်-- ကမ်းနားသစ်ပင်ဖြစ်ရပါလို၏....(မှန်ပါ) နတ်ခန္ဓာဖြစ်ရပါလို၏ (ကမ်းနားသစ်ပင် ဖြစ်ရပါလို၏) ဗြဟ္မာ့ခန္ဓာ ဖြစ်ရပါလို၏.... (ကမ်းနားသစ်ပင်ဖြစ်ရပါလို၏)။

မတောင်းကြနဲ့....(မှန်ပါ) ပြုတ်ကျမှာချည့်ပဲ.... ( မှန်ပါ ) ပြုတ်ကျမည့် ပစ္စည်းကိုဖြင့် အနိစ္စဖြစ်ရပါလို၏လို့ ဆိုတာနဲ့ ဘာထူးသေးသတုံး....(မထူးပါဘုရား)။

အနိစ္စဖြစ်လို့ရှိယင်"ယံ အနိစ္စံ၊တံဒုက္ခံ၊တဒေဝ အနတ္တာ" လို့ သံယုတ်ပါဠိတော်များမှာလာထားတယ်....(မှန်ပါ) အနိစ္စ စွဲမြဲယင် ဒုက္ခတော့ဖြင့်....(ဖြစ်ရမှာပါဘုရား) အနတ္တတော့ဖြင့်-(ဖြစ်ရမှာပါဘုရား ) ဒုက္ခသစ္စာတော့ဖြင့်.... ( ဖြစ်ရမှာပါ ဘုရား)။

ဩော်....ခင်ဗျားတို့ တသံသရာလုံးက သံသရာ့ခရီးသည် အမျောသမားတွေ ဆွဲမိဆွဲရာဆွဲလို့ အမြုပ်သမား ဖြစ်ခဲ့လို့ ဘုရားအဆူဆူနဲ့လွဲရတယ်ဆိုတာ ပေါ်ပါပြီ- (ပေါ်ပါပြီဘုရား) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

နဂိုက ဘာသမားတုံး....(အမျောသမားပါဘုရား) ရောက် ရာမှာ ဘာလုပ်ပြန်သတုံး....(ဆွဲပါတယ်ဘုရား) ရောက်ရာမှာ ဆွဲပြန်တယ်....(မှန်ပါ) ကိုယ့်ခန္ဓာဆွဲလိုက်၊ သားသမီးခန္ဓာ.... ( ဆွဲပါတယ်ဘုရား ) ဒါ.... ခင်ဗျားတို့ အားကိုးလုံးကလေး၊ အားကိုးလုံးကလေးဆိုတာ တကာကြွယ် ရိပ်မိပလား.... (ရိပ်မိ ပါပြီဘုရား) ရောက်ရာဆွဲတာပဲ....(မှန်ပါ)။

အဲဒီတော့....တယောက်သော ပုဂ္ဂိုလ်ကလဲ ချီးမွမ်းတယ်၊ ဩော်....ခင်ဗျားမှာတော့ သားကြီး,သမီးကြီးတွေက အတုံး အရုံးကိုးဗျ....ဆိုတော့ ဟိုကပြုံးတယ်....(မှန်ပါ)သူက ဆွဲထား ရတာ အင်မတန်နေရာကျနေတယ်အောက်မေ့နေတယ်-(မှန်ပါ ဘုရား) မပြုံးကြဘူးလား....(ပြုံးပါတယ်ဘုရား)။

တော်တော်ကြာကျတော့ သားကြီး-သမီးကြီးက ထေ့ လော်ကန့်လန့်သော်ရှင်း၊ အနိစ္စသော်ရှင်း လာတဲ့အခါကျလို့

ရှိယင်ဒီပုဂ္ဂိုလ် သာဆိုးတယ် ...(မှန်ပါ)ဘာဖြစ်လို့တုံးဆိုတော့ ဆွဲထားတဲ့ဟာက သူ့အပေါ်ချည့်ပြုတ်ကျတယ်.... ( မှန်ပါ ) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ မသိခင်တုန်းကတော့ဖြင့် သားက ငါးယောက်၊ သမီးကငါးယောက်၊ လူလိမ်မာ ပညာတတ်ချည့်ပဲ.... (မှန်ပါ) ဆိုလို့ရှိယင် တကာကြွယ်တို့ကတော်လိုက်တာ အကျိုးပေး၊သူတို့ အကျိုးပေးတော်လိုက်တာ....(မှန်ပါ) ကမ်းနားသစ်ပင်က များ သကိုးဗျ....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကမ်းနားသစ်ပင်များတာကို တကာကြွယ်တို့က လောကွတ် ဘယ်လိုလုပ်လေ့ရှိသတုံး.... (တော်တယ်လို့ ပြောကြပါတယ် ဘုရား) အကျိုးပေးကောင်းလိုက်တာ....(မှန်ပါ)။

အကျိုးပေးကောင်းတယ်လို့ပြောတာ ဟိုမှာဖြင့် သစ်ပင်ပိ ရမှာနော်....(မှန်ပါဘုရား) နည်းသလား တကာတကာမတို့.... (မနည်းပါဘုရား)။

ဆယ်ပင်ပိရမယ်ဆိုတော့ တပင်ပိနဲ့ဆယ်ပင်ပိနဲ့ သေချက် ဘယ်သူ နာပါ့မတုံး.... (ဆယ်ပင်ပိုက နာပါတယ်ဘုရား)။

သို့သော်....တကာကြွယ်တို့လူစုက နှုတ်သီးကောင်း-လျှာပါးနဲ့ ချီးမွမ်းလိုက်တယ်.... ( မှန်ပါဘုရား )တော်လိုက်တာဗျာ .... သမီးငါးယောက် ကြည့်လိုက်ပြန်လဲ နေတတ်ထိုင်တတ်တွေနဲ့ (မှန်ပါ) သားငါးယောက်ကြည့်လိုက်ပြန်လို့ရှိယင်လဲ အမေမိဘ ဆရာသမားရိုရိုသေသေနဲ့ ကိုင်းကိုင်းညွတ်ညွတ်နဲ့၊ ဒီလိုများဖြင့် ဖြစ်ချင်သေးတယ်(မှန်လှပါ) ဘာဖြစ်လို့တုံး၊ ဆယ်ပင်ပိပြီးသေ ချင်သေးတယ်....(မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ အလွဲချည့်ပဲဆိုတာ တကာကြွယ် ဒါ....သေသေချာချာပြောတာပါဗျာ....(မှန်ပါ့ဘုရား) အခု ကမ်းနားသစ်ပင်ကြည့်စမ်း တကာတကာမတို့ အနိစ္စတရားဟူသရွေ့ တကာသမ်မှတ်လိုက် ကမ်းနားသစ်ပင်(မှန်ပါ့ဘုရား)ဒါ့ကြောင့် ဘုရားက ကမ်းနားသစ်ပင်လို့ ဟောတော်မူတာ....(မှန်ပါ့)။

အနိစ္စတရားဟူသရွေ့....(ကမ်းနားသစ်ပင်ပါဘုရား)ပြုတ်မကျတဲ့အပင်ရယ်လို့-(မရှိပါဘုရား) မရှိဘူး၊ မျှားမျှားဆဲ့လေလေ (မျှားမျှားပြုတ်ကျလေပါဘုရား)။

မျှားမျှားပြုတ်ကျလေဆိုတော့ ဆဲ့တဲ့လူအပေါ်ကျမှာလား-မဆဲ့တဲ့လူအပေါ်ကျမှာလား-(ဆဲ့တဲ့လူအပေါ်ကျမှာပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာငါးပါး ကမ်းနားသစ်ပင်တရား၊ရေစုံမျောလာတဲ့ သံသရာ့ခရီးသည်မျောသမား....(မှန်လှပါဘုရား)မျောသမားက မြုပ်သမားအဖြစ်သို့ရောက်သွားရခြင်းသည် တကာ တကာမတို့ ရောက်ရာမှာ ဆဲ့မိဆဲ့ရာဆဲ့လို့....လို့မှတ်လိုက်....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ရောက်ရာမှာ....( ဆဲ့မိဆဲ့ရာဆဲ့လို့ပါဘုရား) တကာကြွယ် အခု လက်ကလေး-ဘာကလေးလွှတ်ပလား၊ မလွှတ်သေးဘူးဗျ (မှန်ပါ့ဘုရား) မလွှတ်သေးဘူး- ဆဲ့မိဆဲ့ရာဆဲ့တုန်းပဲ....(မှန်ပါ့ဘုရား)။

ဪ....ဒါဖြင့် တကာကြွယ်ဘို့ ရေနစ်တဲ့ပုဂ္ဂိုလ် မြင်ဘူးလိမ့်မယ်....(မှန်ပါ့) အင်းထဲ့ချောင်းထဲလေ... (မှန်ပါ့ဘုရား)

မြုပ်သွားတဲ့ပုဂ္ဂိုလ်ဟာ မယုံယင် သူ့လိုက်ပြီး ပိုက်နဲ့ တိုက်တိုက်၊ ထိုးဝါးနဲ့ ရှာရှာ၊ လှေနဲ့ ငုပ်ငုပ်ပေါ့ဗျာ....(မှန်ပါ) ဆဲ့မိဆဲ့ရာဆဲ့ထားတယ်(ဆဲ့ထားပါတယ်ဘုရား) မဆဲ့ဘူးလား... (ဆဲ့ထားပါတယ်ဘုရား) လွတ်သေးရဲ့လား.... (မလွတ်ပါဘုရား) ဆဲ့သာဆဲ့တယ်၊ သူ့မှာ အရှင်ဆဲ့လား-အသေဆဲ့လား.... (အသေဆဲ့ပါဘုရား) ရိပ်မိပြီ- (ရိပ်မိပါပြီဘုရား) သေဖို့ရာဆဲ့တယ်.... (မှန်ပါဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ သားဆဲ့ သမီးဆဲ့ ဆွေဆဲ့ မျိုးဆဲ့ ဆဲ့ချင်တာဆဲ့ သေဖို့ဆဲ့တာသာမှတ်လိုက်.... (မှန်ပါ) အဖန်ဖန်သေဖို့ဆဲ့တာ....(မှန်ပါ)။

တကာကြွယ်-ဘာတဲ့တုံး.... (အဖန်ဖန်သေဖို့ဆဲ့တာပါဘုရား) အဲဒါကို ခင်ဗျားတို့ အဖန်ဖန်သေဖို့ဆဲ့တာကိုမှ မပြည့်မှာစိုးလို့ ဤသား,ဤသမီး,ဤမြေး,ဤမြစ်နဲ့ ဘဝတိုင်းဆုံ၍....(မှန်လှပါ) အမ်မာလေး တကာကြွယ် တိုးမျှားမိုက်လိုက်သေးတယ်-(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာဖြစ်တာတုံး.... (တိုးပြီးမိုက်တာပါဘုရား) အင်း....ဒီ့ပြင်မှာ မိုက်တာလား- ဆုတောင်းပြည့်ဘုရားရှေ့မှာ မိုက်တာလား-(ဆုတောင်းပြည့်ဘုရားရှေ့မှာ မိုက်တာပါဘုရား)။

ဟာ....ခင်ဗျား လွန်ကုန်ပြီ....(မှန်ပါ) ဆုတောင်းပြည့်ဘုရားဆိုတာ အင်မတန်ကြောက်စရာကောင်းတာ.... (မှန်ပါ) သူ့ဆီတောင်းတဲ့ ဆုသည်ကားလို့ဆိုယင် ဝဋ်တွေတောင်းလိုက်မယ်ဆိုယင် ဝဋ်တွေ အပြည့်အစုံဖြစ်မသွားပေဘူးလား.... (ဖြစ်သွားပါတယ်ဘုရား)။

သို့သော်လဲ....တဲ့ ဘုရားအလိုရှိတာတောင်းတာလား၊ ဘုရား အလိုမရှိတာ အတင်းတောင်းတာလား.... (ဘုရားအလိုမရှိတာ အတင်းတောင်းပါတယ်ဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခြေထောက်နဲ့ ကန်မထုတ်ရုံတမယ် ကျန်တယ် ခင်ဗျားတို့အလုပ်ကဖြင့်... (မှန်ပါ ဘုရား)။

တကာကြွယ် မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား) ဤသား, ဤသမီး,ဤမြေး,ဤမြစ်နဲ့ ဘဝတိုင်း တခါတည်း မျောသမား သည် မြုပ်သမားဖြစ်ပြီး သေရပါလို့၏....(မှန်ပါ) ဒါ-တောင်း လိုက်တာကိုး....(မှန်ပါ) ဒီ့ပြင် ဘာပါသေးသတုံး.... (ဘာမှ မပါ-ပါဘုရား)။

အသံကဖြင့် အမျိုးမျိုးပြောင်းလိမ့်မယ်၊ ဖြစ်စဉ်က ဒါပဲ.... (မှန်ပါဘုရား)။

အသံကတော့ဖြင့်.... (အမျိုးမျိုးပြောင်းပါလိမ့်မယ်ဘုရား) အသံကတော့ စာရေးကောင်း- ကောင်းသလောက်ဖြစ်မှာပဲ.... (မှန်ပါဘုရား) ဖြစ်စဉ်ကတော့ဖြင့် မျောသမားက-မြုပ်သမား များများကြီး ဖြစ်ရပါလို့၏....(မှန်ပါ)။

ဘယ်လိုဆိုကြမယ်....(မျောသမားက မြုပ်သမား များများ ကြီး ဖြစ်ရပါလို့၏ပါဘုရား) တကာကြွယ်ရိပ်မိပြီ.... (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် ဒါ အလုပ်နဲ့မသိမ်းလို့ ရှိယင်ဖြင့် ဘုရားက မရဘူး ကွာ....တဲ့....(မှန်ပါ) ကဲ....ဒါဖြင့် မဆွဲမိအောင် ကြည့်ကြစို့.... (မှန်လှပါဘုရား)။

မဆွဲမိအောင် ကြည့်ကြစို့ဆိုတော့ တကာသစ်ကကြည့်လိုက် ဒီကမ်းနားသစ်ပင်ဟာ တကာသစ်-ရေ.... အောက်က အမြစ်များများရှိပြေးဘော်လဲ မြေနဲ့တွယ်နေတာက နည်းတယ်.... (မှန်ပါ့)သွားဆွဲယင် ဘာဖြစ်မယ်ထင်သတုံး.... (ပြုတ်ကျမှာပါဘုရား)။

ဘယ်သစ်ပင် ကြည့်လိုက်ကြည့်လိုက် ကမ်းနားသစ်ပင်ကြည့်လိုက်ယင် ဘယ်လိုပါလိမ့်... (ပြုတ်ကျမှာချည့်ပါ) ပြုတ်ကျမှာချည့်ပဲဆိုတာ သေချာသလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် သူ့ကို ဘယ်လိုကြည့်ရမတုံး ဆိုတော့ မဆွဲပဲနဲ့ သူသည် ခဏကလေးဖြစ်ပြီး ခဏကလေးပျက်သည်၊ ခဏဖြစ်ပြီး ခဏပျက်မည့်-ခဏခဏပြုတ်ကျနေမည့် သဘောကို ခင်ဗျားတို့က မမြင်-မြင်အောင်ကြည့်ရမယ်.... (မှန်ပါ့) မဆွဲနဲ့-မဆွဲနဲ့ တကာတကာမတို့နော်.... (မှန်ပါ့) မဆွဲပါနဲ့တဲ့၊ ဆွဲလို့ရှိယင်မျော သမားက မြုပ်သမားဖြစ်မှာစိုးလို့.... (မှန်ပါ့ဘုရား)။

အခု မျောသမားဖြစ်ရတာက ဦးမာဒင် တော်သေးတယ်နော်....(မှန်ပါ့) မြုပ်သမားဖြစ်တော့ သစ်ပင်ရော မြေစိုင်ရောပါတော့ မနာလားဗျာ....(နာပါတယ်ဘုရား)။

ဒါဖြင့် မျောသမားနဲ့ မြုပ်သမား တကာကြွယ်ဘယ်ဟာက သက်သာသေးသတုံး.... ( မျောသမားက သက်သာပါတယ် ) မျောသမားက သက်သာသေးတယ်....(မှန်ပါ့ဘုရား)၊

သို့သော် ခင်ဗျားတို့က မျောသမားအဖြစ်တွင် ကျေနပ်တဲ့ ပုဂ္ဂိုလ်လား မြုပ်သမားဖြစ်ရမှ ကျေနပ်တာလား ဆိုတော့

အလုပ်သွား ကြည့်(မှန်ပါ့) အလုပ်သွားက ဘယ်လိုပြောပါ လိမ့်....(မြုပ်သမားဖြစ်မှ ကျေနပ်ပါတယ်ဘုရား)။

ကဲ.... တကာတကာမတို့ ဝိပဿနာပြတော့မယ်.... (မှန်ပါ့) ဟိုဟာက အပြစ်ပြတာပဲ ရှိပါသေးတယ်.... (မှန်ပါ့) အပြစ်ကို ပျောက်အောင်လုပ်နည်းက ကျန်ပါသေးတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်ခန္ဓာငါးပါး ဆိုတဲ့ဥစ္စာ အားလုံးသိပြီးသားဖြစ်ပါတယ်တဲ့.... (မှန်ပါ့) ဒီခန္ဓာငါးပါးကို တကာတကာမတွေက ဩော်.... ဘုရားသခင် ကိုယ်တော်မြတ် ကြီးက ကမ်းနားသစ်ပင်မဆွဲနဲ့လို့ ဆိုတဲ့ဥစ္စာ တဏှာနဲ့မဆွဲနဲ့၊ ဉာဏ်နဲ့ကြည့်....လို့ ခိုင်းပါတယ်(မှန်ပါ့ဘုရား)။

တဏှာနဲ့တော့....(မဆွဲရပါ)ဉာဏ်နဲ့တော့.... (ကြည့်ရပါမယ် ဘုရား)။

ဉာဏ်နဲ့ကြည့်တော့ တကာတကာမတို့ ဩော်.... မခိုင်ပါ လား၊ ဩော်....မခိုင်ပါလားဆိုပြီး ဒီလိုသွားရမယ်.... (မှန်ပါ့) မခိုင်ပါလား-မမြဲပါလား- ပုပ်ကျမှာပါကလားလို့ ခင်ဗျား တို့ အမြဲတမ်းကြည့်ပေးပါ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီလို ကြည့်နေတဲ့အချိန်ကျတော့ကိုတဲ့ တဏှာကလဲ တကာ တကာမတို့ ဘယ်လိုဖြစ်နေသတုံး- ရပ်နေတယ်....(မှန်ပါ့)။

အရင်မျောလာတာကြီးက ဉာဏ်နဲ့ဆီးပြီး တားလိုက်တဲ့ အတွက် သူမျောချင်သလို မျောသေးရဲ့လား.... (မမျောရပါ ဘုရား)။

ဖြစ်ပျက်ရှုနေချိန်မှာ သမုဒယသစ္စာ, တဏှာ, လောဘ ဆိုတဲ့ တဏှာကလဲ ရပ်စဲတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) တဏှာက ရပ်စဲနေတယ်....(မှန်ပါ့) မရပ်စဲဘူးလား- (ရပ်စဲပါတယ်ဘုရား)။

ရပ်စဲလို့ ရှိယင် သူဘယ်သူနဲ့ နေပါလိမ့်တုံးဆိုတော့ မဂ္ဂင် ပေါ်ရောက်နေတယ်.... (မှန်ပါ့) မဂ္ဂင်သောင်ပေါ် ရောက်နေ တယ်....(မှန်ပါ့) တဏှာမျှောလို့မရဘူး....(မရပါဘုရား)။

တဏှာက ဘယ်လိုပါလိမ့်.... ( မျှောလို့မရပါ ) ဝိပဿနာ ရှုနေတဲ့ ပုဂ္ဂိုလ် တဏှာမျှောလို့မရဘူး....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဝိပဿနာကလဲ ကိုယ့်ခန္ဓာငါးပါးဖြစ်စေ၊ သားသမီး ခန္ဓာ ငါးပါးဖြစ်စေ မခိုင်ဘူး၊ မမြဲဘူး၊ ဖြစ်ပျက်ရှုနေတာပဲ .... (မှန်ပါ့) ရှုနေတဲ့ပုဂ္ဂိုလ်ကို တဏှာကကော မျှောလို့ရရဲ့လား.... (မရပါ) ကမ်းနားသစ်ပင်ကလဲ ကိုယ့်အပေါ် ပြုတ်ကျသေးရဲ့ လား....(မကျပါဘုရား)။

ဟာ....ဒါဖြင့်ဒီပုဂ္ဂိုလ်သည် တဏှာရေမျှောမှုမှလဲရပ်စဲတယ်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဆွဲမှုမှလဲ၊ ကိုယ့်ခန္ဓာပေါ်ပြုတ်ကျမည့်အမှုမှလဲ ရပ်စဲတယ် (ရပ်စဲပါတယ်ဘုရား)။

ရေမျှောမှုမှလဲ....(ရပ်စဲသွားပါတယ်) ပြုတ်ကျမှုမှလဲ ...(ရပ်စဲ သွားပါတယ်ဘုရား)။

အင်း.... သူဘယ်ပေါ်ရောက်နေလို့ သူလွတ်နေပါလိမ့်မတုံး လို့ မေးတော့ တကာတကာမတို့ မဂ္ဂင်ပေါ်ရောက်နေတယ်.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘယ်အပေါ်ရောက်နေသလဲ....(မဂ္ဂင်ပေါ်ရောက်နေပါတယ်ဘုရား)။

ဘကာသစ် ဝိပဿနာကျေးဇူးပေါ်ပြီ ... (ပေါ်ပါပြီဘုရား) ဆရာဝန်ကြီး မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဝိပဿနာကျေးဇူး ပေါ်ပြီတဲ့ တကာတကာမတို့ ဝိပဿနာကျေးဇူး သေသေချာချာပေါ်ပြီ.... ( ပေါ်ပါပြီ ) ကိလေသာရပ်တယ်ဆိုကတည်းက မျှော်လို့ရသေးရဲ့လား (မရပါဘုရား)။

ကိလေသာမရပ်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒီကပြီး ဟိုသွားမယ်၊ ဟိုကပြီး ဒီသွားမယ်....(မှန်ပါ) ကိုယ့်အလုပ်တွေက ရှုပ်နေတာကိုးဗျ....(မှန်ပါဘုရား)။

ကိုယ့်အလုပ်တွေက ရှုပ်နေတော့ ဒီကပြီး ဟိုသွားမယ်၊ ဟိုကပြီး ဒီသွားမည့်ပုဂ္ဂိုလ်မှာ မဂ္ဂင်ပေါ်သေးရဲ့လား (မပေါ်ပါဘုရား)မပေါ်ကတည်းက သူ့မှာရပ်တည်လို့.... ( မရပါ ) မရဘူးဆိုတာ အထူးတလည်ပြောဖို့ မလိုတော့ဘူး.... (မှန်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ ဝိပဿနာရှုနေယင်း မဂ္ဂင်သောင်ကမ်းပေါ် ရောက်နေတယ်(မှန်ပါ)ဘာကျောရေကာလဲ မမျှော်နိုင်တော့ဘူး....(မှန်ပါဘုရား)။

ဟိုဟာတွေကိုလဲ အင်း....ပြုတ်ကျလိမ့်မယ်-ပြုတ်ကျလိမ့်မယ်-ပြုတ်နေတဲ့တရားတွေ၊ ပြုတ်တတ်တဲ့ တရားတွေဆိုပြီး ဖြစ်ပျက်သာရှုနေ.... ( မှန်ပါ ) ခန္ဓာငါးပါးကို.... (မှန်ပါ) ဝေဒနာကြိုက်တဲ့လူ ဝေဒနာရှု၊ စိတ်ကြိုက်တဲ့လူ.... ( စိတ်ရှုရပါမယ် ) ရုပ်ကြိုက်တဲ့ လူ....(ရုပ်ရှုရပါမယ်ဘုရား)။

အဲ....ရှုချင်တာရှု၊ပြုတ်ကျလိမ့်မယ်-ပြုတ်ကျလိမ့်မယ်၊ပျက်စီးနေပြီ- ဟုတ်လား....(မှန်ပါ့) ဖြစ်ပြီးပျက်နေတဲ့ ဓမ္မမှတပါး ဘာမှမရှိဘူး၊ ပြုတ်ကျတတ်တဲ့ တရားတွေချည့်ပဲလို့ ရှုယင်း မတ္တာနဲ့ ကြည့်နေတဲ့အခါကျတော့ ဩော် .... ပြုတ်ကျတတ်တဲ့ တရားမို့ တကာ့တကာမတွေက ပြုတ်ကျတတ်တဲ့ အနိစ္စတွေ မမြင်ရပေဘူးလား....(မြင်ရပါတယ်ဘုရား)။

မြင်ရတဲ့အခါကျလို့ ရှိယင်ဖြင့် ဥပါဒါန်နဲ့မစွဲတဲ့ အတွက် တကာ့တကာမတွေ ကိုယ့်အပေါ်လဲ ပြုတ်မကျဘူး(မကျပါ) မဂ္ဂင်ဘည်းဟူသော ရပ်တည်ရာရလို့လဲ တဏှာရေကလဲမျှောလို့ မရဘူး....(မရပါဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်ဘယ်နေရာရောက်နေလို့ပါလိမ့်မလဲ-အလွတ်ကြီးလွတ်နေတဲ့ဥစ္စာဆိုတော့မှ အို....မဂ္ဂင်အလုပ်- လုပ်နေလို့ မဂ္ဂင်ဖောင်ပေါ်ရောက်နေလို့ မဂ္ဂင်သောင်ကမ်းပေါ် ရောက်နေလို့ တဏှာရေလဲ မမျှောနိုင်....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ)အင်း....ဟိုကမ်းနားသစ်ပင်လဲ မဆွဲတဲ့အတွက် သူ့မှာ မြုပ်စရာလဲမရှိဘူး....(မှန်ပါ့ဘုရား)။

ဒါဖြင့် မြုပ်-မျှောလွတ်တဲ့ အလုပ်သည် မြုပ်-မျှောကိုလွတ် အောင်လုပ်တဲ့ အလုပ်သည် ဝိပဿနာပဲရှိတယ် .... ( မှန်ပါ့ ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

မြုပ်-မျှောကို လွတ်အောင်လုပ်တဲ့ အလုပ်သည်(ဝိပဿနာပဲ ရှိပါတယ်) ဝိပဿနာပဲရှိတယ်ဆိုတာ ပေါ်ကြပလား....(ပေါ် ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ခန္ဓာမှာ ဝေဒနာရှုပါ.... (မှန်ပါ့) စိတ်ရှုပါ....(မှန်ပါ့)ကြိုက်တာရှုပေါ့ဗျာ....(မှန်ပါ့)ဖြစ်ပျက်မြင်ယင်ပြီးကြစတမ်းပဲ....(မှန်ပါ့)။

ဘာ့ကြောင့်တုံးဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ရယ်လို့ သူ မလိုချင်ဘူး.... (မှန်ပါ့) ကမ်းနားသစ်ပင် ပြုတ်ကျတာမြင်ဖို့ပဲ အရေးကြီးတယ် (မှန်ပါ့)အကုန်ကမ်းနားသစ်ပင်ချည့်ဟောတယ်(မှန်ပါ့)ဝေဒနာရှုကွယ်၊သညာရှုကွယ်လို့မဟောတော့ဘူး....(မှန်ပါ့)ပြုတ်ကျမှာသိနေဖို့ အရေးကြီးနေတာပဲ....(မှန်ပါ့)။

ဒါဖြင့် ဖြစ်ပျက်မြင်ဖို့ အရေးကြီးတယ်....(မှန်ပါ့) ဘာအရေးကြီးပါလိမ့် .... ( ဖြင်ပျက်မြင်ဖို့ အရေးကြီးပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ဆိုတာက ကမ်းနားသစ်ပင် .... ( မှန်ပါ့ ) သဘောကျပလား... ( ကျပါပြီဘုရား ) မြင်တာက မဂ္ဂင်.... (မှန်ပါ့)။

ဖြင်ပျက်က....(ကမ်းနားသစ်ပင်ပါဘုရား) မြင်တာက-(မဂ္ဂင်ပါဘုရား)။

ဒါဖြင့် ကမ်းနားသစ်ပင်ကို မဂ္ဂင်နဲ့ ကြည့်လိုက်တဲ့အခါကျတော့၊ မင်မျက်လုံးတပ်ပြီး ကြည့်လိုက်တဲ့အခါကျတော့ မဆွဲဖြင်တော့ဘူး....(မှန်ပါ့)။

မဆွဲဖြစ်လို့ သူ့မှာဒီဘဝ ဆွဲရမည့်သစ်ပင်ပိလို့လဲ သူသေလဲမသေဘူး၊ မြုပ်လဲမမြုပ်ဘူး....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

နောက်တဏှာကလဲ မျှော်စရာမရှိတဲ့အတွက် မဂ္ဂင်သောင်ကြီး ပေါ် သူတင်တော့ နောက်တဏှာကလဲ မျှော်နိုင်သေးရဲ့လား.... (မမျှော်နိုင်ပါဘုရား) တဏှာရေကလဲ ခန်းသွားပြီ.... (မှန်ပါ) တဏှာရေခန်းသွားတာ ရိပ်မိပလား.... (ရိပ်မိပါပြီ) ကမ်းနား သစ်ပင်တွေက မပိတာကော ရိပ်မိပလား....(ရိပ်မိပါပြီ) ဆွဲမှ မဆွဲတော့ပဲ....(မှန်ပါ)။

ဒါဖြင့် တဏှာဥပါဒါန်ချုပ်၊ ဥပါဒါန်ချုပ်လို့လဲ မြုပ် စရာမရှိ....(မှန်ပါ) တဏှာရေခန်းလို့လဲ မျှော်စရာမရှိ....(မှန်ပါ ဘုရား)။

ဥပါဒါန်ချုပ်လို့လဲ ...(မြုပ်စရာမရှိပါဘုရား)တဏှာရေခန်း လို့လဲ....(မျှော်စရာမရှိပါဘုရား)။

ဒါဖြင့် သူ-မဂ္ဂင်ဖောင်ပေါ်- မဂ္ဂင်သောင်ပေါ်ရောက်ပြီ- (ရောက်ပါပြီဘုရား)။

မဂ္ဂင်သောင်ပေါ် ရောက်လို့ရှိယင်ဖြင့် ဒီ-မဂ္ဂင်သောင်ကြီး သည် တကာတကာမတို့ ဘယ်သိုလှိုင်း၊ဘယ်လိုဂယက်၊ ဘယ်လို ဝဲနဲ့ကြုံကြုံ သူ့မှာ ပျက်စီးလှုပ်ရှားတဲ့သဘောမျိုး ရှိပါရဲ့လား (မရှိပါဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြပေတော့ တကာတကာမတို့ ဒီကမ်းနား သစ်ပင်ကို ဘယ်တော့မှ မဆွဲတော့ပါဘူးဆိုတဲ့ ဉာဏ်လာလို့ရှိ ယင်ဖြင့် ဒါ-မဂ္ဂင်ငါးပါးက ရှစ်ပါးဖြစ်မှာပဲ....(မှန်ပါ)။

ဘယ်တော့မှမဆွဲဘူးဆိုတဲ့ ဉာဏ်လာယင်.... (မဂ္ဂင်ငါးပါးက ရှစ်ပါးဖြစ်ပါမယ်ဘုရား)။

အဲ....ဘယ်တော့မှ မဆွဲဘူးဆိုယင်ဖြင့် ကမ်းနားသစ်ပင်တွေ ဟာ တကာတကာမတွေ ရှေ့တွင် ပျောက်သွားပြီးသကာလ

တာကယ့် ဆွဲရာ,ကိုင်ရာ,ခိုင်ရာ,မှဲရာဖြစ်တဲ့ နိဗ္ဗာန်က ဒီဘက်က လာပေါ်တယ်....(မှန်ပါ့ဘုရား)။

အနိစ္စပျောက်ပြီးသကာလ နိစ္စနိဗ္ဗာန်ပေါ်တယ်.... (မှန်ပါ့) ဒါဖြင့် နိဗ္ဗာန်နဲ့မျက်ဉာဏ်ကျန်တယ်....(မှန်ပါ့)။

နိဗ္ဗာန်နဲ့....(မဂ်ဉာဏ်ကျန်ပါတယ်ဘုရား) သဘောပါပလား (ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ရှုသာရှုနေ၊ ပျက်လိမ့်မယ်,စီးလိမ့်မယ်၊ ပျက်နေပြီ စီးနေပြီလို့သာ ရှုနေ....(မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီ) သစ္စာလေးပါးကော ကိုက်ပလား.... (ကိုက်ပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

နောက်တဏှာကလဲ မျှောစရာမရှိတဲ့အတွက် မဂ္ဂင်သောင်ကြီး ပေါ် သူတင်တော့ နောက်တဏှာကလဲ မျှောနိုင်သေးရဲ့လား.... (မမျှောနိုင်ပါဘုရား) တဏှာရေကလဲ ခန်းသွားပြီ.... (မှန်ပါ့) တဏှာရေခန်းသွားတာ ရိပ်မိပလား.... (ရိပ်မိပါပြီ) ကမ်းနား သစ်ပင်တွေက မပိတာကော ရိပ်မိပလား....(ရိပ်မိပါပြီ) ဆွဲမှ မဆွဲတော့ပဲ....(မှန်ပါ့)။

ဒါဖြင့် တဏှာဥပါဒါန်ချုပ်၊ ဥပါဒါန်ချုပ်လို့လဲ မြုပ် စရာမရှိ....(မှန်ပါ့) တဏှာရေခန်းလို့လဲ မျှောစရာမရှိ....(မှန်ပါ့ ဘုရား)။

ဥပါဒါန်ချုပ်လို့လဲ....(မြုပ်စရာမရှိပါဘုရား)တဏှာရေခန်း လို့လဲ....(မျှောစရာမရှိပါဘုရား)။

ဒါဖြင့် သူ-မဂ္ဂင်ဖောင်ပေါ်- မဂ္ဂင်သောင်ပေါ်ရောက်ပြီ- (ရောက်ပါပြီဘုရား)။

မဂ္ဂင်သောင်ပေါ် ရောက်လို့ရှိယင်ဖြင့် ဒီ-မဂ္ဂင်သောင်ကြီး သည် တကာတကာမတို့ ဘယ်သိုလှိုင်း၊ ဘယ်လိုဂယက်၊ ဘယ်လို ဝဲနဲ့ကြုံကြုံ သူ့မှာ ပျက်စီးလှုပ်ရှားတဲ့သဘောမျိုး ရှိပါရဲ့လား (မရှိပါဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြပေတော့ တကာတကာမတို့ ဒီကမ်းနား သစ်ပင်ကို ဘယ်တော့မှ မဆွဲတော့ပါဘူးဆိုတဲ့ ဉာဏ်လာလို့ရှိ ယင်ဖြင့် ဒါ-မဂ္ဂင်ငါးပါးက ချစ်ပါးဖြစ်မှာပဲ....(မှန်ပါ့)။

ဘယ်တော့မှမဆွဲဘူးဆိုတဲ့ ဉာဏ်လာယင်.... (မဂ္ဂင်ငါးပါးက ချစ်ပါးဖြစ်ပါမယ်ဘုရား)။

အဲ....ဘယ်တော့မှ မဆွဲဘူးဆိုယင်ဖြင့် ကမ်းနားသစ်ပင်တွေ ဟာ တကာတကာမတွေ ရှေ့တွင် ပျောက်သွားပြီးသကာလ

တကယ့် ဆဲ့ရာ,ကိုင်ရာ,ခိုင်ရာ,မြဲရာဖြစ်တဲ့ နိဗ္ဗာန်က ဒီဘက်က လာပေါ်တယ်....(မှန်ပါ့ဘုရား)။

အနိစ္စပျောက်ပြီးသကာလ နိစ္စနိဗ္ဗာန်ပေါ်တယ်.... (မှန်ပါ့) ဒါဖြင့် နိဗ္ဗာန်နဲ့မဂ်ဉာဏ်ကျန်တယ်....(မှန်ပါ့)။

နိဗ္ဗာန်နဲ့....(မဂ်ဉာဏ်ကျန်ပါတယ်ဘုရား) သဘောပါပလား (ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ရှုသာရှုနေ၊ ပျက်လိမ့်မယ်,စီးလိမ့်မယ်၊ ပျက်နေပြီ စီးနေပြီလို့သာ ရှုနေ....(မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီ) သစ္စာလေးပါးကော ကိုက်ပလား.... (ကိုက်ပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော်မူသော

( သူများပါးစပ်လမ်းဆုံးမှု ဇာတ်သိမ်းပုံ )

# နေ့အလုပ်ပေး-တရားတော်

( ၂၃-၉-၆၁ )

တရားနာကြတဲ့ တကာတကာမတွေသည်တဲ့ တရားကို နားက နာပြီးသကာလ ဉာဏ်က ခန္ဓာကိုယ်လှည့်ပါဆိုဘာ သတိပေး ရတယ်နော်....(မှန်ပါ့)။

တရားဘယ်က နာကြမယ်....(နားကနာပါမယ်)နားကတော့ ကြားရုံပဲရှိတာပဲ....တဲ့၊ ခန္ဓာထဲ အနိစ္စ, ဒုက္ခ,အနတ္တဆိုတာ ကြား တတ်တဲ့ စိတ်က မသိတော့ဘူး၊ ဉာဏ်ကမှသိတယ်....(မှန်ပါ့) အဲဒီတော့ကြားတတ်တဲ့စိတ်က မသိတော့ ဉာဏ်ကမှသိနိုင်တော့ ဉာဏ်က ခန္ဓာလှည့်ပါ....(မှန်ပါ့)။

ဒါဖြင့် နားက တရားနာ၊ ဉာဏ်က ခန္ဓာလှည့်လို့ ရှိယင်ဖြင့် တကာတကာမတို့သန္တာန် အရှိနဲ့အသိ ကိုက်ပါလိမ့်မယ်(မှန်ပါ့) အရှိနဲ့အသိ ကိုက်ပါလိမ့်မယ်လို့ ဦးလှဘူးတို့ သတိပေးတယ် နော်....(မှန်ပါ့ဘုရား)။

အဲဒီတော့ အရှိနဲ့ အသိကိုက်သွားလို့ ရှိယင်ဖြင့် ဘယ်ဉာဏ် များရသဘုံးလို့ မေးတဲ့အခါကျတော့ ယထာဘူတဉာဏ်ရတယ် (မှန်ပါ့)။

အရှိနဲ့ အသိကိုက်တော့ ဘယ်ဉာဏ်ရသတုံး.... (ယထာဘူတ ဉာဏ်ရပါတယ်ဘုရား) ယထာဘူတဉာဏ်ရတယ်လို့ မှတ်သား ပါ....(မှန်ပါ့ဘုရား)။

ယထာဘူတဉာဏ်ဆိုတဲ့ဥစ္စာ ဘာပါလိမ့်မလဲလို့ တကာ တကာမတွေက မေးကြလို့ရှိယင်ဖြင့်ယောကျ်ားလဲမရှိဘူး၊မိန်းမ လဲမရှိဘူး၊ ပုဂ္ဂိုလ်သတ္တဝါလဲမရှိဘူး ခန္ဓာထဲမှာ ဖြစ်မှုပျက်မှု နှစ်ခုသာ ရှိတယ်ဆိုတာ ပေါ်လာလိမ့်မယ်.... (မှန်ပါ့ဘုရား)။

ယောကျ်ားလဲမရှိ၊ မိန်းမလဲမရှိ၊ ပုဂ္ဂိုလ်သတ္တဝါလဲမရှိ ဘာ သာလျှင်ရှိပါလိမ့်....(ဖြစ်မှုပျက်မှုသာ ရှိပါတယ်ဘုရား)။

ဖြစ်မှုပျက်မှုနှစ်ခုသာ ရှိတယ်လို့နားကနာပြီး ဉာဏ်က ခန္ဓာ စိုက်လိုက်လို့ရှိယင်ဖြင့် ဒီနှင်ခုမြင်လို့ရှိယင်ဖြင့် နိဗ္ဗာန်ဆိပ်ဦး ရောက်ပါပြီလို့မှတ်ပါ.... (မှန်ပါ့)။

နိဗ္ဗာန်ဆိပ်ဦးရောက်ပြီလို့မှတ်ပါ....(မှန်ပါ့) နိဗ္ဗာန်ကြီးသွား ရာ စောင်းတန်းဆိပ်ဦးကို ကောန်ရောက်ပြီလို့ ဆိုတာ တကာသစ် တို့ဦးမဒင်တို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

ငါ-ဘာဖြစ်နေပါလိမ့်မတုံးလို့ ဒီနေရာမှာ မတွေးလိုက်ပါနဲ့ (မှန်ပါ့)နိဗ္ဗာန်ဆိပ်ဦးဆိုတာ ရှေ့ဆက်သွားလို့ရှိယင် နိဗ္ဗာန်ပဲ၊ နိဗ္ဗာန်၏ရှေ့နားရောက်ပါပြီလို့ ပြောတာ....(မှန်ပါ့)။

အဲဒီတော့ ငါ-ဘာဖြစ်နေပါလိမ့်မလဲ၊ ဘယ့်နှယ်ကြောင့် နိဗ္ဗာန် မမြင်ပါသေးသတုံးလို့ ကိုယ့်ဟာကိုယ် သံသယရှိပြီး တရားအားထုတ်ပြီး မနေလိုက်ပါနဲ့၊ နိဗ္ဗာန်ဆိပ်ဦး ရောက်တယ် ဆိုလို့ရှိယင်ဖြင့် နိဗ္ဗာန်ရောက်ဖို့ရာ ကပ်နေပါပြီ.... ( မှန်ပါ့ ဘုရား)။

(၁၄၄) မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား ။ ၂၀။

ဘယ့်နှယ်ကြောင့်တုံးလို့ ဆိုလို့ရှိယင်ဖြင့် ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်ဟာ တသံသရာလုံးမရခဲ့လို့ ယောကျ်ားနှိပ်စက်လို့၊ မိန်းမနှိပ်စက်လို့၊ ယောကျ်ားဖြစ်ချင်တယ်ဆိုတာ ယောကျ်ားက နှိပ်စက်တာ....(မှန်ပါ့)။

မိန်းမတွေကလဲ ယောကျ်ားဖြစ်ချင်တယ်ဆိုတာ ယထာဘူတ ဉာဏ်မရတော့ ယောကျ်ားဖြစ်ချင်တယ် ဖြစ်လာဘယ်- (မှန်ပါ ဘုရား)။

ယောကျ်ားတွေကလဲ ထို့အတူပဲ နတ်ဖြစ်ချင်တယ်၊ ဗြဟ္မာ ဖြစ်ချင်တယ်ဆိုယင် ယထာဘူတဉာဏ် မရသေးလို့ ဖြစ်ချင်တာ (မှန်ပါ့)။

ယထာဘူတဉာဏ် တကယ်တန်း ရပြီ ဆိုလို့ ရှိယင် ဖြင့် ယောကျ်ားလဲ မဖြစ်ချင်ဘူး...၊ မိန်းမလဲ မဖြစ်ချင်ဘူး၊ တကာ တကာမတို့ ယောကျ်ားကိုစွသိမ်း၊ မိန်းမကိုစွ သိမ်းပြီးသကာလ ဒုက္ခချုပ်ငြိမ်းရာသာ ရောက်ချင်တယ်ဆိုတဲ့ဥစ္စာ လာတာပါပဲ.... (မှန်ပါ့)။

အဲဒါ့ကြောင့် နိဗ္ဗာန် နီးသလား၊ ဝေးသလားလို့ တကာ တကာမတွေက ကိုယ့်အတွေးနဲ့ ကိုယ်တွေးတဲ့အခါကျလို့ရှိယင် ဖြင့်တဲ့ ဘုန်းကြီးကပဲ ဘုရားဆုံးဖြတ်ချက်ချပေးတဲ့ အတိုင်း ချပေးလိုက်ပါတယ်....(မှန်ပါ့)။

ခန္ဓာထဲမှာ ဟိုနေရာကယားတယ်၊ ဒီနေရာကနာတယ်၊ ဟိုနေ ရာကအောင့်တယ်၊ ဒီနေရာက ချမ်းသာတယ်၊ ဒါကလေးတွေ လျှောက်ကြည့်လို့ မျက်လုံးမှိတ်ပြီးကြည့်တဲ့အခါကျတော့ သြော် ဒါ-ဖြစ်မှုနဲ့ ပျက်မှုကလေးတွေပါလား....၊ ဖြစ်မှုနဲ့ ပျက်မှုကလေး တွေပါလားလို့ မျက်လုံးသာမှိတ်ကြည့်....(မှန်ပါ့)။

ဖြစ်မှုနဲ့ ပျက်မှုကလေးတွေချည့်ပဲ ဦးမာဒင်တို့ တကာသစ်တို့ တွေ့ပါလိမ့်မယ်....(မှန်ပါ)။

တွေ့လို့ရှိယင်ဖြင့် ဩော်.... နဂိုရှိက ဖြစ်မှုပျက်မှုပါကလေး (မှန်ပါ) ဒို့ယထာဘူတဉာဏ် မရခင်တုန်းက ဒီနေရာ ငါနာတာ, ငါယားတာ, ငါကောင်းတာ, ငါအနာပျောက်သွားတာ အစရှိသည်နဲ့ ဒါတွေကို ယထာဘူတဉာဏ် မရခင်တုန်းက တော့ ဒိဋ္ဌိနဲ့ တွဲနေတယ်....(မှန်ပါ)။

ငါနာတာ, ငါယားတာ, ငါကောင်းတာ,ငါ့အနာကလေး ပျောက်သွားတာ....(မှန်ပါ) အင်း ..ယထာဘူတဉာဏ် မရခင် တုန်းကတော့ ဒိဋ္ဌိမပြုတ်ပါဘူး....(မပြုတ်ပါဘုရား)။

ဒိဋ္ဌိမပြုတ်တော့ကို....တဲ့ ငါ့အနာနဲ့ ငါပဲ သေမှာသင်ပါရဲ့- (မှန်ပါ) ငါယားတာသည်ကားလို့ဆိုယင် ငါ့အယားနဲ့ ငါပဲ ဒုက္ခဖြစ်နေတာပဲ....(မှန်လှပါဘုရား)။

အင်း.... ယထာဘူတဉာဏ်မရသေးတော့ တကာတကာမတို့ ဒိဋ္ဌိမပြုတ် ငါမပြုတ်ဖြစ်ပြီးသကာလနေတော့ကိုတဲ့ တကာသစ် ရေ....တသံသရာလုံး မျက်လုံးမပွင့်ခဲ့တဲ့ဥစ္စာ အဲဒီအချိန်လဲ မပွင့် သေးဘူးပဲ မှတ်လိုက်တာပေါ့....(မှန်ပါ)။

နောက်တော့ ခန္ဓာကိုယ်ကို ဉာဏ်နဲ့စိုက်လိုက်တော့ ဟိုနေရာ ကယား,ဒီနေရာကနာ,ဟိုနေရာကကောင်း၊ ဟိုနေရာက အလတ် စားကလေးပေါ်တယ်ဆိုယင် ဩော်.... ဒါကလေးတွေ ခန္ဓာ ရှိမှဖြင့် ဒီတရားတွေပဲ ဖြစ်မှု ပျက်မှုပဲရှိတယ်လို့ ဉာဏ်နဲ့လဲ တွေ့မယ်....(မှန်ပါ) ထိုကဲ့သို့ ဉာဏ်နဲ့တွေ့ပြီဆိုမှဖြင့် တကာကြွယ်

ဘာပဲ မှတ်လိုက်တာပေါ့ ဩော်....အကန်းဘာဝမှ ပျောက်ပေပြီ-(မှန်ပါ့)အရူးဘာဝမှ ပျောက်ပေပြီ....(မှန်ပါ့ဘုရား) အရှိသိပြီ....(မှန်ပါ့)။

အရှိသိပြီဆိုတော့ ဘယ့်နှယ်တုံး(အရူး၊အကန်းဘာဝမှပျောက်ပါတယ်ဘုရား) အရူး၊အကန်းဘာဝမှ လွန်မြောက်ပြီးသကာလ ဟုတ်တိုင်းမှန်စွာသိလာတဲ့ယထာဘူတဉာဏ်ရပါတယ်....(မှန်ပါ့) ဟုတ်တိုင်းမှန်စွာသိလို့ ယထာဘူတဉာဏ်ရပါတယ်လို့ မှတ်လိုက်ခမ်းပါ....(မှန်ပါ့)။

ယောကျ်ားယားတာလဲမဟုတ်ဘူး၊ မိန်းမယားတာလဲမဟုတ်ဘူး....၊ ငါယားတာလဲမဟုတ်ဘူး....၊ သူယားတာလဲမဟုတ်ဘူး၊ ဝေဒနာကလေးတွေ ဖြစ်ပေါ်မှုကိုပြတာ....(မှန်ပါ့)ပျောက်သွားပြန်တော့ ဝေဒနာကလေးတွေ၏ ပျက်မှုကိုပြတာ....(မှန်ပါ့)စိတ်ကလေးတွေ၏ ဖြစ်ပေါ်မှုပြတာ.... (မှန်ပါ့) စိတ်ကလေးတွေ၏ ပျက်မှုပြတာ(မှန်ပါ့)။

ဤကဲ့သို့ ဖြစ်မှုပျက်မှုကလေးသာရှိပါကလား....လို့ ဆိုတာ ဉာဏ်ထဲမှာ မျက်လုံးမှိတ်ပြီး ကြည့်လိုက်တဲ့အခါ ဒါကလေးတွေချည့်ပဲ ဆက်ပြီးတွေ့တယ်... (မှန်ပါ့)။

ဒါကလေးတွေချည့်ပဲ ဆက်တွေ့တဲ့အခါကျတော့ ဘုန်းကြီးတို့ တကာ့တကာမတွေက အရူး၊အကန်းဖြင့် ပျောက်လို့ ဟုတ်တိုင်းမှန်စွာသိတဲ့ ယထာဘူတဉာဏ်ဖြင့်ရပေါ့.... (မှန်ပါ့) ဒါ....နိဗ္ဗာန်ဆိပ်ဦးရောက်ပြီ....(မှန်ပါ့)။

ဘယ်လိုဆုံးဖြတ်ချက်ချကြမလဲ.... (နိဗ္ဗာန်ဆိပ်ဦးရောက်ပါပြီဘုရား) နိဗ္ဗာန်ဆိပ်ဦးဆိုတာ နိဗ္ဗာန်နား ကပ်နေပြီလို့ ပြောတာပါပဲ....(မှန်ပါ့)။

နိဗ္ဗာန်ဆိပ်ဦးရောက်ပြီဆိုတာ နိဗ္ဗာန်နားကပ်နေပြီလို့ ပြော ပါတယ်....(မှန်ပါ့)။

အဲဒီတော့ ဘယ့်နှယ်ဖြစ်သတုံး....လို့ မေးတဲ့အခါကျတော့ တသံသရာလုံးက ယောကျ်ား၊ မိန်းမထင်ပြီး ငါယားတယ်, သူ နာတယ်, ငါကောင်းစားတယ်, သူကောင်းစားတယ်,ထင်လာတဲ့ ဒိဋ္ဌိဟာ ဒီနေရာမှာတဲ့ 'သုတဝါ အရိယသာဝကော' ဖြစ်သော ကြောင့် ပညာနားနဲ့ ကြားပြီးသကာလ ဉာဏ်အမြင်နဲ့ မြင် လိုက်သည်ဖြစ်လေသောကြောင့် ကြားတုန်းကတော့ ပညာနားနဲ့ ကြားတယ်....(မှန်ပါ့) မြင်တော့ ပညာအမြင်နဲ့ မြင်လိုက်သည် ဖြစ်လေသောကြောင့် ဒါ....ယထာဘူတဉာဏ်ရပြီ.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘယ်ဉာဏ်ရပါလိမ့် .... (ယထာဘူတဉာဏ်ရပါတယ်ဘုရား) "ယထာဘူတဉာဏန္တိ ယထာဘူတံသဘာဝဒဿနဉာဏံ...."လို့ အဋ္ဌကထာဆရာများ ဖွင့်သောကြောင့် အယာဘူတ အရှိနဲ့ အသိ ကို ကိုက်အောင် ကြည့်နိုင်တဲ့ဉာဏ်ဟာ ယထာဘူတဉာဏ်.... (မှန်ပါ့)။

အရှိနဲ့ အသိ ကိုက်အောင်သိနိုင်တဲ့ဉာဏ်....(ယထာဘူတဉာဏ် ပါဘုရား)။

ဪ....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ မျက်စိ နှစ်ကွင်း အလင်းရပြီ....၊ အရှုးအနှမ်းဘဝမှလဲ လွန်မြောက်ပြီ၊ လမ်းဖြင့် အဖြောင့်သွားတော့ပြီဆိုတာ ဦးမာဒဲ သေသေချာ ချာ မှတ်ပါ....(မှန်ပါ့)။

ရှေးတုန်းကတော့ဖြင့် ဒီလိုမမြင်တဲ့အတွက် မျက်စိကန်း လမ်းလျှောက်သလို တကာကြွယ့်ရေ.... လျှောက်လိုက်တဲ့ဖြစ်ခြင်း..... (မှန်ပါ့)။

မျက်စိကန်း လမ်းလျှောက်ဆိုတာကတော့ ဘာမှသိလို့ သွားတာမဟုတ်ဘူး၊ ဦးတည့်ရာသွားတာ....(မှန်ပါ့ဘုရား) အဲ... ဦးတည့်ရာသွားပြီးသကာလ နေသောကြောင့် အင်း....နတ်ပြည်ကောင်းနိုးနိုး, ဗြဟ္မာ့ပြည်ကောင်းနိုးနိုး, လူ့ပြည်ပြန်ရကောင်းနိုးနိုး၊ ဒါ....မျက်စိကန်းသွားတာ.... ( မှန်လှပါ ) သူသွားတဲ့နေရာဟူသရွေ့ သည် အိုပွဲ့,နာပွဲ့,သေပွဲခင်းတဲ့နေရာချည့်ပဲ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေသည် အိုပွဲ့ နာပွဲ့ သေပွဲတွေ ခင်းတဲ့နေရာမှာ ယထာဘူတဉာဏ် မရတော့ ဦးမာဒင်ကြီးတို့သွားချင်သလိုသွားနေတယ်....(မှန်ပါ့)။

သွားချင်သလိုသွားပြီး သကာလ နေကြတော့ သွားတော့ ဟိုကျတော့ အိုပွဲကြီးနဲ့ ခန္ဓာကိုယ်ကြီး မအိုဘူးထင်ပြီး ဆုတောင်းလိုက်တာ အိုပွဲကြီးနဲ့ ဘွားကနဲတွေ့တယ်....(မှန်ပါ့) ခန္ဓာကိုယ်ကြီး မနာဘူးထင်ပြီး ဆုတောင်းလို့ရပြန်လဲ နာပွဲကြီးနဲ့လဲ ဘွားကနဲတွေ့တယ်....(တွေ့ပါတယ်ဘုရား) ခန္ဓာကိုယ်ကြီးမသေဘူးထင်ပြီး ဆုတောင်းလိုက်တာ ဟိုကျတော့ သေပွဲကြီးနဲ့ ဘွားကနဲတွေ့လိုက်တယ် ...(မှန်ပါ့)။

မှားကုန်ပါပေါ့လားလို့ လာတော့လာရဲ့.... (လာပါတယ်ဘုရား)လာပင်လာငြားသော်လဲ ယထာဘူတဉာဏ်ဆိုတာကလေး

က မရသေး၊ ဩော်....ဒီဘုံသာဒီလိုဖြစ်တယ်၊ ဟိုဘုံကျယင် ဒီ့ထက်သာ နေရာကျမှာပဲဆိုပြီးသကာလ မျက်စိကန်း သွား ပြန်တာပဲ....(သွားပါတယ်ဘုရား)။

မျက်စိကန်း သွားပြန်တော့ သွားတဲ့နေရာမှာ အကန်းသွား ဖြစ်နေတဲ့အတွက် သူသွားရာမှာလဲ အိုပွဲကြီးနဲ့ ဘွားကန် တွေ့ပြန် ရော....(တွေ့ပါတယ်ဘုရား) နာပွဲကြီးနဲ့ကော.... (တွေ့ပါတယ် ဘုရား) သေပွဲကြီးနဲ့ကော....(ဘွားကန်တွေ့ပါတယ်ဘုရား)။

ဟာ....ဦးမာဒင် မျက်စိကန်းသွားတာကဖြင့် သွားလေ ဆိုး လေပါလား....(မှန်ပါ့ဘုရား) ဘယ့်နှယ်ဆိုကြမလဲ.... (သွားလေ ဆိုးလေပါဘုရား)။

ဒါ့ကြောင့် နိဗ္ဗာန်ဆိပ်ဦးကို မရောက်သေးသရွေ့ ကာလပတ် လုံးဖြင့် ဒီပွဲချည့်ပဲ တိုးတက်ပြီး သွားနေမှာပဲဆိုတာကို ဦးလှ ဘူးတို့ တကာကြွယ်တို့ ဦးမာဒင်တို့ မှတ်ကြ....(မှန်ပါ့)။

ဩော်....ဒါဖြင့် ဒီခန္ဓာကိုယ် ဉာဏ်နဲ့စိုက်ပြီး ကြည့်လိုက်လို့ ရှိယင် ခန္ဓာရှိတဲ့နေရာဖြင့် ဖြစ်ပျက်အနိစ္စနဲ့နေရမှာပဲ.... (မှန်ပါ့) ဆိုတော့ တတန်းတည်းဖြစ်မသွားဘူးလား.... (ဖြစ်သွားပါတယ် ဘုရား) နတ်ပြည်လဲ ဒါပဲ၊ ဗြဟ္မာ့ပြည်လဲ ဒါပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ခန္ဓာလုပ်နေကြတယ်....(မှန်ပါ့)။

အခုတော့ ယထာဘူတဉာဏ်ရလာတဲ့အခါကျတော့ အနိစ္စ ဒုက္ခ၊အနတ္တကို ယောကျ်ားလဲမလုပ်တော့ဘူး၊ မိန်းမလဲ မလုပ် တော့ဘူး၊ သားလဲမလုပ်ချင်ဘူး၊ သမီးလဲ မလုပ်ချင်တော့ဘူး ဆိုကာဘည်းကိုက ဘုန်းကြီးတို့ တကာတကာမတွေ့ဘဲ အမှန်သိတဲ့ မျက်စိရသွားပါတယ်....(ရပါတယ်ဘုရား)။

ဘာ့ရသွားပါလိမ့်- (အမှန်သိတဲ့မျက်စိရသွားပါတယ်ဘုရား) အမှန်သိတဲ့မျက်စိရသွားတဲ့အတွက် နိဗ္ဗာန်ဆိပ်ဦးသို့ ရောက်ပါပြီ (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အမှန်သိတဲ့မျက်စိကလေးဟာ တသံသရာလုံးမရခဲ့လို့ ပွဲတွေ ပိုးလိုက်ရတာ ဟိုပွဲကောင်းနိုးနိုး, ဒီပွဲကောင်းနိုးနိုးနဲ့ ဦးမာဒင် ပုဲ့ ဆရာဝန်ကြီးတို့ တိုးခဲ့ကြတဲ့ဥစ္စာ ဘယ်ပွဲမှ တခါတည်း ဒုက္ခ သိမ်းခဲ့ရတယ်လို့ ရှိရဲ့လား....(မရှိပါဘုရား)။

ဒုက္ခထဲပဲ နွံခဲ့ရတယ်....(မှန်ပါ့) ဒုက္ခကြီးတယ်, ဒုက္ခသေး ဟယ်, ဒါပဲ ရွေးခဲ့ရတာပဲ.... (မှန်ပါ့) အမြတ်အစွန်းကဖြင့် ကိုယ်သွားသရွေ့မျက်စိကန်းသွားနေတာကိုး....(မှန်ပါ့)။

မျက်စိကန်းသွားနေတဲ့ အခါကျတော့ ဦးတည်ရာသွားပြီး တွေ့စရာဒုက္ခဟူသရွေ့ ကိုယ့်ဒုက္ခကြီးပဲဆိုတာ တခါတည်းဖြစ် ဟယ်....(မှန်ပါ့) မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒါကြောင့် ယခုအချိန်မှာ ယထာဘူတဉာဏ်ဆိုတာ ငါ မဟုတ်,သူမဟုတ် ဖြစ်ပျက်သာဟုတ်တယ်ကွ၊ ဒီလိုပဲသိတဲ့ဉာဏ် ဟာ ဘာဉာဏ်ခေါ်ကြမလဲ....(ယထာဘူတဉာဏ်ပါဘုရား)။

ဩော်....တကာတကာမတို့ ဒီဉာဏ်ကလေးတလုံး ရဖို့ရာလဲ ဖတော်တော်ပဲတရားနာပြီး, တော်တော်ပဲ ဉာဏ်စိုက်ကြည့်မှ ဉာဏ်နှာနဲ့ထောင်ပြီးဉာဏ်မျက်စိနဲ့ကြည့်မှသာလျှင်လဲ ဦးမာဒင် ရေ- အမှန်ရောက်တော့မှာပဲ....(မှန်ပါ့) နို့မဟုတ်လို့ရှိယင်ဖြင့် သူများပါးစပ် လမ်းဆုံးတယ်....(မှန်ပါ့)။

သူများပါးစပ်....(လမ်းဆုံးပါတယ်ဘုရား) ဩော်.... မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ယထာဘူတဉာဏ် မပေး

နိုင်တဲ့ပုဂ္ဂိုလ်တွေနဲ့ တွေ့လို့ရှိယင် သူများပါးစပ်လမ်းဆုံးမှာ သိပ်ကြောက်တယ်....(မှန်ပါ့)။

ဘယ်လောက်ထိအောင် ကြောက်သတုံးလို့ မေးတဲ့အခါကျ တော့ သူများပါးစပ် လမ်းဆုံးတာကွာတဲ့၊ ငါ-ရှင်းပြစမ်းပါမယ် တဲ့၊ အခု တရားနာနေတဲ့ ပုဂ္ဂိုလ်တွေဟာ ဝါဂွမ်းသဘောထား ပါ....(မှန်ပါ့)။

သူများပါးစပ်က ဒီပါးစပ်က ထွက်လာတဲ့လေက မှုတ်လိုက် လို့ရှိယင်ဖြင့် ဥပမာအရှေ့ဘက်ကို အနောက်ဘက်ကနေ မှုတ် လိုက်တယ်ဆိုယင် အရှေ့ဘက် လွင့်သွားတာပဲ.... ( မှန်ပါ့ ဘုရား)။

အရှေ့ဘက်က မှုတ်လိုက်ပြန်လဲ အနောက်ဘက်လွင့်သွားတာ ပဲ....(မှန်ပါ့)တောင်ဘက်ကမှုတ်လိုက် မြောက်ဘက်လွင့်၊ မြောက် ဘက်ကမှုတ်လိုက်ယင် တောင်လွင့်၊ အထက်က မှုတ်လိုက်ယင် အောက်လွင့်....(မှန်ပါ့) အောက်ကမှုတ်လိုက်ယင် အထက်လွင့်.... (မှန်ပါ့) ဝါဂွမ်းတည်ရာမရှိဘူး....(မှန်ပါ့) ပါးစပ်စိမ့်သလိုပဲ (မှန်ပါ့)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေမှာလဲတဲ့ အမေ မိဘတည်းဟူသော ပါးစပ်ကလည်း တခါတည်း နင် ကောင်း- ကောင်းနေ နင်-ကောင်းကောင်းဖြစ်မှာပေါ့ဆိုတော့ ကိုယ့် ကိုယ်ကို နင်ပဲမှတ်ထားတယ်....(မှန်ပါ့ဘုရား)။

ငါ-ကောင်းကောင်းနေ ငါ-ကောင်းကောင်း ဖြစ်မှာပေါ့ ဆိုတော့ ဩော်....သူ့အမေကလဲ သူ့ကိုယ်သူ ငါတဲ့....(မှန်ပါ့)

ခြေ...သူက ငါကိုး၊ မိမိကနင်ကိုး....(မှန်ပါ) ခြေ....နင်ရှိတယ်ငါရှိတယ် ဖြစ်လာဘယ်....(မှန်ပါ) ဟော- ရုပ်နာမ်တွေ ပျောက်ကုန်ပြီ....(ပျောက်ပါပြီဘုရား)။

ရုပ်နာမ်တွေပျောက်ကုန်ပြီ တကာတကာမတို့....(မှန်ပါ) သူ-ရှိတယ်၊ ငါရှိတယ်ဆိုတော့ ဘာတွေပျောက်ကုန်သလဲ.... ( ရုပ်-နာမ်တွေ ပျောက်ကုန်ပါတယ်ဘုရား)။

ဟာ....ဦးမာဒင် သွားပြီ၊ ယထာဘူတဉာဏ် မလာနိုင်ဘူး.... (မှန်ပါ) ဟာ....ဘယ်နှယ်ကြောင့် ဒီအမှတ်ကြီး, ဒီအစွဲကြီး, ဒီအချိန်ထိ မြဲနေပါလိမ့်မတုံးဆိုတော့ အမေ့ပါးစပ်လမ်းဆုံးခဲ့လို့....(မှန်ပါ) အဖေ့ပါးစပ်.... (လမ်းဆုံးခဲ့လို့ပါဘုရား)ရပ်ရွာပါးစပ်....(လမ်းဆုံးခဲ့လို့ပါဘုရား)။

ဒါဖြင့် ကျုပ်တို့ ဝါဂွမ်းဖြစ်ပြီ.... (ဖြစ်ပါပြီ) သူများပါးစပ်စီမံရာ ကျုပ်တို့လိုက်ရတယ်....(လိုက်ရပါတယ်) ဒီဘက်က မှုတ်လိုက်တော့ ဝါဂွမ်းသည် ဟိုဘက်ပြေးရတယ်.... (ပြေးရပါတယ်ဘုရား)။

အင်း....ဒါဖြင့် သူများပါးစပ် လမ်းဆုံးခဲ့ရတဲ့ အခြေအနေလောက်ဆိုးတာ တကာသစ် ရှာမတွေ့ဘူး.... (မတွေ့ပါဘုရား) တွေ့သေးရဲ့လား....(မတွေ့ပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ခြေ....သံသရာထဲမှာဖြင့် အိုဘေး, နာဘေး, သေဘေးရှိတဲ့နေရာ တပည့်တော်တို့ ထပ်ပြန်တလဲလဲ ရောက်နေတာ တပည့်တော်တို့၏လက်သည် တွေ့ပြီဘုရား-၊ယထာ

ဘူတဉာဏ်မရပဲနဲ့ သူများပါးစပ်လမ်းဆုံးလို့ ဖြစ်ရလေခြင်း- (မှန်ပါ့)သေသေချာချာမှတ်ပါ....(မှန်ပါ့)။

ဘာထင်ကြသတုံး.... ( သူများပါးစပ် လမ်းဆုံးလို့ဖြစ်ရတာ ပါဘုရား)။

နာလိုက်တာဦးမာဒင်ရေ-၊ နာလိုက်တာ.... (မှန်ပါ့) တကာ ကြွယ် သိပ်နာပါလား....(မှန်ပါ့)။

သေသေချာချာ တရားပွဲထဲမှာ တကာတကာမတွေ့ စဉ်းစား ပါ၊ဒါ-သစ္စာသံယုတ်ကို ပြောနေပါတယ်....(မှန်ပါ့ဘုရား)။

သူများပါးစပ် လမ်းဆုံးတာ ကွာ မင်းလုပ်ယင် မင်း ရမှာ ပေါ့ကွ ဆိုတော့ ဒီပြည်မှာလဲ မင်းပဲ၊ ဟိုပြည်မှာလဲ မင်းပဲ၊ သဿတဒိဋ္ဌိဟောချလိုက်တယ်....၊ တခါတည်းဟုတ်တယ် ယူချ လိုက်တယ်....(မှန်ပါ့)။

မင်းလုပ်ယင် မင်းရမယ်ဆိုတာ ခုထက်တိုင်တိုင် ခင်ဗျားတို့ တရားထူးမနာရသေးယင်ကိုယ်လုပ်ယင်ကိုယ်ရမယ်ဆိုတဲ့ အယူမစွန့် ဘူးနော်(မစွန့်ပါဘုရား)ဒီကိုယ်သည်ပင်လျှင် ဟိုကိုယ်ဖြစ်မှာပဲ- (မှန်လှပါဘုရား)။

ဒီကိုယ်ပဲစံရမှာပဲ၊ ဒီကိုယ်ပဲခံရမှာပဲဆိုတဲ့ဥစ္စာ ဒီကိုယ်လုပ် ဒီကိုယ်ခံ ဟုတ်လား....၊ကိုယ်လုပ် ကိုယ်ခံပေါ့ကွ-ဆိုတော့ ဒီကိုယ် ပျောက်တယ်လို့ ရှိသေးရဲ့လား.... (မရှိပါဘုရား) ဘာဒိဋ္ဌိတုံး.... (သဿတဒိဋ္ဌိပါဘုရား)။

အဲဒါ ဦးမာဒင်ကြီးတို့- တကာကြွယ်တို့ မေးချင်ပါတယ်....၊ ခင်ဗျားတို့ပါးစပ်က ထွက်လာတာလား၊ သူများပါးစပ်ကထွက်

လာလို့ ခင်ဗျားတို့က ယုံကြည်နေရတာလား( သူများပါးစပ်က ထွက်လာလို့ ယုံကြည်နေရတာပါဘုရား)။

ဟာ....ဒါ့ကြောင့်ဘုရားက ခင်ဗျားတို့ ဝါဂွမ်းလို့ ပြောတာ (မှန်ပါ့)သူများပါးစပ်လမ်းဆုံးတယ်.... (မှန်ပါ့)။

ဟိုက သဿတဒိဋ္ဌိပြောချလိုက်တဲ့ဥစ္စာခင်ဗျားတို့ကကိုယ်လုပ် ကိုယ်ရတာပဲဆိုတဲ့ သဿတဒိဋ္ဌိကို ကိုယ်ကလဲ ဝါဂွမ်းသဘော ဖြစ်ပြီးသကာလနေတော့ မကြံတတ်မစည်တတ် ဖြစ်နေတော့ အင်း.... သူများက ဒိဋ္ဌိပေးတာ ကိုယ်က ဒိဋ္ဌိပဲ လက်ခံလိုက်ရ တယ်....(မှန်ပါ့) တယ်လဲ ကြောက်စရာ ကောင်းပါလား.... (ကောင်းပါတယ်ဘုရား)။

တကာတကာမတို့ အခုပြောနေတဲ့တရားဟာ ယထာဘူတ ဉာဏ် မရသေးယင် ဒီအပြစ်တွေ သင့်နေမယ်ဆိုတာကို ရှေရှေ့ လည်လည် သိပါစေတော့လို့ သစ္စာသံယုတ် ထုတ်လာတယ်.... (မှန်ပါ့)။

တကာကြွယ်ကြီး တို့ကြည့်ပါလား....။အို....ကိုယ်လုပ် ကိုယ်ရ တာဘုရား ဒီဥစ္စာတော့ ကိုယ့်ခင်ပွန်းမက ဒီဘက်ကို ခပ်ပြော့ ပြော့နေလို့ ရှိယင်ဖြင့် သူ-မလုပ် သူ-မရမှာပေါ့ဘုရာ့- (မှန်ပါ့) ဆိုတော့ ဒါ အဟုတ်ပဲ မှတ်နေရတယ်.... ( မှတ်ပါတယ် ဘုရား)။

ဒီကိုယ်သည်ပင်လျှင် ဟိုလိုက်ပြီးသကာလ နတ်ရွာသုဂတိမှာ လိုက်ဖြစ်မယ်၊ သူပဲစံရမယ်ဆိုတဲ့အဓိပ္ပာယ် မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)ဘာဒိဋ္ဌိဖြစ်နေသတုံး.... ( သဿတဒိဋ္ဌိဖြစ် နေပါတယ်ဘုရား)။

ပျက်စီးတယ် ဒီမှာလုပ်တဲ့ရုပ်နာမ်ဟာ ဒီမှာပျက်စီးတယ်လို့ လာသေးသလား....(မလာပါဘုရား)။

ဟာ....ဦးမာဒင် ရှင်းပါဦး၊ဒါ ခင်ဗျားက ကိုယ်တိုင်သိတာလား .... သူများပြောသံကြားနဲ့ ခင်ဗျား ထင်နေတာလား မေးယင်.... (သူများပြောသံကြားနဲ့ထင်နေတာပါဘုရား) ဒါဖြင့် သူများပါးစပ် လမ်းဆုံးရတာသည် ကြောက်စရာအကောင်းဆုံး (မှန်ပါ့)။

တကာကြွယ် ဒီနေ့ပြောတဲ့တရား သေးသေးသိမ်သိမ် မမှတ်ပါနဲ့....(မှန်ပါ့) တကာသစ်ဘယ်ဟာ ကြောက်စရာအကောင်းဆုံးတုံးဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီ) သူများပါးစပ်လမ်းဆုံးတဲ့ ဘေးအကြီးဆုံး....(မှန်ပါ့)။

တကာတကာမတို့ ဘာတဲ့တုံး.... (သူများပါးစပ် လမ်းဆုံးတဲ့ ဘေးဟာ အကြီးဆုံးပါဘုရား)။

တကာကြွယ် သဘောပါပလား....(ပါ-ပါပြီ) သူများပါးစပ်လမ်းဆုံးတဲ့ဘေးဟာ.... (အကြီးဆုံးပါ) အကြီးဆုံးမို့ပဲ ကိုယ်ကိုယ်တိုင် သဿတဒိဋ္ဌိဖြစ်သွားတယ်....(မှန်ပါ့ဘုရား)။

ကိုယ်က နဂိုက ပါလာတဲ့ သဿတဒိဋ္ဌိလား- သူများပါးစပ်ကပြောတာနဲ့ ဖြစ်ရတဲ့ သဿတဒိဋ္ဌိလား- အကဲခတ်စမ်း (သူများပါးစပ်က ပြောတာနဲ့ဖြစ်ရတဲ့ သဿတဒိဋ္ဌိပါ) သူများပါးစပ်ကပြောတာ ကိုယ်ယုံကြည်မိလို့ ဖြစ်ရတဲ့ သဿတဒိဋ္ဌိ .... (မှန်ပါ့ဘုရား)။

မင်းလုပ်ယင် မင်းရမှာပေါ့ကွာ၊ မင်းမလုပ်ယင် မင်းမရမှာပေါ့ကွ၊သူများရှာမနေနဲ့ကွ .... ( မှန်ပါ့ ) မင်းသည်သာလျှင်

လုပ်ကွ၊မင့်အကျိုး မင်းလုပ်လို့ မင်းခံစားရတာပေါ့ကွ ဆိုပြီး သကာလ တခါတည်း မင်းဘဆက်တည်း၊ သူတဆက်တည်း ဆိုတဲ့ သဿဘဒိဋ္ဌိကြီးက လာဦးမှာပဲ....(မှန်ပါ့)မလာဘူးလား (လာပါတယ်ဘုရား)။

အဲဒီလိုလာတော့ တကာတကာမတွေ ခြောက်....ဒိဋ္ဌိဆိုတာ နိဗ္ဗာန်တားတဲ့ဒိဋ္ဌိ....(မှန်ပါ့ဘုရား)။

ဒိဋ္ဌိဆိုတာ ဘာပါလိမ့်.... (နိဗ္ဗာန်တားတဲ့ ဒိဋ္ဌိပါ) နိဗ္ဗာန် တားတဲ့ ဒိဋ္ဌိကို ခင်ဗျားတို့ ဘယ်ကရသတုံးလို့ ဘုန်းကြီးပဲ မေးမေး၊ ဘုရားကပဲမေးမေး၊ ကဲ....တကာကြွယ်ဖြေစမ်းပါ.... (သူများပါးစပ်ကရပါတယ်ဘုရား)။

ဟာ-သွားပြီ၊သွားပြီ ဦးမာဒင်ရေ....(မှန်ပါ့) ဆရာခန့်ကြီး သွားပြီ....(မှန်ပါ့) ဘယ်ကရတာတုံး ခင်ဗျားတို့ .... (သူများ ပါးစပ်ကရပါတယ်ဘုရား)။

ကိုင်း....အဲဒါကြောင့် ဘုရားက နာနာသတ္တာရဘေး ဆိုတာ အထူးထူးသော ဆရာတွေပြောတဲ့ ပါးစပ်ဘေးဟာ မင်းတို့ ခန္ဓာထဲမှာ ဖြစ်ပျက်ဒုက္ခသစ္စာ မသိသေးသရွေ့ ကာလပတ်လုံး ဒီဘေးသင့်ဦးမယ်ကွ ...(မှန်ပါ့) ကဲ....ဟောထိုက်-မဟောထိုက်.... (ဟောထိုက်ပါတယ်ဘုရား)။

ဦးလှဘူးရေ- တယ်ကြောက်စရာ ကောင်းပါကလား .... (ကြောက်စရာ ကောင်းပါတယ်ဘုရား)။

ခန္ဓာထဲမှာ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာလို့ ဟောမည့်လူကလဲ မရှိ၊ကိုယ်ကိုယ်တိုင်ကလဲ မကြည့်တတ်ဖြစ်နေသရွေ့ ကာလပတ်လုံး

ဖြင့် သူများပါးစပ်ဘေးသင့်လိမ့်မယ်လို့ ဘုရားကသေသေချာချာ ဟောတယ်....(မှန်ပါ) ပေါ်ကြပလား...( ပေါ်ပါပြီဘုရား ) ဘာဘေးတဲ့တုံး....(သူများပါးစပ်ဘေး သင့်မှာပါဘုရား)။

ကိုယ့် နဂိုက ပါလာတဲ့ဘေးလား တကာ တကာမတွေ ဒီဘဝကျမှ အသစ်ရတဲ့ဘေးလား .... (ဒီဘဝကျမှ အသစ်ရတဲ့ ဘေးပါဘုရား)။

ကိုယ်ကတော့ နောက်ဘဝကတော့ မသိဘေးသာသင့်တယ် (မှန်ပါ) ဒီဘဝ သူများပါးစပ်လမ်းဆုံးတော့ အမှားဘေးပိုသင့် တယ် .... ( မှန်ပါ ) တယ်လဲကြောက်စရာ ကောင်းပါလား.... (ကြောက်စရာကောင်းပါတယ်ဘုရား)။

သေသေချာချာမှတ်ကြပါ တကာတကာမတို့ ဒီဘဝ အမိဝမ်းခေါင်းထဲ ပဋိသန္ဓေနေတုန်းကလဲ ဘာမှမသိလို့ မသိဘေး သင့်တယ်....(မှန်ပါ) မသိတာပဲ ဘေးသင့်တယ် .... (မှန်ပါ) နောက်ကျတော့ လူကြီးသူမတွေနဲ့ မဟောတတ်- မပြောတတ်တဲ့ ဆရာသမားတွေနဲ့ ဒိဋ္ဌိဖြုတ်တတ်တဲ့ နည်းတွေ မပေးတတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့ကြပြီဆိုတော့ ပုဂ္ဂိုလ်က အမျိုးမျိုးပေါ့ဗျာ- (မှန်ပါဘုရား)။

အဲဒီဂိုဏ်းတော့ကိုတဲ့ တကာတကာမတို့ နဂိုကမသိဘေး .... (မှန်ပါ) နောက်ကျတော့ သူတို့ပြောတာက ဒိဋ္ဌိကမကုန်တော့ အမှားဘေး....(မှန်ပါဘုရား)။

မသိဘေးပေါ် ဘာဘေးဆင့်သလဲ .... (အမှားဘေးဆင့်ပါ တယ်ဘုရား)။

ဪ....မသိတာ- မသိတာပီပီ တော်သေးတယ်၊ မသိမှားက သာဆိုးတယ်....(ဆိုးပါတယ်ဘုရား)။

တကာကြွယ် သေသေချာချာ နားထောင်ပါ၊ ဦးမာဒင် သေသေချာချာနားထောင်.... (မှန်ပါ့)မသိဘေးကျတော့ဝမ်းထဲ မှာ ကိုးလ, ဆယ်လ နေခဲ့ရလို့ မသိဘေးသင့်တာအမှန်ပဲ .... (မှန်ပါ့) ဘာလုပ်ရမယ်- ဘာကိုင်ရမယ်လဲမသိဘူး.... (မှန်ပါ့) အဲဒါ မသိဘေးသင့်နေတာပဲ....(မှန်ပါ့ဘုရား)။

နောက်ကျတော့ အရွယ်ကလေး ရောက်လာတဲ့အခါကျတော့ ဟိုရှာ-ဒီရှာ၊ဟိုစာအုပ်ကြည့်-ဒီစာအုပ်ကြည့်အမျိုးမျိုးအဖုံဖုံတွေ ကြည့်လိုက်တော့ သစ္စာကလဲမပါတော့ ကိုယ်ကလဲ သုညတတရား မနာသားတော့ဟာ....ဒီဟာဟုတ်သဟော့၊ ဒီဟာဟုတ်တယ်ဟော့ ဒီလို လှူဒါန်းပေးကမ်းလို့ရှိယင် ဒီဟာ နတ်ရွာသုဂတိ ရောက် သတဲ့....(မှန်ပါ့ဘုရား)။

အဲဒီတော့ လူချမ်းသာထက် နတ်ချမ်းသာက မြင့်သတဲ့ ဆိုပြီးသကာလ တခါတည်း ငါသည်ပင်လျှင် နတ်ဖြစ်အောင် လုပ်လိုက်တယ် ...(မှန်ပါ့)လာပြီ ခင်ဗျားတို့ဟာ(မှန်ပါ့ဘုရား)။

ငါ နတ်ဖြစ်အောင်လုပ်မယ်ကွ၊ ငါဗြဟ္မာဖြစ်အောင် လုပ် မယ်ကွဆိုပြီးသကာလ လုပ်ကြပြီဆိုပါစို့ .... (မှန်ပါ့) အင်း.... ဘာဘေးသင့်သတုံး....(အမှားဘေးသင့်ပါတယ်) ဒ်ဠှိအမှားဘေး (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အင်း....မေးလာတုန်းက- မမေးခင်ကတော့ မသိဘေး .... (မှန်ပါ့)လူလားမြောက်တော့ ....(အမှားဘေးပါ) အမှားဘေး

သင့်တယ်....(မှန်ပါ့) တကာသစ် တယ်နာတယ်.... (နာပါတယ်) သိပ်နာသနော်....(မှန်ပါ့ဘုရား)။

တကာတကာမတွေ ဒီနေ့ညစ္စာက ခင်ဗျားတို့ ယထာဘူတ ဉာဏ်၏ ကျေးဇူးများပုံကို ဦးမာဒင် သေသေချာချာပြော ချင်လို့....(မှန်ပါ့)မှားတာသိမှလဲ မှန်တာအဖိုးတန်တာကြီးဟာ ထူးကဲတယ်....(မှန်ပါ့)မှားတာမသိလို့ရှိယင် မှန်တာဒါလောက် အဖိုးတန်မှန်းမသိဘူး....(မသိပါဘုရား)။

ကိုယ်မှားခဲ့တဲ့ အချက်တွေက ဒုက္ခအမျိုးမျိုးကြုံခဲ့ပြီဆိုတော့ မှ ဒီအမှန်ကလေးတလုံးဟာဖြင့် အဖိုးမဖြတ်နိုင်ဘူးဆိုတာ လာ တယ်....(မှန်ပါ့)အမှားတွေသိမှ အမှန်အဖိုးတန်တာ ပေါ်လွင် ထင်ရှားပါတယ်ဆိုတာ သေသေချာချာမှတ်ပါ(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ဝမ်းထဲတုန်းက ဘာဘေးသင့်သတုံး- (မသိဘေးသင့်ပါတယ်ဘုရား)။

နောက် ပြင်ဘက်ကျတဲ့အခါကျတော့ သာသနာပလဲဖြစ် မယ်၊ ပြီးတော့ ဆရာတွေကလဲ တကာတကာမတွေ သိတဲ့အတိုင်း သူညတဒေသနာတော်တွေ- သစ္စာတရားတော်တွေ မကြားရ, မသိရတော့ သာမညဟာတွေ ကြားရပြန်တော့ ဒိဋ္ဌိတွေကဝင် လာပြီးသကာလ အမှားဘေးသင့်တယ်....(မှန်ပါ့ဘုရား)။

တကာကြွယ် မသိဘေးပြီးတော့ ဘာလာသေးသတုံး .... (အမှားဘေးလာပါတယ်) တကာသစ် သိပ်ဆိုးတယ် .... (ဆိုးပါ တယ်ဘုရား)ဦးမာဒင်သိပ်ဆိုးတယ်....(ဆိုးပါတယ်ဘုရား)။

သေသေချာချာစဉ်းစားကြည့်မှ ဩော်....ဒို့သံသရာထဲမှာတာ ရှည်ကြီး နေခဲ့ရတဲ့ အပါယ်လေးပါးဟာလဲ ကိုယ့်အိမ်အဖြစ်နဲ့ နေခဲ့ရတဲ့ ဘေးတွေသင့်တာဟာ လက်သည်ဖြင့် ယနေ့တွေ့ပြီ.... (မှန်ပါ့ဘုရား)။

ကိုယ်က ပုထုဇန်မို့ မသိဘေးသင့်တယ်.... (မှန်ပါ့) နောက်ကျတော့ သူများပါးစပ်လမ်းဆုံးတော့ အမှားဘေးသင့်တယ် (မှန်ပါ့) မသိဘေးနဲ့ အမှားဘေးတွန်းချလိုက်တာနဲ့ အပါယ်ငရဲဟာ ကိုယ့်အိမ်ဖြစ်နေတယ်....(မှန်ပါ့ဘုရား)။

မသိဘေးနဲ့ အမှားဘေး ဝိုင်းနှိပ်စက်လိုက်တာ(အပါယ်ငရဲဟာ ကိုယ့်အိမ်ဖြစ်နေပါတယ်ဘုရား)။

အပါယ်လေးပါးဟာ ကိုယ့်အိမ်ဖြစ်သွားတယ် တကာကြွယ်ရ (မှန်ပါ့) အိုဘေး၊နာဘေး၊ သေဘေးတွေဆိုတာ ကိုယ့်ပစ္စည်းချည့်ဖြစ်တာပဲ.... (မှန်ပါ့) ဘယ်လောက် ကြောက်စရာကောင်းသတုံး....(ကောင်းပါတယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ ဘေးနှစ်ဘေးကို ယနေ့ပြောရခြင်းသည် ယထာဘူတဉာဏ်မရယင် ဒီနှစ်ဘေးဟာ သင့်မြဲလို့ မှတ်....(မှန်ပါ့ဘုရား)။

ဒီနှစ်ဘေးဟာ ဘယ့်နှယ်တုံး .... ( သင့်မြဲပါဘုရား )သင့်မြဲပဲ....တဲ့။

ဟိုက ကလေးသူငယ်တွေ ငယ်ငယ်တုန်းကတော့ မသိဘေးသင့်နေတာကတော့ ရှိပါစေတော့၊ ဘာဖြစ်လို့တုံး- ထောင်

တတ်တဲ့နားက မပါသေး (မှန်ပါ) မြင်တတ်တဲ့ မျက်လုံးကကော မရှိသေး(မှန်ပါ)ဆိုတော့ မသိဘောပဲ သင့်တယ်....(မှန်ပါ)။

နောက်ကျတော့ ဟိုစာအုပ်ကြည့်- ဒီစာအုပ်ကြည့်- ဟိုဆရာပြောတာ နားထောင် ဒီဆရာပြောတာနားထောင်နဲ့ သူညတရားကလဲမဟုတ် သစ္စာကလဲ မထိုက်ဆိုတော့ ပုဂ္ဂိုလ်သတ္တဝါရှိတဲ့ဘက်လှည့်တယ်.... (လှည့်ပါတယ်) ငါလုပ်-ငါရဘယ်ဆိုတဲ့ဘက်လှည့်သွားတယ်....(သွားပါတယ်ဘုရား)။

အဲဒီကျတဲ့အခါကျလို့ ရှိယင်ဖြင့် မရဘူးလားဆိုတော့ ရပါတယ်တဲ့၊ မရဘူးလို့ မဆိုပါဘူး၊ မိမိလုပ်ယင် မိမိရဘယ်ဆိုတဲ့အတိုင်းတော့ မရဘူးလို့တော့ မဆိုပါဘူး၊ ဒိဋ္ဌိကမကွာပဲဖြစ်နေတယ်....(မှန်ပါဘုရား)။

ဒိဋ္ဌိက ဘယ်နှယ်တုံး.... (မကွာပဲဖြစ်နေပါတယ်ဘုရား) အဲဒီကျတော့ ဒိဋ္ဌိဘောသင့်တယ်....(မှန်ပါ)။

ဒိဋ္ဌိဆိုတာ မိစ္ဆံ ပဿတီတိ ဒိဋ္ဌိ၊ မိစ္ဆံ=မှားသော အကျင့်ကို၊ ပဿတိ=မြင်တတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ဒိဋ္ဌိ=ဒိဋ္ဌိမည်၏ဆိုတော့ လူမဟုတ်တာကို လူရယ်လို့မြင်ယင် မိစ္ဆာဒိဋ္ဌိပဲ (မှန်ပါ) နတ်မဟုတ်တာ နတ်ရယ်လို့ မြင်ထားယင်....(မိစ္ဆာဒိဋ္ဌိပါဘုရား) မိစ္ဆာဒိဋ္ဌိပဲလို့ဆိုသဖြင့် အဲဒီ့ ပြောသံဆိုသံ သူများပါးစပ်ဘောသင့်လိုက်တာ မသိဘောပေါ် အမှားဘောဆင့်တယ် (မှန်ပါ)။

ဘယ်နှယ်ဆိုကြမလဲ.... (မသိဘောပေါ် အမှားဘောဆင့်ပါတယ်ဘုရား) ဩော်.... ဒီအကန်းနဲ့ ဒီအရူးဟာဖြင့် မသိဘော

ပေါ် အမှားဘေးဆင့်ပြန်ပြီဆိုလို့ရှိယင်ဖြင့် ဘယ်ဆေးမှ ကုရဖို့ မမြင်တော့ဘူး.... (မှန်ပါ့) သိပ်ကြောက်စရာကောင်းပါလား (ကောင်းပါတယ်ဘုရား)။

ဘကာကြွယ်....ဒါ....ခင်ဗျားတို့သံဝေဂရဖို့ပြောနေတယ်လို့ မယူပါနဲ့....၊ ဖြစ်စဉ်နောက်က ဒီအတိုင်းပါပဲလို့ ပြောတာ.... (မှန်ပါ့)။

ဖြစ်စဉ်.... (နောက်က ဒီအတိုင်းပါဘုရား) မသိဘေးပေါ်.... (အမှားဘေးဆင့်ပါတယ်ဘုရား) အမှားဘေးဆင့်နေတယ်ဆိုတာ အတော် သေချာသွားပြီ....(သေချာသွားပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဒီသာသနာကလေးကိုဖြင့် အခုပြောတဲ့ သုညတတရားဆိုတာက ပုဂ္ဂိုလ်သတ္တဝါမရှိဘူး-ဝေဒနာသာရှိတယ်၊ဖြစ်ပျက်သာရှိတယ်ဆိုတာ ပုဂ္ဂိုလ်သတ္တဝါဆိတ်သုဉ်းနေလို့ သုညတတရား....(မှန်ပါ့)။

စိတ်သာရှိတယ်-ဖြစ်ပျက်သာရှိတယ်ဆိုတော့ ဘာတရားတုံး- (သုညတတရားပါဘုရား) သုညတတရားဆိုတော့ ငါ-ငါ့ဥစ္စာလို့ စွဲသေးရဲ့လား....(မစွဲပါဘုရား)။

ဒါ-ဖြစ်ပျက်ဟာ ဒုက္ခသစ္စာပဲလို့ သိလိုက်ယင်လဲ ဘာတရားတုံး.... ( သုညတတရားပါဘုရား )သုညတတရားဟာ ပုဂ္ဂိုလ်သတ္တဝါ ပါသေးရဲ့လား.... (မပါ-ပါဘုရား) ပုဂ္ဂိုလ်သတ္တဝါဆိတ်လို့သုဉ်းလို့ သုညတတရား ခေါ်ပါတယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ပုဂ္ဂိုလ်သတ္တဝါ ဆိတ်၍ သုဉ်း၍ ဘာတုံး....(သုညတတရားပါဘုရား) အဲဒီတရားတွေကို မနာရသေးသရွေ့ ကာလပတ်လုံးဖြင့်

ဦးမာဒင်ပဲစဉ်းစား-တကာကြွယ်စဉ်းစား၊ ပုဂ္ဂိုလ်သတ္တဝါပျောက်ဖို့ အတော်ခဲယဉ်းတယ်....(ခဲယဉ်းပါတယ်ဘုရား) မခဲယဉ်းဘူးလား....(ခဲယဉ်းပါတယ်ဘုရား)။

ခဲယဉ်းနေသရွေ့ကာလပတ်လုံးလဲ ဒိဋ္ဌိကမကွာပါဘူး-(မကွာပါဘုရား) မကွာသရွေ့ကာလပတ်လုံးလဲ မဂ်ဉာဏ်- ဖိုလ်ဉာဏ်ဘယ်တော့မှ မရ.... (မှန်ပါ) ဒိဋ္ဌိဟာ မဂ်တား-ဖိုလ်ဘားပဲ.... (မှန်ပါ)။

ဒိဋ္ဌိရှိနေယင်....(မဂ်တား ဖိုလ်ဘားပါဘုရား) အဲဒါကြောင့် ကျုပ်တို့ နိဗ္ဗာန်မရခဲ့တဲ့အပြစ်တွေကို ယခုဖော်ပြောပါပြီတဲ့၊ မသိဘောပေါ် အမှားဘောဆင့်လို့ ဟုတ်လား....(မှန်ပါ) အဖြစ်ဆိုးနဲ့ကြုံရလေခြင်း....(မှန်ပါဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘာတဲ့တုံး တကာတကာမတို့....(မသိဘောပေါ် အမှားဘောဆင့်လို့ အဖြစ်ဆိုးနဲ့ကြုံရလေခြင်း....) အဲဒီတွင် ငိုချင်းတောင်ချဖို့ကောင်းတယ်.... (မှန်ပါ) ဦးမာဒင် မချထိုက်ဘူးလား.... (ချထိုက်ပါတယ်ဘုရား)။

ဘာ့ကြောင့်ချထိုက်သလဲလို့ တကာတကာမတွေကို သေသေချာချာ ပြောတော့မှ တပည့်တော်တို့ဘုရား ချမ်းသာမတွေ့ခဲ့တာ မသိဘောနဲ့အပေါ် အမှားဘောဆင့်လို့ ဖြစ်ရဘယ်.... (မှန်ပါ) တသံသရာလုံး တခါတည်း သူများပါးစပ်ထဲမှာ လမ်းဆုံးခဲ့ရတယ်....(မှန်ပါ) သူများပါးစပ်ခေါင်းထဲမှာ ကိုယ့်အလောင်းဝင်ခဲ့ရတယ်....(မှန်ပါ)။

တိရစ္ဆာန်တွေဖြစ်တော့ နိုင်ရာစားကိုးဗျ....(မှန်ပါ) သူများ ပါးစပ်ခေါင်းထဲမှာ ကိုယ့်အလောင်းဝင်ရတယ်....(မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒါ.... ဘာဖြစ်နေကြတာတုံး၊ ဒါလောက်တောင် နိုင်ရာစား အဖြစ်နဲ့ သံသရာရှည်ပြီးသကာလ အမျိုးမျိုးပုံသဏ္ဌာန်အမျိုးမျိုး ဖြစ်ပြီးသကာလ ဘဝအမျိုးမျိုးဖြစ်နေတာ ဟာ....လက်သည် ရှာပါဦးမယ်ဆိုပြီးတော့ တကာတကာမတို့ ယနေ့ သစ္စာသံယုတ် ကို နာရတော့မှ ဪ....မသိဘောပေါ် အမှားဘေးဆင့်လို့ ဒီလိုဖြစ်ရတာကိုး....(မှန်ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

ဦးလှဘူး ဘာတဲ့ဗျာ.... (မသိဘောပေါ် အမှားဘေးဆင့်လို့ ဒီလိုဖြစ်ရတာပါဘုရား) တယ်ကြောက်စရာ ကောင်းပါလား.... (ကြောက်စရာကောင်းပါတယ်ဘုရား)။

အင်မတန် ကြောက်စရာကောင်းပါတယ် တကာတကာမတို့ မသိဘောပေါ် အမှားဘေးဆင့်တာလောက် ကျုပ်တို့ခင်ဗျား တို့ နစ်နာမှုကြီးတာဖြင့် ရှာမတွေ့ဘူး.... (မတွေ့ပါဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒိဋ္ဌိများကွာ ရေဝင်လှိုင်းစူး ဦးခေါင်းမီးလောင်တာတောင် ဖြေးဖြေးမှ နှုတ်ချင် နှုတ်ပေမ်းပါ.... (မှန်ပါ) ဒီ ဒိဋ္ဌိတလုံးဖြင့် ငါလုပ်-ငါရဆိုတဲ့ ဒိဋ္ဌိ မျိုးကိုဖြင့် ရုပ်နာမ်တွေကို ငါလုပ်နေတဲ့ဒိဋ္ဌိကွ....(မှန်ပါ)။

အမေမဟုတ်တာ အမေလုပ်နေတဲ့ဒိဋ္ဌိကွ၊ အဘ မဟုတ်တာ အဘလုပ်နေတဲ့ဒိဋ္ဌိကွ ၊အပြောတွင် လမ်းမသုံ ပဲ့ အငင်ပ

လိုက်နေတဲ့ဒိဋ္ဌိကွ၊ ဒါကိုဖြင့် ရင်ဝ လှံစူး-ဦးခေါင်း မီးလောင် ဘာထက် မြန်မြန်ပယ်လိုက်စမ်းပါ၊ နို့မဟုတ် ဒီအမှားဘေး ကြီးလွန်းလို့....တဲ့....(မှန်ပါဘုရား) ကဲ....မဟောပေဘူးလား.... (ဟောပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာကြောင့် ကျုပ်တို့ ခင်ဗျားတို့ ဒီအကြောင်းတွေ သိရ ခဲ့တော့ ခြော်....ကိုယ့်အဖြစ်ဆိုးကြီးဟာ မသိဘေးပေါ် အမှား ဘေးကြီးဆင့်တာနဲ့ ဒုက္ခပင်လယ်ဝေခဲ့ရတာဟာ ခြော်....ဒါ သူများပါးစပ်ပဲဟော့....(မှန်ပါ) ပေါ်လာတယ်.... (ပေါ်လာ ပါတယ်ဘုရား) မပေါ်ကြသေးဘူးလား.... ( ပေါ်ပါတယ် ဘုရား)။

ဒါဖြင့် ဦးမာဒင် သူများပါးစပ်သွင်းလေ ကြောက်စရာ ကောင်းလေပဲ.... (ကောင်းပါတယ်ဘုရား) ဘုရားကလဲ သူများ ပါးစပ်ထဲ သွင်းလိုက်တာ ဝါဂွမ်းဖြစ်သွားတယ် (ဖြစ်သွားပါ တယ်ဘုရား) တောင်လေက မြောက်ကိုဗျာ....(မှန်ပါ) တောင် ဘက်ကနေ ပါးစပ်နဲ့မှုတ်လိုက် မြောက်ဘက်သွား.... (သွားပါ တယ်ဘုရား) မြောက်ဘက်ကနေမှုတ်လိုက်.... (တောင်ဘက်သွား ပါတယ်ဘုရား) အဲ....ကျုပ်တို့ ကိုယ်ပိုင် နေမှု- ထိုင်မှု- ခိုင်မြဲမှု ပါသေးသလား....(မပါ-ပါဘုရား)။

ဘုရားက နိဂုံးချုပ်လိုက်ပါပြီ၊ အဲဒါဖြင့်ကွာ....တဲ့ မင်းတို့ ဒီအတိုင်းမနေနဲ့....၊ သစ္စာသိအောင်လုပ်မှ ဒီဘေးလွတ်မယ်.... (မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာတဲ့တုံး.... ( သစ္စာသိအောင်လုပ်မှ ဒီဘေးလွတ်မှာပါ ) ဘာကြောင့် ဒါဖြင့်ဗျာ....အားလုံး တကာတကာမတွေ အသေ

အလဲ ဒီဥစ္စာဖြင့် သိအောင် ကျုပ်တို့ ရှာရလိမ့်မယ်.... (မှန်ပါ့) အသေအလဲ ရှာရမယ်.... (ရှာရမှာပါဘုရား) သာမညရှာလို့တော့ မရပါဘူး....(မရပါဘုရား)။

တကာကြွယ်.... သူမသိသေးလို့ရှိယင် သစ္စာမသိသေးလို့ရှိယင် ဝါဂွမ်းဖြစ်ရမယ်၊ သူများပါးစပ်လမ်းဆုံးရမယ်- (မှန်ပါ့) မသိဘေး-မှားဘေး တကာတကာမတွေ အတန်တန်သင့်ရမယ် (မှန်ပါ့) ဆိုတော့ အားလုံး နောက်က တရားနာနေကြတဲ့ တကာတကာမတွေဟာ ဒို့သံသရာရှည်တဲ့ လက်သည်အစစ်ဖြင့် အမြစ်နှစ်ခုနဲ့တကွ ယနေ့ တွေ့ပဟ.... (မှန်ပါ့) ယထာဘူတ ဉာဏ်မရလိုက်တာ သိပ်နာပါကလား.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ယထာဘူတဉာဏ်မရတော့ (သိပ်နာပါတယ်ဘုရား) သူ့မရသရွေ့ကာလပတ်လုံး မသိဘေး-မှားဘေး ဘဝတိုင်းသင့်မယ်- (မှန်ပါ့)။

ဘယ်နှယ်ဆိုကြမယ်....(မသိဘေး-မှားဘေး ဘဝတိုင်းတွေ့ပါမယ်ဘုရား) မသိဘေးက အဝိဇ္ဇာ၊ မှားဘေးက ဒိဋ္ဌိ....(မှန်ပါ့ဘုရား) မှတ်မိကြပလား....(မှတ်မိပါပြီဘုရား)။

မသိဘေးက.... (အဝိဇ္ဇာပါဘုရား) မှားဘေးက.... (ဒိဋ္ဌိပါ့ဘုရား) တယ်ဆိုးပါကလား....(ဆိုးပါတယ်ဘုရား)။

တကာကြွယ် ကောင်းကောင်းရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) တော်သေးသဗျာ အသေမစောကြသေးလို့- (မှန်ပါ့) တော်သေးတယ်လို့ တကာတကာမတွေ ခြိမ်းခြောက်ပြောနေ

တယ်လို့ အောက်မေ့မနေပါနဲ့၊ခင်ဗျားတို့ ဒီနေ့ပြောတဲ့စကား အလွန်အရေးကြီးတယ်.... (မှန်ပါ့)။

သိပ်အရေးကြီးတာပဲဆိုတာကိုဖြင့် တထစ်ချမှတ်လိုက်စမ်းပါ (မှန်ပါ့)။

တသံသရာလုံးဘာဘေးသင့်သတုံး....(မသိဘေး, မှားဘေးသင့်ပါဘယ်ဘုရား) မသိဘေး, မှားဘေးသင့်လိုက်တော့ ဒုက္ခ ပင်လယ်ဝေခဲ့ကြတယ်....(ဝေခဲ့ပါတယ်ဘုရား)။

အဲဒီ ပင်လယ်ဝေတာဟာလဲ တကာတကာမတို့ ဒီဘေးနှစ်ခု ဒဏ်ချက်ပါ....(မှန်ပါ့) ဆိုထိုက်ကြရဲ့လား.... (ဆိုထိုက်ပါတယ်ဘုရား)။

ဒီဘေးနှစ်ခု၏.... (ဒဏ်ချက်ပါဘုရား) အဲဒီဒဏ်ချက်ကလဲ ဘယ်လိုသင့်သတုံးဆိုတော့ မသိဘေးနဲ့ မှားဘေး သင့်လို့ ရှိယင် အပါယ်မှာ ခန္ဓာနဲ့ဆပ်ရတယ်... (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ.... (အပါယ်မှာ ခန္ဓာနဲ့ ဆပ်ရပါတယ်ဘုရား) ဟာ.... ဘာဘေးသင့်လို့ဆပ်ရပါလိမ့်.... (မသိဘေး နဲ့ မှားဘေးသင့်လို့ ဆပ်ရပါတယ်ဘုရား) တကာကြွယ် တယ်နာပါကလား....(နာပါတယ်ဘုရား)။

ခန္ဓာနဲ့ဆပ်လို့ ကြွေးပြေပြီးပြန်တက်လာပြန်ပြီ–ဆိုပြန်တော့လဲ တိရစ္ဆာန်ဘုံ ပြန်တက်ရပြန်တော့လဲ မသိဘေးနဲ့မှားဘေး သင့်ပြန်တာပဲ....(မှန်ပါ့)။

ဘယ့်နှယ်တုံး....(မသိဘေးနဲ့မှားဘေး သင့်ပါတယ်ဘုရား ) ဒါဖြင့် အင်မတန် လူ့ပြည်ကအပ်တစင်း, ဗြဟ္မာ့ပြည်က အပ်

တစင်းချကြည့် အသွားချင်းထိစရာရှိသေးတယ်၊ လူ့ဘဝက ဒါ့ထက်ရခဲသေးတယ်ဆိုတော့ ခင်ဗျားတို့ လူ့ဘဝရတယ်.... (မှန်ပါ့)။

ရပြန်တော့လဲ တခါအခုဘာဖြစ်နေကြပြန်သတုံးလို့ မေးပြန့်တော့လဲ ခုနင်ကမသိဘေးနဲ့ မှားဘေးက လက်စမသတ်သေးဘူး (မှန်ပါ့) လက်စမသတ်သေးတော့ နေရင်းပြန်ဦးမယ်ဆိုတဲ့ အဓိပ္ပာယ်လဲရောက်တယ်....(ရောက်ပါတယ်ဘုရား)။

ဘယ်လိုရောက်သလဲ.... (နေရင်းပြန်ဦးမယ်ဆိုတဲ့ အဓိပ္ပာယ် ရောက်ပါတယ်) နေရင်းက အပါယ်လေးပါးကိုးဗျ.... (မှန်ပါ့ ဘုရား)။

နေရင်းက.... (အပါယ်လေးပါးပါဘုရား) အဲဒါကြောင့် ဒီတခါဖြင့် ဩော်.... အမိအရဖြင့်ယူမှပဲ....၊ မယူလို့ရှိယင်ဖြင့် ဒီ့ထက် ကိုယ်ကျိုးနည်းဖြင့် မရှိတော့ဘူးဆိုတာကို တကာတကာမ တွေ့ တထစ်ချဆုံးဖြတ်ချက်ချပါ...(မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

မသိဘေးနဲ့မှားဘေးသင့်လိုက်တာ မသိဘေးက အဝိဇ္ဇာ.... (မှန်ပါ့) အမှားဘေးက သူများပါးစပ်....(မှန်ပါ့)။

အမှားဘေးက.... (သူများပါးစပ်ပါဘုရား) သူများပါးစပ် ကြောင့်သင့်တာ....(မှန်ပါ့)။

အမှားဘေးက....(သူများပါးစပ်ပါဘုရား) ကိုယ့်အမေမိဘ ကလဲ ဘာမှနားမလည်တော့ သူလဲ သူတတ်တာ သင်လိုက်တော့

ဘခါတည်း သူကလဲ ဒိဋ္ဌိတွေချည့် သင်လွှတ်တာပဲ.... (မှန်ပါ ဘုရား)။

ဟောဒါ နှင့်နှမ ကေန်မှတ်၊ ဟောဒါ နှင့်အမမှတ်၊ သူကလဲ တတ်တာသင်ရရှာတာကိုးဗျ....( မှန်ပါ ) အပြစ်ဆိုတာတော့ မဟုတ်ဘူး၊ တတ်တာက ဒါပဲတတ်တယ်....(မှန်ပါ) အဲဒီတော့ ကျုပ်တို့ကလဲ အရိုးစွဲမှတ်ချလိုက်တယ်....(မှန်ပါ)။

ဒါလဲ သေသည်တိုင်အောင်တောင်မှပဲ ဒီအမေ, ဒီအမ ဒုက္ခ ရောက်လို့ရှိယင် ကိုယ်ဒုက္ခရောက်ရမယ်၊ ဒီအမသေယင် ငါငို ရမယ်....(မှန်ပါ) တကာတကာမတို့ ဒီဥစ္စာ စွန့်နိုင်သေးရဲ့လား (မစွန့်နိုင်ပါဘုရား)။

သူများပါးစပ်လေဗျာ.... ( မှန်ပါ ) သူများပါးစပ်ကြောင့် မှားဘေးသင့်ချလိုက်တာ တခါတည်း ငိုစရာရှိယင် ငိုမယ်ကွ.... (မှန်ပါ) ပြုံးစရာရှိ ပြုံးမယ်ကွ....(မှန်ပါ)။

ပြုံးစရာရှိယင် တကာတကာမတို့ တဏှာဥပါဒါန် ကံဖြင့်ရ တယ်....(မှန်ပါ) ငိုစရာရှိလို့ရှိယင် ဒေါသ,သောက,ဥပါယာသ အဝိဇ္ဇာသင်္ခါရဖြစ်ရတယ်....(မှန်ပါဘုရား)။

ကိုင်း.... ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်လည်နည်းတွေချည့် သင် လွှတ်လိုက်တယ်ဆိုယင် လွဲသေးသလား ...(မလွဲပါဘုရား) အဲဒါ ဘာဘေးပါလိမ့်....(မသိဘေးနဲ့မှားဘေးပါဘုရား)။

တကာသစ် ဒီဥစ္စာကို ထပ်ပြန်တလဲလဲ ပြောနေရခြင်းသည် လွတ်စေချင်လွန်းလို့ ဒီအပြစ်ကို ဒါလောက်ပြရတယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

လွှတ်စေချင်လွန်းလို့ ဒီအဖြစ်ကိုပြရပါတယ်(မှန်ပါ့)ဒီယထာဘူတဉာဏ်မရပဲနဲ့ သေသွားတဲ့ အသုဘပေါင်း တကာကြွယ် ဘယ်လောက်ရှိမယ်ထင်သတုံး....(မရေတွက်နိုင်ပါဘုရား) ဒါဖြင့် မသိဘေးနဲ့ အမှားဘေးသင့်ပြီး သေသွားရှာတယ်.... ( မှန်ပါ့ ) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

အင်း.... သူ-ဘယ်များ ဘာဖြစ်နေသတုံး ၊ ဘာမှမဖြစ်ဘူး ဒုက္ခပင်လယ်ဝေတဲ့ နေရာရောက်နေမှာပဲ....(မှန်ပါ့) ရှင်းပလား- (ရှင်းပါပြီဘုရား)။

ဘယ်နေရာရောက်မှာပါလိမ့်.... ( ဒုက္ခပင်လယ်ဝေတဲ့နေရာရောက်မှာပါဘုရား) ဩော်.... သူက ဘယ်လိုများ သေသွားရှာပါလိမ့်.... (မသိဘေးနဲ့အမှားဘေးသင့်ပြီး သေသွားပါတယ်ဘုရား)။

မယုံယင် အဲဒီ အခုလို ယထာဘူတဉာဏ်မရတဲ့ ပုဂ္ဂိုလ်ဟာ သားစွဲတာတန်းလန်း အမှားဘေးသင့်တယ်--(မှန်ပါ့)သမီးစွဲတာတန်းလန်းဆိုယင်ကော-(အမှားဘေးသင့်ပါတယ်) ပစ္စည်းစွဲသွားတာ တန်းလန်းဆိုယင်ကော ...(အမှားဘေးသင့်ပါတယ်)ပစ္စည်းမဟုတ်တာ ပစ္စည်းလုပ်ထားတာကိုး....(မှန်ပါ့)။

အဲဒီတော့ မသိဘေးနဲ့ လာခဲ့တဲ့ပုဂ္ဂိုလ် အမှားဘေးသင့်ပြီး သေလေရဲ့.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဘယ်လောက်ကြောက်စရာကောင်းသတုံး တကာကြွယ်....( ကြောက်စရာကောင်းပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒို့ဖြင့် ဘုရားသခင် သာသနာတော်ကြီးကလဲရှိ၊ သာသနာတော်ကြီးဘက်က ချီးမြှောက်ပေးမည့်ပုဂ္ဂိုလ်

ကလဲ ဒို့မှာ ဘုန်းထူး, ကံထူးရှိလို့ ဒီနေရာ,ဒီဌာန ကြုံကြုံဆုံကြ တဲ့အခါ ဒီဘေးဖြင့် ရှောင်မှပဲ....(မှန်ပါ့)။

မသိဘေးတော့ဖြင့် ရှိပေစေတော့.... (မှန်ပါ့) အမှားဘေး တော့ဖြင့် ပြင်မှပဲ.... (မှန်ပါ့) အမှားဘေး ပြင်လိုက်လို့ရှိယင် မသိဘေးပါ-ပါသွားတယ်....(ပါ-ပါတယ်ဘုရား)။

အမှားဘေးပြင်လိုက်လို့ရှိယင်.... ( မသိဘေးပါ-ပါသွားပါ တယ် ဘုရား) မသိဘေးပါစင်သွားတယ်....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အားရှိစရာ သိပ်ကောင်းပါတယ် (ကောင်းပါတယ်ဘုရား) အမှားဘေးကို ပြင်လိုက်လို့ရှိယင်.... (မသိဘေးပါ-ပါသွားပါတယ်) မသိဘေးပါ ကိစ္စပြီးပါတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာဖြစ်လို့တုံးမှားတာဟာမှန်ပါတယ်ဆိုကတည်းက အဝိဇ္ဇာ က ဝိဇ္ဇာသွားဖြစ်တယ်....(မှန်ပါ့ဘုရား)။

အဝိဇ္ဇာက.... (ဝိဇ္ဇာသွားဖြစ်ပါတယ်ဘုရား) အဝိဇ္ဇာကမသိ တာကို....(မှန်ပါ့) ဝိဇ္ဇာဖြစ်သွားတော့ သိတာဆိုတော့မှန်မသွား ဘူးလား....(မှန်ပါတယ်)။

ဒါဖြင့် မှားဘေးပြင်လိုက်လို့ရှိယင် မသိဘေးပါ ပြီးပါ တယ်....(မှန်ပါ့ဘုရား)။

တကာကြွယ် ဘာတဲ့တုံးဗျာ....(မသိဘေးပြင်လိုက်လို့ရှိယင် အမှားဘေးပါ ပြီးပါတယ်ဘုရား)။

မှားဘေးပြင်လိုက်လို့ရှိယင် မသိဘေးပါ ပြီးပါတယ်ဆိုတာ ဩော်....ယနေ့ ကြားရပြီ....(ကြားရပါပြီဘုရား)။

ဦးမာဒင် ယနေ့ကြားရတယ်....(ကြားရပါတယ်)အမှားဘေး ပြင်လိုက်ယင်....(မသိဘေးပါကိစ္စပြီးပါတယ်ဘုရား) မသိဘေးပါ ပြီးပါတယ်ဆိုတော့ ဒိဋ္ဌိရော အဝိဇ္ဇာရော ပြုတ်တယ်ပြောချ လိုက်တာ....(မှန်ပါ့)။

ဒိဋ္ဌိရော....(အဝိဇ္ဇာရောပြုတ်ပါတယ်) ကိုင်း.... ဘယ်လောက် တကာ ဦးလှဘူး အဖိုးတန်တယ်ဆိုတဲ့ဥစ္စာဖြင့် ပြောဖို့မလိုပါ ဘူး....(မလိုပါဘုရား)။

အင်မတန်အဖိုးတန်တယ်ဆိုတဲ့ဥစ္စာ မသိဘေးဖြုတ်လိုက်လို့ ရှိယင် အမှားဘေးပါတယ်ဆိုသဖြင့် မသိတာက အဝိဇ္ဇာဆို တော့ အကန်းကပျောက်တယ်....(မှန်ပါ့ဘုရား)။

မှားဘေးဆိုတာက အရှုးဆိုတာ ထန်းလျက်ကိုပဲ ချဉ်ချင်-ချဉ် ဘယ်ပြောနေတာ....(မှန်ပါ့) အမှားဘေးသင့်နေတာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ထန်းလျက်ချိုလာအောင် ပြင်ပေးလိုက်လို့ရှိယင် ဖြင့် တကာတကာမတို့ ဒါသည်ကားလို့ဆိုယင် မသိဘေးရှင်း သွားလို့ အမှားဘေးကလဲ ခုနင်က အမှားဘေး ရှင်းသွားတဲ့ အတွက် မသိဘေးဆိုတဲ့ဥစ္စာလဲ အဝိဇ္ဇာအုပ်ချုပ်နေလို့ မမြင် လို့ပြောတာ....(မှန်ပါ့ဘုရား)။

အခုတော့ ထန်းလျက်လဲသိ-ချိုမှန်းလဲသိတယ်....( မှန်ပါ့ ) ထန်းလျက်ကယ်လို့ သိတာက တကာတကာမတို့မျက်စိမြင်လို့ (မှန်ပါ့)ချိုမှန်းသိတာကလဲ ဒိဋ္ဌိကင်းလို့....(မှန်ပါ့) သဘောကျ ပလား....(ကျပါပြီဘုရား)။

အဲဒါကြောင့် တကာတကာမတို့ဝိပဿနာဉာဏ်ဟာဦးမာဒင်တို့ ဆရာဝန်ကြီးတို့ သိပ်အရေးကြီးပါတယ်.... (ကြီးပါတယ်) မသိဘေးနဲ့ အမှားဘေးကာကွယ်နိုင်တာဖြင့် ဒါပဲရှိတယ်..... (မှန်ပါ့ဘုရား)။

မသိဘေးနဲ့ အမှားဘေးကာကွယ်နိုင်တာက .... (ဝိပဿနာဉာဏ်ပဲရှိပါတယ်) ဝိပဿနာဉာဏ်ပဲ ရှိတော့တယ်.... (မှန်ပါ့) မဂ်ဉာဏ်ဆိုတာကတော့ သူအခြေခံမှ ပေါ်မှာကိုးဗျ- (မှန်ပါ့) သူ့အခြေခံမရသေးယင်.... (မပေါ်ပါဘုရား)။

အဲဒီတော့ ဘယ်ဉာဏ်အရေးကြီးတယ်ဆိုတာဖြင့် ဝိပဿနာဉာဏ်ပဲ....(မှန်ပါ့) အဲဒါစာလိုသုံးတော့ ယထာဘူတဉာဏ်ဟေ့ (မှန်ပါ့)သဘောပါကြပလား.... (ပါ-ပါပြီ) ဘာဉာဏ်တဲ့တုံး- (ယထာဘူတဉာဏ်ပါ)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယထာဘူတဉာဏ်ရယင် နိဗ္ဗာန်ဆိပ်ဦးသို့ရောက်ပါပြီ (ရောက်ပါပြီဘုရား)။

ဘာတဲ့တုံး....(နိဗ္ဗာန်ဆိပ်ဦးသို့ ရောက်ပါပြီ)ဩော်....ဒါဖြင့် တကာတကာမတို့ မျက်စိလည်ပျောက် လမ်းဖြောင့်ပေါ်ရောက်၊ အသွားသွက်ဖို့ပဲ လိုတော့တယ်... (မှန်ပါ့) နိဗ္ဗာန်မြို့နဲ့ဖြင့်ရောက်တော့မှာပဲဆိုတာ ငြင်းဖို့မလိုတော့ဘူး- (မလိုတော့ပါဘုရား)။

ဦးမာဒင် ဒီနေ့တရား သိပ်အဖိုးတန်တယ်နော်.... (တန်ပါတယ်ဘုရား) တိုက်တွန်းလုံးရော, နှိုးဆော်လုံးရော, အမှားပြင်လုံးရော,နိဗ္ဗာန်ဆိပ်ဦး ရောက်ပုံရောဆိုတော့ တကာကြွယ်ရေဒီဥစ္စာ သိပ်အဖိုးတန်ပါတယ်.... ( တန်ပါတယ် ) အင်မတန်အဖိုးတန်တယ်ဆိုတာ မှတ်ကြစမ်းပါ....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် သူများပါးစပ်လမ်းမဆုံးပဲနဲ့ ကိုယ့်ခန္ဓာကို ကိုယ့်ဉာဏ်နဲ့ ကြည့်ပါတော့မယ်ဆိုတော့ ဖြစ်မှု ပျက်မှုကလေးတွေ သွားတွေ့တယ်....(မှန်ပါ့ဘုရား)။

ယားတာ ဝေဒနာ၊မရှိတာက အနိစ္စ၊ ဟော.... ဝေဒနာ အနိစ္စပါပဲ....(မှန်ပါ့ဘုရား)။

ယားတာ....(ဝေဒနာပါ)ပျောက်သွားတော့ မရှိတော့ဘူး-(မှန်ပါ့)မရှိတာ ဘယ့်နှယ်ခေါ်မလဲ(အနိစ္စပါ) ဒါဖြင့်ဝေဒနာ အနိစ္စ....(မှန်ပါ့) ယောကျ်ားအနိစ္စမဟုတ်ဘူး.... ( မဟုတ်ပါ ) မိန်းမအနိစ္စမဟုတ်ဘူး ...(မဟုတ်ပါ) ဘာပါလိမ့်.... (ဝေဒနာ အနိစ္စပါဘုရား)။

တကာကြွယ် ဒါဘာတုံးလို့ဆိုတော့မှ ယထာဘူတဉာဏ် (မှန်ပါ့)တကာသစ် ဘာတဲ့....( ယထာဘူတဉာဏ်ပါဘုရား )။

ယထာဘူတဉာဏ်ရတယ်....(မှန်ပါ့) ကောင်းတာကလေးက ဝေဒနာ....(မှန်ပါ့) မရှိပြန်ဘူး အနိစ္စ.... (မှန်ပါ့) သုခဝေဒနာ အနိစ္စ....(မှန်ပါ့)အင်း....ငါကောင်းစားတာဆိုတဲ့ ဒိဋ္ဌိပြုတ်တယ် (မှန်ပါ့)ငါဘာဖြစ်နေပါလိမ့်မတုံးဆိုတဲ့ ဝိစိကိစ္ဆာပြုတ်တယ်.... (မှန်ပါ့) ဒါ ဘာမှန်းမသိပါဘူးဆိုတဲ့ အဝိဇ္ဇာလဲ ပြုတ်တယ် (မှန်ပါ့ဘုရား)။

ကောင်းတာက သုခဝေဒနာ၊ပျောက်သွားတာက အနိစ္စ.... (မှန်ပါ့)ဘာဘောကျပလား....(ကျပါပြီ) ဒါဖြင့် ဝေဒနာအနိစ္စပေါ့....(မှန်ပါ့ဘုရား)။

ခန္ဓာထဲဘာရှိပါလိမ့်.... (ဝေဒနာအနိစ္စပါ) ဝေဒနာအနိစ္စရှိ ဘယ်ဆိုသဖြင့် ငါဘာဖြစ်ပါလိမ့်မတုံးဆိုတဲ့ ဝိစိကိစ္ဆာ မောဟ ကော ရှိသေးရဲ့လား....(မရှိပါဘုရား)။

ငါဘာဖြစ်ပါလိမ့်မတုံးဆိုတော့ ငါဆိုတဲ့ဒိဋ္ဌိကလဲ ဘာဖြစ် ပါလိမ့်မလဲက ဝိစိကိစ္ဆာ၊ ငါက ဒိဋ္ဌိ....(မှန်ပါ့) အဲဒီ့ ငါကလဲ မရှိဘူး....(မှန်ပါ့)။

ငါက မရှိတာ ဘယ်လိုကြောင့်တုံးဆိုတော့ ဝေဒနာ အနိစ္စ မှန်းသိပြီ....(မှန်ပါ့)ငါရှိသေးရဲ့လား....(မရှိတော့ပါ) ဘာဖြစ် ပါလိမ့်မတုံးဆိုတဲ့ ဝိစိကိစ္ဆာကော....(မရှိပါဘုရား)။

ဒါဖြင့် ငါဘာဖြစ်ပါလိမ့်မလဲဆိုတဲ့ဥစ္စာ ငါကဒိဋ္ဌိ၊ ဘာဖြစ် ပါလိမ့်မလဲဆိုတာက မောဟ၊ ဒီနှစ်ခုပြုတ်ထွက်သွားတယ်.... (မှန်ပါ့ဘုရား)။

ငါဘာဖြစ်ပါလိမ့်မလဲလို့ နဂိုက ခင်ဗျားတို့ အင်မတန် သုံးလေ့ နှုန်းလေ့လဲရှိမယ် ( မှန်ပါ့ ) ထင်လဲထင်တယ်.... (မှန်ပါ့)ဩော်.... ငါဘာများဖြစ်ချင်ပါလိမ့် ယားလိုက်တာ၊ ဦးမာဒင်ကြီးတို့သုံးတာပေါ့....(သုံးပါတယ်ဘုရား)။

အခုတော့ သုံးတော့သုံးပါတဲ့၊အထင်ကိုတော့ ဖြုတ်ပစ်ပါ (မှန်ပါ့ဘုရား)။

သုံးတော့သုံးပါ တကာတကာမတို့ ဘာတဲ့ .... (အထင်ကို ဖြုတ်ပစ်ရပါမယ်)အင်း....ငါဘာမှမဖြစ်ဘူး- ဝေဒနာအနိစ္စဖြစ် တာ-(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ငါဆိုကတည်းက ဒိဋ္ဌိပြုတ်ပြီ (မှန်ပါ့) ဘာမှဖြစ်တာ မဟုတ်ဘူးဆိုကတည်းက ဝိစိကိစ္ဆာလဲပြုတ်ပြီ(မှန်ပါ့) ဝိစိကိစ္ဆာဆိုတာ မောဟ.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)ဒါဖြင့် ဒိဋ္ဌိနဲ့ မောဟပြုတ်တယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ မသိဘေးလဲပြုတ်၊အမှားဘေးလဲ ပြုတ်....(မှန်ပါ့ဘုရား)။

မသိဘေးကော.... (ပြုတ်ပါတယ်)အမှားဘေးကော....(ပြုတ်ပါတယ်ဘုရား)။

ဟာ....တကာသစ် သေပျော်နေပြီဗျ....(မှန်ပါ့) တကာကြွယ်ဘယ့်နှယ်တုံး .... (သေပျော်နေပါပြီဘုရား)။

မသေနဲ့ဦး- မသေနဲ့ဦး၊ သေပျော်ပေမယ့် မသေနဲ့ဦး .... (မှန်ပါ့) မဖြစ်သေးဘူးတဲ့၊ ဒါလောက်နဲ့ ဒုတိယဘဝကျမှ မဂ်ဉာဏ်ရမယ်၊ ဒီဟာနဲ့သေလို့ရှိယင်.... (မှန်ပါ့) တခါတည်း ဒုတိယဆိုတဲ့ ဉစ္စာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒီခန္ဓာကြီး ယမ်းပိုးပြီး သယ်နေဦးမှာက ဒီဘဝလဲဘယ်လောက်အသက်ရှည်မှန်းမသိတော့ ခန္ဓာ့ဝန်ထမ်းသမားအဖြစ်က မလွတ်သေးဘူး.... (မှန်ပါ့) ဒုတိယဘဝသွားပြီး တာဝန်ထမ်းရဦးမှာ ဒုတိယဘဝကျမှ တာဝန်ပြီးတော့ နိဗ္ဗာန်ရမယ်ဆိုတာလဲ မကောင်းသေးဘူး (မှန်ပါ့ဘုရား)။

အခုရှိတဲ့ ကျင်ကြီး အခုမသင့်တဲ့နေရာမှာ ညှော်ခန်းရောက်နေတယ်ဆိုယင် အခုဆေးယင်ကောင်းတယ်.... (မှန်ပါ့ဘုရား)။

ကျင်ကြီးဟာ ညှော်ခန်းပေါ်မှာ ကလေးကမနေသာလို့ စွန့်သွားတော့ ပြေးပြေးဆေးတာကောင်းသလား၊ အခုဆေးတာကောင်းသလား.... (အခုဆေးတာ ကောင်းပါတယ်ဘုရား)။

ကျင်ကြီးကျတော့ ခင်ဗျားတို့ အခုဆေးချင်တယ်၊ ဒိဋ္ဌအခု မဆေးချင်တာ အတော်ခက်နေတာ...(မှန်ပါ့ဘုရား)။

တကာကြွယ် ချက်ချင်းဆေးနော်.... (မှန်ပါ့) ညှော်ခန်းကို ရောက်နေတာ....(မှန်ပါ့) သဘောပါပလား (ပါ-ပါပြီဘုရား)။

ခင်ဗျားတို့ ဒိဋ္ဌိက ဘယ်ရောက်နေသလဲ.... (ညှော်ခန်းရောက် နေပါတယ်) ညှော်ခန်းရောက်နေတယ်တဲ့၊ တကယ့်မလျော်တဲ့ နေရာရောက်နေတာ....(မှန်ပါ့ဘုရား)။

မလျော်တဲ့ နေရာရောက်နေတယ်ဆိုတော့ ဘုရားရှေ့လဲဒိဋ္ဌိ (မှန်ပါ့) ငါလူလို့ငါရတယ်....(မှန်ပါ့)မလျော့နိုင်ဘူး(မှန်ပါ့) တကယ့်ညှော်ခံနေရာရောက်နေဘာ .. (မှန်ပါ့)သဘောကျပလား (ကျပါပြီ)ဒါဖြင့် မြန်မြန်ဆေးဘာ ကောင်းပါတယ်.... (မှန်ပါ့ ဘုရား)။

တကာသစ် ဘုရားရှေ့ရောက်နေဘာများ မြင်လိုက်ကဲ့လား (မမြင်ပါ) တချို့တကာတကာမတွေများ ဟာ.... ဆုတောင်း ရှည်ကြီးနဲ့ တခါတည်း ဒီကဲ့သို့ လူ့ရ ပေးရ ကမ်းရတဲ့ အတွက် တပည့်တော်မ သေသည်၏အခြားမဲ့၌ တပည့်တော်မပဲ နတ် သမီးဖြစ်ရပါလို၏... တဲ့....(မှန်ပါ့) တပည့်တော်မပဲ ဖြစ်ပါရ စေ.... (မှန်ပါ့) အံမာလေး....ဒီကလဲ တပည့်တော်မ ဟိုမှာ လဲ တပည့်တော်မပဲ....(မှန်ပါ့) ဘာဒိဋ္ဌိတုံး.... (သဿတဒိဋ္ဌိပါ ဘုရား) သဿတဒိဋ္ဌိဆက်သွားတာကိုးဗျ (မှန်ပါ့) မဆက်ဘူး လား....(ဆက်ပါတယ်ဘုရား) အဲဒါ ဘယ်ရှေ့မှာတုံး....(ဘုရား ရှေ့မှာပါဘုရား) ဟာ....ဒါဖြင့် ညှော်ခန်းရောက်နေပြီ....(မှန်ပါ့ ဘုရား) ပေါ်ပြီ-ပေါ်ပြီ.... (မှန်ပါ့)။

တကာတကာမတို့ ဘယ်ရောက်နေသတုံး.... (ညှော့ခန်းရောက်နေပါတယ်ဘုရား) ဟာ....မြန်မြန်ဆေးမှဟော်မယ်.... (မှန်ပါ့) ဘကာကြွယ် တာရှည်ထားလို့....(မတော်ပါဘုရား)။

မတော်ဘူး ခင်ဗျားတို့က တကယ့်နေရာကို ရောက်နေတဲ့ဥစ္စာ ဖြစ်နေတာ ဒါ....ကလေးကျင်ကြီးလား-လူကြီးကျင်ကြီးလား.... (လူကြီးကျင်ကြီးပါဘုရား) ပေါ်ပြီ.... (မှန်ပါ့) တကာကြွယ် ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အေး.... ကလေးကျင်ကြီးဟာ ဒါလောက် အနံ့မဆိုးဘူး.... (မှန်ပါ့) နို့ကဖြစ်လာတဲ့ကျင်ကြီးဟာ ဒါလောက် အနံ့မပြင်းလှဘူး....(မှန်ပါ့ဘုရား) ဒီအစားအသောက်တွေက ဖြစ်လာတဲ့ကျင်ကြီးက....(အနံ့ပြင်းပါတယ်ဘုရား)။

အဲ....ဒီမှာလဲ လူကြီးကဖြစ်တဲ့ဒိဋ္ဌိက သာဆိုးတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ဦးမာဒင် နှေးနှေးမှ ဆေးမလား လူကြီးကျင်ကြီးကို (အမြန်ဆေးရမှာပါဘုရား)အမြန်ဆေးရမှာ၊ ဘယ့်နှယ်ကြောင့် တုံးဆိုတော့ တကယ့်ဘုရားရှေ့ကို ရောက်နေတယ်.... (ရောက်နေပါတယ်ဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ခင်ဗျားတို့က ဘုရားပေါ်တက်ပြီး ကျင်ကြီးစွန့်တဲ့ ခွေးကျတော့ ခွေးများ မသိလိုက်တာ လွန်နေတာပဲ၊ အံမာလေး.... ခင်ဗျားတို့ကမျှား အပြစ်တင်နေသေးတယ်....(မှန်ပါ့)။

အင်း....ကိုယ်ကတော့ ဘုရားရှေ့ ညှော့ခန်းမှာ ဟိုကျောက်ပြားတွေ ခင်းထားတဲ့အပေါ်သွားပြီးတော့.... (မှန်ပါ့) မလာဘူးလား....(လာပါတယ်ဘုရား)။

အညိုအမဲ ဒိဋ္ဌိတွေသွားပြီးသကာလ အဖြစ်ခံရတယ်ဆိုတော့ ဘကာကြွယ် မနေဘူးလား....(နေပါတယ်ဘုရား)။

အေး....ဒါ့ကြောင့် အပြောတွင်ပြောပြီး အထင်မလိုက်လို့ ရှိယင်လဲ ဒါ....ကျင်ကြီးမဖြစ်ပါဘူး.... (မှန်လှပါ) ဖြစ်သေးရဲ့ လား....(မဖြစ်ပါဘုရား)။

ကိုင်း....ဒါဖြင့် တကာဘကာမတို့ မျက်လုံးက ဖွင့်လိုက်တယ်၊ တခုတခုမြင်တာပဲ....(မှန်ပါ့) မြင်ရုံတွင် မြင်တာသည် သဘာ သလား- ဟုတ်လား ပြစ်မှားသလား၊ မပြစ်မှားပါဘူး ဘုရား ဆိုယင် ဥပေက္ခာပဲ....(မှန်ပါ့)။

ဒီမြင်တာကလေးသည်ကားလို့ ဆိုယင် မြင်မှုဝေဒနာကလေး ဖြစ်သောကြောင့် အင်း....သူလဲမြင်, ဒါသည် ငါလဲမဟုတ်ဘူး၊ သူလဲမဟုတ်ဘူး၊မြင်တဲ့ဥပေက္ခာ ဝေဒနာပဲ၊ ဖြစ်ပြီးပျက်တာပဲ.... (မှန်ပါ့)။

ဒီလိုရှုလိုက်တဲ့အခါကျတော့ ငါမြင်ဆိုတဲ့ဒိဋ္ဌိလဲ ရှိသေးရဲ့ လား....(မရှိပါဘုရား) ဒီဥစ္စာကို ဘာပါလိမ့်မတုံးဆိုတဲ့ မသိတဲ့ အဝိဇ္ဇာကော ရှိသေးရဲ့လား.... (မရှိပါဘုရား) ဟာ....ဒါဖြင့် တကာဘကာမတို့ မသိဘေးနဲ့ အမှားဘေးပြုတ်ပြီ....(ပြုတ်ပါပြီ ဘုရား)။

ဝိပဿနာနှလုံးသွင်းလိုက်ယင် မသိဘေးနဲ့ အမှားဘေးက.... (ပြုတ်ပါပြီ) တကာကြွယ် နေရာကျပြီ....(ကျပါပြီဘုရား)။

ဝိပဿနာနဲ့သာ နှလုံးသွင်းပါ' တကာတကာမတို့ ဘာဘေး လွတ်ပါလိမ့်....(မသိဘေးနဲ့ အမှားဘေး လွတ်ပါတယ်ဘုရား)။

မသိဘေးနဲ့ အမှားဘေးလွတ်တယ်....(မှန်ပါ့) အင်း.... ဒါကလေးဟာ ဖြစ်ပြီးပျက်တာပဲ၊ အနိစ္စတရားကလေးပဲလို့ သိလိုက်လို့ ရှိယင်ဖြင့် မသိဘေးနဲ့ အမှားဘေးလွတ်တယ်....(မှန်ပါ့) အဲဒါ တခါတည်း အကုန်ပြုတ်တယ်.... (ပြုတ်ပါတယ်ဘုရား)။

သိတယ်....သမ္မာဒိဋ္ဌိက ဝင်လာတယ်....(မှန်ပါ့)ရိပ်မိပလား-(ရိပ်မိပါပြီ) အမှန်သိတဲ့သမ္မာဒိဋ္ဌိဝင်မလာဘူးလား.... (ဝင်လာပါတယ်ဘုရား) အမြင်မှန်ကော မရဘူးလား.... (ရပါတယ်) အမြင်မှန်ရကတည်းက အဝိဇ္ဇာကဝိဇ္ဇာဖြစ်ပြီ.... (မှန်ပါ့)သဘောကျပလား.... ( ကျပါပြီဘုရား ) အမှားမြင်လိုက်ကတည်းက မိစ္ဆာဒိဋ္ဌိက သမ္မာဒိဋ္ဌိဖြစ်ပြီ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်များ ဘေးနှစ်ခုကင်းပါတယ်....(မှန်ပါ့)။

ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်များ.... (ဘေးနှစ်ခုကင်းပါတယ်ဘုရား) ဘာဘေး ဘာဘေးပါလိမ့်.... (မသိဘေးနဲ့အမှားဘေးပါဘုရား) မသိဘေးနဲ့အမှားဘေးဖြင့် စင်းလုံးချောလွတ်သွားတယ်....(မှန်ပါ့ဘုရား) ဒါ....ဒီတရားကို ဆင်ခြင်ကြမှလဲ သိတယ်နော်....(မှန်ပါ့ဘုရား)။

ကဲ....တရားနှလုံးသွင်းကြ၊ ခန္ဓာကိုယ်ထဲမှာ ဖြစ်တယ်, ပျက်တယ်ဆိုတဲ့ တရားနှစ်ခုမှတပါး ဘာမှမရှိဘူးလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

ခန္ဓာကိုယ်ထဲမှာ ဥဒယဗ္ဗယမှတပါး.... (ဘာမှ မရှိပါဘုရား) မြန်မာလိုပြန်လိုက်တော့ ဥဒယ,ကဖြစ်တာ၊ ဝယ,ကပျက်တာ ....

(မှန်ပါဘုရား)ဖြစ်မှု ပျက်မှုမှတပါး ဘာမှ မရှိဘူး၊ ရှိတာကလဲ ဒါပဲ မြင်တာကလဲ ဒါပဲလို့ ဆုံးဖြတ်ချက်ချလို့ ရှိယင်ဖြင့် မသိ ဘေး အမှားဘေးလွတ်ပါတယ်....(မှန်ပါ)။

ဒါဖြင့်....မျက်စိနှစ်ကွင်း အလင်းရ၍ လမ်းကောက် မသွား တော့ဘူး....(မှန်ပါ)မျက်စိနှစ်ကွင်း အလင်းရ၍....(လမ်းကောက် မသွားတော့ပါဘုရား)။

မျက်စိနှစ်ကွင်း အလင်းရတယ်ဆိုတာသည် တကာ့ဘကာ့မ တို့ မသိဘေးစင်သွားတာ....(မှန်ပါ) လမ်းကောက် မသွားတော့ ဘူးဆိုတော့ ဒိဋ္ဌိက တဏှာနဲ့ တွဲနေတော့ အင်မတန် ကောက်ပါ တယ်....(မှန်ပါ) အဲဒီလမ်းကောက်လဲ မသွားတော့ဘူး ဒိဋ္ဌိပြုတ် သွားလို့....(မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် 'ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ'.... (မှန်ပါ) ဘိက္ခဝေ=ရဟန်းတို့၊ အယံမဂ္ဂေါ=ဤမသိဘေး, အမှားဘေးမှ လွတ်တဲ့ဉာဏ်သည်၊ ကောယနော=တကြောင်းတည်းနဲ့ နိဗ္ဗာန် အရောက်ပို့၏....ဆိုတော့ မသိဘေး,အမှားဘေး လွတ်သွားယင် ပဲ ခင်ဗျားတို့ ကျုပ်တို့ ဘာပူစရာရှိတော့သတုံး.... (မရှိပါ) ရှင်းပလား တကာကြွယ်....(ရှင်းပါပြီဘုရား)။

မသိဘေး,အမှားဘေးလွတ်လို့ ရှိယင် 'တဖြောင့်တည်းရောက် ဘယ်ကွ....(မှန်ပါဘုရား) သဘောပါကြပလား.... (ပါ-ပါပြီ ဘုရား)။

မသိဘေး,အမှားဘေးလွတ်ယင်....(တဖြောင့်တည်းရောက်ပါ ဘယ်ဘုရား) တဖြောင့်တည်း ရောက်တယ်ဆိုသဖြင့် ကျုပ်တို့

ခပ်ဗျားတို့ဖြင့်....တဲ့ တရားနာတုန်း နိဗ္ဗာန်ဆိပ်ဦးရောက်ပါပြီ.... (မှန်ပါ့) အားထုတ်လို့ရှိယင် နိဗ္ဗာန်ကို ကိုယ်တိုင်မြင်ရပါလိမ့်မယ်....(မှန်ပါ့)။

ကိုယ်တိုင်ရောက်ပါလိမ့်မယ်ဆိုတဲ့ဥစ္စာ တကာကြွယ် သေသေချာချာမှတ်ရမယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် အလုပ်-လုပ်မှရမယ်၊ တရားနာယင် နိဗ္ဗာန်ဆိပ်ဦး ရောက်ပါတယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ ဘုရား)။

တရားနာလို့ တခါတည်း ဖြစ်ပျက် မြင်လာတယ်ဆိုယင် နိဗ္ဗာန်ဆိပ်ဦးရောက်ပြီ.... (မှန်ပါ့) အားထုတ်လို့ တခါတည်း ဖြစ်ပျက်တွေမုန်းလို့ ဖြစ်ပျက်တွေ ဆုံးယင်ပဲ နိဗ္ဗာန်ကို ရောက်ပါပြီ....(မှန်ပါ့)။

ဆိပ်ဦးတွင် မဟုတ်ပါဘူး၊ နိဗ္ဗာန်ကို.... (ရောက်ပါတယ် ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘေးအတန်တန်-ရန်အထပ်ထပ်မှ လွတ်ပါပြီ....(မှန်ပါ့) ဘေးအတန်တန်ဆိုတဲ့ မသိဘေးတွေ ရန်အထပ်ထပ်ဆိုတဲ့ ဒိဋ္ဌိတွေ.... (မှန်ပါ့)အဲဒါတွေ တကာတကာမတွေ အကုန်လွတ်ပါပြီ....(မှန်ပါ့)။

ဒါဖြင့် ယနေ့သည် ကားလို့ဆိုယင်ဖြင့် တကာတကာမတွေမှာ တသံသရာလုံးသင့်တဲ့ဘေးကို ယနေ့ ဉာဏ်နဲ့ ဆေးလိုက်ပြီ (မှန်ပါ့) သမာဒိဋ္ဌိဉာဏ်နဲ့ ဆေးလိုက်တယ်....(မှန်ပါ့)။

ယားတာ–နာတာကလေးဖြစ်တယ် ပျက်သွားတယ် (မှန်ပါ့) ပြော်.... ဒါ ဖြစ်ပျက်သာရှိတယ်လို့ သိတဲ့ဉာဏ်ကလေးသည် မိစ္ဆာဒိဋ္ဌိကိုလဲ ဆေးပစ်လိုက်တယ်....(မှန်ပါ့) မသိတဲ့အဝိဇ္ဇာကို လဲ ဆေးလျှော်ပစ်လိုက်တယ်....( မှန်ပါ့ ) တကာကြွယ်–ရေ.... သိပ်နေရာကျတယ်....(ကျပါတယ်ဘုရား)။

ဒါ့ကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင်တည်းဟူသောရေနဲ့ မဆေးသရွေ့ ကာလပတ်လုံး မိစ္ဆာဒိဋ္ဌိ အညစ်အကြေး–အဝိဇ္ဇာ အမိုက်အမဲတွေ ဘယ်တော့မှ ပျောက်သွားလိမ့်မယ်လို့ မအောက်မေ့ပါနဲ့.... (မှန်ပါ့ဘုရား)။

ဒိဋ္ဌိအမိုက်အမဲ–အဝိဇ္ဇာ အညစ်အကြေး ဘာနဲ့ဆေးရမလဲ.... (သမ္မာဒိဋ္ဌိနဲ့ ဆေးရပါမယ်) သမ္မာဒိဋ္ဌိမဂ္ဂင်နဲ့ဆေးမှရမယ် (မှန်ပါ့ ဘုရား)။

သမ္မာဒိဋ္ဌိမဂ္ဂင်က ဆုတောင်းနဲ့ ပေါ်တာလားတဲ့ ပုဂ္ဂိုလ် သတ္တဝါပျောက်ပြီး ဖြစ်ပျက်မြင်လို့ ပေါ်တာလား.... (ပုဂ္ဂိုလ် သတ္တဝါပျောက်ပြီး ဖြစ်ပျက်မြင်လို့ ပေါ်တာပါဘုရား)။

ပြော်....နေရာကျလိုက်တာတကာကြွယ်ရေ....(မှန်ပါ့)ပုဂ္ဂိုလ် သတ္တဝါလဲ ပျောက်လိုက်သေးတယ်....(မှန်ပါ့) ဉာဏ်နဲ့မျက်လုံး သာ မှိတ်ကြည့်နော်.... (မှန်ပါ့) မျက်လုံးနဲ့ ကြည့်ပြန်တော့လဲ ဆံပင်တွေပေါ်မယ်၊ သွားတွေပေါ်မယ်၊ ယောဂီတွေအားထုတ် တဲ့ပုဂ္ဂိုလ်တွေဟာ၊ မျက်လုံးနဲ့ ဘယ်တော့မှမကြည့်နဲ့....(မှန်ပါ့) တခါတည်း ဉာဏ်နဲ့ သာ ခန္ဓာကိုယ်ထဲစိုက်ကြည့်....(မှန်ပါ့)။

ဥဘက်နဲ့သာ ခန္ဓာကိုယ်ထဲ စိုက်ထားပြီး ဟိုနေရာကယား- ဒီနေရာက ကောင်း- ဟိုနေရာကအလတ်စားပေါ့၊ဝေဒနာသုံးပါး အတိုင်း ရှုယင်လေ....(မှန်ပါ့) စိတ်ဘွေရှုယင်လဲ ပေါ်တာရှုရုံ ပေါ့....(မှန်ပါ့ဘုရား)။

အဲဒါတွေ တွေ့တဲ့အခါကျတော့ ဖြစ်မှုတမျိုး, ပျက်မှုတမျိုး ဖြစ်မှုတမျိုး, ပျက်မှုတမျိုး၊ ဖြစ်မှုတမျိုး, ပျက်မှုတမျိုးမှတပ့ါး တကာသစ် ဘာမျှားပြောသေးသဘုံး....(ဘာမှမပြောပါဘုရား) ဘယ်သူက ပြောတာတုံးမေးတော့မှ ခန္ဓာကပြောတာ....(မှန်ပါ့ ဘုရား)။

ဒါဖြင့် သူများပါးစပ်ဘေး လွတ်ပေါ့... ( လွတ်ပါပြီ ) ကိုယ်တိုင်မြင်ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ကိုယ်တိုင်မြင်ကတည်းက ဘယ့်နှယ်တုံး.... (သူများပါးစပ် ဘေးလွတ်ပါပြီဘုရား)။

သူများပါးစပ်ဘေးလွတ်သွားတာက၊ နာနာသတ္တာရ ဥလ္လော ကနဘေး * ဆိုတဲ့ဥစ္စာ တခါတည်းလွတ်သွားတယ်.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဩော်....သူများပါးစပ်ဘေး လွတ်သွားလို့ရှိယင်လဲဦးမောဒင် ရေ-သေပျော်ပြီ.... (မှန်ပါ့) ကိုယ်တိုင်မြင်လို့ သူများပါးစပ် ဘေးလွတ်တာနော်....(မှန်ပါ့ဘုရား)။

---

* နာနာသတ္တာရ ဥလ္လောကန ဆရာအမျိုးမျိုးကို မျှော် ကြည့်ခြင်း။

ဒါဖြင့် ကိုယ်တိုင်မမြင်ခဲ့တဲ့ ဘဝတွေတုန်းကဖြင့် သူများ ပါးစပ်လမ်းဆုံးပြီးသွားခဲ့ကြရတာနဲ့ အပါယ်လဲ အိမ်ဦးကြမ်းပြင် ဖြစ်ခဲ့ပါပြီ....(မှန်ပါ့ဘုရား)။

အပါယ်လေးဘုံမှာ(အိမ်ဦးကြမ်းပြင်ဖြစ်ခဲ့ပါပြီ)ဟင်....ဘယ့် နှယ်ကြောင့်ပါလိမ့် တကာသစ်ရေ .... (သူများပါးစပ်လမ်းဆုံး လို့ပါဘုရား)။

သူများပါးစပ်ဘေးသင့်တယ်.... (မှန်ပါ့) တယ်လဲကြောက် စရာကောင်းပါလား....(ကောင်းပါတယ်ဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ ဒိဋ္ဌခမ္မော ကိုယ်တိုင်မြင်အောင် လုပ်စမ်းကွနေဲ့....( မှန်ပါ့ ) ပစ္စတ္တခမ္မော= ကိုယ့်ဉာဏ်ထဲကို ရောက်အောင်လုပ်ကွနေဲ့.... (မှန်ပါ့) ဝိဒိတ ခမ္မော= သူများဆုံးဖြတ်ချက်ချတာ အသာထား မင့်ဟာမင်း ဆုံးဖြတ်ချက်ချနိုင်အောင် လုပ်စမ်းပါ.... (မှန်ပါ့) ဝိဒိတခမ္မော လို့ မလာဘူးလား....(လာပါတယ်ဘုရား)။

တိဏ္ဏဝိစိကိစ္ဆောတဲ့ မင့်ဟာမင်း ဝိစိကိစ္ဆာကင်းအောင် လုပ် ကွတဲ့....(မှန်ပါ့) သူများပြော မင်းကလမ်းဆုံးမနေနဲ့တဲ့ (မှန်ပါ့) မလာဘူးလား.... (လာပါတယ်) ဓမ္မစကြာရတဲ့ပုဂ္ဂိုလ်များ ဒါ အကြီးအကျယ်မှာတယ်....(မှန်ပါ့)မမှာဘူးလား.... (မှာပါတယ် ဘုရား)။

အဲဒါတွေ ထောက်ကြည့်တော့မှ ဩော်.... သူများပါးစပ် ဘေးကြောင့် ဒါလောက်ဟောတာကိုး.... (မှန်ပါ့ဘုရား)။

ဦးမောဒင် ဘယ့်နှယ်ကြောင့် ဒါလောက် ပြောကြပါလိမ့်.... (သူများပါးစပ်ဘေးကြောင့် ပြောပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က သူမျှားပါးစပ်ဘေးကို မကြောက်သေးသရွေ့ ကာလပတ်လုံးဖြင့် ကိုယ်တိုင်မြင်ရေးကို မရသေးပါဘူး.... (မှန်ပါ့) သူမျှားပါးစပ်ဘေး ကြောက်လာလို့ရှိယင်ဖြင့် ကိုယ်တိုင်မြင်ရေးကိုဖြင့်ကြိုးစားဖြစ်တော့မယ်....(မှန်ပါ့ဘုရား)။

ကြိုးစားဖြစ်လို့ရှိယင်ဖြင့် ဝိဂတကထံကထောတဲ့ ဝိစိကိစ္ဆာကင်းသွားပါလိမ့်မယ်....(မှန်ပါ့ဘုရား)။

တခါ ဝိစိကိစ္ဆာကင်းသွားတယ်ဆိုလို့ရှိယင်လဲ သောတာပန်တည်ပြီလို့အောက်မေ့....(မှန်ပါ့ဘုရား)။

အဲဒါ သူမျှားပါးစပ်ဘေးဆုံးမှ သောတာပန်ကလဲတည်တယ် (မှန်ပါ့) သူမျှားပါးစပ်ဘေး မဆုံးသေးယင် .... (သောတာပန်မတည်ပါဘုရား)။

ဩော်....ဒါဖြင့် ယနေ့ကစပြီး ကိုယ့်ခန္ဓာကပြောတာ ကိုယ်ကြည့်တော့ဟေ့....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်တဲ့တုံး.... (ကိုယ့်ခန္ဓာကပြောတာ ကိုယ်ကြည့်ရပါမယ်ဘုရား)။

အဲဒီကြည့်လိုက်လို့ ကိုယ့်ခန္ဓာက ဖြစ်ပျက်လဲတွေ့ပါပြီဆိုလို့ရှိယင်ဖြင့် သူမျှားပါးစပ်ဘေးဖြင့်ကင်းဝေးပေါ့ (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ မသိဘေး, မှားဘေးလွတ်တာသည် ကိုယ်တိုင်တွေ့ရမှ....(မှန်ပါ့) ခန္ဓာကိုယ်ထဲ ကြည့်လိုက်တဲ့အခါမှာ.... (ကိုယ်တိုင်တွေ့ရပါမယ်) ဘာဘေးလွတ်သွားသတုံး- (မသိဘေး, အမှားဘေးလွတ်ပါတယ်ဘုရား)။

မသိဘူး၊ သူများပါးစပ်ကြောင့် မှားဘေးမလွတ်သေးဘူးလား....(လွတ်ပါတယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတွေ ယနေ့ပြန်ပြီးသကာလ ယနေ့ခန္ဓာကိုယ်ထဲက ဘာတွေပြောနေတယ် ဆိုတာကိုသာ တခါတည်း ကြည့်လိုက်ပါ....(မှန်ပါ့) ကြည့်လိုက်သည်နဲ့ တပြိုင်နက်တည်း မသိဘေးနဲ့ အမှားဘေးလွတ်ပြီးသကာလ နိဗ္ဗာန်ဆိပ်ဦးရောက်ပါပြီ....(မှန်ပါ့ဘုရား)။

ရောက်ယင်ဆက်သွား ဒီဖြစ်ပျက်ကို.... ( မှန်ပါ့ )ဆက်သွား ဖြစ်ပျက်နောက်ချည့်လိုက်....( မှန်ပါ့ ) လိုက်သွားပြန်တဲ့ အခါကျတော့ တကိုယ်လုံးဟာ ဖြစ်ပျက်မှတပါး ဘာမှမရှိဘူး၊ အို.... မွေး-သေပဲ တွေ့တော့မယ်....(မှန်ပါ့ဘုရား)။

ဓမ္မကလေး ပေါ်လာတာက မွေးတာ....(မှန်ပါ့) ဓမ္မကလေး ချုပ်သွားတာက သေတာ....( မှန်ပါ့ ) မွေး-သေပဲ ရှိတော့ ဩော်....ကိုယ့်အဖြစ်ဆိုးကြီး ပါကလား....မွေးလိုက်- သေလိုက် မွေးလိုက်- သေလိုက် ခန္ဓာထဲမှာ ဒါပဲရှိတယ်.... (မှန်ပါ့ဘုရား) ဝေဒနာကလေးကြည့်လိုက်ပြန်လဲ မွေး-သေပါ.... (မှန်ပါ့ဘုရား) စိတ်ကလေးကြည့်လိုက်ပြန်လဲ.... (မွေး-သေပါဘုရား) ရုပ်ကလေး ကြည့်လိုက်ပြန်လဲ....(မွေး- သေပါဘုရား)။

ဩော်....မွေး-သေချည့်တွေ့ရတဲ့ အခါကျတော့ ရွံစရာ, မုန်းစရာ မလိုချင်စရာပါကလား- လာတာပဲ....(မှန်ပါ့) လာသည်နှင့် တပြိုင်နက်တည်း နိဗ္ဗိန္ဒဉာဏ် ထိုးတက်ပြီးသကာလ ပေရှူ.... (မှန်ပါ့)မုန်းလျက်နဲ့ ပေရှူနေ.... (မှန်ပါ့ဘုရား)။

အဲဒီကျလာတော့မှ မုန်းပါများလို့ မလိုချင်လာလို့ ရှိယင် ဖျတ်ဆို ခုနင်က ဖြစ်ပျက်တွေ အကုန်ပျောက်ပဲ.... ( မှန်ပါ့ )

ပျောက်ပြီးသကာလ အနိစ္စ အကုန်ပျောက်ပြီး အနိစ္စနိဗ္ဗာန်ကြီး ဘွားကနဲပေါ်လာပါတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့်"နိဗ္ဗာနံ မဂ္ဂဿ အာရမ္မဏပစ္စယေန ပစ္စယော" ဖြစ်ကရော....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ယနေ့တရားမှာဖြင့် မသိဘေး, အမှားဘေးစင်၍ ကိုယ်တိုင်မျက်လုံးပွင့်ပြီးသကာလ သူများပါးစပ် လမ်းဆုံးတာ ဇာတ်သိမ်းတဲ့တရားလို့ တကာကြွယ် သေသေချာချာမှတ်.... (မှန်ပါ့ဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့မဗ္ဗာရုံ၌-ဟောကြား ဆုံးမတော်မူသော
(ခန္ဓာဉာဏ်ရောက်မှ သံသရာတိုမည့်အကြောင်း
သိကြားအမေး-ဘုရားအဖြေ)

# နေ့အလုပ်ပေး-တရားတော်

( ၂၄-၉-၆၁ )

အားလုံးလာကြတဲ့ တကာတကာမတွေ ကိုယ့်အရေးကိုယ် လုပ်တယ်လို့ အောက်မေ့ကြပါနော်....( မှန်ပါ့ )တရားနာတာ သည် ကိုယ့်ကိုယ် ကယ်တင်တဲ့ အလုပ်လို့ သေသေချာချာ မှတ်ပါ....(မှန်လှပါဘုရား)။

ဒီ့ပြင် လခစားအလုပ်၊ ကုန်သွယ်တဲ့အလုပ်တွေကတော့ သူ များ အရေးကို ကယ်တင်တဲ့ အလုပ်....(မှန်ပါ့) ကိုယ့်ကိုယ်တော့ မသနားတဲ့အထဲ ပါသွားတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ကိုယ့်ကိုယ်သနားတဲ့ ပုဂ္ဂိုလ်မှသာလျှင် သူများ လဲ ကယ်တင်တဲ့ အလုပ်ရောက်ပါတယ်....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ယနေ့ဟောတော့ မှာသည်တဲ့.... သိကြားမင်းက ဘုရားကို မေးတယ်၊ ဒီအမေးပုစ္ဆာရဲ့ အဖြေကို ဘုရားက ဖြေလိုက်တဲ့အခါ သိကြားကခန္ဓာကိုဉာဏ်လှည့်ပါတယ် (မှန်ပါ့) သိကြားက ခန္ဓာကို ဉာဏ်လှည့်တော့ တရားနာယင်း မတ္တနဲ့ သိကြားမင်း စုတေစိတ်ကျတယ်....(မှန်ပါ့)။

တရားပွဲထဲတွင် စုတေစိတ်ကျပြီး တရားပွဲထဲတွင် သိကြား ပြန်ဖြစ်တယ်.... (မှန်ပါ့)သိကြားပြန်ဖြစ်ပြီးသကာလ ရိုးရိုးဖြစ်တာ မဟုတ်ပါဘူး၊ သောတာပန်အဖြစ်နဲ့ ပြန်ဖြစ်တယ်....( မှန်လှပါဘုရား)။

စုတေစိတ် မကျခင်ကလေး သူ သောတာပန်တည်လိုက်တယ်၊ ဖျတ်ဆို နတ်တို့၏ သက်တမ်းစေ့တာနဲ့ စုတေစိတ် ဒီအဘဲမှာ ကျတယ်.... ကျပြီးသကာလ သိကြားသစ် ပြန်ဖြစ်ရတယ်....(မှန်လှပါဘုရား)။

ဒါဖြင့် ဒီတရားသည် တကာတကာမတို့ အမေးပုစ္ဆာမေးယင်းမတ္တနဲ့ ခန္ဓာဉာဏ်လှည့်တာနဲ့ သိကြားသောတာပန်တည်တာပဲဆိုတာ တကာတကာမတွေ မှတ်ထားရမယ်....(မှန်ပါ့ဘုရား)။

ကိုင်း....ကြိုးကြိုးစားစားနဲ့ သေသေချာချာသာ မှတ်ကြပေတော့ အမေးပုစ္ဆာပြဿနာတွေနဲ့ တကာကြွယ် ထွက်လာလိမ့်မယ်နော်....(မှန်ပါ့)။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးပြီးနေတဲ့အချိန်မှာ သိကြားသည် ဘုရားမဖြစ်ခင်က ဖြစ်နေတဲ့ သိကြားလို့ မှတ်ထားပါနော်....( မှန်ပါ့ )ဘုရားမဖြစ်ခင်က ဖြစ်နေတဲ့ သိကြားဖြစ်တော့ တကာသပ်ရေ မေးစရာ-မြန်းစရာ သံသယတွေ နတ်တို့၏ဉာဏ်ဆက်ထက်နဲ့ ကြံလုံး့စည်လုံးတွေ သိပ်များပါတယ်....(မှန်ပါ့)။

ဘောင်မေး-မြောက်မေးနဲ့ လောကမှာကျော်နေတဲ့ ဆရာတွေ လျှောက်မေးတော့ တခုမှ မဖြေနိုင်သောကြောင့် သိကြား

ကလဲ မကျေနပ်....(မှန်ပါ့)မကျေနပ်တဲ့ အပြင်မှာ သူ့အမေး ပုစ္ဆာပြဿနာတွေကလဲ ခန္ဓာဉာဏ်ရောက်မှ ဖြေနိုင်တဲ့တရားတွေ- (မှန်ပါ့)။

ခန္ဓာဉာဏ်ရောက်မှ ဖြေနိုင်တဲ့တရားတွေ ဖြစ်နေတော့ ခန္ဓာ ဉာဏ်ရောက်ကလဲ အဲဒီအချိန်မှာတကာကြွယ်တို့....ဦးမာဒင်တို့.... ကွယ်နေတယ်....(မှန်ပါ့)။

ခန္ဓာဉာဏ်ရောက်ကွယ်နေတယ်....(မှန်ပါ့) ဒါ့ကြောင့် ခန္ဓာ ဉာဏ်ရောက်ဟာ တကာတကာမတို့ အရေးကြီးပါဘယ်.... (မှန် လှပါဘုရား) ကိုယ့်ခန္ဓာထဲ ကိုယ့်ဉာဏ်ရောက်ဖို့ အရေးကြီး တယ်....(မှန်ပါ့)။

ကိုယ့်ခန္ဓာထဲကို.... (ကိုယ့်ဉာဏ်ရောက်ဖို့အရေးကြီးပါဘယ် ဘုရား)ကိုယ့်ဉာဏ်ရောက်ဖို့ အရေးကြီးတယ်လို့ ဆုံးဖြတ်ချက် ချပါ....(မှန်ပါ့)။

**သံသရာရှည်ခဲ့တာကို ဘုန်းကြီးတို့ တကာကြွယ်တို့ ဦးမာဒင် တို့ ကိုယ့်ခန္ဓာ ကိုယ့်ဉာဏ်မရောက်လို့သာ မှတ်ပေတော့.... ( မှန်ပါ့ ) ကိုယ့်ခန္ဓာမှာ ကိုယ့်တဏှာနဲ့ ကိုယ့်ဒိဋ္ဌိကသာ ရောက်တယ် (မှန်ပါ့) ဉာဏ်ကမရောက်လာဘူး ...(မှန်ပါ့)။**

အဲဒါနဲ့ အိုဘေး, နာဘေး, သေဘေးတွေနဲ့ သံသရာကြီးထဲ လည်ပြီးသကာလ ဒုက္ခပင်လယ်ဝေနေရတယ် ဆိုတာ တကာ တကာမတွေမှတ်ပါ....(မှန်ပါ့)။

ဒီဘဝမှာ အခု ဆရာဘုန်းကြီးနဲ့.... တကာတကာမတွေနဲ့.... အကြောင်းဆက်ပြီး တွေ့ကြပါတယ်....( မှန်ပါ့ ) ခန္ဓာဉာဏ်

မရောက်သေးလို့ရှိယင်ဖြင့် မရောက် ရောက်အောင် ကြိုးစား ပါဆိုတာကိုလဲ တိုက်တွန်းပါတယ်... (မှန်ပါ့)။

တရားက သေသေချာချာရှာတော့ သစ္စာလေးပါးက ခန္ဓာ ထဲမှာ ရှိတယ်....(မှန်ပါ့)။

သစ္စာလေးပါးက....(ခန္ဓာထဲမှာရှိပါတယ်)ဩော်..... ခန္ဓာထဲ မှာ ရှိတာ ခင်ဗျားတို့က ဘေးမှာ ရှောက်ပြီးသကာလ ဘုရားပွင့် တဲ့ဆီ ရှောက်ရှာနေလို့ရှိယင် လွဲပါလိမ့်မယ်....(မှန်ပါ့) ဘုရား ပွင့်တဲ့ဆီမှာ သစ္စာရှိပါလိမ့်မယ်ထင်လို့ရှိယင် လွဲပါလိမ့်မယ်.... (မှန်ပါ့) ဘုရားပွင့်လာလို့ ခင်ဗျားတို့နဲ့ အကြောင်းတိုက်ဆိုင် လို့ တွေ့တောင် ခန္ဓာလက်ညှိုးထိုးပြောရမှာပါ....(မှန်ပါ့) ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သစ္စာဘယ်မှာရှိသတုံး.... (ခန္ဓာမှာရှိပါတယ်ဘုရား) သဘောပါကြပလား....(ပါပါပြီဘုရား)။

ဩော်....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ သစ္စာမသိ လဲ နိဗ္ဗာန်ကို မတွေ့ရှိနိုင်ပါဘူး....(မှန်ပါ့)။

သစ္စာမသိယင်....(နိဗ္ဗာန်ကို မတွေ့ရှိနိုင်ပါဘုရား) နိဗ္ဗာန်မတွေ့ ရှိနိုင်ပါဘူးဆိုတာ တကာသင်တို့.... ဦးမာဒင်တို့.... သေသေချာ ချာမှတ်ပါ....(မှန်ပါ့)။

သစ္စာကို ဉာဏ်နဲ့မတွေ့သရွေ့ကာလပတ်လုံးလဲ ဘယ်သော တာပန်, ဘယ်သကဒါဂါမ်, ဘယ်အနာဂါမ်,ဘယ်ရဟန္တာမှ မဖြစ်နိုင်ဘူး၊ဒုက္ခတွေသာရနေရမှာပဲဆိုတာ မှတ်ပါ.... (မှန်ပါ့ ဘုရား)။

တကာကြွယ် သစ္စာအရေးကြီးတယ်....(ကြီးပါတယ်) သစ္စာကလဲ ဘယ်အချိန်ဟောရသတုံးဆိုလို့ ရှိယင် တကာတကာမတွေဝမ်းထဲမှာ တရားနာယင်းမတ္တနဲ့ ကိလေသာဖြူစင်နေတဲ့အချိန်မှ သစ္စာကောက်ဟောရတယ် .... ( မှန်ပါ ) သစ္စာဟောချိန်က ကိလေသာဖြူစင်တဲ့အချိန်မှ ဟောရပါတယ်.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ရှေ့ပိုင်းမှာ ကိလေသာဖြူစင်အောင် အတော်ရှင်းပြီးတော့မှ နောက်ဆုံးပိတ်သစ္စာပြလိုက်လို့ ရှိယင် ချက်ချင်းသောတာပန်တည်တယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အားလုံး တကာတကာမတွေ ဒီနေ့သစ္စာလဲ ရောက်ပါလိမ့်မယ်၊ရှေ့ပိုင်းကလဲ သိကြားမေးလို့ ဘုရားဖြေတာတွေဟာ ခန္ဓာထဲလဲ ဉာဏ်ရောက်အောင်ကြည့်ပြီး သကာလ ရှင်းပြီးသကာလ ခြေ... ငါတို့ပင်ပန်းခံပြီး လာကြ သွားကြရတယ်၊ လိုရင်းတော့ဖြင့် ဆိုက်အောင် အရယူရမှာပဲ ဆိုတာ လူကျပ်တာတွေ ဘာတွေဂရုစိုက်မနေနဲ့၊ ကိုယ့်အရေးသာ ကိုယ်ဂရုစိုက်၊ဒီဟာဘာမှမဖြစ်လောက်ဘူးဆိုတာအောက်မေ့ပါ (မှန်ပါ့ဘုရား)။

ဘာမှမဖြစ်လောက်ဘူး၊ ဒီနေ့ပူထဲမှာနာရတယ်၊ အမျိုးမျိုးအဖုံဖုံ လူမဆန့်လို့၊ကိစ္စမရှိဘူး၊ ဒါတွေအကုန်သည်းခံ (မှန်ပါ့) အပါယ်လေးပါးနဲ့စာယင် ဘာမှ မဖြစ်လောက်ပါဘူး ဆိုတာ ဆုံးဖြတ်ချက်ချ.... (မှန်ပါ့) သစ္စာသိဖို့ပဲ အရေးကြီးတယ်လို့ မှတ်ကြပါ....(မှန်ပါ့)။

ကိုင်း....ဒါနဲ့ သိကြားက ဘုရားမပွင့်ခင်က ဟိုမေး-ဒီမေးနဲ့ ဆရာတွေလျှောက်မေးတဲ့အခါ တလုံးမှ ကျေနပ်လောက်အောင်

သူ့သံသယဝိစိကိစ္ဆာ ပျောက်လောက်အောင် မဖြစ်ပါဘူး.... (မှန်ပါ့) မေးချက်ကလေးကလဲ တကာကြွယ်တို့- ဦးမာဒဂ်တို့ သိပ်ကောင်းပါတယ်....(မှန်ပါ့)။

ဘုရားနဲ့ တွေ့တော့ အရှင်ဘုရား....တဲ့၊ တပည့်တော်တို့ ဘုရားနဲ့မတွေ့ခင်တုန်းက အမျိုးမျိုးဆရာတွေနဲ့ မေးမြန်းသော်လဲ တပည့်တော် သံသယဝိစိကိစ္ဆာ ကင်းလောက်အောင် ဘာမှ ဖြေစွမ်းနိုင်တဲ့ပုဂ္ဂိုလ်တွေ မရှိကြတဲ့အတွက် တပည့်တော်များမှာ ဒီသံသယကြီးနဲ့ပဲ အသက်တမ်းကြီးပြီး လာခဲ့ရပါတယ်....တဲ့.... (မှန်ပါ့)။

အဲဒါကြောင့် အရှင်ဘုရားသည် တပည့်တော်မေးတဲ့ဥစ္စာကို အရှင်ဘုရားမှတပါး ကယ်မည့်သူ-ယူမည့်သူ-ဖြေမည့်သူ မရှိပါ ဘူး၊ဒါ့ကြောင့် သနားသောအားဖြင့် တပည့်တော်ကို အဖြေ ပေးပါလို့ သိကြားက လျှောက်တယ်....(မှန်ပါ့)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့ ခြသေ့် မင်းကဲ့သို့ ရဲရင့်တဲ့သတ္တိရှိနေတော့ ကဲ မင်း အလိုရှိတာမေး၊ မင်း-ဝိစိကိစ္ဆာ အကုန်ပျောက်စေမယ်လို့ တာဝန်ခံလိုက်တယ်.... (မှန်ပါ့)။

အရှင်ဘုရား....တဲ့၊မေးပြီ တကာဘကာမတို့.... ( မှန်ပါ့ ) လောကကြီးထဲမှာလူတွေဟာတဲ့ ကိုယ့်ကိုယ် မေတ္တာပို့ကြပါ တယ်ဘုရား၊ "အဟံ ဝေရော ဟောမိ"၊ အဟံ=အကျွန်ုပ်သည်၊ အဝေရော=ရန်မရှိသည်၊ ဟောမိ=ဖြစ်ရပါလို၏၊ ကိုယ့်ကိုယ် ကျန်းမာခြင်း ချမ်းသာခြင်းငှာ အလွန်အလိုရှိကြပါတယ်....တဲ့.... (မှန်ပါ့)။

ဒါ.... တကာ တကာမတွေပဲ စဉ်းစားကြည့်ပါ၊ လူတိုင်း အလုပ်ပါပဲ....(မှန်ပါ့ဘုရား)- ကိုယ့်ကိုယ် ကျန်းမာစေချင်တယ်၊ ချမ်းသာစေချင်တယ်ဆိုတာ ဒီအထဲမှာဖြင့် လူတိုင်းပါပဲ.... (မှန်ပါ့)။

ကိုယ့်ကိုယ် ဘာဖြစ်စေချင်ကြသလဲ.... (ကျန်းမာစေချင်-ချမ်းသာစေချင်ပါတယ်ဘုရား)။

အဲဒီတော့ ဘုရားလျှောက်တယ်၊ အရှင်ဘုရား....တဲ့၊ ကိုယ့်ကိုယ် ကျန်းမာအောင် ချမ်းသာအောင်ဆိုပြီး မေတ္တာအမျိုးမျိုးပို့....၊ ဆေးဝါးတွေ အမျိုးမျိုးရှာပြီး ကုကြ၊ ကျန်းမာရေးအမျိုးမျိုးလိုက်စားကြပါတယ်....တဲ့....(မှန်ပါ့)။

သို့သော်လဲ ဒီပုဂ္ဂိုလ်တွေပဲဘုရား....တဲ့၊ ရောဂါကလဲများ, ကျန်းမာမှုကလဲ နည်းပြီးသကာလ....တဲ့၊ အသက်တမ်း မရောက်ခင်ပဲ သေတဲ့ပုဂ္ဂိုလ်တွေ သိပ်များတယ်၊ ရောဂါများပြီး အသက်တမ်းပြည့်အောင်မနေရတဲ့ပုဂ္ဂိုလ်က သိပ်များပါတယ်ဘုရား....တဲ့ အဲဒါ ဘယ်အတွက်ကြောင့်ဆိုတာ သိချင်ပါတယ်....တဲ့ (မှန်ပါ့)။

တကာတကာမတို့ မေးခွန်း သိပ်ကောင်းပါတယ်....(ကောင်းပါတယ် ဘုရား)။

အားလုံး တရားနာလာကြတဲ့ တကာတကာမတို့ ကိုယ့်ကိုယ် ကျန်းမာရေး-ချမ်းသာရေး လူတိုင်းအလိုရှိကြတယ်နော်- (မှန်ပါ့ဘုရား)။

အခု တရားနာဘာတောင်မှ ခပ်ကျယ်ကျယ်နဲ့ ခပ်အေးအေးနဲ့ လေကလေး ဘာကလေးရတဲ့နေရာကို လူတိုင်းနာချင်ကြဘယ်....

(မှန်ပါ) ကိုယ့်ကိုယ် ကျန်းမာရေး-ချမ်းသာရေးကိုဖြင့် တကာ ကြွယ် လိုချင်တယ်ဆိုတာ သေချာပါတယ်....(မှန်ပါ)။

ထိုကဲ့သို့ ကျန်းမာရေး-ချမ်းသာရေးကို သူတို့ လိုက်စားကြ ပါလျက်သားနဲ့ ဘယ်အတွက်ကြောင့် ရောဂါများပြီး သက် တမ်း တိုရပါသလဲ ဘုရား.... လို့ မြတ်စွာဘုရားကို မေးတယ်.... (မှန်ပါ)။

မေးပုံ သဘောကျကြရဲ့လား....(ကျပါတယ်ဘုရား) အသက် တမ်း တိုတယ်....တဲ့၊ ကျန်းမာရေးလဲ လိုက်စားကြပါတယ်....တဲ့၊ ကိုယ့်ကိုယ်လဲ မေတ္တာပို့ကြပါတယ်....တဲ့၊ သို့သော်လဲ ရောဂါ ကလဲ ထူကြတာပဲ....တဲ့ (မှန်ပါ) အသက်တမ်းကလဲ တိုကြတာပဲ ဘုရား၊ အဲဒါ တပည့်တော်များတော့ဖြင့် မသိပဲ ဖြစ်နေတဲ့ အတွက် အရှင်ဘုရားပွင့်လာမှပဲ သိရမယ်ဆိုတဲ့ဥစ္စာ တပည့် တော် စိတ်ထဲ တထစ်ချ ဆုံးဖြတ်ချက်ချထားတာနဲ့ ဒီအမေးဖြင့် တပည့်တော် သံသယကင်းလောက်အောင် အဖြေပေးတော်မူပါ လို့ လျှောက်တယ်....(မှန်ပါ)။

တကာကြွယ် လျှောက်သင့်-မလျှောက်သင့်....(လျှောက်သင့် ပါတယ်ဘုရား)။

တကာသစ်တို့ရှေ့-ဦးမာဒင်တို့ရှေ့ ကွင်ပဲ နေ့တိုင်းပဲ သူတော် ကောင်းရယ်လို့ ဆိုပြီးသကာလ မေတ္တာပို့ရမှာ သူတပါးအသား ထား၊ ကိုယ့်ကိုကိုယ် အရင်ပို့ချလိုက်တယ်....(မှန်ပါ)။

အဟံ=အကျွန်ုပ်သည်၊ အဝေရော=ရန်မရှိသည်၊ ဟောမိ= ဖြစ်ရပါလို၏၊ အင်း... ဦးမာဒင် ကိုယ့်ကို ကိုယ် ဘယ်လောက် ခင်တယ်ဆိုတာဘော့ မပြောပါနဲ့တော့....(မှန်ပါ)။

အဗျာပဇ္ဇော= ကြောင့်ကြခြင်းမရှိသည်၊ ဟောသိ=ဖြစ်ရပါ လို၏၊ အနီဃော=ဘယ်ဆင်းရဲနဲ့မှ မတွေ့ရသည်၊ ဟောမိ=ဖြစ်ရ ပါလို၏၊ အာမာလေး....ကိုယ့်ကိုယ်ကိုယ် တယ်မေတ္တာပို့ပါ ကလား....(ပို့ပါတယ်ဘုရား)။

ဘကာတကာမတွေ ကိုယ့်ကိုယ်ကိုယ်မေတ္တာပို့ကြရဲ့မဟုတ် လား.... ( ပို့ပါတယ်ဘုရား ) ဘာဖြစ်လို့တုံး....လို့ မေးတော့ အန္တရာယ်ကင်း, ဘေးရှင်း, အသက်ရှည်ချင်လို့ ပေါ့ ဘုရား.... (မှန်လှပါ) ဒါပဲ အဖြေထွက်မှာပဲ....(မှန်ပါ)။

အဲဒီလို သူ့ဟာသူလဲ မေတ္တာပို့၊ ဆေးတွေ ဝါးတွေ အကူ အညီတွေနဲ့ပေးကြတယ်၊ ကျန်းမာရေး စကြံအစရှိသည် သွားကြ လာကြတယ်၊ နေပူ, မိုးရွာ, ဆီး-ဖိနပ်တွေနဲ့ ကာကွယ်ရှောင်ကြ တယ်၊ ထိုကဲ့သို့လဲ နေပါလျက်သားနဲ့ ရောဂါကများ, အသက် တမ်းကတိုတာ ဘယ့်နှယ်ကြောင့်များ ဤကဲ့သို့ အဖြစ်ကြီးဖြစ်ရ ပါသလဲမှမလဲ ဘုရား....လို့ မြတ်စွာဘုရား လျှောက်တယ်....(မှန်ပါ ဘုရား)။

မြတ်စွာဘုရား လျှောက်တဲ့အခါကျတော့ ဘကာတကာမ တွေက မှတ်စရာက တကာသိကြား သေသေချာချာမှတ်ပါတဲ့- (မှန်ပါ) ဒီအသက်တမ်းတိုတယ်, ရောဂါများတယ်ဆိုတဲ့ဥစ္စာ တခြားကြောင့် မဟုတ်ပါဘူး၊ ဉာဏ်သာ, မစ္ဆရိယရှိလို့ ဖြစ်ရပါ တယ်....တဲ့....(မှန်ပါ)။

ဖြစ်ပြီ တကာတကာမတို့....(မှန်ပါ) ဘာကြောင့်တဲ့သုံး ဣဿာ, မစ္ဆရိယရှိလို့ဖြစ်ရပါတယ်ဘုရား)။

အင်း....တကာတကာမတို့ လက်သည်ပေါ်လာပြီ.... (ပေါ် လာပါပြီဘုရား) တကာကြွယ် ဘာတဲ့ဗျာ.... (ဣဿာ မစ္ဆရိယ ရှိလို့ ဖြစ်ရပါတယ်ဘုရား) ဦးမာဒင် ဘာတဲ့ဗျာ.... ( ဣဿာ မစ္ဆရိယရှိလို့ ဖြစ်ရပါတယ်ဘုရား)။

ဩော်-ဒါဖြင့်ခင်ဗျားတို့မှာဒီတရားရှိနေလို့ ရှိယင်ဖြင့်ဒီရောဂါ များရမယ်တဲ့-၊အသက်တိုရမယ်(မှန်ပါ့) ဘယ်လိုပဲ ကိုယ့်ကိုကိုယ် မေတ္တာပို့ပြီး ကျန်းမာရေးလိုက်စားပြီး ဆေးဝါးတွေနဲ့ထောက် ပံ့ငြားသော်လဲ တကာတကာမတို့ ဣဿာ မစ္ဆရိယရှိလို့ရှိယင် ဘုရားက ရောဂါများ၍ အသက်တိုရမကွ....တဲ့....(မှန်ပါ့) ရိပ်မိ ကြရဲလား....(ရိပ်မိပါပြီ)။

ဘာတဲ့တုံး တကာတကာမတို့.... (ရောဂါများ၍ အသက်တို ရပါမယ်ဘုရား)။

ခင်ဗျားတို့ ထင်နေတာကတော့ ဒါကို မထင်ပါဘူး၊ ဥတု ဂုဏ်သိကြီးက ဖောက်ပြန်လွန်းလို့ အစားတွေကလဲ မိုးလေဝသ ခေါင်းပါးတဲ့အခါ ပိုးတွေ ဘာတွေကပါပြီးသကာလ လာတာ စားရသောက်ရလို့ နေထွက်ပုံနေဝင်ပုံတွေကလဲအသွားအလာ မမှန်လို့ ဥတုရာသီကလဲ နေနောက်သို့ လိုက်ပြီးသကာလ အပူ အအေးမမျှအောင် ဖြစ်ကြပါတယ်၊ ဒါ့ကြောင့် ရောဂါများ ပါတယ်လို့ တကာတကာမတွေ အားလုံးပဲ ကမ္ဘာကကြည့်ပြီး ဒီအတိုင်း ပြောနေကြတယ်....(မှန်ပါ့)။

ဘုရားကတော့ မဟုတ်ပါဘူးကွ....တဲ့...( မှန်ပါ့ ) ဒါတွေ ကြောင့် မဟုတ်ပါဘူး....၊ ရောဂါများ အသက်တမ်းတိုတာ ဒါတွေနဲ့ မဆိုင်ပါဘူး....တဲ့....( မှန်ပါ့ ) ကိုယ့်ဝမ်းထဲမှာရှိတဲ့

ဣဿာမစ္ဆရိယကြောင့်....တဲ့....(မှန်ပါ) ရှင်းပြီ.... (ရှင်းပါပြီ) ဘာ့ကြောင့်ပါလိမ့်....(ဣဿာမစ္ဆရိယကြောင့်ပါဘုရား)။

တကာသစ် နေရာကျပြီ...(မှန်ပါ) ဘယ်သူ့ကြောင့်ပါလိမ့် (ဣဿာမစ္ဆရိယကြောင့်ပါဘုရား) ဣဿာမစ္ဆရိယကြောင့်တဲ့-(မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့ ဣဿာ မစ္ဆရိယ ရှောင်ကြမယ်ဆိုယင်ဖြင့် ရောဂါကင်း၍ အသက်တမ်းရှည်မှာပဲ....(မှန်ပါ) ရောဂါကင်း၍...(အသက်တမ်းရှည်မှာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ လက်သည် အဖမ်းကဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးလောက် စွမ်းရည်သတ္တိရှိတာ တကာကြွယ် မရှိပါဘူး....(မရှိပါဘုရား) လောက အတုမရှိ ကိုယ်တော်ကြီးကို.... (မှန်ပါ) ဘယ်လို စုံစမ်းစစ်ဆေးရမယ်၊ ဘယ်လို အမြစ်ဖြတ်ရမယ်၊ ဘယ်ရောဂါ ဘာနဲ့ ကုရမယ်ဆိုတာလဲ 'သတ္ထာ ဒေဝ မနုဿာနံ' လို့ ဆိုသောကြောင့် သူ ဆေးသမားလို့ ပြောပါတယ်....(မှန်ပါ) ကိလေသာရောဂါလဲ ငါကုမယ် ပစ္စုပ္ပန် ရောဂါလဲ ငါကုနိုင်တယ်ဆိုတာ 'သတ္ထာဒေဝ မနုဿာနံ' နတ်လူတို့၏ ဆေးဆရာကြီးပါပဲကွတဲ့....(မှန်ပါဘုရား)။

ဒီဆေးဆရာကြီးက အခု ဦးမာဒင်ပြောလိုက်တာ ရောဂါများဟာ ဘယ်သူ့ကြောင့်တဲ့ဗျာ....(ဣဿာမစ္ဆရိယကြောင့်ပါဘုရား)။

ဩော်....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ရောဂါများနေတာဟာဖြင့် ကံမကောင်း အကြောင်းမသင့်လို့ မဟုတ်ပါဘူး.... (မှန်ပါ) ဘာတဲ့တုံး.... (ဣဿာမစ္ဆရိယကြောင့်ပါဘုရား)။

ဣလာသမစ္ဆရိယကြောင့်ပါတဲ့၊ ခင်ဗျားတို့ကတော့ ကျုပ်က ကံကခေသင်ပါရဲ့၊ စားဖို့ သောက်ဖို့ဘော့ မပူရဘူး၊ရောဂါက တယ်များတယ်ဆိုတော့ တကာကြွယ်ဘိုကလဲ အင်း-တပည့်တော် မှာလဲဘုရား- အသက်အရွယ်ကလဲကြီး ရောဂါကလဲထူနဲ့ ဒါလဲ လူလာညှော်ခံနေရတဲ့အလုပ်ဟာ အတော်အရုပ်ဆိုးဘယ်နော်.... (မှန်ပါ့) လူလာယင် တချို့တကာတကာမတွေက ဒါနဲ့ညှော်ခံ နေတာပဲ....(မှန်ပါ့ဘုရား)။

တကာကြွယ်-ဘာနဲ့ညှော်ခံနေသလဲ⋯(ဒါနဲ့ညှော်ခံနေပါတယ်) ဒါနဲ့ညှော်ခံနေတာပဲ....(မှန်ပါ့) ခေါင်းကိုက်ရဘာနဲ့၊ ရင်နာရ တာနဲ့၊ လည်နာရတာနဲ့ တကာကြွယ် ဒီဥစ္စာ လူလာညှော်ခံတဲ့ အလုပ်ကြီးတခုဖြစ်နေတော့ ဒါဘယ်နှယ်ကြောင့် ဒါနဲ့ညှော်ခံ နေတာတုံးလို့မေးတော့မှ သြော်....ဣလာသမစ္ဆရိယနဲ့ညှော်ခံဘာ (မှန်ပါ့) ဣလာသမစ္ဆရိယချားခဲ့ကြောင်းကို ဘုန်းကြီးတို့ တကာ တကာမတွေ သေသေချာချာ ခန္ဓာကသက်သေခံပါတယ်.... (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဣလာသမစ္ဆရိယချားကြောင်း....(ခန္ဓာကသက်သေခံပါတယ်) နောက် ရောဂါများမြုံထားကြ....(မှန်ပါ့) သဘောကျပလား- (ကျပါပြီဘုရား)။

ရောဂါရှိယင် တကာကြွယ် ဘယ်လိုနေမှတော်မတုံး(မြုံထား မှ တော်ပါမယ်) မြုံထားဗျ၊ နို့မဟုတ် ကိုယ့်အထုပ်ဖြေပြသလို ဖြစ်နေလိမ့်ဦးမယ်....(မှန်ပါ့) အင်း.... ကိုယ့်အထုပ် ဖြေပြသလို ဖြစ်နေမယ်ဆိုတာ ဦးမာဒင် ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

နောက်မြုံထားနော်....(မှန်ပါ့) မြုံထားတဲ့ ကျုပ်ဘာဖြစ် နေတယ်-ညာဖြစ်နေတယ်လို့ လူလာယင် တကာကြွယ် ဒါနဲ့

နည့်မခံလိုက်ပါနဲ့....(မှန်ပါ့) ဘုရားက ဘယ်သူ့ကြောင့်တဲ့တုံး (ဣဿာ မစ္ဆရိယကြောင့်ပါဘုရား)။

အဲ....နောက်ဘဝက ဣဿာ မစ္ဆရိယများလို့ ဒီဘဝမှာလဲ ဣဿာမစ္ဆရိယ ပထမဇောတွေကများလို့ ရောဂါများတာကွ.... (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

တကာတကာမတွေ ဒီအထဲမှာ ကိုယ့်ရောဂါကလေးနဲ့ကိုယ် အသီးသီးရှိကြတယ်ဘုရားဆိုတော့ ခန္ဓာရောဂါ အသာထားစမ်းပါ၊ ဒီ ပကတိ ၉၆-ပါးကို ပြောပါတယ်....(မှန်ပါ့)ခန္ဓာကတော့ ရောဂါတုံးကြီး ဆိုတာကတော့ ဉာဏ်နဲ့ကြည့်မှ သိပါတယ်.... (မှန်ပါ့) ဉာဏ်နဲ့မကြည့်ပဲနဲ့ စိတ်နဲ့ကြည့်တာနဲ့ပဲ ဟိုနေရာက နာတယ်၊ ဒီနေရာကကိုက်တယ်- ဟိုနေရာကအောင့်တယ် ဆိုတာတွေ လူတိုင်းသိပါတယ်....(မှန်ပါဘုရား)။

အဲဒီ့ ဝေဒနာတွေဟာဖြင့် တကာတကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သိကြားကမေးလို့ ဖြေတဲ့အခါမှာ တကာသစ် ဘယ်သူ့ကြောင့်တဲ့တုံး (ဣဿာမစ္ဆရိယကြောင့်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကာကြွယ် ဘယ်သူ့ကြောင့်တုံး....(ဣဿာမစ္ဆရိယကြောင့် ပါဘုရား)။

ဒါဖြင့် ရောဂါများတဲ့လူတွေကို တကာတကာမတွေ အကဲ ခတ်တတ်ပလား....(ခတ်တတ်ပါပြီ) အင်း.... သူနောက်ဘဝက ဘာတွေများခဲ့သတုံး....(ဣဿာမစ္ဆရိယများခဲ့ပါတယ်)ဒီဘဝလဲ သူဘာတွေများနေသတုံး ...(ဣဿာမစ္ဆရိယတွေများနေပါတယ် ဘုရား)။

အဲဒါ ဘုရားကဖြေတာပဲ.... (မှန်ပါ) တကာကြွယ်ရိပ်မိပြီ.... (ရိပ်မိပါပြီ) ဘယ်သူကဖြေသလဲ (ဘုရားကဖြေပါတယ်ဘုရား)။ ကိုင်း....ဒါဖြင့် ရောဂါလက်သည်ဖြင့် ဦးမာဒင် ယနေ့တွေ့ပြီ.... (မှန်ပါ) ဘာတွေ့ကြသလဲ (ဣဿာမစ္ဆရိယတွေ့ပါတယ်ဘုရား)။

ဣဿာဆိုတဲ့ဥစ္စာသူတပါးစည်းစိမ်ကို ဘယ်လောက်ချမ်းသာ ချမ်းသာ မကြည့်နိုင်-မရှုနိုင်တာ၊ တကာကြွယ် ဘာခေါ်ပါ့မယ် (ဣဿာခေါ်ပါတယ်) မစ္ဆရိယဆိုတာ ကိုယ့်ရှိတာကလေးကို တခါတည်း ဝှက်ကာဝှက်ကာနဲ့ လူမမြင် သူမမြင် ရှိအောင် တခါတည်း လျှိုးနိုင်သလောက်လျှိုးပြီးသကာလ တကာတကာမ တို့ ချေးမည့်သူလာလဲ မရှိချင်ယောင်ဆောင်ရတာ၊ သူများဆီ လှမ်းပြီး ချေးရတဲ့ စာရင်းထုတ်ပြတာ၊ အမျိုးမျိုးအဖုံဖုံ ကိုယ် ဝန်တိုတဲ့ သဘောသည် တကာတကာမတို့ ရောဂါဖြစ်ကြောင်းပဲ (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ရောဂါဖြစ်ကြောင်း ဘယ်သူပါလိမ့်.... (ဣဿာ မစ္ဆရိယပါ) တကာကြွယ် ရဲရဲသာပြောနော်....(မှန်ပါဘုရား)။

နောက်က တကာတကာမတွေ ရောဂါဖြစ်ကြောင်းဘယ်သူ ပါလိမ့်....(ဣဿာမစ္ဆရိယပါဘုရား)။

ဣဿာဆိုတာ သူ့စည်းစိမ်ကို ငြူစူတာ၊ သူတပါး ကျန်းမာ ချမ်းသာတာကို မကြည့်နိုင်တာ ဦးမာဒင် ဘာခေါ်ပါ့မယ်.... (ဣဿာခေါ်ပါတယ်ဘုရား)။

ကိုယ့်ရှိတာကလေး ဖုံးကာဖိကာနဲ့ သားသမီးများတောင်မှ အသိမပေးဝံ့ဘူးဘုရာ့၊ အံမာ-လာသေးတယ် ခင်ဗျားတို့က... (မှန်ပါ)မရှိဘူးလား....(ရှိပါတယ်ဘုရား)။

တကာကြွယ် သားသမီးများတောင်မှ အကုန်ပုံအပ်လို့ မဖြစ်သေးဘူးဘုရား- ခေတ်ကြီးက တယ်ဆိုးတယ်လို့ ဆိုတော့ အို-ဒီလိုပဲ နေကြမှာပဲလို့ ပြောရမှာလား တကာကြွယ် ကိုယ့်မစ္ဆရိယ ကိုယ်ဖော် ပြောတာလား....(ကိုယ့်မစ္ဆရိယ ကိုယ်ဖော် ပြောတာ)ဒါဖြင့် ဘာများခြင်း၏ အကြောင်းပါလိမ့်....(ရောဂါများခြင်း၏အကြောင်းပါဘုရား)။

ရောဂါများခြင်း၏အကြောင်း.... (မှန်ပါ့) အသက်တိုခြင်း၏ (အကြောင်းပါ) ရိပ်မိကြပြီ....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တကာတကာမတို့ အသက်တိုခြင်း၏အကြောင်း၊ လူတွေဟာတဲ့ ကိုယ့်ကို- ကိုယ်ကျန်းမာရေး, ချမ်းသာရေး အကုန်လိုက်စားကြပါတယ်၊မေတ္တာနဲ့လဲ ကိုယ့်ကိုကိုယ် အရင်ပို့ကြပါတယ် .... (မှန်ပါ့ဘုရား)။

ထိုကဲ့သို့ ပို့ပေမယ့်လဲ လိုရာမပြီး အချည်းနှီးဖြစ်ပြီး ရောဂါတွေကထူ၊ အသက်တမ်းက တိုတာ ဘာ့ကြောင့်ပါလိမ့်မလဲလို့ သိကြားကမေးတော့ တကာတကာမတို့ ဣဿာမစ္ဆရိယကြောင့်လို့ ဘုရားကဖြေလိုက်တယ်....(မှန်ပါ့)ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ရောဂါများခြင်း၏ လက်သည်ဘာပါလိမ့်မလဲ .... (ဣဿာမစ္ဆရိယပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဆေးလဲမစားရ, ဝါးလဲမစားရနဲ့ ပကတိကျန်းမာရေး ပြည့်စုံအောင် ဘုန်းကြီးများက ဝိပဿနာနဲ့ ကုပေးပါမယ်၊ ခင်ဗျားတို့ ဒါ ကြိုးစားလိုက်ပါ....(မှန်ပါ့)ရောဂါလဲကင်း၍ အသက်တမ်းရှည်ပါလိမ့်မယ် .... (မှန်ပါ့ဘုရား)။

ရောဂါကင်း၍....(အသက်တမ်းရှည်ပါလိမ့်မယ်) ဒါဖြင့် ဒီလို လုပ်ကြစို့၊ ဂူသာသည့် စည်းစိမ်ကိုကြည့်လိုက်တယ်၊ မြို့ထဲလျှောက် ပြီး ကားနဲ့ကြည့်ကြည့်၊ ခြေလျင်ကြည့်ကြည့်၊ သို့မဟုတ်အိမ်နီး ချင်းတွေပဲ လျှောက်ကြည့်ကြည့်၊ကိုယ့်အလုပ်တူတွေပဲ လျှောက် ကြည့်ကြည့်၊ ဂူသာမစ္စရိယဆိုတာ တကာကြွယ် အလုပ်တူမှ လာတယ်နော်.... (မှန်ပါ့) အလုပ်မတူတဲ့ ကိုယ့်အောက်ကလူ ကျတော့....(မလာပါ)မလာဘူးတဲ့၊ ကိုယ့်အထက်က ကံဇာတာ သာနေတဲ့ပုဂ္ဂိုလ်ကျယင်....(လာပါတယ်ဘုရား)။

အလုပ်မတူယင်လဲ တယ်လာခဲတယ် တကာကြွယ်.... (မှန်ပါ့) အလုပ်တူမှပဲ....(လာပါတယ်ဘုရား)။

ခင်ဗျားတို့လုပ်နေတဲ့ခနရာမယ် ....အကြံတူ ရန်သူကိုးဘုရား.... (မှန်ပါ့)ဒါဘယ်သူက ဖျက်တဲ့အသံဆိုတာ သိပလား.... (သိပါ တယ်ဘုရား)။

ဘယ်သူပါလိမ့်....(ဂူသာက ဖျက်တဲ့အသံပါ) ဂူသာက ထွက်တဲ့....အသံ....(မှန်ပါ့)။

တကာတကာမတို့ ဘယ်သူက ထွက်ပါလိမ့် .... (ဂူသာက ထွက်ပါတယ်ဘုရား)။

ဒါဖြင့် ရောဂါဥပါဒ်အန္တရာယ် ကင်းချင်လို့ရှိယင် တကာ တကာမတို့ ငါ ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ ဆေးသည် မင်းတို့ ပကတိ ၉၆ ပါး မဆိုထားပါနဲ့၊ ခန္ဓာအနာကြီးတောင် ပျောက်စေနိုင်ပါတယ်ကွာဆိုလို့ရှိယင်ဖြင့် ဒီဆေးထက် ကောင်း တာ ရှာမတွေ့ဘူး....(မှန်ပါ့)။

ဒီဆေးထက်ကောင်းတာ... (ရှာမတွေ့ပါဘုရား) ရှာခတွေ့လို့ ရှိယင် တကာတကာမတို့ ဒီလိုလုပ်လိုက်ပေတော့ ဒါက သဏ္ဍာပဥ

သုတ်မှာ လာငြားသော်လဲ အဖြေဝိပဿနာက တခြားသုတ်မှာ လာတယ်လို့ မှတ်....(မှန်ပါ့)။

ကိုင်း-ဒါဖြင့် တကာကြွယ်တို့ ဣဿာဆိုတာ ဒေါသကြောင့် လာတာ....(မှန်ပါ့)မစ္ဆရိယဆိုတာလဲ သဘောမကျတာက လာ တာ....(မှန်ပါ့)။

ဟိုက အိမ်ပေါ်တက်လာတယ်ဆိုယင်ပဲ တောင်းမလိုလို့ ရမ်း မလိုလို့ ချေးမလိုလို့ ငှားမလိုလိုဆိုလို့ ရှိယင်ဖြင့် နည်းနည်းကျဉ်း ကျဉ်း ဖုံးတာ ဖိတာကလေး ဦးမာဒင်တို့ ထားကြရတယ်.... (မှန် လှပါ)မထားရဘူးလား.... (ထားရပါတယ်ဘုရား)ဒါက ဘယ် သတ္တိပါလိမ့်....(မစ္ဆရိယပါ)မစ္ဆရိယသတ္တိ-(မှန်ပါ့) တကာကြွယ် ဘယ်သူ့သတ္တိထင်သတုံး....(မစ္ဆရိယသတ္တိပါဘုရား)။

အထည်ဈေးတက်လာလို့ အဆည်ထုပ်တွေ ဝှက်ရတာ ဘာ ထင်ကြသတုံး.... (မစ္ဆရိယသတ္တိပါဘုရား) မစ္ဆရိယသတ္တိ၊ ရိပ်မိ ပလား.... (ရိပ်မိပါပြီဘုရား)။

အဲ....ဈေးတက်လာလို့ ရှိယင် ဝှက်ကြရတာဆိုတော့ အခု ကုန်ဈေးကလဲ တက်တယ်ဆိုတော့ အချို့ကုန်များတဲ့ ပုဂ္ဂိုလ် များမှာ ဝှက်ရတယ် လျှို့ရတယ်ဆိုတာက ဦးမာဒင်ရေ သူတို့က တော့ ထုံးတမ်းမှတ်မှာပဲ.... (မှန်ပါ့) စင်စစ်ကတော့ ဘယ်သူ့ သတ္တိပါလိမ့်....(မစ္ဆရိယသတ္တိပါဘုရား) မစ္ဆရိယသတ္တိ၊ တကာ ကြွယ်....ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

အဲဒီ ဣဿာလာလို့ ရှိယင်လဲ တကာတကာမတို့ သူ့ကိုပဲ ဖြင်ပျက်ရှုချ....(မှန်ပါ့)မစ္ဆရိယလာယင်....(ဖြင်ပျက်ရှုရပါတယ် ဘုရား)။

အဲဒီ ဖြစ်ပျက်ရှုချပြန်တော့လဲတဲ့သူက ဣဿာမစ္ဆ ိယ၊ဣဿာက အနိစ္စ၊ ဖြစ်ပျက်ဉာဏ်က မဂ္ဂ....(မှန်ပါ့) မစ္ဆရိယက အနိစ္စ၊ ဖြစ်ပျက်ဉာဏ်က....(မဂ္ဂပါဘုရား) အဲဒီလို မဂ်နဲ့ လဲလဲပစ်ပါ.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်လိုလုပ်ကြရမယ်....( မဂ်နဲ့ လဲလဲပစ်ရပါမယ်ဘုရား ) မဂ်နဲ့ လဲပစ်ရမယ်တကာကြွယ်ရေ.... (မှန်ပါ့)။

ဘယ်လိုလုပ်ကြရမယ်တကာကြွယ်ရေ.... (မဂ်နဲ့ လဲလဲပစ်ရပါမယ်ဘုရား)။

ကိုင်း....ဦးမာဒင်တို့ သိမ်းတတ်, ဆည်းတတ်ပလား....(သိမ်းတတ်, ဆည်းတတ်ပါပြီဘုရား)။

ဣဿာလာယင် ဘာလုပ်ကြမယ်....( ဖြစ်ပျက်ရှုရပါမယ် ) ဖြစ်ပျက်ပဲ ရှုပါနော်....(မှန်ပါ့)။

အင်း.... သူလဲ ခုမှ ပေါ်လာတဲ့ သခ်တဘရား....( မှန်ပါ့ ) သခ်တတရားဆိုတာက ဟိုလူချမ်းသာလာမှ ဒီက ပေါ်တာဗျ.... (မှန်ပါ့) ဟိုလူမချမ်းသာခင်က ဒီဣဿာပေါ်ရဲ့လား....(မပေါ်ပါဘုရား)။

ဒါ့ကြောင့် ဟိုလူချမ်းသာမှုက ဒီ အောက်တန်းနည်းနည်းကျတဲ့ ပုဂ္ဂိုလ်ကို တခါတည်း ကျေးဇူးပြုလိုက်တယ် .... (မှန်ပါ့ ဘုရား)။

ဒါ့ကြောင့် သူ့ကို သခ်တတရားလို့ မှတ်လိုက်စမ်းပါ .... (မှန်ပါ့)သခ်တတရားဆိုတဲ့ပြီး သူ့ကို အနိစ္စသာ ရှုလိုက်....(မှန်လှပါ)ရှင်းပလား... (ရှင်းပါပြီဘုရား)။

သခ်တတရားဆိုပြီးတော့....( အနိစ္စသာ ရှုရပါမယ်ဘုရား ) ဒါဖြင့် ရှုတတ်ပလား....တကာကြွယ်...(ရှုဘတ်ပါပြီဘုရား)။

အားလုံး တကာတကာမတွေ အသက်တမ်းရှည်ချင်လို့ ရောဂါ ကင်းချင်ယင် ဒီ ဣဿာလာတိုင်း လာတိုင်း ဘာလုပ်ရမယ်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

မစ္ဆရိယ ဝန်တိုတဲ့စိတ်ကလေး ဟိုလူကတက်လာလို့ ဈေးမှာ ငှားမှာ မြင်တယ်....(မှန်ပါ့)။

ဟိုက စာကလေး ပေးပြီးသကာလ အကြောင်းကြားလိုက်လို့ ကျွန်တော်ဖြင့် အကြောင်းကလေးတခုရှိလို့ လာချင်တယ် ဆိုလို့ရှိယင် ကျုပ် ခရီးသွားစရာရှိတယ်ဆိုတဲ့ ဥစ္စာမျိုး မဖြစ်ရအောင်....(မှန်ပါ့) တကာ တကာမတို့ ဒါမစ္ဆရိယသဘော.... (မှန်ပါ့) အဲဒါလာယင် ဘာလုပ်ရမယ်.... ( ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

ဘယ်မှ ခရီးထွက်မနေပါနဲ့ တကာကြွယ်ရ မစ္ဆရိယပဲ လုပ်ပါ (မှန်ပါ့) ဒီနေ့တော့ မတွေ့နိုင်ဘူး၊ ဟိုရက်ကို အတော်ရှည်ရှည်.... မအားဘူးဆိုတာတွေ မလုပ်ပါနဲ့တော့....(မှန်ပါ့) ရှည်လှတယ် ဒီဥစ္စာတွေ ဘာလုပ်ရမတုံး....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

တကာသစ် ရိပ်မိပြီ....(ရိပ်မိပါပြီ)ဣဿာလာလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)မစ္ဆရိယလာလဲ ...(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

တကာဘကာမတို့ ခင်ဗျားတို့ ကျန်းမာရေး အလိုရှိလို့.... အင်း ...ခုနစ်နာရီပြည့်အောင် အိပ်ရမယ်အစရှိသည်နဲ့.... (မှန်ပါ့) ရေက တပိဿာခွဲကုန်အောင် သောက်ရမယ်နဲ့ ဘယ်လိုလုပ်နေ နေဣဿာမစ္ဆရိယရှိယင်ဘယ်တော့မှလဲ ကျန်းမာရေးမရဘူး၊ ရောဂါတွေဟာလဲ ကိုယ်ကခေါ်ယူဘာပဲ(မှန်ပါ့) သဘောကျပလား (ကျပါပြီ)အသက်တမ်းတိုအောင်လဲ သူကပဲ လုပ်တယ် (မှန်လှပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အဲဒီဆေးတွေထက် အဆပေါင်း ထောင်,သောင်း သိန်း,သန်း ကောင်းတဲ့ တကာတကာမတို့ စိတ္တာနုပဿနာဆိုတဲ့ တရားကို ဂ္ဂဿာစိတ်၊ ဟာ....မစ္ဆရိယစိတ်ဆိုတော့ ဒါတွေလာယင် ချက်ချင်းရှုပါ....(မှန်ပါ့) သဘောကျပလား.... (ကျပ့ါပြီ ဘုရား)။

ဣဿာလာယင် ဘာလုပ်ကြရမယ်.... (ဖြစ်ပျက်ရှုရပါမယ်) မစ္ဆရိယလာယင်....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ရှုလိုက်တော့ တကာကြွယ်တို့ ဦးမာဒင်တို့ တကာသစ်တို့ပဲ စဉ်းစားကြည့်လိုက်တာပေါ့၊ အမဲက အဖြူ ဖြစ်သွားတယ်.... (မှန်ပါ့)။

အမဲက ဘာဖြစ်သတုံး....(အဖြူဖြစ်ပါတယ်ဘုရား) အမဲက အဖြူဖြစ်သွားတယ်ဆိုတာ သေချာပလား.... ( သေချာပါပြီ ဘုရား)။

ဣဿာက အကုသိုလ်တရား, မစ္ဆရိယက အကုသိုလ်တရား အမဲတရားတွေ ကဏှာဓမ္မဆိုတဲ့အတိုင်းနော်.... (မှန်ပါ့) အမဲ ဖြစ်လာတယ်ဆိုတော့ သုက္ကာဓမ္မာဆိုတဲ့ အဖြူတရားဖြစ်မသွားဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဣဿာလာလဲ ဘာလုပ်ကြမယ်-(ဖြစ်ပျက်ရှုရပါမယ်ဘုရား) မစ္ဆရိယလာယင်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

တကာကြွယ်,ရေ....ရှုလို့မှ အားပါဦးမလား.... ( မအားပါ ဘုရား ) ဟာ....ဒါလောက်လဲ ဟုတ်ပါဘူးဘုရား၊ ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

ဒါဖြင့်.... ကျန်းမာရေး-ချမ်းသာရေး အလိုရှိကြလို့ ရှိယင် ဖြင့် တကာသစ်တို့-ဦးမာဒင်တို့ ဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရ ပါမယ်ဘုရား) ဘာရှုရမှာပါလိမ့်.... (ဣဿာရှုမစ္ဆရိယရှုရမှာပါ ဘုရား) ဣဿာလားလဲ.... (ဖြစ်ပျက်ရှုရပါမယ်) မစ္ဆရိယလားလဲ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးက ပဋိစ္စသမုပ္ပါဒ်ရှင်းပြပါမယ်-(မှန်ပါ ဘုရား) ပဋိစ္စသမုပ္ပါဒ်ရှင်းပြလိုက်တဲ့အခါကျတော့ တကာတကာ မတွေ ပိုမိုလင်းသွားပါလိမ့်မယ်နော်....(မှန်ပါ)။

ဣဿာမစ္ဆရိယဆိုတာက ဒေါသကလာတာ....(မှန်ပါဘုရား) ဣဿာဆိုတာလဲ သူ့မကြည့်နိုင်တာ ဒေါသပဲ (မှန်ပါ) မစ္ဆရိယ ဝန်တိုတယ်ဆိုတာလဲ တကာ တကာမတို့ ကိုယ့်ဥစ္စာကလေး နှမြောတော့ တခါတည်း ပေးရ၊ ကမ်းရမှာကို နှမြောတဲ့သဘော သတ္တိကလေးလာတော့ အလိုမကျဘာပဲ....(မှန်ပါ)။

ဒါဖြင့် အလိုမကျတာဟူသရွေ့ ဘာခေါ်ကြမယ် ဒေါသ.... (မှန်ပါ) ဒါဖြင့် ဒေါသနဲ့တွဲနေတဲ့ဘရားနှစ်ခု....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဘာနဲ့တွဲနေတာတုံး-(ဒေါသနဲ့တွဲနေပါတယ်ဘုရား)ဒေါသနဲ့ တွဲနေတဲ့ တရားနှစ်ခု ဖြစ်လေသောကြောင့် တကာတကာမတို့ ဣဿာလာ- မစ္ဆရိယလာယင် ဖြစ်ပျက်ရှုလိုက်တဲ့ အခါကျတော့ ဒေါသက သေသွားတယ်.... (မှန်ပါ) မသေဘူးလား.... (သေပါ တယ်ဘုရား)။

ဒါဖြင့် ဣဿာ မစ္ဆရိယနဲ့ ဒေါသနဲ့ တွဲလျက်ဖြစ်နေတော့ ဒီကမဂ်နဲ့ တကာတကာမတွေက ရှုလိုက်တာပေါ့.... (မှန်ပါ)

ရှုလိုက်တဲ့အခါကျတော့ ဝိညာဏ်မဇ္ဈိမက ရောဂါပေးမလို့ လာတာ.... (မှန်ပါ့) ခန္ဓာထဲ ရောဂါတွေ သူကခေါ်ယူမလို့ လာတာ....(မှန်ပါ့)။

ဒီကမဂ်နဲ့ ရှုလိုက်တဲ့အခါကျတော့ တကာကြွယ်ရေ-မဂ်ဆိုတဲ့ တရားက အကုသိုလ်ကော အကျိုးပေးဖြတ်တဲ့တရား....(မှန်ပါ့) ကံကော အကျိုးပေးကော....(ဖြတ်တဲ့တရားပါဘုရား)။

အဲဒီတော့ ဒေါသကကံ(မှန်ပါ့) သူ့အကျိုးပေးက ရောဂါ ဝေဒနာ အသက်တိုမှု....(မှန်ပါ့) အဲဒါကိုတဲ့ မဂ်ကနေပြီး ဖြတ် ချလိုက်ပါတယ်တဲ့....(မှန်ပါ့)။

အဲဒါကြောင့် မဂ်ဖြတ်တယ်, မဂ်ဖြတ်တယ်ဆိုတာ ဦးမာဒင် ဘို့မှတ်၊ အခုလာတာ အခုဖြတ်ရမယ်....(မှန်ပါ့) ရှင်းကြပလား- (ရှင်းပါပြီ)။

မဂ်ဖြတ်တယ်ဆိုတာ.... ( အခုလာတာ အခုဖြတ်ရပါမယ် ) အခုလာတာ အခုဖြတ်ရမယ်ဆိုတာ သေချာကြပလား.... (သေ ချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိညာဏ်လာလဲ ဘာလုပ်ရမယ်.... (ဖြစ်ပျက်ရှုရပါမယ်) မဇ္ဈိမလာယင်ကော.... (ဖြစ်ပျက်ရှုရပါ မယ်ဘုရား)။

ဒါဖြင့် ဒေါသ,ဝိညာဏ်,မဇ္ဈိမက သောက,ပရိဒေဝ,ဒုက္ခ, ဒေါမနဿ, အဝိဇ္ဇာဆိုတာ လာသေးရဲ့လား.... ( မလာပါ ဘုရား)။

ဩော်.... ဒါဖြင့် ဒေါသဘဝ ဖြတ်လိုက်တာလား တကာ တကာမတို့ သူနဲ့ပတ်သက်ပြီးသကာလ သောက,ပရိဒေဝ,ဒုက္ခ,

ဒေါမနဿ,အဝိဇ္ဇာ,သင်္ခါရပေါ် ဖြတ်လိုက်တာလား.... ( အကုန် ဖြတ်ပါတယ်ဘုရား) အကုန်ဖြတ်ချလိုက်တယ်....(မှန်ပါ့) ရှင်းကြ ပလား....(ရှင်းပါပြီ)။

အကုန်ဖြတ်ပြီးသကာလထားလိုက်တော့ ခြောက်....ယခုဘဝလဲ ရောဂါကင်း.... (မှန်ပါ့) သံသယ ဒုက္ခတွေလဲရှင်း.... (မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီဘုရား) စိတ္တာနုပဿနာ ဝင် ရမယ်....(မှန်ပါ့)။

ဒီနေရာ ဘာဝင်ရမယ်....(စိတ္တာနုပဿနာဝင်ရပါမယ်ဘုရား) ဒါ့ကြောင့် တကာတကာမတွေ ဘယ်သူ့မှ အားမကိုးပဲနဲ့ ရောဂါအခြေအမြစ်ကို တွေ့တဲ့တရား ဖြစ်ပြီးသကာလ နေတော့ ဘကာကြွယ်-ရေ ဒါပဲရှုပါ....(မှန်ပါ့) လာယင် မရှုမိ မရှိစေနဲ့ (မှန်ပါ့)။

လာယင် ဘာတုံး....( မရှုမိ မရှိပါစေနဲ့ ) အခု ဒီရက်မှာ သာပြီးလာမယ်နော်....(မှန်ပါ့)။

အခု ဒီရက်မှာ သာပြီးလာမယ်နော်.... (မှန်ပါ့ဘုရား) အခု ဒီရက်မှာ တကာသစ် သာပြီးလာမယ်....(မှန်ပါ့) မလာပေဘူး လား....(လာပါတယ်ဘုရား)။

ဈေးတွေက ရောင်းသားဘာ ကမောက်ကမတွေနဲ့-(မှန်ပါ့) ကမောက်ကမတွေဖြစ်ပြီးသကာလနေတော့ တကာတကာမတွေ တော်တော်ကြာ အစိုးရကလဲ ကွန်ထရိုးတွေဘာတွေ လုပ်မယ် ဆိုလို့ရှိယင်ဖြင့် ဒုက္ခတွေ, ဘာတွေ ရောက်ချင်ရောက်ကြဦးမှာ.... (မှန်ပါ့) အဲ....ဝှက်ရတော်မလား- မဝှက်ရတော်မလား ဆိုတာ

တွေ့လဲ ရှုပ်ထွေနေတာပဲ....(မှန်ပါ့) မလာဘူးလား.... ( လာပါတယ်ဘုရား)။

အဲဒါတွေလာပြီးသကာလ နေပြန်တော့လဲ တကာတကာမတို့ ဒီရက်အတွင်းမှာ ရောဂါတိုးကြောင်း သိပ်များတယ်....(မှန်ပါ့)။

တကာကြွယ် ဘာတုံး ဒီရက်အတွင်းမှာ.... ( ရောဂါတိုးကြောင်း သိပ်များပါတယ်ဘုရား)။

ရောဂါတိုးကြောင်း များတယ် ဆိုတော့ ဣဿာက ဒါလောက် မလာဘူး- အခုအခါမှာ မစ္ဆရိယက သိပ်များတယ်....(မှန်ပါ့)။

ဣဿာက....(ဒါလောက်မလာပါဘုရား) • ဣဿာက ရောင်းရိုး ရောင်းစဉ်နဲ့ တယောက်ကတယောက် တက်သွားတဲ့အခါကျမှ ဣဿာက လာတယ်....(မှန်ပါ့) မစ္ဆရိယက အခုလို ဈေးကန့်သတ်လိုက်တဲ့အခါကျမှ မစ္ဆရိယက လာတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ဣဿာလာ ဘာလုပ်ကြမယ်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) မစ္ဆရိယလာယင်....(ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ တကာတကာမတို့ ဣဿာ မစ္ဆရိယက ဣဿာအကျိုးပေးမည့်အလုပ်ကို သူလုပ်နိုင်သေးရဲ့လား.... ( မလုပ်နိုင်ပါဘုရား ) မစ္ဆရိယကလဲ အကျိုးပေးမည့်အလုပ်ကို.... (မလုပ်နိုင်ပါဘုရား) မလုပ်နိုင်ဘူး၊ အနိစ္စအဖြစ်နဲ့ ကျုပ်တို့ကို မဂ်ပေါ်အောင် ကျေးဇူးပြုတယ်....(မှန်ပါ့)။

မဂ်ပေါ်အောင် ကျေးဇူးပြုသွားတဲ့ အတွက် ကျုပ်တို့မှာ ပစ္စုပ္ပန်မှာလဲ ရောဂါကင်း....(မှန်ပါ့) သံသရာမှာလဲ အိုဘေး, နာဘေး, သေဘေးတွေလဲ ရှင်းပါ့ဘယ်.... (ရှင်းပါတယ်ဘုရား)။

ဒါ့ကြောင့် ဒီအလုပ်ကိုဖြင့် အခုခေတ်ကြီးနဲ့ လျော်တဲ့တရား ဖြစ်လို့ အခုရက်အပိုင်းနဲ့ လျော်တဲ့ဘုရားဖြစ်လို့ သက္ကပဉ္စသုတ် ကို ဟောပါတယ်....(မှန်ပါ့) တကာကြွယ် ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ဒါ....ကေန်လာနေကြတာနော်....(မှန်ပါ့)ကိုယ့်ဟာနဲ့ကိုယ် ဥပမာ ပိုးထည်-ပိုးထည်အလိုက်- ချည်ထည်-ချည်ထည်အလိုက် ပိုးခင်ချည်ခင်- ပိုးခင်ချည်ခင်အလိုက် တကာသစ်ရေ.... အကုန် ရှိနေတယ်....(မှန်ပါ့)။

ဘယ့်နှယ်နေကြသတုံး၊ ချိန်းဆတုန်းပါပဲဘုရား.... (မှန်ပါ့) မပြောကြဘူးလား.... (ပြောပါတယ်ဘုရား) ဘာများ ချိန်ဆ နေတာတုံးလို့မေးတဲ့အခါ ရောင်းရတော့မလား- မရောင်းရ တော့မလား.... (မှန်ပါ့) ဒါ....ချိန်ဆနေတယ်ဆိုကတည်းကိုက တကာသစ်-ရေ.... ဒါ ဣဿာ မစ္ဆရိယပါ-မပါ....(ပါ-ပါတယ် ဘုရား) သဘောကျပလား....(ကျပါပြီ)။

အင်း.... သူတို့က အဖော်ကောင်းလို့ သူတို့က ချမ်းသာ သွားပြန်တော့ ဣဿာ....(မှန်ပါ့) ကိုယ်က အဖော်ကောင်းလို့ ဒီနေရာမှာ အစိုးရလာပြီး စစ်ဆေးလို့ လုံခြုံပြန်တော့လဲ ကိုယ့် မစ္ဆရိယကလေးကိုယ်ပဲ ကျေးဇူးဘင်ချင်တင်နေဦးမှာ- (မှန်ပါ့) သဘောပါ့လား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဣဿာလာ ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) မစ္ဆရိယလာယင်....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါဖြင့် ပစ္စုပ္ပန်မှာ ရောဂါကင်း အသက်တမ်းရှည်၍ သံသရာမှာလဲ ဒုက္ခမျိုးစုံကင်းလွတ်ပါတယ်.... ( မှန်ပါ ) ဒါကြောင့် ဒီ စိတ္တာနုပဿနာကိုဖြင့် တကာတကာမတို့ ရှုဖြစ်အောင်ရှုပါ.... (မှန်ပါ)။

ဘယ်အထဲ သွင်းရမတုံးဆိုတော့ "သဒေါသစိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ" ဆိုတဲ့ စိတ္တာနုပဿနာထဲ သူက ဒေါသနဲ့ ယှဉ်တဲ့ ဣဿာမစ္ဆရိယကိုးဗျ.... (မှန်ပါဘုရား) အဲဒီတော့ ဒေါသရှုလိုက်တော့ ပါမသွားဘူးလား.... ( ပါသွားပါတယ်ဘုရား) ဒါဖြင့် ဒေါသလာတယ်ဆို ဣဿာပါနေပြီ....(မှန်ပါဘုရား)။

ဒါကြောင့် တကာတကာမတို့ ဣဿာရှုလိုက် မစ္ဆရိယရှုလိုက်လို့ ရှိယင်ဖြင့် ရောဂါလဲကင်းမယ်....(မှန်ပါ) သံသရာ အိုဘေး နာဘေး သေဘေးလဲရှင်းမယ်....(မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဘုရားဟောတော်မူတာလဲဖြစ်၊ ကေန်သိ တကယ်သိ အမြင်ရှိတဲ့ပုဂ္ဂိုလ်ကြီးက ဟောသည်ဖြစ်လေသောကြောင့် တကာကြွယ်....ဒါကို အရေးတကြီး ဂရုစိုက်ပါ....(မှန်ပါ)။

အားလုံး တကာတကာမတွေ ဣဿာလာယင် ဘာလုပ်ကြမှာတုံး....(ဖြစ်ပျက်ရှုရမှာပါ) မေ့တော့ မေ့မနေလိုက်နဲ့နော်....

(မှန်ပါ) မေ့မနေလိုက်ပါနဲ့၊ မေ့ယင် သူ-အသက်တမ်း တို အောင်လုပ်မယ်.... (မှန်ပါဘုရား) ရောဂါကိုပေးမယ်....(မှန်ပါ ဘုရား)။

မကောင်းတဲ့တရား ဖြစ်လေသောကြောင့် ကျုပ်တို့လာတိုင်း လာတိုင်း တကာတကာမတို့-ဣဿာကို ဖြစ်ပျက်ရှုမိအောင်ရှုပါ- (မှန်ပါ)။

တကာကြွယ် ဒါ-သိပ်အဖိုးတန်တယ်နော် ... (တန်ပါတယ်) အသက်ရှည်ချင်ယင် ဣဿာဖြစ်ပျက်ရှု....(မှန်ပါ) မစ္ဆရိယကော (ဖြစ်ပျက်ရှုရပါမယ်)ရှင်းကြပလား....(ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် သိကြားမေးတာဖြင့် ပထမပုစ္ဆာမှာ အရှင် ဘုရား....လောကမှာ ကိုယ့်ကိုယ်ကိုယ် ကျန်းမာခြင်း,ချမ်းသာ ခြင်း အလိုရှိကြပါတယ်၊ အသက်ရှည်ခြင်း အလိုရှိကြပါလျက် သားနဲ့ ဘယ့်နှယ်ကြောင့် ရောဂါမကင်း အသက်တိုရပါသတုံး တဲ့၊တကာသိကြား....ဣဿာမစ္ဆရိယကြောင့်တဲ့....(မှန်ပါ) ဒါ- ဘုရားကဖြေတာ.... (မှန်ပါဘုရား) ရိပ်မိပြီနော်.... (ရိပ်မိပါပြီ ဘုရား)။

ဘုန်းကြီးက တခါ အဖြေထည့်ပြန်တယ်တဲ့ သဘာပဋ္ဌာန်ထဲ သွင်းပြီးတော့၊တကာတကာမတွေ ဒါဖြင့် အသက်ရှည်ချင်ယင် ဣဿာလာလဲ ဖြစ်ပျက်ရှု...(မှန်ပါ) မစ္ဆရိယလာလဲ.... ( ဖြစ် ပျက်ရှုရပါမယ်ဘုရား)။

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ပဋ္ဌာန်သမုဒ္ဒါန်လဲ ပြတယ်....(မှန်ပါ) ဣဿာကလဲ ဣဿာအလုပ်— မလုပ်နိုင် တော့ဘူး....(မှန်ပါ)။

အသက်တိုအောင်, ရောဂါများအောင်.... (မလုပ်နိုင်ပါ) ဘာကြောင့်တုံး ... သူက အနိစ္စအဖြင်နဲ့ ကျုပ်တို့ကို မဂ်တောင် ပေးသွားတယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

အနိစ္စအဖြစ်နဲ့ ...(မဂ်တောင်ပေးသွားပါတယ်) မဂ်တောင် ပေးသွားတော့ ခြောင်....သုံးတတ်ယင်လဲ ဆေးဖြစ်ပါလားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်) သဘောပါကြလား- (ပါ- ပါတယ်ဘုရား)။

ကိုင်း....ဦးမာဒင်ရေ- ဒီ-စိတ္တာနုပဿနာကို မမေ့နဲ့နော်.... (မှန်ပါဘုရား) အသက်ရှည်ချင်ယင် သူ့ကိုမမေ့ပါနဲ့....(မှန်ပါ ဘုရား)။

တကာကြွယ် အခု တရားတလုံးပဲ ပြီးပါသေးတယ် .... (မှန်ပါ) ဒါနဲ့ သိကြားက တကာတကာမတို့ ဆက်ပြီးမေးပြန် တယ်....။

အရှင်ဘုရား... တဲ့ အကြောင်းအကျိုး အင်မတန်ဆက်တဲ့ တရားမို့ ဦးမာဒင် သေသေချာချာ နားထောင်ပါ.... (မှန်ပါ ဘုရား)။

ဒီဣဿာမစ္ဆရိယကာလဲ ဘယ်ကလာတာတုံးဘုရာ့တဲ့- (မှန်ပါ) ဘယ်လဲမေးပုံကောင်းတယ် ...(ကောင်းပါတယ်ဘုရား)။

တကာကြွယ် ဘယ်နှယ်မေးသတုံး....(ဣဿာမစ္ဆရိယဘယ်က လာသတုံးလို့မေးပါတယ်) သူ့လဲအကြောင်းရှိလိမ့်ဦးမယ်ဘုရာ့ တဲ့ ပဋိစ္စသမုပ္ပါဒ်....(မှန်ပါ)။

ဒီ-ဣသာမစ္ဆရိယက ဘယ်ကလာသတုံးဆိုတာ တပည့်တော် ခံသိလို့ မေးပါရစေဘုရားလို့ ဆိုတဲ့အခါကျတော့-ဣဿာမစ္ဆရိယ ဟာကွာတဲ့ **ချစ်ခြင်း, မုန်းခြင်းက** လာတာ.... (မှန်ပါ့) ပေါ်ပြီ ဘကာကြွယ်....(ပေါ်ပါပြီဘုရား)။

ဣဿာမစ္ဆရိယဟာ....( ချစ်ခြင်း, မုန်းခြင်းက လာပါတယ် ဘုရား)။

နောက်က တကာတကာမတွေ ဘယ်ကလာသတုံး (ချစ်ခြင်း မုန်းခြင်းက လာပါတယ်)တကာကြွယ် တယ်သဘောပါပါလား (ပါ-ပါတယ်)သိပ်သဘောပါတယ် တကာတကာမတို့( မှန်ပါ့ ဘုရား)။

သဘောလဲပါတယ် ခင်ဗျားတို့အန္တရာယ်ကင်းပြီးတခါတည်း နိဗ္ဗာန်လဲရောက်နိုင်ပါတယ်၊ ရောဂါလဲကင်း အသက်တမ်းရှည် ပြီး နိဗ္ဗာန်ရောက်နိုင်တဲ့တရား ဒီပုစ္ဆာအဆုံးမှာ ဒီဟာတွေ့ရှုတာနဲ့ ဦးမာဒင် သိကြားသောဘာပန်တည်ဦးမယ်....(မှန်ပါ့)။

ဒါ့ကြောင့် အင်မတန်ကောင်းတဲ့တရားမို့ တကာဘကာမ တွေ ရှုဖြစ်အောင်ရှုပါနော်....(မှန်ပါ့) လာတာမသိဘူးလို့ တော့ မရှိစေနဲ့ တကာကြွယ်....(မှန်ပါ့)။

သူတို့ ဒီနှစ် နည်းနည်းကလေး စီးပွားရေးဖြောင့်တယ်ဆင် လို့ တယောက်က တကာကြွယ်လာပြောလာတယ်....၊ တကာ သစ် လာပြောလာတယ်ဆိုပါတော့.... (မှန်ပါ့) ဣဿာပါလာ တယ် ဖြောင့်မှာပေါ့ဗျာ ဘာတွေလုပ်ထားတယ်....(မှန်ပါ့)ဒါ- ဣဿာသတ္တိတွေ.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ) ဒါဖြင့် ဘယ့်နှယ်လုပ်မလဲသူ့ကို....(ဖြစ်ပျက်ရှုပေးရပါမယ်ဘုရား)။

မြန်မြန်ရုပ်ပါတကာကြွယ်....(မှန်ပါ့) နို့မဟုတ်ငေါ့လုံးက အယင်တွက်လာတယ်....(မှန်ပါ့) ငေါ့လုံးက ဘယ်ကလာတယ် ထင်သတုံး ဓာတ်ကာက....(မှန်ပါ့ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

ဖြစ်မှာပဲဗျ သူက ဘယ်သူနဲ့ပေါင်းပြီး ဘယ်လိုလုပ်နေတာ ဆိုလို့ရှိယင် ဒါ-ဂရုဿလွန်သွားပြီ....(မှန်ပါ့)။

ဒါတွေကို တကာတကာမတွေက အဖြေရှာမနေနဲ့တော့ ဒီ- ဥစ္စာ သူ့အပေါ်မှာ ပြုစုမယ်ထင်လို့ရှိယင် မြန်မြန် ဖြစ်ပျက် သာရှုချ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ကောင်းပြီ၊ သူက ဘယ်ကလာဘ်စားထားတာပဲဗျ၊ ဘယ်သူနဲ့ ပေါင်းပြီးသကာလ ဘာလုပ်ထားတာပဲဆိုယင် ဦးမာဒင် လျှာ ရှည်ပြီ....(မှန်ပါ့) လျှာရှည်တာ ဘယ်သူ့သဏ္ဍာန် ထင်သတုံး.... (ဂရုဿသဏ္ဍာန်ပါဘုရား)။

အဲဒါမသိလိုက်တော့ တခါတည်း တသီတတန်းကြီး ဂရုဿ မစ္ဆရိယ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ အဝိဇ္ဇာကျအောင် သစ္စာမသိတဲ့ဆီကျအောင် သူ့စိတ်ထဲရောက်သွားတာပဲ (မှန်ပါ့) ကောင်းသေးရဲ့လား....(မကောင်းပါဘုရား)။

ဒါကြောင့် တကာတကာမတို့ ဒါလောက် ပဋိစ္စသမုပ္ပါဒ်လဲ အဘက်မခံပါနဲ့တော့ ဖြစ်ပျက်ဖြင့်ရှုမိအောင်ရှုပါ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီဥစ္စာ တကာကြွယ် ဂရုဿမစ္ဆရိယသတ်နည်း နိဿရည်းမှာ ဖြင့် အကောင်းဆုံးပါပဲ... (မှန်ပါ့)။

ဒီတရားဟောရခြင်းဟာလဲ တကာသပ်တို့ဦးမာဒင်တို့ သူ့ခေတ်နဲ့ သူ့ရက်နဲ့ သိပ်လျော်ပါတယ်....(မှန်ပါ) အင်မတန်အရေးကြီးတယ်....(မှန်ပါ) မကြီးကြဘူးလား.... (ကြီးပါတယ်ဘုရား)။

ကြီးပါတယ်တဲ့၊ ဒါက မသိတဲ့ ပုဂ္ဂိုလ်အတွက်မှာတော့ ဣဿာမစ္ဆရိယနဲ့ ညှော်ခံနေတာ....(မှန်ပါ)။

တကာကြွယ် ဘာနဲ့ညှော်ခံသတုံး.... (ဣဿာမစ္ဆရိယနဲ့ ညှော်ပါဘယ်ဘုရား)။

ဣဿာမစ္ဆရိယနဲ့ ညှော်ခံနေတယ်ဆိုတော့ ဟိုလူ့အကြောင်းကိုတော့ ဥပမာ တကာကြွယ် သွားမေးယင် သိမှာပဲဆိုယင် ဒီက ဣဿာမစ္ဆရိယနဲ့ ညှော်ခံတယ်....(မှန်ပါ) သိပ်ကြောက်စရာကောင်းတယ်နော်....(မှန်ပါ)။

သိပ်ကြောက်စရာကောင်းတယ်၊ သူကတော့ အတွင်းသို့အပြင်သိ....(မှန်ပါ) သူ့သွားစုံစမ်းရလို့ရှိယင်တော့ နေရာကျမှာပဲဆိုတော့ သူက ဣဿာမစ္ဆရိယတွေ ပြောချလိုက်တာပဲ....(မှန်ပါ) ကဲ....ဘယ်လောက်ဆိုးရွားသတုံး.... (ဆိုးရွားပါတယ်ဘုရား)။

အဲဒီတော့ခင်ဗျားတို့ဆီ လာမေးတယ်၊ အိမ်နီးချင်းတယောက်ကျုံးမာချမ်းသာနေတယ်၊ ဟာ-တကာကြွယ် လာမေးတယ်၊ ဟာ....တကာသစ်လာမေးတယ်၊ ကျုပ်နားမလည်ဘူး ဖြေလိုက်လဲမေးတာပဲ....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ) လျှာရှည်သရွေ့ ဣဿာမစ္ဆရိယထွက်လာလိမ့်မယ်ဆိုတာ ပေသေချာဘူးလား (သေချာပါတယ်ဘုရား)။

အေး….ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ဤသာ လာယင် ဘာလုပ်ရမလဲ…. (ဖြစ်ပျက်ရှုရမယ်) မရှုနိုင်ယာသေသင် (ဖြစ်ပျက်ရှုရပါမယ်) ခုနင်က လျှာရှည်တဲ့ဇာတ်ဆောင် သိမ်းမသွားဘူးလား …(သိမ်းသွားပါတယ်ဘုရား)။

သိမ်းသွားတော့ ပဋိစ္စသမုပ္ပါဒ် ပြတ်တောက်သွားတယ် …. (ပြတ်ပါတယ်) ပြတ်သွားတော့ ဤသာကြောင့် မဂ်ဉာဏ်ရတယ် (မှန်ပါ့)မရှုရိယကြောင့် …(မဂ်ဉာဏ်ရပါတယ်) ကိုင်း….တကာ တကာမတို့ အသိပ်က ဘေးဖြစ်လာတယ်….(မှန်ပါ့ဘုရား)။

အဆိပ်က ဘာဖြစ်လာသတုံး…. ( ဘေးဖြစ်လာပါတယ် ) အဲဒီလို လုပ်ကြစမ်းပါဆိုတာဖြင့် ဘုန်းကြီးတို့ တကာတကာမ အရင်းအချာတွေကို အကုန်ပဲတိုက်တွန်းပါတယ်…. ( မှန်ပါ့ ) နို့မဟုတ်ယင် ရောဂါကများပြန်-အသက်ကတိုဦးမယ်….(မှန်ပါ့ ဘုရား)။

ဒါလောက် နှိပ်စက်မည့်တရားကို တကာတကာမတို့ ဘယ်နည်းနဲ့မှ လက်ခံထားလို့တော့ မသင့်ဘူးဆိုတာသေသေချာချာ မှတ်ပါ….(မှန်ပါ့ဘုရား)။

ကဲ .. ဒါဖြင့် ပြန်မေးတယ်၊ဤသာမရှုရိယ ဘယ်ကလာသတုံး ဆိုတော့ တကာသစ် ဘုရားက ဘယ်နှယ်ပြောသတုံး .. (ချမ်းခြင်း နှုန်းခြင်းက လာပါတယ်) တကာတကာမတို့ ဘယ်ကလာသတုံး (ချမ်းခြင်း,နှုန်းခြင်းကလာပါတယ်ဘုရား)။

ရှင်းပြမယ်နော် (မှန်ပါ့) ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ချမ်းခြင်း,နှုန်းခြင်းကလာတာပါကွ….တဲ့ ဤသာမရှုရိယဆိုတော့

(မှန်ပါ့)အကြောင်းအကျိုးသိပ်ဆက်မိပါတယ် .... ( မှန်ပါ့ ) မဆက်မိဘူးလား....(ဆက်မိပါတယ်ဘုရား)။

ကိုယ်ချစ်တဲ့ သားကလေး, သမီးကလေး မိတ်ဆွေကလေး, သင်္ဂဟကလေး ကိုယ်ချစ်တဲ့ပုဂ္ဂိုလ်ဟာ ဟိုဘက်က မူးတတ်,ညာတတ်, လှိမ့်တတ်တဲ့ ပုဂ္ဂိုလ်နဲ့ သွားပေါင်းလို့ ရှိယင်ဖြင့်တဲ့ တခါတည်း ဟိုပုဂ္ဂိုလ်အပေါ်မှာလဲ ဣဿာဖြစ်လာတယ် .... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဟိုပုဂ္ဂိုလ်အပေါ်မှာလဲ ဒီကောင်က ဘယ်နှယ်လဲ ငါ့သား ငါ့သမီးနဲ့လာပြီး သူသည်ကားလို့ဆိုယင်ဖြင့် ပေါင်းသင်းနေပါလိမ့်မတုံးဆိုတော့ ဟိုပုဂ္ဂိုလ်အပေါ်မှာ တခါတည်းချစ်တဲ့သူနဲ့ စကားပြောနေယင်ပဲ ဣဿာဖြစ်သွားပြီ....(မှန်ပါ့) မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ကိုယ်ချစ်တဲ့ပုဂ္ဂိုလ်နဲ့ ညာတတ်,လှိမ့်တတ်တဲ့ပုဂ္ဂိုလ်နဲ့ စကားပြောနေယင်ပဲ တကာကြွယ် ဘာလာတတ်သတုံး... (ဣဿာလာတတ်ပါတယ်)ဩော်... ဒါ ချစ်တဲ့လူက လာတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မုန်းတဲ့လူကတခါ- ကိုယ်နဲ့မတည့်တဲ့ လူက စီးပွားရေးက ထိုးတက်သွားတယ်.... (မှန်ပါ့) ထိုးတက်သွားတဲ့ အခါကျလို့ ရှိယင်ဖြင့် တကာတကာမတို့ တခါတည်း မစ္ဆရိယဝင်လာတာပဲ (မှန်ပါ့)ဝင်လာဘူးလား....(ဝင်လာပါတယ်)။

ကဲ....ဒါဖြင့် တကာတကာမတို့ ချစ်ခြင်းကြောင့်လဲ(ဣဿာ မစ္ဆရိယလာပါတယ်ဘုရား)။

ဒါဖြင့် ချစ်ခြင်းကတကျော၊ မုန်းခြင်းက တကာတကာမတို့ ဒေါသ .. (မှန်ပါ့ဘုရား)။

ဒါဖြင့် လောဘလာလဲ သူသည် ဣဿာမစ္ဆရိယမသွားချင် သို့ရှိယင်ဖြင့် မရောက်အောင် တခါတည်း လောဘကလေး သာလဲ ခင်တဲ့လောဘလာယင် ဖြစ်ပျက်ရှု....(မှန်ပါ့) မုန်းတဲ့ ဒေါသကလေးလာယင်... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုလိုက် တော့ ခုနင်က ဣဿာမစ္ဆရိယ ရေသောက်မြစ် ပြတ်သွားတယ်.... (မှန်ပါ့)။

ဣဿာမစ္ဆရိယ ... (ရေသောက်မြစ်ပြတ်သွားပါတယ်ဘုရား) စဉ်းစားကြည့်၊စဉ်းစားကြည့်၊ တကာတကာမတို့ စဉ်းစားကြည့် ဘုရားဖြေတာကြည့် ဣဿာမစ္ဆရိယ ဘယ်ကလာသ ဘုံးဘုရားလို့ ခမေးတဲ့အခါကျတော့ ချစ်ခြင်း၊မုန်းခြင်းကလာဘယ်လို့ ဘုရားက ဒေဖြလိုက်တယ်....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

မုန်းတဲ့ပုဂ္ဂိုလ်ကြည့်တဲ့ အခါကျလို့ရှိယင် တကာတကာမတို့ ဣဿာဟာ တခါတည်းလာတာပဲ....(မှန်ပါ့) ချစ်တဲ့ပုဂ္ဂိုလ်လဲ သူနဲ့ကိုယ် မကြိုက်တဲ့ ပုဂ္ဂိုလ်ပေါင်းလာလို့ရှိယင်ဖြင့် သူ အပေါင်းအသင်း တော်တော်မှားနေပြီကွ၊ သူ့အကုန်အပ်လို့ မဖြစ်ဘူးဆိုပြီး ပြန်သိမ်းတယ်....( မှန်ပါ့ ) ဒါ ဘာသဘ္တိဘုံး- မစ္ဆရိယ ... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဣဿာမစ္ဆရိယဟာ တကာတကာမတို့ ဘယ်ကလာ ပါလိမ့်.... (ချစ်ခြင်း၊မုန်းခြင်းက လာပါဘယ်) ချစ်ခြင်းဘာဏှာ, မုန်းခြင်းဒေါသ ...(မှန်ပါ့ဘုရား)။

ချစ်ခြင်း....(တဏှာကပါ)မုန်းခြင်း ...(ဒေါသကပါ) ဩြော်- ဒီကလာပါလားဆိုတာ ပေါ်လာကြဘယ်....( မှန်ပါ့ဘုရား )။

ဒါဖြင့် တကာကြွယ်တို့၊ ဦးမာဒင်တို့ ကုစရာဆေးရှိသေး ဘယ်...(မှန်ပါ့) ဣဿာမစ္ဆရိယမလာအောင် ကျုပ်တို့လောဘ လာလဲ ဖြစ်ပျက်ရှုပေး(မှန်ပါ့)ဘယ်သူ့ကိုခင်တဲ့လောဘလာလာ ဖြစ်ပျက်ရှုပေး....(မှန်ပါ့) ဘယ်သူ့ကိုမကြည့်ချင်တဲ့ ဒေါသ လာယင်ကော (ဖြစ်ပျက်ရှုပေးရပါမယ်ဘုရား)။

အဲဒီနှစ်ခုကိုသာ ရှုလိုက်ပါ၊ ဣဿာမစ္ဆရိယကိုသူက အညွန့် ပေါက်တာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီကျတော့ "သရာဂစိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ" ဦးမာဒင်လုပ်နေ့ဲ....(မှန်ပါ့) လောဘစိတ်လာယင် ဖြစ်ပျက် ရှုပါ....(မှန်ပါ့) "သဒေါသစိတ္တံ သဒေါသစိတ္တန္တိ ပဇာနာတိ" ဒေါသစိတ်လာယင်လဲ ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရမှာပါ ဘုရား)။

အဲဒီကဲ့သို့ ဖြစ်ပျက်ရှုလိုက်ပြီဆိုမှဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ဉ်တဲ့ ရောဂါပေးပြီး အသက်တိုအောင် လုပ်မည့် ဣဿာမစ္ဆရိယကို ဖြတ်ချလိုက်တယ် .... ( မှန်ပါ့ဘုရား ) ဒါ့ကြောင့် စိတ္တာနုပဿနာ ကောင်းတယ်လို့ ပြောတာ(မှန်ပါ့) တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တကာတကာမတို့ အင်မတန်အဖိုးတန်တယ်ဆိုတာ ပေါ် လာကြပလား....(ပေါ်လာပါပြီဘုရား)။

အဲဒီတော့ သိကြားဘယ့်နှယ်ကြောင့် သောတာပန်တည် ပါလိမ့်မတုံး ဒီပုစ္ဆာတွေအဆုံးမှာလို့ မေးလိုက်တော့မှ တကာ

သစ်ရေ ဖြစ်ပျက်က လိုက်လိုက်သွားလို့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာတွေလိုက်လိုက်သွားပါလိမ့်.... (ဖြစ်ပျက်တွေ လိုက်လိုက်သွားပါတယ်) ဝိပဿနာဉာဏ်က နေရာတိုင်းလိုက်သွားဘယ်....(မှန်ပါ့)ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ချစ်ခြင်း,မုန်းခြင်းသည် ဣဿာမစ္ဆရိယ၏ ရေသောက်မြစ်....(မှန်ပါ့)။

ချစ်ခြင်း,မုန်းခြင်းသည်....(ဣဿာမစ္ဆရိယ၏ ရေသောက်မြစ်ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ချစ်ခြင်းကလောဘ၊ မုန်းခြင်းကဒေါသ....လောဘလာလဲ ဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမယ်) ဒေါသလာလဲ....(ဖြစ်ပျက်ရှုရပါမယ်) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် သူ့ကိုရှုလိုက်လို့ရှိယင်လဲ ဣဿာမစ္ဆရိယလာနိုင်သေးရဲ့လား....(မလာနိုင်ပါ) ဘာ့ကြောင့်တုံးဆိုတော့ ချစ်ခြင်းမုန်းခြင်းသည် ဣဿာမစ္ဆရိယ၏ ရေသောက်မြစ်ဖြစ်ပါတယ်....(မှန်ပါ့ဘုရား)။

ဒီရေသောက်မြစ် ဖြတ်လိုက်တဲ့အတွက် ဟိုအပင်ကြီးဟာသန်နိုင်သေး, ထွားနိုင်သေးရဲ့လား.... (မသန်နိုင်,မထွားနိုင်ပါ) ဣဿာမစ္ဆရိယအပင်တွေ ပေါက်နိုင်သေးရဲ့လား၊ အညွန့်တွေဖြာနိုင်သေးရဲ့လား.... (မဖြာနိုင်ပါ) သေချာပြီမဟုတ်လား....(သေချာပါပြီဘုရား)။

ကဲ....ဒါဖြင့် ဒီတရားသည် ဦးမာဒင်တို့ တကာကြွယ်တို့ အရေးကြီးပါတယ်... (မှန်ပါ) မကြီးဘူးလား .... (ကြီးပါတယ် ဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာကိုယ်ထဲမှာ လောဘသာလဲ အာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

လောဘလာလဲ ဖြစ်ပျက်ရှုတော့ ပဋိစ္စသမုပ္ပါဒ် ဦးမာဒင် အလည်က ပြတ်သွားတယ်... (မှန်ပါ) ဒေါသလာယင် ဖြစ်ပျက် ရှုလိုက်တော့ ပဋိစ္စသမုပ္ပါဒ်အဆုံးက ပြတ်ထွက်သွားတယ်.... အဆုံးက ပြန်ပတ်နိုင်သေးရဲ့လား....(မပတ်နိုင်ပါဘုရား)။

အဲဒီကျအောင် ကျေးဇူးများသောကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ အန္တရာယ်ကင်းလို့ ဘေးရှင်းလို့ အသက် တမ်း ရှည်ရှည်နေချင်ကြသို့ ရှိယင်ဖြင့် သူ့ရေသောက်မြစ် ဖြစ် ပျက်ရှုလဲ ပြီးပါတယ်... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ၊ ဒီလောဘ, ဒေါသ ဖြစ်ပျက်ရှုလိုက်သဖြင့် တကာ ကြွယ် မောဟက သဟဇာတအဖြစ်နဲ့ပါပြီး ချုပ်သွားတာပဲ.... (မှန်ပါ) ရှင်းပလား... (ရှင်းပါပြီ)။

ဒါဖြင့် လောဘရှုလဲ မောဟပါချုပ်တာပဲ- (မှန်ပါဘုရား) ဒေါသရှုလဲ....(မောဟပါချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် အစကလဲပြတ်တယ်.... (မှန်ပါ) တကာ တကာမတို့ အင်မတန်အဖိုးတန်သွားပြီ....(မှန်ပါ)။

ဒါ....အင်မတန် ဥာဏ်ကြီးတဲ့ပုဂ္ဂိုလ်တွေ, နာနေကြပုဂ္ဂိုလ် တွေအတွက်မှာ ဦးမာဒင် သိပ်အဖိုးတန်သွားပြီ (မှန်ပါဘုရား)

ပဋိစ္စသမုပ္ပါဒ် အစကလဲ ပြတ်တယ်....(မှန်ပါ) အလည်ကကော-(ပြတ်ပါတယ်ဘုရား) အဆုံးက ပတ်မှာကော.... (ပြတ်ပါတယ်ဘုရား) ပြတ်တယ်ဆိုတော့ တကာကြွယ်-ရေ.... သေပျော်ပါပြီဗျာ....(မှန်ပါ)။

ဒါ့ကြောင့် တကာတကာမတို့ ဒါ.... အတွင်းကျတရားပဲ၊ အတွင်း အင်မတန် ကျတဲ့တရားပဲဆိုတာဖြင့် သေသေချာချာ မှတ်ပါ....(မှန်ပါ)။

နဂိုက ဒါတွေကို တကာတကာမတွေက ဒါလောက်လဲ အရေးကြီးမှန်းမသိတော့ သြော်....သူ့ကြောင့် အသက်တိုတယ် သူ့ကြောင့် ဝေဒနာများတယ်လို့ မယူဘူး....(မှန်ပါ) အစားမှား, အသွားမှားလို့ ချည့်ထင်နေတယ်....(မှန်ပါ)။

မဟုတ်ဘူး....တဲ့၊ ဘုရားက အစားမှား, အသွားမှားက ကိစ္စမရှိဘူးတဲ့....ကွ၊ ဒီ ဣဿာမစ္ဆရိယက တကာတကာမတို့ သူက ရောဂါဝေဒနာများပြီး အသက်တမ်းတိုအောင်လုပ်တာ-(မှန်ပါဘုရား) အဲဒါ ကျုပ်တို့က သူ့ရေသောက်မြစ်လဲ မသိတော့ ချစ်ခြင်း,မုန်းခြင်းက လာတယ်ဆိုတာ ယနေ့ သိရပြီ.... (မှန်ပါဘုရား)။

ဣဿာ,မစ္ဆရိယ၏ ရေသောက်မြစ် ဘယ်သူပါလိမ့်-(ချစ်ခြင်း မုန်းခြင်းပါဘုရား) ချစ်ခြင်းလောဘနဲ့ မုန်းခြင်းက.... (ဒေါသပါဘုရား)။

အဲဒါကို တကာသစ်တို့က လာဘိုင်း,လာတိုင်း ရှမယ်ဆိုယင် ဣဿာမစ္ဆရိယရှဖို့ လိုသေးသလား....(မလိုပါဘုရား) ဟိုဟာက

သွန်မှ ရှုရမှာပေါ့ဗျာ....(မှန်ပါ့) မလွန်ခင်က အရင်းရှုလိုက်တာ ပေါ့....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ သြော်....ဒို့ အသက် တမ်းရှည်ဖို့ရာ အင်း တရားထူးကြီးနဲ့တွေ့နေတုန်း ဒို့ သည်ကား လို့ ဆိုယင် မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရောက်သေးသမျှ မသေချင် သေးဘူး.... (မှန်ပါ့) ဆိုလို့ ရှိယင်ဖြင့် လောဘလာလဲ ဖြစ်ပျက် ရှုပါ.... (မှန်ပါ့) ဒေါသလာလဲ.... (ဖြစ်ပျက်ရှုရမှာပါဘုရား) အဲ....မောဟက အတွင်းဝင်သွားပြီ ... (မှန်ပါ့ဘုရား) မောဟက လောဘနဲ့လဲ တွဲလျက်ကိုးဗျ... ( မှန်ပါ့ ) ဒေါသနဲ့ ကော.... (တွဲလျက်ပါဘုရား)။

တွဲလျက်ဆိုတော့ လောဘဖြစ်ပျက်ဆိုတော့ မောဟကျန်ရစ် သေးရဲ့လား.... (မကျန်ရစ်ပါဘုရား) ဒေါသဖြစ်ပျက်ဆိုတော့ ကော မောဟက တန်းလန်းကျန်ရစ်သေးရဲ့လား.... ( မကျန်ရစ် ပါဘုရား) ကိုင်း....ဦးမောဒင်-ရေ....နေရာကျပြီဗျာ....(ကျပါပြီ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ပုစ္ဆာအဖြေနှစ်ခုပြီးသွားပြီ.... (ပြီးသွားပါပြီဘုရား) ပြန်မေးပြီ တကာတကာမတို့နော်....(မှန်ပါ့)။

ရောဂါများပြီး အသက်တိုဘာ ဘာကြောင့်ပါလိမ့်(ဉာဏ မစ္ဆရိယကြောင့်ပါဘုရား)။

ဉာဏ,မစ္ဆရိယကလဲ အလိုလို လာတာလား....၊ ဘယ်သူ့ ကြောင့် လာဘာပါလိမ့်.... (ချစ်ခြင်း, မုန်းခြင်းကြောင့် လာတာ ပါဘုရား)။

နေရာကျပြီ၊ ဒီတရား အိမ်ပြန်ယင် ပါပြီ(မှန်ပါ့)အိမ်ပြန်ယင် ပါပြီ တကာကြွယ်-ရ....(မှန်ပါ့)။

အိမ်ပြန်တော့ ပါတော့ ပါသွားမှာပဲ....တဲ့၊ မြင်တဲ့အခါ သတိမထားမိမှာ စိုးရိမ်တယ်....(မှန်ပါ့) ဒါကလေးက တော်-တော် အရေးကြီးတယ်....(မှန်ပါ့)။

ဖြစ်တဲ့အခါကျတော့ ဩော်....လွန်သွားပြီ၊ ဩော်....လွန်သွားပြီ....လို့ အဲဒီလိုပြောတဲ့လူတောင်မှ အတော်ရှားပါတယ် (ရှားပါတယ်ဘုရား)။

တခါတည်း မနက်က ဖြစ်ထားတာ ညနေပိုပေါ် လက်တင်မယ်၊ ဩော်....ငါ နေ့လယ်က မှားခဲ့သကိုး....(မှန်ပါ့) ဒါလောက်ဆိုတော့ ဗုက်ပေါက်နေပြီ မရဘူး.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဖြစ်-ဖြစ်ခြင်း သိအောင် ကိုလဲ သတိပဋ္ဌာန်သမားမှ သိပါတယ်.... (မှန်ပါ့) သတိပဋ္ဌာန် မပါတဲ့ပုဂ္ဂိုလ်ကဖြင့်....(မသိပါဘုရား)။

အဲဒါကြောင့် တကာတကာမတို့ လောဘလာလဲ ဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဒေါသလာလဲ-(ဖြစ်ပျက်ရှုရမှာပါဘုရား) မောဟ အထူးရှုစရာရှိသေးသလား....(မရှိပါဘုရား) မရှိတော့ဘူး....တဲ့၊ တွဲလျက်ပါသွားပြီ....(မှန်ပါ့)။

အဲဒါကြောင့် တကာတကာမတို့ ဒီလို ရှုလိုက်တဲ့ အတွက် အန္တရာယ်ကင်း အသက်ရှည်လဲ ပါသွားတယ်....(မှန်ပါ့)သံသရာစခန်းလဲ သတ်ပါတယ်.... (သတ်ပါတယ်ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒါ...ဘာဝိပဿနာဘုံးလို့ မေးတော့မှ စိတ္တာနုပဿနာ သတိပဋ္ဌာန်.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ)။

ဒါ...ဘုရားက ဒီအတိုင်းဟောတာ...(မှန်ပါ့) သုတ်မဟာဝါ ပါဠိတော် သက္ကပဥ္စသုတ်ဆိုတာ တကာကြွယ် ဒါပဲ... (မှန်ပါ့) ပါဠိတော်ဆိုသဖြင့် ကိုယ်တော်တိုင် ဟောတာ၊ ရဟန္တာတွေ အဟောခိုင်းတာမဟုတ်ပါဘူး....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာသစ် ရှေ့ဆက်ပါဦး၊ ဒီရေသောက် မြစ်တွေ အကုန်ဖြတ်ရမယ်....(မှန်ပါ့)။

အရှင်ဘုရား....တဲ့၊ တပည့်တော် ဘုရားမပွင့်ခင်က ဒီလို မေးစရာ ပုဂ္ဂိုလ်တွေမရှိတော့ တပည့်တော် သံသယဝိစိကိစ္ဆာကြီးနဲ့ နေခဲ့ရပါတယ်၊ အခု နှစ်ခုမေး- နှစ်ခုဖြေလိုက်လို့ သံသယ ဝိစိကိစ္ဆာ ရှင်းသွားပါပြီဆိုတော့ ကဲ.... တကာကြွယ်တို့ ဦးမာဒင် ဘိုက စဉ်းစားလိုက်၊ ဝိစိကိစ္ဆာသေပြီတဲ့ဗျ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား) ဒီဟာတွေ ဖြစ်ပျက်ရှုလိုက်တော့ ဒိဋ္ဌိကကော (သေပါတယ်ဘုရား)။

ဒါဖြင့်.... ဒိဋ္ဌိဝိစိကိစ္ဆာသေတော့ သောတာပန်မှ တည်ပါ့မလားလို့ မေးဖို့ရာ လိုသေးသလား....(မလိုပါဘုရား) မေးလို့ အဖြေကို သဘောကျယင် ဝိစိကိစ္ဆာသေပါတယ်....( မှန်ပါ့ ) သဘောကျပလား (ကျပါပြီ) အဲဒီ့ဖြေတဲ့တရား ပေါ်လာတဲ့ အချိန် ဖြစ်ပျက်ရှုယင် ဒိဋ္ဌိသေပါတယ်... (မှန်ပါ့)။

သေသေချာချာမှတ်ပါ ဒီဥစ္စာ တကာသင် အရေးကြီးလာပြီ (မှန်ပါ့ဘုရား)။

မေးလို့ အဖြေကို တကာ တကာမတွေက သဘောကျယင် ဘာသဘောသက်ုံး....(ဝိစိကိစ္ဆာသေပါတယ်) ဝိစိကိစ္ဆာသေတယ်.... (မှန်ပါ)။

မေးတော့ကို ဘုရားက ဖြေလိုက်တယ် ဟုတ်လား၊ သိကြား က မေးလို့ ဘုရားက ဖြေတယ် အသာထား၊ ကိုယ့်ဉာဏ်ထဲမှာ ဖြော်....ဒီဉစ္စာသည် ဆရာဘုန်းကြီးက ရောဂါဉပါဒ်အန္တရာယ် များတာ ဘယ်သူ့ကြောင့်တုံးလို့ မေးလိုက်တော့ ခင်ဗျားတို့က ဘာလို့နယ်ဖြေကြသတုံး....( ကုသာမစ္ဆရိယကြောင့်ပါဘုရား ) ကုသာမစ္ဆရိယကြောင့်ဆိုတာ သေချာပြီမဟုတ်လား....သေချာ ပါပြီဘုရား)။

အဲ....ကိုယ့်စိတ်ထဲမှာလဲ သံသယရှင်းတယ်မဟုတ်လား....(ရှင်း ပါတယ်ဘုရား) ဖြော်....ငါ-ရောဂါများနေတာ, ငါအသက်တို ရမည့်အရေးဟာဖြင့် ကုသာမစ္ဆရိယပဲလို့ အခု ဘုရားဖြေလိုက် တော့ ရှင်းမသွားဘူးလား....(ရှင်းသွားပါတယ်ဘုရား) ရှင်းသွား ယင် ခင်ဗျားတို့သန္တာန် ဝိစိကိစ္ဆာပြုတ်တယ်.... (မှန်ပါ)။

ဒါဖြင့် ဦးမာဒင်တို့က ကုသာလာလဲ ဘာလုပ်ပြန်သတုံး.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) မစ္ဆရိယလာယင်.... (ဖြစ်ပျက်ရှုရပါ မယ်ဘုရား) ဖြစ်ပျက်မြင်လိုက်တော့ကို ခိုင်တယ်,မြဲတယ်ဆိုတဲ့ဒိဋ္ဌိ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ရှုပြန်တော့ ဒိဋ္ဌိပြုတ်တယ်....(မှန်ပါ) အဖြေသဘော ကျပြန်တော့ ဝိစိကိစ္ဆာသေတယ်....(မှန်ပါ) ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာ သေယင် သောတာပန်...(မှန်ပါ) အတော်အဖိုးတန်သွားပြီ.... (တန်ပါတယ်ဘုရား)။

တကာတကာမတို့ အတော်အဖိုးတန်သွားပါပြီ.... (မှန်ပါ့) အင်မတန်အဖိုးတန်သွားပြီဆိုတာဖြင့် ဦးမာဒင်ရေ သေပျော်ပြီ (မှန်ပါ့ဘုရား)။

ပြန်မေးဦးမယ် တကာတကာမတို့ ခင်ဗျားတို့အရေး ဟောနေတာ ...(မှန်ပါ့ဘုရား)။

တကာတကာမတို့ ခင်ဗျားတို့ရောဂါ ဥပါဒ်အန္တရာယ်တွေထူပြီး အသက်တိုတာ ဘယ်သူ့ကြောင့်ပါလိမ့်....(ဣဿာမစ္ဆရိယကြောင့်ပါဘုရား)ဒီ့အပြင် အကြောင်းရှိသေးသလား....(မရှိပါဘုရား)။

သြော်....ဒါဖြင့် ခင်ဗျားတို့ ဣဿာမစ္ဆရိယကြောင့် ရောဂါများ အသက်တိုတယ်ဆိုတာ ကျေကျေနပ်နပ် သဘောကျယင် ဝိစိကိစ္ဆာသေပြီ....(မှန်ပါ့ဘုရား)။

ဒါဖြင့် အဲဒီ ဣဿာလာယင် ဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမယ်) ဘာသေသတုံး....(ဒိဋ္ဌိသေပါတယ်) ဖြစ်ပျက်မြင်တော့ ဒိဋ္ဌိသေတယ်....(မှန်ပါ့) ကိုယ့်ဉာဏ်ထဲရှင်းတော့ ဝိစိကိစ္ဆာသေတယ်....(မှန်ပါ့)။

ဖြစ်ပျက်မြင်တော့.... (ဒိဋ္ဌိသေပါတယ်) ကိုယ့်ဉာဏ်ထဲရှင်းတော့.... (ဝိစိကိစ္ဆာသေပါတယ်) ကဲ.... ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်တော့ ဘာခေါ်ကြမလဲ....(သောတာပန်ပါဘုရား)။

သြော်....ဒါ့ကြောင့် သိကြား သောတာပန် ဖြေယင်း မေးယင်း တည့်တယ်ဆိုတဲ့ဥစ္စာ ဒီဉာဏ်ပါကလား....(မှန်ပါ့) ဒီ ဆုံးဖြတ်ချက်နဲ့ ဒီအရှုဉာဏ်ပါကလားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ဒါ့ကြောင့် ဒီ-တကာတကာမတွေ့ဦတဲ့ ဒီ-ကိစ္စတွေကလဲ တွေ့စရာတွေကလဲ သိပ်များပြီးနေဘော့ တကာသစ် မမေ့နဲ့.... (မှန်ပါ့ဘုရား)။

ရောဂါ ဥပါဒ်အန္တရာယ်တွေ အသက်တမ်းတိုဘာ ဘာသူ့ကြောင့်ပါလိမ့်....(ဣဿာမစ္ဆရိယကြောင့်ပါဘုရား)။

ဒီလိုသိတာကိုသိလိုက်သည်နဲ့ တပြိုင်နက်တည်း ဘာသေသတုံး (ဝိစိကိစ္ဆာသေပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဣဿာလာသေးရဲ့လား.... (မလာပါ) လာတယ်ထားလိုက်ပါဦး....(မှန်ပါ့) ဘာလုပ်ကြမလဲ.... (ဖြစ်ပျက်ရှုရပါမယ်) ကဲ....ရှုလိုက်တော့ ဘာသေသတုံး.... ( ဒိဋ္ဌိသေပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ သူ-ဖြစ်ကြောင်းသိသဖြင့်လဲ ဝိစိကိစ္ဆာသေဘယ် ...(မှန်ပါ့) သဘောကျပလား (ကျပါပြီ) သူ့ကို ဖြစ်ပျက်မြင်တော့ (ဒိဋ္ဌိသေပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီတရားသည် တကာတကာမတို့ သိကြားသောတာပန်တည်တယ်ဆိုတာဖြင့် တကာကြွယ် တည်သင့်တယ်.... (တည်သင့်ပါတယ်ဘုရား)သဘောကျပလား....(ကျပါပြီ)။

ကိုင်း....တကာတကာမတွေပဲ မေးပါတယ်၊ တကာတကာမတို့ သောတာပန်တည်အောင်လို့ လုပ်ပေးနေတယ်လို့ ဆုံးဖြတ်ချက်ချ.... (မှန်ပါ့) ဣဿာမစ္ဆရိယဟာ ဘယ်ကလာပါလိမ့်.... (ချစ်ခြင်း,မုန်းခြင်းက လာပါတယ်ဘုရား)။

ဪ....ချစ်တဲ့လူဆိုလို့ ရှိယင်လဲ တကာတကာမတွေ ချစ်တဲ့ သူနဲ့ပတ်သက်လာယင် ဟိုပုဂ္ဂိုလ် ဣဿာဖြစ်တာပဲ.... ( မှန်ပါ့ ဘုရား)။

ဒီကောင်ဟာ ဒီနားချည့် ရစ်သီရစ်သီလုပ်နေတယ်၊ ငါ့သား ငါ့သမီး ပျက်ကုန်တော့မယ်.... (မှန်ပါ့) ဟော.... ချစ်တဲ့လူနဲ့ ပတ်သက်ပြီး ဟိုလူ့အပေါ် ဣဿာမဖြစ်ဘူးလား.... ( ဖြစ်ပါ တယ်) သေသွားယင်ကောင်းတယ် ဒီကောင်....၊ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။

မစ္ဆရိယဆိုတဲ့ ဒီ မုန်းတဲ့လူအတွက်ဆိုတော့ မုန်းတဲ့လူလာလို့ ရှိယင် ခိုးမလား၊ တိုက်မလား၊ ချောက်လှန့်ပြီး ယူခလားဆိုပြီး ဒုက်တာပဲ တခါတည်း....(မှန်ပါ့ဘုရား)။

ဒါဖြင့် ချစ်ခြင်း၊ မုန်းခြင်းကြောင့် ဘာလာသတုံး....(ဣဿာ မစ္ဆရိယလာပါတယ်ဘုရား)။

ဣဿာမစ္ဆရိယ ဘယ်ကလာသတုံး....(ချစ်ခြင်း၊ မုန်းခြင်းက လာပါတယ်ဘုရား)။

ဒါဖြင့် ချစ်ခြင်း၊ မုန်းခြင်းက လာတယ်လို့ အမှန်သိပလား.... (သိပါတယ်ဘုရား) ဘာသေသတုံး.... ( ဝိစိကိစ္ဆာသေပါတယ် ဘုရား)။

ဟာ....တကာသစ် ဟန်ကျပြီ....(မှန်ပါ့) တကာ ဦးမာဒင် ဟန်ကျပြီ....(မှန်ပါ့)။

ဣဿာမစ္ဆရိယ ဘယ်ကလာသတုံး ... (ချစ်ခြင်း၊ မုန်းခြင်းက လာပါတယ်) ဒါ-ဘာသေတာပါလိမ့်.... (ဝိစိကိစ္ဆာသေတာပါ ဘုရား)။

ဒါဖြင့် ချစ်ခြင်းလောဘကို ကျုပ်တို့က လောဘလာလဲ ဖြစ်ပျက်ရှုရမယ်....(မှန်ပါ့)ဒေါသလာလဲ....(ဖြစ်ပျက်ရှုရပါမယ်) ဘာသေသတုံး....(ဒိဋ္ဌိသေပါတယ်ဘုရား)။

ဩော်....ဒါဖြင့် အကြောင်းသိတော့ ဝိစိကိစ္ဆာသေတယ်.... (မှန်ပါ့) ဖြစ်ပျက်မြင်တော့ ဒိဋ္ဌိသေဘယ်....(မှန်ပါ့) ဒါဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာသေတာသည် သောတာပန်....(မှန်ပါ့) တယ်လဲ အဖိုး တန်ပါကလား....(မှန်ပါ့)။

တကာတကာမတို့ အခုတရားနာတာ တနာရီပဲ ရှိပါသေး တယ်၊ အလွန်ကျေးဇူးများနေပြီဆိုတာ ပေါ်ကြပလား (ပေါ် ပါပြီဘုရား)။

အေး–ဒါ့ကြောင့် ဒီတရားတွေဟာက တကာကြွယ် ဘုန်းကြီး မေးပါရစေနော်....(မှန်ပါ့) ရှာပြီးရှုရမှာလား၊ သူတို့အကြောင်း တိုက်ဆိုင်ယင် ပေါ်လာမြဲတရားတွေလား–(အကြောင်းတိုက်ဆိုင် ယင် ပေါ်လာမြဲပါဘုရား) ရှာမရှုရဘူး....(မှန်ပါ့)။

တပည့်တော်တို့ တရားရှာမတွေ့သေးပါဘူးလို့ ဒီတရားကို ဦးမာဒင် မလျှောက်နဲ့....(မှန်ပါ့)။

ဒီတရားသာ တော်တော်အရှာခက်တယ်ဘုရာ့လို့ မဆိုနဲ့.... ဣဿာလာလို့ရှိယင်လဲ ဣဿာလာမှန်း ကိုယ်ဟာသိတာပဲ.... (မှန်ပါ့) ရှာရဦးမှာလား....(မရှာရပါဘုရား)။

အင်း....ဒါဖြင့် မရှာနဲ့တော့ ဣဿာလာယင်ဘာလုပ်မယ်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

မစ္ဆရိယဆိုတာကလေးလဲ ပေါ်လာပြန်တယ် ဆိုလို့ရှိယင် မှင်းတို့သိပ်မသုံးကြနဲ့ကွာ ကာလဒေသကသိပ်မဟုတ်ဘူး(မှန်ပါ့)

သုံးမတာလား....၊မစ္ဆရိယလား....(မစ္ဆရိယပါဘုရား)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

တကာကြွယ် လူကြီးနဲ့ လူငယ် မစ္ဆရိယ ဘယ်ဟာကသာ ဖြစ်လွယ်သတုံး....(လူကြီးက ဖြစ်လွယ်ပါတယ်ဘုရား)။

သို့သော်....ခင်ဗျားတို့က ဖုံးဖိပြီး ရှေ့ရေးကြည့်ပြောတာပါ သူတို့အတွက်ပါ....(မှန်ပါ့)။

ဩော်....ကိုယ့်အတွက်က အပါယ်ကိုးဗျ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) အတော်ဆိုးနေတာဗျ.... (မှန်ပါ့ဘုရား)။

သူတို့တော့ စားရစ်, သောက်ရစ်ပါစေလို့ သူတို့အတွက်ကတော့ သေချာတယ်၊ ကိုယ့်အတွက်က အပါယ်ရနေတယ်၊ မစ္ဆရိယကြောင့်....(မှန်ပါ့ဘုရား) တကာကြွယ် မနာဘူးလား.... (နာပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကလဲ ရှေ့မှီတွေ, နောက်မှီတွေ ဖြစ်နေတော့ ခက်ပါသေးတယ်... (မှန်ပါ့) မခက်ဘူးလား.... (ခက်ပါတယ်ဘုရား)။

ဒါက လူကြီးမှာ အားကြီးသုံးတယ်....(မှန်ပါ့) တကာကြွယ် သုံးများသုံးမိသေးသလား.... (သုံးမိပါတယ်) အံမာ... ကုသိုလ်များဖြစ်ကုန်ပါ့မယ်....။

မစ္ဆရိယသဘောတွေ သိပ်ပါတယ်နော်.... (မှန်ပါ့) ငါက ဒီ့ပြင်ဟာပြောတာ မဟုတ်ပါဘူး၊ ဒို့ကတော့ သေတော့မှာတဲ့၊ အတော်ယုံကြည်အောင်ပဲ ပြောတယ်....(မှန်ပါ့) နင်တို့အတွက် တွေ့ပါဆိုတာ တကာသစ် ဘယ်ကထွက်လာတာတုံး(မစ္ဆရိယက

ထွက်လာတာပါ) မစ္ဆရိယက ထွက်လာတယ်ဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲဒါအိမ်မှာ တကာတကာမတို့ လှူငယ်မှာထွက်သလား.... လှူကြီးမှာထွက်သလား-(လှူကြီးမှာထွက်ပါတယ်)ဟာ-သေခါနီး ရိက္ခာယူဘာပါကလား....(မှန်ပါ့) သိပ်ကြောက်စရာ ကောင်းပါကလား... ။

တကာကြွယ် အတော်ဆိုးနေပြီ....( ဆိုးပါတယ် ) နောက် မလုပ်နဲ့ နော်....(မှန်ပါ့)ဥပေက္ခာထားပါဗျာ.... (မှန်ပါ့ဘုရား) ဥပေက္ခာထားလိုက်ပါ၊ဥပေက္ခာထားလိုက်ပါ.... (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ပုစ္ဆာနှစ်ခု အဖြေသိလို့ သံသယရှင်းယင် ဝိစိကိစ္ဆာသေပါတယ်.... (မှန်ပါ့) ၎င်းတရား ပေါ်လာတိုင်း ဖြစ်ပျက်ရှုယင်....(ဒိဋ္ဌိသေပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာသေတဲ့တရားဖြစ်သောကြောင့် သောတာပန်တည်တဲ့တရားလို့ ဆုံးဖြတ်ချက်ချ.... (မှန်ပါ့) သိကြား ဒါနဲ့တည်တာပါပဲ....(မှန်ပါ့ဘုရား)။

ကဲ.... ဒါဖြင့် တကာသစ် ဆက်ပါဦးတဲ့ အရှင်ဘုရားတဲ့ သိကြားက ဒီချစ်ခြင်း မုန်းခြင်းကလဲ ဘယ်ကလာတာတုံးတဲ့.... (မှန်ပါ့)ဆက်မေးတယ်....(မှန်ပါ့ဘုရား)။

ချစ်ခြင်း,မုန်းခြင်းဟာ ဘယ်ကလာတာတုံး၊ကဲ.... တရားတပွဲ သုံးပဲ တကာတကာမတို့ မေးသင့်-မမေးသင့် .... (မေးသင့်ပါတယ်ဘုရား) အကြောင်းမရှိပဲနဲ့ အကျိုးမပေါ်နိုင်ပဲကိုးဗျ .... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

အကြောင်းမရှိပဲနဲ့ဖြင့်-(အကျိုးမပေါ်နိုင်ပါ) အဲ-ချစ်ခြင်း မုန်းခြင်းကတော့ ဆန္ဒကလာတာကွတဲ့....(မှန်ပါ့)ဆန္ဒကလာတာ (မှန်ပါ့ဘုရား)။

ဘယ်ကလာတာတုံး....(ဆန္ဒကလာပါတယ်) သေသေချာချာ မှတ်ပါ ခင်ဗျားတို့ ပါးစပ်ကထွက်ဘယ်.... (မှန်ပါ့) ငါ အခု ပြောဆိုနေတဲ့ ဘယ်သူနဲ့မပေါင်းနဲ့၊ ဘယ်သူ့များများပေးနဲ့ ဆိုတဲ့ဥစ္စာ နင်တို့ကောင်းစေလိုတဲ့ ဆန္ဒနဲ့ပြောဘာ.... (မှန်ပါ့) အံမာ ဒီကလာတာကိုးဗျ.... (မှန်ပါ့) အံမာလေး.... သေချာ လိုက်တာ ဘုရားဟောတာ... (မှန်ပါ့ဘုရား)။

တကာကြွယ် ဒီလိုပြောမိသေးရဲ့လား.... (ပြောမိပါတယ်) ပြောပြော-ပြောပြော၊ ရိကွာယူ... (မှန်ပါ့)အတော်ဆိုးနေတာ- (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဒီဥစ္စာ လူကြီးတွေပါးစပ်ကိုက တကာသင် ထွက်လာတာ....(မှန်ပါ့) ဟော့....ငါ့တော့ မမုန်းနဲ့ဟော့၊ ငါက တော့ဖြင့် မင်းဒီလူနဲ့မပေါင်းနဲ့၊ ဒီလူဖြင့် သိပ်မပေးနဲ့ပြောတာ ကောင်းလိုတဲ့ ဆန္ဒနဲ့ပါ....(မှန်ပါ့) အံမာ-သူက လေချိုသွေးပြီး အပါယ်သွားတာဗျ....(မှန်ပါ့)ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

လေချိုသွေးပြီးတော့....(အပါယ်သွားပါတယ်ဘုရား) ဒါက များသောအားဖြင့် တကာကြွယ် လူကြီးနဲ့လူငယ် ဘယ်ဟာ အသုံးများသတုံး....(လူကြီးကများပါတယ်ဘုရား)။

ခက်ပကော- ဒါဖြင့် ဒီတရားဟာ လူကြီးတွေချည့်နှိပ်နေတဲ့ တရားဖြစ်နေတယ်....(မှန်ပါ့ဘုရား)။

မဟုတ်ဘူး ဒီဥစ္စာ လူကြီးက တော်တော်ကြာ သူ့ဘိုက ရှေ့မီ နောက်မီမို့ ဆိုပြီးသကာလ ဒါ ချစ်ခြင်း-မုန်းခြင်းရှိလာပြီ ဆိုမှဖြင့် ခုနင်က ဆန္ဒဆိုတာကလေးက နောက်ကလိုက်တယ်.... (မှန်ပါ့) အဲဒီဆန္ဒကြောင့် ချစ်ခြင်း- မုန်းခြင်းဖြစ်တယ်.... (မှန်ပါ့) ချစ်ခြင်း မုန်းခြင်းကြောင့် ဘုန်းကြီးတို့ တကာတကာမ တွေမှာ ဣဿာမစ္ဆရိယဖြစ်ရတယ်.... (မှန်ပါ့) ဣဿာမစ္ဆရိယ ကြောင့် ရောဂါထူပြီး အသက်တမ်းတိုရတယ်....(မှန်ပါ့ဘုရား) ကောင်းသေးရဲ့လား....(မကောင်းပါဘုရား)။

ဒါဖြင့် ဦးမာဒင်ရေ- တကာကြွယ်တို့၊ တကာသစ်တို့ပြင်ရမယ်. (ပြင်ရပါမယ်ဘုရား)။

ဘယ့်နှယ်ကြောင့် အပြင်ခိုင်းပါလိမ့်မတုံးလို့ မေးတဲ့အခါ ကျတော့ တကာတကာမတို့ အကုန်ပဋိစ္စသမုပ္ပါဒ်က ဒါတွေကို ဝိပဿနာဉာဏ်နဲ့ မဖြတ်၊ သံသယမရှင်းလို့ ရှိယင်ဖြင့် သူဆက် တော့မယ်....(မှန်ပါ့ဘုရား)။

သံသယမရှင်းတော့ကို မသိတာပဲမဟုတ်လား.... (မှန်ပါ့) မသိတာ ဘာခေါ်ကြမယ်...(အဝိဇ္ဇာပါ) အဲ.... အဝိဇ္ဇာရှိနေယင် အဝိဇ္ဇာပစ္စယာ သင်္ခါရာက လာမယ်.... ( လာပါမယ် ) သင်္ခါရ ပစ္စယာ ဝိညာဏံက....(လာပါမယ်) မလာပေဘူးလား (လာပါ မယ်ဘုရား)။

အဲဒီတော့ သံသယရှိနေယင် အဝိဇ္ဇာ.... (မှန်ပါ့) သဘောကျ ပလား....(ကျပါပြီ) မရှုမိယင် ဒိဋ္ဌိ....(မှန်ပါ့ဘုရား)။

သံသယရှိနေယင်....(အဝိဇ္ဇာပါ) မရှုမိယင်....(ဒိဋ္ဌိပါဘုရား) ဒါဖြင့် သံသယရှင်းတဲ့အတွက် ဝိစိကိစ္ဆာသေတယ်.... (မှန်ပါ့)

ရှုမိပြန်တော့ ဒိဋ္ဌိသေတယ်.... (မှန်ပါ့)ဒီကျတော့လဲ သေသာတာပန် တည်ပြန်တယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် သောတာပန်ဟာ တကာတကာမတို့ အနီးလား-အဝေးလား....(အနီးပါဘုရား)။

ဘယ့်နှယ်ကြောင့် ခင်ဗျားတို့ ကျုပ်တို့ ဝေးနေပါလိမ့်မတုံး ဆိုတော့ ပေါ်လာတာ မရှုမိလို့....( မှန်ပါ့ ) ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ကြောင့်ပါလိမ့်(ပေါ်လာတာ မရှုမိလို့ပါဘုရား) ပေါ်လာတာ မရှုမိဘူးဆိုတော့ ဘယ်သူ့ သန္တာန် ပေါ်တာပါ လိမ့်....(ကိုယ့်သန္တာန်ပေါ်တာပါ)ရော.... ကိုယ့်အနားပေါက်တာ တောင် ကိုယ်မသိဘူး....( မှန်ပါ့ ) ဟာ....ရူးလို့ပဲ ဒါဖြင့်.... (မှန်ပါ့)ဆိုထိုက်- မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)။

ကိုယ့်သန္တာန်ပေါ်တဲ့ တရားမှ ကိုယ်မသိဘူး ဆိုယင်ဖြင့် ဒီအနား ဒေါသနား, လောဘနား, ဣဿာနား, မစ္ဆရိယနားတွေ ပေါက်တာတောင် မသိဘူးဆိုယင်ဖြင့် ရူးလို့,အ-လို့,ကန်းလို့ပဲ (မှန်ပါ့) ဆိုထိုက်-မဆိုထိုက် ... (ဆိုထိုက်ပါတယ်) ဘဘောပါ ပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီတရားပွဲလာတဲ့ တကာတကာမတွေ အားလုံးပဲ ကိုယ့်အရေးကိုယ်သိပြီးသကာလ အခုပြောတာတွေဟာ ရှုဖြစ် အောင်ရှုပါ....(မှန်ပါ့ဘုရား)။

ကိုင်း ဒါဖြင့် ချစ်ခြင်း-မုန်းခြင်း တကာသစ်ဘယ်ကလာ

သသုံး... (ဆန္ဒက လာပါတယ်)ဦးမာဒင် ဘယ်ကလာသတုံး..... (ဆန္ဒကလာပါတယ်)တကာကြွယ်(ဆန္ဒက လာပါတယ်ဘုရား)။

ခင်ဗျားတို့သုံးနေတာ ပါပါရဲ့လား-(ပါပါတယ်)ဒို့တော့ အသက်အရွယ်လဲကြီးပါပြီကွ၊ မင်းဘယ်သူနဲ့ပေါင်း၊ဘယ်သူ့ကို မင်းများများမပေးနဲ့.... (မှန်ပါ့) ဘယ်သူနဲ့ပေါင်းဟေ့ ဆိုတဲ့ ဥစ္စာ ငါတို့တော့ နေချိန်နဲ့ သေချိန်ဟာ သေချိန်ကနီးပါတယ်-(မှန်ပါ့)သို့သော်....မင်းတို့ကောင်းလိုတဲ့ ဆန္ဒကြောင့်.... (မှန်ပါ့ ဘုရား)။

ဘုရား တယ်မြင်ပါလား....(မှန်ပါ့)အင်း....ဘယ်ကလာတာ တုံး ...(ဆန္ဒကလာတာပါဘုရား)။

ဒါဖြင့် ချစ်ခြင်း,မုန်းခြင်း၏ ရေသောက်မြစ်ဘာပါလိမ့် ..... (ဆန္ဒပါဘုရား)။

ဒါဖြင့် ဒီဆန္ဒလာတာကို ဒီဆန္ဒဘာလုပ်ရမလဲ.... (ဖြစ်ပျက် ရှုရပါမယ်) ဖြစ်ပျက်ရှု၊ သြော်....ငါက သူတို့ကောင်းစေချင်တဲ့ ဆန္ဒနဲ့ ပြောပင် ပြောငြားသော်လဲ နေရာမကျပါဘူး၊ ကိုယ့်ဟာ ကိုယ် ဖြစ်ပျက်ရှုတာ အေးပါတယ်ဆိုပြီး ဒီဆန္ဒပြန်ရှု (မှန်ပါ့) နို့မဟုတ် ချစ်ခြင်း, မုန်းခြင်းလိုက်မယ်....(မှန်ပါ့ဘုရား)။

ချစ်ခြင်း,မုန်းခြင်း လိုက်လာလို့ရှိယင် ဣဿာမစ္ဆရိယကော-(လိုက်မှာပါဘုရား) ဣဿာမစ္ဆရိယလိုက်လို့ရှိယင် ရောဂါများ အသက်တိုမယ်.... ( မှန်ပါ့ ) ပြီးတော့ အပါယ်သွားမယ်.... (မှန်ပါ့) ကောင်းသေးရဲ့လား....(မကောင်းပါဘုရား)။

တကာကြွယ်ရေ- နေရာကျပလား....(ကျပါပြီ) ဒါ-သိကြား သောတာပန်မတည်သေးဘူး တကာသစ်ရေ....(မှန်ပါ့)။

မတည်သေးဘူး....တဲ့၊ ရှုလိုက်တုန်းပဲ ရှိသေးတယ်-(မှန်ပါ) ဝိစိကိစ္ဆာသတ်တုန်း ဒိဋ္ဌိပြတ်အောင် ရှုတုန်းပဲ ရှိသေးတယ်.... (မှန်ပါ့ဘုရား) သူဘယ်ကျမှ တည်မတုံးဆိုတော့ ဝေဒနာချောက်အောင် သူမေးလိမ့်မယ်... (မှန်ပါ) အဲဒီ ဝေဒနာကျမှ သူတည်လိမ့်မယ်....(မှန်ပါ)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဒီချစ်ခြင်း,မုန်းခြင်း ဘယ်က လာသတုံး....(ဆန္ဒကလာပါတယ်ဘုရား)။

အဲ... ခင်ဗျားတို့အိမ်မှာ ကလေးတွေကို ဆုံးမတဲ့အချိန်ကျလို့ ရှိယင်ဖြင့် ဒီဆန္ဒဟာ ခင်ဗျားတို့ကိုလဲ ကျေးဇူးတင်ရဦးမယ်လို့ ထင်ရတယ်.... ( မှန်ပါ ) ပြောဖော်ရဘယ်လို့ ကလေးတွေက ကျေးဇူးတင်ချင်လဲ တင်မယ်ပေါ့ဗျာ . (မှန်ပါ)။

ကိုယ်ကလဲ ဒီဆန္ဒကိုဖြင့် တကာတကာမတွေ အလွန်ပဲ သုံးလေ ရှိပါတယ်....( မှန်ပါ ) ကျုပ် ရိုးရိုးပြောမနော်.... ဒီသား ဒီသမီးဆိုတဲ့ဥစ္စာ မခင်ဘူးဆိုယင် လူမဟုတ်လို့ပေါ့ဗျာ-(မှန်ပါ့ဘုရား)။

အဲဒီတော့ ကျုပ် အခု သူတို့ကို နာနာပြောတာ တခြား မဟုတ်ဘူးဗျ၊ ကောင်းလိုတဲ့ဆန္ဒ....(မှန်ပါ)။

အံမာလေး.... ချီးမျှားလာလိုက်သေးတယ် ဒီဆန္ဒကလေး ဖြစ်ပါမည့်အကြောင်း.... (မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

တကာကြွယ် ဒီဆန္ဒကလေးတခု ထွက်ချင်တာကိုပဲ သူများ သားသမီးဆိုယင် ကျုပ် ဒီလိုမပြောပါဘူး၊ ဆွေမျိုး နည်းနည်း

မစပ်ယင်လဲ မပြောပါဘူး၊ မခင်ယင်လဲ မပြောပါဘူးဗျ.... (မှန်ပါ) ရှေ့က အကုသိုလ်တွေ တပုံကြီးပြလိုက်သေးတယ်.... (မှန်ပါဘုရား) ပြီးတော့မှ နောက်အကုသိုလ်ပြမှာကိုး....(မှန်ပါဘုရား)။

အာ မာလေး....ကြောက်စရာကြီးပါလား.... (မှန်ပါ) တကာကြွယ် သိပ်ဆိုးနေပြီနော်....(ဆိုးပါတယ်ဘုရား)။

ကိုင်း....ဆိုးတာကိုလဲ ဖြစ်ပျက်မှတပါး တကာသစ် နိုင်မည့်တရား ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒါကြောင့် ကကာတကာမတို့ သံသရာစခန်းကို ကုသိုလ်အကုသိုလ် ဖြတ်နိုင်တာကဖြင့် ဝိပဿနာမဂ်နဲ့ လောကုတ္တရာမဂ်ပဲရှိတယ်....(မှန်ပါ)။

နို့မဟုတ်လို့ရှိယင်ဖြင့် ကျွတ်ရေး-လွတ်ရေး ဘယ်တော့မှ မမြင်ဘူးလို့ ဆုံးဖြတ်ချက်ချ... ( မှန်ပါ ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် ချစ်ခြင်း,မုန်းခြင်း ဘယ်ကလာသတုံး-(ဆန္ဒကလာပါတယ်ဘုရား) သဘောကျပြီ....(ကျပါပြီဘုရား)။

ကဲ....ပုစ္ဆာကလေးတခု ထည့်ပါဦး တကာတကာမတို့၊ အရှင်ဘုရား....တဲ့၊ တပည့်တော် သိကြားဖြစ်လာတာလဲ ကြာပါပြီ၊ ဒီပုစ္ဆာတွေမေးတာလဲ ဘယ်သူမှ မဖြေနိုင်ကြပါဘူး၊ အခုတော့ဖြင့် အရှင်ဘုရား ဖြေလိုက်တဲ့အတွက် တပည့်တော် ဝိစိကိစ္ဆာ သေပါပြီလို့ သူ့ကိုယ်က လျှောက်ဘယ် (မှန်ပါ)။

ကဲ....ဝိစိကိစ္ဆာသေတော့ကော သဘောကျပလား.... (ကျပါပြီဘုရား) ကဲ....ဒီတရားကို ဖြစ်ပျက်ရှုလိုက်တော့ ဘာသေသတုံး (ဝိစိကိစ္ဆာ သေပါတယ်ဘုရား) ဒါဖြင့် ဒို့ဌ ဝိစိကိစ္ဆာသေပေါ့ ဘာဆိုကြမယ်....(သောတာပန်ပါဘုရား)။

ဒါ့ကြောင့် ဝိစိကိစ္ဆာ သေမှုကတော့ ဉာဏ်ထဲ မသိတာ ချင်းယင် ဝိစိကိစ္ဆာသေဘယ်....(မှန်ပါ့)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့ ...။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့ဓမ္မာရုံ၌-ဟောကြား ဆုံးမတော်မူသော
(ဓမ္မာနု ဓမ္မပဋိပတ္တိကင်း၍ မဂ်ဉာဏ်-ဖိုလ်ဉာဏ် မရနိုင်ကြောင်း)

# နေ့အလုပ်ပေး-တရားတော်

( ၂၅-၉-၆၁ )

အားလုံး တကာ တကာမတွေ ကိုယ့်အရေး ကိုယ်ကြိုးစား ကြပါဆိုတာ တိုက်တွန်းတယ်နော်....(မှန်ပါ)။

ကိုယ့်အရေးကို ကိုယ်ကြိုးစားကြပါဆိုတာ တိုက်တွန်းတယ်၊ ကိုယ့်အရေးက ဘာပါလိမ့်မလဲ...လို့ တကာ တကာမတွေက မေးလို့ရှိယင်ဖြင့် ကိုယ့်ကိုယ် ဒုက္ခသစ္စာ- ကိုယ့် သမုဒယက လုပ်ထားလို့ ကိုယ့်ဒုက္ခသစ္စာ ဖြစ်ရတယ်....(မှန်ပါ)။

ကိုယ့် သမုဒယက လုပ်ထားလို့ မိမိခန္ဓာကိုယ်ကြီး ဒုက္ခသစ္စာ ဖြစ်ရတယ်....(မှန်ပါ)။

ဪ....ဒီ ဒုက္ခသစ္စာကြီးဟာ သိကြား-ဗြဟ္မာ ဘုရား လာ ပေးလို့ဖြစ်တဲ့ ဒုက္ခသစ္စာလား၊ သို့တည်းမဟုတ် မိမိတို့သန္တာန် ရှိတဲ့ ခင်မှုခင်မှု ကြင်နာမှုဆိုတဲ့ သမုဒယက ဘဝ တောင့်တတဲ့ သမုဒယ၊ သားသမီးတွေ ခင်တွယ်တဲ့ သမုဒယ၊ ပစ္စည်းခင်တွယ်တဲ့ သမုဒယ၊ ဤသမုဒယတွေက လုပ်ထားတာလား....လို့ မေးလို့ ရှိယင်ဖြင့် သမုဒယတွေက လုပ်ထားတဲ့ ခန္ဓာဒုက္ခသစ္စာ (မှန်ပါ)။

ဒီ ခန္ဓာဒုက္ခသစ္စာ ဘယ်သူက လုပ်ထားပါလိမ့်- (သမုဒယက လုပ်ထားပါတယ်ဘုရား)။

ဪ....ဒါဖြင့် တကာတကာမတို့ သူရေးထားတဲ့ အရုပ်ကို သူဖျက်ယင် ပြီးရမယ်....(မှန်ပါ့)။

ကိုယ်ရေးထားတဲ့ အရုပ်ကို (ကိုယ်ဖျက်ယင် ပြီးရပါမယ် ဘုရား)။

ဒါဖြင့် ကိုယ့်သမုဒယနဲ့ရေးထားတဲ့ ကိုယ့်ခန္ဓာ ရုပ်ကလာပ်ကြီးကို ကိုယ့်ဉာဏ်တည်းဟူသော တကာတကာမတို့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်နဲ့ ဖျက်ပစ်လို့ရှိယင်လဲ ဒီ ဒုက္ခ ရုပ်ကြီးဟာ ပျက်သွားမှာ---(မှန်ပါ့)။

အခုတော့ ရေးတော့ ရေးတတ်တယ်၊ ဖျက်တော့ မဖျက် တတ်ဘူးဆိုတဲ့ အခိပ္ပာယ် ရောက်နေတယ်.... (ရောက်ပါတယ် ဘုရား)။

ရေးတော့ ရေးတတ်တယ်.... (ဖျက်တော့ မဖျက်တတ်ဘူး အဓိပ္ပာယ်ရောက်ပါတယ်ဘုရား)။

ဖျက်တော့မဖျက်တတ်တဲ့အဓိပ္ပာယ်ရောက်နေတော့ ဘုန်းကြီးတို့ တကာတကာမတွေ အရေးကသာကဲပြီး အဖျက်က လုံးဝ မပါတော့ ဒုက္ခတွေ ပွားနေတယ်....(မှန်ပါ့)။

အဲဒါကြောင့် ယနေ့တရားသည် တကာတကာမတို့ မနေ့က တရားပဲ အဆုံးသတ်ပါလိမ့်မယ်.... (မှန်ပါ့) သို့သော် ရှေ့ပိုင်းမှာ တကာတကာမတို့ ကိုယ်လိုရင်းကလေးတချက်ကိုလဲ မှတ်ပါဦး....(မှန်ပါ့)။

လိုရင်းအချက်ကို ဘာပါလိမ့်မတုန်းလို့ မေးတဲ့အခါကျတော့ သာသနာတော်ကြီးနဲ့ တွေ့ရပါလို၏....ဆိုတဲ့ တကာ တကာမ တွေ၏ ဆုတောင်းဟာဖြင့် တကာကြွယ် ပြည့်နေပြီ.... (မှန်ပါ ဘုရား)။

သစ္စာတရားဦးများကိုလဲ နာနိုင်တဲ့ကိုယ် ဖြစ်ရပါလို၏ ဆိုတဲ့ နောက်ဘဝက ဆုတောင်းလဲ တကာသစ်တို့ ဦးမာဒင်တို့ ပြည့်ပြီ (ပြည့်ပါပြီဘုရား)။

ဆုတောင်း ပြည့်ပြီးသကာလ နေဖြားသော်လဲ....တဲ့၊ ကိုယ် ကိုယ်တိုင် လုပ်ရမည့် အရေးကြီးကို ကိုယ်မလုပ်လိုက်လို့ရှိယင် ဆုတောင်းဟာ ငုံသွားမယ်-မြုံသွားမယ်လို့ မှတ်ပါ.... (မှန်ပါ ဘုရား)။

ငုံသွားမယ်-မြုံသွားမယ်ဆိုတာက တကာတကာမတို့ တခြား မဟုတ်ပါဘူး၊ ပြည့်ပြီးသားဆုတောင်း၊ ဥပမာ.... ကြာကလေး တခု ရေထဲက တက်လာတယ်၊ နေရောင်နဲ့ လေတို့နဲ့ မတွေ့ရလို့ ရှိယင် ဒီကြာကလေးဟာ ငုံလျက် ငုံလျက်နဲ့ပဲ ပွင့်ခြင်း-ကား ခြင်း အဖြစ်သို့ မရောက်ပဲနဲ့ ဆုံးရှုံးသွားတယ်.... (မှန်ပါ ဘုရား)။

ဒါ ဘာလိုလို့ပါလိမ့်မလဲ....လို့ မေးတဲ့ အခါကျတော့မှ ဘုန်းကြီးတို့ တကာ တကာမတွေကမှတ်၊ ဩော်.... အကူအညီ နေ-လေ-လိုနေလို့ပါကလား....(မှန်လှပါဘုရား)။

အကူအညီ နေတို့-လေတို့ လိုနေပြန်လို့ရှိယင် ဒီကြာကလေး ဟာ ငုံရာကနေရှိသာ ခြောက်သွားရတယ် ဦးမာဒင်- ရေ...

စင့်စင့်ကားကားပွင့်ဖို့ မရပါဘူး.... (မရပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ.... ဘာလိုလို့တုံးဆိုတော့ အကူအညီလိုလို့.... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒီမှာလဲ ဘုန်းကြီးတို့ တကာတကာမတွေမှာတဲ့ ဘုရားသာသနာတော်နဲ့ တွေ့ကြုံရပါလို၏ဆိုတော့ အင်း....ရေထဲက တက်လာတဲ့ ကြာနဲ့တော့တူနေပြီ (မှန်ပါ) ငါးစာ့လိပ်စာ ကြာမဟုတ်ဘူး....(မှန်ပါ) ရေထဲကကို တခါတည်း တက်လာတဲ့ ကြာပဲ.... (မှန်ပါ)။

သစ္စာလေးပါးဟောနိုင်တဲ့ပုဂ္ဂိုလ်နဲ့ တွေ့ရပါလို၏ဆိုတဲ့ဥစ္စာလဲ တွေ့နေကြပြီ.... (မှန်ပါ) ဒါလဲ ငါးစာ့ လိပ်စာဖြစ်တဲ့ ကြာမဟုတ်ပါဘူး.... (မှန်ပါ) ရေပေါ်တက်လာတဲ့ ကြာပါပဲ.... (မှန်ပါ)။

သစ္စာလေးပါးတရားကို ထောင်းနိုင်တဲ့နားနဲ့ ပြည့်စုံရပါလို၏ဆိုတော့ တကာတကာမတွေမှာ ထောင်းနိုင်တဲ့နား ပြည့်စုံရပါလို၏ဆိုတော့လဲ တကာတကာမတွေမှာ ထောင်းနိုင်တဲ့နားကလဲ ရကြတယ်....(မှန်ပါ)။

ဒါဖြင့် ငါးစာ့လိပ်စာ ကြာမဟုတ်ဘူး (မဟုတ်ပါဘုရား)ရေပေါ်တက်မည့် ကြာပဲ....(မှန်ပါဘုရား)။

အဲဒီကဲ့သို့ ရေပေါ်တက်ပြီးသကာလ လာငြားသော်လဲ နေကမထွက်တဲ့နေ့၊ လေကမတိုက်တဲ့နေ့ ဆိုလို့ရှိယင် ဒီကြာသည် တကာသစ်ရေ.... ငုံလျက်နဲ့ပဲ ခြောက်သွားရတယ်.... (မှန်ပါဘုရား)။

ဘာလိုလို့ပါလိမ့်မတုံးမေးတော့မှ ဘုန်းကြီးတို့တကာတကာ မတွေ မှတ်လိုက်ပါ အကူအညီလိုလို့....(မှန်ပါ့ဘုရား)။

ဒီမှာလဲ ပါရမီပြည့်ပြီးသား ဆုတောင်းတွေနဲ့ အကုန်ညီညွတ်ပြီးသား ပုဂ္ဂိုလ်တွေမှာတဲ့ တိဟိတ်လဲဖြစ်သွားပါပြီ.... (မှန်ပါ့ဘုရား)။

အခုပြောတဲ့ အဓိပ္ပာယ်တွေလဲ စုံပါပြီ.... (မှန်ပါ့) သို့သော် နေ-လေ-နဲ့တူတဲ့ ကိုယ့်ကြာကလေးပွင့်မှုဟာ အကူအညီက လိုသေးတယ်....(မှန်ပါ့ဘုရား)။

အကူအညီက လိုတော့ ဘုရားက အခုပြောလိုက်တယ်၊ပါယင် ဘယ်လိုပဲဆုံဆုံကြတဲ့၊ ဓမ္မာနုဓမ္မပဋိပတ္တိအလုပ်ကို မလုပ်လို့ရှိယင် ငုံပြီးပျက်သွားတာပဲ.... (မှန်ပါ့ဘုရား)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်ကိုမလုပ်ယင် ဘာတဲ့.... (ငုံပြီး ပျက်ပါတယ် ဘုရား)။

ဒီမှာလဲ တကာတကာမတို့ ဉာဏ်တွေဟာ မြုံပြီးသကာလ စုတိစိတ်သာကျသွားမယ်....(မှန်ပါ့) အင်မတန်မနာဘူးလားဗျာ (နာပါတယ်ဘုရား)။

အဆုံကြီး ဆုံလာပြီးတော့မှ တကယ့် အရေးကြုံတာလေး တခု, အရေးကြီးတာလေး ·တခုကို မဖြည့်စွက်လိုက်ရတာနဲ့ ဘုန်းကြီးတို့ တကာတကာမတွေ အနာကြီးနာရတယ်- (မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘာကလေး သာအရေးကြီးတယ်ဆိုတာ ပေါ်ရော ပေါ့.... ပေါ်ပါပြီဘုရား) ဘာပါလိမ့်.... ( အကူအညီပါဘုရား)။

အကူအညီဟာ ဘာပါလိမ့်မလဲလို့ မေးတော့ ခမ္မာနုခမ္မပဋိပတ္တိ....(မှန်ပါ့ဘုရား)။

အကူအညီဟာ ဘာပါလိမ့်.... (ဓမ္မာနုဓမ္မပဋိပတ္တိပါဘုရား) ခြောက်....ပါရမီတွေ အကုန်စုံနေတာတောင်မှ သူ မပါလို့ ရှိယင် တကာကြွယ် အချိုးမကျဘူး....(မှန်ပါ့ဘုရား)။

အားလုံး တကာ တကာမတွေ နားကြီးကြီးနဲ့ ထောင်ပြီး သကာလ ခြောက်....ဒီ့ပြင်ဟာတွေ စုံပြီးသကာလ ဒါ-မပါလို့ ရှိယင်လဲ ခရီးမရောက်ပါလား....(မှန်ပါ့)။

ဒါဖြင့် ကျုပ်တို့ တကာ တကာမတွေမှာ တိဟိတ်လဲဖြစ်...၊ ဖြစ်ပျက်မြင်ယင် တိဟိတ်ဖြစ်နေပြီ.... (မှန်ပါ့) ဖြစ်မှုပျက်မှုတွေ မရှိဘူး- မရှိဘူး သိနေယင် တိဟိတ်က ဖြစ်နေပြီ.... (မှန်ပါ့ဘုရား)။

ဖြစ်ပင်ဖြစ်ငြားသော်လဲ ကိုယ်တိဟိတ်ဖြစ်ငြားသော်လဲ ဓမ္မာနုဓမ္မပဋိပတ္တိဆိုတဲ့ လောကုတ္တရာတရားနဲ့လျော်တဲ့ မဂ်ပေါ်အောင် မလုပ်နိုင်သေးလို့ ရှိယင်ဖြင့်....တဲ့၊ ငါးစာ၊ လိပ်စာကြာနဲ့၊ ကြာပွင့် ကလေးတွေဟာ တချို့နေရာကျတော့ ငါးတို့၊ လိပ်တို့က စား သွားတယ်.... (မှန်ပါ့)။

တချို့ကြာပွင့်ကလေးတွေကျတော့လဲ ရေပေါ်မှာ စွင့်စွင့် ကားကားတက်နိုင်တယ်....(မှန်ပါ့)။

အဲဒီလို စွင့်စွင့်ကားကား တက်နိုင်တဲ့ကြာ ဖြစ်ပါလျက်သား နဲ့ မပွင့်ပဲနဲ့ ငုံပြီးသကာလ ခြောက်သွေ့သွားရတယ် ဆိုတာ သည် အကူအညီဖြစ်တဲ့ ဓမ္မာနုဓမ္မပဋိပတ္တိ လိုတဲ့အတွက် တကာ တကာမတို့ ပေယျလိုဖြစ်သွားမယ်....(မှန်ပါ့)။

ပေယျမှာ ဓမ္မာနုဓမ္မပဋိပတ္တိဟောကာနီးမှ လွတ်သွားတယ်.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဒီနေ့ ဘာဖြည့်ရမယ်ဆိုတာ ပေါ်ပလား... (ပေါ်ပါပြီ) ဘာဖြည့်ရမလဲ(ဓမ္မာနုဓမ္မာပဋိပတ္တိ ဖြည့်ရပါမယ်ဘုရား)။

တကာသစ်ရေ....ဒါ-အရေးကြီးတယ်ဆိုတာ သေသေချာချာ မှတ်နော်....(မှန်ပါ့) ပါရမီပြည့်စုံပြီးသား ဖြစ်စေကာမူ တကာ တကာမတို့ လူ့ဘဝရတယ်, သဒ္ဓါသမ္ပတ္တိနဲ့ ပြည့်စုံတယ်, သစ္စာလေးပါး ဟောတတ်တဲ့ဆရာနဲ့ကြုံတယ်, သာသနာတွင်းကြုံတယ်, ထောင်တတ်တဲ့နားရှိတယ်၊ ဓမ္မာနုဓမ္မပဋိပတ္တိမပါယင် ဦးမာဒင် သွားပြန်တာပဲ.... (မှန်ပါ့)။

ငုံ့သွားတယ်- မြုံ့သွားတယ်ဆိုတဲ့ အဓိပ္ပာယ်ဟာ အင်မတန်ကြောက်စရာကောင်းတယ်....(မှန်ပါ့) မရှုံးဘူးလားဗျာ....(ရှုံးပါတယ်ဘုရား)။

အေး ... ဒါတွေသိရတော့မှ ဩော်....ဒါဖြင့် တို့သည်ကားလို့ဆိုယင်ဖြင့် ဖြည့်စရာကလေးနည်းနည်းကလေးနဲ့ တသံသရာလုံး ပြန်မြုပ်သွားရမယ် ဆိုလို့ရှိယင် ကိုယ်ကျိုး အကြီးအကျယ်နည်းတာပဲဆိုတဲ့ဥစ္စာ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာကြွယ် ဘာ-အရေးကြီးပါလိမ့်.... (ဓမ္မာနုဓမ္မပဋိပတ္တိ အရေးကြီးပါတယ်ဘုရား)။

တကာတကာမတို့ ဒီအရေးကို ဘုန်းကြီး စွဲစွဲမြဲမြဲနဲ့ တကာတကာမတွေ ကရုဏာ ရှေ့ထားပြီး အကြီးအကျယ် ပြောတယ်ဆိုကတည်းက ဦးမာဒင် ရိပ်မိပါပြီ....(ရိပ်မိပါပြီဘုရား)။

ဟင်း....အကုန်စုံပြီးသွား ဆွားကလေးတခု လိုတော့တယ် ဆိုယင်လဲ အကုန်ပျက်တယ်....(မှန်ပါ့)။

ဟင်း....ကိုရိယာ အကုန်စုံဌြားသော်လဲ ဆွားမပါယင်(ပျက်ပါတယ်ဘုရား)။

ဒီမှာလဲ တခြားပါရမီတွေ အကုန်စုံဌြားသော်လဲ ဓမ္မာနုဓမ္မပဋိပတ္တိ ဆွားမပါယင် အကုန်ပျက်ပါတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဦးမာဒင်တို့ တကာသစ်တို့ အသေက မဦးခင် ဓမ္မာနုဓမ္မပဋိပတ္တိကဦးအောင် ကြိုးစား....(မှန်ပါ့ဘုရား)။

တကာကြွယ် ရိပ်မိပြီ....(ရိပ်မိပါပြီ)အသေမဦးခင်....(ဓမ္မာနုဓမ္မပဋိပတ္တိကဦးအောင် ကြိုးစားရပါမယ်ဘုရား)။

ဒါတော့ဖြင့် တကာကြွယ် ဦးမာဒင်တို့ ဆရာဝန်ကြီးတို့ မလျှော့နဲ့နော်....(မှန်ပါ့)ဒါ-လျှော့လိုက်လို့ရှိယင်ပြည့်ပြီးသွား အကြောင်းတွေ.အကုန်ပျက်တယ်....(မှန်ပါ့)။

ပြည့်ပြီးသွားအကြောင်းတွေ....(အကုန်ပျက်ပါတယ်ဘုရား) အကုန်ပျက်တယ်ဆိုတဲ့ဥစ္စာ တကာကြွယ်ရေ အနာဆုံးအချက်မို့. ဒီနေ့ရှေ့ပိုင်းမှာ သတိပေးပါတယ်... (မှန်ပါ့ဘုရား)။

ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာ တခြားမဟုတ်ပါဘူး။ ဖြစ်ပျက်နဲ့. မဂ်နဲ့ ကိုက်ဖို့အရေးကြီးတယ်....(မှန်ပါ့)။

ဓမ္မနုဓမ္မပဋိပတ္တိဆိုတာ ဘာပါလိမ့်.... (ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်ဖို့အရေးကြီးပါတယ်ဘုရား) ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ယင် ဓမ္မာနုဓမ္မပဋိပတ္တိဖြစ်ပါတယ်....(မှန်ပါ့ဘုရား)။

- ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ယင်.... ( ဓမ္မာနုဓမ္မပဋိပတ္တိဖြစ်ပါတယ် ဘုရား)။

ဒါဖြင့်ဓမ္မာနုဓမ္မပဋိပတ္တိမပါလို့ ရှိယင်ဖြင့် ဘုရားနဲ့တွေ့ရပါလို၏ဆိုလဲ တွေ့သွားတာပဲရှိတာပဲ ...(မှန်ပါ) ကိုယ့်မဂ်ဉာဏ်-ဖိုလ်ဉာဏ် မပွင့်ရဘူး (မှန်ပါ) သဘောကျပလား.... (ကျပါပြီ) သာသနာကြီးနဲ့ကြုံရပါလို၏ဆိုလဲ ကြုံတာပဲ ရှိတာပဲ၊ ကိုယ့်ဝမ်းထဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်ပွင့်ရရဲ့လား.... (မပွင့်ရပါဘုရား)။

သစ္စာတရားကို ဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့ တွေ့ရပါလို၏ဆိုတဲ့ ဥစ္စာလဲ တွေ့ကြတယ်(မှန်ပါ)ဓမ္မာနုဓမ္မပဋိပတ္တိအလုပ်ကို ကိုယ်က မလုပ်လိုက်လို့ ရှိယင်လဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ်မပွင့်ရဘူး.... (မပွင့်ရပါဘုရား) တယ်နာပါကလားနော်....(နာပါတယ်ဘုရား)။

တကာတကာမတို့ သစ္စာတရားကို ထောင်တတ်တဲ့ နားနဲ့ ပြည့်စုံရပါလို၏ဆိုတဲ့ တကာတကာမတွေ နောက်က အားခဲလာတာကြီးလဲ အခုတွေ့ရပါပြီ....(မှန်ပါ)နားတော့လည်ရဲ့၊ဓမ္မာနုဓမ္မပဋိပတ္တိ ဖြစ်ပျက်နဲ့ မဂ်နဲ့ မကိုက်သေးပြန်ယင်လဲတကာသင်ရေ မဂ်ဉာဏ်, ဖိုလ်ဉာဏ်မပွင့်ဘူး.... ( မှန်ပါ ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဟာ တကာတကာမတို့ ဓမ္မာနုဓမ္မပဋိပတ္တိ အကူအညီကင်း၍ မရနိုင်....(မှန်ပါ) ရှင်းကြပလား-(ရှင်းပါပြီဘုရား)။

မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဟာ (ဓမ္မာနုဓမ္မပဋိပတ္တိအကူအညီကင်း၍ မရနိုင်ပါ) မရနိုင်ဘူးဆိုတာ ဘုန်းကြီးတို့ တကာတကာမတွေ သိကြပြီ....(သိကြပါပြီဘုရား)။

ဒါဖြင့် ဦးလှဘူး ဘာအရေးကြီးသလဲ.... (ဓမ္မာဓနုမ္မပဋိပတ္တိ အကူအညီအရေးကြီးပါတယ်ဘုရား)။

ဒါ တိရစ္ဆာန်ဘုံတွေကို ပြောတာမဟုတ်ဘူးနော်....(မှန်ပါ့) တိရစ္ဆာန်တွေတော့ ဘုရားသာသနာတော်နဲ့ လဲကြုံ....(မှန်ပါ့) တကာတကာမတို့သိတဲ့အတိုင်း ထောင်တတ်တဲ့ နားကလဲပါ.... (မှန်ပါ့) ဟောတတ်တဲ့ပုဂ္ဂိုလ်ကဟောတော့ သူနဲ့မဆိုင် .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သူတို့ကျတော့ဒီဖြည့်ရိုကလေးတခုလိုတော့တယ်လို့ ဘုန်းကြီး တို့ဂလဲ ဟောဖို့လိုဘူး... (မှန်ပါ့)ဘုရားကလဲ ဟောဖို့လိုဘူး (လိုပါ)ဒီတကာတကာမတွေတော့ ဖြည့်ရိုကလေးတခုလိုတော့ တယ်....(မှန်ပါ့ဘုရား)။

ဦးမာဒင် ဘာတဲ့တုံး....(ဖြည့်ရိုကလေးတခုလိုပါတော့တယ်) ကြော်....ဒါဖြင့် တကာတကာမတို့ ဖြည့်ရိုကလေးတခုလိုဘယ် ဆိုတဲ့ဥစ္စာသည်ကားလို့ ဆင်ယင်ပြင်ပဲ့ ကိုယ့်တာဝန်ကလေးတခုပဲ လိုတော့တယ်....(မှန်ပါ့ဘုရား)။

ကိုယ့်တာဝန်ကလေး.... (တခုပဲလိုပါတော့တယ်) ဒီတခု ကလေးနဲ့ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ အသေစောကို မခံလိုက်ပါနဲ့....(မှန်ပါ့ဘုရား)။

တကာကြွယ် ဘယ်လိုမှာပါလိမ့်.... (အသေစောကိုမခံပါနဲ့) အသေမစောပါစေနဲ့....(မှန်ပါ့) ဉာဏ်ကဦးပါစေ....(မှန်ပါ့)။

အသေက စောပါစေနဲ့ ဉာဏ်ကဦးပါစေ ဆိုတဲ့ဥစ္စာက နင်နေသွားမှာစိုးလွန်းလို့....(မှန်ပါ့ဘုရား)။

ထိမှာ နောက်ဆုံးပိတ်တလုံး ၄-နေရာမှာ ဟုတ်သား ၅ ကလေးဖြစ်တော့ တလုံးပဲလိုသွားတယ် ဒီ့ပြင်ဂဏန်းတွေ

အကုန်တိုက်မိသွားပဲဆိုတော့ တကာတကာမတို့တလုံးလွဲဘာလဲ မပေါက်တာပဲ....(မှန်ပါ့ဘုရား)။

တလုံးလွဲတာ ဘယ်နှယ်တုံး....(မပေါက်ဘာပါ) မပေါက်ဘာပဲဆိုတော့ ကိုယ်လိုချင်တဲ့ ဝတ္ထုစ္စပည်းမရတာပဲ.... (မှန်ပါ့ဘုရား)။

ဒီမှာလဲ ဒီ့ပြင်ဟာတွေ အကုန်စုံလာငြားသော်လဲ ဓမ္မာနုဓမ္မပဋိပတ္တိ မပါယင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်မရဘာပဲ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ပြောတဲ့ အရေးမှာဖြင့် ဒီ့ပြင်ပါရမီစုံတာကိုလဲ ဘုန်းကြီးအကုန်ပြောခဲ့ပါပြီ.... (မှန်ပါ့) ဓမ္မာနုဓမ္မာပဋိပတ္တိဆိုတဲ့ ၄-နေရာမှာ ၅-လဲမဖြစ်ပါစေနဲ့....(မှန်ပါ့ဘုရား)။

၄-နေရာမှာ ၃-ကလေး-(မဖြစ်ပါစေနဲ့) ၄-က ပေါက်ဂဏန်းကိုးဗျ.... (မှန်ပါ့) ၃-ဖြစ်လဲအလကားပဲ....(မှန်ပါ့) ၅-ဖြစ်ကော(အလကားပါပဲ) အဲဒီ ၃-၅ကိုဖြင့် ဦးမာဒင် ရှောင်ရသိမ့်မယ်-(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

၃-၅ မဖြစ်စေပဲနဲ့ ဟုတ်လား၊ ၄-ဖြစ်အောင်တော့ဖြင့် ငါသည်ကားလို့ဆိုယင်ဖြင့် ဝီရိယနဲ့ ဉာဏ်စွမ်းကို အစွမ်းကုန်ကြိုးစားလိုက်လို့ရှိယင်ဖြင့် တကာကြွယ် ခရီးပေါက်ပြီး ဆောက်တော့မှာပဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

နို့မဟုဘ်လို့ရှိယင် အပါယ်လေးပါး ရောက်ခဲ့တာတွေက အဟုတ်လုပ်သလာ-းမလုပ်ဘူးလား သူတို့ကစောင့်ကြည့်နေတယ်....(မှန်ပါ့ဘုရား)။

အဟုတ်လုပ်သလား- မလုပ်ဘူးလားလို့.... (စောင့်ကြည့်နေပါတယ်) မစောင့်သော်လဲ အနုသယသဘောနဲ့ ကိန်းနေတယ် (မှန်ပါ့) မင်း မဂ်ဉာဏ်မရဘူး၊ နက်ဖြန်မင်းကို တွန်းချမယ်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

မင်းဒီနေ့ မဂ်ဉာဏ်ရအောင် ဓမ္မာနုဓမ္မပဋိပတ္တိနဲ့ မင်းလုပ်လိုက်တယ်၊ ငါတို့အကြီးအကျယ်နောက်ဆုတ်မယ် .... (မှန်ပါ့) ကဲ....ဒီလိုစစ်ထိုးနေရတယ်....(မှန်ပါ့ဘုရား)။

တကာတကာမတွေ အခုပြောတဲ့ စကားဟာ သေးသေးသိမ်သိမ်လို့ မမှတ်ပါနဲ့....(မှန်ပါ့ဘုရား) အပါယ်ကျစေတတ်တဲ့ တရားတွေကလဲ အနုသယသဘောနဲ့ ခန္ဓာကိုယ်ထဲမှာကိန်းနေတယ်....( မှန်ပါ့ဘုရား )အထည်တော့မရှိဘူးပေါ့ဗျာ.... (မှန်ပါ့ဘုရား)။

အကြောင်းရှိလို့ရှိယင် မင်းမဂ်ဉာဏ်, ဖိုလ်ဉာဏ် မရယင် တွန်းချမယ်ဆိုတဲ့ သဘောကတော့ရှိတယ်....(ရှိပါတယ်)သူကလဲ တွန်းမည့်ဆဲဆဲ ကိုယ်ကလဲ လွှတ်မည့်ဆဲဆဲမှာ တကာတကာမတို့သူက တွန်းမယ်- ကိုယ်ကရှောင်မယ်....(မှန်ပါ့)။

ဒါဖြင့် တွန်းမည့်ဘရားကလဲ စောင့်နေတယ်၊ ရှောင်ရမည့်ပုဂ္ဂိုလ်ကလဲ တွန်းမည့်ဘရားသိနေလို့ ဖြေးဖြေးရှောင်မှတော်မလား၊ မြန်မြန်ရှောင်မှ တော်မလား....(မြန်မြန်ရှောင်မှ ဘော်ပါမယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က တကာကြွယ်တို့က ချေးထူခနေပါနဲ့....

(မှန်ပါ့) နက်ဖြန်သဘက် ရွှေ့မနေပါနဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဦးမာဒင် ဘယ့်နှယ်မှာသတုံး....(နက်ဖြန်သဘက် ရွှေ့မနေပါနဲ့ဘုရား)။

နက်ဖြန်သဘက်ရွှေ့လိုက်တော့ တွန်းမည့်တရားက နိုင်သွားလို့ရှိယင် အသေစောလိမ့်မယ်....(စောပါတယ်) အသေစောလို့ရှိယင်ဖြင့် တကာတကာမတို့မဂ်ဉာဏ်-ဖိုလ်ဉာဏ်ကမရလိုက်တော့ သူတို့ဘက်က အနိုင်ယူသွားတယ် .... (မှန်ပါ့) ချောက်ကျတဲ့ဘက်ပါသွားတယ် .... ( ပါသွားပါတယ် ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ တွန်းမည့်တရား ရှိလျက်သားနဲ့ အရှောင်နှေးတဲ့ အလုပ်ကိုလုပ်နေကြမယ်ဆိုယင် ဒီလူ့ထက်မိုက်တာတော့ မရှိဘူး....(မှန်ပါ့ဘုရား)။

ဒါ လုပ်စေချင်လို့ ပြောတာလား-ပရမတ်နယ်မှာ တကယ်ရှိနေတာလား....( ပရမတ်နယ်မှာ တကယ်ရှိနေတာပါဘုရား )။

မဂ်နဲ့ မပယ်သေးသရွေ့ ဒီဘဝအကုသိုလ်တွေကလဲမနည်းသေးဘူး (မနည်းပါ) နောက်ကပါလာတဲ့ အကုသိုလ်တွေကကော .... (မနည်းပါ) သဘောပါကြပလား.... (ပါပါပြီဘုရား)။

ဒါတွေက ဘာလုပ်မှာတုံးလို့ ဘုန်းကြီးတို့ တကာတကာမတွေက မေးတော့မှ အို....သူတို့ကတွန်းချမည့်တရား....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သူတို့ကလဲ တကာတကာမတွေ အနုသယသဘောနဲ့တော့ စောင့်နေတယ်....(စောင့်နေပါတယ်ဘုရား) တကာတကာမတွေ ကလဲအခုဆရာသမားအမှီပြုပြီးသကာလ ရှောင်မဟဲ့...(မှန်ပါ) အပါယ်လေးပါး တံခါးပိတ်တဲ့အလုပ်·လုပ်မဟဲ့ ဆိုတာ ရှောင် မဟဲ့-လုပ်တာပဲ....(မှန်ပါ)။

အဲဒါ အရှောင်က နည်းနေပြီး ဟိုက အတွန်းက စောသွား မှာလဲ စိုးရိမ်ရတယ်.... (စိုးရိမ်ရပါတယ်ဘုရား)။

အဲဒီတော့ ဒီဥစ္စာကို ဖြေးနိုင်သလောက် ဖြေးနေလေလေ- မှားချက်သန်လေလေ . (မှန်ပါ) အချိန်ဆွဲလေလေ.... (မှားချက် သန်လေလေပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဦးမာဒင်တို့ ဘုန်းကြီးပြောတာသည် မြတ်စွာဘုရား ဟောတော်မူတာ ပြောရတာဖြစ်ပါတယ်... (မှန်ပါ)။

မြတ်စွာဘုရား ဟောတော်မူတာ ပြောရတာဖြစ်တော့ ဘုရား က နှစ်ဘက်မြင်....( မှန်ပါ ) တွန်းမည့်တရားလဲ သူမြင်တယ်၊ ရှောင်မည့်တရားလဲ သူပေးတယ်....(မှန်ပါ) ရှောင်မည့်တရားလဲ သူပေးထားတယ်....(မှန်ပါ)။

အဲဒီ ပေးတဲ့ ဓမ္မာနုဓမ္မပဋိပတ္တိကိုလဲ တကာတကာမတွေက မလုပ်လိုက်လို့ရှိယင် တွန်းမည့်တရားကတော့ဖြင့် တွန်းတော့မှာ ပဲ....(တွန်းမှာပါဘုရား)။

တွန်းယင်လဲ ဘုန်းကြီးတို့ တကာတကာမတွေ ပြန်ပြီး မတက် နိုင်ဘူး....တဲ့-(မှန်ပါ) ဟယ်လဲ ကြောက်စရာကောင်းပါကလား (ကောင်းပါတယ်ဘုရား)။

အေး....ဒါ့ကြောင့် သားကိစ္စ၊ သမီးကိစ္စ၊ ဆွေကိစ္စ၊ မျိုးကိစ္စ၊ ရပ်ကိစ္စ၊ရွာကိစ္စတွေနဲ့ ကိုး၊ အဲဒါ ကိုယ့်ကိစ္စမဟုတ်ဘူးလို့ ကို တကာကြွယ် သပိတ်မှောက်ရလိမ့်မယ်....(မှန်ပါ) ကိုယ့်ကိစ္စလို့ ဆိုလို့ ရရဲ့လား....(မရပါဘုရား)။

အေး....မင်းတို့က ခေါ်တာတော့ ဟုတ်တယ်၊ ငါ့ကို တွန်း ချမည့် တရားက ဦးသွားလို့ ရှိယင် ငါ- ကိုယ်ကျိုးနည်းလိမ့်မယ်၊ ရှောင်ရမည့်တရား ငါ့အရေးကြီးနေတယ်လို့ ပြောလိုက်စမ်းပါ- (မှန်ပါဘုရား) ပြောထိုက်-မပြောထိုက်.... (ပြောထိုက်ပါတယ် ဘုရား)။

ဒါ....ဉာဏ်နားနဲ့ ထောင်တော့မှ ဒီအရေးဟာ ဩော်.... သူတို့ကတော့ ရပ်ကိစ္စ၊ရွာကိစ္စ၊ ဆွေကိစ္စ၊ မျိုးကိစ္စ၊ စီးပွားရေး ကိစ္စနဲ့ ကောင်းစေချင်လို့ ပြောတယ်လို့တော့ ဆိုကြဘာပဲ၊ ကိုယ့်မှာ အခု ဘုန်းကြီးဟောတဲ့ ဘုရားတရားနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ သူကောင်းဟာ အကောင်းစစ်မဟုတ်ပါလား.... (မှန်လှပါ) ကိုယ်ရှောင်ရမည့်အလုပ်သာ အကောင်းစစ်ပါလား (မှန်ပါ)။

တွန်းမည့်တရားမရှိယင်လဲ ဘုန်းကြီးက ဒါလောက် ကတိုက် ကရိုက်ပြောဖို့ ဆရာဝန်ကြီး လိုသေးသလား.... (မလိုပါဘုရား) သဘောပါပါလား....(ပါပါပြီဘုရား)။

တွန်းမည့်တရား မရှိလို့ ရှိယင်လဲ တကာကြွယ် ခပ်ဖြေးဖြေး ပေါ့လို့ ဘုန်းကြီး ပြောရမယ်....(မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ ဓမ္မာနုဓမ္မပဋိပတ္တိဆိုတဲ့ ဖြစ်ပျက်အလုပ်ကို မလုပ်ဘဲ နေတဲ့ပုဂ္ဂိုလ်များ တွန်းမည့်တရားရှိတာကို ခေါ်ခဲ့တာ.... (မှန်ပါ) ကယ်တင်မည့်တရားကို သူ အားမကိုးဘူး.... (မှန်ပါ ဘုရား)။

တွန်းမည့်တရား-(စောင့်နေပါတယ်ဘုရား) အဲဒါ အနာဂတ်ဘေးဆိုတာ ဦးမာဒင် မှတ်လိုက်စမ်းပါ....(မှန်ပါ) မလုပ်တဲ့ ပုဂ္ဂိုလ်ဟာ အနာဂတ်ဘေး စောင့်တယ်....(မှန်ပါ)။

မလုပ်တဲ့ပုဂ္ဂိုလ်ဟာ....(အနာဂတ်ဘေးစောင့်ပါတယ်ဘုရား) တကာကြွယ် သဘောပါပလား.... ( ပါ-ပါပြီဘုရား ) ဒါက အင်္ဂုတ္တိုရ်ပါဠိတော်မှာ လာတာပါ တကာတကာမတို့....(မှန်ပါ ဘုရား)။

အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟော....တဲ့ တွန်းမည့်တရားကလဲ တွန်းမည်လို့ မင်း-ငါ နက်ဖြန် တွန်းချမည်လို့ သူက ဆုံးဖြတ်ချက်ချနေတုန်း ကိုယ်က ယနေ့ မရှောင်လို့ ရှိယင် ဒါ-အနာဂတ် ဘေးသင့်ပြီး သူစောင့်မျှော်နေတဲ့ရန်သူနဲ့ သူတွေ့သွားတာကွ-တဲ့ (မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ နက်ဖြန်သဘက် ရှေ့နေတာ ဉာဏ်ကို စောင့်တာလား-ဘေးကိုစောင့်တာလား.... (ဘေးကို စောင့်သာ ပါဘုရား)။

အံမာလေး.... တကာတကာမတို့ ဘေးဆိုတာက မစောင့်ရဘူး၊ ရှောင်ရတယ်နော်.... ( မှန်လှပါ ) ခင်ဗျားတို့ကတော့ ဘယ့်နှယ်ဖြစ်နေသတုံး....(စောင့်နေပါတယ်ဘုရား)။

ဟာ.... တကာကြွယ် သတ်မည့်သူစောင့်နေတဲ့ ပုဂ္ဂိုလ်ဆိုလို့ ရှိသင်ဖြင့် အမိုက် အကြီးစား ဖြစ်ရလိမ့်မယ်.... ( ဖြစ်ရမှာပါ ဘုရား) မဖြစ်ထိုက်ဘူးလား....(ဖြစ်ထိုက်ပါတယ်ဘုရား)။

အေး-ဒါ့ကြောင့် တရားကိုမဟောခင် ဒါဟာ ကျမ်းဂန်တွေ အမျိုးမျိုးညှိပြီးသကာလ တကာတကာမတွေကို ကိုယ်အရေး ကြီးကြောင်း ကိုယ်သိပါစေတော့လို့ အင်္ဂုတ္တိုရ်တွေထဲကဟာ တွေယူပြီး ပြောနေတာ.... (မှန်ပါ) ဦးမာဒင် ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့မှာ မလုပ်ပဲနေလို့ ဓမ္မာနုဓမ္မပဋိပတ္တိ မလုပ်ပဲ နေလို့ ရှိယင်ဖြင့် သက်ဆိုးရှည်....ကွ....(မှန်ပါ)။

ဘယ်နှယ်ဆိုမလဲ....(သက်ဆိုးရှည်ပါဘုရား) ဘာ့ကြောင့်တုံး ဆိုတော့ အနာဂတ်ဘေး စောင့်နေလို့....(မှန်ပါ)။

ဘယ်လိုဆိုကြပါ့မယ်... (အနာဂတ်ဘေး စောင့်နေလို့ပါ) အနာဂတ်ဆိုတာ တကာတကာမတို့ အိုဘေး နာဘေး သေဘေး ကလဲ တွေ့ရမှာပဲ... (မှန်ပါ) ရှေ့က ရှိလျက်ကိုးဗျ.... (မှန်ပါ ဘုရား)။

အဲ... နောက်က ဥပစ္ဆေဒက ဥပပီဠက ဥပဃာတကကံတွေ ကလဲ နောက်က တွန်းချမည်လို့ ဒါတွေကကော ရှိလျက်ပဲ.... (ရှိလျက်ပါဘုရား)။

ခင်ဗျားတို့က စဉ်းစားကြည့်ပါ၊ ကံဖြတ်တဲ့မင်္ဂမှ ရေသေး တော့ စောင့်နေတယ်ဆိုတာ မသေချာဘူးလား.... (သေချာပါ တယ်ဘုရား)။

ကံဖြတ်တဲ့မဂ်ကို မရသေးယင်.... (စောင့်နေပါတယ်ဘုရား) အဲဒါကြောင့် ဘုန်းကြီးက တကာကြွယ် အရေးတကြီး ပြောနေ ဘယ်....(မှန်ပါ) ကဲ....ဦးမာဒင် ပေါ်ပလား.... (ပေါ်ပါပြီ ဘုရား)။

ခင်ဗျားတို့သည် ဘုန်းကြီးတို့၏ ပြောဆိုမှု ဘုရား၏ ဆုံးမ မှုကို မလိုက်နာတဲ့ ပုဂ္ဂိုလ်မှန်ခဲ့လို့ ရှိယင်ဖြင့် ခင်ဗျားတို့ တွန်း မည့်လူ စောင့်ပြီး ရှောင်ဖို့ရာ အလုပ်ကို အရေးမကြီးတဲ့အထဲ မိမိပါဝင်သွားတယ်.... (ပါဝင်ပါတယ်ဘုရား) မပါဝင်ဘူးလား (ပါဝင်ပါတယ်ဘုရား)။

သေသေချာချာ ဉာဏ်နားနဲ့ ထောင်ကြည့်ပါ....၊ နက်ဖြန် သဘက် လ,တွေ-နှစ်တွေ ရှေ့နေတဲ့ပုဂ္ဂိုလ် တကာသမ် ဘယ်လို ပုဂ္ဂိုလ်ထဲ သွင်းပါ့မလဲ.... ( အနာဂတ်ဘေးစောင့်တဲ့ ပုဂ္ဂိုလ်ပါ ဘုရား)။ အနာဂတ်ဘေးစောင့်တယ်....(မှန်ပါ)။

ဘကာတကာမတွေ ဘာစောင့်သလဲ (အနာဂတ်ဘေးစောင့် ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ပြောယင်း ပြောယင်း စကားထဲမှာဖြင့် ဒီအနာဂတ်ဘေးစောင့်တဲ့အသံတွေ ပါတယ်နော်....(ပါ-ပါတယ် ဘုရား)။

သို့သော်.... သာမညနား အခုလို အင်္ဂုတ္တိုရ်ပါဠိတော်ကြီး တွေ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတာတွေ ကြားဘူး တော့ သူ့ ရည်ရွယ်ချက်ကောင်းရှာသားပဲ.... ( မှန်ပါ ) ဒီလို ပြောလေ့ ရှိသေးတယ်....(မှန်ပါ)။

ဘယ်လို ပြောမယ်ထင်သတုံး.... (ရည်ရွယ်ချက်ကောင်းတယ်လို့ ပြောပါတယ်ဘုရား)။

ဘုန်းကြီးတို့က မကောင်းဘူးကွ....တဲ့....(မှန်လှပါ) ဘုရားကကော.... ( မကောင်းပါဘူး....တဲ့ ) မကောင်းပါဘူးကွ....တဲ့....(မှန်ပါ)။

မင်းတို့ကသာ မင်းတို့မိတ်ဆွေချင်းမို့ ဒီရည်ရွယ်ချက်ကောင်းရှာတယ်လို့ ဂုဏ်လိုက်ပြီးပြောတာ....(မှန်ပါ)။

စင်စစ်တော့ သူသည်ကားဆိုလို့ ရှိယင်ရက်ရွေ့,လရွေ့ ဆိုတာ အနာဂတ်ဘေး စောင့်နေတာ....(မှန်ပါ)ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေ အနာဂတ်ဘေးကလဲ စောင့်ရှိနေတဲ့အထဲမှာ စောင့်လုံးက သန်နေဦးမယ်၊ ဓမ္မာနုဓမ္မပဋိပတ္တိအလုပ်ကို မလုပ်တော့ဘူးဆိုလို့ ရှိယင်ဖြင့် ခုနင်ကပြည့်သရွေ့ ဆုအကုန် အဟောသိကံဖြစ်....(မှန်ပါ)။

ပြည့်သရွေ့ ဆုတွေ....(အကုန်အဟောသိကံဖြစ်ပါတယ်)ကဲ.... ဦးမာဒင် ဒါလောက်နာတာ ရှိသေးသလား.... ( မရှိပါဘုရား ) ပြည့်သရွေ့ ဆုတွေ ဘာဖြစ်သတုံး.... (အကုန်အဟောသိကံဖြစ်ပါတယ်ဘုရား)။

ကဲ....တကာကြွယ် ဒီ့ထက်နာတာတော့.... (မရှိပါဘုရား) ဒါဖြင့် ဒီနေ့ပြောတဲ့ မြတ်စွာဘုရားအနာဂတ်ဘေးဟောတဲ့နေရာ ဌာန ကြာတွေပွင့်နိုင်တဲ့ အခြေအနေ ရှိပါလျက်သားနဲ့ တချက်တည်းလိုလို့ ဆိုတာနဲ့လဲ ဦးမာဒင် တထပ်တည်းပြောတာပဲ...

(မှန်ပါ့ဘုရား) တထပ်ကည်းပဲ မဟုတ်လား....(တဆပ်တည်းပါ ဘုရား)။

အဲဒါက ပါဠိတော်တွေ အမျိုးမျိုးညှိပြီးသကာလ ဘုရားဟောတော်မူတာတွေ ပြောနေတဲ့တရားလို့ သေသေချာချာ မှတ်ပါ....(မှန်ပါ့) စကားပြောနေတာမဟုတ်ဘူး၊တရားပြောနေတာ....(မှန်ပါ့) ရိပ်မိပြီနော်... (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ စုံပြီးသားပုဂ္ဂိုလ်မှာ ဘာလိုသေးတုံးတကာသင်ရေ.... (ဓမ္မာနုဓမ္မပဋိပတ္တိ ကူဖို့လိုပါတယ် ဘုရား)။

မမေ့ပါနဲ့ - မမေ့ပါနဲ့၊ အိပ်ရာထဲ နှဖူးပေါ်လက်တင်ပြီးသကာလ အိပ်မယ်ကြံယင် မင်း-ဘယ်အချိုးအစားတုံး....ကိုယ့်ကိုယ် ကိုယ်မေးပါ....(မှန်ပါ့)။

မင့်မှာ ဆရာကောင်းတွေ့ရဲ့လား၊ သာသနာတွင်းတွေ့ရဲ့လားလို့ ,မေးကြည့်.... (မှန်ပါ့) သူ-ဘယ်လိုဖြေမယ်ထင်သတုံး ခင်ဗျားတို့....(တွေ့ပြီလို့ဖြေပါမယ်ဘုရား)။

သစ္စာတရားဟောတတ်တဲ့ ဆရာသမားနဲ့ မင်းတွေ့ပလားလို့ မေးကြည့်.... (တွေ့ပါပြီဘုရား) မင့်ကော ထောင်တတ်တဲ့နားကော ပါရဲ့လားလို့မေးကြည့်....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် မင်း-ဘာလိုနေသေးတုံး၊ မင်းမှာ တခုတည်းလိုတော့ ပါကလား... (မှန်ပါ့) ဘာပါလိမ့်.... (ဓမ္မာနုဓမ္မပဋိပတ္တိပါ ဘုရား)။

ဒါဖြင့်ဗျာ ဒီဂဏန်းကလေး တလုံးတိုးလိုက်ရတာနဲ့ ဦးမာဒင်ရေ-ကျုပ်တို့မှာ အလွန်ကျေးဇူးများပါတယ်.... (များပါတယ် ဘုရား) မများပေဘူးလား....(များပါတယ်ဘုရား)။

အဲဒါကြောင့် ကကာကြွယ် သြော်....ဒို့ ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်ကလေးဘာခုပါကလား.... (မှန်ပါ) တခြားဟောတာတွေ ကဖြင့် ဒို့-ကြိုးစားခဲ့သလောက် ခရီးပေါက်ကုန်ပြီ.... (မှန်လှပါ ဘုရား)။

ဒီတလုံးချော်တာနဲ့ သသံသရာလုံးမျောရမယ် ဆိုလို့ရှိယင် ဒို့လောက်မိုက်တွင်းနက်တာ မရှိဘူး....(မှန်ပါ)ဆိုထိုက်-မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါ တခြားသောဘုန်းကြီးကလဲ တကာတကာမတွေ အား ထုတ်စေချင်ရှာလွန်းလို့ ခင်ဗျားတို့ ဒီလိုလေပြေမထိုးပါနဲ့.... (မှန်ပါ) ဦးမာဒင် မထိုးနဲ့နော် ...(မထိုးပါဘုရား)။

အားထုတ်ရှာစေချင်လွန်းလို့ မဟုတ်ပါဘူး....(မှန်ပါ) ရှုံး ချက်သန်လွန်းလို့ပြောတာ....(မှန်ပါ) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

အားထုတ်စေချင်လို့လား....၊ ရှုံးချက်သန်လို့လား....(ရှုံး ချက်သန်လို့ပါဘုရား)။

အဲ....ဘုန်းကြီး ဟောတာကတော့ အရှုံးအမြတ်ကိုတွက်ပြီး ဒီရှုံးချက်ဟာ အကုန်နိုင်လာပြီးမှ ဒီတချက်ကျမှ ရှုံးတယ်လို့ ပြောတာ.... (မှန်ပါဘုရား) သဘောကျပလား.... ( ကျပါပြီ ဘုရား)။

ခင်ဗျားတို့အားထုတ်တာ ခင်ဗျားတို့အရေးပါ.... (မှန်ပါ) မဟုတ်ဘူးလား....(မှန်ပါ) ရှုံးတာ-မရှုံးတာ မတွက်မှာစိုးလို့ ဦးမာဒင်ရေ-အရှုံးတွက်ပြတာ....(မှန်ပါ)။

ခမ္မာန္ဓမ္မပဋ္ဌိပတ္တိ တလုံးတည်းရှုလိုက်တာ တခါတည်း ကိလေသာက အကုန်နိုင်သွားတယ်....(မှန်ပါ) မနိုင်ဘူးလား.... (နိုင်ပါတယ်ဘုရား)။

ဒါဖြင့် ကိလေသာစိမ်းသလို ခံရလို့ရှိယင် သုံးဆယ့်တဘုံ ဘာတဲ့ ကျုပ်တို့၏ အရိုးမြုပ်စရာနေရာပဲ....(မှန်ပါ)သဘောကျ ပလား....(ကျပါပြီ) သုံးဆယ့်တဘုံ အလောင်းမြုပ်စရာ နေရာ တွေပဲ ဆိုယင်ကော....(မလွဲပါဘုရား)။

ဩော်....ဘယ့်နှယ်ကြောင့် ဒါလောက်တောင် အလောင်း တွေ ထပ်ပြီးသကာလ ဘုရားတဆူခြား မြေကြီးဆယ့်သုံးမိုင် တက်အောင် ကိုယ့်အရိုးတွေ မြုပ်ရပါလိမ့်မဘုံးဆိုတော့ ဓမ္မာနု ခမ္မပဋ္ဌိပတ္တိ တချက်တည်းချော်သွားတယ်.... (မှန်ပါ) များများ ချော်တာလား....(နည်းနည်းချော်တာပါဘုရား)။

ဘကာတကာမဘို့ အဖိုးတန်အောင်ပြောနေလို့ တန်နေတာ သား....တဲ့၊ အမှန်တရားလို့ဆိုတာလဲ အကဲခတ်ကြည့်....(အမှန် တရားပါဘုရား) အမှန်တရားပြောတာ....(မှန်ပါ)။

အမှန်တရားက....တဲ့ သံယုတ်ပါဠိတော်ကြီးမှာလဲတဲ့ ငင်းတို့ ဘချက်လွဲယင် ဝေပုလ္လတောင်လောက် နာလိမ့်မယ်နော်-(မှန်ပါ ဘုရား)။

ဝေပုလ္လတောင်ဆိုတာ တနေ့ကပြောခဲ့ဘယ် လေးရက်တက်, လေးရက်ဆင်း.... (မှန်ပါဘုရား) လူဘယောက်အရိုးတွေဟာ.... (မှန်ပါ)။

ဒီတချက်လွဲသွားယင် လူတယောက်အရိုးတွေဟာ လေးရက် ဘက်, လေးရက်ဆင်းလောက် ကုန်ပြီးတော့မှ ဟိုဘက်မှာကျွတ်

မယ်.... (မှန်ပါ) ဆိုတော့ သေရဲကြပါ့မလား.... ( မသေရဲပါ ဘုရား)။

ဒါ-ဘာလဲ့သွားတာတုံး တကာကြွယ်.... (ဓမ္မာနုဓမ္မပဋိပတ္တိ လဲ့သွားတာပါဘုရား) ကဲ.... ဦးမာဒင် ဒါလောက်အဖိုးတန်တဲ့ အဖြစ်မရှိတော့ပါဘူး....(မှန်ပါ)။

ဒါဖြင့် အလွဲခံကြမလား....၊ အမှန်ပဲဖြစ်အောင် လုပ်ကြ မလားဆိုတာဖြင့် မေးဖို့လဲ မလိုတော့ပါဘူး .... (မလိုပါ ဘုရား)။

ဒါလောက်နဲ့ဖြင့် တပည့်တော်တို့ ဒီဘဝ အရှုံးမပေးတော့ ဘူးဘုရား....(မှန်ပါ) ကိစ္စတုံးပဲ လုပ်လိုက်ပါတော့မယ် ဆိုပြီး သကာလ ဆုံးဖြတ်ချက်ချလိုက်....(မှန်လှပါ)သဘောကျပလား- (ကျပါပြီဘုရား)။

အဲဒါ တိုက်တွန်းလုံးလား ဦးမာဒင်ရေ-ဖြစ်စဉ်ကိုက်လား.... (ဖြစ်စဉ်ကိုက်ပါဘုရား) တိုက်တွန်းလုံးမဟုတ်ပါဘူး-(မဟုတ်ပါ ဘုရား)။

တိုက်တွန်းလုံးဖြင့်လဲ ဝေပုလ္လတောင်ကြီးကို ဘုရား ထည့် မပြောပါဘူး-(မှန်ပါ)ပေယျတ္တိကိုလဲ ဘုန်းကြီးက ထည့်မပြော ပါဘူး....(မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ခုနင်က ဒုလ္လဘခြောက်ပါးကိုလဲ ဘုန်းကြီးက ထည့်မပြော ပါဘူး....(မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

အခု ဒုလ္လဘခြောက်ပါး တပါးတည်းလိုတာနဲ့ နာသွား တာ....(မှန်ပါ) မနာဘူးလား....(နာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာသစ် ဘာတခုဟာ ကျုပ်တို့ အရေး အကြီးဆုံးအချက်ပါလိမ့်မလဲဆိုတာ ယနေ့ ပေါ်ပါတယ်.... (ပေါ်ပါတယ်ဘုရား)ဦးမာဒင် ဘာပေါ်သတုံး....(ဓမ္မာနုဓမ္မပဋိပတ္တိပေါ်ပါတယ်ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

အားလုံး တကာတကာမတွေ နာရိုး,နာစဉ်နဲ့ တရားကိုမနာ လိုက်ပါနဲ့....(မှန်ပါ့) သြော်....ဒို့-အရေး ဘာကျန်သေးသတုံး ဆိုတဲ့ဥစ္စာ ဒို့အရေး စုံပါပေါ့လား တဖုံတည်း ကျန်ပါပေါ့လား....(မှန်ပါ့)။

ကျန်တဲ့အရေး အကုန်စုံတယ်...(မှန်ပါ့) ဓမ္မာနုဓမ္မပဋိပတ္တိ တခုသာ.... (ကျန်ပါတယ်ဘုရား) ကျန်တော့တယ်ဆိုယင်ဖြင့် နောက်ဆုံးပိတ်ခြေလှမ်းကလေး ခုန်လှမ်းလိုက်တာပေါ့ (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

နောက်ဆုံးပိတ်ခြေလှမ်းကလေး.... (ခုန်လှမ်းလိုက်တာပေါ့) ခုန်လှမ်းလိုက်လို့ရှိယင် ဟိုမှာဘက်ကမ်းဆိုတဲ့ နိဗ္ဗာန်ရောက်ပါတယ်....(မှန်ပါ့ဘုရား) မရောက်စရာရှိသေးရဲ့လား.... (မရှိပါဘုရား)။

ကဲ....တကာကြွယ် ဒါလောက်ဆိုလို့ရှိယင် သြော်....ကိုယ့် အရေးဟာ ကိုယ်တွက်ကိန်းကလေးရပါလိမ့်မယ်.... (ရပါတယ်) ဦးမာဒင်ရပလား....(ရပါပြီဘုရား)။

ဒါဖြင့် ဒီတွက်ကိန်းကိုဖြင့် ကိုင်း.... ကြိုးစားပြီးသကာလ ဓမ္မာနုဓမ္မပဋိပတ္တိ တလုံးဖြည့်တော့မယ် ဆိုတာ ယနေ့အကြီးအကျယ်ဆုံးဖြတ်ချက်ချ....(မှန်ပါ့) ဘာမှမလိုဘူးခင်ဗျားတို့.... (မှန်ပါ့ဘုရား)။

တာလုပ်ရမယ်.... (ဓမ္မာနုဓမ္မပဋိပတ္တိတလုံး ဖြည့်ရပါမယ်) ဓမ္မာနုဓမ္မပဋိပတ္တိတလုံးဟာဖြင့် အလွန်အရေးကြီးတယ်....(မှန်ပါ့ဘုရား)။

ခုနင်က ကြာသည် ရေပေါ်တွင် တက်ငြားသော်လည်း နေရောင်ခြည်နဲ့မတွေ့ရ လေအားနဲ့မတွေ့ရယင် ဦးမော်ပွင့်ပါ့မလား....(မပွင့်ပါ)ငုံ ပြီးသကာလ တခါတည်း သူ့ရက်သဲကုန် သွားတဲ့အတွက် ကြာငုံကြာမြုံဖြစ်သွားတယ်....(မှန်ပါ့) မနာဘူးလား....(နာပါတယ်)သဘောကျပလား- (ကျပါပြီဘုရား)။

အေး .... ဒါကြောင့် စုံပြီးသားပုဂ္ဂိုလ်က အလုံးစုံ စုံတဲ့ အထဲမှာ တခုကလေး ဖြည့်စရာရှိတဲ့ဥစ္စာ တကာကြွယ်ရေ အဖြည့်ကြီးဖြည့်လိုက်ပါ (မှန်ပါ့ဘုရား)။

ဘုရားကတော့ဖြင့် အရိုးကြေကြေ အရေခြောက်ခြောက် လုပ်လိုက်ပါကွာဆိုတာ သူ့ပြောရိုးပြောစဉ်မို့ပြောတာ(မှန်ပါ့) ဝိပဿနာလုပ်လို့ အရိုးကြေစရာတခုမှ မရှိဘူး.... ( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီ)အရေလဲ ခြောက်စရာ....(မရှိပါ) မစားမသောက်ပဲနဲ့ လုပ်ရတာမှမဟုတ်ပဲ.... (မှန်ပါ့) တထိုင် တည်းလဲ လုပ်ရတာမှမဟုတ်ပဲ....(မှန်ပါ့ဘုရား)။

"သမိဉ္ဇိတေပသာရိတေ"အင်း....ဆန့်ပြီးခြေထောက်ဆန့်တဲ့ အခါလဲ ဆန့်လုပ်နေလို့ပြောတာပဲ.... ( မှန်ပါ့ ) ကွေးလုပ်တဲ့ အခါကော ...(ကွေးလုပ်တယ်) သွားတဲ့အခါကော ... (သွားလုပ် ပါတယ်)"ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ" သွားလဲလုပ်နိုင် တယ်ပြောတော့ ဘယ်ကလာအရိုးကြေစရာရှိမှာလဲ.... (မရှိပါ ဘုရား)။

သို့သော် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ယောကျ်ားတို့၏ စွမ်းအားဆိုတာ စိတ်ထားဒါလောက် မြင့်မြတ်ရမှာကွ၊ဟောလိုက်တယ်... (မှန်ပါ့)ရှင်းပလား.... ( ရှင်းပါပြီ )ယောကျ်ားတို့၏ စွမ်းပကားသည် အရိုးကြေကြေ-အရေခြောက်ပစေကာ့၊ဒီမဂ်ဉာဏ် ဖိုလ်ဉာဏ်မပွင့်ရယင်ဖြင့် မနေဘူးကွဆိုတဲ့ စိတ်ထားမြင့်မြတ်ပုံကို ဒီအတိုင်းထားပါလို့ ဟောတာ.... (မှန်ပါ့) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ် ဟာဖြင့် အလွန်အရေးကြီးပေါ့ဆိုတဲ့ဥစ္စာဖြင့် ဘာမှခင်ဗျားတို့ ဆင်ခြေမလဲနဲ့၊ သူပြီး- ပြီးတော့မှာပဲသာ ဆုံးဖြတ်ချက်ချ .... (မှန်ပါ့ဘုရား)။

သူပြီးယင်....(ပြီးတော့မှာပါ)အေး....ဒါ့ကြောင့် လေးလေး စားစားနဲ့ ပြောနေတယ်ဆိုတာလဲ ဦးမာဒင်ရိပ်မိပါပြီ.... (ရိပ်မိပါပြီ) ရိပ်မိပြီတဲ့၊လျှော့စျေးတလုံးမှ မထည့်လိုက်ပါနဲ့ ဆိုတာကိုလဲ ပါရမီတွေစုံပြီးသားမို့ ပြောပါတယ်....(မှန်ပါ့) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

ကဲ.... ဒါဖြင့် ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်လုပ်တော့မယ် ဆိုတော့ မနေ့ကတရားကို တကာတကာမတို့ အစကလေးပြော ပြီးနောက်ပိုင်းမှာ ဝိပဿနာအလုပ် လုပ်ပုံကို သိကြားအားဟော တယ်....(မှန်ပါ့) သိကြားကို ဝိပဿနာလုပ်ပုံ ဟောတဲ့အတွက် သိကြားချက်ချင်း သောတာပန်တည်တာ သောက်လို့ယင်ဖြင့် ဩော်....ဓမ္မာနုဓမ္မပဋိပတ္တိအလုပ်ဟာ တယ်အရေးကြီးပါလား

ဆိုတာ တကာကြွယ် ပေါ်လာတယ်.... (ပေါ်လာပါတယ်) မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ကိုင်း....အားလုံးနားထောင်ကြပါ တကာတကာမတို့၊ မြန်မာနေ့က ဟာကလေး ပြန်ပြီးတိုတိုပဲဆက်ပါတယ်.... ( မှန်ပါ ) မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးပြီးနေတဲ့အချိန်မှာ သိကြားသည် လာပါတယ်တဲ့၊ လာပြီးသကာလ ဘုရားအရှင် သူက သိကြားဖြစ်နေရတဲ့အတွက် သူ့ကြံသုံးတွေဟာ တခြားသော ဘုရားအမည်ခံနေတဲ့ ပုဂ္ဂိုလ်တွေထံ မေးမြန်းကြည့်တဲ့အခါ ဂုဏ်ကြီးသိက္ခာကြီးတွေ တန်ခိုးကြီးတွေထံ မေးမြန်းကြည့်တဲ့အခါ တကာကြွယ်ဘာမှအဖြေမရဘူး....(မရပါဘုရား)။

သံသယဝိစိကိစ္ဆာ ရှင်းလောက်အောင် ဘာမှမရတဲ့အတွက် သူ့မှာ အစောင့်ကြီးစောင့်နေရပါတယ်....(မှန်ပါ)နောက်ဘုရားပွင့်လာတယ်ကြားတော့ သူအရင်ပဲပြေးသာဘယ်လို့ တကာကြွယ် မှတ်တာပေါ့....(မှန်ပါဘုရား)။

တခါဘည်းကောက်မေးလိုက်တယ်၊ အရှင်ဘုရားဘပည့်တော် မသိတဲ့ဥစ္စာ မေးပရစေဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကဲ....မင်းသံသယရှိတာ အကုန်ပြေစေ့မယ်ကွာ-မေးတဲ့-(မှန်ပါ)ဆိုတော့ ရဲရဲတင်းတင်းကြီးကိုးဗျ....(မှန်ပါဘုရား)။

အရှင်ဘုရား-လူတွေဟာ ကျန်းမာရေး,ချမ်းသာရေး- လိုက်သွားပါလျက်သားနဲ့ ကိုယ့်ကိုယ်ကိုယ်လဲ မေတ္တာတွေအများကြီး

ပို့သပါလျက်သားနဲ့ အစားကောင်း၊ အသောက်ကောင်းတွေနဲ့ ကျွေးမွေးပြီးသကာလ ပြုကြစုကြပါလျက်သားနဲ့ ဘယ့်နှယ် ကြောင့် ရောဂါများ အသက်တိုရပါသတုံးတဲ့ .... (မှန်ပါ) မေးတာ အင်မတန်ပွင့်ကျတယ်လို့ တကာသစ်အောက်မေ့ရ တယ်....(မှန်ပါဘုရား)။

အဲဒီမှာ ဘုရားသခင်က ဘာပဲလုပ်နေနေကွာ ဣဿာ မစ္ဆရိယရှိယင် ဒါလာမှာပဲတဲ့....(မှန်ပါဘုရား)။

ဒီတော့ ရောဂါများအသက်တိုတာ ဘယ်သူ့ကြောင့်တုံး.... (ဣဿာမစ္ဆရိယကြောင့်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဘကာတကာမတွေက ဒီဟာတွေကို ရောဂါကင်းချင်ပါတယ်ဆို ဆေးအားမကိုးပါနဲ့.... (မှန်ပါ) ဆေးဟာ ဥပထမ္ဘကသာရှိပါတယ်၊ဥပထမ္ဘကဆိုတာက ဦးမာဒင် မှတ်လိုက် အထောက်အပံ့ကလေးပဲ ရတယ်.... (မှန်ပါဘုရား) အပျောက်မရဘူး (မှန်ပါ)အထောက်အပံ့ကတမျိုးအပျောက်က တမျိုးနော်....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

အထောက်အပံ့က.... (အမျိုးပါ)အပျောက်က(တမျိုးပါ) အဲ....ထမင်းခဲ့ဘွယ်ဘောဇဉ်တို့က အထောက်အပံ့သာရတယ်တဲ့၊ ရောဂါအပျောက်ကျတော့ မရဘူး....(မရပါဘုရား)။

ရောဂါအပျောက်ကျတော့ ခင်ဗျားတို့ လောကီဥပမာနဲ့ ပြောတော့ ဆေး....(မှန်ပါ)ထမင်းက.... (အထောက်အပံ့ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲ....အတောက်အပံ့ကတမျိုး၊အပျောက်ကတမျိုး(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ထိုနည်းအတူပဲတဲ့ ခင်ဗျားတို့ အခု ကျန်းမာရေး, ချမ်းသာရေး ဒီ့ပြင်ဟာတွေလုပ်ပြီးသကာလ နေကြတာက အထောက်အပံ့သာဖြစ်တယ်....(မှန်ပါ့) တကယ်ရောဂါပျောက်ဖို့ကျတော့ ဣဿာ မစ္ဆရိယကို မရှိရအောင် ခင်ဗျားတို့ ဝိပဿာရှုနိုင်မှ.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဣဿာ မစ္ဆရိယကို....(မရှိအောင် ဝိပဿနာရှုနိုင်မှပါဘုရား) မရှိအောင်ရှုနိုင်လို့ရှိယင် သူကလာတဲ့ ရောဂါဆိုတော့ ဦးမာဒင်တို့ စဉ်းစားကြည့်၊ သူပျောက်ယင် အကုန်ပျောက်ရမယ် .... (မှန်ပါ့)ရှင်းပလား....(ရှင်း ပါပြီဘုရား)။

ဒါနဲ့ သိကြားကမကျေနပ်တာနဲ့ ဒါဖြင့် ဘုရား ဣဿာ မစ္ဆရိယကြောင့် အသက်တို ရောဂါများဆိုတာ တပည့်တော်များ သံသယရှင်းလို့ ကင်းပါပြီ၊ ဒီဣဿာမစ္ဆရိယလဲ ဘယ်ကများလာလို့ တပည့်တော်တို့ သန္တာန်ရောက်ပါလိမ့်မလဲဆိုတော့ ပဋိစ္စသမုပ္ပါဒ်အကြောင်း လှမ်းမေးလိုက်တယ်....(မှန်ပါ့ဘုရား)။

အကြောင်းလှမ်းမေးလိုက်တော့ မနေ့ကနာပြီးသား တကာတကာမတွေပြေကြမယ်ဆိုလို့ရှိယင် ဘာပြေကြမလဲ....(ချစ်ခြင်း, မုန်းခြင်းက လာပါတယ်) ဩော်.... ဟုတ်ပြီ-ဟုတ်ပြီ၊ ချစ်ခြင်း, မုန်းခြင်းကလာတယ်....(မှန်ပါ့ဘုရား)။

တကာတကာမတွေ ဣဿာမစ္ဆရိယ ဘယ်ကလာပါလိမ့်.... (ချစ်ခြင်း,မုန်းခြင်းက လာပါတယ်ဘုရား) ချစ်ခြင်း,မုန်းခြင်းက လာတယ်နော်....(မှန်ပါ့)။

သေသေချာချာကြည့်ပါ....တဲ့၊ မဲတွေဘာတွေ ရွေးကြတော့ မယ်ဆိုတော့ ကိုယ်ရစေချင်တဲ့ အမတ်ဘက်ကတော့ ကိုယ်ခင်တဲ့ ဘက်ကတော့ ချစ်ခြင်း, မုန်းခြင်းကြောင့် ဟုတ်သလား....(မှန်ပါ) ဟိုကတော့ ကြော်ငြာတွေဘာတွေ အမျိုးမျိုးအဖုံဖုံ ချဘ်ယှင်း ချက်တွေထားပြီး ပြောကြားသော်လဲ တကာသစ်တို့က ကျေနပ် ကဲ့လား....(မကျေနပ်ပါဘုရား)။

ဣဿာမီးမွှေးတယ်.... ( မှန်ပါ ) အလကားပါကွ ဒီဥစ္စာ အပြောတွေပါ၊ မဲဆွယ်တာတွေပါ.... (မှန်ပါ) အစရှိသည်နဲ့ ဒါ....မဲဆွယ်တာဆိုကတည်းက ဘယ်သူကထွက်တဲ့ အသံတုံး.... (ဣဿာကပါဘုရား) ဣဿာက ထွက်တဲ့အသံ၊ သဘောကျ ပလား... (ကျပါပြီ)။

မဲဆွယ်တာတွေပါကွာ ဒီဥစ္စာ အလကားဟာပါ၊ ဒါ-ဘာက ထွက်လာတာတုံး....(ဣဿာက ထွက်လာတာပါဘုရား)။

သို့သော်....ခင်ဗျားတို့က ဣဿာမသိဘူး၊ ခေတ်သုံးစကားနဲ့ ကြည့်လိုက်တော့ ဒီဥစ္စာဖြစ်မြဲပဲ....(မှန်ပါ)။

ဣဿာလို့ ကိုမထင်ဘူး....(မှန်ပါ) စင်စစ်ကတော့ ဘာပါ လိမ့်....(ဣဿာပါဘုရား)။

ဣဿာပဲ၊ ဟိုဘက်က ဘာတွေရေးပြီး ဘယ်လို မျှော်လင့် ချက်တွေ အမျိုးမျိုးအဖုံဖုံ ကြော်ငြာတွေကမ်းတော့ တကာသစ် တို့က ဘယ်လိုပြောလေ့ရှိသတုံး....(မဲဆွယ်တာ) မဲဆွယ်တာပါ အလကားပါကွာ....(မှန်ပါ)အလကားပါဆို နောက် လိုက်လာ ကတည်းက ဒါ-ဘယ်သူ့အသံဆိုတာ ရိပ်မိရောပေါ့.... (ရိပ်မိ

ပါပြီဘုရား) ဘယ်သူပါလိမ့်.... (ဣဿာပါဘုရား) ဣဿာရဲ့ အသံဆိုတာ သဘောကျပလား....(ကျပါပြီ)။

ကောင်းပြီ....တဲ့၊ . တကာတကာမတို့ ချစ်တဲ့လူအတွက်ကို တော့ဖြင့် ဟိုဘက်ကဟာတွေ ဣဿာဖြစ်လိုက်တာပါပဲ(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

မစ္ဆရိယဆိုတာကတော့ တကာတကာမတို့ ဝန်တိုမှုပါ.... (မှန်ပါ့) အဲဒီတော့ ဝန်တိုမှု ဘာတုံးဆိုတော့ ကိုယ်ချစ်တဲ့ လူဟာ တကာတကာမတို့ ငွေလဲ မကုန်စေချင်ဘူး....(မှန်ပါ့) နိုင်လဲ နိုင်စေချင်တယ်... (မှန်ပါ့)။

ငွေလဲမကုန်စေချင်တာက ဘာပါလိမ့်.... (မစ္ဆရိယပါဘုရား) သဘောကျပလား....(ကျပါပြီ)။

အဲဒီမှာ သေသေချာချာသိတော့ ဒီပွဲတွေဟာ ဘာပွဲတုံးလို့ မေးလို့ရှိယင် ဣဿာမစ္ဆရိယပွဲတွေပဲ.... (မှန်လှပါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဘာပွဲတွေတုံး....(ဣဿာမစ္ဆရိယပွဲတွေပါဘုရား)ရှင်းပြီနော် (ရှင်းပါပြီ)။

ဒါဖြင့် ဣဿာမစ္ဆရိယဟာ တကာကြွယ်ရေ.... ဘယ်က လာပါလိမ့်ဗျာ....(ဆန္ဒကလာပါတယ်) ချစ်ခြင်း,မုန်းခြင်းကလေ (မှန်ပါ့)။

ဣဿာ မစ္ဆရိယဟာ.... (ချစ်ခြင်း,မုန်းခြင်းက လာပါတယ်) ချစ်ခြင်း,မုန်းခြင်းက လာဘာပဲဆိုတာ သေချာပလား....(သေ ချာပါပြီဘု ူး)။

ချစ်တဲ့လူအတွက် ဣဿာက ပါလာတယ်....(ပါလာပါတယ်ဘုရား) မုန်းတဲ့လူအတွက် အလကားပါကွ....ဆိုတဲ့ မစ္ဆရိယာ....(မှန်ပါ့)။

ဒါဖြင့် ဒီတယောက်တည်းမှာကို ကိုယ်ချစ်တဲ့လူနဲ့ တွဲလိုက်ကတည်းက ကိုယ့်သန္တာန်မှာ တရားနှစ်မျိုးဖြစ်တယ်....(မှန်ပါ့) ကိုယ်ချစ်တဲ့လူကျတော့ တဏှာသင်္ချိုင်ခေချင်တယ်... (မှန်ပါ့) ဟိုဘက်က အကောင်တော့ ဒီအချိန် ထိုးလဲသွားယင် ကောင်းတယ်....(မှန်ပါ့) မစ္ဆရိယပဲ....(မှန်ပါ့) ရိပ်မိလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တဏှာတဏှာမတို့ ချစ်ခြင်း,မုန်းခြင်းကြောင့် ဘာလာသတုံး.... (ဣဿာမစ္ဆရိယလာပါတယ် ) ဣဿာမစ္ဆရိယာလာတယ်....(မှန်ပါ့) ရိပ်မိပြီနော်....(ရိပ်မိပါပြီဘုရား)။

အေး....ဒါဖြင့် တခါ နောက်ပြန်ဆုတ်မေးပါ၊ ချစ်ခြင်း, မုန်းခြင်းကတော တဏှာကြွယ်ဘို့ ဘာကသင်္ဘို့ ဘယ်က လာပါလိမ့်....(ဆန္ဒကလာပါတယ်ဘုရား)။

ဩြော်....သူနိုင်လိုတဲ့ ဆန္ဒပါပဲ.... (မှန်ပါ့ဘုရား) သဘောကျပလား ...(ကျပါပြီ) ဟိုဘက်တော့ ရှုံးလိုတဲ့ဆန္ဒပါပဲ-(မှန်ပါ့) ဒီဘက်ကျတော့....(နိုင်လိုတဲ့ဆန္ဒပါဘုရား)။

ချစ်တဲ့လူအတွက်ကျတော့ နိုင်လိုတဲ့ဆန္ဒ ...(မှန်ပါ့) မုန်းတဲ့ပုဂ္ဂိုလ်ကျတော့....(ရှုံးလိုတဲ့ဆန္ဒပါဘုရား)ရှုံးလိုတဲ့ဆန္ဒကြောင့်ဆိုတော့ သဘောပေါ်လား....(သဘောပေါ်ပါပြီ)။

အဲဒါဖြင့် တဏှာဘဏှာမတို့ ဩြော်... ဒီဆန္ဒတလုံးကြောင့် ချစ်ခြင်း,မုန်းခြင်းလာတယ်....(မှန်ပါ့)ချစ်ခြင်း,မုန်းခြင်းကြောင့်

ဣဿာမစ္ဆရိယဖြစ်ရတယ်....(မှန်ပါ့) ဣဿာမစ္ဆရိယ ဖြစ်ရတာ ကြောင့်လဲ အသက်တို-ရောဂါများတယ်....(မှန်ပါ့)ပေါ်ပြီနော်- (ပေါ်ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတွေ တွက်ပါဦး....တဲ့၊ ဒ်ဆန္ဒကလဲ တကာသစ် မနေ့က ဟောပြီးပါပြီ၊ ဘယ်ကများ လာသတုံး.... (ဝိတက်က လာပါတယ်ဘုရား ) ဩော်....ဝိတက် က လာမှာပဲ....(မှန်ပါ့)။

ကိုယ့်အလုပ်အကိုင်နဲ့ အကြံအစည်နဲ့ဆိုတော့ ဒီပုဂ္ဂိုလ်နဲ့မှ ကြံစည်လို့ ဖြစ်တာ ဒီ့ပြင်လူတွေဆိုယင် အလကားပဲ .... (မှန်ပါ့) အဲ့မှာ....အကြံအစည်နဲ့ကိုးဗျ....(မှန်ပါ့)ရိပ်မိပလား- (ရိပ်မိပါပြီ)။

တကာကြွယ် ဒီ့ပြင်လူ ဆိုယင် ကျေနပ်ပလား....(မကျေနပ် ပါဘုရား) ကိုယ့်အကြံအစည်နဲ့တော့.... သူနဲ့မှ တိုင်ပင်ပေ်ာ တိုင်ပင်ဘက်ဖြစ်တယ် .... (မှန်ပါ့) ကိုယ့်အကူအညီကို သူကမှ ပေးမှာဆိုတော့ ကြံလုံးက လာတယ်ဆိုတဲ့အဓိပ္ပာယ်ဟာ မသေ ချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲ.... ဒါတွေက မနေ့က ဟောပြီးလို့ တကာတကာမတို့ နောက်ဆုတ်လဲ တွေးတတ်ပါပြီ....(မှန်ပါ့ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒီနေ့ တိုးစရာက ဝိပဿနာအလုပ်တွေ ဖြစ်နေတော့ တကာ တကာမတို့ သေသေချာချာမှတ်ပါ... (မှန်ပါ့)။

အဲဒီ ဝိတက်ကတော့ ဘယ်ကများ လာပါလိမ့်မတုံးဘုရား.... လို့ ခံကြားကလဲ လျှာရှည်တယ် မအောက်မေ့နဲ့ တကာ တကာမတို့ သူ့မှာမသိလို့ မေးရှာတယ်....(မှန်ပါ့)။

ဘုရားမပွင့်ခင်က သူစောင့်လာခဲ့တာ ကြာပြီ၊ တယောက်မှ အမှန်ကို အဖြေမပေးနိုင်ဘူး....(မှန်ပါ)။

ဒါကြောင့် သူသည်ကားလို့ဆိုယင် ဘုရားပွင့်သည်နဲ့ တပြိုင်နက်တည်း တကာကြွယ် ဦးအောင်လာမေးတာ.... ( မှန်ပါ ) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါနဲ့ ဖြေလိုက်ပါတယ်....တဲ့၊ ဒီဝိတက်ကလဲကွာ ပပဉ္စကြောင့် လာတာဟေ့....တဲ့.... (မှန်လှပါ) တဏှာမာန-ဒိဋ္ဌိကြောင့် လာတာ....(မှန်ပါ)။

ဘယ်သူ့ကြောင့် လာတာပါလိမ့်.... ( တဏှာ, မာန, ဒိဋ္ဌိ ကြောင့် လာတာပါဘုရား)။

ဩော်....ဟုတ်ပြီ....တဲ့၊ ကိုယ့်စီးပွားရေးဆိုတော့ တဏှာပေါ့ဗျာ....(မှန်ပါ) သူ့လူ့အမတ်တင်လိုက်မှ ကိုယ်အောက်ကျမှာဆိုတဲ့ မာန....(မှန်ပါ) ကိုယ့်လူမှ ကိုယ့်လူဆိုတဲ့ဒိဋ္ဌိ....(မှန်လှပါဘုရား)။

အံမာ....ခင်ဗျားတို့ဟာ လွယ်တာမဟုတ်ဘူးနော်(မှန်လှပါ) ဘယောက်တည်း မှတ်နေတာ၊ ကိုယ့်သား,သမီးမှတည်လဲ ဒီအတိုင်းမှတ်ပါ....(မှန်ပါ) ရှင်းအောင်လို့သာ တခုပြောနေရတယ်....(မှန်ပါ)။

ကဲ...ဒါဖြင့် တကာတကာမတို့ ဒီဝိတက်ဟာ ဘယ်က လာပါလိမ့်မတုံး.... (တဏှာ,မာန,ဒိဋ္ဌိကပါဘုရား) အေး.... တိုတို ပြောတော့ ပပဉ္စက....(မှန်ပါဘုရား) ရှင်းပလား ... (ရှင်းပါပြီ ဘုရား)။

တိုတိုပြောတော့....(ပဗ္ဗ-ကပါဘုရား)သဘောပေါက်ကြပလား (ပေါက်ပါပြီဘုရား) တဏှာ၊မာန၊ဒိဋ္ဌိဆိုတဲ့ ပဗ္ဗ၊ကလာပါတယ်.... (မှန်ပါ)။

ဒါနဲ့ပဲ တခါ အလုပ်ကျအောင် သွားကြစို့....ဆိုတော့၊ သင်ကြားက တခါဒီ ပဗ္ဗ ကကောဘုရား....တဲ့ ဘယ်ကများ လာပါလိမ့်မလဲ...တဲ့...(မှန်ပါဘုရား) သူမေးပြန်တာပဲ... (မှန်ပါဘုရား)။

တဏှာ၊မာန၊ဒိဋ္ဌိ၊ဆိုတဲ့ ပဗ္ဗ ကကောဘယ်ကများလာပါလိမ့် တော့်းလို့ မေးတဲ့အခါကျတော့ ဘုရားက ဝေဒနာသုံးပါးကပေါ့ တဲ့....(မှန်ပါ) ပေါ်ပြီ တကာတကာမတို့....(မှန်ပါ)ဘာတဲ့တုံး- (ဝေဒနာသုံးပါးကပါ ဘုရား)။

ဝေဒနာသုံးပါးက လာတာပေါ့ တကာတကာမတို့၊ သူ့ ဝေဒနာ၊ပစ္စယာ၊တဏှာ....(မှန်ပါ)ဟော....ကိုက်နေပြီ-(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ပဗ္ဗတရားသည်တကာတကာမတို့သူ၏ရေသောက် မြစ်ရှာလိုက်တော့ ဝေဒနာလာတွေ့တယ်....(မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘာတွေ့ပါလိမ့်....(ဝေဒနာတွေ့ပါတယ်ဘုရား)ဝေဒနာလာ ပေ့တယ်ဆိုတာဖြင့် ဦးမာဒင် သေသေချာချာမှတ်ပါ....(မှန်ပါ ဘုရား)။

ဒါဖြင့် တပည့်တော်တို့ ရှုတာနဲ့ ကိုက်ပြီ....(ကိုက်ပါပြီ) ပဗ္ဗ ချုပ်အောင် ဘာရှုရမလဲ... (ဝေဒနာရှုရပါမယ်ဘုရား)။

အေး....နေရာကျပြီ တကာတကာမတို့၊ပပဋ္ဌချုပ်အောင်ဘာ ရှုရမယ်....(ဝေဒနာရှုရပါမယ်)ဝေဒနာရှုရမယ်ဆိုတာ သေချာ ပြီ...(သေချာပါပြီဘုရား)။

ဒီတွင် သိကြားက တကာတကာမတို့ သူ-ဝေဒနာနဲ့ သော တာပန်တည်မှာ....(မှန်ပါ)။

သိကြား ဘာနဲ့ တည်မှာတုံး.... (ဝေဒနာနဲ့ တည်မှာပါ ဘုရား)။

စပ်မိလို့ ပြောရဦးမယ်၊ ဒီဝေဒနာဟာ တယ်ကျေးဇူးများ တယ်....(မှန်ပါဘုရား) ရှင်သာရိပုတ္တရာကြီး ရဟန္တာဖြစ်တာလဲ ဦးမာဒင်မှတ်လိုက် ဝေဒနာနဲ့ဖြစ်တာ....(မှန်ပါ)။

ဝေဒနာရှုပြီးတက်လာတာ.... (မှန်ပါ) သူ့တူ ဒီဃနခတို့ ကလဲ ဝေဒနာပျောက်တယ်....(မှန်ပါ)ဝေဒနာနဲ့သူလဲ သော တာပန်တည်သွားတာပဲ....(မှန်ပါ)။

ဩော်-ဒါ့ကြောင့်ဒီဝေဒနာကို ဝေဒနာနုပဿနာလို့သီးသန့် ထားပေတာပဲ၊ သတိပဋ္ဌာန်လေးပါးမှာ သီးသန့် ပါတယ်.... (မှန်ပါ) မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဝေဒနာဟာ ဘုန်ကြီးလဲ ခဏ ခဏ တကာတကာမတွေ ဝေဒနာနုပဿနာရှုပါဟေ့....၊ ရှုပါ ဟေ့လို့၊ တော်တော့ကို ကျေးဇူးများပါတယ်ဆိုတဲ့ ဥစ္စာလဲ ဟောခဲ့လှပြီ(မှန်ပါ) ရိပ်မိကြပြီ....(ရိပ်မိပါပြီဘုရား)။

ကဲ....ဒါဖြင့် ဝေဒနာကို ရှုဖြစ်အောင် ရှုပါလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တိုက်တွန်းပြီ....(မှန်ပါ)။

သိကြားကမေးတာကိုး.... (မှန်ပါ့) တဏှာ,မာန,ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားဟာဘုရား သံသရာချဲ့တဲ့တရား....၊ သံသရာ, အိုဘေး, နာဘေး,သေဘေး,သူက ဆက်သွယ်ပေးတာ၊အဲဒါ သူ-ဘယ်က လာသတုံး- ဆိုတော့ ဝေဒနာသုံးပါးက လာတာကွတဲ့ .... (မှန်ပါ့)။

တကာတကာမတို့ ဘယ့်နှယ်ဖြေကြသလဲ....(ဝေဒနာသုံးပါး ကလာပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့ တကာတကာမတွေက ဝေဒနာကနေ ဖြတ် လိုက်ယင် ပပဉ္စပြတ်ပြီ...(ပြတ်ပါပြီဘုရား) ဟိုဘက်ရောဂါ ဝေ ဒနာဆိုးသည် တိုင်အောင်ကော....(ပြတ်ပါတယ်ဘုရား)။

ရောဂါဝေဒနာမရှိသည်တိုင်အောင်လဲ ပြတ်တယ်....(မှန်ပါ့) ဘာဖြစ်လို့တုံး-ရေသောက်မြစ်တွေ့ပြီ....(မှန်ပါ့)။

ဘာတွေ့ကြသတုံး....(ရေသောက်မြစ် တွေ့ပါပြီဘုရား) ရေ သောက်မြစ်တွေ့တယ်ဆိုကတည်းက ဘုန်းကြီးတို့ တကာတကာမ တွေပူစရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဩြော်....ဒါဖြင့် နေရာကျပြီ....(မှန်ပါ့) နေရာကျပြီ တကာ တကာမတို့ ဝေဒနာရှုရလိမ့်မယ်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့်ဝေဒနာအလုပ်စခန်း ပြပါတော့မယ် (မှန်ပါ့ ဘုရား)။

တကာတကာမတို့ မျက်စိထဲမှာ မြင်တယ် ဆိုလို့ ရှိယင် ဥပေက္ခာဝေဒနာ...(မှန်ပါ့)။

မြင်ကာမျှ မတ္တာဟာ ဘာပါလိမ့်(ဥပေက္ခာဝေဒနာပါ)ရှင်းပြီ ခနော်....(ရှင်းပါပြီဘုရား)။

နားထဲကြားကာမျှမတ္တကလေးဆိုယင်.... (ဥပေက္ခာဝေဒနာ ပါဘုရား) နှာခေါင်းထဲနံ ကာမျှမတ္တ....( ဥပေက္ခာဝေဒနာပါ ဘုရား)။

လျှာပေါ်စားကာမျှမတ္တ....(ဥပေက္ခာဝေဒနာပါ) ဩော်.... ဒါဖြင့် ပြင်ဘက်မှာလေးခု.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ကောင်းပြီ၊မျက်စိ,နား,နှာခေါင်း,လျှာမှာပေါ်တဲ့ ဒုမ္မဟူ သရွေ့ ဘာဆိုကြမယ်....(ဥပေက္ခာဝေဒနာပါ)ဥပေက္ခာဝေဒနာ လို့ မှတ်ထား....(မှန်ပါ့) ရှင်းပြီခနော်....(ရှင်းပါပြီ)။

ဟော....ကိုယ်ပေါ်ကျလာတော့ တကာတကာမတို့ ဟိုက ယား,ဒီကနာဒါတွေဒုက္ခချည့်မှတ်လိုက်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုယ်ပေါ်မှာလေကလေးတိုက်, ပန်ကာလေကလေး ဘာက လေးရ၊အင်း-လေပြေလေညှင်းကလေးက ထိတဲ့အခါ ထိတဲ့နေရာ မှာ သုခပေါ်တာပဲ....(မှန်ပါ့) ဒါဖြင့် ကိုယ်ပေါ်မှာ သုခနဲ့ ဒုက္ခ....(မှန်လှပါဘုရား)၊

ကိုယ်ပေါ်မှာ....( ဒုက္ခနဲ့ သုခပါ) ရှင်းပြီနော်.... (ရှင်းပါပြီ ဘုရား)။

ဝမ်းထဲကျလာတော့ တကာတကာမတို့ တခါတလေကျတော့ တွေးလုံးကြီးတွေနဲ့ ဝမ်းသာနေတာရှိသေးတယ်....(မှန်ပါ့) သာ

ကလေးက ပြောလို့ဆိုလို့နားထောင်လို့ ကိုယ့်ဟာကိုယ်များ နဖူးပေါ်လက်တင်ပြီး တော်-တော်သေးရဲ့ဆိုတာများ ပါသေးတယ်.... (ပါ-ပါတယ်)ဒါ-ဘာဝေဒနာ ဆိုကြမလဲ.... (သောမနဿဝေဒနာပါဘုရား)။

တခါတလေကျတော့ သူသွားပုံလာပုံက ခြေလှမ်းက မမှန်ပါဘူးဆိုပြီးသကာလ ကိုယ့်ဟာကိုယ် တွေးလုံးနဲ့များ ဟုတ်မှဟုတ်ပါ့မလားဆိုပြီး ဒေါမနဿဝမ်းထဲဖြစ်တယ်.... (မှန်ပါ့ဘုရား)။

ကဲလေ....ဖြစ်လာတဲ့အကြောင်းတော့ အကောင်းချည့်ထားရမှာပဲဆိုပြီး တခါတလေကျတော့ ဘာမှ မတွေးတော့ပါဘူးဆိုပြီး ဥပေက္ခာဖြစ်တယ်....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် မျက်စိ, နား,နှာခေါင်း, လျှာမှာ ဘာပါလိမ့်.... (ဥပေက္ခာပါဘုရား) ကိုယ်ပေါ်မှာတော့ဖြင့်.... (သုခဒုက္ခပါ) ဝမ်းထဲမှာကျတော့.... ( သောမနဿ,ဒေါမနဿ,ဥပေက္ခာပါဘုရား) အဲဒါပဲရှိတယ်.... (မှန်ပါ့) များများမရှိပါဘူး တကာတကာမတို့....(မှန်ပါ့ဘုရား)။

ဒီဝေဒနာတွေဟာလဲ အခု ၄-ရယ်,၂-ရယ်,၃-ရယ်၊တကာတကာမတို့ ယနေ့ရှင်းပြတယ်....(မှန်ပါ့) ၄-ရယ်,၂-ရယ်,၃-ရယ်... (မှန်ပါ့) ဥပေက္ခာ ၄.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)အလယ်မှာ သုခ,ဒုက္ခ, ၂....(မှန်ပါ့)ဝမ်းထဲမှာတော့

သောမနဿ,ဒေါမနဿ, ဥပေက္ခာ ၃....(မှန်ပါ့) ဒါပဲရှိတယ် (မှန်ပါ့)။

ဝမ်းထဲပေါ်နိုင်တာ ၃၊ကိုယ်ပေါ်,ပေါ်နိုင်တာ ၂,(မှန်ပါ့) မျက်စိ,နား,နှာခေါင်း,လျှာပေါ်မှာ တခုစီပေါ်တယ် (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါကလေးတွေဟာတကာတကာမတို့သန္တာန်၌အကြောင်း တိုက်ဆိုင်တိုင်း ဖြတ်ကနဲ့ ဖြတ်ကနဲပေါ်တယ် .... (မှန်ပါ့) ပေါ်တိုင်း-ပေါ်တိုင်း ဒီဥစ္စာကလေးတွေကို တကာတကာမ တွေက ဝိပဿနာရှုပေးပါ....(မှန်ပါ့)။

ဒါ ဝိပဿနာရှုတဲ့မဂ်ပေါ့ဗျာ.... (မှန်ပါ့) ဝမ်းထဲပေါ်တဲ့ တရားလဲ ဝမ်းထဲကရှု....(မှန်ပါ့) ကိုယ်ပေါ်မှာပေါ်တဲ့တရားလဲ (ဝမ်းထဲကရှုရပါမယ်)မျက်လုံးထဲပေါ်တဲ့တရားလဲ.... (ဝမ်းထဲ ကရှုရပါမယ်)အရှုကတော့ ဝမ်းထဲကနေ ရှုရမယ်.... (မှန်ပါ့ ဘုရား)။

ဖြစ်တာကတော့ဖြင့် ဝမ်းထဲချင်းလဲ အရင်ဖြစ်တာကို နောက် ဝမ်းထဲကရှု (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီကဲ့သို့ ရှုလိုက်လို့ရှိယင်တဲ့ တကာတကာမတို့ အားလုံး ဘွေဟာ ဝေဒနာမဟုတ်တော့ဘူး.... (မှန်ပါ့) ဝေဒနာမဟုတ် တော့ဘူး တကာသစ်ရေ....(မှန်ပါ့) ဘာဖြစ်သွားသတုံးဆိုတော့ ဖြစ်မှုပျက်မှုပဲတွေ့တယ်....(မှန်ပါ့ဘုရား)။

အင်း....ဝေဒနာရယ်လို့ ဆရာဘုန်းကြီးကလဲ အရှုခိုင်း-ဘုရား ကလဲ အရှုခိုင်း၊ မိမိတွေ့ရတာကတော့ ဘာတွေချည့်တွေ့နေသ

တုံး... (ဖြစ်မှုပျက်မှုတွေချည့် တွေ့နေပါတယ်) ဖြစ်မှုနဲ့ ပျက်မှုပဲ တွေ့တယ်(မှန်ပါ့ဘုရား)။

ဖြစ်မှုနဲ့ ပျက်မှုပဲတွေ့တယ်လို့ ဆိုတာ ခင်ဗျားတို့ဉာဏ်ထဲမှာ ရောက်လို့ ရှိယင်ဖြင့် ဖြစ်မှု ပျက်မှုရှိလို့ ဖြစ်မှုပျက်မှုသိပါတယ်-(မှန်ပါ့ဘုရား)။

ဖြစ်မှုပျက်မှုရှိလို့.... (ဖြစ်မှုပျက်မှုသိပါတယ်) သဘောပါ ပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ဒီဓမ္မအရှိနဲ့ ဒီဓမ္မအသိနဲ့ သွားကိုက်တယ်.... (မှန်ပါ့ ဘုရား)။

ဒီဓမ္မအရှိနဲ့ ဒီဓမ္မအသိနဲ့.... ( သွားကိုက်ပါတယ် )ဒါဖြင့် ဓမ္မာနုဓမ္မပဋိပတ္တိဖြစ်ပြီတဲ့ ...(မှန်ပါ့ဘုရား)။

သူက ဓမ္မအားလျော်စွာဖြစ်နေတယ်....(မှန်ပါ့) ဒီက ဓမ္မ အားလျော်စွာကျင့်တယ်....(မှန်ပါ့)သဘောကျပလား (ကျပါပြီ ဘုရား)။

ဒီက ဓမ္မအားလျော်စွာ....(ဖြစ်ပါတယ်) ဒီက ဓမ္မအားလျော် စွာ....(ကျင့်ပါတယ်) ကျင့်တယ်, သိတယ် တူတူပဲ.... (မှန်ပါ့ ဘုရား)။

ဪ....ဒီလိုနေသွားလို့ ရှိယင်ဖြင့် တကာတကာမတို့ ပါရမီ စုံပြီးသားပုဂ္ဂိုလ်မှာ ဒါကလေးတခုသာ ဖြည့်တော့လို့ ဘုရားက ဟောထားတယ်....(မှန်ပါ့ဘုရား)။

ပါရမီစုံပြီးသားပုဂ္ဂိုလ်မှာ.... (ဒါကလေးတခုဖြည့်တော့လို့ ဟောထားပါတယ်) ဒါကလေးတခု ဖြည့်တော့.... (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ပါရမီတွေ တကာတကာမတို့ မစုံသေးဘူးလား-စုံပလား.... (စုံပါပြီ) အင်း... ဘာကလေးတခု ဖြည့်စရာကျန်ပါလိမ့်(ဓမ္မာနု- ဓမ္မပဋိပတ္တိ ဖြည့်စရာကျန်ပါတယ်ဘုရား)။

ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာက ဒီဓမ္မအရှိန့်ရှုတဲ့ဓမ္မအသိနဲ့ဦးမာဒင် ဘာလုပ်ရမတုံး... (ကိုက်ရပါမယ်ဘုရား)။

ဒါဖြင့် ဒီဓမ္မနဲ့ ဒီဓမ္မအရှိန်နဲ့ အသိကိုက်တယ်ဆိုလို့ရှိယင်ဖြင့် ဓမ္မာနုဓမ္မပဋိပတ္တိ၊ ဒီဓမ္မကို သူကျင့်တယ်....(မှန်ပါ) သဘောကျ ပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာ တကာတကာမတို့ ဗုဒ္ဓ ပူဇော်မိလုပ်ဖို့ မဟုတ်ဘူး(မှန်ပါ)အရှိန်နဲ့ အသိကိုက်ဖို့ ဘုရားက ဟောတာ....(မှန်ပါဘုရား)။

တချို့က ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိလုပ်တယ် (မှန်ပါ) သဘောကျပလား... (ကျပါပြီ) သဒ္ဓါနဲ့တပည့်တော် လောကုတ္တရာတရားအား လျော်သောတရားနဲ့ ရှိခိုးပါ၏တဲ့.... (မှန်ပါ)မဆိုင်ပါဘူးတဲ့ ဒီဥစ္စာ တကာတကာမတို့နော်....(မှန်ပါ ဘုရား)။

ကြည့်လေ....ပဋိပတ္တိပေါ်ဘူးလား.... (ပါပါတယ်) ပဋိပတ္တိ ဆိုတာ ဘာပါလိမ့်-အကျင့်....(မှန်ပါဘုရား)။

ပဋိပတ္တိဆိုတာ....(အကျင့်ပါ)ဒါဖြင့် ဓမ္မာနု- ဘာတုံး .... (ဓမ္မပဋိပတ္တိပါ) ဒါဖြင့် မဂ်ကိုဆိုတာ....(မှန်ပါ)ဝိပဿနာမဂ်ကို ဆိုတာ တကာကြွယ် ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သူတို့ကတော့ဖြင့် ဓမ္မသဘော အတိုင်းဖြစ်မှာပဲ၊ ဖြစ်ပြီးပျက်ကြမှာပဲ.... (မှန်ပါ) အနိစ္စာဝတ သင်္ခါရာကိုး....(မှန်ပါ) သဗ္ဗေသင်္ခါရာအနိစ္စာ....(မှန်ပါ) သဗ္ဗေ သင်္ခါရာဒုက္ခာ....(မှန်ပါ) သဗ္ဗေဓမ္မာအနတ္တာ....(မှန်ပါ)သူတို့က ဒီသဘောစွန့်ပါ့မလား....(မစွန့်ပါဘုရား)။

အဲဒီ သူတို့မစွန့်တဲ့သဘောကို တကာတကာမတို့ ဩော်... သူတို့မစွန့်တဲ့သဘောကို ကိုယ်ကသိ့သိပေးရမယ်(မှန်ပါဘုရား)။

သူတို့ မစွန့်တဲ့သဘောကို.... (ကိုယ်က သိ့သိပေးရပါမယ် ဘုရား)။

သိ့သိပေးတော့ မစွန့်တာကိုသိတယ်....(မှန်ပါ) သဘောကျ ပလား....(ကျပါပြီ)သူတို့၏ ဖြစ်မှုပျက်မှုကို....(သိပါတယ်)သူတို့ သဘောကို.... (သိပါတယ်) သူတို့သဘောကိုသိတယ်.... (မှန်ပါ ဘုရား)။

ဒါဖြင့် သူတို့သဘောဆိုတဲ့ ဥစ္စာက တာမှတွေးတောခနေ ပဲနဲ့ ဒါဝေဒနာက္ခန္ဓာ(မှန်ပါ) ရှင်းပလား ...(ရှင်းပါပြီဘုရား) ခင်ဗျားတို့၏ဝေဒနာက္ခန္ဓာသဘော ခင်ဗျားတို့သိတယ်(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သူတို့သဘောကို ချုံးလိုက်တဲ့အခါကျတော့ တာခန္ဓာသွား ဖြစ်သတုံး....(ဝေဒနာက္ခန္ဓာ သွားဖြစ်ပါတယ် ဘုရား)။

အဲ....ဝေဒနာက္ခန္ဓာဆိုတော့ ဘုန်းကြီးတို့ တကာတကာမ တွေ၏ ခန္ဓာသဘောပြန်ရတယ်(မှန်ပါ)ဒါဖြင့် ကိုယ့်ခန္ဓာသဘော ကိုယ်သိတယ်....(မှန်ပါ) ပေါ်ပြီ ...(ပေါ်ပါပြီဘုရား)။

ဘယ်သူ့သဘောသိပါလိမ့်... (ကိုယ့်ခန္ဓာသဘောကို ကိုယ်သိပါတယ်ဘုရား)။

ကိုယ့်ခန္ဓာသဘော ကိုယ်သိတယ်ဆိုတော့ နဂိုကတော့ ကိုယ့်ခန္ဓာသဘော ကိုယ်မှမသိပဲ....(မှန်ပါ) ကိုယ့်ခန္ဓာသဘောသာ ကိုယ်သိကြမယ်ဆိုလို့ရှိယင် ခင်ဗျားတို့ ဘယ်တော့မှအစားမှားတဲ့ ဝေဒနာမဖြစ်ဘူး....(မှန်ပါ) အခုတော့ အစားမှားတယ်ဆိုတော့ ခန္ဓာကဖောက်ပြန်ပြီ.... ( မှန်ပါ ) သူဖောက်ပြန်မည့်သဘောစောစောက သိထားမယ်ဆို ဒီအစား စားကိုမစားဘူး....(မစားပါဘုရား)။

ဒီလမ်းသွားလို့ ရှိယင်ဖြင့် ငှက်သင့်မယ်ဆိုလို့ ရှိယင်ဖြင့် ကိုယ့်ခန္ဓာသဘော ကိုယ်သိထားကြလို့ရှိယင် ဒီငှက်သင့်တဲ့ဆီမသွားဘူး....(မသွားပါဘုရား)။

အခုတော့ ကိုယ့်ခန္ဓာသဘောကို ကိုယ်ဘာမှ မသိတဲ့အတွက် အစားမှား- အသွားမှား- အနေမှား- အထိုင်မှား မရှိဘူးလား (ရှိပါတယ်)အဲဒါ နဂိုက ကိုယ့်ခန္ဓာသဘော ကိုယ်သိရဲ့လား (မသိပါ) သဘောကျပလား....(ကျပါပြီဘုရား)။

နဂိုက....(မသိပါ) အခုတော့ဖြင့် တကာတကာမတို့ ကိုယ့်ခန္ဓာသဘော ဒီဘက်က....(မှန်ပါ)ဒါက ကိုယ်သိတာ....(မှန်ပါဘုရား)။

ဒါက ဘာပါလိမ့်....( ကိုယ့်ခန္ဓာသဘောပါ ) ဒီဘက်က ဘာပါလိမ့်....(ကိုယ်သိတာပါဘုရား)။

ဪ....အခုမှပဲတရားထူးရကြပေတော့တယ်တကာတကာမ တို့ဝမ်းသာလိုက်တာ....(မှန်ပါ့ဘုရား)။

ကိုယ့်ခန္ဓာသဘောကို ကိုယ်သိတယ်ဆိုကတည်းကိုက တကာ တကာမတို့ ဒီခန္ဓာမသိလို့ လူဖြစ်ချင်, နတ်ဖြစ်ချင် ဖြစ်နေတာ (မှန်ပါ့)ဗြဟ္မာဖြစ်ချင်ဆိုတဲ့ ပဋ္ဌတွေလာနေတယ်...(လာနေပါ တယ်ဘုရား)။

ကိုယ့်ခန္ဓာသဘော ကိုယ်မသိလို့ ပဋ္ဌလာတာ.... (မှန်ပါ့) အခုတော့ ကိုယ့်ခန္ဓာသဘော ကိုယ်သိတော့ အနိစ္စချည့်ပဲ ဆိုတာ သိတယ်....(မှန်ပါ့) ဒုက္ခသစ္စာချည့်ပဲလို့ကော.... (သိပါ တယ်ဘုရား)။

အဲဒီတော့ ခုနင်က တဏှာပဋ္ဌကော လာပါဦးမလား.... (မလာပါ) မာနပဋ္ဌကော.... (မလာပါ) ဒီခန္ဓာကြီးကြည့်ပြီး မာနတက်ဦးမလား....(မတက်ပါဘုရား)။

ဒီခန္ဓာကြီးကိုလဲ ခန္ဓာ့သဘောသိလိုက်တဲ့အတွက်ဒိဋ္ဌိဆိုတဲ့ပဋ္ဌ ကော....(မလာပါဘုရား)။

ဒါ့ကြောင့် ဘုရားဟောတာ.... (မှန်ပါ့) သင်္ကြား ပဋ္ဌဟာ ဝေဒနာက လာတာကွတဲ့...( မှန်ပါ့ ) မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)၊

သင်္ကြားက ပဋ္ဌစဘယ်ကလာသတုံးလို့မေးတော့ ဘုရားက ဘယ့်နှယ်ဖြေသတုံး.... ( ဝေဒနာကလာတယ်လို့ဖြေပါတယ် ) ကိုင်း....တကာတကာမတို့ သံသရာဖြတ်ချင်ယင် ဝေဒနာကဖြတ်

ဆိုပြီး သိကြားဟောတာ....(မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါ ပြီဘုရား)။
သံသရာဖြတ်ချင်ယင်....(ဝေဒနာကဖြတ်ရပါမယ်)ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု... သာဓု.. သာဓု

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မဂ်လာဓာတ်ကျောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ဓမ္မာရုံ၌-ဟောကြား ဆုံးမတော်မူသော

(အနာဂတ်ဘေးငါးပါး)

# နေ့အလုပ်ပေး-တရားတော်

( ၂၆-၉-၆၁ )

အားလုံးတသားနာလာကြတဲ့ တကာတကာမတွေ လာလတံ့ ဘေးငါးဘေးဆိုတာ အင်္ဂုတ္တိုရ်ပါဠိတော်ကြီးမှာ ဟောတော်မူတယ်နော်... (မှန်ပါ)။

တကာတကာမတွေ ကိုယ်တိုင်သိရမည့်ဘေးဟာ ငါးဘေး ရှိတယ်ကွာ....တဲ့၊ အဲဒီငါးဘေးဖြင့် စောင့်ဆိုင်းပြီးသကာလ မနေလိုက်ပါနဲ့၊ ပြီးသင့်တဲ့အလုပ်ပြီးအောင် လုပ်ထားနှင့်ပါလို့ ကိုယ်တော်မြတ်ကြီးက မှာတယ်....(မှန်ပါ)။

ဘေးက ဘယ်နှစ်ဘေးရှိပါလိမ့်....(ငါးဘေးပါဘုရား) အဲဒီ ငါးဘေးကိုဖြင့် မင်းတို့က စောင့်ဆိုင်းပြီးသကာလ မနေလိုက်ပါ နဲ့....တဲ့၊ ပြီးသင့်တဲ့အလုပ်ပြီးအောင် လုပ်ထားနှင့်ပါ....တဲ့.... (မှန်လှပါ)။

စောင့်ဆိုင်းလို့ရှိယင် မင်းတို့သည်ကားလို့ဆိုယင်ဖြင့် ပြီး သင့်တဲ့အလုပ် မပြီးသောကြောင့် မင်းတို့သည် သံသရာခရီးသည် ဖြစ်ပြီးသကာလ အိုဘေး၊ နာဘေး၊ သေဘေးတွေနဲ့ အဖော်လုပ် ရလိမ့်မယ်....(မှန်ပါ)။

ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေသေးငါးသေးမစော့ဖို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သဗ္ဗညုတဉာဏ်တော်နဲ့ ကြည့်ပြီးသကာလ မှာတော်မူတာကို ကျုပ်တို့က အရှဲတိုက်လို့ မတော်ဘူးဆိုတာ တကာကြွယ် မှတ်ရလိမ့်မယ်....(မှန်ပါ့)။

တကာတကာမတွေ ကိုယ့်ဟာကိုယ် အရှဲ့တိုက်နေတာ မသိလို့ရှိယင်လဲ ကိုယ်တော်မြတ်ကြီးကိုမကြည်ညိုရာ-မလေးစားရာ၊ ကိုယ်တော်မြတ်ကြီးကတော့လဲ မင်းတို့သည်ကားလို့ဆိုလို့ရှိယင်ကွာ....တဲ့ တိဏ္ဏော တာရေယျံ = ငါနိဗ္ဗာန်ဘက်ကူးသလို မင်းတို့ကို သက္ကာယနယ်မှ သက္ကာယချုပ်တဲ့ဘက်သို့ ကူးအောင် ငါ-ဆောင်ရွက်မယ်ဆိုတဲ့ ရည်ရွယ်ချက်ပါပဲ....(မှန်ပါ့)။

မုတ္တော မောစေယျံ=ငါသည် အိုသေး,နာသေးမှလွတ်သလို မင်းတို့ကိုလဲ လွတ်စေရမယ်ဆိုတဲ့ ရည်ရွယ်ချက်ကြီးနဲ့ လာခဲ့တာ-(မှန်ပါ့)။

ဗုဒ္ဓေါ ဗောဓေယျံတဲ့=မင်းတို့ သစ္စာလေးပါးမသိဘူးဆိုတာ ငါ-ရိပ်မိတယ်တဲ့၊ သစ္စာလေးပါးမသိလို့ သံသရာရှည်ခဲ့တာကိုလဲ ငါသိသလို သိစေမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ငါ-ဘုရားအဖြစ်ကို မရ,အရယူလာခဲ့တယ်ဆိုတာ ပြောပါတယ်....(မှန်ပါ့)။

အဲဒီတော့ ကိုယ်တော်မြတ်ကြီးက ကျုပ်တို့အပေါ်မှာ သံချက်ငဲ့တယ်ဆိုတာ ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား) သံချက်ငဲ့တယ်ဆိုတာ တခြားမဟုတ်ပါဘူး၊ သူ-သစ္စာလေးပါးတရားကို သိသလို သိစေချင်တယ်.... (မှန်လှပါ) သူ-အိုသေး,နာသေးမှ လွတ်သလိုလဲ လွတ်စေချင်တယ်....( မှန်ပါ့ဘုရား )

သူသက္ကာယနယ်မှ သက္ကာယကင်းတဲ့နယ်ရောက်သလိုလဲ တကာ တကာမတွေကိုလဲ ရောက်စေချင်တယ်.... (မှန်ပါ့) ဘယ်နှစ်ချက် ပါလိမ့်....(သုံးချက်ပါဘုရား)။

အဲဒီသုံးချက် ရည်ရွယ်ချက်ဟာ သူ့အတွက်လားလို့ မေး တော့ ဟကာသစ်တို့-ဦးမာဒင်တို့ ဖြေတာပေါ့ဗျာ၊ ကျုပ်တို့ အတွက်တွေ....(မှန်ပါ့) ငါလွတ်သလို လွတ်စေရမယ်ဆိုတော့ သူလွတ်ပြီးသွားဗျ....(မှန်ပါ့) ငါသိသလို သိစေရမယ်ဆိုတာ ကော....(သူသိပြီးသွားပါဘုရား) ငါ-ကူးမြောက်သလို သူတို့ကို ကူးမြောက်စေရမယ်ဆိုတာကော.... (သူ ကူးမြောက်ပြီးသွားပါ ဘုရား) သူ-ကူးမြောက်ပြီးသွား.... (မှန်ပါ့) ရှင်းပြီးနော်.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီကိုယ်တော်ကြီးသည်ကား.... လို့ဆိုယင် ကျုပ်တို့ အကျိုးသက်သက်ပဲဆိုတာ တကာတကာမတွေ ပေါ်လာတယ်- (ပေါ်လာပါတယ်ဘုရား)။

အဲဒီ ကိုယ်တော်မြတ်ကြီးက မင်းတို့မှာ လာလတံ့ဘေး ငါးဘေးရှိပါတယ်ကွာ၊ ဝီရိယကလေးဖြင့် ပြင်းထန်ပြီးသကာလ ဒီဘေးမလာခင် ဘေးရှောင်တဲ့အလုပ် လုပ်လိုက်ပါကွာဆိုတာ ပဉ္စကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်မှာ ကိုယ်တော်တိုင် ဟောတော် မူတယ်....(မှန်ပါ့)။

တကာကြွယ် ဒီဥစ္စာ အရေးကြီးပါတယ်နော်.... (ကြီးပါ တယ်ဘုရား) အရေးကြီးတယ်လို့ မှတ်ကြစမ်းပါ တကာတကာ မတို့....(မှန်ပါ့)။

တကာတကာမတွေမှာ....တဲ့ ယခုအချိန်မှာ အသက်အရွယ် ငယ်ကြတဲ့ပုဂ္ဂိုလ်တွေလဲ ရှိပါတယ်၊ မသေသေး ငယ်သေးတယ်ပဲ ထားပါဦးတော့.... ( မှန်လှပါ ) ဒီ့ထက်ကြီးသွားလို့ ရှိယင် ဒီမဂ်ဉာဏ်ဖိုလ်ဉာဏ်ရောက်ကြောင်း အလုပ်တွေကိုလဲ တကာ တကာမတွေ လုပ်နိုင်ဖို့ မြင်သေးရဲ့လား.... (မမြင်ပါဘုရား)။

ဒါဖြင့် အခု မလုပ်တဲ့ပုဂ္ဂိုလ်သည် ဩော်....အိုဘေးစောင့် နေတဲ့ပုဂ္ဂိုလ်ပဲ.... (မှန်လှပါ) မလုပ်ဖြစ်အောင် စောင့်နေတဲ့ ပုဂ္ဂိုလ်ပဲဆိုလို့ ရှိယင် မလွဲဘူး.... (မလွဲပါဘုရား) သဘောပါကြ ရဲ့လား....(ပါ-ပါတယ်ဘုရား)။

အခုသည်ကား....လို့ဆိုယင် အားလုံး တကာတကာမတွေ ကျန်းမာ-ချမ်းသာသေးတယ်၊ အရွယ်ငယ်သေးတယ် ထားလိုက် ပါတော့.... (မှန်ပါ) ကြီးတော့ မိန်းမောတွေဝေပြီးသကာလ တကာသစ်-ရေ.... အခုမလုပ်တဲ့ပုဂ္ဂိုလ်ဟာ မိန်းမော တွေဝေမှု ဆိုတဲ့ အိုဘေးစောင့်တာနဲ့ထူးသေးရဲ့လား.... (မထူးပါဘုရား)။

အဲဒီဘေးက လာမှာလား-မလာဘူးလားလို့ သတ္တဝါတိုင်း မှာ တွေးကြည့်ပါ....(လာမှာပါဘုရား)။

ဒါဖြင့်.... အခု တွင်တွင်ကျယ်ကျယ် မလုပ်သေးပဲ တောင် ဆင်ခြေများ- မြောက်ဆင်ခြေများနဲ့ နေတဲ့ပုဂ္ဂိုလ်များအတွက် ဟာ တကာကြွယ် မလုပ်နိုင်တဲ့ အိုဘေးစောင့်တာပဲ....(မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

ဘာစောင့်တာတုံး.... (အိုဘေးစောင့်တာပါဘုရား) ဘယ့် နှယ်ကြောင့် သူစောင့်ပါလိမ့်မလဲလို့ ဦးမာဒင်တို့ မေးလို့ရှိယင်

ဖြင့်တဲ့ မလုပ်ဖြစ်အောင်လို့ စောင့်တာ....(မှန်ပါ) မလုပ်ဖြစ်အောင်လို့ စောင့်တော့ကို သံသရာစခန်းသတ်ရမည့် အလုပ်ဟာ အပါယ်လေးပါးနဲ့ သေခန်း-ရှင်ခန်း ပြတ်ရမည့်အလုပ်ဟာ ပြတ်သေးရဲ့လား....(မပြတ်ပါဘုရား)။

ဩော်.... သူသည်ကား အိုဘေးတွင် စောင့်တာမဟုတ်ပါလား၊ သံသရာဘေးရော-အပါယ်ဘေးရော စောင့်တာပါလား....(မှန်ပါ) တကာသစ် မနာဘူးလား....(နာပါတယ်ဘုရား)။

အာလုံး တကာတကာမတွေ အင်မတန်ဆိုးရွားနေလို့ပြောပါတယ်....(မှန်ပါ) အင်မတန်ဆိုးရွားပြီးသကာလ ခင်ဗျားတို့ စောင့်သင့်တာစောင့်၊ သားနဲ့တွေ့မယ်၊ သမီးနဲ့တွေ့မယ်ဆိုတဲ့ စောင့်လိုးကိုတော့ ဘုန်းကြီးများက မဆိုလိုပါဘူး.... (မှန်ပါဘုရား)။

အခုဟာက အအိုကိုလဲ ကိုယ်က မကြိုက်ပဲနဲ့ အအိုလွတ်ရာ လုပ်တဲ့အလုပ်ကို စောစောက လုပ်နိုင်ပြီးသား မဖြစ်တာ မစောင့်ကောင်းတဲ့ အိုဘေးစောင့်နေလို့ ရှိယင် ဦးမာဒင်တို့ တယ်နာတယ်....(မှန်ပါ)။

ဟကာတကာမတို့ အင်မတန် ကြောက်စရာကောင်းပါလား (ကြောက်စရာကောင်းပါတယ်ဘုရား)။

ခင်ဗျားတို့ အခု မလုပ်သေးတဲ့ပုဂ္ဂိုလ် ဘာစောင့်ပါလိမ့်....(အိုဘေးစောင့်ပါတယ်ဘုရား) ဒါ....အနာဂတ်ဘေးလဲ တွေ့ရမှာဗျာ.... (မှန်ပါ) မတွေ့ပါနဲ့ဆိုလို့ ရှောင်လို့ရရဲ့လား....(မရပါဘုရား) အသက်ရှည်၊ ရှည်သလောက် တွေ့ရမယ်ဆိုတာ

တကာကြွယ် ငြင်းဖို့မလိုပါဘူး....(မလိုပါဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ အဲဒီ့အိုဘေးမလာခင် တခါတည်း မြန်မြန်ထက်ထက် ဒုက္ခဆုံးတဲ့ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ဒုက္ခအဆုံးမြင်တဲ့ မဂ်ဉာဏ်, ဒုက္ခအဆုံးမြင်တဲ့ ဖိုလ်ဉာဏ်ကို တကာသစ်ရေ- မရ- အရလုပ်လိုက်ပါဆိုတာ၊ ဝီရိယပြင်းထန်လိုက်ပါလို့ ဘုရားက အကြီးအကျယ်တိုက်တွန်းပါတယ်လို့ မှတ်လိုက်ပါ....(မှန်ပါ့ဘုရား) ကေနမြင်တဲ့ ကိုယ်တော်ကြီးနော်....(မှန်ပါ့ဘုရား)။

အခုတော့ တကာတကာမတွေ တချို့ဘယ်နှယ်ပြောနေကြသတုံးလို့မေးတော့ တကာကြွယ်ရေ- ကျုပ်တို့က ဆရာနဲ့တွေ့ရတာ နောက်ကျတယ်....(မှန်ပါ့)။

အသက်ကလေးက ကြီးသွားတယ်.... (မှန်ပါ့) အသက်ကလေးကကြီးသွားတော့ မေ့လွယ်တယ်ဘုရာ့.... (မှန်ပါ့) မရနိုင်ဘူးဘုရာ့၊ ရခဲ-မေ့လွယ် ဖြစ်နေတယ်ဘုရာ့....တဲ့....(မှန်ပါ့ဘုရား)။

အင်း.... သူစောင့်နေတာတော့ အပြစ်မထည့်ဘူး....(မှန်ပါ့) သူ့အသက်ကြီးတာသာ ဂုဏ်ယူပြီးသကာလ မလုပ်ဖြစ်တဲ့နည်းပဲ ပြောနေတယ်ဆိုတော့ ဦးမာဒင် ကောင်းပါ့မလား....(မကောင်းပါဘုရား)။

နဂိုက ဘယ်သူစောင့်လို့ တွေ့ဘာတုံးလို့မေးယင် ဘယ့်နှယ်ဖြေမလဲ....(ကိုယ်စောင့်လို့တွေ့ဘာပါ) တကာသစ်ရေ-ဘယ်သူစောင့်လို့တုံး....(ကိုယ်စောင့်လို့ပါဘုရား)။

ကိုယ့်ဟာကိုယ်စောင့်လို့ ကိုယ်တွေ့တဲ့ ဥစ္စာကိုပဲ တကာ တကာမတို့ မလာမည့်ဘေးလား....၊ လာမည့်ဘေးလားဆိုဘာလဲ အကဲခတ်ပါဦး ...(လာမည့်ဘေးပါဘုရား)။

လာမည့်ဘေးဖြင့် စောင့်နေရမှာလား၊ ကျုပ်တို့ ကိုယ့်ကိစ္စ ပြီးနိုင်အောင် လုပ်ရမှာလား.... (ကိုယ့်ကိစ္စပြီးနိုင်အောင် လုပ်ရ မှာပါဘုရား)။

အဲဒါ တကာကြွယ်ဘို့လူစု ဦးမာဒင်တို့လူစုတွေက အစောင့် ကြီးစောင့်လို့ အခုအိုမှ ဆရာကောင်း သမားကောင်းတွေနဲ့ လာပြီးသကာလ တွေ့လိုက်ပြန်တော့ တပည့်တော်တို့က ဘုရား အတွေ့က နောက်ကျတယ်....(မှန်ပါ)။

အံ့မာ.... သာခုခေါ်ရဦးဘော့မလိုလို.... (မှန်ပါ) အတွေ့ နောက်ကျတာ မဟုတ်ဘူး....၊ ကိုယ်-ကိုယ်တိုင်စောင့်လို့ တွေ့ တာ....(မှန်ပါ)။

ဘယ့်နှယ်ဆိုကြမလဲ....(ကိုယ်-ကိုယ်တိုင်စောင့်လို့ တွေ့ရဘာ ပါဘုရား)။

ဩြော်....ခင်ဗျားတို့ဉာဏ်ကောင်း ကံကောင်းတွေကို တကာ ကြွယ် သားရေး, သမီးရေး, စီးပွားရေးထဲ ဖြုန်းပစ်ကြတယ် ... (မှန်ပါဘုရား)။

ဉာဏ်ကောင်း ကံကောင်းတွေကို.... (သားရေး, သမီးရေး, စီးပွားရေးထဲ ဖြုန်းပစ်ပါတယ်ဘုရား)။

ထက်တဲ့ဉာဏ်တွေကိုလဲ သားရေး, သမီးရေး, စီးပွားရေး တကျာခိုင်းတဲ့အလုပ်ထဲမှာ ဖြုန်းပစ်ကြတယ်.... (မှန်ပါ) ဉာဏ်

ခေါင်း၊ ကံကောင်းတွေက အခုပါသေးရဲ့လား.... (မပါ ့ပါ ဘုရား)။

ကံမကောင်းဘူးဆိုတာလဲ မျက်လုံးမဲ့လာတာ၊ မျက်လုံးဟာ ကံကြောင့်ဖြစ်တာ....(မှန်ပါ့) အဲဒီ့ကံကြောင့်ဖြစ်တဲ့ မျက်လုံးဟာမဲ့ပြီ.... (မှန်ပါ့)။

နားကလဲသိပြီ၊ ခါးကလဲသိပြီ....(မှန်ပါ့) အားအင်ဗလကလဲ ချိနဲ့ပြီဆိုတာအဲဒါ ကံကောင်းတွေ ဖြုန်းပစ်လိုက်တာ....(မှန်ပါ့ ဘုရား)။

ဉာဏ်တွေကလဲ ငယ်ငယ်တုန်းက စားနိုင် သောက်နိုင်လို့ ဉာဏ်တွေကလဲ ထက်ကြတယ်....(မှန်ပါ့) အခုအခါကျတော့ ဉာဏ်တွေက နည်းနည်း တုံးတုံး-တုံးတုံးလာတော့ ဒါဖြင့် ကံကောင်း-ဉာဏ်ကောင်းတွေ ဘယ်ဖြုန်းခဲ့ပါလိမ့်မတုံးလို့ မေးတော့ တဏှာ့ကျွန်အဖြစ်နဲ့ ဖြုန်းခဲ့တယ်....(မှန်ပါ့)။

တဏှာခိုင်းခဲ့တဲ့အလုပ် တပည့်တော်တို့က ကံကောင်း၊ ဉာဏ်ကောင်းတွေ ဖြုန်းခဲ့ဘယ်ဘုရာ့ဆိုယင် ဦးမာဒင် လွဲပါ့မလား.... (မလွဲပါဘုရား)။

အခုဘုန်းကြီးဆီရောက်လာတော့ တကာကြွယ် ဘယ်အခြေအနေနဲ့ ရောက်လာသဘုံးမေးတော့ ကံမဲ့ဉာဏ်မဲ့မှ ရောက်လာဘယ်....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဖြစ်နေသဘုံး .... ( ကံမဲ့ဉာဏ်မဲ့ဖြစ်နေပါတယ်) ဘပည့်တော် ကယ်ပါဦး ယူပါဦးဘုရာ့၊ တပည့်တော်တို့ဖြင့် အရွယ်ကလဲ ကြီးပြီဘုရား၊ အတွေ့ကလဲ နောက်ကျနေတယ်....၊

အရှင်ဘုရား ခပ်သုတ်သုတ်နဲ့ ကယ်ယူမှပဲ၊ သိပ်အချိန်ဆွဲလို့မရ ဘူးလို့ လျှောက်ပြန်တော့လဲ အင်း....ကံမကောင်း အကြောင်း မသင့်လို့ တွေ့ရတာလား....၊သူကိုယ်တိုင်က စောင့်ပြီးသကာလ ဒါကြီးရမှဒီအကြောင်းပြောဘာလား... (သူကိုယ်တိုင်ကစောင့် ပြီး ဒါကြီးရမှ ဒီအကြောင်းပြောတာပါဘုရား)။

အံမာလေး....ကြောက်စရာကြီးပါလား.... (မှန်ပါ) ဒါကြီး ရမှ ဒီအကြောင်းပြောလာတယ်ဆိုတော့ တကာကြွယ်ရေ-မဆိုး ရွားဘူးလားဗျာ....(ဆိုးရွားပါတယ်ဘုရား)။

ကဲ.... တကာသစ် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟော တော်မူတဲ့ အနာဂတ်ဘေးဆိုတာ တွေ့လတံ့ အနာဂတ်ဘေးပါ ပဲ....(မှန်ပါ)။

ပျင်းတုန်းမလုပ်မိလို့ အိုမှလုပ်မယ်ဆိုယင်လဲ တလလုပ်ရမှာ နှစ်လ,သုံးလကြာသွားမှာပေါ့ဗျာ....(မှန်ပါဘုရား)။

အဲဒါ ဘယ့်နှယ်ကြောင့် ဒါလောက်တောင် အကြာကြီး ကြာရပါလိမ့်မတုံး မေးတဲ့အခါကျတော့ အိုဘေးစောင့်မိလို့ ဘုရာ့....လို့ဆိုယင် လွဲပါ့မလား....(မလွဲပါဘုရား)။

ဒါဖြင့်.... စောင့်ကောင်း မစောင့်ကောင်း.... ( မစောင့် ကောင်းပါ) တကာကြွယ် ရိပ်မိပြီ.... (ရိပ်မိပါပြီ) ဦးမာဒင်တို့ ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)အစောင့်မှားကော ကိုယ့်ဟာကိုယ် သေချာပလား....(သေချာပါပြီဘုရား)။

ခင်ဗျားတို့ကတော့ စောင့်တယ်လို့ မထင်ဘူးပေါ့ဗျာ.... (မှန်ပါ)ဘုရားကတော့ဖြင့် စောင့်လို့ တွေ့ဘာကွာတဲ့(မှန်ပါ) မစောင့်ယင် သူတို့မတွေ့ပါဘူးတဲ့....(မှန်ပါ)။

မစောင့်လို့ရှိယင် သူတို့ သုံးဆယ့်လေးဆယ်အရွယ်ကတည်းက တခါတည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရပြီး ဉာဏ်ကောင်း-ကံကောင်းတွေနဲ့ သုံးလိုက်မယ်ဆိုယင် အလွယ်တကူနဲ့ရပြီးသကာလ ကိစ္စပြီးကြပြီ....(မှန်ပါ့)။

အခုတော့ သူတို့စောင့်တဲ့ အိုဘေးကြီး သူတို့တွေ့နေပြီ...(မှန်ပါ့)။

အဲဒါ ဒီအချိန်ကျမှ တခါမျက်စိကလေး ဘာကလေး ပွင့်လာပြီး သူတော်ကောင်းအလုပ်၊ သံသရာစခန်းသတ်တဲ့အလုပ်ကို ရှာပြန်တော့ အင်း... နည်းနည်းအချိန်နောက်ကျတယ်၊ တလလုပ်ရမှာနှစ်လ၊သုံးလလုပ်ရမယ်ဆိုတဲ့ အဓိပ္ပာယ် တကာသစ်ရောက်-မရောက်....(ရောက်ပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့်လဲ၊ဒီတဘဝတည်း ရထိုက်ပါလျက်သားနဲ့ အချိန်တွေကြာမြင့်သွားပါလိမ့်မလဲ၊ ဒီမဂ်ဉာဏ်၊ဖိုလ်ဉာဏ်ရထိုက်တဲ့အကြောင်းအကျိုးတွေ စုံပါလျက်သားနဲ့ သူများ တလအားထုတ်ရတာ ကိုယ် နှစ်လ၊သုံးလအားထုတ်ရတာ ဘယ်အတွက်ကြောင့်ပါလိမ့်မလဲလို့ ဦးမာဒင်မေးယင် ဘယ့်နှယ်ဖြေပါ့မလဲ (အိုဘေးစောင့်လို့ပါ) တိုးတိုးမပြောကြနဲ့ ကျယ်ကျယ်ပြောကြစမ်းပါ....ရိုင်မိုင်လား....(ရိုပ်မိပါပြီဘုရား)။

ဘာစောင့်တာတုံး.... (အိုဘေးစောင့်ပါတယ်) ဘယ်သူကစောင့်တာပါလိမ့်ဗျာ.... (တပည့်တော်တို့က စောင့်ပါတယ်) ကိုယ့်ဟာကိုယ်စောင့်တယ်....(မှန်ပါ့)။

အံမာလေး တကာတကာမတို့ အိုဘေးဟာ စောင့်ကောင်းမစောင့်ကောင်း....(မစောင့်ကောင်း ပါဘုရား)။

သူမလာခင် ပြီးအောင်လုပ်နိုင်ဖို့ အရေးဟာက ကိုယ်သိဘတ်တဲ့ အရေးဆိုယင် လွဲပ့ါမလား....(မလွဲပါဘုရား)။

အခုတော့ ဘုန်းကြီးတို့ တကာတကာမတွေ ကံမွဲ-ဉာဏ်မွဲ ရောက်လာတဲ့အခါကျတော့ တကာကြွယ်ရေ့ တလလုပ်ရမှာ ဘယ်လောက် လုပ်ရသတုံး.... ( နှစ်လ, သုံးလလောက်လုပ်ရပါတယ်ဘုရား)။

အဲဒါ တပည့်တော်တို့ကဘုရား ပါရမီမရှိလို့ ဆိုကြမလား.... အစောင့်မှားလို့ ဆိုကြမလား.... (အစောင့်မှားလို့ပါဘုရား)။

ဒါ့ကြောင့် ပါရမီဖျက်ချင်လို့ ဘုရားကဟောရှာတာ.... (မှန်ပါ့) ခင်ဗျားတို့က ပါရမီချည့်ချနေလို့ မဟုတ်ဘူးကွတဲ့၊ သူငယ်ငယ်ရွယ်ရွယ်တုန်းက လုပ်မယ်ဆို တလနဲ့ရရမည့်အလုပ်၊ သူအိုဘေးစောင့်တာနဲ့ ဒါလောက် နှစ်လ, သုံးလ ကြာပြီး သကာလ သူသည် မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဆင်းဆင်းရဲရဲနဲ့ အရယူ ရတာ တကာသစ် ဘာ့ကြောင့်တုံး....( အိုဘေးစောင့်လို့ပါ ) ဘယ်သူကစောင့်တာတုံး .... ( ကိုယ့်ဟာ ကိုယ်စောင့်တာပါဘုရား)။

တကာကြွယ် ဒီဥစ္စာလောကကြီးထဲမှာ လောကချက်လုံးနဲ့ပဲ ကြည့်ပါဦး စောင့်ကောင်း-မစောင့်ကောင်း....(မစောင့်ကောင်း ပါဘုရား) ကျုပ်တော့ အိုမှအားထုတ်မှာပဲ....( မှန်ပါ့ ) ပြောလို့ကော ကောင်းကြရဲ့လား....(မကောင်းပါဘုရား)။

မကောင်းပါပဲလျက်ခင်ဗျားတို့ဟာကံကောင်း,ဉာဏ်ကောင်း တွေကို တဏှာခိုင်းတဲ့ အလုပ်တွေထဲ ဖြုန်းပစ်ခဲ့တယ်....(မှန်ပါ့)

ကံမွဲဉာဏ်မွဲနဲ့ အိုဘေးသင့်မှ ဆရာကောင်း သမားကောင်းဆီ ရောက်လာတော့ တလအားထုတ်ရမှာ....( နှစ်လ သုံးလလောက် အားထုတ်ရပါတယ်ဘုရား)။

အဲဒီတော့ သုံးလလောက် အားထုတ်ရတော့ တကာဘကာမ တွေကပြောလာတယ်၊ပါရမီများမှဘုရား- ဟန်မှဟန်ပါ့မလား၊ ပါရမီကပဲ ချို့တဲ့နေသလား၊ ဒီလိုတွေးလိုက်တဲ့အခါကျလို့ ရှိယင် ဘုရားက ဒီအတွေးလွဲသကွာဘဲ့ ... ( မှန်ပါ့ ) ဒီအတွေး လွဲတယ်တဲ့၊သူဟာ ကံကောင်း ဉာဏ်ကောင်းတွေ တဏှာခိုင်း တာနဲ့ဖြုန်းပစ်ခဲ့တယ်၊ အရွယ်ကောင်းတုန်းက.... ( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီဘုရား)။

ပြီးတော့လဲ သူသည် အိုဘေးကြီးလာလိမ့်မယ်လို့ ဆိုတာ ကိုလဲ ကေန်သိလျက်သားနဲ့ အို....ကြီးမှပဲ အားထုတ်တော့မယ် လို့ သူပြောပြန်တယ်....(မှန်ပါ့) ဒါဖြင့် ဘာစောင့်တာတုံး.... (အိုဘေးစောင့်တာပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီပုဂ္ဂိုလ်တွေကို တကာတကာမတွေက တကာကြွယ်တို့လို၊ ဦးမာဒင်တို့လို ပုဂ္ဂိုလ်တွေကို ဘယ်လိုဆိုကြမတုံးလို့ မေးတဲ့အခါ ကျတော့ မစောင့်ကောင်းတာ စောင့်တဲ့လူတွေပဲ.... (မှန်ပါ့ ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ....(မစောင့်ကောင်းတာစောင့်တဲ့လူတွေ ပါဘုရား)။

တကာကြွယ် နာစရာရှိရဲ့လားခင်ဗျားတို့.... (မရှိပါ) မရှိဘူး သူမစောင့်ကောင်းတာကို စောင့်နေတယ်...(မှန်ပါ့) ဒါအိုဘေး မလာခင် ကျုပ်တို့သည် ကိုယ့်အရေးပြီးရမှာကိုးဗျ ... (မှန်ပါ့) ကိုယ့်အရေးပြီးဘော့ တကာတကာမတို့ အိုချင်တိုင်းအို၊ ဒီတခါ

အိုပြီးယင် နောက်အိုစရာမရှိဘူး....(မှန်ပါ) ဒီလိုစိတ်ချရတယ် ဆိုတာကော သဘောကျပလား....(ကျပါပြီဘုရား)။

အဲ....သို့သော် အခုမှ လွန်မှဆရာဘုန်းကြီးနဲ့လဲ တွေ့ရတာကိုးဘုရာ့၊ ဘုရားဟောကလဲ အခုမှကြားရတာကိုးဘုရာ့ ဆိုပြီး ခင်ဗျားတို့ ဆင်ခြေလဲချင်လဲကြမယ်....(မှန်ပါ့ဘုရား)။

ကဲ....ဒီဥစ္စာတော့ မသိလို့ပဲရှိပါစေတော့ဆိုပြီး ဒီတပတ်ကို သည်းခံမယ်ဆို ရပါသေးတယ်....(မှန်ပါ့ဘုရား)။

တခါဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့မှာ နာဘေးကြီးက မင်းတို့ခန္ဓာရကတည်းက နာဘေးလာမယ်.... (မှန်ပါ့) မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲ့ဒီတော့ နည်းနည်း သာမညနာဘေးမလာခင် မြန်မြန်ကြိုးစားပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အရယူလိုက်လို့ရှိယင် နာဘေးဇာတ်မသိမ်းနိုင်ဘူးလား.... ( သိမ်းနိုင်ပါတယ် ) ဒီတခါသာ ဖြစ်မယ် နောက်ဖြစ်စရာ....(မရှိပါဘုရား)။

အခုတော့ တကာတကာမတွေ ဘယ့်နှယ် ဖြစ်နေသတုံး ဆိုလို့ရှိယင် မျိုပျိုရွယ်ရွယ် မနာခင်တုန်းက၊ ရောဂါကင်းစင်တုန်းကတော့ စားသောက်ကောင်း၊ နေထိုင်ကောင်း အဲဒါ ကြေကျက်တုန်းကတော့ တဏှာခိုင်းတာတွေ လျှောက်လုပ်နေတယ်....(မှန်ပါ့) ရောဂါလဲထူလာပြီဆိုမှ အင်း.... ကိုယ့်ရေးကိုယ့်တာရှာဦးမှပဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့်ဒီဥစ္စာသည်ကားလို့ ဆိုလို့ရှိယင် တကာတကာမတို့ နာဘေးဟာ တကာသပ်ပဲ တွေ့ပါတော့ သူစောင့်လို့တွေ့ဘာလား-အလိုလိုလာဘာလား.... (သူစောင့်လို့တွေ့ဘာပါ) ပေါ်သွားပြီ....(ပေါ်ပါပြီဘုရား)။

တကာတကာမတို့ ဘယ်လိုဖြေကြမတုံး.... (သူစောင့်လို့လာတာပါ) ခင်ဗျားတို့ကိုယ်တိုင်စောင့်လို့ ခင်ဗျားတို့တွေ့ရဘာ.... (မှန်ပါ့) မစောင့်ယင်....(မတွေ့ရပါဘုရား)။

မစောင့်လို့ရှိယင် ခင်ဗျားတို့ ခုနင်ကမဂ်ဉာဏ်-ဖိုလ်ဉာဏ်ကရပြီးပြီ....(မှန်ပါ့) တွေ့ချင်တွေ့ကွ ဘာကိစ္စရှိသလဲ.... (မှန်ပါ့) မင်းဒီတခါပဲ နှိပ်စက်နိုင်မယ်၊ နောက်နှိပ်စက်နိုင်တဲ့ အကြောင်းဒို့အပေါ်မှာ မမြင်ပါဘူး....(မှန်ပါ့) ဒီလိုဘင်းတင်းကြီး မျက်နှာထားနိုင်ပါတယ်....(မှန်ပါ့ဘုရား)။

အခုတော့ဖြင့် တကာတကာမတွေက နာဘေးဘောင်းပန်ရတာကတမျိုး....(မှန်ပါ့) ကိုယ့်သူတော်ကောင်းအလုပ်- လုပ်ချင်တာက....(တမျိုးပါ) ဟာ....ဘာဖြစ်မလဲ မနည်းကိုနောက်ကျသွားပြီ....(မှန်ပါ့) နောက်မကျဘူးလား(ကျပါတယ်ဘုရား)။

နာဘေးတောင်းပန်ရတာက ဆေးသမားနဲ့ဆေးနဲ့၊ဒါကလေးတောင်းပန်နေရသေးတယ်....(မှန်ပါ့) သူတော်ကောင်းအလုပ်လဲလုပ်ရသေးတယ်....(မှန်ပါ့ဘုရား)။

အခုတော့ တောင်းတောင်းပန်ပန်နဲ့ လုပ်တဲ့ အချိန်ရောက်လာတာဟာ သြော်....ကံမကောင်း အကြောင်းမသင့်လို့လား- ကိုယ်စောင့်လို့ တွေ့ရဘာသား.... (ကိုယ်စောင့်လို့ တွေ့ရဘာပါဘုရား)။

ဒါ သံဝေဂရအောင်လို့ ဟောတဲ့တရားမဟုတ်ပါဘူး .... (မှန်ပါ့) မိုက်ပြစ်ဖော်တဲ့တရား....(မှန်ပါ့ဘုရား)။

ဦးမာဒင် ဘာတဲ့တုံး.... (မိုက်ပြစ်ဖော်တဲ့ တရားပါ) တကာကြွယ် နာသလားဗျ.... (မနာပါ) မနာနဲ့ ခင်ဗျားတို့၊ နာလဲဒီအတိုင်းဖြစ်ရမှာပဲ.... ( မှန်ပါ့ ) နာလဲ ခင်ဗျားတို့က နာသာ

နာဘယ် စောင့်ပြီးသွားပဲဖြစ်နေဘယ်....( မှန်ပါ့ ) သဘော ကျပလား....(ကျပါပြီဘုရား)။

ရောဂါကင်းတုန်းကတော့ ဘယ်မှာနေခဲ့လို့ ဘယ်မှာဘာလုပ်ခဲ့ကြသတုံး၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတာလဲ ရောဂါကင်းတုန်းက သာပြီး ခရီးပေါက်တယ်.... ( မှန်ပါ့ ) အို....ဒီစဉ်အခါတုန်းကတော့ တပည့်တော်တို့ သွားရေး, သမီးရေး, စီးပွားရေးဆိုတဲ့ ကျွန်အလုပ်က ဈေးကောင်းတုန်းဘုရာ့....(မှန်ပါ့ဘုရား)။

ဘာဈေးကောင်းသတုံး.... (ကျွန့်အလုပ်က ဈေးကောင်းပါတယ်ဘုရား) အ•မာ .. အဲဒီတုန်းက သိပ်ပျော်တာကိုးဗျ(မှန်ပါ့) ကျွန်ဈေးကောင်းတုန်းကလေ....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်များ ပျော်သတုံး တကာသစ် ပြောစမ်းပါဦး ကျွန်ဈေးကောင်းတုန်းကပျော်ပုံ....(ပြောလို့မဖြစ်ပါ)ပြောလို့ မဖြစ်ဘူး....(မှန်ပါ့) အရမ်းပျော်ပေါ့လေဗျာ(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီကျွန်ဈေးကောင်းတုန်း ပျော်နေတာနဲ့လဲ နာဘေးကြီးက သင့်ပြီးသကာလ လာတော့ ကိုင်း....နာဘေးလဲသင့်ပြီ ကိုယ့် အရေးကိုယ်ရှာမှပဲဆိုတော့ နာဘေးကို တနေ့ဆေးတမျိုးနဲ့ တောင်းပန်ရတယ်.... (မှန်ပါ့) အစားမျိုးစုံနဲ့.... ;(တောင်းပန်ရပါတယ်)အနှိပ်သည်မျိုးစုံ့ဥတုရာသီနဲ့....(တောင်းပန်ရပ့ါတယ်ဘုရား)။

တောင်းတောင်းပန်ပန်နဲ့ အလုပ်-လုပ်နေရတယ်၊ တောင်းပန်တာကတချိန်၊ ကိုယ့်အရေး လုပ်တာက တချိန်ဆိုတော့ အချိန်က တဝက်လောက်က အကလားဖြစ်သွားတယ်....(မှန်ပါ့) တဝက်လောက်က အလကား မဖြစ်ဘူးလား....(ဖြစ်ပါတယ်)။

အဲဒီမှာ ခင်ဗျားတို့ကဘာပည့်တော်ကကံမကောင်းအကြောင်း မသင့်တော့ဘုရား ရောဂါကလဲ ထူလိုက်ဘာ....(မှန်ပါ) ကိုယ့် စိတ်ကတော့ ရည်ရွယ်ချက်ကဘော့ မသေးပါဘူးဘုရား၊ မရ ရအောင် လုပ်ဖို့ပါပဲ ရောဂါကထူလို့....(မှန်ပါ)။

ဘေးက ပုဂ္ဂိုလ်ကတော့ တကာသယ်တို့ကဘော့ ဟုတ်ပေလိမ့် မယ် လိုက်လိမ့်မယ်....(မှန်ပါ) လိုက်သင့်သလား- မလိုက်သင့် ဘူးလား....(မလိုက်သင့်ပါဘုရား ဘယ့်နှယ်ကြောင့် မလိုက်သင့် ပါလိမ့်ဗျာ.... (သူ့ဟာသူ စောင့်နေဘာပါဘုရား) ရိပ်မိပလား- (ရိပ်မိပါပြီဘုရား)။

နောက်က တကာဘကာမတွေ ဘာဖြစ်လို့ပါလိမ့်....(သူ့ ဟာသူ စောင့်နေလို့ပါဘုရား) ကိုယ်စောင့်လို့ ကိုယ်တွေ့တာ တကာသစ် ဟုတ်ပေလိမ့်မယ် မလိုက်နဲ့....(မှန်ပါဘုရား) ကိုယ် စောင့်လို့ ကိုယ်တွေ့တာဆိုတာ သေချာပလား....(သေချာပါပြီ ဘုရား)၊

အဲ... ကြီးတဲ့ပုဂ္ဂိုလ်တွေကပြင့် ဒီလို အခိုက်အတန့် ကြုံကုန် ကြပြီ....(ကြုံပါတယ်ဘုရား) ငယ်တဲ့ပုဂ္ဂိုလ်က ဒီအတု မခိုးပါနဲ့ (မှန်ပါ) ဒီအတု ခိုးကောင်း-မခိုးကောင်း.... (မခိုးကောင်းပါ ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ကို ဘယ်သူကမျှား သင်ထားတယ် မပြောတတ် ဘူး၊ ငယ်တုန်းကဉစ္စာ ကြီးတော့ ပညာ....တဲ့.... ( မှန်ပါ ) ဘယ်သူကမျှား သင်ထားတယ် ပြော မပြောတတ်ဘူး.... (မှန်ပါ ဘုရား)။

ဘုရားကလဲ ငယ်ငယ်တုန်းက ကတည်းက ကံကောင်း ဉာဏ်ကောင်းနဲ့ များ အလုပ် လုပ်ယင် လွယ်သကွ....တဲ့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကံကောင်းနဲ့ ဉာဏ်ကောင်းနဲ့ အလုပ်-လုပ်ယင် ရောဂါကင်း ပြီး ကံကောင်း ဉာဏ်ကောင်းနဲ့ လုပ်လိုက်ယင် ဦးမာဒင်တို့ မလွယ်ဘူးလား....(လွယ်ပါတယ်ဘုရား)။

အခုတော့ဖြင့် ရောဂါကထူ ကံကမွဲ ဉာဏ်မွဲက ကြုံနေတော့ တလလုပ်ရမှာ သုံးလလောက် လုပ်နေရတော့ ဆရာဝန်ကြီး ဘယ့်နှယ်လုပ်မလဲ....(မှန်လှပါဘုရား) ပြီးတော့ ပါရမီချချင် သေးသတဲ့ဗျာ....(မှန်ပါ့) ပါရမီဘေးချိတ်ထားစမ်းပါ၊ ပါရမီနဲ့ ဘာမှ မဆိုင်ဘူး....(မှန်ပါ့)။

ဒီနာဘေးကြီးဟာ တကာကြွယ် ကိုယ်ကစောင့်လို့ တွေ့တာ လား-သူက လာဘာလား.... ( ကိုယ်ကစောင့်လို့ တွေ့တာပါ ဘုရား)။

ဟာ....ခင်ဗျားတို့ဟာ လွန်ကုန်ပြီ၊ စောင့်ကောင်း-မစောင့် ကောင်း.... (မစောင့်ကောင်းပါဘုရား) မစောင့်ကောင်းတာ ပေပြီး စောင့်လိုက်ဦးမယ်လို့ ဆိုသေးသလား ခင်ဗျားတို့....(မဆို တော့ပါဘုရား)။

အခုတော့ မဆိုတော့ဘူး.... (မှန်ပါ့) မဆိုသာ မဆိုတယ် တွေ့တော့နေပါပေါ့ ခင်ဗျားတို့....(မှန်ပါ့ဘုရား)တွေ့နေပြီ အခု အချိန်ကျမှတော့ တကာကြွယ် တယ်မှားခဲ့တယ်နော်.... (မှန်ပါ့ ဘုရား)။

အဲဒါကြောင့် နောင်လာနောက်သားတွေကော ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အနာဂတ်ဘေး ငါးဘေးရှိကြောင်း၊ မင်းတို့ မစောင့်ကောင်းဘူး၊ ဝီရိယထက်ထက်နဲ့ မြန်မြန် လုပ်လိုက်၊ သူမလာခင် ပြီးအောင်လုပ်လိုက်လို့ ပြောပါတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အခု တကာကြွယ်တို့မှာ ခေါင်းကိုက်တာနဲ့ လေနာတာနဲ့ ရင်နာတာနဲ့ မျက်စိမှုံဘာနဲ့ အချိန်မဟုတ် မသွားနိုင်တာနဲ့ ဟင်-(မှန်ပါ့)။

ဟာ.... တကာကြွယ် ဘာဖြစ်နေတာတုံး ဒီအချိန်ကြီးကျမှ ခင်ဗျား တရားရှာနေတာ ဘာပါလိမ့်မတုံး....လို့ မေးတဲ့အခါ ကျတော့ တပည့်တော် နာဘေးစောင့်ပြီးမှ ရှာတဲ့ လူ....ဘုရာ့.... (မှန်ပါ့)။

ဦးမာဒင် မေးပြန်ယင်ကော(မှန်ပါ့)မှန်ပါချည်း လိုက်မနေ နဲ့ဦး၊ ခင်ဗျား စောင့်ဦးမယ်လား(မှန်ပါ့)ဒီဘေးစောင့်ပြီးမှ သူ့ ဟာက တွေ့တဲ့အခိပ္ပာယ်ဆိုတာ ပေါ်ပလား(ပေါ်ပါပြီဘုရား)။

ကဲ....တကာသစ်ရေ.... ဒါကို ဘုရားက စောင့်ကောင်းသတဲ့ လား၊မစောင့်ကောင်းဘူးတဲ့လား (မစောင့်ကောင်းပါဘုရား)။

ဩော်.... တကာတကာမတွေ့ကလဲ ခက်လိုက်တဲ့ဖြစ်ခြင်း၊ ကိုယ့်အကျိုးယုတ်မှာ ကိုယ်စောင့်တယ်... ( စောင့်ပါတယ် ဘုရား)။

ဘယ်လိုစောင့်ကြသတုံး(ကိုယ့်အကျိုးယုတ်မှာ ကိုယ်စောင့် ကြပါတယ်ဘုရား)။

အံမာလေး....ကိုယ့် အကျိုးယုတ်မှာ ကိုယ်စောင့်တယ်ဆိုက တည်းကိုက တကာကြွယ် ဒီဥစ္စာ ဘုရားကို ကန့်လန့်မလုပ်သော်လဲ လုပ်ဘိသကဲ့သို့....(မှန်ပါ) ဘုရားက မစောင့်ကောင်းဘူးတဲ့.... (မှန်ပါဘုရား) အို....တပည့်တော်တို့က စောင့်တယ်.... (မှန်ပါ ဘုရား)။

ဘုရားက ဘာတဲ့တုံး....(မစောင့်ကောင်းပါဘုရား)ခင်ဗျား တို့က ဘာတဲ့တုံး....(စောင့်ပါတယ်ဘုရား)။

အံမာ....မညံ့ဘူး ခင်ဗျားတို့.... (မှန်ပါ) မညံ့ဘူး ဘုရားကို ဘဲ့တိုက်တာ....(မှန်ပါ)။

တကာကြွယ် ဘယ်သူ့ကို ဘဲ့တိုက်တာတုံး.... ( ဘုရားကို ဘဲ့တိုက်ပါတယ်ဘုရား) ဘုရားက မစောင့်နဲ့ မြန်မြန်ပြီးအောင် လုပ်လိုက်တဲ့.... (မှန်ပါ)ခင်ဗျားတို့က စောင့်ဦးမယ်.... (မှန်ပါ) အသက်ကြီးမှ ပညာကိုးဗျ....(မှန်ပါ) ဘယ်သူကမျှား သင်ထား တယ် မပြောတတ်ပါဘူး....(မှန်ပါ)။

တကာတကာမတွေ ခင်ဗျားတို့ နစ်နာခဲ့တာတွေ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် အခုတော့ဖြင့် တကာတကာမတွေမှာ ဘယ်လိုဖြစ်နေသတုံး... လို့ မေးတော့ အခု တရားနာလာကြတဲ့ တကာတကာမတွေမှာ နာဘေးကြီးကိုလဲ တနေ့ တောင်းပန် ရတယ်....(မှန်ပါဘုရား) ကိုယ့်အလုပ်လဲ လုပ်ရတယ်....(မှန်ပါ ဘုရား)။

ဒါဖြင့် တောင်းပန်ရတဲ့ တနေ့ကျတော့ ကိုယ့်အလုပ် လက်လျှော့လိုက်ရတယ်.... (မှန်ပါဘုရား) တောင်းပန်လို့ရတဲ့

နေ့ကျတော့ ကိုယ့်အလုပ်ကလေး လုပ်လိုက်ရတယ်.... (မှန်ပါ့ဘုရား)။

အခုတော့ စောင့်မိတဲ့အတွက် မျက်နှာငယ်လိုက်ကြတဲ့ ဖြစ်ခြင်း တကာကြွယ် ပြောစရာမရှိဘူး....(မှန်ပါ့)။

တကာတကာမတွေ အင်မတန်ဆိုးရွားတယ်ဆိုတာ ကိုယ့်ဖြစ်ကြောင်းသိပလား....(သိပါပြီဘုရား)။

ဒီတရားများကို မနာရသေးယင် ဦးမာဒင်–ရေ....တော်တော့ဆရာသမားကတော့ မင်းတို့ကကွာ....ငယ်တုန်းက ကကလေးကလဲ လိုက်နေတုန်း ရှာဦးကွ၊နောက်ကြီးလာတဲ့အခါကျတော့ မင်းတို့လုပ်လဲ လုပ်နိုင်မှာမဟုတ်ဘူး၊ ပြီးတော့ အဲဒီအချိန်ကျမှလဲ ကိုယ် သူတော်ကောင်းအလုပ်ဟာလဲ တော်တော် ကောင်းတယ်ကွာ....(မှန်လှပါဘုရား)။

အံမာလေး....ဒီလိုများဟောလို့ရှိယင် သွားရောပေါ့ဗျာ....(မှန်ပါ့)မသွားဘူးလား....(သွားပါတယ်ဘုရား)။

အဲဒါတွေကိုလဲ ခင်ဗျားတို့က ဉာဏ်နားက မပါတဲ့ အခါတော့ ဟုတ်ထင်ပါရဲ့....(မှန်ပါ့) အံ့မာလေး.... ဟုတ်ထင်ပါရဲ့များ သုံးလိုက်သေးတယ်....(မှန်ပါ့) တကာကြွယ် သုံးကောင်းမသုံးကောင်း....(မသုံးကောင်းပါဘုရား)။

အခု သေသေချာချာဘုရားဟောပြီ.... တဲ့၊ငယ်တုန်း မြန်မြန်လုပ်လိုက် အနာဂတ် နာဘေးကြီးမစောင့်နဲ့....(မှန်ပါ့) နာဘေးစောင့်ရလို့ရှိယင် မင်းတို့တောင်းပန်တာကတလှည့်၊ကိုယ့်အလုပ်က တလှည့်ဆိုလို့ရှိယင် တလလုပ်ရမှာ သုံးလဖြစ်မယ်တဲ့....(မှန်ပါ့)ဆိုတော့ မနာဘူးလားဗျာ.... (နာပါတယ်ဘုရား)။

တကာကြွယ်....ဒါဖြင့် ကျုပ်တို့ခင်ဗျားတို့၏ မသိမှု ဆိုးရွားမှု မိုက်ပြစ်တွေဟာ ကိုယ်ကိုယ်တိုင် သင့်နေပြီ (သင့်ပါတယ်ဘုရား) မသင့်ဘူးလား....တဲ့....(သင့်ပါတယ်ဘုရား)။

အေး....ဒါတွေကို ကိုင်း....ရှေ့ကိုစောင့်စရာတွေကလဲ ရှိသေးတယ်၊ အဲဒါတွေ စောင့်ဦးမယ် ဆိုယင်တော့ဖြင့် ကိုယ်ကျိုးအကြီးအကျယ်နည်းပါလိမ့်မယ်....(မှန်ပါ့) မနည်းပေဘူးလား-(နည်းပါတယ်ဘုရား)။

ကိုင်း.... ဒါဖြင့်တကာတကာမတို့ ဒါကခင်ဗျားတို့ ဝီရိယတိုးအောင်ပြောနေတာ... (မှန်ပါ့ဘုရား) ဂီရိယကို တခါတည်းပိုမိုပြီး ရှေ့ကထက် ဂရုစိုက်ပါဆိုတာ ပြောနေတာ.... (မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် အခု ဘယ်နှစ်ဘေးပြီးသွားပလဲ.... (နှစ်ဘေးပြီးသွားပါပြီဘုရား)။

အိုဘေးစောင့်တာ တနည်းပြီးသွားပြီ.... (မှန်ပါ့) နာဘေးစောင့်တာ....(တနည်းပြီးပါပြီဘုရား) မစောင့်ကောင်းဘူးနော် (မှန်ပါ့)မလာခင်ကြိုးစားရမယ်....(မှန်ပါ့)။

ဒီနည်းပြောပြန်လဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပဉ္စကနိပါတ်အင်္ဂုတ္တိုရ်ဆိုတော့ ငါးခုမြောက်ကျအောင် သူဟောမယ်၊ကွာ....တဲ့ ဆန်ရေစပါးတွေက အခုအခါမှာ စားစရာ, သောက်စရာရှိကြသေးတယ်တဲ့....(မှန်ပါ့)။

တကယ်ကပ်ကြီးဆိုက်လာမယ် ဆိုလို့ရှိယင်ဖြင့် ကျီထဲထည့်တဲ့ စပါးကအစ ဆန်တွေပျောက် အခွံတွေချည့် ဖြစ်ကုန်တယ်....

(မှန်ပါ့) ဒီလို အခါလဲ သတ္တဝါတွေက က မရှိနိုင်ဘူးလား.... (ရှိနိုင်ပါတယ်ဘုရား)။

ရှိနိုင်တယ်ဆိုတာလဲ ရှေးက ဝဋ္ဋသက်သေ သာဓကတွေလဲ တကာကြွယ် အများကြီးပါပဲ....(မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

အဲဒီလို ငတ်မွတ်ခေါင်းပါးတဲ့ဘေးတွေကလဲ အခု မတွေ့သေး ငြားသော်လဲ အသက်ရှည်ယင် မတွေ့ဘူးဆိုလို့ ဆိုနိုင်ပါ့မလား– (မဆိုနိုင်ပါဘုရား)။

ဒါဖြင့် အခုမလုပ်သေးတဲ့ပုဂ္ဂိုလ်လဲ ငတ်မွတ်ခေါင်းပါးတဲ့ ဘေးစောင့်ရာရောက်–မရောက်....(ရောက်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတွေ့ အဲဒီအချိန်ကျမှတော့ စားရမဲ့, သောက်ရမဲ့ အစားအရေးကြီးနေတာနဲ့ တကာကြွယ် ကိုယ့်အရေး လုပ်နိုင်ပါဦးမလား....(မလုပ်နိုင်ပါဘုရား)။

အဲဒါကြောင့် အခု ဆန်ရေစပါး ပေါများပြီးသကာလ အခု ပိုက်ဆံပေးယင် ရသေးတယ်....(မှန်လှပါ)။

နောင် ပိုက်ဆံပေးလို့မရမည့်ခေတ်ကလဲ ကြုံချင်ကြုံဦးမှာ.... (ကြုံနိုင်ပါတယ်ဘုရား) မကြုံပေဘူးလား.... (ကြုံနိုင်ပါတယ် ဘုရား)။

အဲဒါတွေ အခု အောက်ပိုင်းမှာ ရေနစ်လိုက်လို့ အမျိုးမျိုး အဖုံဖုံ ထောက်ပံ့ရေးတွေလုပ်ရတာ အခုစပါးကိုပဲ အစိုးရက မစိုက်ကြပါနဲ့တော့ မဖြစ်တော့ပါဘူး၊ ယာပဲပိုလုပ်ကြပါတော့ အစရှိသည်နဲ့ကို တောင်းတောင်းပန်ပန် သူလုပ်နေရတယ်....

(မှန်ပါ) အဲဒါတွေကော မလာဘူးလို့ဆိုလို့ ရပါ့မလား... (မရပါဘုရား)။

တော်မှတ်ခေါင်းပါးရေးက ဒလ...(မှန်ပါ) အဲ.... သူ့မလာခင် ကိုယ့်အရေးပြီးအောင် လုပ်ပါဆိုတာကိုလဲ တတိယဒမြောက် အဲဒါလဲ အနာဂတ်ဘေးကွတဲ့....(မှန်ပါ)။

ရှိတယ်ကွတဲ့၊ သူမလာခင် မင်းတို့ ကိုယ့်အရေးပြီးအောင် မဂ်ဉာဏ်-ဖိုလ်ဉာဏ်ကို တခါတည်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် လုပ်လိုက်ပါတဲ့....(မှန်လှပါဘုရား)။

ဘယ်နှစ်ခုရှိပလဲ....(သုံးခုရှိပါပြီဘုရား)တော်မှတ်ခေါင်းပါးတဲ့ ဘေးကိုလဲ မစောင့်ပါနဲ့....(မှန်ပါ)။

ခင်ဗျားတို့ အခုပဲ တချို့ဈေးတွေ ဘာတွေက တက်လာတော့ လျှော့စားရမည့်ပုံကော မရောက်သေးဘူးလား (ရောက်ပါတယ်) လျှော့ဝယ်ရမည့်ပုံကော.... (ရောက်ပါတယ်) အဲဒါ စလာတာဗျ....(မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင် ဒီဘေးလဲ မစောင့်ကြနဲ့....(မှန်ပါ) အခုပြီးအောင် လုပ်လိုက်ပါ-(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

တကာသစ် ဘယ်နှစ်ခုပြီးပလဲ....(သုံးခုပြီးပါပြီ) ဘုရားသခင် ကိုယ်တော်မြတ်ကြီးဉာဏ်တွေနဲ့ သေသေချာချာ မင်းတို့ရှင်းပြပါ့မယ်၊ မင်းတို့ လိုက်လဲလိုက်နာကြပါ....၊ ဝီရိယာလဲ ပြင်းပြပြီး ကြိုးစားကြပါဆိုတာ ဘုရားက နောက်ကွာတဲ့... လူတွေဟာ နှစ်ကွဲ့သုံးကွဲ့လေးကွဲ အကွဲတရာမက ကွဲဦးမယ်တဲ့.... (မှန်ပါ ဘုရား)။

ကိုယ့်သားသမီးနဲ့ကိုပဲ ကိုယ်နဲ့ဝါဒမတူလို့ ကွဲဦးမယ်တဲ့... (မှန်ပါ့) အဲဒီ့ကွဲဘေးကြီးကလဲ လာလိမ့်ဦးမယ်ကွတဲ့ ရှေ့ကို ရှေ့ကို....(မှန်ပါ့)။

တကာတကာမတို့အခုကွဲဘာကနီ ဝါလောက်ရှိသေးတယ်နော် (မှန်ပါ့) ဒီအထဲကနေပြီး အများကြီးကွဲစရာကော....(ရှိပါတယ် ဘုရား)။

ရှိသေးတယ်၊ ဒီအထဲက ကုမ္ပဏီကလေးတွေလုပ် ဟုတ်လား၊ အင်း....တခုနဲ့တခုမဲတွေဘာတွေ ရွေးကြမယ်ဆိုယင်ဖြင့် ဦးမာဒင် ကွဲစရာတွေ ဘယ့်နှယ်နေသတုံး....(များပါတယ်ဘုရား)။

ဒီလို ဒီကုမ္ပဏီကလေးတွေ၏ ဒီလိုပေါင်းစပ်ပြီးလုပ်တဲ့ အလုပ်ကလေးတွေ၏ ကွဲမှုတွေကလဲ တနိုင်ငံလုံးမှာ ရှိ-မရှိ....(ရှိပါတယ် ဘုရား)။

အဲဒါတွေ ဖြစ်တဲ့အခါကျလို့ ရှိယင်လဲ လူတွေဟာတယောက် နဲ့တယောက် မတည့် မပြုကြတဲ့အခါကျတော့ ကွဲဘေးတွေသင့် တော့ ကိုယ်ပဲပုန်းနေရတော့မယ်၊ ဟိုဘက်လိုက်လဲ မကောင်း, ဒီဘက်လိုက်လဲမကောင်း ပုန်းနေရမည့် အခြေအနေ.... (မှန်ပါ့)။

ဒီအခြေရောက်အောင် ခင်ဗျားတို့ရှေ့လာလတံ့ရှိသေးတယ် (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

လာလတံ့ရှိသေးတယ်ကွတဲ့.... (မှန်ပါ့) အဲဒါကိုမင်းတို့က စောင့်နေလို့ရှိယင် မင်းတို့ ကိုယ်ကျိုးနည်းမယ်တဲ့.... (မှန်လှပါ ဘုရား)။

ဟိုကလဲ ကျုပ်ပဲ မဲထည့်ပါ၊ ဟိုကလဲ ကျုပ်ပဲ မဲထည့်ပါ၊ ကျုပ်ပဲ ကူညီပါဦး၊ ကျုပ်ပဲ လူစုပေးပါဦးဆိုတော့ ဘယ်မှလဲ

မပါချင်ပါနဲ့ ပုန်းနေရမည့်အချိန်ကို ရှိသေးတယ်....(မှန်ပါ)မရှိပေဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒါကိုလဲ စောင့်မနေပါနဲ့တဲ့ ကိုယ့်အရေးကို မြန်မြန်ပြီးအောင် လုပ်လိုက်ပါ....(မှန်ပါ) အဲဒီကွဲဘေးက လာဦးမယ်ကွတဲ့ (မှန်ပါ)။

ဒါဖြင့် အခု မလုပ်တဲ့ပုဂ္ဂိုလ် ဘာစောင့်နေတာနဲ့ တူပါလိမ့် (ကွဲဘေးစောင့်နေတာနဲ့ တူပါတယ်) လူသင်းကွဲတဲ့ဘေး စောင့်နေတာနဲ့တူတယ်....(မှန်ပါ)တကာတကာမတွေ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဟုတ်ကွဲပြီဆိုမှဖြင့် တကာကြွယ်ရေ ကိုယ့်အိမ်၊ကိုယ့်သား ကိုယ့်သမီးနဲ့ကို အယှဉ်ဝါဒ မတူအောင်ဖြစ်တယ်၊ အဟုတ်ကွဲတော့မယ်ဆိုတော့လေ.... (မှန်ပါ) ဘယ်လောက်ထိအောင် ဆိုးသွားတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း ....သားက မိစ္ဆာဒိဋ္ဌိ၊ အမေက ဗုဒ္ဓဘာသာ အင်း....ဒီလိုဟာလဲရှိချင်ရှိဦးမယ်....(ရှိပါတယ်ဘုရား) တချို့ကလဲ ဘာမှဘာသာမရှိ၊ အင်း.... ကိုယ်က ဗုဒ္ဓဘာသာကြိုက်၊ ဒီလို သားသော့ သမီးတွေနဲ့ဆိုတော့ အတူလဲမနေချင်၊ မနေရမှာလဲခက်၊ ဘယ်မှာသူ့အတွက်နဲ့ပဲ ကိုယ် တရားအားထုတ်ဖြစ်သေးရဲ့လား (မထုတ်ဖြစ်ပါဘုရား) ကွဲဘေးက သင့်သေးတယ်.... (မှန်ပါဘုရား)။

ဒါဖြင့် အခုမလုပ်တဲ့ပုဂ္ဂိုလ်များ ဘာစောင့်နေသတုံး.... (ကွဲဘေးစောင့်နေပါတယ်) စောင့်ကောင်း- မစောင့်ကောင်း....

(မစောင့်ကောင်းပါဘုရား) ဒါ-အနာဂတ်ဘေးတဲ့ တကာတကာမတို့....(မှန်ပါ့)။

ဘာဘေးတဲ့တုံး....(အနာဂတ်ဘေးတဲ့ပါ)အနာဂတ်တွေ့ရမှာကွ၊ ငါဘုရားအမြင်နဲ့ပြောတာ၊ ရမ်းပြောတာမဟုတ်ဘူးတဲ့....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

အခု ခင်ဗျားတို့မျက်မှောက်တွင်ပဲ ကွဲဘေး ဘယ်လောက်များသတုံး....(များပါတယ်ဘုရား)။

ကဲ....မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံသွားတာ နှစ်-နှစ်ထောင့်ငါးရာကျော်ရှိတယ်၊အဲဒီတုန်းက ပြောခဲ့တဲ့စကား (မှန်ပါ့)မမှန်ဘူးလား....(မှန်ပါတယ်ဘုရား)။

ကဲ....ကွာတဲ့ အခုကွဲဘေးက လူကွဲဘေးကွ....(မှန်ပါ့)နောက်မင်းတို့ လာဦးမယ်တဲ့ အခု တရားအားထုတ်ယင် အားထုတ်ဝီရိယစိုက်ယင်ကွတဲ့၊ နောက် သံဃာသင်းကွဲတဲ့ဘေး လာဦးမယ်(မှန်ပါ့)။

တကာကြွယ် ဘာတဲ့တုံး.... (သံဃာသင်းကွဲတဲ့ဘေး လာဦးမှာပါ) လာဦးမယ်........(မှန်ပါ့)။

တကာတကာမတို့ ဒါအင်္ဂုတ္တိုရ်ပါဠိတော်မှာ လာတာ....(မှန်ပါ့) သံဃာသင်းကွဲတဲ့ဘေး လာတယ်ဆိုတော့ လူမပါဘူးဆိုလို့ရရဲ့လား....(မရပါဘုရား)။

သူ့ဆရာဟဲ့၊ငါ့ဆရာဟဲ့နဲ့ ရန်ဖြစ်ကြနဲ့ဆိုတော့ အမျိုးမျိုးအဖုံဖုံနဲ့ဆိုတော့ ခုနင်က သူတော်ကောင်းအလုပ်- လုပ်နိုင်ပါဦးမလား....(မလုပ်နိုင်ပါဘုရား)။

ဘေးကလူကလာယင် သူတော်ကောင်းအလုပ် ခင်ဗျားမို့ လုပ်နိုင်တာ ဒီအချိန် ဒါလုပ်ရတာ မဟုတ်သေးဘူး.... (မှန်ပါ့) တခါတည်းသူတို့ကဒီလိုပြော ကျုပ်တို့က ဒီလိုပြောဖို့ အခုအခါမှာ စိုင်းပြင်းနေရတဲ့အခါနဲ့ ရန်ဖြစ်ကိုပြောနေမှာပဲ.... (မှန်ပါ့) မပြောပေဘူးလား (ပြောပါတယ်ဘုရား)။

အဲဒီအကဲ့ဘေးကြီးကလဲ ငါဘုရားသခင် ကိုယ်တော်မြတ်ကြီး မြင်ပါတယ်ကွာတဲ့၊ အဲဒါလဲ ဒီအနာဂတ်ဘေး မင်းတို့လာလိမ့်မယ်....၊ မြန်မြန်လုပ်တဲ့.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဒါက သံဿသင်းကွဲတဲ့ဘေး သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဘေးဘယ်နှစ်ဘေး စောင့်နေရာရောက်ပါလိမ့်.... (ငါးဘေးစောင့်နေရာရောက်ပါတယ်ဘုရား)။

အဲဒါ သေသေချာချာမှတ်ပါ၊ ကိုယ်က ဒီနေ့တော့ မလုပ်သေးဘူး၊ နက်ဖြန်မှ စောစော ထလုပ်မယ်- အို.... မင်းဘေးစောင့်နေတာလားမေးလိုက်၊ ကိုယ့်ကိုယ်ကိုယ်....(မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့)။

မင်းဟာ အိုဘေးစောင့်တာလား၊ သေဘေးစောင့်တာလား၊ အကဲ့ဘေးစောင့်တာလား၊ အမွဲဘေးစောင့်တာလား မင်းဟာ ပြောစမ်းပါဦးလို့ ကိုယ့်ကိုယ်ကိုယ်မေး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သူများမေးရမှာလား....၊ ကိုယ့်ကိုယ်ကိုယ် မေးရမှာလား.... (ကိုယ့်ကိုယ်ကိုယ် မေးရမှာပါဘုရား)။

အင်း....အခုတော့ဖြင့် အစားအသောက်ကလေးကလဲ နေရာမကျသေး၊ အနေအထိုင်ကလေးကလဲ မှုမသေသေးလို့၊ နောက် ၃-၄ရက်နေယင် ကြိုးစားရမယ်ဆိုယင် ကိုယ့်ကိုယ်ကိုယ်ဘယ်လိုမေးမလဲ.... (ကိုယ့်ကိုယ်ကိုယ် ငါးဘေးစောင့်သလားလို့ မေးရပါမယ်ဘုရား)။

မင်းသည်ကားလို့ဆိုယင် အိုဘေးစောင့်သလား....နာဘေးစောင့်သလား... ဟုတ်လား....(မှန်ပါ့) မွဲဘေးစောင့်သလား....ကွဲဘေးစောင့်သလားဆိုတာ တခါတည်း မေးပါ...(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မေးတတ်လို့ရှိယင်ဖြင့် သြော်.... မစောင့်ကောင်းဘူးဆိုပြီး ဆရာဘုန်းကြီး ဟောထားတဲ့တရား၊ ဘုရားဟောထားတော်မူတဲ့တရားကို ချက်ချင်းပြန်ကောက်ထည့်... (မှန်ပါ့)။

နို့မဟုတ်လို့ရှိယင်ဖြင့် တကာတကာမတွေ့က တနေ့ လျော့လိုက်တာနဲ့ ဟိုဘက်နေ့ကျတော့ နာရီလျော့လိုက်တာနဲ့ ကြာတော့ လျော့ရတာနဲ့ ဘာမှ မကျန်တော့ဘူး....( မှန်ပါ့ ) ရိပ်မိပလား....( ရိပ်မိပါပြီဘုရား ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကဲ....ဒါဖြင့် ဒီ ငါးဘေးဟာ စောင့်ကောင်း, မစောင့်ကောင်း....(မစောင့်ကောင်းပါဘုရား) မတွေ့မှာလား....တွေ့မှာလား....(တွေ့မှာပါဘုရား)။

တွေ့မှ အလုပ်,လုပ်တော့ မဂ်ဉာဏ်,ဖိုလ်ဉာဏ်အလုပ်က အင်မတန် သမာဓိ ပညာနဲ့ ငြိမ်ငြိမ်ဆိမ်ဆိမ်နဲ့ အနှောင့်အယှက်ကင်းမှ ရတာ....(မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့ကလဲ ဘေးစောင့်နေတဲ့ ပုဂ္ဂိုလ်ဆိုတော့ မလိုချင်ပါဘူးဆိုတာနဲ့ အတူတူလောက် ကျတယ်.... ( ကျပါတယ်ဘုရား) မကျဘူးလား....(ကျပါတယ်ဘုရား)။

မလိုပါဘူးသာဆိုတယ် သူ့မှာ အိုဘေး, နာဘေး, သေဘေး သင့်လာတော့ ဘယ်သူ ကယ်ပါမတုံးဆိုတာ ရှာပြန်ပြီ.... (ရှာပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က စောင့်တော့စောင့်၊ တွေ့မှ အလုပ်ရှာပြန်တော့ အရေးနှေး ဖြစ်နေမှာပဲ....(မှန်ပါ့)။

ကဲ....ဒါဖြင့် ယနေ့က စ,ပြီး ဘုန်းကြီးတို့ တကာတကာမတွေ ဒီလို အချိန်ရွှေ့တိုင်းရွှေ့တိုင်း, နာရီရွှေ့တိုင်းရွှေ့တိုင်း, ချက်ရွှေ့တိုင်းရွှေ့တိုင်း ဒီအမေးနဲ့ ခန္ဓာမေးကြ...( မှန်ပါ့ ) မေးပြီးသကာလ မြန်မြန်လုပ်လိုက်ပါဆိုတာ သတိပေးလိုက်ပါတယ်....(မှန်ပါ့)။

ဒါ ဘုန်းကြီးက ဖြည့်စွက်ဘာ....(မှန်ပါ့)တကယ်ပေးတာက ကိုယ်တော်မြတ်ကြီးက ပေးတာ....( မှန်ပါ့ ) ရှင်းကြာလား.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ ကဲ....ဒါဖြင့် တကာတကာမတို့ သိကြားတရားကို အလုပ်တရားဆက်ကြစို့....(မှန်ပါ့)။

သိကြားက တကာတကာမတို့ ရောဂါဥပါဒ်အန္တရာယ်တွေ များတယ်၊ ဘာ့ကြောင့်တုံးဆိုတော့ ဣဿာမစ္ဆရိယကြောင့်လို့ ဘုရားက ဖြေလိုက်ဘာ ရှင်းနေပြီ...(မှန်ပါ့) မရှင်းဘူးလား.... (ရှင်းပါတယ်ဘုရား)။

ဣဿာမစ္ဆရိယ ဘယ်က လာသတုံး....၊ ချစ်ခြင်း,မုန်းခြင်းက လာတယ် ရှင်းနေပြီ....(မှန်ပါ့) ဒါတွေ ဘုန်းကြီးဟောဖို့ မလို တော့ဘူး နှစ်ရက်ဟောပြီးပြီ....(မှန်ပါ့)။

ချစ်ခြင်း,မုန်းခြင်း ဘယ်က လာသတုံးဆိုတော့ တဏှာသစ် ဆန္ဒက လာတယ်....(မှန်ပါ့)မပြောကြဘူးလား....(ပြောပါတယ် ဘုရား)ဟုတ်ကော မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

အင်း....ဒီဆန္ဒဘယ်ကလာသတုံးဆိုတော့ ဝိတက်က လာတယ် (မှန်ပါ့)အကြံအစည်များတဲ့ပုဂ္ဂိုလ်မှာ အကြံအစည်ကလာတယ် (မှန်ပါ့)။

ဒီ ဝိတက် ဘယ်က လာသတုံးမေးတော့ တဏှာ,မာန,ဒိဋ္ဌိက လာတယ်....(မှန်ပါ့) ဒါတွေကော သိပြီးသား မနေဘူးလား.... (နေပါတယ်ဘုရား) ဒီ ပပဉ္စဆိုတာ သံသရာချဲ့တာဘုရား။

ဘယ်က လာသတုံးဆိုတော့မှ ဝေဒနာက လာတယ်....(မှန် လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ပပဉ္စဘယ်ကလာ....(ဝေဒနာက လာပါတယ်) ကိုင်း....ဒါဖြင့် ဝေဒနာကို ကျုပ်တို့ အလုပ်,မလုပ်လို့ ရှိယင်ဖြင့် ဒီ တဏှာ၏ ပဋိစ္စသမုပ္ပါဒ်၊မာန၏ ပဋိစ္စသမုပ္ပါဒ်၊ ဒိဋ္ဌိ၏ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး တို့ မလာပေဘူးလားဗျာ.... ( လာပါဘယ်ဘုရား ) လာယင် သံသရာဆက်,မဆက်(ဆက်ပါတယ်ဘုရား)ဆက်ယင် ရှည်,မရှည် (ရှည်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာဘကာမတို့ ပပဉ္စဆိုတာ သံသရာရှည် တာကို ဆိုတယ်....(မှန်ပါ့)သံသရာရှည်တာ သူက ဆက်ပေးလို့ ရှည်တာကို ဆိုသောကြောင့် ဒီ ပပဉ္စ ဘယ်က လာသတုံးဘုရား

လို့.... သိကြားက မေးတော့ ဝေဒနာက လာတယ်....(မှန်ပါ့ဘုရား)။

ဘယ်က လာကြသလဲ....(ဝေဒနာက လာပါတယ်) ဒါဖြင့် ဒီဝေဒနာကို ကျုပ်တို့ ယနေ့ အလုပ်ပြတော့မယ်တဲ့....(မှန်လှပါဘုရား)။

ကဲ....တကာတကာမတို့ ဝေဒနာကို ကျုပ်တို့ အလုပ်လုပ်လိုက်လို့ ရှိယင်ဖြင့် ပပဉ္စချုပ်ရမယ်....(မှန်ပါ့) ပပဉ္စ ချုပ်ယင်လဲ တကာသစ်-ဝိတက်ကကော... (ချုပ်ရပါမယ်ဘုရား)ဝိတက်ချုပ်ယင် ဆန္ဒကကော.... (ချုပ်ရပါမယ်ဘုရား) ဆန္ဒချုပ်လို့ ရှိယင် ချစ်ခြင်း,မုန်းခြင်း....(ချုပ်ပါတယ်ဘုရား)။

ချစ်ခြင်း,မုန်းခြင်းချုပ်ယင် ဣဿာမစ္ဆရိယ....(ချုပ်ပါတယ်ဘုရား)ဣဿာမစ္ဆရိယချုပ်ယင် ရောဂါကင်းရဲ့ အသက်ရှည်ပြီ.... (မှန်ပါ့ဘုရား) ဆိုတော့ ပြောင်းပြန်လှည့်လိုက်ပါတဲ့....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကိုင်း....သေသေချာချာကြည့်ကြ တကာတကာမတို့ ဝေဒနာမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သိကြား-မင်း သေသေချာချာ နားထောင်၊ ဝေဒနာသည် သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ,ဥပေက္ခာဝေဒနာချည်းလိုက်တော့ သုံးမျိုးရှိတယ်ကွာ... တဲ့....(မှန်ပါ့)။

တကာတကာမတို့ သောမနဿဝေဒနာ,ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာ၊ ဝေဒနာဘယ်နှစ်မျိုးလဲ....(သုံးမျိုးပါဘုရား)။

အဲ....ဒီဝေဒနာသုံးမျိုးကို ငါဘုရား သဗ္ဗညုတဉာဏ်တော်နဲ့ မင်းတို့ကိုရှင်းပြဦးမယ်ကွာတဲ့....၊ သောမနဿဝေဒနာကလဲ ဖြစ်

ကောင်းတဲ့ သောမနဿဝေဒနာ၊မဖြစ်ကောင်းတဲ့ သောမနဿဝေဒနာနှစ်မျိုး....(မှန်ပါ) ဒေါမနဿဝေဒနာလဲ ဖြစ်ကောင်းတဲ့ ဒေါမနဿဝေဒနာ၊မဖြစ်ကောင်းတဲ့.... (ဒေါမနဿပါဘုရား) အဲ....ဒေါမနဿကလဲ နှစ်မျိုး....တဲ့.... (မှန်ပါ) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဥပေက္ခာဝေဒနာကလဲ ဖြစ်ကောင်းတဲ့ဥပေက္ခာဝေဒနာ၊မဖြစ်ကောင်းတဲ့ ဥပေက္ခာဝေဒနာ....(မှန်ပါ-နှစ်မျိုးပါဘုရား)။

ကိုင်း....တကာတကာမတို့ ဒါဟာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သိကြားဟောတာပါ....(မှန်ပါ)။

သောမနဿဝေဒနာကလဲ ဘယ်နှစ်မျိုးပါလိမ့်....(နှစ်မျိုးပါဘုရား) ဖြစ်ကောင်းတဲ့....(သောမနဿဝေဒနာ ) မဖြစ်ကောင်းတဲ့....(သောမနဿဝေဒနာ) အဲ...ဖြစ်ကောင်းတဲ့ သောမနဿတမျိုး၊မဖြစ်ကောင်းတဲ့....(သောမနဿတမျိုးပါဘုရား)။

ဒေါမနဿဝေဒနာကကော.... (နှစ်မျိုးပါဘုရား) ဘာပါလိမ့်.... (ဖြစ်ကောင်းတဲ့ ဒေါမနဿဝေဒနာတမျိုး၊ မဖြစ်ကောင်းတဲ့ ဒေါမနဿဝေဒနာတမျိုးပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဥပေက္ခာကကော....(ဖြစ်ကောင်းတဲ့ဥပေက္ခာတမျိုး၊ မဖြစ်ကောင်းတဲ့ ဥပေက္ခာတမျိုးပါဘုရား)။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သဗ္ဗညုတ ဉာဏ်တော်နဲ့ကြည့်လိုက်တဲ့အခါကျတော့မှ ဩော်....ဝေဒနာပေမယ့်လဲ ခြောက်မျိုးပါကလား....(မှန်ပါ)။

ဝေဒနာ ဘယ်နှစ်မျိုးဟောသတုံး.... (ခြောက်မျိုးဟောပါ တယ်ဘုရား)။

တကာ တကာမတို့ ဒီအထဲမှာ သံသယရှိစရာတွေ ဆရာ ဘုန်းကြီးက ဝင်ပြီးသကာလ ဖြန့်ဖြေပြီးသကာလ တကာတကာ မတွေ နားလည်မှုရှိအောင် ပြောစရာတွေ အများကြီးရှိပါတယ် (မှန်ပါ့)။

သောမနဿဆိုတာ ဖြစ်ကောင်း-မဖြစ်ကောင်း နှစ်မျိုးလာ တယ်....(မှန်ပါ့) ဒေါမနဿဆိုတာ တကာတကာမတွေ သိတဲ့ အတိုင်း ဘယ်တော့မှ မဖြစ်ကောင်းဘူးယူသွားတာ မဟုတ်ဘူးတဲ့ ဘုရားက....(မှန်ပါ့)။

ဒေါမနဿဝေဒနာလဲ ဖြစ်ကောင်းတာ မဖြစ်ကောင်းတာ.... (နှစ်မျိုးပါဘုရား) ဥပေက္ခာဝေဒနာကကော.... (ဖြစ်ကောင်း တာ မဖြစ်ကောင်းတာ နှစ်မျိုးပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

သောမနဿက ဘယ်နှစ်မျိုးပါလိမ့်....( နှစ်မျိုးပါဘုရား ) ဖြစ်ကောင်း....(မဖြစ်ကောင်းပါဘုရား)။

ဒေါမနဿကကော.... (ဖြစ်ကောင်း,မဖြစ်ကောင်းပါဘုရား) ဥပေက္ခာဝေဒနာကကော (ဖြစ်ကောင်း,မဖြစ်ကောင်းပါဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အင်း....ဦးမာဒင်တို့ က ကောင်းလို့ ကြားရဘာ.... (မှန်ပါ့) အကျိုးပေးထူးလို့သာ ကြားရဘာပဲဆိုတဲ့ဥစ္စာ တကာကြွယ် မှာ်ရတော့မယ်....(မှန်ပါ့)သက္ကပဥ္စသုဘ် မဟာဝဂ္ဂ ပါဠိတော်တဲ့

ဒီကလာတာနော်....(မှန်ပါ)သိကြွားကမေးလို့ ကိုယ်တော်တိုင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကဖြေတဲ့ဝေဒနာတွေပါ-(မှန်ပါ ဘုရား)။

ဝေဒနာကတော့ ဝေဒနာချည့်ပဲ.... (မှန်ပါဘုရား) ဒါလဲ သောမနဿဝေဒနာ၊ ဒါလဲသောမနဿဝေဒနာ.... ( မှန်ပါ ) ဒီဘက်ကလဲ ဒေါမနဿဝေဒနာကလဲဒေါမနဿ....( မှန်ပါ ) ဒီဘက်ကလဲ ဥပေက္ခာ၊ ဒီဘက်ကလဲ ဥပေက္ခာပဲ....(မှန်ပါ) ဝေဒနာတွေချည့်ပဲဆိုတာတော့ဖြင့် အားလုံးတကာတကာမတွေ သိပါပြီ....(သိပါပြီဘုရား)။

သို့သော်—ယနေ့ထူးလာတာကဘုရားဟောတာကဖြစ်ကောင်း တာနဲ့ မဖြစ်ကောင်းတာ....(မှန်ပါ)ရှင်းကြပလား.... (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဒီဥစ္စာ သေသေချာ ချာ အလုပ်နဲ့ပြရတော့မှာဖြစ်နေတော့ နားကြီးကြီးနဲ့ပဲ ထောင် ရလိမ့်မယ်....(မှန်ပါ)။

သောမနဿပေဒနာက ဖြစ်ကောင်းတာလဲရှိတယ်၊ မဖြစ် ကောင်းတာလဲရှိတယ်.... ( မှန်ပါ ) ဒေါမနဿဝေဒနာကလဲ ဖြစ်ကောင်းတာလဲရှိ- မဖြစ်ကောင်းတာလဲရှိတယ်.... (မှန်လှပါ ဘုရား)။

ဒါဖြင့် စောစောစီးစီး ဝိပဿနာမရှုခင် သောမနဿဝေဒနာ သည် မဖြစ်ကောင်းတာကတော့ တကာတကာမတို့ ဒီပွဲလမ်း

သဘင် အစရှိသည်ထဲ ရယ်ကြ မောကြတယ် တကာသစ် ဒါ.... ဖြစ်ကောင်း မဖြစ်ကောင်း....(မဖြစ်ကောင်းပါဘုရား)။

အင်း....ကိုယ့်တရားကလေးကိုယ်ရှုပြီးနေလို့ ကိုယ့်ဟာကိုယ် ကလေးများ ကျေနပ်နေတဲ့အခါကျတော့.... (ဖြစ်ကောင်းပါ တယ်ဘုရား) ဒါလဲ ဝမ်းသာတာပဲ.... (မှန်ပါ) သဘောကျ ပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သောမနဿကို ဦးမာဒင်တို့က ဘယ်နှစ်မျိုးယူသလဲ (နှစ်မျိုးယူပါတယ်ဘုရား)။

ပွဲလမ်းသဘင်နဲ့ပြောရလို့ သောမနဿက.... (တမျိုးပါ) တမျိုး၊ မဖြစ်ကောင်းဘူး.... (မှန်ပါ) ကိုယ့်တရားကလေး ကိုယ်ရှုပြီးသကာလ ကိုယ့်ထင်မြင်ချက်ကလေးနဲ့ ဘုရားဟောနဲ့ ညီပြီးဆရာသမားဟောထားတာနဲ့ ညီပြီးနေတဲ့ အခါကျတော့ ဝမ်းသာတယ်....(မှန်ပါ)ဒီဒေါမနဿကျတော့.... (ဖြစ်ကောင်း ပါတယ်ဘုရား)။

ဩော်.... ဒါဖြင့် သောမနဿဟာလဲ ဖြစ်ကောင်း မဖြစ် ကောင်း နှစ်ချက်ဟာလဲ ရှိသင့်-မရှိသင့်-(ရှိသင့်ပါတယ်ဘုရား)။

သေသေချာချာမှတ်ပါ....၊ ဩော်....ဟုတ်သားပဲ ဆိုတာ တကာကြွယ် ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား)။

ပွဲလမ်းသဘင်နဲ့ပတ်သက်တဲ့ သောမနဿ၊ ငွေရလို့ သော မနဿတွေကတော့ မဖြစ်ကောင်းပါဘူး....(မှန်ပါ)။

အင်း... ကိုယ့်ဟာကိုယ်ကလေး ဉာဏ်ကလေးက ထက်ထက်- ထက်ထက်လာတော့ အမြင်မှန်ကလေးက ရလို့ ဝမ်းသာတာ

ကလေးကော မရှိဘူးလား-(ရှိပါတယ်ဘုရား) အဲဒီ သောမနဿ ကျတော့....(ဖြစ်ကောင်းပါတယ်ဘုရား)။

အေး....သိကြားရဲ့- သောမနဿ နှစ်မျိုးရှိတယ်ကွ တဲ့.... (မှန်ပါ့) ပေါ်ပြီ တကာတကာမတို့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဖြစ်ကောင်းတဲ့ သောမနဿ တမျိုး၊ မဖြစ်ကောင်းတဲ့ သောမနဿ တမျိုး....(မှန်ပါ့) ဒါ....နားလည်အောင် ရှင်းပေးနေပါတယ်....(မှန်ပါ့)။

ကဲ.... ဒေါမနဿကတော့လဲ....တဲ့၊ အိမ်မှာ နင်ပဲ ငဆန့် ဘယ်သူက အသုံးကြီးလို့ ဘယ်သူက အဖြုန်းကြီးလို့ ဘယ်သူက အသွားမတော်လို့ ဘယ်သူက အစားမတော်လို့ ဘယ်သူက အနေအထိုင်မတော်တာတွေ ဒါတွေကြည့်ပြီး အမေမိဘတွေက ဖြစ်စေ, ညီမသားချင်းကဖြစ်စေ ဒေါမနဿဖြစ်တယ်....(မှန်ပါ့) ဒါတော့ မဖြစ်ကောင်းဘူးပေါ့ဗျာ....(မှန်ပါ့)။

တရားအားထုတ်ပြီးသကာလ နေတဲ့အခါမှာ တရားက ထင်မြင်ချက် နည်းနည်းကလေးနှေးတာနဲ့ ကိုယ့်စိတ်ထဲမှာ မကျေနပ်တာကလေးလဲ ရှိတတ်တယ်....(မှန်ပါ့)။

တရားထင်မြင်ဖို့ရန် နည်းနည်းနှေးကန်ပြီးသကာလနေတော့ ကိုယ်ကျေနပ်ကဲ့လား....(မကျေနပ်ပါဘုရား) အဲ....မကျေနပ်တဲ့ ဒီ ဒေါမနဿမျိုးကျတော့ ဖြစ်ကောင်းတယ်.... ( ဖြစ်ကောင်းပါတယ်ဘုရား)။

ဖြစ်ပါ....တဲ့ ဒီ ဒေါမနဿမျိုးကျတော့ တရားရဖို့ရာ အား ထုတ်တာ ခပ်နေ့းနေ့းဖြစ်နေတယ်....၊ အမြင်က ကျဲနေတာနဲ့ ဒေါမနဿကလေး ဖြစ်တာမျိုးကျတော့ ဒီ ဒေါမနဿ ဖြစ် ကောင်းပါတယ်....(မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီဘုရား) သဘောကျပြီ....(ကျပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် ဒေါမနဿမှာလဲ တကာသစ်ရေ.... ဘယ်နှစ်မျိုးပါလိမ့်.... ( နှစ်မျိုးပါဘုရား ) ဖြစ်ကောင်းတဲ့ ဒေါမနဿတမျိုး၊ မဖြစ်ကောင်းတဲ့ ဒေါမနဿ.... (တမျိုးပါ ဘုရား)။

အေး....ဒါဖြင့် ဦးမာဒင်တို့, ဆရာဝန်ကြီးတို့ ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ကဲ....တခါ ဥပေက္ခာကလဲ တကာတကာမတို့ ဖြစ်ကောင်း မဖြစ်ကောင်းဆိုတာ နှစ်မျိုးရှိတာပဲ....(မှန်ပါ)။

ဥပေက္ခာက ဖြစ်ကောင်း- မဖြစ်ကောင်းဆိုလို့ သားတွေ, သမီးတွေ အစရှိသည်တို့ကို အင်း....ဒါတွေလဲ ဥပေက္ခာပဲ ထား လိုက်တော့မယ်ဆိုတဲ့ဥစ္စာက သူ့ဟာက ဆုံးမသွန်သင်မရလို့.... (မှန်ပါ)။

ဒီလိုလဲရှိသေးတယ်....(မှန်ပါ) နင်တို့တော့ ဥပေက္ခာ၊ နင်တို့ တော့ ဥပေက္ခာ....(မှန်ပါ)လက်ကလေး ခါခါ-ခါခါနဲ့ နင်တို့နဲ့ ငါနဲ့တော့ ဥပေက္ခာ....(မှန်ပါ) ဒေါသဖြစ်လို့ ပြောတာကိုး ဗျ....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ)။

နင်တို့လား-က မကောင်း အကြောင်းမသင့်လို့ နင်တို့နဲ့တွေ့ ရတာ၊ အခုတော့ နင်တို့အကြောင်း ကောင်းကောင်းသိလို့ ဒီက ရှေ့တော့ ဥပေက္ခာဟော့....(မှန်ပါ) ဘာတုံး သူ့ဟာက ဒေါ မနဿ ဥပေက္ခာ.... (မှန်ပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

အဲဒီ ဥပေက္ခာမျိုးကျတော့ မဖြစ်ကောင်းဘူး.... (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်ဟာ ကြည့်လိုက် ကြည့်လိုက် တကာတကာမတို့ ဖြစ် ပျက်ခြင်း တထပ်တည်း, သစ်ပင်ကြည့်လိုက်လဲ ဖြစ်ပျက်, ခန္ဓာ ကြည့်လိုက်လဲ ဖြစ်ပျက်....(မှန်ပါ)။

အသက်ရှိတာကြည့်လိုက်လဲ ဖြစ်ပျက်, အသက်မရှိတာကြည့် လိုက်လဲ ဖြစ်ပျက်တွေတွေ့တော့ ဖြစ်ပျက်ချည့် မြင်နေတဲ့ ဉာဏ် သည် ဝိပဿနုပေက္ခာဉာဏ်၊ ဒီဥပေက္ခာမျိုးကျတော့ ဖြစ် ကောင်းဘယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တဘန်းလုံး ဖြစ်ပျက်တွေချည့် မြင်နေတဲ့ ဥပေက္ခာမျိုးကျ တော့....(ဖြစ်ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ဥပေက္ခာမှာလဲ တကာတကာမတို့ ဖြစ်ကောင်း-မဖြစ် ကောင်း ဘယ်နှစ်မျိုးရှိပါလိမ့်....(နှစ်မျိုးရှိပါတယ်) သဘောပါ ကြပလား....(ပါ-ပါပြီဘုရား)။

အင်း....တကာတကာမတို့ သောမနဿကလဲ ဘယ်နှစ်မျိုးပါ လိမ့်....(နှစ်မျိုးပါ) ဖြစ်ကောင်း-မဖြစ်ကောင်း....(မှန်ပါ) ဒေါ

မနသာကလဲ ...(ဖြစ်ကောင်း မဖြစ်ကောင်း နှစ်မျိုးပါ) ဉပေက္ခာကလဲ....(ဖြစ်ကောင်း–မဖြစ်ကောင်း နှစ်မျိုးပါဘုရား)။

ကဲ ...ဒါဖြင့် အခုပြောပြီးခဲ့တဲ့အတွက် ရှင်းပါပြီ....(ရှင်းပါပြီဘုရား)။

ကောင်းပါပြီ ဒါဖြင့် ဒါက ဖြစ်ကောင်း–မဖြစ်ကောင်း သိရုံကလေးရှိသေးတယ်.... (မှန်ပါ့) တကာ့ဘကာမတို့ အလုပ်ထဲ မသွင်းရသေးပါဘူး....(မှန်ပါ့) ဩော်....ဒီလိုဖြစ်ယင် ဖြစ်ကောင်းတယ်၊ ဒီလိုဖြစ်ယင် မဖြစ်ကောင်းဘူးလို့ ဒါပဲ ဝေဖန်တုန်းရှိသေးတယ်....(မှန်ပါ့ဘုရား)။

ပွဲလမ်းသဘင်ကြည့်လို့ ဝမ်းမြောက်ဘာမျိုး ကျတော့....(မဖြစ်ကောင်းပါ) မဖြစ်ကောင်းဘူးဆိုတာ သေချာတယ်....(သေချာပါတယ်ဘုရား)။

တရားကလေးပေါက်လာလို့ ဝမ်းသာတာမျိုးကျတော့....(ဖြစ်ကောင်းပါတယ်) ဒါကျတော့လဲ ဖြစ်ကောင်းတယ်–နော်–(မှန်ပါ့)။

သားတွေ့သမီးတွေက အသုံးအဖြုန်းကြီးတာနဲ့ နေရာမကျ ထော်လော်ကန့်လန့်တွေနဲ့ တွေ့နေလို့ ဒေါမနဿ ဖြစ်တာကျတော့....(မဖြစ်ကောင်းပါဘုရား)။

တရားအားထုတ်တာ နေ့ပြီးသကာလနေတာနဲ့ အင်း... ခါတိုင်းဒီအချိန်ဆို ဒီဒုက္ခကျဘ်တဲ့နေရာ ဖြစ်ပျက်တွေမြင်ပြီ၊ ဖြစ်ပျက်မြင်လို့ ဒုက္ခချုပ်တဲ့နေရာရောက်ပြီ၊ ဒီနေ့ ဘာဖြစ်ပါလိမ့်

မတုံးဆိုတဲ့ ဒီဒေါသမျိုးကျတော့.... (ဖြစ်ကောင်းပါတယ်)ဖြစ်ကောင်းပါတယ်.... (မှန်ပါ့ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဥပေက္ခာမှာလဲ တကာတကာမတို့ နင်တို့နဲ့ ငါတို့နဲ့တော့ဖြင့် ဘယ်တော့မှမတွေ့ချင်ဘူး....၊ နောက်ကို နင်တို့ဆိုးလဲ မပြောတော့ဘူး, ကောင်းလဲမပြောတော့ဘူး၊ ဒါမျိုးကျတော့ ဘယ့်နှယ်တုံး....(မဖြစ်ကောင်းပါ) ဒေါမနဿနဲ့ ပတ်သက်တဲ့ဥပေက္ခာ (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်ဟာ ကြည့်လိုက်-ကြည့်လိုက် ဖြစ်ပျက်တွေတတန်းတည်းဖြစ်နေတဲ့ ဥပေက္ခာကျတော့.... (ဖြစ်ကောင်းပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ဝေဒနာမှာ ဖြစ်ကောင်းတဲ့ဝေဒနာ ၃....(မှန်ပါ့)မဖြစ်ကောင်းတဲ့ ဝေဒနာ(၃-ပါဘုရား)သဘောပါကြပလား ...(ပါ-ပါပြီဘုရား)။

ဖြစ်ကောင်းတဲ့ဝေဒနာ(၃ ပါဘုရား)မဖြစ်ကောင်းတဲ့ဝေဒနာက....(၃-ပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကောင်းပြီဒါဖြင့် ဖြစ်ကောင်းတဲ့ဝေဒနာက ၃၊ မဖြစ်ကောင်းတဲ့ဝေဒနာက ၃-ဆိုတော့ တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်နဲ့ ရှင်းမှ သာပြီးလင်းမယ်....(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်ကင်းလို့ တကာကြွယ်, ဦးမာဒင်တို့ သတ္တဝါဖြစ်စဉ်မှာ ရှိကို-မရှိဘူး....(မှန်ပါ့ဘုရား)။

အဲဒီတော့ သူ့ကိုရှင်းမှပဲ သြော်....ဒါ့ကြောင့် မဖြစ်ကောင်းတာကိုး၊ ဒါ့ကြောင့် ဖြစ်ကောင်းတာကိုးဆိုတာ မလာခဲပဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ကင်းတဲ့တရား ဆိုလို့ရှိယင်ဖြင့် တရားလမ်းမဆုံးသေးဘူးမှတ် (မှန်ပါ)ခန္ဓာကိုယ်ထဲ၌ဖြစ်သရွေ့ကဖြင့် တကာကြွယ်တို့ ဦးမာဒင်တို့တကာသစ်တို့ ပဋိစ္စသမုပ္ပါဒ်အစဉ်အတိုင်းမှတပါး ဘာရှိသေးသတုံး.... (ဘာမှမရှိပါဘုရား) သူပဲရှိတာပဲ....(မှန်ပါ) ဖြတ်နိုင်ယင်ဖြတ်, မဖြတ်နိုင်ယင် တန်း၊ ဒီနှစ်လမ်းပဲရှိတာပဲ....(မှန်ပါ)။

ပဋိစ္စသမုပ္ပါဒ်ဖြတ်နိုင်ယင် ဖြတ်တဲ့ဉစ္စာ ပဋိစ္စသမုပ္ပါဒ်တွေပြတ်တာပဲ....(မှန်ပါ) ဖြတ်နိုင်ယင်ဖြတ်....(မှန်ပါ)။

ဒါဖြင့် အဖြတ်ခံရတဲ့ ပဋိစ္စသမုပ္ပါဒ်တမျိုး....(မှန်ပါ) မဖြတ်တတ်လို့ဆက်သွားတဲ့ ပဋိစ္စသမုပ္ပါဒ်တမျိုး .... (မှန်ပါ)ခန္ဓာထဲမှာ ဒီနှစ်မျိုးမှတပါး မရှိဘူး....(မှန်ပါဘုရား)။

အဖြတ်ခံရတဲ့ ပဋိစ္စသမုပ္ပါဒ်တမျိုး....(တမျိုးပါ)မဖြတ်တတ်တာနဲ့ သူ့ဟာသူတန်းသွားတဲ့ ပဋိစ္စသမုပ္ပါဒ်က....( တမျိုးပါဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုးရှိသတုံး.... (နှစ်မျိုးရှိပါတယ်) ဩော်....တော်တော်အရေးကြီးပါကလားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

**ပဋိစ္စသမုပ္ပါဒ်မပါယင်တော့ဖြင့် ဦးမာဒင် တရားမမှန်သေးဘူးလို့ ဆုံးဖြတ်ချက်ချ.... (မှန်ပါ) တရားမမှန်သေးဘူးတဲ့....၊ ပဋိစ္စသမုပ္ပါဒ်မပါယင် သစ္စာလဲမပါပြန်ဘူး....(မှန်ပါ)။**

ဘာ့ကြောင့် သစ္စာမပါပြန်သတုံးလို့ မေးတဲ့အခါကျတော့မှ တကာသစ်မှတ်- ပဋိစ္စသမုပ္ပါဒ် အဆုံးကြည့်လိုက်တော့ "ဝေ

မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ၊ ဒုက္ခသစ္စာဟောတာက္ခ.... ပါလာတယ်....(ပါလာပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ် အဆုံးရွတ်ကြည့်လိုက်တော့ ဒုက္ခက္ခန္ဓဿမလာဘူးလား....(လာပါတယ်) အဲဒါ ဘာသစ္စာ သူပြသလဲ....(ဒုက္ခသစ္စာပြပါတယ်ဘုရား)။

ဒါ-ပဋိစ္စသမုပ္ပါဒ်ဖြတ်တဲ့ ပုဂ္ဂိုလ်ကျတော့ "ဧဝမေတဿကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓောဟောတိ" နိရောဓသစ္စာပြတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်ကို မဖြတ်တတ်တဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိယင် ဒုက္ခသစ္စာကို တန်းသွားလေရဲ့.... (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် ဖြတ်တတ်တဲ့ပုဂ္ဂိုလ်ကျတော့ နိဗ္ဗာန်ပေါ်တယ်.... (မှန်ပါ့)။

ဖြတ်တာက မဂ္ဂသစ္စာ၊ ပေါ်တာက နိရောဓသစ္စာ(မှန်ပါ့) မဖြတ်တတ်တဲ့ပုဂ္ဂိုလ်မှာ ဖြစ်ကြောင်းက သမုဒယသစ္စာ၊ ဖြစ်ကျိုးက ဒုက္ခသစ္စာ.... (မှန်ပါ့) ကိုင်း.... မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်မပါယင် သစ္စာလေးပါး မပါဘူး.... (မှန်ပါ့)မပါသေးယင် တရားလမ်းမဆုံးသေး....(မှန်ပါ့ဘုရား)။

တကာကြွယ် အတော်အရေးကြီးပါလား.... (ကြီးပါဘယ်ဘုရား)။

ကြည့်ကြည့် တကာတကာမတို့ ဝိပဿနာမပြောခင် အနု

ပြောတဲ့စကား သုံးလေးလုံးဟာ ဆရာဝန်ကြီး သိပ်အရေးကြီး ပါဘယ်....(အရေးကြီးပါတယ်) ဦးမာဒင် သိပ်အရေးကြီးတယ် (ကြီးပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ကို တကာတကာမတွေက အင်း.... ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာသမ္ဘဝန္တိ၊ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ တကာကြွယ်ဘို့ရဘယ်.... (ရပါတယ်ဘုရား) ဘာသစ္စာပြသကုံး.... (ဒုက္ခသစ္စာပြပါတယ် ဘုရား)။

တခါ"ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ"ဘာပြလိုက်တာတုံး.... (နိရောဓသစ္စာပြဘာပါ)နိရောဓ သစ္စာပြတယ်....(မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီ ဘုရား)။

အဲဒီတော့ နိရောဓသစ္စာပြတဲ့ ပဋိစ္စသမုပ္ပါဒ်ကျတော့ကိုတဲ့ ဖြတ်တာကမဂ္ဂသစ္စာ၊ ဆုံးတာကနိရောဓသစ္စာ .... ( မှန်ပါ ဘုရား)။

ဖြတ်တာက....( မဂ္ဂသစ္စာပါ ) ဖြတ်လို့ ဒုက္ခတွေဆုံးသွား တာက....(နိရောဓသစ္စာပါဘုရား)။

ဪ.... ဖြတ်တဲ့နေရာမှာ သစ္စာက အဖိုးတန်သစ္စာနှစ်ပါး (မှန်ပါ) မဖြတ်တဲ့နေရာကျတော့ 'သမုဒယော ဟောတိ'လို့ဆို သောကြောင့် သမုဒယောက သမုဒယသစ္စာ.... (မှန်ပါဘုရား)

ဒုက္ခက္ခန္ဓာသည် ဒုက္ခသစ္စာ.... (မှန်ပါ) ဟောဟိုဘက်ကျတော့ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပြတယ်....(မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အင်း....တကာတကာမတို့ ဒုက္ခက္ခန္ဓာသည်ဆိုတဲ့ နေရာကျတော့ သမုဒယော ဟောတိက လာသေးတာကို .... (လာပါတယ်ဘုရား)။

ဒါဖြင့် တကာသစ် သစ္စာဘယ်နှစ်ပါးပြသတုံး-(နှစ်ပါးပါ) သမုဒယသစ္စာနဲ့....(ဒုက္ခသစ္စာပါဘုရား)။

တခါ "ဒုက္ခက္ခန္ဓာသ နိရောဓောဟောတိ" လို့ ပြတဲ့အခါ ကျတော့ ဘယ်သစ္စာနှစ်ပါး ပြပါလိမ့်....(မဂ္ဂနဲ့နိရောဓပြပါတယ်ဘုရား)မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာပြတယ်....(မှန်ပါဘုရား)။

ဩော်....ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ကို မပြသေးလို့ ရှိယင် သစ္စာခွဲ မပါသေး.... (မှန်ပါ) သစ္စာမနာရလို့ရှိယင်လဲ ဘယ်သူမှ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာမဖြစ်သေး ... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကာတကာမတွေ လုံလောက်သော အကြောင်းကို တကယ် တမ်းပြရလို့ရှိယင်ဖြင့် ပဉ္စဝဂ္ဂီငါးဦးတို့ စ,ဟောတော့ သစ္စာ လေးပါးဟောတယ်....(မှန်ပါ) ဒါနဲ့ပဲ သောတာပန်မတည်ကြ ဘူးလား....(တည်ပါတယ်) ဩော်.... ဘာနဲ့တည်ပါလိမ့်မတုံး မေးတော့ သစ္စာနဲ့တည်သွားတာ....(မှန်ပါဘုရား)။

ဘာနဲ့တည်သွားသတုံး.... (သစ္စာနဲ့တည်သွားပါတယ်ဘုရား) ရှင်းပြီ....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သစ္စာမပါသေးယင် မဂ်ဉာဏ်ဖိုလ်ဉာဏ် မတည်နိုင်သေး....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သစ္စာမပါသေးယင်....(မဂ်ဉာဏ်ဖိုလ်ဉာဏ် မတည်နိုင်သေးပါဘုရား)မဂ်ဉာဏ်ဖိုလ်ဉာဏ် မတည်နိုင်သေးဘူးဆိုတာသေချာပလား....(သေချာပါပြီဘုရား)။

ကိုင်း....ဒါ့ကြောင့် ကိုယ်တော်မြတ်ကြီးကိုယ်တိုင် ဘုရားဖြစ်သည်နဲ့ တပြိုင်နက်တည်း "ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" သမုဒယောလဲ ပါသေးတယ်....(မှန်ပါ့) ဒုက္ခက္ခန္ဓဿလဲ ပါလိုက်သေးတယ်....(မှန်ပါ့) သစ္စာနှစ်ပါးသူပြတယ်.... (မှန်ပါ့ဘုရား)။

ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိလို့ ဆိုတော နိရောဓောလဲ ပါလိုက်သေးတယ်နော်....(မှန်ပါ့) ဒုက္ခအစုကြီးလဲ ချုပ်အောင် လုပ်နိုင်တယ်ကွဆိုတာကော မပါဘူးလား-(ပါပါတယ်ဘုရား)။

အဲဒီတော့ သူက မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာပြဘာသ်- (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် ဒီခြောက်ပါးကို တကာဘကာမတို့ ဖြစ်ကောင်းတဲ့ သောမနဿက ပဋိစ္စသမုပ္ပါဒ်ဖြတ်တယ်....(မှန်ပါ့) မဖြစ်ကောင်းတဲ့ သောမနဿက ပဋိစ္စသမုပ္ပါဒ်ဆက်တယ် ....(မှန်ပါ့ဘုရား)။

ဖြစ်ကောင်းတဲ့ ဒေါမနဿက ပဋိစ္စသမုပ္ပါဒ်ဖြတ်တယ် ...(မှန်ပါ့) မဖြစ်ကောင်းတဲ့ ဒေါမနဿက....(ပဋိစ္စသမုပ္ပါဒ်ဆက်ပါတယ်ဘုရား)။

ဖြစ်ကောင်းတဲ့ ဥပေက္ခာက.... (ပဋိစ္စသမုပ္ပါဒ်ဖြတ်ပါတယ်) မဖြစ်ကောင်းတဲ့ ဥပေက္ခာက.... (ပဋိစ္စသမုပ္ပါဒ်ဆက်ပါတယ်) ဒီလိုလာတော့မယ်ဆိုတာ သေချာပြီ....(သေချာပါပြီ)မသေချာ သေးဘူးလား တကာကြွယ်....(သေချာပါတယ်ဘုရား)။

ပြန်မေးပါတယ် တကာတကာမတို့ ဖြစ်ကောင်းတဲ့ သောမနဿက ဘာတုံး....(ပဋိစ္စသမုပ္ပါဒ်ဖြတ်ပါတယ်)မဖြစ်ကောင်းတဲ့ သောမနဿက....(ပဋိစ္စသမုပ္ပါဒ်ဆက်ပါတယ်ဘုရား)။

ဖြစ်ကောင်းတဲ့ ဒေါမနဿက (ပဋိစ္စသမုပ္ပါဒ်ဖြတ်ပါတယ်) မဖြစ်ကောင်းတဲ့ ဒေါမနဿက.... (ပဋိစ္စသမုပ္ပါဒ်ဆက်ပါတယ် ဘုရား)။

ဒါဖြင့် ဒီဥစ္စာ ဝိပဿနာမထည့်ယင် မရဘော့ဘူး....(မှန်ပါ့) ဖြစ်ကောင်းတဲ့ ဥပေက္ခာက တကာတကာမတို့ .... ( ပဋိစ္စသမုပ္ပါဒ်ဖြတ်ပါတယ်) ဖြတ်တယ်.... (မှန်ပါ့) မဖြစ်ကောင်းတဲ့ ဥပေက္ခာဝေဒနာက....(ပဋိစ္စသမုပ္ပါဒ်ဆက်ပါတယ်) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဩော် .... ဒါဖြင့် ဝိပဿနာဉာဏ်ဖြင့် မထည့်လို့ ရှိယင် ဘုရားက ဒါဝိပဿနာဉာဏ်ဟောဖို့ ဖြစ်ကောင်း-မဖြစ်ကောင်း ဟောတာပဲဆိုတာ တကာကြွယ် သေချာသွားပြီ.... (သေချာသွားပါပြီ) တကာသစ် နေရာကျပြီ....(နေရာကျပါပြီဘုရား)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမှာတုံးလို့ မေးတော့ ဖြစ်ကောင်းပုံလဲ ဘုန်းကြီးရှင်းရလိမ့်မယ်....(မှန်ပါ့) မဖြစ်ကောင်းပုံကော ... (ရှင်းရမှာပါ) အင်း....သောမနဿလဲရှင်း- ဒေါမနဿလဲရှင်း....

ဥပေက္ခာနှစ်မျိုးလဲ.... (ရှင်းရမှာပါဘုရား) ရှင်းရမှာပဲဘဲ့ ..... (မှန်ပါ့)။

ဒါဖြင့် ကောင်းတဲ့ပဋိစ္စသမုပ္ပါဒ်ကို ကျုပ်တို့သည် အားထုတ်ရမယ်....(မှန်ပါ့) မဖြစ်ကောင်းတဲ့ ပဋိစ္စသမုပ္ပါဒ် ဆက်မှာကို ကျုပ်တို့သည်-(ဖြတ်ရပါမယ်) ဖြတ်ရလိမ့်မယ်ဆိုတဲ့ဥစ္စာသဘော ကျပလား....(ကျပါပြီဘုရား)။

ဒါလောက် နားလည်ရုံနဲ့တော့ မရသေးဘူး.... (မှန်ပါ့) ဖြစ်ကောင်းတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ကျုပ်တို့သည် ပွားများရလိမ့်မယ်....(မှန်ပါ့) မဖြစ်ကောင်းတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ကျုပ်တို့ အရှုခံဘက်က ထားရလိမ့်မယ်.... (မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

မဖြစ်ကောင်းတဲ့ဝေဒနာကို ... (အရှုခံဘက်ကထားရပါမယ်) ဖြစ်ကောင်းတဲ့ ဝေဒနာကို ရှုဉာဏ်ဘက် ထားရမယ်.... (မှန်ပါ့) ရှုဉာဏ်ဘက်က ထား....(မှန်ပါ့ဘုရား)။

မဖြစ်ကောင်းတဲ့ ဝေဒနာကို....(အရှုခံဘက်ကထားရပါမယ်) ဖြစ်ကောင်းတဲ့ ဝေဒနာကို.... (ရှုဉာဏ်ဘက်က ထားရပါမယ်) ရှုဉာဏ်ဘက်ကထားရမယ်....(မှန်ပါ့)အံ့မာလေး-မလွယ်ပါလား ဦးမာဒင်....(မလွယ်ပါဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ တခုကအရှုခံ.... (မှန်ပါ့) မကောင်းတဲ့ တရားဟူသရွေ့ဟာ အရှုခံ....(မှန်ပါ့)ကောင်းတဲ့-တရားဟူသရွေ့ဟာ ရှုဉာဏ်....(မှန်ပါ့ဘုရား)။

ဒီလိုထားရလို့ရှိယင်ဖြင့် ကျုပ်တို့ ခင်ဗျားတို့နှစ်ခုစလုံးကိုပဲ တ နေ့ လဲ အရှုခံ လဲ သူပဋိစ္စသမုပ္ပါဒ်ဆက်မလို့လာတာမဆက်

နိုင်ဘူး(မှန်ပါ့)ရှုဥာဏ်ကလဲပင်ကိုယ်က ဖြတ်တတ်တဲ့မမှုဖြစ်လေသောကြောင့် ဆက်စရာမရှိဘူး....(မရှိပါဘုရား)။

ဒါဖြင့် အရှုခံနဲ့ ရှုဥာဏ်ကိုတွဲမပေးလို့ ရှိယင်ဖြင့် ခင်ဗျားတို့ ကိုယ်ကျိုးနည်းပြီ.... (မှန်ပါ့) အရှုခံနဲ့ ရှုဥာဏ်တွဲပေးရမည့် အချိန်ရှိသေးတယ် ဆိုတာကိုလဲ တကာကြွယ် သေသေချာချာ မှတ်ရလိမ့်မယ်....(မှန်ပါ့)သဘောပါပလား....(ပါပါပြီဘုရား)။

ကဲ...နက်ဖြန်မှ ဆက်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မဂ်လာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့မမှာရုံ၌-ဟောကြား ဆုံးမတော်မူသော
(သံသရာစခန်းသတ်ချင်ယင် မဂ်အလုပ်လုပ်ရန်)

# နေ့အလုပ်ပေး-တရားတော်

( ၂၇-၉-၆၁ )

အားလုံး တကာတကာမတွေ အလုပ်-လုပ်ရလိမ့်မယ်ဆိုတာ အောက်မေ့ရလိမ့်မယ်နော်....(မှန်ပါ့) အလုပ်-လုပ်မှသာလျှင် ဝင်းထဲမှာရှိတဲ့ သံသရာဆက်တတ်တဲ့ ပဋိစ္စသမုပ္ပါဒ် ပြတ်မယ်.... (မှန်ပါ့)အလုပ် မလုပ်လို့ရှိယင်ဖြင့် သံသရာဆက်တဲ့ပဋိစ္စသမုပ္ပါဒ် မပြတ်ပါဘူးလို့မှတ်ရမယ်....(မှန်ပါ့)။

တကာကြွယ် ဉာဏ်မသွင်းယင် ပြတ်ပါ့မလား....(မပြတ်ပါဘုရား)။

အဲဒီတော့ ဉာဏ်သွင်းရမည့်အလုပ်ကို ဆုတောင်းယူလို့မရဘူး....(မရပါဘုရား)။

ဉာဏ်သွင်းရမည့်အလုပ်ကို....(ဆုတောင်းယူလို့မရပါဘုရား) ဆုတောင်းယူလို့မရတော့ ဩော်.... ဒီနေရာဖြင့် ဒီလိုဆက်နေတာ ဒီလိုဉာဏ်နဲ့ ဒီလိုပြတ်မှ ဒီလိုခရီးပေါက်မှာပဲဆိုတဲ့ ဉစ္စာ ဘုရားက ဟောတယ်....(မှန်ပါ့)။

ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးကွာ....တဲ့ သဗ္ဗညုတ ဉာဏ်နဲ့ ကြည့်ပါတယ်....တဲ့၊ ဥပမာကွာ....တဲ့ သုခဝေဒနာဘခု ဖြစ်တယ်၊ ချမ်းသာတယ်၊ ဥပမာ.... တကာကြွယ်မှာ ပစ္စည်း ရလို့ ချမ်းသာတယ်၊ သားသမီးကျန်းမာလို့ ချမ်းသာတယ် ဆိုတော့ သုခဝေဒနာကလေး မပေါ်ဘူးလား....(ပေါ်ပါတယ် ဘုရား)။

အဲဒီ ချမ်းသာတဲ့နောက်ကနေပြီးသကာလ....တဲ့၊ တယ်နေရာ ကျပါလားဆိုတဲ့ တဏှာလဲ လိုက်တတ်တယ်.... (လိုက်ပါတယ်) ငါဖြင့်ကွာ....နေရာကျလိုက်တာဆိုတဲ့ မာနလဲ လိုက်တတ်တယ်.... (လိုက်ပါတယ်ဘုရား) ဒိဋ္ဌိကလဲ တခါ ဩော်....ဒီလိုဆိုလို့ ရှိယင် ဖြင့် တော်သေးရဲ့ဆိုတဲ့ ဒိဋ္ဌိကလဲ လိုက်တတ်တယ်....(လိုက်တတ် ပါတယ်ဘုရား)။

ဒါဖြင့် သုခဝေဒနာ နောက်ကလဲ တဏှာ, မာန, ဒိဋ္ဌိ လိုက် တယ်....(မှန်ပါ)။

သုခဝေဒနာနောက်ကလဲ တဏှာ, မာန, ဒိဋ္ဌိ လိုက်တယ်.... (မှန်ပါ) သုခဝေဒနာနောက်ကလဲ.... (တဏှာ,မာန,ဒိဋ္ဌိ လိုက် ပါတယ်ဘုရား)။

အားလုံး တကာတကာမတွေ ဒီနေ့ အလုပ်တရားက စ,နေ လို့ ဒါ.... ဒို့ကိုအရေးအကြီးဆုံး ပြောပါပေါ့လားလို့ အောက် မေ့ရမယ်နော်....(မှန်ပါ)။

ဒီဘက်က ဝမ်းထဲမှာ တကာတကာမတွေက သားကလေး သမီးကလေး ပစ္စည်းကလေးရလို့ စိတ်ချမ်းသာတယ်ဆိုတော့

တကာကြွယ် သုခဝေဒနာပေါ့ဗျာ....(မှန်ပါ့) ဒီသုခဝေဒနာ နောက်က စိတ်ချမ်းသာပြီဆိုမှဖြင့် သဘောကျတယ်ဆိုတဲ့ တဏှာ က မလိုက်ပေဘူးလား....(လိုက်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် သုခဝေဒနာနောက်က တဏှာလိုက်တယ်.... (မှန်ပါ့) တဏှာလိုက်တော့ တကာတကာမတွေက သိပြီးသား အတိုင်း ထားပါတော့ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါန ပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ....လို့ ဆိုတော့ တကာတကာမတွေ သိတဲ့အတိုင်း တဏှာ, ဥပါဒါန်, ကံ....(မှန်ပါ့) ဒီဘက်က ဇာတိ ဇရာ မရဏ- (မှန်ပါ့)။

တကာတကာမတို့ ဝမ်းထဲ ချမ်းသာလုံးပေါ်လာလို့ရှိယင် ဖြင့် နောက်က တဏှာလိုက်ပါတယ်.... (လိုက်ပါတယ်ဘုရား)။

တဏှာလိုက်တော့ တကာတကာမတို့ သိတဲ့အတိုင်း ဆရာဝန် ကြီးတို့ သိတဲ့အတိုင်း ဥပါဒါန်က သူ့နိယာမပဲ လိုက်မှာပေါ့.... (လိုက်မှာပါဘုရား) ဥပါဒါန်လိုက်လို့ရှိယင်ဖြင့် ကံကလဲ လိုက် မှာပဲ....(လိုက်မှာပါဘုရား) ကံက လိုက်လို့ရှိယင်ဖြင့် စုတိမနေ ကွယ်လွန်လို့ရှိယင်ဖြင့် အင်း... ဇာတိ, ဇရာ, မရဏကတော့ တကာသစ် မလိုက်ချင်ပါဘူးဆိုလို့....(မရပါဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ သုခဝေဒနာ နောက်က တဏှာလိုက်လာတာကို တကာကြွယ်တို့က ဦးလှဘူးတို့က မဖြတ် တော့ပါဘူး၊ တပည့်တော်တို့ဖြင့် ဒီအတိုင်းပဲ နေပါတော့မယ် ဆိုလို့ရှိယင်ဖြင့် အင်း....တကာတကာမတို့ ဒုက္ခရောက်ချင်လို့ပဲ (မှန်ပါ့)။

ဘယ်လိုပါလိမ့်....(ဒုက္ခရောက်ချင်လို့ပါဘုရား) ဒုက္ခရောက်ချင်လို့....လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

ရှင်းရှင်း တကာတကာမတွေ နားထောင်ပါ....(မှန်ပါ့ဘုရား) ဝမ်းထဲမှာ ပစ္စည်းရရ, သားကလေး-သမီးကလေး ရပ်ဝေးက ပြန်လာလာ, ရာထူးတက်တက်, လိမ္မာတာက ပိုလိမ္မာလို့ ဖြစ်စေ ဝမ်းထဲမှာတော့ တကာကြွယ့်ရေ....ပြုံးတဲ့ သုခဝေဒနာကလေးပေါ်မှာပဲ.... (ပေါ်ပါတယ်ဘုရား) မပေါ်ပေဘူးလား (ပေါ်ပါတယ်ဘုရား)။

အဲဒီ ပေါ်လာတာကလေးကို တကာကြွယ်တို့က ပေါ်တဲ့အတိုင်း နေတော့မယ်ဆိုတော့ နောက်စိတ်စဉ်မလာလဲ တကာသစ် သေမှာပဲ....(မှန်ပါ့) နောက် စိတ်စဉ်မလာယင်....(သေမှာပါဘုရား)။

သေမှာဖြစ်နေတော့ ဖြစ်စဉ်ကလဲ လာရမယ်.... (လာမှာပါဘုရား) လာတဲ့စိတ်က ဘာလာ့တုံးဆိုလို့ရှိယင် ဝမ်းသာတာကလေးကို သဘောကျတဲ့ တဏှာက.... ( လာမှာပါဘုရား ) ဒါကလေးမျိုး များများဖြစ်ချင်တဲ့ ဉပါဒါန်က.... (လာမှာပါဘုရား)။

ဒီဟာကလေးနဲ့ပဲ ကျုပ်တို့သည်ကားလို့ဆိုလို့ရှိယင် သွားလိုက်-လာလိုက် ကျွေးလိုက်-ခင်လိုက်-ပွတ်သပ် လုပ်လိုက်ဆိုတဲ့ ကာယကံ,ဝစီကံတွေလဲ မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီတော့ ကံလာတယ်ဆိုတော့ ကမ္မဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောကပရိဒေဝ ဒုက္ခဒေါမနဿ လာ

ရတော့မယ်....(လာရပါမယ်ဘုရား) မလာပေဘူးလား.... (လာမှာပါဘုရား)။

စဉ်းစားကြပါ-စဉ်းစားကြပါ တကာတကာမတွေ ဒါ-သိနိုင်ခဲ့တယ်၊ ဆဆက္ကသုတ်မှာ လာတယ်လို့ အောက်မေ့ပါ....(မှန်ပါ့ဘုရား) သိကြားမစ့ခင် ဒါ....သိကြား၏အလုပ်စဉ်ကို ပြနေတယ်လို့ တကာသစ်က မှတ်ပါ....(မှန်ပါ့)။

တကာကြွယ် သုခဝေဒနာနောက်က(ဝါ) သောမနဿဝေဒနာနောက်က ဘာလိုက်တတ်သတုံး....(တဏှာလိုက်တတ်ပါတယ်ဘုရား) တဏှာလိုက်ယင် သူ့နောက်က ဘာလုပ်မတုံး-(ဥပါဒါန်လိုက်ပါတယ်ဘုရား) တကာကြွယ် ဒီဟာတွေက တားလို့ ဆည်းလို့ ရသေးရဲ့လား....(မရပါဘုရား)။

အကြား အမြင်မရှိတဲ့ပုဂ္ဂိုလ်မှာ ဒါ-မတားတတ်တော့ဘူးတဲ့....(မတားတတ်ပါဘုရား)။

တကာတကာမတို့ အကြား အမြင်မရှိတဲ့ပုဂ္ဂိုလ်မှာ-(မတားတတ်တော့ပါဘုရား) မတားတတ်တော့ သုခဝေဒနာနောက်က တဏှာ,ဥပါဒါန်,ကံ,ဇာတိ,ဇရာ,မရဏ....(မှန်ပါ့)ရှင်းကြပလား (ရှင်းပါပြီဘုရား)။

သေသေချာချာ တကာတကာမတွေ ဒါ.... အလုပ်တရားဖြစ်နေလို့ ထည့်လဲ ပြောလို့လဲ ဒီဥစ္စာသည်ကား....လို့ဆိုယင် သိတာ၊ ကိုယ့်သန္တာန် အစဉ်မှာဖြင့် ဒီတရားအစဉ်က တကာသင် အမြဲလိုက်နေတယ်....(လိုက်နေပါတယ်ဘုရား)။

ကဲ.... ဝမ်းထဲမှာ လှုပ်ဖြစ်ရလို့ ဝမ်းသာတယ်၊ ဘာဝေဒနာပေါ်ကြသတုံး....(သုခဝေဒနာပေါ်ပါတယ်ဘုရား)။

သုခဝေဒနာပေါ်တော့ တကာတကာမတွေက အင်း....ဒီလို ဖြင့် သဘောကျပါရဲ့ဆိုတဲ့ တဏှာကကော.... ( လာပါတယ် ဘုရား) သဘောကျတဲ့အပြင်မှာလဲ ဒီအလုပ်ကို ဒီရမှုကို မစွဲလမ်း ဘူးလား-(စွဲလမ်းပါတယ်ဘုရား)စွဲလမ်းပြီးသကာလ ဒါကလေး သိမ်းဖို့ ဆည်းဖို့ကော အားမထုတ်ဘူးလား.... ( အားထုတ်ပါ တယ်ဘုရား) ဒါဖြင့် တဏှာ ဥပါဒါန် ကံ သုံးခုလိုက်ပြီ.... (မှန်ပါ့)။

တဏှာဥပါဒါန်ကံ သုံးခုလိုက်တဲ့အခါကျတော့ စုတေမနေ သေလွန်တဲ့အခါကျတော့ ဘယ်ဇာတိ, ဘယ်ဇရာ,ဘယ်မရဏလို့ မဆိုနိုင်ဘူး၊ အပါယ်လေးပါးမှာ တခုခုတော့ဖြင့် အပါယ်ဇာတိ အပါယ် ပဋိသန္ဓေနေရမယ်....(မှန်ပါ့) အပါယ်ဇရာ အပါယ်မှာ အိုရမယ်.... (မှန်ပါ့) အပါယ်မှာသေရမယ်ဆိုတာ မလာပေဘူး လား....(လာပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ဝမ်းသာတာ ကို ဘုန်းကြီးများက မသိချင်လို့ မဟုတ်ဘူး၊ ခင်ဗျားတို့က ဝမ်း သာရုံတွင် ရပ်တတ်တဲ့ တကာတကာမတွေ မဟုတ်ပါဘူး.... (မဟုတ်ပါဘုရား)။

ဝမ်းသာတဲ့နောက်က နှစ်သက်တဲ့တဏှာက လိုက်တယ်.... (လိုက်ပါတယ်ဘုရား) စွဲလမ်းတဲ့ဥပါဒါန်....(လိုက်ပါတယ်)လိုက် တယ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် သွားပါဦး၊ ကာယကံ, စေတီကံနဲ့လဲ ဒီ ပစ္စည်းကလေး သိမ်းလိုက်,ဆည်းလိုက်၊နင့်အဖော် ထောင်ကျော်

ခေါ်ဟဲ့ဆိုတဲ့ အသွားမျိုးလို ကာယကံ,ဝစီကံတွေကလဲ တွဲလျက်ပဲ.... (တွဲလျက်ပါ) နောက် ဒီဟာမျိုး ထပ်လုပ်ဦးမယ်ဆိုတဲ့ ပါးစပ်ကလဲ ပြောလျက်ပဲ... (ပြောလျက်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီ့ကံတွေလုပ်ပြီးတခါ စုတေမနေ့ သေလွန်တော့ တကာကြွယ် ဘာလာမတုံး.... (ဇာတိလာပါမယ်) ဇာတိ, ဇရာ, မရဏလာမယ်....(မှန်ပါ့) သောကပရိဒေဝ ဒုက္ခ ဒေါမနဿ.... (လာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒီဘက်က ဝမ်းသာတာ, ရွှင်ပျတာ(မှန်ပါ့) ဒီဘက်က သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ငိုရတာ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ငိုချင်တဲ့သဘောလဲ ရွှင်ပျတဲ့သဘောဟာ မသိမ်းရလို့ရှိယင်ဖြင့် ငိုရတဲ့သဘော ရောက်ပါဘာယ်.... (ရောက်ပါတယ်ဘုရား)။

ရွှင်ပျတဲ့သဘောသည်.... ( ငိုရတဲ့သဘော ရောက်ပါတယ်ဘုရား)။

သေသေချာချာမှတ်ပါ တကာတကာမတွေ ငွေကလေးရလို့ ရွှင်ပျတယ်ဆိုလို့ရှိယင်ဖြင့် မဂ်ဉာဏ်,ဖိုလ်ဉာဏ်, ဝိပဿနာဉာဏ်တွေ မသွင်းတတ်လို့ရှိယင် တကာသစ်,ရေ-ငိုရမှာပဲ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ရွှင်ပျတာသည် ငိုရတာလမ်းဆုံး....(မှန်ပါ့) ရွှင်ပျတာသည်....(ငိုရတာလမ်းဆုံးပါဘုရား)။

သေသေချာချာမှတ်ပါ တကာတကာမတို့ ခင်ဗျားတို့က ဒီ-အစိပ္ပာယ်ကို ကိုယ်ပိုင်ဉာဏ်နဲ့တော့ တကာကြွယ်ရေ- မသိဘူးနော်....(မှန်ပါ့)။

အခုပဋိစ္စသမုပ္ပါဒ်နဲ့ဆက်ပြီး ပြလိုက်တဲ့အခါကျတော့ တကာသစ်ရေ-ရှင်ပျတာဟာ ငိုရဖို့ပဲ....( မှန်ပါ့ ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါ-သုခဝေဒနာကြောင့် တဏှာ,ဥပါဒါန်, ကံ,ဇာတိ,ဇရာ, မရဏ,သောက,ပရိဒေဝ လိုက်လာတယ်....(မှန်ပါ့) မလိုက်ဘူးသား....(လိုက်ပါတယ်ဘုရား)။

ကိုင်း....အားလုံး တကာတကာမတို့ ဩြော်.... သုခဝေဒနာဒ္ဒီမှာ အကြားအမြင်မရှိလို့ ရှိယင် အခက်ကြီးပါကလား၊ ရှင်ပျတာသည် ငိုရဖို့ပဲ....(မှန်ပါ့)။

ရှင်ပျတာသည်....(ငိုရဖို့ပါ) ဒါ-ဘယ်ပုဂ္ဂိုလ်ကို တကာသစ်က ဆိုချင်သတုံး....(အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်ပါဘုရား)။

တကာတကာမတွေဘယ်သူ့ ဆိုကြပါ့မတုံး....(အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်ပါ) ဩြော်....ဒါဖြင့်တကာကြွယ် အကြားအမြင်ရှိဖို့ တယ်အရေးကြီးပါကလား....(ကြီးပါတယ်ဘုရား)။

ဦးလှဘူး ဘယ့်နှယ်တုံး....(အကြားအမြင်ရှိဖို့ အရေးကြီးပါတယ်ဘုရား)။

ခင်ဗျားတို့ ထုံးစံကတော့ဖြင့် ရှင်ပျလို့ ရှိယင်ဖြင့် နေရာကျဘာတွင် ဇာတ်သိမ်းတယ်.... (ဇာတ်သိမ်းပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် ဖြစ်စဉ်ကဖြင့် ရှင်ပျတာသည် ငိုရဖို့ပဲဟေ့....(မှန်ပါ့)။

ရှင်ပျံတာသည်....(ငိုရဖို့ပါ) တကာကြွယ်....ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အားလုံးတကာတကာမတွေ ဒီတရားကို ကြပ်ကြပ်စဉ်းစား ပါ၊ သိကြားမင်းကြီးဟာ ဒါနဲ့ နိဗ္ဗာန်ဝင်ကာဖြစ်ပြီးသကာလ နေလို့ ဩော်....ငါတို့ ရှင်ပျံမှုတွေသည် နောက်ဆုံးပိတ်ကျ တော့ ငိုရတာ လမ်းဆုံးပါကလား....(မှန်ပါ့)။

ရှင်ပျံမှုသည်....(ငိုရတာ လမ်းဆုံးပါ)ခုံပေါ်မှာလဲ တကာ တကာမတို့ ပင်္ဂစ္စသမုပ္ပါဒ်ပြထားတယ်.... (မှန်ပါ့)ချက်ချင်းတော့ မငိုရပါဘူး.... (မှန်ပါ့) နောက် ငိုရမယ်ပြောတာ.... (မှန်ပါ့ ဘုရား)။

နောက်ငိုရမည့် ပြောတဲ့အပြောသည် တကာတကာမတို့ အကြားအမြင်မရှိလို့ ဖြင်ရခြင်း....(မှန်ပါ့)။

ဘယ်လိုကြောင့်ပါလိမ့်.... (အကြားအမြင်မရှိလို့ ဖြင်ရခြင်း ပါဘုရား) တကာသင်တို့ ဒီဥစ္စာ သိပ်အရေးကြီးလို့ (မှန်ပါ့) ဆရာဝန်ကြီး သိပ်အရေးကြီးတယ်နော်....(မှန်ပါ့)။

သိပ်အရေးကြီးပါတယ် တကာကြွယ်ရာ....(မှန်ပါ့) ဒီဟာကို ဒီအတိုင်းသာ ရပ်နေတဲ့ပုဂ္ဂိုလ် ဆိုလို့ရှိယင်ဖြင့် အခုခဏမငိုရ၊ နောက်ဏောတော့ဖြင့် တကာတကာမတို့ ငိုရတော့မယ်ဆိုတာ မှတ်ရတော့မယ်....(မှတ်ရပါမယ်) ရှင်းကြပလား.... (ရှင်းပါပြီ ဘုရား)။

ဒီဘဝက ရှင်ပျံတာ....(မှန်ပါ့) ဒီနောက်ဘဝကျတော့ ငိုရ တာဖြစ်တယ်....(မှန်ပါ့ဘုရား)။

ဒီဘဝက....(ရှင်ပျပါတယ်)နောက်ဘဝကျတော့.... (ငိုရပါတယ်ဘုရား)။

ဘယ်နှယ်ကြောင့် ဒီငိုရတာ ဖြစ်ရပါလိမ့်မတုံး၊ ရှင်ပျတာ....၊ ရှင်ပျတာ တော်ရောပေါ့၊ ဘာဖြစ်လို့ ငိုရပါလိမ့်မတုံး မေးတော့မှ ရှင်ပျတဲ့နောက်က သဘောကျတဲ့တဏှာ လိုက်နေတယ်-(လိုက်ပါတယ်ဘုရား)။

တဏှာနောက်က စွဲလမ်းတဲ့ဥပါဒါန်က.... (လိုက်ပါတယ်) ပြီးတော့မှ အားထုတ်တဲ့ ကာယကံ,ဝစီကံက....(လိုက်ပါတယ်) ဒါ့ကြောင့် ဇာတိ,ဇရာ,မရဏ,သောက, ပရိဒေဝ လိုက်တယ်.... (မှန်ပါ့)မလိုက်ဘူးလား....(လိုက်ပါတယ်ဘုရား)။

သြော်....ဒါဖြင့် တကာတကာမတို့ ရှင်ပျတာသည် ငိုရတာ လမ်းဆုံးပဲ....(မှန်ပါ့ဘုရား)။

ရှင်ပျတာသည်....(ငိုရတာ လမ်းဆုံးပါ) တကာသစ် ဒီဟာ အရေးမကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

တကာတကာမတွေ ဒီကျအောင်က အကြောင်းအကျိုးက မဆက်တတ်တော့ ငိုရမှာပဲ....၊ သြော်.... ဖြစ်မှဖြစ်ရပလေ ကံ-မကောင်းအကြောင်းမသင့်လို့ ဆိုလိုက်တယ်.... (မှန်ပါ့)။

မဟုတ်ပါဘူးတဲ့ ဒီမှာ ရှင်ပျမှုကို အကြားအမြင်မရှိပဲနဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မဖြတ်တတ်တဲ့အတွက် ငိုရတာပါ.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ရှင်ပျတာဟာ အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ် ဘယ်လမ်းဆုံးသလဲ.... ( ငိုရတာ လမ်းဆုံးပါတယ်ဘုရား)။

ကဲ...ငိုရတော့ ကကာတကာမတွေက ဖြစ်မှဖြစ်ရလေခြင်း အစရှိသည်နဲ့ မျက်ရည်ကြီးငယ်ကျရင်ထုကာ တခါတည်းလှိမ့်ပြီး ငိုကြ၊အင်း....ဒီကိစ္စတွေဟာ မြို့ထဲရွာထဲမှာ တွေ့ကြ,ကြုံကြမတွေ့ဘူးဟဲ့အိမ် တကာကြွယ် တယ်ရှား....(မှန်ပါ့)။

အဲဒါ ဘယ့်နှယ်ကြောင့် ဒါတွေ တွေ့ရပါလိမ့်မဘုံးလို့ ခမေးတဲ့အခါကျတော့ ရှင်ပျုလို့ ငိုရဘာ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်လိုဆိုကြပါ့မလဲ....(ရှင်ပျုလို့ငိုရဘာပါဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီဒါ ရှင်ပျုလို့ငိုရဘယ်ဆိုတဲ့ဥစ္စာသည် တကာကြွယ်အကြောင်းအကျိုးမဝေးပါဘူး....(မှန်ပါ့ဘုရား)။

အကြောင်းအကျိုး ဝေးသေးသလား....(မဝေးပါ)ရှင်ပျုတဲ့နောက်က တကာတကာမတွေကတဲ့ အကြားအမြင်မရှိတော့ကိုခြေ.... ဒီရှင်ပျုတာသည်ကားလို့ ဆိုယင် ငိုရမည့်ဇာတ်ကိုရောက်ရမှာပါကလား....ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ခန္ဓာ့နိယာမကို တကာသစ်တို့က နားမလည်တော့ ဒီအတိုင်းနေလိုက်တာပဲ....(မှန်ပါ့ဘုရား)။

ဒီအတိုင်းနေလိုက်တော့ အင်း....ဝမ်းသာတဲ့ နောက်ကနေပြီး သကာလ ဝမ်းသာတာ သဘောကျကတဏှာ....(မှန်ပါ့)ဝမ်းသာတာ စွဲလမ်းတဲ့ဥပါဒါန်....(မှန်ပါ့) ဝမ်းသာမှုကိုပင်လျှင် ကာယကံ,ဝစီကံနဲ့ပြောကာဆိုကာလုပ်ကာ ကိုင်ကာကော မရှိဘူးလား(ရှိပါဘယ်)အဲဒါ ကမ္မဘဝပဲ...(မှန်ပါ့) စုတေမနေသေလွန်တော့ ဇာတိ,ဇရာ,မရဏ,သောက,ပရိဒေဝ, ဒုက္ခဒေါမနဿ ရ-မရ...(ရပါတယ်ဘုရား)။

အင်း....ဒီသောက ပရိဒေဝဆိုတဲ့ ငိုမှု၊ စိုးရိမ်မှုတွေ တကာ တကာမတွေ ရှင်ပျတာကို အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်မို့ ငိုရ တာပဲ....(မှန်ပါ့ဘုရား)။

အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ်မို့....(ငိုရတာပါ)ဩော်....ဒါဖြင့် တကာတကာမတွေ ဒါက အနာဂတ်ဘဝနဲ့ ဆက်ပြမယ်နော် (မှန်ပါ့)တကာကြွယ် ပစ္စုပ္ပန်ဘဝနဲ့ ဆက်ပြကြဦးစို့....(မှန်ပါ့ ဘုရား)။

ယခုဘဝတွင် တကာတကာမတို့ခင်ဗျားတို့ အင်း-ယောကျ်ား သည် မိန်းမရှိမှတင့်တယ်တယ်၊ မိန်းမကလဲ ယောကျ်ားရှိမှပဲ အထိန်းအအုပ်နဲ့ ကျွေးမည့်လူနဲ့ မွေးမည့်လူနဲ့ ရှိတယ်ဆိုပြီး အိမ်ထောင်ကျ ရှင်ပျကြတယ်နော်....(မှန်ပါ့ဘုရား)။

တော်တော်ကြာကျတော့ သားသေ၊ လင်ဆုံးဆိုတဲ့ ကိစ္စတွေ မကြုံရဘူးလား....(ကြုံရပါတယ်) မကြုံတဲ့ပုဂ္ဂိုလ် ရှားပါတယ်.... (ရှားပါတယ်)အဲဒီတော့ ဘာဖြစ်ရမလဲ....(ငိုရာယ်)အိမ်ထောင် ကျချင်တုန်းကတော့....(ရှင်ပျပါတယ်) အေး.... ရှင်ပျကြတယ် နော်....(မှန်ပါ့ဘုရား)။

အိမ်ထောင်ကျတုန်းကတော့ ရှင်ပျကြတယ်တကာတကာမတို့ နောက်ကျတော့ ငိုရတယ်.... ( မှန်ပါ့ ) သဘောပါပါလား.... (ပါ-ပါပြီဘုရား)။

ဩော်....ဒီဟာတွေဟာ ပစ္စုပ္ပန်မှာလဲ တကာကြွယ်ဒီအတိုင်း လာပါတယ်.... (လာပါတယ်) သံသရာမှာကော.... (ဒီအတိုင်း လာပါတယ်) ဖြုတ်လို့ရသေးရဲ့လား....(မရပါ)အကြားအမြင် ရှိယင်တော့ ပြောင်းလို့လွှဲလို့ရပါတယ်(ရပါတယ်ဘုရား)။

အကြားအမြင်ရှိယင်.... (ပြောင်းလို့ လွဲလို့ ရပါတယ်ဘုရား) ဒါဖြင့် တကာကြွယ်- အကြားအမြင်မရှိတာလောက် ကျုပ်တို့မှာဖြင့် နောက်ပိုင်း ဒုက္ခရောက်တာ ဘယ်ရွာတွေတော့မတုံး.... (မတွေ့ပါ)တကာသစ် ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

အကြားအမြင်မရှိတာ နောက်ပိုင်း ငိုရဘာ လမ်းဆုံးပါဘယ်....(မှန်ပါ့ဘုရား)။

အကြားအမြင်မရှိတာသည်.... (ငိုရတာ လမ်းဆုံးပါတယ်) ဘယ်အိမ်မှာသွားကြည့်ကြည့်....၊ တော်တော်ကလေး အရွယ်လေးဆယ်, ငါးဆယ်, ခြောက်ဆယ် ကျလို့ ရှိယင်ဖြင့်၊မသေသေးတဲ့အိမ် ရှိသေးရဲ့လား....(မရှိပါဘုရား)။

အင်း-ဒါဖြင့် နဂိုတုန်းကတော့ ဒီသား,ဒီသမီး,ဒီခင်ပွန်းမနဲ့ ချစ်တုန်းကတော့ဖြင့် တယောက်နဲ့ တယောက် ပေါင်းသင်းဆက်ဆံရေး ရှိကြတုန်းကတော့ဖြင့် ရွှင်ပျကြဘာအမှန်ပဲ .... (မှန်ပါ့ဘုရား)။

နောက်ကျတော့ နာနာဘာဝ ဝိနာဘာဝဆိုတဲ့ သေကွဲ-ရှင်ကွဲကရှိတယ်....(ရှိပါတယ်ဘုရား) မရှိဘူးလား (ရှိပါတယ်ဘုရား)။

အဲဒီကျလာတော့ ကဲ.... စဉ်းစားကြ ဘာဖြစ်ကြသတုံး .... (ငိုရပါဘယ်) နဂိုကတော့ဘာတဲ့.... (ရွှင်ပျပါဘယ်) နောက်တော့ ဘာဖြစ်သတုံး.... (ငိုရပါဘယ်) သြော်....ဒါဘယ်ပုဂ္ဂိုလ်တုံးလို့ အကဲခတ်ဦး.... ( အကြားအမြင် မရှိတဲ့ ပုဂ္ဂိုလ်ပါဘုရား)။

ဒါဖြင့် တကာကြွယ်ရေ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "သုတဝါ အရိယသာဝကော" ဆိုတဲ့ဥစ္စာ တယ်အရေးကြီးပါ ကလား....(ကြီးပါတယ်) အကြား အမြင်များဖို့ မင်းတို့ဂရုစိုက် ကြစမ်းပါကွာ.... (မှန်ပါ) အရိယာတို့၏စကားကို ကြားဖူး အောင် နားထောင်စမ်းပါကွာ.... (မှန်ပါ) ဘုရားကဟောတာ ဘုရားက အရိယာကိုးဗျ....(မှန်ပါဘုရား)။

အရိယာတို့၏စကားကို ကြားဖူးအောင်တော့ လုပ်ထားကြ စမ်းပါကွာဆိုတာ ရှင်ပျတဲ့ပုဂ္ဂိုလ် ငိုရမှာစိုးလို့ ပြောတာ .... (မှန်ပါဘုရား)။

ရှင်ပျတဲ့ပုဂ္ဂိုလ်.... (ငိုရမှာစိုးလို့ပြောတာ) အခုတော့ဖြင့် ဘကာကြွယ် မြို့ထဲလျှောက်လည်စမ်းပါဗျ၊ ဟိုအိမ်သွားပြန်လို့ ရှိယင်လဲ သူ့အပူကလေးနဲ့ သူ....(မှန်ပါ) နောက်လျှောက်လိုက် ပြန်ကော.... (သူ့အပူကလေးနဲ့ သူပါ) ရှေ့ဘက်လှည့်လိုက်ဦး ဘကာကြွယ်ရ....(သူ့အပူကလေးနဲ့ သူပါ) တကာကြွယ် ဒါနဲ့ ချည့် ညှော်ခံနေတာများတယ်....(မှန်ပါဘုရား)။

အဲဒါ သူတို့ဘယ်ကလာတယ်လို့ လက်သည် အခုထက်ထိ ရှာမတွေ့သေးဘူး....(မတွေ့ပါ) အခုဒီမှာ တရားနာတဲ့ တကာ တကာမတွေ့ကျတော့ တွေ့ပြီတကာသစ်ရေ.... (မှန်ပါ) အင်း.... ဘယ်ကလာတာပါလိမ့်....(ရှင်ပျတာကလာတာပါဘုရား)။

နဂိုက တည်ထောင်စက ရှင်ပျတယ်....(မှန်ပါ) သားသမီး ရစက ရှင်ပျတယ်....(မှန်ပါ)အခုတော့ ဒါဖြင့် ဘယ့်နှယ်နေကြ သတုံးလို့ဆိုတော့ တကာသစ် အိမ်တွေလည်တော့ ငိုရတာပဲ

တွေ့တယ်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ကြည့်စမ်းပါဦး ကျုပ်တို့ဖြစ်တဲ့ ဖြစ်စဉ်များ ပြောပါရစေဦး ထိုင်စမ်းပါဦး-ဘာများညော့ခံရမှာတုံးအောက်မေ့တယ်၊ ငိုရတာ ပြောနေတယ်.... (မှန်ပါ့ဘုရား) ရိပ်မိကြပလား.... (ရိပ်မိပါပြီ ဘုရား)။

ဘာပြောလေ့ ဆိုလေ့ရှိသတုံး.... (ငိုရတာ ပြောလေ ဆိုလေ့ရှိပါတယ်ဘုရား)။

သူ့စီးပွားရေးကလဲ အကြောင်းမညီညွတ်ဘူး၊ အိမ်မှာရှိတဲ့ လူတွေကလဲ ထော်လော်ကန့်လန့်ဖြစ်နေကြတယ်၊ တရပ်တကျေး သွားတဲ့ ပုဂ္ဂိုလ်ကလဲ အခု ဘယ်မှသတင်းမကြားဘူး.... (မှန်ပါ့) အမာလေး- ဦးလှဘူး ဒါနဲ့ပဲ ညော့ခံနေတယ်.... ( မှန်ပါ့ ဘုရား)။

ညော့ခံတော့ တကာကြွယ်တို့ကလဲ ဘယ့်နှယ်ပြောခဲ့ရသတုံး မတတ်နိုင်ဘူးဟေ့ .... (မှန်ပါ့) ဒါပဲ သူပြောတတ်တာပဲ.... (မှန်ပါ့) ကိုယ်မှ အကြားအမြင်မရှိတော့ မတတ်နိုင်ဘူးပြော လိုက်ရတာပဲ....(မှန်ပါ့ဘုရား)။

အဲဒါ့ကြောင့် ဘုရားက "သုတဝါ အရိယသာဝကော" (မှန်ပါ့)သုတဝါ=အကြားအမြင် ပညာနဲ့ ပြည့်စုံသော၊ အရိယ သာဝကော=အရိယာတို့၏ တပည့်သားတယောက်မင်းတို့လုပ်ကြ (မှန်ပါ့) ရှင်ပျတဲ့နောက်က ငိုရတဲ့အလုပ်ကို မလိုက်ရအောင် ကြားဘူးတဲ့ အရိယာသာဝက ဖြစ်အောင်လုပ်ပါ ဆိုတဲ့ဥစ္စာ တကာကြွယ်မှာတယ်....(မှာပါတယ်)ရှင်းကြပလား.... (ရှင်းပါပြီ ဘုရား)။

တကာတကာမတွေ ရှင်ပျယင် ဘာဖြစ်ရမယ်.... (ငိုရမှာပါ ဘုရား) မမေ့နဲ့နော်....(မှန်ပါ) ခင်ဗျားတို့က ရှင်မှုရှိလို့ရှိယင် ဖြင့် အင်း....မိုးမမြင်-လေမမြင် ဖြစ်ဘတ်တယ် (မှန်ပါ) ငိုချင် လို့ အဲဒါ....(မှန်ပါ)။

ငိုချင်လို့ပါ....တဲ့၊ အဲဒီတော့ အခု ဘုရားသခင်ကိုယ်တော် မြတ်ကြီး၏တပည့်သား-ဘုန်းကြီးများကရော ဘုရားအဆုံးအမကို ယူပြီး ဆုံးမတော့ အရိယာတို့၏ တပည့်သားဖြစ်ကြပါပြီ၊ အဆုံး အမခံတဲ့ပုဂ္ဂိုလ်ကျတော့....(မှန်လှပါ)။

အဲဒီတော့ ဒီ ပဋိစ္စသမုပ္ပါဒ်ဟာ ဒို- ငိုရအောင် ဆက်မည့် ပဋိစ္စသမုပ္ပါဒ်....(မှန်ပါ)တဏှာ့ဥပါဒါန့်ကံတွေဟာ ငိုရအောင် လုပ်မှာ.... (မှန်ပါဘုရား) မလုပ်ပေဘူးလား .... (လုပ်ပါတယ် ဘုရား)။

လုပ်တဲ့အခါကျတော့ တကာတကာမတွေက အကြားအမြင် မရှိတဲ့ ပုဂ္ဂိုလ်မို့ ငိုရတယ် (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

အဲဒီတော့ ဒီ တဏှာ့ဥပါဒါန့်ကံ့မလာအောင် ကျုပ်တို့က ဒီကြားထဲမှာ ရှင်တဲ့စိတ်ကလေးကို တကာကြွယ့်ရေ.... ဖြစ်ပျက် ရှုပါ.... (မှန်လှပါဘုရား) ရှင်တဲ့စိတ်ကလေး ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ရှင်တဲ့စိတ် ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဖြစ်ပျက် မဂ်.... (မှန်လှပါ) တကာသစ် ဘာတဲ့....(ဖြစ်ပျက်-မဂ်ပါဘုရား)။

ဟာ....ဒီမဂ်ဟာ ဘာဖြတ်လိုက်ပါလိမ့်တုံးလို့ မေးတဲ့အခါ ကျတော့မှ ငိုရမည့်တရားတွေ ဖြတ်ချလိုက်တယ်(မှန်ပါ) တဏှာ ဥပါဒါန် ကံတွေ ဘယ့်နှယ်တုံး....(ဖြတ်ချပါတယ်ဘုရား)။

ဒါဖြင့် အကြားအမြင်ရှိတဲ့ပုဂ္ဂိုလ်မှာတော့ ရှင်ပျလို့ မဂ်ရတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)အကြားအမြင်ရှိတဲ့ပုဂ္ဂိုလ်မှာ....(ရှင်ပျလို့ မဂ်ရပါတယ်ဘုရား)။

အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ်မှာ ရှင်ပျလို့ ငိုရတယ်.... (မှန်ပါ့ ငိုရပါတယ်ဘုရား) အံ့ခဲ့....တယ်ခြားနားပါကလား-(ခြားနားပါတယ်ဘုရား)။

တကာသစ်ရေ.... ဒီဥစ္စာ ဆဆက္ကသုတ်မှာ လာတယ်၊ ဉပရိပဏ္ဏာသပါဠိတော် ဆဆက္ကသုတ်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒါ.... ကြိုးစားခိုင်းပါကွာ ...တဲ့၊ မင်းတို့ တကာ့တကာမတွေ့ သနားလို့ရှိယင်ဖြင့် ရှင်ပျတဲ့ဥစ္စာကို ဇာတ်သိမ်းမှ ငိုရတဲ့ဥစ္စာဇာတ်သိမ်းမှာ....(ရှင်ပျတဲ့တရားကို ဝိပဿနာရှုပါမှ ငိုရတာဇာတ်သိမ်းမတဲ့....(မှန်ပါ့)။

ရှင်ပျတာကို ခင်ဗျားတို့က ဒီအတိုင်းထားလိုက်လို့ရှိယင်ဖြင့်ကိုင်း.... တရားတပွဲလုံးပဲ ဆုံးဖြတ်ချက်ချပါတော့ ဝိပဿနာမရှုယင် ငိုရတာတော့ လမ်းဆုံးမှာ မဟုတ်ပါဘူး.... ( မှန်ပါ့ဘုရား)။

ဘယ်လိုပါလိမ့်....( ဝိပဿနာမရှုယင် ငိုရတာ လမ်းဆုံးမှာမဟုတ်ပါဘုရား) ကြောက်စရာကောင်းလိုက်တာ ... (မှန်လှပါဘုရား)။

ခင်ဗျားတို့ကတော့ တဘက်တည်းမြင်တယ်.... ( မှန်လှပါ ) ဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့ စိုးရိမ်ရှာလွန်းလို့ ရှင်ပျယင် ငိုရလိမ့်မယ်ကွာ....ဆိုပြီး သောမနဿ ဝေဒနာဆိုတာ

ရှင်ပျတဲ့ဝေဒနာ၊ သုခဝေဒနာဆိုတာလဲ အတူတူပဲ.... (မှန်ပါ့ဘုရား)။

အဲဒါကို တကာကြွယ်တို့- တကာသစ်တို့-ဆရာဝန်ကြီးတို့က ဘာလုပ်ကြမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

တခါတည်း နောက်က ဉာဏ်သွင်းလိုက်တယ်.... ( မှန်ပါ့ ) အကြားအမြင်ရှိတဲ့ပုဂ္ဂိုလ်မို့ ဉာဏ်သွင်းလိုက်တယ်....( မှန်ပါ့ ) ဉာဏ်သွင်းလိုက်တော့ ရှင်ပျတာက အနိစ္စ....(မှန်ပါ့) ရှင်ပျတာရှုတာက.... ( မဂ္ဂပါဘုရား ) ဆိုတော့ တကာသစ် ငိုခြင်း၏ အကြောင်းတွေကော ငိုရမှာတွေကော ဇာတ်သိမ်း-မသိမ်း စဉ်းစားစမ်း....(ဇာတ်သိမ်းပါတယ်ဘုရား)။

တဏှာ,ဥပါဒါန်,ကံတွေက ငိုခြင်း၏ အကြောင်း....(မှန်ပါ့) ဇာတိ,ဇရာ,မရဏ, သောက, ပရိဒေဝတွေက ငိုရတဲ့ အကျိုး.... (မှန်ပါ့) အကြောင်းရော အကျိုးရော တကာသစ် ဘယ်နှယ်နေသတုံး....( ပြတ်ပါတယ်ဘုရား ) ဇာတ်သိမ်းတယ်....(မှန်ပါ့)။

တကာတကာမတွေ မြင်လိုက်ပလား....( မြင်ပါပြီဘုရား ) ရှင်ပျတာကို ဝိပဿနာရှုလိုက်တာနဲ့ ငိုခြင်း၏အကြောင်းရော ငိုမည့်ကိစ္စပါ ဇာတ်သိမ်းတယ်....( မှန်ပါ့ )သဘောကျပလား (ကျပါပြီ)။

တော်သေးတယ် တကာကြွယ်၊ ကျုပ်တို့ဒီအကြောင်း သိရလို့....(မှန်ပါ့)။

နို့မဟုတ်လို့ရှိယင် ဘုန်းကြီးတို့ တကာ တကာမတွေက ကိုယ့်မှာ ရွှေတွေ,ငွေတွေ, သားကလေး, သမီးကလေး, လိုဘာ

ကလေး ပြည့်စုံပြီ ဆိုမှဖြင့် ရှင်ပျံပြီးသကာလ နေတာဟာ ဒီအတိုင်းပဲ၊ ဝိပဿနာဉာဏ်မသွင်းတော့ဘူး.... (မှန်ပါ) မသွင်းတော့ နောက်ဆုံးပိတ်တနေ့ ဒီပစ္စည်းနဲ့ ရှင်ကွဲ့ ကွဲပြန်တော့ ငိုရတယ်....(မှန်ပါ) သေကွဲ-ကွဲပြန်တော့.... ( ငိုရပါတယ်ဘုရား ) တကာသစ် ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

အင်း.... ဒါက အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ်များ ဝိပဿနာ ရှုရမယ်လို့ အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ်များမှာဖြင့် ရှင်ပျံဘာ ငိုရဖို့ပဲ....(မှန်ပါ)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ.... ( ရှင်ပျံတာဟာ ငိုရဖို့ပါ ဘုရား)။

ကဲ....အကြားအမြင်ရှိကြပြီ၊ တကာတကာမတွေ အခု ဆရာ ဘုန်းကြီးက သင်ပြီ...၊ ဘုရားက သင်ပေးပါဆိုလို့ ဘုန်းကြီး များက တဆင့် သင်ပြီ တကာကြွယ်....(မှန်ပါဘုရား) ရှင်ပျံတဲ့ စိတ်ကလေးကို ကျုပ်တို့က ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

ဩော်....သူလဲ အနိစ္စပဲ၊ သင်္ခါရဓမ္မဆိုတော့ သင်္ခါရတရား ပါလား၊ အနိစ္စတရားပါလားဆိုပြီး တကာသစ် ရှုလိုက်ပြီဗျာ.... (မှန်ပါ) ငိုကြောင်းတွေကော ဘယ့်နှယ်နေသတုံး.... ( ပြတ်ပါ တယ်ဘုရား) ငိုမည့်ကိစ္စတွေကော....(ပြတ်ပါဘယ်ဘုရား)။

ဩော်....တကာသစ် ဘယ့်နှယ်ကြောင့် ခင်ဗျားတို့ ဒီဥစ္စာ တွေ မကောင်းတာတွေ ပယ်နိုင်ပါလိမ့်မတုံးမေးတော့ အကြား အမြင်ရှိလို့ပေါ့ဘုရား.... (မှန်လှပါဘုရား) ပေါ်ပြီ....(ပေါ်ပါ ပြီဘုရား)။

တကာတကာမတွေ ဘယ်လိုကြောင့်ပါလိမ့်.... (အကြား အမြင်ရှိလို့ပါဘုရား) အကြားအမြင်ရှိလို့....(မှန်ပါ) တကာ ကြွယ်ရေ....တယ်ကွာပါလား....(ကွာပါတယ်ဘုရား)။

ကဲ....တခါ ခပ်ကြမ်းကြမ်းကလေးနဲ့ပဲ တကာတကာမတွေ နားလည်မှု ပြောပါဦးမယ်ဆိုလို့ရှိယင်ဖြင့် ရှင်ပျံတာသည် အသေရဖို့ပဲ....(မှန်ပါ) ဒီဘက် ဇာတိ ဇရာ မရဏ လာသေး ဘကိုးဗျ....(မှန်ပါဘုရား) မလာပေဘူးလား.... (လာပါတယ် ဘုရား)။

ရှင်ပျံတာသည်....(အသေရဖို့ပါဘုရား) ဒါက ဘယ်ပုဂ္ဂိုလ် ပါလိမ့်ဗျာ....(အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ်ပါဘုရား)။

ကိုင်း....တကာတကာမတွေနဲ့ ရှေးက ပုဗ္ဗေစကတပုညတာ ဆိုတဲ့ ပြုခဲ့ဘူးတဲ့ ကောင်းမှုထူးတွေကရှိလို့ ယခု ဆရာသမား တွေနဲ့ကြုံ၊ သာသနာတော်နဲ့ကြုံ၊ ထောင်တတ်တဲ့နားနဲ့ကြုံ၊ ကြုံလို့ ရှင်ပျံတာကိုတကာသစ်တို့ကရှုလိုက်ပါပြီဗျာ့ဟုတ်လား (မှန်ပါ)အသေကိစ္စတွေ ဘယ်နှယ်တုံး.... (ဇာတ်သိမ်းပါတယ် ဘုရား)။

ဩော်....နို့မဟုတ်ယင်ဖြင့် ရှင်ပျံမှုသည် အသေရဦးမယ် ဗျာ.... (မှန်ပါ)မရပေဘူးလား....(ရမှာပါဘုရား)။

အခုတော့ဖြင့် ရှင်ပျံမှုကိုတခါတည်းဝိပဿနာရှုပြီးအကြား အမြင်ရှိတဲ့ပုဂ္ဂိုလ်မို့ ဝိပဿနာရှုလိုက်တာ တကာကြွယ့်ရေ.... ရှင်ပျံတာသည် အသေဇာတ်သိမ်းတယ်....(မှန်ပါ)။

(၃၅၈) မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား ။၂၀။

ဘယ်လိုပါလိမ့်....(ရှင်ပျံတာသည် အသေဇာတ် သိမ်းပါတယ်ဘုရား)။

တကာတကာမတွေ ဒီနေ့တရားမှာ ခင်ဗျားတို့ သိပ်အဖိုးတန်တယ်ဆိုတာ တကာကြွယ် ဆုံးဖြတ်ချက်ချစမ်းပါ....(မှန်ပါဘုရား) နို့မဟုတ်လို့ရှိယင် တကာတကာမတွေက ဘာအလိုရှိသတုံးလို့မေးလို့ရှိယင် တပည့်တော်တို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာဟာ တပည့်တော်တို့ အရေးအကြီးဆုံးပဲဘုရား့ (မှန်ပါ့) ဒါ လူတိုင်းတောင့်တပါတယ်....(မှန်ပါ့)။

စိတ်ချမ်းသာ ကိုယ်ချမ်းသာဟာ ဘယ်သူ မတောင့်တတဲ့ ပုဂ္ဂိုလ်ရှိသတုံး....(မရှိပါဘုရား) အဲ....သုခဝေဒနာ တောင့်တကြတယ်....(မှန်ပါ့)။

ခန္ဓာထဲမှာ ချမ်းသာမှုကိုအလိုရှိကြတယ်....(မှန်ပါ့)စိတ်ချမ်းသာ,လက်ချမ်းသာနဲ့ နေချင်လိုက်တာဘုရား, မေတ္တာပို့ပေးပါဘုရား့....(မှန်ပါ့) ဒီလိုမျိုးလျှောက်တာတွေ ဘုန်းကြီးတို့ထံမှာ ဖြင့် ပွေနေတာပဲ....(မှန်ပါ့)။

အဲဒီတော့ စိတ်ချမ်းသာ, လက်ချမ်းသာနဲ့ ရှေ့ကိုငိုရမည့်ဟာစကို ဇာတ်သိမ်းချင်ကြလို့ရှိယင် ရှင်ပျံတာကို တကာကြွယ် ဘာလုပ်ရမတုံး....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါမှသာလျှင်တကျော,ဥပါဒါန်,ကံချုပ်လို့ဇာတိ,ဇရာ,မရဏဆိုတဲ့ အသေရတာတွေ ငိုရတာတွေ တကာတကာမတွေ ဇာတ်မသိမ်းပေဘူးလား....(သိမ်းပါတယ်ဘုရား)ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒါသိကြားမင်းကို ဟောနေတာနော်....(မှန်ပါ့)သိကြားမင်းကို ဟောနေတာ တကာတကာမတွေ ရိပ်မိပလား....(ရိပ်မိပါပြီ) ဒါသောတာပန်တည်မည့်တရားပါ....(မှန်ပါ့)။

သောတာပန်တည်မည့်တရားပါ တကာတကာမတို့ သေသေချာချာမှတ်ပါ....(မှန်ပါ့) ရှင်ပျတဲ့ပုဂ္ဂိုလ်ဟာ အသိဉာဏ်မရှိယင် အသေနဲ့အငို ရပါတယ်....(မှန်ပါ့)။

အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်မှာဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ အသေဇာတ်သိမ်း အငိုငြိမ်းပါတယ်....(မှန်ပါ့)။

ဘာလုပ်လိုက်ပါလိမ့် တကာသစ်.... (အသေဇာတ်သိမ်း အငိုငြိမ်းပါတယ်) ဘယ်လိုလုပ်လိုက်လို့ပါလိမ့်.... (ဖြစ်ပျက်ရှုလိုက်လို့ပါ) ဩော်....ဝိပဿနာဉာဏ်ဝင်လိုက်တယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်ဉာဏ်ဝင်လိုက်ပါလိမ့်.... (ဝိပဿနာဉာဏ်ဝင်လိုက်ပါတယ်ဘုရား) တကာကြွယ် ဘယ်လောက်ကျေးဇူးများသတုံး.... (များပါတယ်ဘုရား)။

အင်မတန် ကျေးဇူးများတယ်ဆိုတာ တကာတကာမတို့ ခင်ဗျားတို့ အင်မတန် ဘုန်းရှိ ကံရှိတဲ့ ပုဂ္ဂိုလ်တွေမို့ ဆရာဝန်ကြီး ဒီအဓိပ္ပာယ် သိရတာနော်....(မှန်ပါ့) သေသေချာချာလာမှာ....(မှန်ပါ့) အကြားအမြင်မရှိယင် သေသေချာချာ အသေထည်နဲ့ အငိုဇာတ်ဟာ ခင်းရမယ်....(မှန်ပါ့)။

မခင်းချင်ပါဘူးဆိုလို့ ဘုန်းကြီးတို့ တကာတကာမတွေ ရ-မရ....(မရပါဘုရား)။

ကိုင်း.... အကြားအမြင်ရှိတော့ တခါတည်း ရှင်ပျံတာ ကလေးကို တကာကြွယ်တို့, တကာသစ်တို့ ဘာလုပ်ကြရမယ်.... (ဖြစ်ပျက်ရှုရပါမယ်)ဖြစ်ပျက်ရှုဆိုတာ ဝိပဿနာတင်လိုက်တာ ပဲ....(မှန်ပါ)။

ဝိပဿနာတင်လိုက်တော့ ခုနင်ကမြင်တဲ့အတိုင်းပဲတဲ့၊သူများ ပြောလဲ မဟုတ်ပါဘူး....(မှန်ပါ) ဒီက ရှင်ပျံတာ ဒီကဝိပဿနာ မင်ဆိုပြီး ဝမ်းထဲကဉာဏ်နဲ့နေပြီး ကိုယ့်ရှင်ပျံတဲ့စိတ်ကို ကိုယ့် ဉာဏ်နဲ့ပဲရှုလိုက်....(မှန်ပါ)။

ကိုယ့်ဉာဏ်နဲ့ရှုလိုက်တော့ ဟိုလိုက်နေကျ တဏှာ,ဥပါဒါန်, ကံချုပ်....(ချုပ်သွားပါတယ်) မရဏာဘို့, သောကတို့.... (ချုပ် သွားပါတယ်ဘုရား)။

ကဲ ...မရဏာဆိုတာ သေရတာ၊ သောကဆိုတာ စိုးရိမ်ရတာ၊ ပရိဒေဝဆိုတာ ငိုကြွေးရတာ....(မှန်ပါ)။

အဲဒါတွေဟာ အကြားအမြင်ရှိတဲ့ ပုဂ္ဂိုလ်မှာဖြင့် တကာ ကြွယ်ရေ-အသေဇာတ်သိမ်း အငိုငြိမ်းပါတယ်....(မှန်ပါ)တယ်လဲ ထူးခြားပါကလား....(ထူးခြားပါတယ်ဘုရား)။

တကာတကာမတို့ ကိုယ့်အကြောင်း ကိုယ်သိကြပြီမဟုတ် လား.... (သိကြပါပြီ)ကြားရခဲတယ်လို့ပြောတာ ဘုန်းကြီးက ချီးမြှောက်ပြောတာလား၊ တကာတကာမတို့အခု သေသေချာ ချာ မျက်မြင်အားဖြင့် မှန်နေသလားဆိုတာလဲ အကဲခတ်ပါဦး- (မျက်မြင်အားဖြင့် မှန်နေပါတယ်ဘုရား)။

ဒါ့ကြောင့် ဒီအလုပ်ဟာ မကြိုးစားယင် မဖြစ်ဘူး.... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ ....(မကြိုးစားယင် မဖြစ်ပါဘုရား)။

ဒါဖြင့် သုခဝေဒနာ ကိုယ်ပေါ်မှာပေါ်လဲ ဖြစ်ပျက်ရှုပါ.... (မှန်ပါ့) ဝမ်းထဲပေါ်ယင်လဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒီလိုဆိုလို့ရှိယင် တကာတကာမတို့ ဖြစ်ပျက်နဲ့ မဂ်နဲ့ စပ်မိသွားသည်နဲ့ တပြိုင်နက်တည်း ငိုကြောင်းတွေရော့ သေရငိုရတွေရော ဇာတ်သိမ်းပါတယ်.... (မှန်ပါ့) မသိမ်းပါနဲ့ဆိုလို့ ရသေးရဲ့လား....(မရပါဘုရား)။

ဩော်....ဒါဖြင့် ဒို့က ငိုကြွေးပြီး စိတ်ဒုက္ခ ကိုယ်ဒုက္ခရောက်ရမှာများ တပည့်တော်တို့ အစိုးရိမ်ဆုံးဘုရား....လို့ တကာတကာမတွေ လူတိုင်းလျှောက်ကြမှာပဲ.... (လျှောက်ပါတယ်ဘုရား)။

ကိုယ်၏ ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်းဖြင့် တပည့်တော်တို့ဖြင့် ဘယ်တော့မှမကြုံချင်ဘူး....(မှန်ပါ့)။

တကာတကာမတွေ ဘယ်တော့များ ကြုံချင်ကြသလဲ··(မကြုံချင်ပါဘုရား) မကြုံချင်ပေမယ့်လဲ ခင်ဗျားတို့ ရှင်ပျတဲ့နောက်က နေပြီးသကာလ ခင်ရတဲ့တဏှာလိုက်မယ်၊ စွဲလမ်းတဲ့ ဥပါဒါန်လိုက်မယ်၊ ကာယကံ,ဝစီကံတွေနဲ့ ခင်ဗျားတို့က ပြောလိုက်-ဆိုလိုက်နေကြမယ်ဆိုလို့ရှိယင် ငိုရဦးမှာပဲ.... (ငိုရဦးမှာပါ)ကိုယ်၏ဆင်းရဲခြင်းကော... (ဖြစ်ရမှာပါ)စိတ်၏ဆင်းရဲခြင်းကော (ဖြစ်ရမှာပါဘုရား)။

အဲဒါ အကြားအမြင် မရှိပြီဆိုမှဖြင့် တကာသစ်ရေ အပါယ် ရောက်သွားမယ်....(မှန်ပါ့)။

ကိုင်း.... ဒါ-အကြားအမြင်ရှိတဲ့ ပုဂ္ဂိုလ်ကျတော့ အပါယ် ရောက်ကြောင်းလဲသိမ်း .. (မှန်ပါ့) အပါယ်ထည်တွေလဲပျောက် (မှန်ပါ့) သဘောပါပါလား.... (ပါပါပြီဘုရား)။

ဒါဖြင့် အပါယ်ရောက်ကြောင်း သိမ်းမှသာလျှင် အပါယ် ရောက်မည့် ခန္ဓာထည်တွေ ပျောက်မယ်ဆိုတာ တကာကြွယ် ကောင်းကောင်း ရိပ်မိပါပြီ.... (ရိပ်မိပါပြီ) အင်း.... ရှင်ပျတဲ့ နောက်က မဂ်လိုက်ပါ....(မှန်ပါ့)။

သယ်လိုဆိုကြမလဲ.... (ရှင်ပျတဲ့နောက်က မဂ်လိုက်ရပါမယ် ဘုရား)။

ဒါဖြင့် သောမနဿဝေဒနာပေါ်လဲ ဘာလုပ်ရမယ်.... (ဖြစ် ပျက်ရှုရပါမယ်) ကိုယ်ပေါ်မှာ သုခကလေးပေါ်ယင် .... (ဖြစ် ပျက်ရှုရပါမယ်ဘုရား)။

ကျုပ် တနေ့က နေကောင်းလိုက်တာဆိုတာ ကိုယ်ပေါ်မှာ သုခပေါ်တာ.... (မှန်ပါ့)အခုတော့ဖြင့် စိတ်ကိုပျက်လို့ - (မှန်ပါ့ ဘုရား)။

အင်း.... လာပြီ တကာဘကာမတို့.... (မှန်ပါ့) သုခကလေး ပျောက်သွားလို့ သူ-ဘာဖြစ်နေသတုံး....(ဒုက္ခဖြစ်နေပါတယ်) စိတ်ပျက်နေတယ်ဆိုတော့ သောကပရိဒေဝဖြစ်ပြီ.... ( မှန်ပါ့ ဘုရား)။

အင်း....ဒီ့ထက်များ ဝေဒနာကြီးလာဦးမှာလား မပြောတတ်ဘူး၊ ဒါနဲ့သေမှာပဲလား မပြောတတ်ဘူး....(မှန်ပါ့)။

အင်း.... သုခ သာယာလိုက်တဲ့အတွက် တကာတကာမတို့ နောက်ကနေပြီးသကာလ လိုက်လာလိုက်တဲ့တရားတွေက ဆိုးရွားတာချည့်ပဲဆိုတာ ဘာမှငြင်းနေဖို့ မလိုဘူး.... (မလိုပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သုခလာယင်ဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမယ်) နှသာမနဿလာယင်.... ( ဖြစ်ပျက်ရှုရမှာပါ) ဖြစ်ပျက်ရှုလိုက်တော့ အကျိုးယုတ်သလား....အကျိုးရှိသလား.... (အကျိုးရှိပါတယ် ဘုရား)။

ဩော်....နဂိုကတော့ ကျုပ်တို့ ဇာတ်မသိမ်းတတ်ဘူးနော်- (မှန်ပါ့) အခုတော့ဖြင့် တကာသစ်ရေ ဇာတ်သိမ်းတတ်ပလား- ( ဇာတ်သိမ်းတတ်ပါပြီ ) အသေဇာတ်လဲ သိမ်းတတ်ပါပြီ.... အငိုဇာတ်ကော...(သိမ်းတတ်ပါပြီ) အင်း....ဘယ်လိုသိမ်းကြပါ လိမ့်ဗျာ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

သုခ ပေါ်တိုင်း-ပေါ်တိုင်း.... ( ဖြစ်ပျက်ရှုရပါမယ်ဘုရား ) တကာကြွယ် သိပ်အဖိုးတန်ပါကလား.... (တန်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဒီဘက်က တဏှာကော သေသွားပြီ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) မာနကော.... (သေသွားပါပြီ) ဒိဋ္ဌိကော (သေသွားပါပြီ) ဩော်....ပပဉ္စတရားချုပ်သိမ်းတာ ဝေဒနာရှုလို့ပေါ့....(မှန်ပါ့ဘုရား)။

ပပဥ္စဘုရားချုပ်ငြိမ်းရုပ်သိမ်းတာ....(ဝေဒနာရှုလို့ ပါဘုရား) ဘယ်ကြွယ် ပေါ်ပလားဗျ ...(ပေါ်ပါပြီဘုရား)။

သိကြားမင်းက အရှင်ဘုရား....တဲ့၊ ပပဥ္စဘုရား ဘယ်ကလာ သတုံးဆိုတော့ ဝေဒနာကလာတာကွတဲ့- ဘုရားက....( မှန်ပါ့ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အခု ကျုပ်တို့ဝေဒနာရှုလိုက်တော့ ပပဥ္စတွေ ဘယ့်နှယ်နေ သလဲ.... (သေသွားပါတယ်) ဒီဘက်က တဏှာ, ဥပါဒါန်တွေ ဘယ့်နှယ်နေကြသလဲ.... (သေသွားပါတယ်) တကာသစ် အဖိုး တန်တယ်....(မှန်ပါ့) အဖိုးတန်ပါတယ် တကာတကာမတို့.... (မှန်ပါ့)ဦးလှဘူး နေရာကျပြီ ...(မှန်ပါ့)။

ကိုင်း ...တကာတကာမတို့ ဘုရားက နိဂုံးချုပ်ကလေးစကား တလုံးပြောလိုက်ပြန်တယ်....( မှန်ပါ့ ) ငါကွာတဲ့ ဘုရားဖြစ်တဲ့ နေ့ကစပြီး အင်မတန်မှကြီးကျယ်တဲ့ မင်းတို့မမြင်နိုင်တဲ့ သဗ္ဗညုတ ဉာဏ်တော်နဲ့ ငါကြည့်လိုက်တယ်တဲ့၊ သုခဝေဒနာ ဖြစ်ပျက်မရှု ပဲနဲ့ အသေသိမ်းတယ်၊ အငိုသိမ်းတယ်ဆိုတာ ငါမမြင်ဖူးဘူး ကွတဲ့....(မှန်ပါ့ဘုရား)။

ကိုယ်တော်မြတ်ကြီး ပြောပုံလဲနားထောင်ပါ တကာဘကာမ တို့....(မှန်ပါ့) သုခဝေဒနာ ဖြစ်ပျက်မရှုပဲနဲ့ အသေသိမ်းတယ်၊ အငိုသိမ်းတယ်ဆိုတာ ငါမမြင်ဖူးဘူးတဲ့.... (မှန်ပါ့) သူ့ကိုရှုမှ အသေသိမ်းတယ်၊ အငိုသိမ်းတယ်ဆိုတာ မှန်တယ်ဟေ့ တဲ့ ... (မှန်ပါ့)ဆိုတော့ ဒါနိဂုံးချုပ်လိုက်တဲ့အထဲမှာဖြင့် တကာကြွယ် ဘယ်ကောင်းပါလား....(ကောင်းပါတယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတွေ ချွေထွင်ပြီး ဘုန်းကြီးကသတိပေးပြန်တယ်၊ တကာတကာမတို့ ဒီဘဝက စုတေမနေသေလွန်ရလို့ ရှိယင်ဖြင့် နတ်ပြည်များမကြိုက်ဘူးလားဆိုလို့ ရှိယင်ကြိုက်တယ်ပြောကြမှာပဲ....(ပြောကြမှာပါ) နတ်ကြိုက်တာလား–နတ်ချမ်းသာကြိုက်တာလား မေးယင်တော့ ဘယ့်နှယ်ဖြေကြမလဲ–(နတ်ချမ်းသာကြိုက်တာပါဘုရား)။

ဟာ....ဒါဖြင့် သုခဝေဒနာကြိုက်ပြီ၊ နတ်ပြည်သွားပြီး ငိုဦးတော့မယ်....(မှန်ပါ့) နတ်ပြည်သွားပြီး သေဦးတော့မယ် ....(မှန်ပါ့) မသေရပေဘူးလား.... (သေရမှာပါ) မငိုရပေဘူးလား–(ငိုရမှာပါ)ဒါ ချမ်းသာကြိုက်လို့.... ( မှန်ပါ့ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်မျိုး နတ်ပြည်ဆုတောင်း ပြဟ္မာ့ပြည်ဆုတောင်းတာပဲ....(မှန်ပါ့ဘုရား)။

ဉာဏ်နားနဲ့ထောင်– ဉာဏ်နားနဲ့ထောင် တကာတကာမတို့ တရားကတော့ဖြင့် မှန်လိုက်တာ လွန်နေပြီ....(မှန်ပါ့)ဉာဏ်နားနဲ့ ထောင်ကြည့်တော့မှ သြော် .... ဒို့ နတ်ပြည်တောင်းတာဟာ ချမ်းသာလိုချင်လို့ကိုး....(မှန်ပါ့ဘုရား)။

ချမ်းသာဆိုတာ သုခဝေဒနာ....(မှန်ပါ့) အဲဒီသွားပြီး သုခဝေဒနာကြိုက်တဲ့ တကာတကာမတွေ ဒါကသုခဝေဒနာ၊ ဒါကကြိုက်တဲ့တဏှာ....(မှန်ပါ့) ဒီ တဏှာ,ဥပါဒါန်, ကံတွေကြောင့် ဒီနတ်ဇာတိ,ဇရာမရဏ ရ,မရ....(ရပါတယ်) နတ်တို့၏ သောကပရိဒေဝ ရ,မရ....(ရပါတယ်ဘုရား)။

ဩြော်-ဒါဖြင့် တကာတကာမတို့ နတ်ချမ်းသာဆုတောင်းတဲ့ ပုဂ္ဂိုလ်များဟာဖြင့် သေချင်သေးလို့ ငိုချင်သေးလို့ ပျိုးပြန်တာပဲ....(မှန်ပါ့ဘုရား)။

ဉာဏ်နားနဲ့ထောင်ပါ....(မှန်ပါ့) ဉာဏ်နားနဲ့ ထောင်တော့ မပေါ်သေးဘူးလား....(ပေါ်ပါပြီ) တကာကြွယ် နတ်ချမ်းသာ များ ဖြစ်ချင်သေးသလား.... (မဖြစ်ချင်ပါ) ဘာကြောက်သွားသတုံး....(ငိုရမှာ, သေရမှာ ကြောက်ပါတယ်)ငိုရမှာနဲ့ သေရမှာက ပါလာတယ်....(မှန်ပါ့) မပါပေဘူးလား....(ပါ-ပါတယ်ဘုရား)။

အင်း....နတ်ခန္ဓာကြီး ရတော့ တကာတကာမတွေ ဘော်တော်ကြာတော့ နတ်တို့၏ သေကွဲ,ရှင်ကွဲကိစ္စ....(မှန်ပါ့) မလာပေဘူးလား....(လာပါတယ်) သေကွဲဆိုတော့ အသေရတာပဲ....(မှန်ပါ့) ရှင်ကွဲဆိုတော့ အငိုရတယ်....(မှန်ပါ့) ဒီနှစ်ခု လွတ်ပါ့မလား....(မလွတ်ပါဘုရား)။

ဒါဖြင့် တကာကြွယ် အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်များမှာ သုခဝေဒနာတောင့်တ၊ နတ်ချမ်းသာတောင့်ဘာဘယ် ဆိုတဲ့ဥစ္စာ ငိုချင်လို့ သေချင်လို့ပါပဲ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်လိုပါလိမ့်....(ငိုချင်လို့ သေချင်လို့ပါ)ဘုရားလဲသွားပြီး ဆုတောင်းတယ်....(မှန်ပါ့) လှူဒါန်းပေးကမ်းပြီး သကာလလဲ ဘာတုံး....(ဆုတောင်းပါတယ်) ဩော်-ပစ္စည်းလဲကုန်အသေလဲရ

အငိုလဲရ....(မှန်ပါ့) ကြောက်စရာကောင်းလိုက်ဘာ.... (ကောင်းပါတယ်ဘုရား)။

အကြားမြင်မရှိတော့ တကာကြွယ် ပစ္စည်းကလဲ လှူတာတန်းတာကုန်သေးတယ်....(ကုန်ပါတယ်)ရတော့ ဘာတွေရသလဲ (အငိုတွေ အသေတွေ ရပါတယ်ဘုရား)။

အငိုနဲ့ အသေတွေရတယ်ဆိုတော့ ဆရာဝန်ကြီးတို့စဉ်းစားကြည့်တာပေါ့၊ အကြားအမြင်မရှိတဲ့ လူများ၏အလုပ်ဟာဖြင့် အသေဆုတောင်း, အငိုဆုတောင်းယူဘာပဲ.... (မှန်ပါ့ဘုရား)။

တကာကြွယ် ဖြောင်းပြန် ဖြစ်နေသလားလို့ မေးတော့ တရားက မှန်ပါရဲ့၊ခင်ဗျားတို့နားက ဖြောင်းပြန်ဖြစ်နေတာ.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဗြဟ္မာ့ပြည် ဆုတောင်း၊ စကြဝတေးမင်းဆုတောင်း ဒီသား,ဒီသမီး,ဒီမြေး,ဒီမြစ်နဲ့ ပြန်တွေ့ဖို့ရာဆုတောင်းတဲ့ ပုဂ္ဂိုလ်ဟာလဲ ဘာတွေရမယ် ထင်ကြသတုံး....(အငိုနဲ့အသေရမှာပါဘုရား)။

ဟာ....တကာကြွယ် သုခဝေဒနာဆုတောင်းယင် ဒါချည့်ရမှာပဲ (မှန်ပါ့) သူတို့နဲ့နေရမှ ချမ်းသာမှာကိုး....( မှန်ပါ့ ) အဲဒီချမ်းသာဆုတောင်းလိုက်တဲ့ ပုဂ္ဂိုလ်ဟာတဲ့ ဆင်းရဲပဲရရှာတယ်....(မှန်ပါ့ဘုရား)။

ချမ်းသာဆုတောင်းတာ....(ဆင်းရဲပဲရပါတယ်) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် ဦးလှဘူးတို့ ဒီအရွယ်ကြီးကျမှ၊ ဦးလှဘူးတို့ ဒီအရွယ်ကြီးကျမှ တော်-တော်သေးရဲ့ ပြင်ချိန်ကလေးရလိုက်သေးလို့ တကာသစ်ရ၊ တော်သေးတယ်နော်....(မှန်ပါ့ဘုရား)။

ပြင်လို့မရပဲနဲ့ သူ့ဟာသူဟုတ်ပြီး သေသွားတဲ့ပုဂ္ဂိုလ်တွေဖြင့် တကာကြွယ်ရေ ကိုယ်ကျိုးနည်းကုန်ကြပြီ .... (နည်းပါပြီ) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်)။

သူ့ဟာသူတော့ ဟုတ်နေတာပဲ....(ဟုတ်ပါတယ်) သူ့ဟာသူသာဟုတ်၊ အကြားအမြင်မရှိလို့ ဟုတ်ရရှာတာ....( မှန်ပါ့ ) အကြားအမြင်မရှိတော့ကြည့်စမ်း-နတ်ဆိုတဲ့ချမ်းသာကြီးလိုချင် ဗြဟ္မာဆိုတဲ့ ချမ်းသာကြီးလိုချင်၊ သားနဲ့သမီးနဲ့ပြန်တွေ့ချင်ပြီး ချမ်းသာလိုချင်တယ်(မှန်ပါ့)အဲဒီချမ်းသာဆိုတာ ဝေဒနာက္ခန္ဓာ (မှန်ပါ့) အဲဒီဝေနာက္ခန္ဓာ တောင့်တတဲ့ ပုဂ္ဂိုလ်ဟာအသေနဲ့ အငိုရမှာပဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား) ဘာရမှာပါလိမ့်....(အသေနဲ့ အငိုရမှာပါဘုရား)။

အသေနဲ့အငိုနဲ့ ရတယ်ဆိုတဲ့ဥစ္စာကဖြင့် ဘုန်းကြီးက စကားတတ်လို့ တကာတကာမတွေ စိတ်ဓာတ်ဆွဲနိုင်လို့ မဟုတ်ပါဘူးတဲ့....(မှန်ပါ့) သူ့ဖြစ်စဉ်ကိုက တန်းနေတာ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

သူ့ဖြစ်စဉ်ကိုက တန်းတော့ ဒီဥစ္စာ ဘုန်းကြီးက လွှဲဟောလဲဟာ....မင်းသည်ကား ပြုံးသာပြုံးပါကွာ၊ ဆုသာတောင်းပါကွာ၊ကောင်းစားပါလိမ့်မယ်လို့ ဘုန်းကြီးကလဲ မဟောနိုင်ဘူး.... (မှန်ပါ့) ဒီတန်းနေတဲ့သဘောက တကာသစ် ငြင်းလို့ရသေးရဲ့လား....(မရပါ) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ကိုင်း....ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး နိဂုံးချုပ်တဲ့ တလုံး မှတ်လိုက်ပါဦး တကာကြွယ်....(မှန်ပါ)။

သုခဝေဒနာဖြစ်ပျက်မရှုပဲနဲ့ အသေဇာတ် အငိုဇာတ်ရပ်လိမ့်မယ်လို့ ငါ-ဘယ်တော့မှ မဟောဘူးတဲ့(မှန်ပါ) မကုန်သေးဘူးလားစကား....(ကုန်ပါတယ်ဘုရား)။

တကာကြွယ် ကုန်ပြီ...(မှန်ပါ) သုခဝေဒနာမရှုပဲနဲ့ အသေရပ်-ဟုတ်လား ...(မှန်ပါ) အငိုရပ်လိမ့်မယ်လို့ ငါဘယ်တော့မှ မဟောဘူးတဲ့ (မှန်ပါ)။

ကဲ.... သူ့အမြင် ဘယ်လောက်ကျယ်သတုံး.... ( ကျယ်ပါဘယ်) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

တရားမများသေးပါဘူး....တကာကြွယ်၊ တလုံးတည်းဟောတုန်းရှိသေးတယ်....(မှန်ပါဘုရား)၊

ကိုင်း....ဒါဖြင့် တကာသစ်က ဆုံးဖြတ်ချက်ချ၊ သုခဝေဒနာဆုတောင်းယူတဲ့ ပုဂ္ဂိုလ် လူသုခ,နတ်သုခတွေပေါ့ဗျာ.... (မှန်ပါဘုရား)။

**ဆုတောင်းယူတဲ့ပုဂ္ဂိုလ်များ အကြားအမြင် ရှိ,မရှိ အကဲခတ်စမ်း**....(အကြားအမြင်မရှိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ နောက်တောင်းတာမြင်လို့ရှိယင် ကိုယ်တိုင်တောင်းလဲ မင်းဟာ မျက်စိကန်းတစ္ဆေမကြောက် မင်းလုပ်နေတာလားလို့ ကိုယ့်ဟာကိုယ်မေး....(မှန်ပါ)။

သူများတောင်းတာမြင်လို့ရှိယင် ဩော်.... မသိရှာလို့ကိုးဆိုပြီး မကဲ့ရဲ့နဲ့တော့ လှည့်သာပြန်ခဲ့.... (မှန်ပါ) အတော်ဆိုးတယ်....(ဆိုးပါတယ်ဘုရား)။

တကာကြွယ် ခင်ဗျားတို့ ဘုရားဖူးသွားတိုင်း- သွားတိုင်း အို-တောင်းနေလိုက်တာ သုခတွေချည့် တောင်းနေတာပဲ.... (မှန်ပါ)။

ဘာတွေများ တောင်းနေကြသလဲ....(သုခတွေချည့်တောင်း နေပါတယ်ဘုရား)။

အင်း....တကာသစ်တို့က စိတ်ထဲက ဆုံးဖြတ်ချက်ချစမ်း....၊ တကာကြွယ်တို့က ဆုံးဖြတ်ချက်ချစမ်း၊ ဘုန်းကြီးတို့ တရားတပွဲ လုံးက တကာတကာမတွေက ဆုံးဖြတ်ချက်ချစမ်း- သူ နတ်ပြည် တောင်း,ဗြဟ္မာ့ပြည်တောင်း သူ့ သားသမီးတွေနဲ့ ပြန်ပြီးပေါင်း ဖို့ရာတောင်း၊ အင်း....ဘာတွေများ ရရှာမှာပါလိမ့်မတုံး.... (အိုဘေး,နာဘေး,သေဘေးရမှာပါဘုရား)။

ကဲ....သနားစရာ မကောင်းဘူးလား....(မှန်ပါ) သနားစရာ သိပ်ကောင်းတယ်....(ကောင်းပါတယ်ဘုရား)။

တကာတကာမတို့ ဘယ်လိုတဲ့.... (သနားစရာ သိပ်ကောင်း ပါတယ်ဘုရား) ဉာဏ်နဲ့ သေသေချာချာကြည့်မှနော်.... (မှန်ပါ ဘုရား)။

ဒါ့ကြောင့် ဒီဉာဏ်တရားကို ခင်ဗျားတို့ မနာရလို့ ရှိယင်ဖြင့် တကာကြွယ်ရေ- ဒီဘဝ လူဖြစ်ကျိုး မနပ်သေးပါဘူး (မှန်ပါ) နပ်ပါ့မလား....(မနပ်ပါဘုရား) အတော်ကိုရှုံးတယ် ....(ရှုံးပါ တယ်ဘုရား)။

ရှုံးလိုက်တာမှ တကာတကာမတို့ တသံသရာလုံး ဆည်မရ အောင်ရှုံးတယ်....(မှန်ပါ)။

ဘယ်လိုရှုံးပါလိမ့်....(ဆည်မရအောင် ရှုံးပါတယ်)ဦးလှဘူး ခေတ်သေးဘယ်နေ့....(မှန်ပါ)တော်သေးတယ် အသေခံစောတဲ့ တကာတကာမတွေမို့ တွေ့ကြ,ကြုံကြသေးတယ် .... (မှန်ပါ ဘုရား)။

အသေသာစောသွားတဲ့ ပုဂ္ဂိုလ်တွေဖြင့် ကိုယ်ကျိုး အကြီး အကျယ် နည်းကုန်ကြပြီလို့ ခင်ဗျားတို့ ဆုံးဖြတ်ချက်ချယင် မလွဲပါဘူး....(မလွဲပါဘုရား) လွဲပါ့မလား....(မလွဲပါဘုရား)။

ဒီ့ပြင်လူမကြည့်နဲ့ ကိုယ့်အမေ, ကိုယ့်အဖေတွေ ပြန်မျှော် လိုက် သူများတစ်မိန်းကြည့်ရဘာ ဝေးလှတယ်....(မှန်ပါ)။

ကိုယ့်အမေ, ကိုယ့်အဖေဘို ခြော်....ဒီလိုချား သိသွားရှာ သလား၊ ဒီအလုပ်ပဲလုပ်သွားလေသလားဆိုဘာ ခင်ဗျားဘို့ ဆုံး ဖြတ်ချက်ချယူ(မှန်ပါ)။

ဒီလိုပဲ ဝေဒနာ ဖြစ်ပျက်ရှုသွားလေသလား....၊ ရိုးရိုးပဲ ဒီအတိုင်းပဲ သေသွားလေသလား၊ နောက်ဘဝ ချမ်းသာရေးကို အလိုရှိပြီး သေသွားလေသလားလို့ မေးလို့ရှိယင် သူတို့ဟာ သူတို့ သူတို့ပြောသံတွေ နားထောင်ပြီး ဆုံးဖြတ်ချက်ချလိုက် ယင်ပဲ တည့်နေပြီ.... (တည့်နေပါပြီ) မတည့်သေးဘူးလား.... (တည့်ပါပြီဘုရား)။

တည့်တော့ တကာတကာမတွေက ခြော်....နစ်နာသွားရှာ တယ်....(မှန်ပါဘုရား) သူကိုယ်တိုင် သိလာတယ်....(သိပါတယ် ဘုရား)။

ဘယ့်နှယ်ကြောင့် သူတို့နစ်နာသွားပြီလို့ ခင်ဗျားတို့ကပြော နိုင်ရသဘုံး စကားကြီး စကားကျယ်နဲ့လို့ သူများက ပြောချင်

ပြောလိမ့်မယ်....၊ ခင်ဗျားတို့က သုတဝါအရိယသာဝကော သွားဖြစ်တယ်....(မှန်ပါ့)။

ဘယ်လိုဖြစ်သွားသတုံး.... (သုတဝါအရိယသာဝကောဖြစ် သွားပါတယ်) အရိယာတို့၏တပည့်သား အကြားအမြင်များတဲ့ ပုဂ္ဂိုလ်ဖြစ်သွားတယ်....(မှန်ပါ့)ဒါ့ကြောင့် ခင်ဗျားတို့က ဖြတ် တတ်တယ်....(မှန်ပါ့)။

သူ့ခများများ မဖြတ်ပဲနဲ့ တန်းလန်းကြီး ဟိုဘဝကျအောင် ပဲ ငိုပွဲသေပွဲခင်းနေပြီ... (မှန်ပါ့)မခင်းသေးဘူးလား.... (ခင်း ပါတယ်ဘုရား)။

တကာဦးလှဘူးရေ-အကြားအမြင်များမှုဟာ သုတဝါအရိ ယသာဝကော ဆိုတဲ့ စကားတလုံးဟာ တကာသိ ဘယ် လောက်အဖိုးတန်တယ်ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီ)ရှင်း ပြီနော်....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒုက္ခဝေဒနာကလေး လှည့်ကြဦးစို့ တကာ တကာမတို့နော်....(မှန်ပါ့) ဒုက္ခဝေဒနာကလေး ရောက်ကြတယ် တကာတကာမတွေက ကိုယ်ပေါ်မှာ အနာပေါက်ကြတယ်....၊ အင်း....သားတွေက ထော်လော်ကန့်လန့်ဖြစ်လို့ သားတွေက တရပ်တကျေး မပြောမဆိုပဲနဲ့ ထွက်သွားလို့ ငွေကုန်လူပန်းနဲ့ ရှာရ ဖွေရဆိုတဲ့ စိတ်ဒုက္ခတွေလဲ ရှိကြတယ်.... (ရှိပါတယ် ဘုရား)။

အဲဒီ့ စိတ်ဒုက္ခတွေကိုတဲ့ အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်ကျ တော့ ဒီဒုက္ခနောက်ကနေပြီး ဒေါမနဿလိုက်တယ်.... (မှန်ပါ့) ဒေါမနဿနောက်ကနေပြီး သောကလိုက်တယ်....(မှန်ပါ့)။

သောကနောက်ကနေပြီး- မျက်ရည် သုတ်ကာ-သုတ်ကာနဲ့ ပရိဒေဝလိုက်တယ်....(မှန်ပါ့) နောက်ကျတော့ ပြင်းစွာပင်ပန်း ခြင်းဆိုတဲ့ အိပ်မပျော်တာ လာတယ်....(မှန်ပါ့) မလာပေဘူး လား....(လာပါတယ်ဘုရား)။

တခါတည်း ဒါတွေလိုက်တဲ့အခါကျတော့ ဒီဉစ္စာဟာတဲ့ သိတဲ့ပုဂ္ဂိုလ်ဖြစ်တာလား၊ မသိတဲ့ပုဂ္ဂိုလ်ဖြစ်တာလား.... (မသိ တဲ့ ပုဂ္ဂိုလ်ဖြစ်တာပါဘုရား)။

ဒါဖြင့် ဒီလိုတွေးလိုက်ပါဦးတဲ့ သူ့မှာ ဒုက္ခဝေဒနာ နောက် က ဒေါသ, သောက, ပရိဒေဝ, ဥပါယာသလိုက်တာ မသိလို့ ဒီထဲလဲလူက အဝိဇ္ဇာပါတယ်....(မှန်ပါ့)။

ဒီအထဲမှာ.... (အဝိဇ္ဇာ ပါပါတယ်) အဝိဇ္ဇာတွဲလျက်ပါပဲ.... (မှန်ပါ့) ဒုက္ခထဲလဲ....(အဝိဇ္ဇာတွဲလျက် ပါပါတယ်) ဒေါမနဿ ထဲလဲ....(အဝိဇ္ဇာတွဲလျက်ပါ ဘုရား)။

ဟော.... ဥပါယာသထဲမှာကော.... (အဝိဇ္ဇာတွဲလျက် ပါပါ တယ်) အဝိဇ္ဇာတွဲတော့ သူ့နှစ်ခုတွဲကြီးသွားတယ်.... ( မှန်ပါ့ ဘုရား)။

နှစ်ခုတွဲသွားတဲ့အခါကျတော့ တကာတကာမတွေ ဒီလိုသွား လိုက်ပါဦး၊ ဒီအထဲ အဝိဇ္ဇာတွေက ပါနေတော့ အဝိဇ္ဇာပစ္စယာ (သင်္ခါရာပါဘုရား)။

ဟော....သေသည်၏အခြားမဲ့၌ ဟောဒီ သင်္ခါရနှစ်ခုပေါ် တယ်....(မှန်ပါ့) ခန္ဓာဖြစ်ကြောင်း သင်္ခါရနှစ်ခုလာပေါ်တယ် (မှန်ပါ့) သင်္ခါရပစ္စယာ ဝိညာဏံ ဆိုတော့ ခန္ဓာငါးပါး လာ ပေါ်တယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်မှာ ဒုက္ခရောက်လို့ ရှိယင်ဖြင့် ငိုပွဲနဲ့သေပွဲ ပြန်ရပြန်ပြီ....(မှန်ပါ)။

အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်မှာ တကာတကာမတို့.... (ငိုပွဲသေပွဲ ပြန်ရပါတယ်) သူ့မှာ ဒုက္ခဖြစ်ယင် ငိုပွဲနဲ့ သေပွဲ ပြန်ရတယ်....(မှန်ပါ)။

သူ-ဒုက္ခဖြစ်ယင်....(ငိုပွဲနဲ့ သေပွဲပြန်ရပါတယ်)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

တကာတကာမတို့ ခင်ဗျားတို့ ဒါတွေ မကြားရဘူး ဆိုလို့ ရှိယင် တကာကြွယ် အင်မတန် နစ်နာသွားပြီ....(နစ်နာပါတယ်ဘုရား)။

သူ့မှာ ဒုက္ခဖြစ်တိုင်းဖြစ်တိုင်း ဒီတရားတွေက မလိုက်ပေဘူးလား....(လိုက်ပါတယ်ဘုရား) လိုက်လို့ ရှိယင် စုတေမနေ သေလွန်တဲ့အခါကျတော့ ငိုပွဲ့သေပွဲက....(လာပါတယ်ဘုရား)မလာပါနဲ့ဆိုလို့ ရပ်ဆိုင်းလို့....(မရပါဘုရား)။

ကိုင်း.... တရားတပွဲလုံး စဉ်းစားတာပေါ့၊ ဒီပဋိစ္စသမုပ္ပါဒ်အတိုင်းသွားမှာပဲ....(မှန်ပါ) ဒါ....ဘုန်းကြီးက မဖြစ်ပါစေနဲ့ လို့ ဆုပေးလို့လဲမရဘူး(မှန်ပါ) ခင်ဗျားတို့ဝမ်းထဲ ဖြစ်နေတာဒီက မဖြစ်ပါစေနဲ့ ဆုပေးလဲ ပိုနေတာပဲ....( ပိုပါတယ်ဘုရား ) သဘောကျပလား....(ကျပါပြီဘုရား)။

ဘုရားရှေ့သွားပြီးသကာလ ခင်ဗျားတို့ ဒီဟာတွေ လုပ်ထားလို့ ရှိယင်ဖြင့် ဒီအကျိုးပေးမဖြစ်ပါရစေနဲ့ ဆိုလို့ကော.... (မရပါဘုရား) တကာသစ် ရပါ့မလား....(မရပါဘုရား)။

ဘုရားလဲ မတားနိုင်ဘူး (မှန်ပါ့ဘုရား)ကိုယ့်ပင္စ္စသမုပ္ပါဒ်က ကိုယ့်အကြောင်းက ကိုယ်လုပ်ထားတာ.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူလုပ်ထားတာတုံး.... ( ကိုယ့်ပင္စ္စသမုပ္ပါဒ်က ကိုယ်လုပ်ထားတာပါဘုရား ) ကိုယ့်အကြောင်းကို ကိုယ်လုပ်ပြီး ကိုယ်အကျိုးကိုယ်ခံနေတာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုယ့်အကြောင်း ကိုယ်လုပ်ပြီးသကာလ.... (ကိုယ့်အကျိုးကိုယ်ခံနေတာပါဘုရား)။

အဲဒါ အကြားအမြင်ရှိလို့လား၊ မရှိလို့လား.... ( မရှိလို့ပါဘုရား)။

ဒါဖြင့် အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ်များ ကိုယ်ပေါ်မှာ ဒုက္ခပေါ်ပေါ်၊ စိတ်ထဲပေါ်ပေါ်တဲ့ ပစ္စုပ္ပန်မှာလဲ ဆင်းရဲ- (မှန်ပါ့ဘုရား) သံသရာမှာလဲ ငိုပွဲ့သေပွဲခင်း....(မှန်ပါ့) ကောင်းသေးရဲ့လား....(မကောင်းပါဘုရား)။

ပစ္စုပ္ပန်ကော.... (ဆင်းရဲပါတယ်ဘုရား) သံသရာကျတော့ကော....(ငိုပွဲ့သေပွဲ ခင်းရပါတယ်ဘုရား)။

တကာသစ် ဒါ.... အကြားအမြင်ရှိလို့လား- မရှိလို့လား.... ( မရှိလို့ပါဘုရား ) တကာကြွယ့်ရေ... လွန်ကုန်ပြီ.... (မှန်ပါ့ဘုရား)။

အကြားအမြင်မရှိတာလောက် တကာသစ်တို့-ဘကာကြွယ်တို့ ဆိုးရွားဘာ မိုက်မှားတာ ရှာမတွေ့ဘူး.. ( မတွေ့ပါဘုရား )

သိပ်ကြောက်စရာ ကောင်းပါကလား.... ( ကောင်းပါတယ် ဘုရား)။

ဒါ့ကြောင့် သောတာပန်တည်ချင် မင်းတို့ တရားနာဦးကွ- ဆိုတာ တကာသစ် ဟောထိုက်-မဟောထိုက်....(ဟောထိုက်ပါ တယ်ဘုရား)။

တရားမနာလို့ ရှိယင် အကြားအမြင်က ဘယ့်နှယ်နေသလဲ- (မရှိပါဘုရား)။

မရှိတော့ သူ့မှာ ဒုက္ခရောက်လို့ ရှိယင်ဖြင့် ပစ္စုပ္ပန် ဒုက္ခ ရောက်၊ သံသရာမှာ ငိုပွဲ့သေပွဲခင်း....(မှန်ပါ့) တယ်နစ်နာပါ ကလား တကာတကာမတို့-(နစ်နာပါတယ်ဘုရား) သိပ်ကြောက် စရာကောင်းပါတယ်....(ကောင်းပါတယ်ဘုရား)။

ဥာဏ်နားနဲ့ထောင်၊ ဥာဏ်နားနဲ့ထောင်ကြ တကာတကာ မတို့၊ ဒီဥစ္စာက ရမ်းပြောနေတာလား၊ တပည့်တော်တို့စိတ်နဲ့ တပည့်တော်တို့ ဖြစ်စဉ်အတိုင်း ပြောနေတာလားမေးယင် ဘယ့် နှယ်ဖြေကြမလဲ ...(ဖြစ်စဉ်အတိုင်းပြောနေတာပါဘုရား) ဒါ.... မဖြစ်ပါနဲ့ ဆိုလို့ ရရဲ့လား....(မရပါဘုရား)အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ် မဖြစ်ပါနဲ့ဆိုလို့ မရပါဘူး....(မရပါဘုရား) ပေါ်ကြပြီ နော်....(ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာသစ့်ရေ....ခင်ဗျားတို့က တရားနာတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ ကိုယ့်ပေါ်မှာ ဒုက္ခလာလဲ တကာသစ်က ဖြစ်ပျက်ရှု....( မှန်ပါဘုရား )ဝမ်းထဲ ဒုက္ခရောက်ယင်ကော.... (ဖြစ်ပျက်ရှုရမှာပါဘုရား)။

ဝမ်းထဲ ကျုပ်စိတ်ထဲမှာ ဒေါမနဿချည့် ဖြစ်နေတယ်ဆိုယင် မြန်မြန်ရှုပါ (မှန်ပါ့) နို့မဟုတ်ယင် ဒါတွေ တန်းသွားမှာ စိုးတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ တကာသစ်တို့-တကာကြွယ်တို့ကပဲ စဉ်းစားပါ၊ ဩော်....ဒုက္ခကို ကျုပ်တို့က ဖြစ်ပျက်ရှုလိုက်တယ်၊ ဒုက္ခတရားလဲ သူ-သခ်တတရားပဲ၊ အနိစ္စတရားပဲလို့ ကျုပ်တို့က ရှုလိုက်ပါတယ် (မှန်ပါ) ဖြစ်ပျက်နောက်က မဂ်လိုက်တယ်.... (မှန်ပါ့ဘုရား)။

ဒါ.... ဘယ့်နှယ်ကြောင့် တကာသစ် လိုက်ဖြစ်ပါလိမ့်မတုံးဗျာ.... ( အကြားအမြင်ရှိလို့ပါဘုရား ) အကြားအမြင်ရှိလို့ လိုက်ဖြစ်တယ်....(မှန်ပါ့)။

လိုက်ဖြစ်တော့ ဒီဘက်က ခုနင်က အဝိဇ္ဇာနဲ့ တွဲလျက်-ဘွဲလျက်တွေ လာသေးရဲ့လား....(မလာပ့ါဘုရား)။

ဒါဖြင့် အဝိဇ္ဇာမှ မပါလို့ရှိယင် အဝိဇ္ဇာပစ္စယာ သင်္ခါရာက (မလာပါဘုရား) သင်္ခါရပစ္စယာ ဝိညာဏံက .... (မလာပါဘုရား)။

ဟာ....တကာကြွယ် နေရာကျပြီ (ကျပါပြီဘုရား)ဘယ့်နှယ်ကြောင့် ဒီ တကာတကာမတွေ အကျိုးထူးခံစားရပါလိမ့်မလဲလို့ တကာကြွယ်-မေးစမ်း (အကြားအမြင်များလို့ပါဘုရား)။

ကဲ.... နေရာကျပြီ.... (ကျပါပြီဘုရား) အကြားအမြင်ရှိတဲ့ ကျေးဇူးဟာ သံသရာစခန်းသတ်တယ်....(မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုပါလိမ့်.... (အကြားအမြင်ရှိတဲ့ ကျေးဇူးဟာ သံသရာစခန်းသတ်ပါတယ်ဘုရား)။

တကာတကာမတို့ အမြင်နော်.... ( မှန်ပါ ) ဘုန်းကြီးတို့ ရှေးကလို ယပ်တောင်ကြီးကွယ်ပြီးသကာလ မင်းတို့ ဒီလို ဖြစ်လိမ့်မယ်လို့ ရမ်းပြောနေတာ မဟုတ်ဘူး....(မှန်ပါ)။

ခင်ဗျားတို့ ဝမ်းထဲဖြစ်တဲ့တရားက ခင်ဗျားတို့ ဖြစ်စဉ်ပဲ၊ ခင်ဗျားတို့ ဝမ်းထဲဖြစ်တဲ့တရားကို ဟောဒီ ဖြစ်ပျက်ရှုတဲ့ ဝိပဿနာဉာဏ်နဲ့ဖြတ်လိုက်....(မှန်ပါ) ဒါပြောနေတာ၊ မလုပ်တတ်စရာကို မရှိဘူး....( မှန်ပါဘုရား )ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ပေါ်လာယင် ဖြစ်ပျက်သာရှု.... (မှန်ပါ)ဒုက္ခလာယင်လဲ.... ( ဖြစ်ပျက်ရှုရပါမယ်ဘုရား ) ဒေါမနဿကလေးလာယင်လဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက်ရှုလိုက်တော့ ဩော်.... အသေဇာတ်သိမ်း အငိုငြိမ်းပါတယ်....(မှန်ပါ)။

အသေဇာတ်သိမ်း (အငိုငြိမ်းပါတယ်ဘုရား) ဒါ....ဘယ့်နှယ်ကြောင့် တကာသစ် ဒီဥစ္စာ ပြန်လှချည့်လားမေးတော့မှ တကာကြွယ် အဖြေ ဘယ်လိုထွက်လာသတုံး.... (အကြားအမြင်များလို့ပါဘုရား) အကြားအမြင်ရှိတယ်....(မှန်ပါ)။

ဒါ့ကြောင့် ခင်ဗျားတို့ တရားမနာပဲနဲ့ ဒီအလုပ်-လုပ်တတ်ပါ့မလား (မလုပ်တတ်ပါဘုရား)။

ဒါဖြင့် တရားမနာယင် ဒီအလုပ်-မလုပ်တတ်တော့ ဒီဘက်ကဟာတွေက ဒါတွေမလာဘူးဆိုယင် သောတာပန် တည်တော့မယ်.... ( တည်ပါတယ်ဘုရား ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တရားမနာပဲနဲ့ သောတာပန်တည်နိုင်ပါ့မလား.... (မတည်နိုင်ပါဘုရား)တကာသစ် ကောင်းကောင်း ရှင်းပါပြီ.... (ရှင်းပါပြီဘုရား)။

ကိုင်း.... တကာတကာမတို့ သိပ်အဖိုးတန်တယ်....နော်.... (တန်ပါတယ်ဘုရား) ဒါဖြင့် ဒုက္ခလာလဲ ဘာလုပ်ကြမယ်.... (ဖြစ်ပျက် ရှုရပါမယ်ဘုရား) ဒေါမနဿလာလဲ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ တကာတကာမတို့ဒီဘက်က အဝိဇ္ဇာတို့ တဏှာ သင်္ခါရတို့ လာသေးရဲ့လား (မလာပါဘုရား)ဩော်....ဒါဖြင့် ပဋိစ္စချုပ်ပြန်ပြီ(မှန်ပါ့)။

သိကြားကမေးတာကိုး တကာတကာမတွေရဲ့.... (မှန်ပါ့) ပဋိစ္စဘယ်ကလာသတုံးဆိုတော့ ဝေဒနာကလာတာတဲ့ဆိုတော့ ကျုပ်တို့က ဝေဒနာဖြစ်ပျက်ရှုလိုက်တော့ ပဋိစ္စမချုပ်ပါနဲ့ဆိုလို့ရသေးရဲ့လား....(မရပါဘုရား)။

ဩော်.... တယ်အဖိုးတန်ပါကလားဆိုတာ ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား)။

တကာသစ် သဘောပေါက်ပြီ(သဘောပေါက်ပါပြီ) ရှုဖြစ်အောင်လဲ ရှုကြပါဆိုတာ တိုက်တွန်းပါတယ်.... (မှန်ပါ့) ဘာဖြစ်လို့တုံး ကိုယ့်အငိုကိုယ်တိတ်ချင်လို့ရှိယင် ရှုရမှာပဲ....(မှန်ပါ့) ကိုယ့် အသေကိုယ်ရပ်ချင်ယင်ကော.... (ရှုရမှာပါ) ကိုယ့်အနာကိုယ် သိမ်းချင်ယင်ကော... (ရှုရမှာပါ) ရှုရမှာပဲဆိုတာဖြင့် မငြင်းပါနဲ့တော့....(မှန်ပါ့)သဘောပါပလား....( ပါ-ပါပြီဘုရား )။

သဘောပါပြီတဲ့၊ ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နိဂုံးချုပ် ပြောလိုက်ပြန်တယ်....(မှန်ပါ့) ဒုက္ခဝေဒနာမရှုပဲနဲ့ ဒေါသ, သောက, အဝိဇ္ဇာသိမ်းပြီးသကာလ နိဗ္ဗာန်ရလိမ့်မယ် လို့ ငါဘုရားဘယ်တော့မှ မဟောဘူးတဲ့.... (မှန်ပါ့) ကဲ....ပေါ် ပလား....(ပေါ်ပါပြီဘုရား)။

ဒုက္ခဝေဒနာမရှုပဲနဲ့ နိဗ္ဗာန်ရလိမ့်မယ်လို့ ငါဘုရားမဟော ဘူးတဲ့....(မှန်ပါ့)ဟောစရာကော ရှိရဲ့လားကြည့်စမ်း (မရှိပါ) မရှိပါဘူး သံသရာဆက်သွားတယ်.... (မှန်ပါ့)•ရိပ်မိကြပြီ... (ရိပ်မိပါပြီဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတွေ ယနေ့ သိကြားမင်း ဒေသာတာပန်တည်တဲ့တရားဟာ ဩော်....ဝေဒနာရှုတာကိုဆိုတာ ပေါ်လာတယ်....(မှန်ပါ့)မပေါ်လာသေးဘူးလား- (ပေါ်လာ ပါတယ်)တကာသစ်ရေ သိပ်အဖိုးတန်တယ်နော်....( မှန်ပါ့ )။

ကဲ....ဒါဖြင့် တကာတကာမတို့ ကိုယ်ထဲမှာ ယားတယ်ဆို ဘာ ဒုက္ခဝေဒနာ....(မှန်ပါ့ဘုရား) ကိုယ်ပေါ်မှာ ယားချင်တဲ့ နေရာယား၊ဖြစ်ပျက်သာရှု....(မှန်ပါ့ဘုရား)။

ဝမ်းထဲမှာ ဒေါမနဿ ဆူနေအောင်ဖြစ်နေလဲ ဘာလုပ်ကြ မယ်....( ဖြစ်ပျက်ရှုရပါမယ် ) စိုးရိမ်တာကလေးလာကော.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်သာ ရှုလိုက်လို့ရှုံယင်ဖြင့် သူကဖြစ်ပျက်၊ရှုတာက မဂ်....(မှန်ပါ့) ဆိုတော့ တကာတကာမတို့ အဝိဇ္ဇာတွေမချုပ် ဘူးလား....(ချုပ်ပါတယ်) အသေတွေ အငိုတွေကော မသိမ်း လား....(သိမ်းပါတယ်ဘုရား)။

ကြော်....ဒါ ဒုက္ခဝေဒနာရှုလိုက်တဲ့ စွမ်းရည်သတ္တိ တကာကြွယ်ရေ- သံသရာစခန်း သတ်ပါလားဗျ.... (မှန်ပါ) သံသရာစခန်းသတ်တယ်ဆိုတာ တကာသစ်၊တကာကြွယ် နိဗ္ဗာန်ရောက်တယ်ပြောတာ....(မှန်ပါ့ဘုရား)။

နိဗ္ဗာန်ဆိုတာတခြားမဟုတ်ပါဘူး ဟောဒီဒုက္ခတွေမလာတာဆိုတာပါ....(မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီဘုရား)။

"ဒုက္ခဿ အန္တံ ကရိဿတိ" ဒုက္ခဿ=ဒုက္ခ၏၊အန္တံ=အဆုံးကို၊ကရိဿတိ=မျက်မှောက်ပြုနိုင်လတံ့၊ ဟောဒီဉာဏ်က ဒုက္ခအဆုံးကို မြင်လိမ့်မယ်တဲ့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

နိဗ္ဗာန်ဆိုတာ ဘာတုံးလို့မေးယင် ဒုက္ခဆုံးတာလို့ဖြေလိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

နိဗ္ဗာန်ဆိုတာ....(ဒုက္ခဆုံးတာပါ) ဒါဖြင့် တကာတကာမတို့နိဗ္ဗာန်ဆိုတာသည် ဒုက္ခဖြစ်တဲ့တရား၊ ဒုက္ခဖြစ်ကြောင်းဖြတ်တဲ့တရားမလာပဲနဲ့လဲ ဒုက္ခဆုံးပါ့မလား....(မဆုံးပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်ရှုတဲ့မဂ်နဲ့ကင်း၍ နိဗ္ဗာန်မရနိုင်.... (မရနိုင်ပါဘုရား)။

ဖြစ်ပျက်ရှုတဲ့မဂ်နဲ့ကင်း၍ (နိဗ္ဗာန်မရနိုင်ပါ)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ကြော်....ဒါဖြင့် ဒီတကာတကာမတွေသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အလုပ်သဘောကိုလဲသိ၊အလုပ်- လုပ်မှုရမယ်ဆိုတာလဲပဋိစ္စသမုပ္ပါဒ်က ပြနေတော့ ငါတို့သည်ကားလို့ ဆိုယင်ဖြင့် ဒီတခါတွေ့ရတာသည် နောက်ဆုံးပိတ်ဘဝပဲ၊ အဟုတ်လုပ်ယင် အဟုတ်ရမှာပဲ....(မှန်ပါ့ဘုရား)။

(၃၈၂) မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား ။၂၀။

အဟုတ်လုပ်ယင်....(အဟုတ်ရမှာပါ) မလျော့ကြနဲ့ တကာ ဘကာမတို့ အဟုတ်လုပ်ယင် အဟုတ်ရမယ်၊ ဘာမှငြင်းစရာမလို ဘူး....(မလိုပါ)လိုသေးသလား....(မလိုပါဘုရား)။

အခုကြည့်လေ တကာတကာမတို့ ပြတ်ပြတ်သွားတာသည် မဂ်ဝင်လိုက်ယင် ပြတ်တာပဲ....(မှန်ပါ့) မဂ်ဝင်ယင်တော့ဖြင့်... (မပြတ်ပါ)မပြတ်ပဲနဲ့ တန်းနေတာပဲ....(မှန်ပါ့) သဘောပါ ကြပလား....(ပါ-ပါပြီဘုရား)။

အေး....ဒါတွေသိရတော့မှ တကာသစ်ရေ နေရာကျတယ်.... (မှန်ပါ့)ဩော်....သံသရာစခန်း သတ်ချင်လို့ရှိယင်ဖြင့် မဂ်အလုပ် လုပ်ပါမှ....(မှန်ပါ့ဘုရား)။

သံသရာစခန်းသတ်ချင်ယင်...(မဂ်အလုပ်-လုပ်ရမှာပါဘုရား) မလုပ်ယင်ဖြင့် ( မရပါ )သဘောပါပလား....(ပါပါပြီဘုရား)။

တကာကြွယ် ဥပက္ခာဝေဒနာလဲ သူရှုလိမ့်ဦးမယ်( မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ....ယနေ့ဒီတွင် တော်ကြဦးစို့....။

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မမှာရှိ၌-ဟောကြား ဆုံးမတော်မူသော

ခန္ဓာက ပြောတာကို ဉာဏ်က ရှုရန် သက္ကာယဒိဋ္ဌိသုတ်အဆုံးသတ်ပုံ

# နေ့အလုပ်ပေး-တရားတော်

( ၂၇-၉-၆၁ )

ကိုင်း....တကာကြွယ် အလုပ်စခန်းပြောမယ်.... ( မှန်ပါ့ ) တကာတကာမတို့ အလုပ်စခန်းဆိုတာ သာသနာတွင်းမှ ပေါ်လို့ အလွန်အရေးကြီးတယ်ဆိုတာ မှတ်ရမယ်နော်....(မှန်ပါ့)။

ရှေးက အလုပ်-လုပ်ကြတာက ပါးစပ်ကအနိစ္စ ညည်းပြီး ပုတီးပတ်တွေကို ရေတွက်ပြီးသကာလ နေကြတယ်....( မှန်ပါ့ ) သညာအလုပ်တွေသာဖြစ်ပြီး ပညာအလုပ်ဖြစ်တာက နည်းပါတယ်....(မှန်ပါ့ဘုရား)။

အခုအခါမှာဖြင့် တကာကြွယ်တို့၊တကာသင်္ဂတို့ ပုတီးမကိုင်ချင်နေပါလို့ ဘုန်းကြီးများက သတိပေးလိုက်တယ်နော်....(မှန်ပါ့)ခန္ဓာကဖြစ်ပျက်ကို ဉာဏ်ကလိုက်နေလို့ရှိယင်လဲပြီးတာပဲ....(မှန်ပါ့ဘုရား)။

ခန္ဓာဖြစ်ပျက်ကို.... (ဉာဏ်ကလိုက်နေယင်ပြီးပါတယ်ဘုရား) အဲဒီအလုပ်ကိုတဲ့ တကာတကာမတွေ လုပ်နေလို့ ရှိယင်ဖြင့် အနိစ္စာနုပဿနာဖြစ်တယ်လို့မှတ်ပါ ( မှန်ပါ့ )အဲဒီ့ အနိစ္စာနုပဿနာသည်တကာတကာမတို့ တခြားမဟုတ်ပါဘူး၊ အနိစ္စာ

နုပဿနာရှုတဲ့ ပုဂ္ဂိုလ်သည်ကားလို့ ဆိုယင်ဖြင့် အလွန်ကျေးဇူး များတယ်....(မှန်ပါ)ဘယ်လိုကျေးဇူးများသတုံးဆိုတော့ ကိုယ့် ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်ဖြတ်လိုက်တဲ့အတွက် ကိုယ့်ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ရောက်ပါတယ်....(မှန်ပါ့ဘုရား)။

ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကိုယ်ဖြတ်တဲ့အတွက် ကိုယ့်ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ရောက်တယ်....(မှန်ပါ့ဘုရား)။

အဲဒါ အနိစ္စသညာကို ပွားများပါများပြီး အနိစ္စ-ဖြစ်ပျက် တွေကို တကာတကာမတွေက ဉာဏ်နဲ့ကြည့်ကြည့်-ကြည့်ကြည့် နေလို့ရှိယင်ဖြင့်တဲ့ ဘာလိုချင်တယ်- ဘာရချင်တယ် ဆိုတဲ့ တဏှာဟာ ပါးပါး-ပါးပါးသွားတာပဲ....(မှန်ပါ့ဘုရား)။

ဘာလိုချင်တယ်,ဘာရချင်တယ်ဆိုတဲ့ တဏှာသည် ပါးပါး ပါးပါးပြီးသကာလ ကြာတော့ပျောက်တယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် အနိစ္စသညာ ပွားခြင်းသည် တကာတကာမတို့ တဏှာပါးတယ်(မှန်ပါ့ဘုရား)။

အနိစ္စသညာပွားယင်.... (တဏှာပါးပါတယ်ဘုရား) တဏှာ ပါးတယ်လို့ ဘုန်းကြီးတို့ တကာတကာမတွေက မှတ်ပါနော်.... (မှန်ပါ့)။

တကယ်လို့ အာရုံတွေမြင်ရပြန်လို့ စားစရာကောင်းကောင်း တွေ ကြည့်စရာကောင်းကောင်းတွေ မြင်ပြန်လဲ အနိစ္စသညာ ပွားနေတဲ့ပုဂ္ဂိုလ်ဟာ အနိစ္စအလုပ်ကို လုပ်နေတဲ့ပုဂ္ဂိုလ်ဟာ စက် ဆုပ်ဖွယ် အဖြစ်နဲ့လဲ မြင်လာတတ်တယ်....(မှန်ပါ့) ရှင်းပြီ.... (မှန်ပါ့)။

ဒါဖြင့် အနိစ္စသညာကို ပွားတဲ့ပုဂ္ဂိုလ်များသည် တဏှာပါး၍ စက်ဆုပ်ဖွယ်အမြင်များတတ်ပါသည် ...(မှန်ပါ့)။

တဏှာပါးတယ်ဆိုတာကတော့ တခြားမဟုတ်ပါဘူး၊ ဘာဖြစ်ဖြစ် လူ့ပြည်၊ နတ်ပြည်လဲ မလိုချင်ဘူး၊ စီးပွားဥစ္စာရဘနာလဲ မရချင်တော့ဘူး....ဆိုပြီးသကာလ ဒီလို ဖြစ်ပေါ်လာတာသည် တကာကြွယ်တို့-တကာသစ်တို့ တဏှာပါးတာလို့မှတ်ပါ-(မှန်ပါ့)။

ရလဲ မထူးပါဘူးကွာ၊ မရလဲ မထူးပါဘူးဆိုတဲ့ ဒီအသံထွက်လာလို့ရှိယင် ကိုယ့်သန္တာန်မှာ တဏှာပါးတယ်လို့ သာမှတ်ပါ-(မှန်ပါ့)။

ဒီတဏှာပါးတာလဲ တခြားကြောင့်ပါးတယ်....လို့ တကာတကာမတွေက မယူလိုက်နဲ့၊ ဖြစ်ပြီး ပျက်တဲ့ အနိစ္စကလေးတွေမြင်ပါများလို့ ပါးတယ်လို့မှတ်ပါ....(မှန်ပါ့)။

ဖြစ်ပြီးပျက်တဲ့ အနိစ္စကလေးတွေ....(မြင်ပါများလို့ ပါးပါတယ်ဘုရား)။

ပါးလာတဲ့အခါကျတော့ ဘာပဲ ကြည့်လိုက်, ကြည့်လိုက်ဗြော်....စက်ဆုပ်စရာတွေပါကလား....၊ စက်ဆုပ်စရာတွေပါကလား၊ ရွံမုန်းစရာတွေပါကလားဆိုတာလဲ တကာသစ် တိုးချဲ့ပြီး ဉာဏ်က ပွားလာတယ်....(မှန်ပါ့) သဘောကျပြီနော်....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အနိစ္စ များများပွားတဲ့ပုဂ္ဂိုလ် တဏှာပါး၍ မြင်တိုင်း အာရုံတွေ စက်ဆုပ်စရာလို့ အသင်များ

လာတယ်လို့ မှတ်လိုက်ပါ(မှန်ပါ့ဘုရား) ရှင်းပြီနော်(ရှင်းပါပြီ ဘုရား)။

ဒါက အင်္ဂုတ္တိုရ်ပါဠိတော်ကြီးမှာ တကာတကာမတို့ ဒီလို လာတယ်နော်....(မှန်ပါ့) တဏှာလဲ ပါးတယ်ကွ၊ စက်ဆုပ်ဖွယ် ဆိုတာကွေလဲ ဉာဏ်ထဲမှာ မြင်မှုတွေ များလာတယ်ကွ .... (မှန်လှပါဘုရား)။

ဒါ့ကြောင့် ငါဘုရားသခင်ကိုယ်တော်မြတ်ကြီးက အနိစ္စ သညာ ကြပ်ကြပ်ပွားလို့ရှိယင် တဏှာပါး၍ စက်ဆုပ်ဖွယ်တွေ အမြင်များသောကြောင့် နိဗ္ဗာန်ရောက်တယ်လို့ သူကိုယ်တိုင်လဲ ပွားခဲ့လို့ သူကိုယ်တိုင် ရောက်လို့ တကာသစ် သက်သေခံ လို့ လောက်အောင်ပြောတာ....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ကတကာတကာမတွေ ဖြစ်ပျက်ကိုဖြင့် ပွားမိအောင် ပွားပါဆိုတာ သတိပေးရတယ်....(မှန်လှပါ)။

ဖြစ်ပျက်ပွားရလိမ့်မယ်.... (မှန်ပါ့) ပွားလို့ရှိယင် တကာ ကြွယ့်ရေ....တဏှာလဲ ပါးမယ်.... (မှန်ပါ့) မြင်တဲ့အာရုံတွေလဲ သာယာဖွယ်မရှိပဲနဲ့ စက်ဆုပ်ဖွယ်တွေပါကလားလို့လဲ မြင်လာ မယ်....(မှန်ပါ့)။

ဒီလိုမြင်လာလို့ရှိယင်ဖြင့် တကာတကာမတို့ နောက် ပဋိစ္စ သမုပ္ပါဒ် ဆက်နိုင်သေးရဲ့လား....(မဆက်နိုင်ပါဘုရား)။

မဆက်နိုင်လို့ရှိယင်လဲ "ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ" (မှန်ပါ့ဘုရား) ဒုက္ခက္ခန္ဓဿ=နောက်လာမည့် ဒုက္ခအစုကြီး၏ နိရောဓော=ချုပ်ခြင်းသည်၊ ဟောတိ=ဖြစ်၏.... ( မှန်လှပါ )

သြော်....နောက်လာမည့် ဒုက္ခအစုကြီး ချုပ်သွားတယ်....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် နောက်လာမည့် ဒုက္ခအစုကြီးချုပ်ရသတုံးဆိုတော့ တဏှာပါး၍ စက်ဆုပ်ဖွယ်အမြင်များလို့ နောက်လာမှာတွေကို တခါတည်းဖြတ်လိုက်တယ်၊တကာတကာမတွေခုနင်က အနိစ္စအမြင်များတဲ့မဂ်ဉာဏ်....(မှန်ပါ့ဘုရား) စက်ဆုပ်ဖွယ်တွေ အမြင်များတဲ့မဂ်ဉာဏ်.... (မှန်ပါ့ဘုရား) ဝိပဿနာမဂ်ပေါ့ဗျာ (မှန်ပါ့)။

အဲဒီမဂ်တွေကြောင့်....တဲ့၊ တကာတကာမတို့ နောက်လာမည့် လူချမ်းသာဆိုတာလဲ မဟုတ်ပါဘူး၊ ဒါတွေ စက်ဆုပ်စရာတွေပါ....(မှန်ပါ့)။

နတ်ချမ်းသာဆိုတာလဲ စက်ဆုပ်စရာတွေပါဆိုပြီးသကာလ တဏှာ့ဥပါဒါန့်ကို တကာသစ်လာသေးရဲ့လား.... (မလာပါဘုရား) အင်း....ပဋိစ္စသမုပ္ပါဒ် အကြောင်းပြတ်ပြီ.... ( မှန်ပါ့ဘုရား)။

အကြောင်းပြတ်တော့ ဘုန်းကြီးတို့ တကာတကာမတွေက သြော်....လူ့ခန္ဓာ့နတ်ခန္ဓာဆိုတဲ့ အကျိုးတရားတွေလဲ တကာကြွယ် လာပါဦးမလား....(မလာပါဘုရား)။

သြော်....ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ဖြစ်ပျက် ကြပ်ကြပ် ပွားပါဆိုတာ သတ္တကနိပါတ် အင်္ဂုတ္တိုရ်မှာ တကာကြွယ့်ရေ....ဒီအတိုင်း ဘုရားဟောတယ်....(မှန်ပါ့)။

ကဲ....ဒါဖြင့် တကာတကာမတို့ အနိစ္စ၊ ဖြစ်ပျက်တွေကို ပါးစပ်ကမြည်တဲ့ အနိစ္စမဟုတ်ဘူးနော်....( မှန်လှပါ ) မြင်တဲ့

အနိစ္စ....(မှန်ပါ) ဉာဏ်နဲ့မြင်တဲ့အနိစ္စ.... (မှန်လှပါ) မျက်လုံးနဲ့ မြင်တာလဲ မလိုချင်ဘူး....(မှန်လှပါဘုရား)။

ခန္ဓာထဲမှာ ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့ ဝေဒနာကလေးတွေက ဖျတ်ဖျတ်-ဖျတ်ဖျတ်နဲ့ ရေပွက်ပမာပျက်နေကြတယ်....(မှန်လှပါဘုရား)။

စိတ်ကလေးတွေကလဲ ရေမြှုပ်ပမာ တခါတည်း ပျက်ပျက်-ပျက်ပျက်နေတာကလေးတွေ မြင်ပြီဆိုမှဖြင့် အင်း....ဒီခန္ဓာပေါ်၌လည်း တဏှာပါးသွားပြီ....(ပါးသွားပါပြီဘုရား)။

နောက် မြင်တိုင်း တွေ့တိုင်း အာရုံတွေ ကြည့်လိုက်ပြန်တော့လဲ စက်ဆုပ်စရာတွေပါကလား....လို့ ဖြစ်လာတယ်.... (မှန်ပါဘုရား)။

ဒီလိုမြင်လာတဲ့ မဂ်ဉာဏ်သည် တကာတကာမတို့ တဏှာ, ဥပါဒါန်,ကံကို မသတ်လား....(သတ်ပါတယ်ဘုရား)။

တဏှာ,ဥပါဒါန်,ကံ သတ်တယ်ဆိုကတည်းက နောက်လာမည့် နတ်ဇာတိ,ဗြဟ္မာဇာတိတွေ တကာကြွယ် ပေါ်နိုင်သေးရဲ့လား....(မပေါ်နိုင်ပါဘုရား)။

ဩော်.... အကြောင်းပြတ်လိုက်တာနဲ့ တကာ တကာမတို့ အကျိုးပြတ်သွားတယ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါဘုရား)။ အကြောင်းပြတ်တာနဲ့....(အကျိုးပြတ်သွားပါတယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတွေ သက်သေခံ လုံလောက်အောင်ဆိုပြီး ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ကို ဘယ်အခါကာလမှ မမေ့ကြနဲ့....(မှန်ပါဘုရား)။

ကိုယ့်ဒုက္ခ ကိုယ်ဖြစ်တာ၊ ကိုယ့် ဒုက္ခအတန်းကြီး သိထား ခေတ့်မှ ဪ....ကိုယ်လုပ်နေတဲ့ ဖြစ်ပျက်မြင်တဲ့ မဂ်ကလေး သည် (၀၇)ဉာဏ်ကလေးသည် ဪ....ကိုယ့်ဒုက္ခ ကိုယ်ဖြစ် နေတာ ဖြစ်လေသောကြောင့် ဒို-မပျင်းမရိပဲ ဒီဉစ္စာ လုပ်ရ မှာပဲ၊ဘာ့ကြောင့်တုံး....ဆိုတော့ ကိုယ့်ဒုက္ခ ကိုယ်သိမ်းတာကိုး (မှန်ပါ)။

တကာတကာမတွေ စဉ်းစားကြည့်ပါလား၊ ပျိုပျိုရွယ်ရွယ် မှာ စီးပွားရှာကြတယ်၊ဟာ....ဘာဖြစ်လို့ရှာကြသတုံး တကာ တကာမတို့ ပင်ပန်းလိုက်တာ ပြာပြာသလဲနဲ့ ခင်ဗျားတို့ဉစ္စာ နေ့မအားညမအား အစားတွေတောင်မှ မစားပဲနဲ့ ဘယ့်နှယ် ကြောင့် ဒါလောက်ရှာနေကြပါလိမ့်မတုံးဆိုတော့ ရှေ့လာမည့် ဒုက္ခကြီးဟာဘုရား....မလုပ်နိုင် မကိုင်နိုင်တော့ မခက်ဘူးလား၊ အဲဒီတော့....ရှေ့ဒုက္ခမလာအောင်လို့ တားတာဘုရား....ဆိုတော့ အိုတဲ့အခါ ထိုင်စားဖို့ပြောတာ....( မှန်ပါ ) သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ရှေ့ပိုင်းမှာ အလုပ်-လုပ်လို့ရှိယင် နောက်ပိုင်းမှာ ဘကာတကာမတို့ သက်သာခွင့်ရတယ် ဆိုသလိုပါပဲ....(မှန်ပါ ဘုရား)။

ခန္ဓာကိုယ်ထဲမှာ ဝေဒနာကလေးတွေ ကြည့်လိုက်ပြန်လဲ ဝေဒနာသုံးမျိုး ကြည့်ချင်တာကြည့်၊ ဖြစ်ပျက်တွေတွေ့ရမယ်.... (တွေ့ရပါမယ်ဘုရား)။

တွေ့လိုက်လို့ရှိယင် ဦးလှဘူးတို့ လူစုတွေက ဪ....တကျော

ပါးပြီ....( မှန်လှပါဘုရား ) တကျော့ပါးပြီ- စက်ဆုပ်ဖွယ်တွေလဲ အမြင်များပြီ....(မှန်လှပါဘုရား)။

ဒါ့ကြောင့် နောက်ခန္ဓာ လာစရာအကြောင်း ရှိသေးရဲ့လား (မရှိတော့ပါဘုရား)တကာသစ် ရိပ်မိပြီဗျ....(မှန်ပါ့)။

အင်း....အနိစ္စသညာဟာ တယ်ကျေးဇူးများတယ်.... (များပါတယ်ဘုရား)။

အနိစ္စ, အနိစ္စလို့ တခါတည်း ခန္ဓာထဲမှာ မြင်တိုင်း-မြင်တိုင်း ဒါလဲအနိစ္စပဲ- ဒါလဲအနိစ္စပဲ- ဒါလဲအနိစ္စပဲလို့ သူက ပြောတဲ့အနိစ္စ၊တကာတကာမတို့ ကိုယ်ကလုပ်တဲ့အနိစ္စမဖြစ်စေနဲ့ (မှန်ပါ့)ဒါဟာ ကြပ်ကြပ်သတိထားပါ....(မှန်ပါ့)။

ဓမ္မကပြောတဲ့အနိစ္စနော်(မှန်ပါ့)ကိုယ်က လုပ်တဲ့အနိစ္စမဖြစ်စေနဲ့....(မှန်ပါ့)။

ဘယ်လိုပါလိမ့်.... (ဓမ္မကပြောတဲ့ အနိစ္စပါ၊ ကိုယ်ကလုပ်တဲ့ အနိစ္စမဖြစ်စေပါနဲ့ဘုရား)။

ကိုယ်ကလုပ်တဲ့အနိစ္စ မဖြစ်စေပါနဲ့....(မှန်ပါ့) ရှေးကတော့ လုပ်နေကြတာ ကိုယ်က အနိစ္စလုပ်နေတယ်....(မှန်ပါ့ ) ဓမ္မက အနိစ္စကို သူမမြင်ဘူး....(မှန်ပါ့)။

အခု ဘုန်းကြီးတို့ သင်တဲ့နည်း, ပြတဲ့နည်းက ဓမ္မက ပြတဲ့ အနိစ္စကိုကိုယ်က ဟုတ်ပါပေတယ် လိုက်ရမယ်.... (မှန်ပါ့)။

ဓမ္မက ပြတဲ့အနိစ္စကို(ကိုယ်ကဟုတ်ပါပေတယ် လိုက်ရပါမယ် ဘုရား)။

အဲဒီလိုကျတော့မှတဲ့ တကာတကာမတို့ ခန္ဓာကပြတဲ့အနိစ္စ၊ ဓမ္မကပြတဲ့အနိစ္စ၊ဒါကို ကိုယ်က ဟုတ်ပါတယ်, ဟုတ်ပါတယ် ဆိုပြီး မင်္ဂညာဏ်နဲ့ ရှုနေဖို့ပါပဲ...(မှန်ပါ့ဘုရား)။

ထိုကဲ့သို့ မင်္ဂညာဏ်နဲ့ ဘုန်းကြီးတို့ တကာတကာမတွေက ရှုနေတော့ ဘာဖြစ်သတုံးလို့ မေးတဲ့အခါတဏှာပါး၍ စက်ဆုပ်ဖွယ် အမြင်များပါတယ်....(မှန်ပါ့ဘုရား)။

တဏှာပါး၍.... (စက်ဆုပ်ဖွယ် အမြင်များပါတယ်)တဏှာပါး၍ဆိုကတည်းက နောက်ကတဏှာက တကာတကာမတို့ ခဏခဏ ချုပ်နေရတော့ ကြာတော့ပါးသွားတယ်.... (ပါးပါတယ်ဘုရား)။

ဖြစ်ပျက်နောက်က မင်္ဂလိုက်-လိုက်၊ မင်္ဂက လိုက်လိုက်တဲ့အခါကျတော့ နောက်ကလာနေကျတဏှာက တကာဘကာမတို့ မင်္ဂချည့်လိုက်နေတော့ ဘော်တော် ကြာလေ ဝေးလေ ကြာလေ ဝေးလေ....(မှန်ပါ့)။

လာခွင့်ရသေးရဲ့လား....(မရပါဘုရား)အဲဒီကဲ့သို့ လာခွင့်မရတော့ ဒီတဏှာဟာ ပါးထွက်သွားတယ်....(မှန်ပါ့)။

ပါးထွက်သွားတော့ ဉာဏ်မျက်လုံးအပေါ်မှာ ခါတိုင်းတော့ သူက နည်းနည်းကလေး အုပ်ဖုံးနေတာ အခုတော့ဖြင့် သူ့အုပ်ဖုံးမှုဟာ ဝေးသွားတဲ့အတွက် ဘာကြည့်လိုက်,ကြည့်လိုက် ခန္ဓာမှာ အသုဘသဘော မတင့်တယ်တဲ့ သဘောတွေချည့်တွေ့နေတယ်....(တွေ့ပါတယ်) စက်ဆုပ်ဖွယ်တွေချည့် တွေ့နေတယ် (တွေ့ပါတယ်ဘုရား)။

အဲ....အနိစ္စသညာဆိုတဲ့ ခန္ဓာကပြောတာကို ဉာဏ်ကအမှတ်ပြုပြီး သိနေဘဲ့အတွက်တဲ့ ဆရာဝန်ကြီးတို့မှတ်စရာက ဩြော်.... တဏှာပါး၍ စက်ဆုပ်ဖွယ်အမြင် များပါကလား.... (မှန်ပါ့) ရှင်းပြီ....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒို့ဖြစ်ပျက်သည်ကားလို့ ဆိုယင် တယ် ကျေးဇူးများပါကလားဆိုတာ တကာသစ်ပေါ်သွားပြီ... (ပေါ်သွားပါပြီဘုရား)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် အားလုံး တကာတကာမတွေ ခန္ဓာကပြောတဲ့ ဖြစ်မှု့ပျက်မှုကိုဖြင့် ဉာဏ်က ခေါင်းညိတ်လိုက်နေတဲ့ အလုပ်ဟာ နိဗ္ဗာန်ရောက်ပါလိမ့်မယ်လို့ ဟောလိုက်ဘယ်....(မှန်ပါ့)။

ခန္ဓာကပြောတဲ့ ဖြစ်မှု့ပျက်မှုဟာ ဉာဏ်ကခေါင်းညိတ်လိုက်နေလို့ရှိယင်ဖြင့် အမှတ်ပြုလိုက်နေလို့ရှိယင်ဖြင့် နိဗ္ဗာန်ရောက်အောင် ဆောင်ပါလိမ့်မယ်....( မှန်ပါ့ )သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီဥစ္စာ ပွားဖြစ်အောင် ပွားပါဆိုတာ အလုပ်သမားတွေ ပြောရတယ်....(မှန်ပါ့)စိတ်ကြည့်ပြန်လဲ စိတ်ကလေးလဲ သူဘာပြောသွားမယ်ထင်သတုံးဆိုယင် တကာသစ်ရေဖြစ်ပြီးပျက်ပါတယ်လို့ ပြောသွာ တယ်.... (မှန်ပါ့)ဝေဒနာကြည့်လိုက်ပြန်လဲ....(ဖြစ်ပြီးပျက်သွားပါတယ်ဘုရား)။

ရုပ်ကလေးတွေ တကာဦးလှဘူးကကြည့်လိုက်ပြန်ဘော့ကော (ဖြစ်ပြီးပျက်သွားပါတယ်ဘုရား)။

အဲဒါ ဉာဏ်ကဲခေါင်းညိတ်လိုက်ပါအမှတ်ပြုလိုက်ပါ(မှန်ပါ့) ပြုလိုက်တာနဲ့ တပြိုင်နက် တဏှာပါး၍ စက်ဆုပ်ဖွယ် အမြင်များ ပါလိမ့်မယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

တဏှာပါး၍.... (စက်ဆုပ်ဖွယ် အမြင်များပါတယ်) တယ် အဖိုးတန်ပါကလားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ် ဘုရား)။

တကာတကာမတို့ ဒါဒိဋ္ဌဓမ္မ အကျိုးပေးတာနော်(မှန်ပါ့) ဒိဋ္ဌဓမ္မအကျိုးပေးတာဆိုတော့ တကာသစ်ရေ တရားဂုဏ်တော် ထဲမှာ ကြည့်လိုက်ပါလား အကာလိကော (မှန်ပါ့) အကာလိ ကော=အခါမလင့် အကျိုးပေး၏....(မှန်ပါ့) မဆိုလားဗျာ.... (ဆိုပါတယ်ဘုရား)။

တကာတကာမတို့ ဘာတဲ့တုံး... (အကာလိကောပါ)ကြည့် စမ်း တကာတကာမတို့ ကျုပ်တို့အပါယ်ချရမည် တဏှာ(မှန်ပါ့ ဘုရား)။

သူပါးရာသည် ကျုပ်တို့ အပါယ်ပို့ နိုင်သေးရဲ့လား....(မပို့ နိုင်ပါဘုရား)။

ဒါ-အကာလိကော=အခါမလင့်ပဲ အကျိုးပေးလိုက်ပါတယ် လို့မှတ်ပါ....(မှန်ပါ့) အခါလင့်သေးရဲ့လား (မလင့်ပါဘုရား) အခု ရှုလိုက်လဲ အခုပါးတာဘဲ.... (မှန်ပါ့)အခု ပါးလို့ရှိယင် ဒီတဏှာဟာ တဏှာ ဉပါဒါန် ကံ အပါယ်ဇာတိဆိုတာ တကာ သစ် လာနိုင်သေးရဲ့လား....(မှန်ပါ့)။

အင်း....ဒါဖြင့် ဓမ္မဂုဏ်တော်ခြောက်ပါးထဲမှာလဲ အကာလိကော=အခါမလင့် အကျိုးပေး၏ ဆိုတာနဲ့လဲ တခါတည်းသွားပြီး ညီညွတ်တဲ့အတွက် ဘုရားရှိခိုးတော့လဲ အကာလိကော ဆိုတာ ဪ....ပွားမှ အကျိုးပေးတာကိုး....(မှန်ပါ)ပွားမှနော်....(မှန်ပါ) ပွားမှ အကျိုးပေးတယ်....(မှန်ပါ)။

**ရွတ်နေယင် (သမထပါဘုရား) ပွားနေယင် ဝိပဿနာ....(မှန်ပါ)ရွတ်နေယင်....(သမထပါဘုရား)ပွားနေယင်(ဝိပဿနာပါဘုရား)။**

**ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ "သမထနဲ့ဝိပဿနာ ဆိုတာ သမထက သာသနာပတရား.... (မှန်ပါ) ဝိပဿနာက သာသနာတွင်းတရား".... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။**

၁

ဒါဖြင့် ရွတ်ဘတ်နေရတာနဲ့ ဉာဏ်နဲ့ ကြည့်ပြီးပွားနေရတာနဲ့ တကာသစ်ချိန်တော့....(မှန်ပါ) ဘယ်သူက ကျေးဇူးများသတုံး....(ပွားနေရတာက ကျေးဇူးများပါတယ် ဘုရား)။

ပွားနေတော့ မဂ်ဆိုက်တယ်....(မှန်ပါ)ရွတ်နေတော့ သမာဓိတည်တယ်....(မှန်ပါ)ဒါ-ကွာသွားတယ်....(မှန်ပါ)ရွတ်နေတော့ သမာဓိတည်တော့ သမထသွားဖြစ်တယ်....(မှန်ပါ)ပွားနေတော့ တကာတကာမတို့ မဂ်ဆိုက်တော့ ဘာဝနာဖြစ်ပါတယ်· (မှန်ပါ) ဝိပဿနာဘာဝနာဖြစ်ပါတယ်....(မှန်ပါ)ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် မသိသေးတဲ့ တကာတကာမတွေကျတော့ ဒါ ကလေးကိုပဲ အကာလိကော-အကာလိကော-အကာလိကော လို့ ရွတ်ပြီးနေတာက များတယ်....(မှန်ပါ့)။

ဘုန်းကြီးကတော့ ကောင်းသည်ထက် ကောင်းတာကို သာ သနာတွင်းဖြစ်နေလို့ မသိတာကိုလဲ သိအောင် ဖော်ပြောရတဲ့ ပုဂ္ဂိုလ်တဦးတယောက်လဲ ဖြစ်နေလို့ တကာသစ် ပွားနေတာ ကောင်းတယ်....(မှန်ပါ့)သူ့ဟာသူ အကျိုးပေးသွားလိမ့်မယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သူ့ဟာသူ အကျိုးပေးသွားလိမ့်မယ်၊ခင်ဗျားတို့က ပွားရုံပဲ (မှန်ပါ့)သူ့ဟာသူ အကျိုးပေးသွားမယ်ဆိုတာကော ကျေနပ် ပလား....(ကျေနပ်ပါပြီ) ကောင်းပြီ နေရာကျပြီနော်....(မှန်ပါ့ ဘုရား)။

ကိုင်း....ဒါဖြင့် တခါဖြစ်ပြီး ပျက်တာဟာလဲ ဒုက္ခသစ္စာပဲ (မှန်ပါ့)။

ဖြစ်ပြီးပျက်တာလဲ.... (ဒုက္ခသစ္စာပါ) သြော်....ဒါဖြင့် ဖြစ် ပျက်မြင်ပြန်တော့လဲ ဒုက္ခပွားနေကြတာကိုး.... (မှန်ပါ့ဘုရား)။

အင်း....ဖြစ်ပျက်မြင်ပြန်တော့.... (ဒုက္ခပွားနေတာပါ) ဒုက္ခ ပွားနေကြတယ်....(မှန်ပါ့)။

ဒုက္ခပွားနေကြပြန်တော့လဲ....တဲ့ တကာတကာမတို့ ဒေါသ ပါးသွားတယ်....(မှန်ပါ့ဘုရား)။

ဒေါသတွေ ဘယ့်နှယ် ဖြစ်သွားသတုံး....(ပါးသွားပါတယ် ဘုရား)။

ဒေါသတွေ ပါးပြီးသကာလတဲ့ ဘာတွေ ဖြစ်လာသတုံး ဆိုတော့ ကြောက်တတ်တဲ့ ဉာဏ်တွေပေါ်လာတယ်....(မှန်ပါ့) ဩော်.... ဒီခန္ဓာကြီးမျိုးရလဲ ကြောက်စရာကြီး ပါကလား.... (မှန်ပါ့ဘုရား)။

ဒီခန္ဓာကြီးမျိုးရတာ ကြောက်စရာကြီးပါကလားလို့ ဆိုပြီး သကာလ ဒေါသပါးပြီးသကာလ ဘယဉာဏ်တွေ ပေါ်လာ တယ်....(မှန်ပါ့ဘုရား)။

ဒေါသပါးပြီးတော့.... (ဘယဉာဏ်တွေ ပေါ်လာပါတယ်) ဘယဉာဏ်ဆိုတဲ့ ကြောက်တဲ့ဉာဏ်တွေ တကာတကာမတို့ တခါ တည်း ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

သုံးဆယ့်တဘုံ ကြည့်လိုက်ပြန်လဲ ဩော်....ဟိုဘုံကလဲ ဒုက္ခ သစ္စာကြီးနဲ့ပါကလား၊ ဒီဘုံကြည့်လိုက်ပြန်လဲ ဒုက္ခသစ္စာကြီးနဲ့၊ ခန္ဓာကြည့်လိုက်ပြန်လဲ ဒုက္ခသစ္စာကြီးနဲ့၊ ကြောက်စရာကြီးပါ လားဆိုတဲ့ဥစ္စာ ဖြစ်ပျက်ဒုက္ခကိုက ဒုက္ခလို့ရှုနေလိုက်ပြန်လို့ ရှိယင်လဲ ဒေါသပါး၍ ကြောက်တဲ့ဉာဏ် ပေါ်လာပါတယ်.... (မှန်ပါ့ဘုရား)။

ဒေါသပါး၍....(ကြောက်တဲ့ဉာဏ်ပေါ်လာပါတယ် ဘုရား) ကြောက်တဲ့ဉာဏ် ပေါ်လာဘယ်ဆိုတော့ ဘယဉာဏ်ပေါ်လာ တယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေ ဖြစ်ပျက်တလုံးတည်း ရှုတာသည် တဏှာလဲပါး၍ ဒေါသလဲပါးတယ်ဆိုတာ သေချာ ဘယ်....(သေချာပါတယ်)တဏှာကော.... (ပါးပါတယ်)ဒေါသ ကော....(ပါးပါတယ်)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေဖြစ်ပျက် တခုဟာ အနိစ္စလဲ တကာသစ်ဟုတ်ဘာပဲ-(မှန်ပါ့)ဒုက္ခသစ္စာလဲ (ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ ဒီနှစ်ဉာဏ်စလုံးဟာ တကာတကာမတို့ ကိုယ်က အနိစ္စရှေ့ရှုပြီး ဩော်.... မမြဲပါကလားလို့ ဆိုလိုက်ပြန်လဲတဲ့ စက်ဆုပ်ဖွယ်တွေ အမြင်များတယ်....(မှန်ပါ့ဘုရား)။

ဟာ.... ဒါ ဒုက္ခသစ္စာတွေပဲ ဖြစ်ပျက်တွေဟာလဲ ဒုက္ခသစ္စာ တွေပဲ၊ ဖြစ်လိုက်ပျက်လိုက်၊ ဖြင်လိုက် ပျက်လိုက်နဲ့ ဒါကိုယ့် ခန္ဓာဒုက္ခတွေ....(မှန်ပါ့) မိမိဒုက္ခတွေဆိုတာ တကာကြွယ်ရှင်းပြီ (ရှင်းပါပြီ) တခါတည်း ဒေါသပါးသွားတယ်.... (ပါးပါတယ် ဘုရား)။

ဒေါသပါးသွားတဲ့ အပြင်မှာ သံသရာကြီးကို တခါတည်း ဘယ်ဘု ကြည့်လိုက်- ကြည့်လိုက် ဒီလိုချည့်နေမှာပဲ ဆိုတော့ ကြောက်တတ် လန့်တတ်တဲ့ဉာဏ်တွေ တခါတည်း တကာသစ် ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဖြစ်ပျက်ဒုက္ခ ပွားရခြင်းသည်ကားလို့ ဆိုယင် ဒေါသပါး၍ အကြောက်ဉာဏ်များတယ် ဆိုတာကိုလဲ ယနေ့ မှတ်ထားရမယ်....(မှန်ပါ့ဘုရား)။

သိပ်အဖိုးတန်တယ်.... (တန်ပါတယ်) ဒေါသက ဖြစ်ပျက် ဒုက္ခသစ္စာပါကလား၊ ဒုက္ခသစ္စာပါကလားလို့ တကာကြွယ်တို့ ပွားနေတဲ့ဥစ္စာဒေါသလဲပါးသွားတယ်....(ပါးပါတယ်)သုံးဆယ့် တဘုံထဲ တကာကြွယ်- ဘယ်ဘုံရချင်သေးသတုံး.... (မရချင်ပါ ဘုရား) ကြောက်လို့-ကြောက်လို့....(မှန်ပါ့) ဒုက္ခပြန်ရောက်ဦး မှာပဲဆိုတာ သိနေလို့....(သိသွားလို့ပါဘုရား)။

အဲဒါကြောင့် ကြောက်ဥာဏ်တွေ ပေါ်ပေါ်များပြား လာတယ်ဆိုတာလဲ ဖြစ်ပျက်တွေ ဒုက္ခသစ္စာ ရှုလိုက်ပြန်လို့ရှိ ယင်လဲ ဒါတွေလာတာပဲ....(မှန်ပါ့ဘုရား)။

ဒေါ်သပါးပြီးသကာလ တကာတကာမတို့ ကြောက်ဥာဏ် တွေ ပေါ်ပေါ်လာပါတယ်.... (မှန်ပါ့) သိပ်အဖိုးတန်တယ် နော်....(အဖိုးတန်ပါတယ်ဘုရား)။

တကာတကာမတို့ ဒီဥစ္စာ ပညာနားနဲ့ ထောင်မှနော် .... (မှန်ပါ့) ပညာနားနဲ့ထောင်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် ဒါ **သာသနာတွင်းတရား၊** အကောင်းဆုံး နိဗ္ဗာန်သွားတဲ့တရားလို့ တကာကြွယ် မှတ်ပါ....(မှန်ပါ့ဘုရား)။

ဟာ....ဒီဥစ္စာ ဒို နားမလည်သေးဘူး၊ နားခထောင်ရတာလဲ ခပ်ပျင်းပျင်းပဲလို့ ဒီလိုမလုပ်ပါနဲ့....(မှန်ပါ့)ဒီလိုမလုပ်ပါနဲ့တဲ့၊ ကောင်းလွန်းတဲ့ အစာကို တောသားမကြိုက်သလို မဖြစ်စေပါနဲ့ (မှန်ပါ့)ကောင်းလွန်းတဲ့အစာတွေ တောသူတောင်သားမကြိုက် တာတွေလဲ ရှိသေးတယ်....(မှန်ပါ့ဘုရား)။

ဥပမာ ဒန်ပေါက်ထမင်းချက်ထားတယ်၊ ချက်ထားတဲ့အခါ ကျလို့ရှိယင် လေးညှင်းတွေ ကရဝေးတွေ စုံလို့ပေါ့ဗျာ.... (မှန်ပါ့)အမျိုးမျိုးအဖုံဖုံ ဆေးတွေ ဝါးတွေ ထည့်ချက်တော့ ကျုပ်တို့ မစားတတ်ပါဘူး ဖြစ်လာတဲ့ တောသူ....တောင်သား တွေရှိသေးတယ်....(ရှိပါတယ်ဘုရား)။

ဟ....ဘာဖြစ်လို့ မစားတတ် မသောက်တတ်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ မွှိသားမျက်လုံးနဲ့ကြည့်တော့ တကာကြွယ်

ကောင်းလွန်းလို့ .... (မှန်ပါ) ဒီအခိုပ္ပာယ်မရောက်ဘူးလား .... (ရောက်ပါတယ်ဘုရား)။

ဘယ်လိုပါလိမ့်.... (ကောင်းလွန်းလို့ပါ) အဲ....ခင်ဗျားတို့လဲ တောနားနဲ့ မထောင်ပဲနဲ့ သာသနာတွင်းနားနဲ့ မြို့သားအဖြစ်နဲ့ တခါတည်း တကာတကာမတို့ ဩဘော်.... နိဗ္ဗာန်ရောက်တရားက ဖြစ်ပျက်မြင်ယင် ဖြစ်ပျက်ကို ဒုက္ခကိုသိပါမှ ဒေါသပါးပြီး သကာလ သံသရာကြောက်ခြင်း မျှားပါကလားလို့ ဆိုတာကို သေသေချာချာဉာဏ်နားနဲ့ထောင်တော့ ဩဘော်–တယ်အဖိုးတန် ပါကလားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်) ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒီဉစ္စာဖြင့် လွတ်မထွက်ကြပါနဲ့တဲ့၊ ဒီဉစ္စာတွေ သံသရာကြောက်မှ ခန္ဓာကြောက်ပါမှ တကာသစ်ရေ ခန္ဓာမရ မှာနော်....(မှန်ပါ) ခန္ဓာမကြောက်ယင် ခန္ဓာ....( ရပါတယ် ) ရယင် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီသစ္စာတွေမြင်တဲ့ပုဂ္ဂိုလ်ကျတော့မှ တကာကြွယ်–ခန္ဓာ့ဒုက္ခ လဲ မြင်ထားပြန် သစ္စာကလဲ ရှေ့ပိုင်းက သိထားပြန်ဆိုတော့ တကာသစ် မကြောက်ပါနဲ့ဆိုလို့ကော....(မရပါဘုရား)။

မရဘူး၊ နောက်ခန္ဓာရမှာ တပည့်တော်ဖြင့် အမိဝမ်းခေါင်းထဲ အောင်းရမှာနဲ့ ဒီဒုက္ခသစ္စာကြီး ပြန်ပြီးသယ်ရဦးမယ် ပိုးရဦးမယ် ထမ်းရဦးတော့မယ်၊ မခွဲမခွာ နေရဦးတော့မယ်ဆိုယင်ဖြင့် တပည့် တော်ဖြင့် အကြောက်ဆုံးတရားပဲဆိုတာ ဒုက္ခသစ္စာပွားနေတဲ့ ပုဂ္ဂိုလ်မှာ ဒီဉာဏ်လာတာပဲ....( မှန်ပါ ) မလာနဲ့ဆိုလို့ .... (မရပါဘုရား)။

တကာကြွယ် သိပ်အဖိုးတန်ပါကလား .... ( တန်ပါတယ် ဘုရား)။

ကဲ....တခါသွားပါဦးတဲ့၊ တကာတကာမတို့ အနတ္တသွားကြ ဦးစို့....(မှန်ပါ) အနတ္တဆိုတာလဲ ဘုန်းကြီးတို့ တကာတကာမ တွေ တခြားမှတ်မနေပါနဲ့ ဖြစ်ပြီးပျက်တာကို ဘယ်သူတားလို့ ဆီးလို့မှ မရလို့ ဖြစ်ပျက်ဟာ အနတ္တပဲ....(မှန်ပါ) ဘယ်သူ တားလို့ဆီးလို့ ရသလား....(မရပါဘုရား)။

ဒီနေရာက ယားတယ်၊ မပျောက်ပါစေနဲ့ဆိုလဲ ပျောက်သွား တာပဲ....(မှန်ပါ) ဒီနေရာ ချမ်းသာလုံးကလေး ပေါ်ပါတယ်၊ တာရှည်တည်ပါစေဆိုလို့ကော .... (မရပါ) ပျောက်ပျက်သွား တာပဲ....(မှန်ပါ) ဖြစ်ပြီးပျောက်တာပဲ.... (မှန်ပါဘုရား)။

ဒါဖြင့် သူ့ကိုလဲ တားလို့ ဆီးလို့မရတဲ့ အနတ္တလို့နာမည် ပြောင်းပေး....(မှန်ပါ) စင်စစ်တော့ဖြင့် အနိစ္စလဲ ဖြစ်ပျက် .... (မှန်ပါ)ဒုက္ခလဲ(ဖြစ်ပျက်ပါ)အနတ္တလဲ....(ဖြစ်ပျက်ပါ)သဘော ကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဉာဏ်ထဲမှာ အနတ္တမြင်လာတဲ့ အခါကျတော့ တဏှာရေ၊ မာနရေ၊ ဒိဋ္ဌိရေ အကုန်ပါးတယ်-(မှန်ပါဘုရား)။

အနတ္တမြင်လာတော့....(တဏှာရေ၊မာနရေ၊ဒိဋ္ဌိရေ အကုန် ပါးပါတယ်) အကုန်ပါးသတဲ့ တကာကြွယ်ရေ အင်္ဂုတ္တိုရ်ပါဠိ တော်မှာ ဘုရားဟောတယ်....(မှန်ပါဘုရား)။

တကာတကာမတို့ အနတ္တမြင်တော့ ဘာတွေပါးသတဲ့တုံး..... (တဏှာရေ၊ မာနရေ၊ ဒိဋ္ဌိရေ အကုန်ပါးပါတယ်ဘုရား)။

အနုတ္တမြင်တော့လဲ တဏှာ မာန ဒိဋ္ဌိတွေ ပါးသွားပါတယ်- (မှန်ပါ)ဘြော်....အနုတ္တဆိုတဲ့ဥစ္စာလဲ တခြားလား အောက်မေ့တယ်၊ ဒို့ရှုနေတာ အနုတ္တပါကလား မှတ်လိုက်တာပေါ့.... (မှန်ပါ)။

ဝေဒနာကလေး ရှုလိုက်တော့လဲ တကာသစ်ရာ ဖြစ်ပြီး ပျောက်သွားတာတွေတာပဲ.... (မှန်ပါ)ဒါကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဆိုလို့.... (မရပါဘုရား) ဒါဖြင့် အနုတ္တပဲ.... (မှန်ပါ ဘုရား)။

ဒါဖြင့် ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်များ သုံးခုစလုံး မြင်ဘယ်လို့ မှတ်လိုက် (မှန်ပါ)။

ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်များ .. (သုံးခုစလုံး မြင်ပါတယ်ဘုရား) အနိစ္စလဲ ဒါပဲ....(မှန်ပါ) ဒုက္ခလဲ....(ဒါပါပဲဘုရား) ဖြစ်ပျက်ပဲနော်....(မှန်ပါ)အနုတ္တလဲ....(ဖြစ်ပျက်ပါပဲဘုရား)။

ဖြစ်ပျက်ပဲဆိုတော့ တကာကြွယ် ဒါ့ကြောင့် မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးက ပုဂ္ဂိုလ်လိုက်လို့ ငါ-သုံးမျိုးဟော ထားတာပါကွာ....တဲ့၊ စင်စစ် တမျိုးတည်းပါပဲ....တဲ့....(မှန်ပါ ဘုရား)။

ပုဂ္ဂိုလ်တွေ ကျွတ်ထိုက်တာလိုက်လို့ သာ ငါက တချို့ပုဂ္ဂိုလ် ကို အနိစ္စနဲ့ချွတ်ရတယ်.... ( မှန်ပါ ) တချို့ပုဂ္ဂိုလ်ကျတော့ သူတို့က ဒုက္ခအလေ့အကျက်များတော့ ဒုက္ခနဲ့ချွတ်လိုက်ရတယ် (မှန်လှပါ) တချို့ပုဂ္ဂိုလ်ကျတော့ သူက အနုတ္တဘဝ အထုံ ကလေးကပါလာတော့ အနုတ္တနဲ့ချွတ်ရတာပါတဲ့၊ စင်စစ်တော့

အနိစ္စာ၀တ သင်္ခါရာပါပဲ....(မှန်လှပါ) ဖြစ်ပြီးပျက်တာပါပဲ....(မှန်လှပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အားလုံး တရားနာလာကြတဲ့ တကာတကာမတွေက ဩော်....တချို့က အနိစ္စမှ နိဗ္ဗာန်ရောက်တယ်၊ဒုက္ခမှ နိဗ္ဗာန်ရောက်တယ်၊အနတ္တမှ နိဗ္ဗာန်ရောက်တယ် ပြောချင်တာ ပြောနေတာ အပိုပဲလို့ မှတ်လိုက်.... (မှန်ပါ့ဘုရား) စင်စစ်တော့ဖြင့် အနိစ္စလဲ တကာတကာမတို့ ဒုက္ခသစ္စာ.... (မှန်ပါ့) ဒုက္ခလဲ....(ဒုက္ခသစ္စာပါပဲဘုရား) အနတ္တလဲ.... (ဒုက္ခသစ္စာပါပဲဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ ခင်ဗျားတို့ရှုရတာ ဒီခန္ဓာငါးပါးမှ တပါး တခြားရှုစရာရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒီတော့ ဒီဥစ္စာက "သဗ္ဗေ ဓမ္မာ အနတ္တာ" ဆိုတော့ အနတ္တထဲ အကုန်ဝင်တာပဲ....( မှန်ပါ့ ) "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"လို့ ဆိုပြန်တော့လဲ ဒုက္ခသစ္စာထဲ အကုန်ဝင်တယ်....(မှန်ပါ့ဘုရား) "သဗ္ဗေ သင်္ခါရာ အနိစ္စာ" ဆိုတော့လဲ သင်္ခါရတရားတွေမို့ အကုန်အနိစ္စဖြစ်တာပဲ....(မှန်ပါ့) ထူးသေးရဲ့လား....(မထူးပါဘုရား)။

အဲဒီလိုမထူးတာတွေသိတော့မှ ဩော်....အနိစ္စရှုလဲ ဒုက္ခ, အနတ္တပါတာပဲ.... ( မှန်ပါ့ ) ဒုက္ခလို့ ပါးစပ်ကကြည့်ပြီး ရှုနေပြန်လို့ ရှိယင်လဲ အနိစ္စနဲ့အနတ္တပါတာပဲ ... (ပါ-ပါတယ်ဘုရား) အနတ္တရှုနေပြန်တော့လဲ အနိစ္စနဲ့ဒုက္ခပါသွားတာပဲ.... (ပါ-ပါတယ်ဘုရား)။

အင်း....ဖြစ်ပျက်တခုတည်း ရှုနေလဲ အကုန်ပါသွားတာပဲ....(ပါသွားပါတယ်ဘုရား)သဘောကျပလား.... (ကျပါပြီဘုရား)။

ဖြစ်ပျက်တခုတည်းရှုနေလဲ- (အကုန်ပါသွားပါတယ်ဘုရား) ကြော်....တကာကြွယ် ဒီလို ပေါင်းယူလိုက်တော့လဲ အတူတူပါပဲလား....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ အနတ္တရှုတဲ့အခါကျတော့ တဏှာ မာန ဒိဋ္ဌိ သေတယ်.... (မှန်ပါ့) အနတ္တရှုတဲ့အခါကျတော့.... (တဏှာ,မာန,ဒိဋ္ဌိသေပါတယ်ဘုရား)။

ကြော်....ဒါဖြင့် တဏှာသေလဲ ပပဉ္စသေတာပဲ... (မှန်ပါ့) မာနသေတော့....( ပပဉ္စသေသွားပါတယ်ဘုရား )ဒိဋ္ဌိသေယင် တော့....(ပပဉ္စသေသွားပါတယ်ဘုရား) ဒါဖြင့် သူလဲသံသရာ စခန်းသတ်တာပဲ....(မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ.... (သံသရာစခန်းသတ်ပါတယ်ဘုရား) သံသရာစခန်းသတ်တာပဲလို့ ဘုန်းကြီးတို့ တကာတကာမတွေက မှတ်ထားလိုက်တာပေါ့... ( မှန်ပါ့ ) ဦးလှဘူး ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် အနိစ္စ ဘာပါသိမ့်မတုံး၊ဒို့မြင်တဲ့ဖြစ်ပျက်... (မှန်ပါ့ဘုရား) ဒုက္ခဘာပါလိမ့်မတုံး.... (ဖြစ်ပျက်ပါဘုရား) အနတ္တဆိုတာ ဘာပါလိမ့်မတုံး....(ဖြစ်ပျက်ပါဘုရား)။

တကာဘကာမတွေရှုနေတဲ့ ဖြစ်မှု-ပျက်မှုဆိုတာပဲ....(မှန်ပါ့) တရားကို လွဲဆိုနေတယ်လို့ တကာကြွယ် ဒီလိုမယူနဲ့နော် (မှန်ပါ့)။

“သဗ္ဗေ သင်္ခါရာ ဒုက္ခာ”ထဲ မပါဘူးလား.... (ပါ-ပါတယ်ဘုရား)“သဗ္ဗေ သင်္ခါရာ အနိစ္စာ” ထဲမှာကော (ပါ-ပါတယ်

ဘုဉ်း) "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" ထဲမှာကော....
( ပါ-ပါတယ်ဘုရား )ဒါဖြင့် တကာသစ်, ရေ....အတူတူပဲ....
(မှန်ပါ့အတူတူပါပဲဘုရား)။

ဒါကြောင့်"အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော"
ဆိုပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ချီးဟောတဲ့
အတွက် တကာတကာမတို့ ဘာမှ ရှုပ်မနေနဲ့ ဖြစ်ပျက်တလုံးရှု....
(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)　ဘာရှုရမယ်....
(ဖြစ်ပျက်တလုံးရှုရပါမယ်ဘုရား)။

ခန္ဓာထဲမှာရှိတာက　ဒီဟာ　ဖြစ်ပျက်ဆိုတဲ့ဥစ္စာက ဖြစ်ပြီး
ပျက်လို့လဲ အနိစ္စ....　(　မှန်လှပါဘုရား　) ဖြစ်မှုပျက်မှုကြောင့်
ကျုပ်တို့....　ခင်ဗျားတို့....ဖြစ်မှု　ပျက်မှုဖြင့်　နှိပ်စက်တတ်
သောကြောင့် သေလဲ ဒုက္ခ (မှန်ပါ့) မဖြစ်ပါနဲ့　မပျက်ပါနဲ့လို့
တားမရလို့လဲ အနတ္တ....(မှန်ပါ့)　ဒီတရားပဲရတယ်....( မှန်ပါ့
ဘုရား)။

ဖြစ်ပျက်သည်ပင်လျှင် 　အနိစ္စ....(မှန်ပါ့)　ဖြစ်ပျက်သည်ပင်
လျှင်　(ဒုက္ခပါဘုရား)　ဖြစ်ပျက်သည်ပင်လျှင်.... (အနတ္တပါ
ဘုရား)ကဲ....တကာသစ် ကျေနပ်လောက်ပြီ.... (ကျေနပ်လောက်
ပါပြီဘုရား)။

ဒါဖြင့် အစက တခေါက်ပြန်ပြီး သူ့ကိုသိမ်းရမယ်,　(မှန်ပါ့
ဘုရား)တကာတကာမတို့ ဖြစ်ပြီးပျက်တဲ့အနိစ္စ ရှုပြန်လို့ရှိယင်
တဏှာပါး၍ အသုဘအထင်များပါတယ်....(မှန်ပါ့)။

တဏှာပါး၍....(အသုဘ အထင်များပါတယ်ဘုရား) ရှင်းပြီ
နော်....(ရှင်းပါပြီဘုရား)။

ဖြစ်ပြီး ပျက်တာကို ကျုပ်တို့က ဒုက္ခလို့ ရှုနေသဖြင့်လဲ ဒေါသပါး၍ ကြောက်ခြင်း, လန့်ခြင်းများတယ်.... (မှန်လှပါ ဘုရား)။

သံသရာမှာ ကြောက်ခြင်း, လန့်ခြင်း များတယ်....(များပါ တယ်ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကဲ....တခါ သွားပါဦး တကာကြွယ်–ရေ.... ကျုပ်တို့သည် ကားလို့ဆိုယင် ဖြစ်ပျက်တာကို အနတ္တလို့ ကျုပ်တို့က အလေ့ အကျက်များနေတယ်ဆိုကြပါစို့ ....(မှန်ပါ)။

အဲဒီအနတ္တကို သြော်....မပိုင်တဲ့ အစိုးမရတဲ့ အနတ္တ, အနှစ် သာရ မရှိတဲ့ အနတ္တ, တားလို့ ဆီးလို့ မရတဲ့ အနတ္တ .... လို့ ကျုပ်တို့က ရှုဖန်များလာတော့ တဏှာရော, မာနရော, ဒိဋ္ဌိရော ချုပ်သွားတယ်....(မှန်ပါ)မချုပ်ယင် ပါးရမယ်ဆိုတဲ့ အဓိပ္ပာယ် မှတ်ပါ....(မှန်ပါဘုရား) ကြာရှည်ရှုယင် ချုပ်ရမယ်ဆိုတာလဲ မှတ်ထားလိုက်ပါ....( မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဤသုံးချက်ဟာ တကာကြွယ် ရေ....တခုရှုလိုက်တာနဲ့ သုံးခုပါသွားတယ် (မှန်ပါ)။

တခုရှုလိုက်တာနဲ့ (သုံးခုပါသွားပါတယ်ဘုရား)ရိပ်မိကြပြီ (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ဖြစ်ပျက်တလုံး ရှုလိုက်လို့ရှိယင် အနိစ္စ လဲ ပါ၏....(မှန်ပါ) ဒုက္ခလဲ.... (ပါပါတယ်ဘုရား) အနတ္တလဲ (ပါပါတယ်ဘုရား)။

အဲဒီတော့ အနိစ္စလဲ မမြည်နဲ့တော့၊ ဒုက္ခလဲ မမြည်နဲ့တော့၊ အနတ္တလဲ ပါးစပ်က မမြည်နဲ့တော့ ဩော်....ဖြစ်ပြီး ပျက်တဲ့ တရားတွေပါကလား၊ ဖြစ်ပျက်တရားတွေပါကလားဆိုပြီးသကာလ တကာတကာမတွေဒီအတိုင်းသာ ရှုနေဖို့ လိုပါတယ် (မှန်ပါ့ ဘုရား) အနိစ္စ, ဒုက္ခ, အနတ္တပါသွားပြီ.... (ပါသွားပါပြီဘုရား) ခင်ဗျားတို့က အားထုတ်ရသေးသလား(မထုတ်ရပါဘုရား)။

ဒါဖြင့် အနိစ္စ,ဒုက္ခ,အနတ္တဆိုတာ ကိုယ့်ပါးစပ်က ဖြစ်တာလား....ဓမ္မက ဖြစ်တာလား....(ဓမ္မက ဖြစ်တာပါဘုရား)။

အဲ....ဓမ္မက ဖြစ်တယ်ဆိုတာကို ခင်ဗျားတို့ အမှန်အကန် ဓမ္မကပြောတာကို ယုံကြည်ကြလို့ ရှိယင်ဖြင့်တဲ့ ဓမ္မကပြောတာကို သိမှုသာလျှင်လဲ ဉာဏ်သည် ဓမ္မအလိုက်ပေးရတဲ့ဉာဏ်....(မှန်ပါ့ ဘုရား)။

ဓမ္မက ဖြစ်ပျက်ပြတော့ကို အနိစ္စဉာဏ် သွားဖြစ်တယ်.... (မှန်ပါ့) ဓမ္မက ဖြစ်တဲ့ပျက်တဲ့ ဒုက္ခပြလိုက်သဖြင့် ရှုတဲ့ဉာဏ် ဟာ ဒုက္ခဉာဏ်သွားဖြစ်တယ်....(မှန်ပါ့)အစိုးမရတဲ့ဓမ္မကို ဓမ္မက ပြောသဖြင့် ရှုတဲ့ဉာဏ်ဟာ အနတ္တဉာဏ်သွားဖြစ်တယ်....(မှန်ပါ့ ဘုရား)။

ဒါဖြင့် အနိစ္စဉာဏ်ဆိုတော့ ဒီမှာ တကာတကာမတွေ သေ သေချာချာကြည့်၊ပုံစံချပြမယ်၊ ဒီဘက်က အနိစ္စ.... (မှန်ပါ့) ဒီဘက်က တကာတကာမတွေက ရှုတဲ့ဉာဏ်....(မှန်ပါ့)။

ကဲ....နာမည်ပေးတော့ကို ဒီဉာဏ်ကို ဥပမာမယ် တကာ တကာမတွေက ကျုပ်ဖြင့် အနိစ္စဉာဏ်ရပြီဗျလို့ ပြောချင်လဲ

ပြောကြမယ်.... (မှန်ပါ့) မပြောပေဘူးလား.... (ပြောပါတယ် ဘုရား)။

ကဲ....ဂဏန်းထောက်ကြည့်ဘော့ သူက အနိစ္စ.... (မှန်ပါ့) သူက အနိစ္စကိုသိတဲ့ဉာဏ်....(မှန်ပါ့)။

ဒါဖြင့် သူက ဉာဏ်သက်သက်....(မှန်ပါ့)ဒီဘက်က အနိစ္စ သက်သက်....(မှန်ပါ့)ဒီဘက်က ဘာတုံး....(ဉာဏ်သက်သက်ပါ ဘုရား)။

အဲဒီတော့ သူ့နာမည်ပေးဘော့ အနိစ္စသိတဲ့ဉာဏ်-(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဘယ်သူ့သိတဲ့ဉာဏ်တုံး.... (အနိစ္စသိတဲ့ဉာဏ်ပါ) ဒါဖြင့် ဒီဉာဏ်မှာ ပင်ကိုယ်သဘောက ဉာဏ်သဘောသာရှိတယ်.... (မှန်ပါ့)သူက အနိစ္စပြလို့ သူဟာ အနိစ္စဆိုတဲ့ ဆိုင်းဘုတ်တလုံး သူ့မှာတိုးတယ်....(မှန်ပါ့) ဒါ့ကြောင့် သူ့ကို အနိစ္စဉာဏ်.... (မှန်ပါ့)။

ဒါဖြင့် ဒီအနိစ္စကြောင့် အနိစ္စဉာဏ်ဖြစ်ရတယ်.... (မှန်ပါ့) ဒီတရားက ဖြစ်ပျက်ဒုက္ခမို့ သူဘာဉာဏ်ဖြစ်မယ်.... (ဒုက္ခဉာဏ် ဖြစ်ပါမယ်)ဒီတရားက ဖြစ်ပျက်အနတ္တ၊ ဘယ်သူမှ အစိုးမရတဲ့ ဖြစ်ပျက်အနတ္တဖြစ်နေလို့ ဒီဉာဏ်ကို ဘာဉာဏ် ခေါ်ကြမယ်.... (အနတ္တဉာဏ်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ အနိစ္စဉာဏ်, ဒုက္ခဉာဏ်, အနတ္တ ဉာဏ်ဆိုတာ ဉာဏ်၏အမည်လား....တဲ့ ဒီဘက်အရှုခံတရား၏ အမည်လား....(အရှုခံတရား၏အမည်ပါဘုရား) ရှင်းပြီ-ရှင်းပြီ.... (ရှင်းပါပြီဘုရား)။

ရှင်းသွားပြီ တကာတကာမတို့.... (မှန်ပါ့) အရှုခံတရား၏ နာမည်ကို ကျုပ်တို့ဉာဏ်က လိုက်နေရတယ်....(မှန်ပါ့) ရှင်းပ လား....(ရှင်းပါပြီဘုရား)။

ဘယ်သူ၏အလိုလိုက်နေရသလဲ(အရှုခံတရား၏အလိုလိုက်နေရ ပါတယ်)အရှုခံတရား၏အမည်ကို ကျုပ်တို့ဉာဏ်က ယူရမယ်.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အရှုခံတရား၏ အမည်ကို....(ဉာဏ်ကယူရပါတယ်)မယုံယင် ထောက်ကြည့် ဒါကခန္ဓာ(မှန်ပါ့)ခန္ဓာကဖြစ်ပြီးပျက်တော့ အနိစ္စ မဟုတ်လား .. (မှန်ပါ့)ဒါကိုကြည့်လိုက်၊ ကြည့်လိုက်တော့ မမြင် လားဗျာ....(မြင်ပါတယ်ဘုရား)။

ဟ....မင်း-ဘာမြင်သတုံးလို့ မေးလို့ရှိယင် သူ့မေးကြည့်.... (အနိစ္စမြင်ပါတယ်)အနိစ္စမြင်တယ်လို့ သူပြောလိမ့်မယ် (မှန်ပါ့ ဘုရား)။

အနိစ္စ မြင်တယ်လို့ သူပြောတော့ သူ့ အမည်လားတဲ့ ဒီက အနိစ္စ၏အမည်လားတဲ့....(အနိစ္စ၏အမည်ပါ)ဒါဖြင့် ခမ္မက ပြောမှ အမှန်ရောက်တယ်....(မှန်ပါ့)ကိုယ်ကမြည်နေယင်-(အမှန် မရောက်ပါဘုရား)။

ဒါ ခွဲချင်လို့ ယနေ့ တကာတကာမတွေကို ပိုမိုပြီးခွဲပေးနေ တယ်....(မှန်ပါ့)ခမ္မက ပြတာကို ဉာဏ်ကသိမှသာလျှင် အနိစ္စ ဉာဏ်(မှန်ပါ့)ခမ္မကဒုက္ခလို့ ပြောလို့ဉာဏ်ကသိယင်(ဒုက္ခဉာဏ် ပါဘုရား)ခမ္မက အနတ္တပြောလို့ ဉာဏ်ကသိယင်.... (အနတ္တ ဉာဏ်ပါဘုရား)။

ဒါဖြင့် ဓမ္မ၏ဆိုင်းဘုတ်ကို ဉာဏ်ပေါ်မှာ တင်စားပြီး သကာလ အနိစ္စဉာဏ်,ဒုက္ခဉာဏ်,အနတ္တဉာဏ် ဖြစ်ရပါတယ်.... (မှန်ပါ့) ဉာဏ်၏ပင်ကိုယ်အမည်ရင်းမဟုတ်ပါ(မဟုတ်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဉာဏ်၏ပင်ကိုယ်အမည်ရင်းဟုတ်ကြရဲ့လား(မဟုတ်ပါ)ဉာဏ်ကတော့ နဂိုကဉာဏ်ဆိုတာ ဘာတုံးဆိုလို့ရှိယင် "ပဇာနာတီတိ ဉာဏ" ဆိုတဲ့အတိုင်းတဲ့ သိတာပဲသူရှိတယ်....(မှန်ပါ့)။

မင်း....ဘာသိသလဲဆိုတော့ အို....သူက အနိစ္စပြလို့ ကျုပ် အနိစ္စသိတဲ့ဉာဏ် ဖြစ်ပါတယ်.... (မှန်ပါ့) ဓမ္မက ဒုက္ခပြလို့.... (ဒုက္ခသိပါတယ်ဘုရား) ဒုက္ခသိတဲ့ဉာဏ် ဖြစ်ပါတယ်.... (မှန်ပါ့) ဓမ္မက အနတ္တပြလို့....(အနတ္တဉာဏ်ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဉာဏ်၏ပင်ကိုယ်အမည်ရင်း ဟုတ်ကြရဲ့လား....တဲ့ တကာတကာမတို့ ဖောက်ပြန်ပျက်စီးတဲ့ ဓမ္မတို့၏ အမည်ရင်း လားတဲ့....(ဖောက်ပြန်ပျက်စီးတဲ့ ဓမ္မတို့၏အမည်ရင်းပါဘုရား)။

ကဲ....ဒါဖြင့် ရှေးကအနိစ္စနဲ့ အများကြီး ခြားနားတယ်.... (ခြားနားပါတယ်) ရှေးကအနိစ္စက ကိုယ့်ပါးစပ်က ပြည်တဲ့ အနိစ္စ....(မှန်ပါ့ဘုရား)။

ကိုယ့်ပါးစပ်ကလုပ်ယူတဲ့....(ဒုက္ခပါ)ကိုယ့်ပါးစပ်ကလုပ်ယူတဲ့ အနတ္တ....(မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီ) ဓမ္မက ပြောလို့ ဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား)။

ဓမ္မက ပြောလို့ မဟုတ်ဘူးဆိုလို့ရှိယင်ဖြင့် သူဟာ ဉာဏ်ကော ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား) သညာပဲဖြစ်တယ် (မှန်ပါ့)။

ဘယ်လိုပဲဖြစ်သလဲ.... ( သညာပဲဖြစ်ပါတယ် ) သညာပဲဖြစ်သွားတယ်ဆိုတာဖြင့် တကာတကာမတွေ ရှင်းလောက်ပါပြီ.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာကြွယ်ရေ-ဓမ္မက မပြယင် ဉာဏ်က တချက်မှ ခေါင်းမညိတ်နဲ့....(မှန်ပါ့) တနေ့လုံး ထိုင်ကြည့်နေငြားသော်လဲ ဓမ္မက အနိစ္စတချက်မှမပြောလို့ရှိယင် ကိုယ်က အနိစ္စဉာဏ် တလုံးမှမရဘူး....(မရပါဘုရား)။

ဓမ္မနဲ့ဉာဏ်နဲ့ တည့်လို့ရှိယင် ဒီဉာဏ်တွေသည် အနိစ္စက ပြလိုက်တဲ့ဉာဏ်တွေသည် တကာတကာမတို့ အနိစ္စဉာဏ်တွေ အများကြီးရတယ်....(ရပ့ါတယ်ဘုရား)။

ဥပမာ ဘုန်းကြီးရှင်းပြမယ် တကာကြွယ်တို့, တကာသစ်တို့ မှတ်ထားပေါ့-ဟိုနားမှာ သံတိုင်ကိုးလုံးစိုက်ထားတယ်-(မှန်ပါ့) ကိုးဆိုတာ ကျုပ်တို့ပါးစပ်ကဖြစ်တာလား....၊ သံတိုင်ကြောင့်ကိုး ဖြစ်တာလား.... (သံတိုင်ကြောင့် ကိုးဖြစ်တာပါ) တစ်ဆိုတာလဲ သံတိုင်ကြောင့်....(မှန်ပါ့) နှစ်ဆိုတာလဲ ... (သံတိုင်ကြောင့်ပါ) ကိုးဆိုတာလဲ....(သံတိုင်ကြောင့်ပါဘုရား)။

ကျုပ်တို့က ကိုးလုပ်ချင်လို့ ဖြစ်တာလား.... (မဟုတ်ပါ) သံတိုင်က တစ်-နှစ်-သုံး-လေး-ငါး-ကိုးမို့ တကာတကာမတို့ ကျုပ်မှာ ကိုးဆိုတဲ့အသိဉာဏ်ပေါ်လာတယ်(မှန်ပါ့)ရှင်းပြီနော်-(ရှင်းပါပြီဘုရား)။

ထို့အတူပါပဲတဲ့ ခန္ဓာက အနိစ္စပြမှ အနိစ္စဉာဏ်ရပါတယ် (မှန်ပါ့) ခန္ဓာက ဒုက္ခပြမှ(ဒုက္ခဉာဏ်ရပါတယ်) ခန္ဓာက အနတ္တပြမှ....(အနတ္တဉာဏ် ရပါတယ်ဘုရား)။

ဒါဖြင့် ဟိုက သံတိုင်သဘောကို ဒီကနေ ရေတွက်ရတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခန္ဓာက ပြတာကို ဒီက ဉာဏ်အမည်ပေးရတယ် .... (မှန်ပါ့) ခန္ဓာက အနိစ္စပြယင် ကျုပ်တို့မှာ ဘယ်ဉာဏ်ရသတုံး.... (အနိစ္စဉာဏ်ရပါတယ်) ခန္ဓာက ဒုက္ခပြယင် .... (ဒုက္ခဉာဏ်ရပါတယ်ဘုရား) ခန္ဓာက အနတ္တပြလိုက်တဲ့အခါ....(အနတ္တဉာဏ်ရပါတယ်ဘုရား)။

ဒါဖြင့် ကိုယ်လုပ်လို့ရတဲ့ဉာဏ်လား-ဓမ္မကပေးတဲ့ ဉာဏ်လား (ဓမ္မကပေးတဲ့ဉာဏ်ပါဘုရား)။

ဒါ့ကြောင့် တကာကြွယ်ရေ- ဓမ္မကပေးတဲ့ ဉာဏ်သည်သာလျှင် ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်တဲ့ဉာဏ်....(မှန်ပါ့) ကိုယ့်ဟာကိုယ် လုပ်ယူတဲ့ ဥစ္စာတွေကတော့ ဉာဏ်ကိုမဟုတ်ဘူး၊ ပဋိစ္စသမုပ္ပါဒ် မပြတ်နိုင်ဘူး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ အန်မတန်ရှင်းအောင်လို့လဲ တကာကြွယ်ရေ ဥပမာဥပမေယျနဲ့ ဟောထားတာပဲ.... (မှန်ပါ့) ကျေနပ်ကြပလား.... (ကျေနပ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် ဦးလှဘူးရေ မမြင်သေးယင် ကိုယ်က အနိစ္စလို့ကို မရှုနဲ့နော်....(မှန်ပါ့ဘုရား)။

ဓမ္မမမြင်သေးယင်.... (အနိစ္စလို့ကိုမရှုပါနဲ့) ဓမ္မကပြတာကိုသာလျှင် ကိုယ့်ဉာဏ်ကမြင်ဖို့ ဉာဏ်ဟာ ပင်ကိုယ်က ကျုပ်ဟာ သိတတ်ပါတယ်....(မှန်ပါ့) အမှန်အကန် သိတတ်တာ ဉာဏ်လို့ မဆိုဘူးလား....(ဆိုပါတယ်ဘုရား)။

ဒီဉာဏ်ကို အနိစ္စဉာဏ်လို့ ဆိုင်းဘုတ်ဆွဲရခြင်းသည်အနိစ္စက ပြလို့ အနိစ္စဉာဏ်ဖြစ်ရတယ်....(မှန်ပါ) ဒုက္ခကပြလို့.... (ဒုက္ခ ဉာဏ်ဖြစ်ရပါတယ်) အနတ္တကပြလို့.... (အနတ္တဉာဏ်ဖြစ်ရပါ တယ်ဘုရား) အဲဒီဉာဏ်မျိုးမှ ဝိပဿနာဉာဏ်....(မှန်ပါဘုရား)။

ဒီဉာဏ်မျိုးမှ ...(ဝိပဿနာဉာဏ်ပါ) အင်း....ဟိုကပြတာကို ဒီကကြည့်လို့ ရှုလို့ဖြစ်တဲ့ဉာဏ်....( မှန်ပါ ) ဓမ္မကပြတာကို ကြည့်လို့ ရှုလို့ဖြစ်တဲ့ဉာဏ်ကို ဝိပဿနာဉာဏ်လို့ ခေါ်သည်.... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် စာက ဒီလိုဆိုတယ်ဆိုတာ မပြောကြပါနဲ့....(မှန်ပါ) ဓမ္မက ဒီလိုဆိုတယ်လို့ ပြောကြစမ်းပါ....(မှန်ပါ) သဘောကျ ပလား....(ကျပါပြီဘုရား)။

တချို့က ကျုပ်မြင်တာ စာနဲ့ မတည့်သေးပါဘူးလို့ ဒီလို မယူပါနဲ့....(မှန်ပါ)စာက ဘာမှမဆိုင်ဘူး....(မှန်ပါ) စာက မှတ် တမ်းသာရှိတယ်(မှန်ပါ)ဓမ္မက ပြတာကို ဉာဏ်အမည်ပြောင်းရ တာကို ထောက်ကြည့်ပါတော့....(မှန်ပါဘုရား)။

ဓမ္မက ပြတာကို....(ဉာဏ်အမည် ပြောင်းရတာကို ထောက် ကြည့်ပါဘုရား)။

ဒါဖြင့် ဒီဉာဏ်သည် ပင်ကိုယ်က သူသိတတ်တဲ့ သဘောသာ ရှိတယ်၊ သူ့မှာ အနိစ္စဆိုင်းဘုတ်ဆွဲစရာမရှိဘူး....(မရှိပါဘုရား)။

ဘယ့်နှယ်ကြောင့် သူ့ကို အနိစ္စဉာဏ်လို့ ဆိုင်းဘုတ်တပ်ဆွဲ ရသတုံးလို့ မေးတဲ့အခါကျတော့မှ ဓမ္မက အနိစ္စပြလို့ဘုရား၊ ဒီဉာဏ်ဟာ အမည်ပြောင်းသွားပါတယ်.... (မှန်ပါဘုရား)။

အနိစ္စဉာဏ်လို့ အမည်ပြောင်းသွားတယ်.... (ပြောင်းသွားပါတယ်) ဒုက္ခဉာဏ်လို့....(အမည်ပြောင်းသွားပါတယ်) အနတ္တဉာဏ်လို့(အမည်ပြောင်းသွားပါတယ်)အင်း တကာသစ် ဘယ်သူ့ကြောင့် ပြောင်းရတာတုံး.... (ဓမ္မကြောင့်ပြောင်းရတာပါဘုရား)။

ဒါဖြင့် ဓမ္မကပြောင်းလို့ရတဲ့ဉာဏ်ဖြင့် ကိုယ်ရတဲ့ဉာဏ်ဆိုတဲ့ဥစ္စာ ဓမ္မကပေးတဲ့ဉာဏ် (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အင်း.... ဘယ်သူကပေးတဲ့ ဉာဏ်ပါလိမ့်.... (ဓမ္မကပေးတဲ့ဉာဏ်ပါဘုရား)။

ဒါဖြင့် ဓမ္မကပေးတဲ့ ဉာဏ်သာလျှင် တကာတကာမတို့ခန္ဓာထဲမှာပေါ်သောကြောင့် ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ကိုဖြတ်ပါတယ် (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဓမ္မကပေးတဲ့ဉာဏ် ခန္ဓာထဲ မရောက်ဘူးလား.... (ရောက်ပါတယ်)ဒါဖြင့် ဒီဉာဏ်သည် တခြားသောတရားတွေကို၊ တဏှာ ဥပါဒါန်ကံတွေကို တကာသစ် မဖြတ်ဘူးလား.... ဖြတ်သလား (ဖြတ်ပါတယ်)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဓမ္မကပေးတဲ့ဉာဏ်မှ ဖြတ်တယ်(မှန်ပါ့)ဓမ္မကမပေးတဲ့ဉာဏ်ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ ဖြတ်ကိုမဖြတ်နိုင်ဘူး.... (မဖြတ်နိုင်ပါ)သဘောပါလား... (ပါပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဉာဏ်အမည်ဟာ ပင်ကိုယ်က တလုံးတည်း....(မှန်ပါ့) ဉာဏ်ပဲ သူ....(မှန်ပါ့) သို့သော် သူက

ပေါ်နိုင်တာလားတဲ့ ဓမ္မက အရင်ပေါ်နိုင်တာလား....( ဓမ္မက အရင်ပေါ်နိုင်တာပါ) ဒါဖြင့် ဓမ္မက လုပ်တဲ့ဉာဏ်....(မှန်ပါ့) ဒီလိုလဲ မှတ်ပါဦး....(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်....(ဓမ္မကလုပ်တဲ့ဉာဏ်ပါ) ဓမ္မကလုပ်တဲ့ ဉာဏ်....(မှန်ပါ့ဘုရား)။

ကိုယ်ဆုတောင်းလို့ရတဲ့ ဉာဏ်လား- ဓမ္မကပေးတဲ့ဉာဏ် လား....(ဓမ္မကပေးတဲ့ဉာဏ်ပါ)ဒါဖြင့် တကာသစ်၊တကာကြွယ် တို့ သွားကုန်ပြီ ခင်ဗျားတို့ဟာတွေ....(မှန်ပါ့ဘုရား)။

ပါရမီ တစ့တစပြည့်အောင်ပေါ့ဆိုတော့ မလုပ်လဲ မလုပ် ပဲနဲ့ သူ့ဟာသူ ပြည့်လာမှာဆိုဘော့ ဓမ္မကလဲ ရှုလဲမရှုတော့ ဓမ္မက မပေးဘူး၊မပေးဘော ဉာဏ်ညွန့်တုံးပြီးသကာလ တကာ တကာမတို့ ပျောက်ပျက်သွားတာပဲ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဓမ္မကပေးတဲ့ဉာဏ်ကို ဓမ္မကိုရှုပါမှ တကာဘကာမတို့ သိတဲ့အတိုင်းတဲ့ ဉာဏ်စစ် ဉာဏ်မှန်ရမယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ပါရမီဉာဏ်တွေဟာ တကာတကာမတို့ ကိုယ်ဆု တောင်းယူလို့ရဘာလား-ဓမ္မကပေးတဲ့ဘရားလား.... (ဓမ္မက ပေးတဲ့ဘရားပါဘုရား)။

ပါရမီ တစတစပြည့်အောင်တော့ ကျုပ်တို့တော့ ဒီလိုလုပ် ရမှာပဲဆိုတော့ သူ့ဟာသူ ပြည့်လာတာလား၊ ဓမ္မက ပေးမှ ပြည့်မှာလား....(ဓမ္မကပေးမှ ပြည့်မှာပါဘုရား)။

တကာသစ် ဖျောက်ဘော့.... ရှေးမူတွေ ဖျောက်ဘော့....

"(ဖျောက်ရမှာ) တကာကြွယ် ဖျောက်ရမယ်.... (ဖျောက်ရပါမယ်ဘုရား)။

ဒီဉာဏ်က အလိုလိုလာတဲ့ဉာဏ်လား၊ ဓမ္မလာယင် ရှုမယ်ဆိုတဲ့ ဝီရိယကလေး စိုက်ထားလို့ တကာတကာမတို့ သတိကလေးထားလို့ ဓမ္မလာတဲ့အခါ ဝီရိယနဲ့ သတိက အားပေးလိုက်လို့ ပေါ်လာတဲ့ ဉာဏ်ကိုးဗျ....(မှန်ပါ့) သူ့အလိုလိုပေါ်တဲ့ ဉာဏ်လား- ဓမ္မကြောင့်ဖြစ်တဲ့ဉာဏ်လား.... ( ဓမ္မကြောင့်ဖြစ်တဲ့ဉာဏ်ပါဘုရား)။

ဒါဖြင့် ပညာပါရမီဆိုတာ တကာသစ်ပဲ စဉ်းစားပါတော့ အလိုလိုဖြစ်တာလား၊ ဓမ္မရှုမှ ဓမ္မကပေးတာလား.... (ဓမ္မရှုမှဓမ္မကပေးတာပါဘုရား)။

ဩော်.... ဒီလိုထိအောင် မသိတဲ့ပုဂ္ဂိုလ်တွေအတွက် ဆရာဘုန်းကြီး အားကြီးခက်တယ်....( မှန်ပါ့ ) အားကြီးခက်သွားပြီ၊ မင်းပါရမီဆိုတာ တစ တစ ပြည့်ဘာပေါ့၊ မင်းဟာမင်း နေကတည်းကဖြစ်တယ်(မှန်ပါ့) သူ့ဟာသူနေလို့တော့ ဘယ့်နှယ်လုပ်ပြည့်မတုံး....(မပြည့်ပါ) ဓမ္မလာတိုင်း ဉာဏ်ရနေလို့ ရှိယင်ဖြင့် ပြည့်မှာပဲ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် အနိစ္စရှုလို့ ရှိယင် တကာတကာမတို့ နိဗ္ဗာန်လဲရောက်ပါတယ်....(မှန်ပါ့) ဒီ့ပြင်ဘာဖြစ်သေးသတုံးဆိုလို့ ရှိယင်လောဘစင်၍ စက်ဆုပ်ဖွယ်မြင်ပါတယ်....(မှန်ပါ့)။

အနိစ္စရှုလို့ ရှိယင်.... (လောဘစင်၍ စက်ဆုပ်ဖွယ်မြင်ပါတယ်ဘုရား)။

ဒုက္ခရှုယင် ဒေါသစင်၍ ကြောက်ခြင်း,လန့်ခြင်း များပါ တယ်....(မှန်ပါ)။

အနတ္တရယ်လို့ ဉာဏ်ထဲမှာရှုယင် အနတ္တကို များများကြီး မြင်တဲ့ ပုဂ္ဂိုလ်သည် တဏှာ,မာန,ဒိဋ္ဌိ စင်ပါတယ်....(မှန်ပါ့) ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ဒီ အနိစ္စ,ဒုက္ခ,အနတ္တ ပေါင်းလိုက်တဲ့အခါကျတော့ တကာ တကာမတို့ ဖြစ်ပျက်ထဲ သွားဝင်တယ်....(မှန်ပါ့ဘုရား)။

အနိစ္စ,ဒုက္ခ,အနတ္တ ပေါင်းလိုက်ယင်.... (ဖြစ်ပျက်ထဲ သွားဝင် ပါတယ်ဘုရား)။

ဒါဖြင့် တကာသစ်တို့ တကာကြွယ်တို့က စဉ်းစားတာပေါ့ ဩော်.... ဒို့ဖြစ်ပျက်ဘလုံး ဒို့-ပိုင်ပိုင်ရှုနေဖို့ အရေးကြီးတယ်.... (မှန်ပါ့ဘုရား) တရားပြားနေဖို့ အရေးမကြီးပါဘူး.... (မှန်ပါ့ ဘုရား)။

ဒို့-ဖြစ်ပျက်ကို ဒို့ဉာဏ်နဲ့ တည့်နေဖို့သာ ဖြစ်ပျက်လာတိုင်း ဉာဏ်ပေါ်ဖို့ အရေးကြီးတယ်.... ( မှန်ပါ့ ) သဘောပါကြ ပလား....(ပါ-ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် မနေ့က သိကြားမင်းကြီးကို ပြောတော့ သိကြားမင်းကြီးက အရှင်ဘုရား....တဲ့၊ လူတွေ ရောဂါအန္တရာယ် များ အသက်တိုတာ ဘာ့ကြောင့်တုံးဆိုတော့ တကာသစ်-ရေ ဣဿာ,မစ္ဆရိယကြောင့်....တဲ့....(မှန်ပါ့)။

လူတွေ အသက်တိုတယ် ရောဂါများတယ်ဘုရာ့၊ဘာ့ကြောင့် ပါလိမ့်မတုံးဆိုတော့.... ( ဣဿာ,မစ္ဆရိယကြောင့်ပါဘုရား ) ဒါဟာ ဘုရားက ဖြေပြီ....(မှန်ပါ့)။

ဒီဣရိယာ,မစ္ဆရိယဟာ ဘုရား ဘယ်က လာသတုံး....ဆိုတော့ ဘုရားက ဘယ့်နှယ်ဖြေသတုံး.... (ချစ်ခြင်း,မုန်းခြင်းက လာပါတယ်ဘုရား) ချစ်ခြင်း,မုန်းခြင်းက လာတယ်....(မှန်ပါ့)။

အရှင်ဘုရား....ဒါတော့ ရိပ်မိပါပြီ၊ ချစ်ခြင်း,မုန်းခြင်း အရှင်ဘုရားပြောလို့ ရှင်းပါပြီ၊ ဝိစိကိစ္ဆာတော့ သေပါပြီလို့ သူပြောတယ်...(မှန်ပါ့) အဲဒီ ချစ်ခြင်း,မုန်းခြင်းက ဘယ်ကလာပါလိမ့်မလဲဘုရားလို့ ဆက်မေးတယ်....(မှန်ပါ့) ဘယ်ကလာကြသတုံး....(ဆန္ဒကလာပါတယ်ဘုရား)။

အဲဒါ ဘုရားအဖြေတွေ ခင်ဗျားတို့ ပါးစပ်ထဲရောက်နေတာ အင်မတန် အဖိုးတန်နေပြီ....(မှန်ပါ့)။

ဘုရားအဖြေတွေ ခင်ဗျားတို့ ပါးစပ်ထဲ ရောက်နေသောကြောင့် တကာတကာမတွေ ဒီဉစ္စာ ဓမ္မစေတီထိုက်တယ် မှတ်ပါ....(မှန်ပါ့)။

ဘုရားဉာဏ်တွေ ကိုယ့်ဝမ်းထဲမှာ ရောက်လာကတည်းက ဒီဉာဏ်က ဌာပနာ ...(မှန်ပါ့) ဒီ့ပြင် အသားတွေ အရိုးတွေက အုတ်တွေ....(မှန်ပါ့ဘုရား) ဒီဉာဏ်က ဌာပနာဖြစ်သောကြောင့် ခင်ဗျားတို့ ဓမ္မစေတီထိုက်တယ်လို့ ဆိုတာ မှတ်ပါ.... (မှန်ပါ့) ခန္ဓာကိုယ်ကိုက စေတီထိုက်တယ်... (မှန်ပါ့ဘုရား) ရိပ်မိပြီနော်....(ရိပ်မိပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဆန္ဒ ဘယ်ကလာသတုံး....လို့ တကာသစ်တို့ အားလုံး တရားတပွဲလုံး သိကြားက ဘုရားကိုမမေးဘူးလားဗျာ (မေးပါတယ်ဘုရား) မေးတော့ ဘုရားက ဘယ့်နှယ်ဖြေသတုံး (ဝိတက်က လာပါတယ်ဘုရား)။

ကိုင်း....ခင်ဗျားတို့ ဒါ-နှစ်ရက်၊ သုံးရက်တိုင်တိုင် ဒီတရားကြီး ကို နာနေရတဲ့အတွက်....တဲ့ တကာကြွယ်ရေ....ခန္ဓာကိုယ် စေတီ ထိုက်တာကော သိပလား....(သိပါပြီဘုရား)။

ဒါ့ကြောင့် မမေ့တဲ့ပုဂ္ဂိုလ်မှာ စေတီထိုက်တယ်....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒီဝိတက်ကလဲ တကာတကာမတို့ ဘယ်က လာသတုံး ဘုရား လို့ သိကြားက မေးပြန်တော့လဲ ဘုရားက ပပဉ္စကလာတယ်လို့ မဖြေဘူးလား....( ဖြေပါတယ်ဘုရား ) သဘောကျပလား.... (ကျပါပြီ)။

တကာတကာမတို့ ဒါ....မမေ့အောင်လို့ ဒီကနေ့ သိကြား သိမ်းမည့်နေ့ဖြစ်လို့....နော်....(မှန်ပါ့)။

ကဲ....တကာသစ် သွားပါဦး၊ ဒီပပဉ္စကလဲ ဘယ်ကများ လာ ပါလိမ့်မလဲ....(ဝေဒနာသုံးပါးက လာပါတယ်ဘုရား) ရှင်းပြီ.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝေဒနာသုံးမျိုး ကျုပ်တို့က ဖြစ်ပျက်ရှုလိုက်သို့ ဝေဒနာတွေ အကုန် အနိစ္စဖြစ်လို့ရှုယင်ဖြင့် ဒီဉာဏ်သည် အနိစ္စ မြင်တဲ့ဉာဏ်၊ ဒုက္ခမြင်တဲ့ဉာဏ်၊ အနတ္တမြင်တဲ့ဉာဏ်သည် တဏှာ မာန ဒိဋ္ဌိ မသေဘူးလား....( သေပါတယ်ဘုရား ) တကာသစ် ရှင်းပြီ....(ရှင်းပါပြီဘုရား)။

ဝေဒနာသုံးမျိုး ဖြစ်ပျက်ရှုလိုက်တဲ့ အခါကျသော့ တဏှာ၊ မာန၊ ဒိဋ္ဌိ ဘယ်နှယ်နေသတုံး....(သေပါတယ်ဘုရား)။

တဏှာ မာန ဒိဋ္ဌိသေယင် ဝိတက်ကော ကျန်ဦးမလား.... (မကျန်ပါဘုရား) ဝိတက်မှ မကျန်ပဲနဲ့ ဆန္ဒကကော....(မကျန်

ပါဘုရား) ဆန္ဒမှ မရှိပဲနဲ့ ချစ်ခြင်း, မုန်းခြင်းကော.... (မရှိပါဘုရား) ချစ်ခြင်း,မုန်းခြင်းမှမရှိပဲနဲ့ ဣဿာ,မစ္ဆရိယ.... (မရှိပါဘုရား) ဣဿာ-မစ္ဆရိယမှ မရှိပဲနဲ့ ရောဂါများ အသက်တို့ကော ရှိနိုင်ပါဦးမလား....(မရှိနိုင်ပါဘုရား) ဒီလို ပဋိလောမလဲပြန်လှည့်ရတယ်.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

အင်မတန် တကာကြွယ်-ရေ....ဒီတကာတကာမတွေမှာတော့ ကျေးဇူးများလိုက်တာဖြင့် ပြောစရာမရှိဘူး....(မှန်ပါ) ကျေးဇူးများလိုက်တာဖြင့် တကာတကာမတို့ ခင်ဗျားတို့ ခန္ဓာကိုယ်စေတီထိုက် နိဗ္ဗာန်လဲရမည့်ပုဂ္ဂိုလ်တွေ ဖြစ်နေတော့ တယ်ပြီး ဒီဥစ္စာ ကျေးဇူး အလွန်အလွန် များတယ်ဆိုတာ ဦးလှဘူး ပေါ်နေပြီ.... ( ပေါ်နေပါပြီဘုရား ) မပေါ်လာဘူးလား.... (ပေါ်လာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် မနေ့က ဥပေက္ခာဝေဒနာကလေး ကျန်နေတယ်....(မှန်ပါ)။

တကာတကာမတို့ မျက်လုံးက မြင်တယ်ဆိုယင် မြင်ကာမျှမတ္တ မြင်ရုံကလေး၊ မန်ကျည်းရွက်ဖြင့် မန်ကျည်းရွက် မြင်လိုက်တယ်၊ လိုချင်တာ မလာခင်ကလေးဟာ ကြောက်တာ မလာခင် တကာတကာမတို့ ဥပေက္ခာကလေး....(မှန်ပါ)။

မြင်-မြင်ချင်း ဘာတုံး.... (ဥပေက္ခာပါဘုရား)အသံကလေးကြား၊ ကြား-ကြားချင်း အကောင်းအဆိုးမရွေးခင် ဘာဆိုကြမတုံး....(ဥပေက္ခာပါဘုရား)။

အနံ့ကလေးဟာ ပုပ်တယ်-ညှီတယ်လို့ မရွေးခင် နံ့-နံ့ချင်း ဘာတုံး....(ဥပေက္ခာပါဘုရား)။

စားတာကလေးဟာ ဘာဟင်း-ညာဟင်း မရွေးခင် စား-စား ချင်း ပေါ်တဲ့စိတ်ကလေး ဘာဆိုမလဲ....(ဥပေက္ခာပါဘုရား)။

ဪ.... ဒါဖြင့် အဲဒီ ဥပေက္ခာကလေးကိုလဲ ဥပေက္ခာ လေး မျိုးလို့ မှတ်ထားလိုက်စမ်းပါ....(မှန်ပါ)။

တခါ ခင်ဗျားတို့ တရားနာလာကြတယ်၊ တရပ်တကျေး သွားကြတယ်၊ ကိုယ်ရှာထားတဲ့ပစ္စည်းကလေး, အိမ်တွေ, တိုက် တွေ, တာတွေ,ကိုယ်တတ်အားသရွေ့ ချမ်းသာတာတွေ ထားပစ် ခဲ့ကြရတယ်....(မှန်ပါဘုရား)။

ထားပစ်ခဲ့ကြတဲ့ အခါကျတော့ ဒီဟာတွေ အာရုံပြုလိုက် သည်နဲ့ တပြိုင်နက်တည်း အို....ဘယ်သူယူယူပေါ့- ကမ္မဿကာ ပေါ့.... (မှန်ပါဘုရား) ဒီစိတ်ကလေးကော မပေါ်ဘူးလား.... ( ပေါ်ပါတယ်ဘုရား ) အဲဒါ ဥပေက္ခာကလေး.... (မှန်ပါ ဘုရား)။

ဒီစိတ်ကလေးဟာ ဘာစိတ်ခေါ်မယ်- (ဥပေက္ခာပါဘုရား) ကမ္မဿကာပဲ....တဲ့၊ ဘယ်သူသေတယ် ကြားတယ် အရပ်မှာ အင်း....ကမ္မဿကာပဲ မသွားနိုင်ပါဘူး.... (မှန်ပါ) ဘယ်သူဟာ ဖြင့် သားရတနာ-သမီးရတနာ မွေးဖွားသတဲ့၊ အင်း.... သွား မမေးနိုင်ပါဘူး ကမ္မဿကာပဲ....(မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီစိတ်ကလေး ဘာဆိုကြမယ်....(ဥပေက္ခာပါဘုရား)ဥပေက္ခာဝေဒနာလို့ မှတ်လိုက်....(မှန်ပါ့)။

အဲဒီတော့ ဥပေက္ခာဝေဒနာသည် တကာတကာမတို့ မျက်စိနား-နှာခေါင်း-လျှာ-ဝမ်းထဲ....(မှန်ပါ့) ငါးခုမရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီငါးခုကို တကာတကာမတွေက လာတိုင်း- လာတိုင်း ဘယ်ဝေဒနာ ပေါ်ပေါ် ခင်ဗျားတို့က ဖြစ်ပျက်ရှုပါ....

ဝေဒနာငါးခုကတော့ လှည့်လာမနေ၁်....(မှန်ပါ့) လာလို့ရှိယင် ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဝေဒနာငါးခုကလဲ တပြိုင်နက်လာမှာလား၊ တကာသစ်ရေပေါ်ချင်သလို ပေါ်မှာလား.... ( ပေါ်ချင်သလိုပေါ်မှာပါ ) အဲ.... ပေါ်ချင်သလိုပေါ်တဲ့ တရားကလေး ဘာလုပ်ရမလဲ....( ဖြစ်ပျက်ရှုရပါမယ်ဘုရား ) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ အထူးကလေးလဲ မှတ်လိုက်ပါဦး၊ သုခဝေဒနာပေါ်ယင် ဒုက္ခနဲ့ ဥပေက္ခာမရှိဘူး ဝမ်းထဲမှာ....(မှန်ပါ့) ဥပေက္ခာဘာခုပေါ်နေယင် သုခနဲ့ဒုက္ခ....(မရှိပါဘုရား)။

သောမနဿဆိုတဲ့ သုခတခု ပေါ်နေယင် ကျန်တဲ့ဒုက္ခနဲ့ ဥပေက္ခာ....(မရှိပါ) ဒါဖြင့် တခုတည်းရှုရမယ်.... (မှန်ပါ့)ပေါ်တဲ့ တခုတည်း ရှုရမယ်....(မှန်ပါ့) သဘောပေါ်ပလား.... (ပါ-ပါပြီဘုရား)။

ကဲ....ယနေ့တော့ဖြင့် ဥပေက္ခာပြုရမှာဖြစ်နေတော့ တကာသင်ရေ-ဥပေက္ခာပေါ်တိုင်း-ပေါ်တိုင်း ကျုပ်တို့က မဂ္ဂင်နဲ့ရှုရလိမ့်မယ်....(မှန်ပါ့) မရှုရဘူးလား....(ရှုရပါမယ်ဘုရား)။

ရှုလိုက်တဲ့အခါကျလို့ ရှိယင်ဖြင့်တဲ့ ဥပေက္ခာဝေဒနာဆိုတာသိပြီ....(မှန်ပါ့) မရှုမိလို့ ရှိယင်ဖြင့် ဥပေက္ခာဝေဒနာပေါ်တယ် (မှန်ပါ့)။

ကျုပ်တို့ တကာတကာမတွေ့က ဘာပေါ်မှန်းလဲမသိဘူး.... (မှန်ပါ့) မသိတော့ အဝိဇ္ဇာလာတယ်၊ မရှုတဲ့ပုဂ္ဂိုလ်မှာ-(မှန်ပါ့ဘုရား)။

အဝိဇ္ဇာပစ္စယာ.... (သင်္ခါရာပါ) သင်္ခါရပစ္စယာ.... (ဝိညာဏံပါ)ခြေ....သံသရာဆက်သွားတယ်(မှန်ပါ့)ဒီဘဝသံသရာကနှစ်ခု၊နောက်သံသရာက....(တခုပါ)သဘောကျပလား (ကျပါပြီဘုရား)။

ဒါ- ဥပေက္ခာဖြစ်တာပျက်တာကို မသိလိုက်တဲ့ ပုဂ္ဂိုလ်မှာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ....၊ ဟိုဘက် ဒုက္ခက္ခန္ဓသကျအောင် တကာသစ်သွားပြီ.... (သွားပါပြီ) ဒါ-ဘာမရှုမိတာတုံး....(ဥပေက္ခာမရှုမိတာပါဘုရား)။

ဥပေက္ခာမရှုမိတဲ့အတွက် တကာကြွယ် သံသရာဖြင့် ပစ္စုပ္ပန်ဘဝနဲ့ အနာဂတ်ဘဝဆက်မိသွားပြီ.... (မှန်ပါ့) မနာဘူးလား (နာပါတယ်ဘုရား)။

နိဗ္ဗာန်ရမှာ ဒုက္ခဆက်နေတယ်(မှန်ပါ့) သိပ်ဆိုးရွားသွားပါလား....(ဆိုးရွားသွားပါတယ်) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကဲ.... ဒါဖြင့် တကာသစ်ရေ- ဘာလုပ်ရမှာတုံး ဆိုတော့ အဝိဇ္ဇာမလာအောင် လုပ်ရလိမ့်မယ်....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ.... (အဝိဇ္ဇာမလာအောင် လုပ်ရပါမယ် ဘုရား)။

ဒါဖြင့် မျက်လုံးက မြင်ကာမျှမတ္တကလေးပေါ်လာလို့ရှိယင် အဲဒီမြင်တာကလေး ဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုရလိမ့်မယ်....(မှန်ပါ့)။

ဖြစ်ပျက်ရှုလိုက်တော့ ဖြစ်ပျက်မဂ်ဆိုတော့ အဝိဇ္ဇာသင်္ခါရ လာသေးသလား.... (မလာပါ) အကြောင်းချုပ်ပြီ... (မှန်ပါ့) အကြောင်းချုပ်ယင် ဒီဘက် အနာဂတ်ခန္ဓာ ဘယ့်နှယ်တုံး.... (ချုပ်ပါတယ်ဘုရား)။

အင်း....ဒါဖြင့် တကာတကာမတို့ ဥပေက္ခာပေါ်တိုင်း-ပေါ်တိုင်းလဲ တကာသစ် ဘာလုပ်ရမယ်.... ( ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ ဘယ်သူချုပ်ပါလိမ့်ဗျာ(အဝိဇ္ဇာသင်္ခါရ ချုပ်ပါတယ်) အဝိဇ္ဇာသင်္ခါရချုပ်တယ်....(မှန်ပါ့) မချုပ်ပါနဲ့ ဆိုလို့ရသေးရဲ့လား....(မရပါဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ အဝိဇ္ဇာချုပ်စေချင်လို့ရှိယင်ဖြင့် ဥပေက္ခာရှုရမယ်... (မှန်ပါ့)။

အဝိဇ္ဇာချုပ်စေချင်ယင်.... ( ဥပေက္ခာရှုရပါမယ် ) ဒါဖြင့် တကာကြွယ်ရေ-ပဋိစ္စသမုပ္ပါဒ်အစကပြတ်ဘယ်....(မှန်ပါ့)ဘယ့်နှယ်ကြောင့် အစကပြတ်သတုံးမေးတော့'အဝိဇ္ဇာပစ္စယာသင်္ခါရာ'

ကိုးဗျ ...(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်အစဟာ အဝိဇ္ဇာက မစ လား.... (စ ပါတယ်ဘုရား)။

ကဲ....ဥပေက္ခာရှုတဲ့ ပုဂ္ဂိုလ်ချားမှာ ပဋိစ္စသမုပ္ပါဒ် အစက ပြတ်တယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်.... (အစကပြတ်ပါတယ်)ဒါဖြင့် ဥပေက္ခာ လာတိုင်း လာတိုင်း ခုနင်ကပြောတဲ့ ငါးမျိုးရှိတဲ့အနက်က တကာသစ်ရေ-လာတိုင်း-လာတိုင်း ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်) ဘာချုပ်သတုံး.... (အဝိဇ္ဇာ သင်္ခါရချုပ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် သံသရာ ဆက်သေးရဲ့လား....(မဆက်ပါ) ပဋိစ္စသမုပ္ပါဒ်အစကပြတ်တယ်....(မှန်ပါ့) မပြတ်ဘူးလား-(ပြတ်ပါတယ် ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဒီလိုပြတ်တော့ ဒီပုဂ္ဂိုလ်ဟာ သံသရာမှာ ဆက်စရာရှိသေးရဲ့လား....(မရှိပါဘုရား)။

နေရာကျပြီ....(မှန်ပါ့) နေရာကျပြီ တကာတကာမတို့၊ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဆဆက္ကသုတ်မှာ ဟောလိုက်ပါတယ်....(မှန်ပါ့)။

ဟော့....တဲ့ ဥပေက္ခာဝေဒနာမရှုပဲနဲ့ အဝိဇ္ဇာချုပ်လိမ့်မယ်လို့ ငါမဟောဘူးတဲ့.... (မှန်ပါ့) ဟောကော ဟောနိုင်ရဲ့လား (မဟောနိုင်ပါ)အဝိဇ္ဇာမချုပ်ပဲနဲ့ ဝိဇ္ဇာမဂ်ဉာဏ်ရလိမ့်မယ်လို့လဲ ငါ မဟောဘူးတဲ့....(မှန်ပါ့) ဟောလို့ကော ဖြစ်သေးရဲ့လား-(မဖြစ်ပါဘုရား)။

ကဲ ...ဒါဖြင့် တကာတကာမတို့ ဒါ ဝိဇ္ဇာမဂ်ဉာဏ် မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဝေဒနာသုံးပါးကို ရှေးဦးစွာ ဖြစ်ပျက် မြင်အောင်ရှုပါ....(မှန်ပါ့) နောက် ရှုပါများတော့ တကာသစ် ဘာဖြစ်မတုံး....(မုန်းလာမှာပါဘုရား)။

တခါ မုန်းရာကနေပြီး ဆက်လက်ပြီး ရှုပြန်တော့လဲ ဘာဖြစ် သွားမလဲ....(ဆုံးသွားပါတယ်ဘုရား)။

ဆုံးသွားတော့ "ဝေဒနာနံ ခယာ ဘိက္ခု၊ နိစ္ဆာတော ပရိနိဗ္ဗုတော" (မှန်ပါ့)သူပရိနိဗ္ဗာန်စံပြီတဲ့(မှန်ပါ့) ဘယ်သူတုံးဆိုတော့ လောဘ ဒေါသ မောဟ ချုပ်တဲ့အတွက် ခန္ဓာပင်ရှိငြားသော်လဲ နိဗ္ဗာန်ရောက်ပြီတဲ့(မှန်ပါ့ဘုရား)သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဒါဖြင့် ဖြစ်ပျက်သည် ဒုက္ခသစ္စာ....(မှန်ပါ့) မြင်တာသည်.... (မဂ္ဂသစ္စာပါ) သေဘာက.... (သမုဒယသစ္စာပါ) သဘောကျ ပလား....(ကျပါပြီ) သေပြီး နောက်ခန္ဓာ မလာတာတွေက ဘာ သစ္စာတုံး.... (နိရောဓသစ္စာပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

အဲဒီလိုလဲ ဘုရားက ဟောပါရောတကာကြွယ်-ရေ တရားပွဲ ကြီးထဲမှာ နတ်တွေရော ဘာတွေရော အကုန်အများကြီးမှာ သိကြားက နာလဲနာပြီးလို့ သောတာပန်တည်ပါတယ်(မှန်ပါ့) ဖျတ်ဆိုစုတိစိတ်ကျတယ် .... (မှန်ပါ့) စုတိစိတ် ကျပြီးသကာလ သွားတော့ ခန္ဓာပျောက်တယ်....(မှန်ပါ့ဘုရား)။

ခန္ဓာကြီးတော့ မရှိဘူး.... (မှန်ပါ့)နောက် ဒီနေရာမှာ နတ် ခန္ဓာပဲ ပြန်ပြီးအစားထိုးလိုက်တယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် အသေခန္ဓာနောက်က အရှင်ခန္ဓာ အစားထိုးလိုက်တယ်....(မှန်ပါ)အရှင်ခန္ဓာအစားထိုးတော့ သောတာပန်ခန္ဓာပဲ ဖြစ်သွားတယ်....(မှန်ပါဘုရား)။

ဒါဖြင့် သိကြားမင်းကြီး သောတာပန်တည်တာ ဒီအမေး ဒီအဖြေတွေကြောင့် တည်ရတယ်(မှန်ပါ)ဒီဝေဒနာနိဂုံးချုပ်ပြီး လုပ်လိုက်လို့ တည်ရတယ်ဆိုတာ သဘောကျပလား....(ကျပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတွေ ဒီဝေဒနာသုံးပါးသာ လှည့်ရှု လို့ ရှိယင်ဖြင့် သောတာပန်လဲတည်ပါတယ်(မှန်ပါ) နောက်ခန္ဓာ သေပြန်လို့ ရှိယင်လဲ သေချင်သေ၊အထက်မဂ်မရသေးယင် သော တာပန်ပဲ ပြန်ဖြစ်မယ်.... (မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

ကိုင်း....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မမွာရုံ၌-ဟောကြား ဆုံးမတော်မူသော

အိမ်တွင်းပဋိစ္စသမုပ္ပါဒ်တရားတော် (၁)

# နေ့အလုပ်ပေး-တရားတော်

( ၂၉-၉-၆၁ )

အိမ်ထဲမှာ အလုပ် - လုပ်ပြီးသကာလ နေတဲ့ဥစ္စာ တကာ တကာမတွေ ကိုယ့်အိမ်ကိုယ့်ရာမှာပဲ အလုပ်လုပ်ပြီးသကာလ နေကြငြားသော်လဲ သတိလွတ်ကင်းပြီးသကာလနေမယ်၊ ပညာလွတ်ကင်းပြီးသကာလနေမယ်ဆိုယင်လဲအိမ်ထဲကနေပြီးသကာလ အပါယ်လေးပါး သွားနိုင်သေးတယ်နော်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အိမ်ထဲမှာသတိထားဖို့ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်ကိုလဲ တကာတကာမတွေ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောခဲ့တဲ့အတွက် ကိုယ့်လုံခြုံရေးကို ကိုယ်သတိထားဖို့ရာသည် အိမ်တွင်းမှာ သူခိုးဝင်လို့ ရှိယင်ဖြင့် အိမ့်ရှင် မသက်သာသလို ကိလေသာသူခိုး ဝင်လာပြီဆိုမှဖြင့်တကာတကာမတို့ ခန္ဓာကြီးပါ ဆုံးရှုံးပြီးသကာလ ဒုက္ခအကြီးအကျယ် ရောက်တော့မယ်ဆိုတာ တကာကြွယ် မှတ်ရလိမ့်မယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်ကို တကာတကာမတွေ မနှစ်ကတခါဟောတယ်....(မှန်ပါ့)ဒီနှစ်တခါတကာတကာမတွေ

ခမ္မ ပျောက်ကုန်တော့မယ် ဆိုပြီးသကာလ သတိထားဖို့ပညာနဲ့ ရှုဖို့ ဒါ အင်မတန်အရေးကြီးပါတယ်....(မှန်ပါ့ဘုရား)။

တခါဥပုသ်စောင့်နေတယ် အိမ်တွင်းပဋိစ္စသမုပ္ပါဒ်နားမလည် လို့ ရှိယင် သီလညှိုးပြီးသကာလ နေပြန်တာပဲ.... ( မှန်ပါ့ ) ဝိပဿနာ အလုပ်- လုပ်နေတယ်၊ လုပ်တုန်း အခိုက်အတန့်ပဲ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်အချိန်မှာ အင်း....ဒါပဋိစ္စသမုပ္ပါဒ်ပါ လား....လည်အောင် လုပ်နေတာပါကလား—ဒါအပါယ်လေးပါး သွားဖို့ အကြောင်းပါလားလို့ မသိပြန်လို့ ရှိယင်လဲ မဖြတ် တတ်ပါဘူး....(မှန်ပါ့ဘုရား)။

အဲဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ယနေ့ဟော မည့်တရားသည် အိမ်တွင်း ဝိပဿနာ ဆိတ်နေမှာစိုးလို့ အိမ်တွင်း ကနေပြီးသကာလ အပါယ်လေးပါးကို သွားနေတတ်တဲ့ တရား ဖြစ်လေသောကြောင့် အိမ်တွင်းပဋိစ္စသမုပ္ပါဒ်ကိုလဲ ဖြတ်မှရမယ် ဆိုတာ တကာသစ်တို့ မှတ်ရလိမ့်မယ်....(မှန်ပါ့ဘုရား)။

ကောင်းပြီ ဒီဥစ္စာက သုတ်မဟာဝါပါဠိတော် မဟာပဒါန သုတ်မှာလဲ လာပါတယ်၊ အင်္ဂုတ္တိုရ်ပါဠိတော်မှာလဲ လာတယ် လို့ တကာကြွယ် ကိုယ်တော်တိုင်ဟောတာ မှတ်ရမယ်....(မှန်ပါ့ ဘုရား)။

ကိုင်း....ဒါဖြင့် ဂရုစိုက်ပြီးသကာလ တကာတကာမတွေ နားထောင်ပါတဲ့၊ ဒီတကာတကာမတွေမှာ ပစ္စည်းရှာကြတယ်၊ ပစ္စည်းရှာကြတာသည်ကားလို့ ဆိုယင် ဘယ်သူ့အတွက်ရှာကြ ပါလိမ့်မလဲလို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် ကောင်းကောင်း

နေချင်လို့ဆိုတဲ့ အဓိပ္ပာယ်ဟာ ထွက်လာတယ်.... (မှန်ပါ့) ကောင်းကောင်းဝတ်ချင်ဘယ်ဆိုတဲ့ အဓိပ္ပာယ်ထွက်လာတယ်.... (မှန်ပါ့)ကောင်းကောင်းစားချင်လို့ ကောင်းကောင်း နေချင်လို့ဆိုတဲ့ အဓိပ္ပာယ်ထွက်လာတယ်....(မှန်ပါ့ဘုရား)။

ပစ္စည်းရှာကြတာ ကောင်းကောင်းနေချင်၊ ကောင်းကောင်း စားချင်၊ ကောင်းကောင်း ဝတ်ချင်လို့ဆိုတဲ့ အဓိပ္ပာယ်ဖြင့် တကာသစ်....ငြင်းဖို့ မလိုတော့ဘူး....(မလိုပါဘုရား)။

တကာတကာမတွေ ပစ္စည်းရှာတာ ဘာဖြစ်လို့တုံးဆိုတော့ အို....တပည့်တော်တို့ဘုရား လူချင်းတူတူ သူချင်းမျှမျှ သူများနဲ့ အထက်တန်းကျကျ ဆိုသလိုပဲ နေချင်တယ်၊စားချင်တယ်၊ ဝတ် ချင်တယ်ဘုရာ့ ဆိုတော့ ကောင်းကောင်းနေချင်၊ ကောင်း ကောင်းစားချင်၊ကောင်းကောင်းဝတ်ချင်တယ် ဆိုကတည်းကိုက တကာသစ်က အကဲခတ်တာပေါ့ ဩော်....ဝေဒနာအတွက်ပါ လား....(မှန်ပါ့ဘုရား)။

ဘယ်သူ့အတွက်ပါလိမ့်.... (ဝေဒနာ အတွက်ပါ) မှတ်ထား ကြပါ၊ မှတ်ထားကြပါတဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ဝေဒနာအတွက် (မှန်ပါ့ဘုရား)။

ဘယ်သူ့အတွက်ပါလိမ့် .... (ခန္ဓာကိုယ်ထဲမှာ ရှိတဲ့ဝေဒနာ အတွက်ပါဘုရား)။

ဩော်-ဘုန်းကြီးတို့ တကာတကာမတွေကောင်းကောင်းစား ရအောင်၊ ကောင်းကောင်းနေရအောင် ကောင်းကောင်း ဝတ်ရ အောင်၊ ဆေးကောင်းကောင်းနဲ့ မကျန်းမာလဲ ကုနိုင်အောင်

ဆရာဝန် ကောင်းကောင်းနဲ့ ကုနိုင်အောင်ဆိုတော့ ကောင်းဖို့ အတွက် တကာတကာမတွေပစ္စည်းရှာကြတာပဲ (မှန်ပါ့ဘုရား)။

တကာကြွယ်ရေ ဒါဖြင့် ကောင်းကောင်းဆိုတဲ့ ဥစ္စာသည် ဘယ်ဟာပါလိမ့်မတုံးဆိုတော့ သုခဝေဒနာ....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

ဩော်....တကာတကာမတွေ ခန္ဓာကိုယ်ထဲမှာ ဝေဒနာကလဲ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာလို့ရှိတော့ ဒါ ဝေဒနာ့အတွက် ရှာကြတာပဲ.... (မှန်ပါ့) ဝေဒနာဆိုတော့ ဝေဒနာက္ခန္ဓာပေါ့ဗျာ....(မှန်ပါ့) ဝေဒနာဆိုတော့ ဘာဆိုကြ မယ်....(ဝေဒနာက္ခန္ဓာပါဘုရား)။

ဝေဒနာက္ခန္ဓာ ဘယ်မှာ ရှိပါလိမ့်မလဲလို့ တကာတကာမ တွေက စစ်တမ်းထုတ်လိုက်တဲ့ အခါကျတော့ ခန္ဓာထဲမှာ.... (မှန်ပါ့ဘုရား)။

ဝေဒနာက္ခန္ဓာ ဘယ်မှာရှိပါလိမ့်.... (ခန္ဓာထဲမှာ ရှိပါတယ်) ဩော်.... ဒါဖြင့် တကာတကာမတွေ ပစ္စည်းရှာကြတာဟာ လိုချင်လို့ ရှာကြတာတော့ ဟုတ်ပါတယ်တဲ့၊ ဘယ်သူ့အတွက် လိုချင်တာတုံးမေးတော့ ဝေဒနာခံစားချင်လို့ လိုချင်တာ.... (မှန်ပါ့)မှတ်မိကြပြီ....(မှတ်မိပါပြီဘုရား)။

အင်း....ဘယ့်နှယ်ကြောင့် ပစ္စည်းရှာ လိုချင်ကြပါလိမ့်မတုံး၊ မရ–မက လုရှာနေကြပါလိမ့်မလဲလို့ တကာကြွယ်တို့၊တကာသစ် တို့ မေးယင်ဘယ့်နှယ်ပြောကြမလဲ....(ဝေဒနာခံစားချင်လို့ပါ ဘုရား)။

ဒါဖြင့် ဝေဒနာကလာဘယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အားလုံး တကာတကာမတွေ ခင်ဗျားတို့ခန္ဓာကိုယ်ကြီးဟာ ဝေဒနာက္ခန္ဓာ မှတ်ထား.... (မှန်ပါ့) သုခဝေဒနာအတွက်လဲ ကောင်းကောင်းစားချင်လို့ ရှာတယ်....(မှန်ပါ့)ကောင်းကောင်း ဝတ်ချင်လို့.... ( ရှာပါတယ် ) ကောင်းကောင်းလှူချင်လို့.... (ရှာပါတယ်) ကောင်းကောင်းနေချင်လို့.... ( ရှာပါတယ် ) ဒါဖြင့် ကောင်းကောင်းဆိုတဲ့ဥစ္စာ ဝေဒနာ.... (မှန်ပါ့ဘုရား)။

ကောင်းကောင်းဆိုတာ ဘာပါလိမ့်.... (ဝေဒနာပါဘုရား) တကာကြွယ် သဘောပါပလား....(ပါ-ပါပြီဘုရား)။

တကာတကာမတွေမှာတဲ့ ဘာဖြစ်ဖြစ်သူတို့ ကျုပ်ကကောင်း ကောင်းမှ ကြိုက်တယ်ဆိုတော့ ကောင်းကောင်းဆိုတဲ့ ဥစ္စာက တကာသစ်တို့ မှတ်မိပါပြီ....(မှတ်မိပါပြီ) သုခဝေဒနာကို သူ ပြောတာ....(မှန်ပါ့ဘုရား)။

ဘယ်ဝေဒနာ ပြောပါလိမ့်.... (သုခဝေဒနာပြောပါဘယ်) သုခဝေဒနာပြောတာပဲ....(မှန်ပါ့ဘုရား)။

ဪ....တကာတကာမတွေ သူများအတွက် ရှာနေကြတယ် အောက်မေ့တယ်၊ မဟုတ်ပါလား-ဝေဒနာအတွက် ရှာနေကြ တယ်....(မှန်ပါ့ဘုရား)။

တကာသစ် ဘာဖြစ်ချင်လို့ ဆိုင်ကန္တာရတွေ သွားနေပါ လိမ့်မတုံး- ချမ်းသာချင်လို့ပေါ့ဘုရား....(မှန်ပါ့) ဘာချမ်းသာ ချင်သလဲ၊ ကိုယ်ချမ်းသာချင်တယ်, စိတ်ချမ်းသာချင်တယ်ဘုရာ့၊ အနေချမ်းသာချင်တယ်ဘုရာ့၊ အသွားချမ်းသာချင်တယ်ဘုရာ့ (မှန်ပါ့) အသွားချမ်းသာချင်တယ်ဆိုတော့ ကားတို့ ဘာတို့

ကောင်းတောင်းမွန်မွန် စီးနိုင်၊ ဝယ်နိုင်မှ အသွားချမ်းသာမှာကိုး (မှန်ပါ့ဘုရား)။

အဲဒီတော့ ချမ်းသာချင်လို့ တကာတကာမတို့ ပစ္စည်းရှာကြတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ချမ်းသာတာသည် ဘယ်သူပါလိမ့် မတုံးလို့ မေးတဲ့အခါကျတော့ တကာတကာမတွေ လက်သည် အစစ် အရင်းအမြစ်ကို ရှာလို့ရှိယင် ခန္ဓာပဲ....(မှန်ပါ့)။

ဘယ်ခန္ဓာပါလိမ့်ဗျာ.... (ဝေဒနာက္ခန္ဓာပါဘုရား) ဩော်.... တကာတကာမတွေ ဝေဒနာက္ခန္ဓာလို့မှတ်ထားပ ါ.... (မှန်ပါ့ ဘုရား)။

ဝေဒနာက္ခန္ဓာကလဲ ဘယ်နှစ်မျိုးရှိသတုံး....ဆိုတော့ အမြင် ချမ်းသာချင်တဲ့ ဝေဒနာလဲရှိတယ်....(မှန်ပါ့)ကိုယ့်အိမ်ကိုယ့်ရာ လာကြည့်တဲ့ အခါကျလို့ရှိယင် စိတ်ထဲမှာ အေးသွားတာပဲ၊ အခုမှပဲ ကိုယ့်အိမ် ကိုယ့်ရာကလေးနဲ့ ကိုယ်ပိုင်ကလေးနဲ့ နေရ တော့တယ်ဆိုပြီး အမြင်ချမ်းသာတာ ဝေဒနာကြောင့်-(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဟိုနားနေရတာ ဟိုအိမ်ကဆူ-ဒီအိမ်ကပွက်နဲ့ နေရာမကျပါ ဘူး၊ သီးခြားကလေး ကိုယ့်ဟာကိုယ်ပဲ ခပ်အေးအေး ကိုယ့် အကြင်လင်မယားနဲ့ ကိုယ့်သားသမီးနဲ့ စိတ်အေး လက်အေး ကလေး ကျယ်ကျယ်ဝန်းဝန်းကလေး လေပြေ လေညင်းရှူပြီး သကာလ နေချင်တယ်ဆိုတာလဲ တကာတကာမတို့ စိတ်အေး လက်အေး နားဆိတ်ဆိတ် နေချင်တယ်ဆိုတော့ နားဝေဒနာ အတွက်လဲ တကာတကာမတွေ ရှာကြရတယ်- (ရှာကြရပါတယ် ဘုရား)။

နှာခေါင်းဝေဒနာအတွက်ကလဲ ဒီနေရာမှာ နံလိုက်တာ, စော် လိုက်တာ, ပုပ်လိုက်တာ၊ လူတွေကလဲ မွဲလိုက်ဘာ ဆင်းရဲလိုက် တာ ညစ်ပတ်လိုက်တာ၊ ဒီနေရာမှ ဘယ်တော့များ အကြောင်း ညီညွတ်ပြီး ဝင့်ကျွတ်ပါ့မလဲဆိုပြီး ရှာကြတယ်...(မှန်ပါ့ဘုရား) နှာခေါင်းဝေဒနာအတွက်လဲ ဘာလုပ်ကြသလဲ....(ရှာကြပါတယ် ဘုရား)။

လျှာဝေဒနာကလဲ....တဲ့ တကာတကာမတို့ အင်း....ဒီဟင်းနဲ့ ဒီထမင်းနဲ့ဖြင့် တသက်မှ ရှည်နိုင်စရာမရှိဘူး၊ ကောင်းကောင်း မွန်မွန်ကလေး ဖွယ်ဖွယ်ရာရာကလေးမှ မစားရ,မသောက်ရလို့ ရှိယင်လဲ လူဖြစ်ကျိုးတောင် မနပ်ဘူးဆိုပြီးသကာလ လျှာဝေဒ နာ ကောင်းကောင်းမွန်မွန် စားရအောင်ဆိုပြီး လျှာဝေဒနာ အတွက်ကြောင့်လဲ တကာဘကာမတွေ ရှာကြရတယ်... (မှန်ပါ့) မရှာကြရဘူးလား....(ရှာရပါဘယ်ဘုရား)။

လျှာဝေဒနာအတွက်ကြောင့်လဲ ရှာရတော့ ဩော်....ရှာတဲ့ လူက တကာတကာမတို့ မသေရုံတမယ်ကျန်တယ်၊ ခိုင်းလိုက်တဲ့ ဝေဒနာကဖြင့် မျက်စိဝေဒနာ,နားဝေဒနာ,နှာခေါင်းဝေဒနာ, လျှာဝေဒနာ.... ( မှန်ပါ့ ) ဝေဒနာဘယ်နှစ်မျိုးရှိသွားပလဲ.... (လေးမျိုးပါဘုရား) လေးမျိုးရှိသွားပြီနော် တကာတကာမတို့ (မှန်ပါ့)။

ကိုယ်ပေါ်မှာလဲ တကာတကာမတွေက အင်း.... ဒီအထည် ကြမ်းကြမ်းကြီးဖြင့် မဝတ်ပါစေနဲ့....၊ အထည်နု, အထည် ကောင်းဝတ်ပြီးသကာလ နေချင်တဲ့ဆန္ဒ၊ လူမြင်, သူမြင်လို့မှ

မတော်အောင်ဖြစ်နေတဲ့ ကြမ်းထော်ထော်၊ အဆင် အစရှိသည်တို့ အချိုးမကျ၊ ကိုယ့်ပစ္စည်းနဲ့ကိုယ် တိုင်းချိန် ဝတ်နေရလို့ ဒီအဝတ်အစားတွေ ဒီလိုဝတ်ပြီးသကာလ နေရတယ်၊ ဒီအဝတ်ထက် ဘယ်တော့မျှားတက်ပါ့မလဲ ဒါ....လူတို့၏ ကြံလုံးပေါ့ဗျာ....(မှန်ပါ့)။

တကာကြွယ် ဒီဥစ္စာ ရှိတာချည့်ပဲနော်....(ရှိပါတယ်ဘုရား) အဲဒီတော့ ဒါ....ကိုယ့်ဝေဒနာအတွက် ကိုယ်ပေါ်မှာ ကောင်းကောင်း ဝတ်ချင်တဲ့ အတွက်လဲ....တဲ့ တကာတကာမတို့ ကိုယ်ဝေဒနာလဲ ရှိတယ်....( ရှိပါတယ်ဘုရား ) ဒါဖြင့် ဘယ်နှစ်မျိုးရှိသွားပလဲ....(ငါးမျိုးပါဘုရား)။

မနောဝေဒနာက ရှိသေးတယ်၊ မကြောင့်မကြ မတောင့်မတ ရပဲနဲ့ စိတ်ကလေး အေးအေးကလေးနဲ့ ဒီနေ့ အလုပ်-မလုပ်လဲ ကိစ္စမရှိဘူး၊ တလ အလုပ်-မလုပ်လဲ ကိစ္စမရှိဘူး၊ ဒီလိုနားခွင့်ကလေးတွေ ယူပြီးသကာလ စိတ်ချမ်းသာ-လက်ချမ်းသာနဲ့ နေရအောင်လို့လဲ တကာတကာမတွေ စိတ်ကူးရှိကြတယ်....(ရှိပါတယ်ဘုရား)။

အိုစာ မင်းစာဆိုတာသည် မနောဝေဒနာအတွက်လုပ်ကြတာ ( မှန်လှပါ ) မနောထဲက ချမ်းသာမှ လူ့ဘဝရတယ်ဆိုတာ စိတ်မချမ်းသာ၊ လက်မချမ်းသာနဲ့ ဘယ်မှာ စည်းစိမ်ရှိမလဲဆိုတဲ့ တကာကြွယ် သူတို့စိတ်ကူးမှာရှိတယ်.... (ရှိပါတယ်ဘုရား)။

အဲဒီတော့ စိတ်ချမ်းသာ လက်ချမ်းသာကလေး ဘယ်တော့နေရပါ့မလဲဆိုပြီးသကာလ စိတ်ချမ်းသာချင်မှုဆိုတဲ့ ဝေဒနာဟာလဲ ခင်ဗျားတို့ကို ခိုင်းပါတယ်....(မှန်ပါ့)။

ဝေဒနာ ဘယ်နှစ်မျိုးရှိသွားပလဲ... ( ခြောက်မျိုးပါဘုရား ) ခြောက်မျိုးရှိသွားပြီ...(မှန်ပါ့)။

တကာတကာမတို့ ခင်ဗျားတို့ ခိုင်းနေတဲ့ဝေဒနာက ဘယ်နှစ်မျိုးရှိပါလိမ့်....(ခြောက်မျိုးရှိပါတယ်ဘုရား)။

ဩော်.... တကာသစ် ခိုင်းတဲ့ဝေဒနာက ခြောက်မျိုးလုပ်တဲ့ လူက တယောက်တည်း....(တယောက်တည်းပါဘုရား)။

တကာကြွယ် ခိုင်းတဲ့ဝေဒနာက.... ( ခြောက်မျိုးပါဘုရား ) လုပ်တဲ့လူက.... (တယောက်တည်းပါဘုရား) မသေပဲ ကျန်ရစ်တာ တော်သေးတယ်....(မှန်ပါ့)။

ခိုင်းတဲ့ဝေဒနာ မျက်လုံးပေါက်ကလဲ ဒီအိမ်တွေဟာ ကြည့်မကောင်းသေးပါဘူး၊ ပြင်ချင်ဆင်ချင်တဲ့ မျက်လုံးအမြင်နဲ့ကိုပဲ မအားအောင် အိမ်တလုံးကလဲ ခိုင်းလိုက်တဲ့ဖြစ်ခြင်း....(မှန်လှပါဘုရား) အကြမ်းစားပြီးပြန်လဲ အနုထည် ဆေးသုတ်ဖို့က ကျန်သေးတယ်....(မှန်ပါ့)။

ဒါ....ဘယ်ဝေဒနာအတွက်ပါလိမ့်-(မျက်လုံးပေါက် ဝေဒနာ အတွက်ပါ ဘုရား)။

မျက်လုံး ဝေဒနာအတွက်နဲ့လဲ တကာသစ်တို့ အားသေးသလား....(မအားပါဘုရား) အစားတော့ ပြည့်စုံပြီ၊ အနေက လိုသေးတယ်....(မှန်ပါ့)။

အစားတော့ ပြည့်စုံပြီဆိုတော့ အမြင်ဝေဒနာက မကောင်းပြန်တော့လဲ တကာကြွယ့်ရေ...သူ့အတွက်လဲ တကျော်နဲ့ ရှာကြရဦးမှာပဲ.... (မှန်ပါ့) မရှာရပေဘူးလား.... (ရှာကြရပါသယ် ဘုရား)။

ဪ်....ခင်ဗျားတို့ ဘယ်သူက တကာကြွယ်တို့- တကာသစ်တို့ကို အုပ်ချုပ်နေပါလိမ့်မလဲ.... လို့ ဆိုတော့ ဝေဒနာက နေပြီးသကာလ မင်းဘယ်သွား, မင်းဘယ်သွား, မင်းဘာလုပ် ဝေဒနာ ခြောက်မျိုးကနေပြီး ဘုန်းကြီးတို့ .... တကာ တကာမတွေ လှည့်ခိုင်းပြီး သကာလ မျက်လုံး ဝေဒနာကလဲ ငါ-ကောင်းကောင်း ဝေဒနာပေါ်ချင်တယ်၊ မင်းတို့.... ရှာပါလား၊ ငါကောင်းကောင်းမှ ကြည့်ချင်တယ်ဆိုပြီး ဝေဒနာက အစိုးရပြီးသကာလ နေပြန်တော့လဲ တကာသစ်တို့ တကာကြွယ်တို့မှာ ဒေါင်ချာစိုင်းပြေးရတယ်.... ( စိုင်းရပါတယ်ဘုရား ) ဝေဒနာက ကြီးစိုးနေတယ်....(မှန်ပါ့)။

ဘယ်သူကကြီးစိုးနေသလဲ.... (ဝေဒနာက ကြီးစိုးနေပါတယ်ဘုရား)။

ဪ်.... တကာကြွယ် ဝေဒနိန္ဒြေဆိုတာ ပေါ်လာတယ်.... (မှန်ပါ့) ဝေဒနာလဲဖြစ်တယ်၊ ဣန္ဒြေဆိုတာက ကြီးစိုးတယ်.... (မှန်ပါ့) ဒီ တကာတကာမတွေမှာ ဝေဒနာ့အုပ်ချုပ်ရေး ခံနေရတယ်....(မှန်ပါ့)။

ဘယ်သူ့အုပ်ချုပ်ရေးခံနေရသလဲ.... (ဝေဒနာ့အုပ်ချုပ်ရေး ခံနေရပါတယ်ဘုရား)။

ဦးလှဘူးရေ....ကိုယ်က ကိုယ့်သားမယားများက ကောင်းကောင်းကြိုက်လို့ သူတို့ဝေဒနာကလဲ သား,လင်,ခင်ပွန်းနှိပ်စက်တာပဲ....(မှန်ပါ့)။

သူတို့က ကောင်းကောင်းဝတ်ချင်တယ်၊ ကောင်းကောင်းစားချင်တယ်၊ သူတို့က ကောင်းကောင်းနေချင်တယ်ဆိုတော့

သူတို့ဝေဒနာကလဲ တကာသစ် နှိပ်စက်တာပဲ-(နှိပ်စက်ပါတယ် ဘုရား)။

တကာကြွယ် ဝေဒနာက ကိုယ့်ဝေဒနာက နှိပ်စက်တာ တမျိုး၊ သူများဝေဒနာက.... (နှိပ်စက်တာ တမျိုးပါဘုရား)။

ဩော်....ဝေဒနာက တယ်ကြီးစိုးပါလား.... (ကြီးစိုးပါတယ် ဘုရား) ကိုယ့်ဝေဒနာက ကိုယ့်ကိုယ်ကိုယ်လဲ နှိပ်စက်တယ်.... ( မှန်ပါ့ ) သွားဟဲ့....လာဟဲ့...ရောင်းဟဲ့....ဝယ်ဟဲ့.... (မှန်ပါ့ ဘုရား)။

ဒါမှ နင် ကောင်းကောင်းနေရမှာပေါ့ အစရှိသည်နဲ့ ဝေဒနာ ခြောက်မျိုးကနေပြီး တကာတကာမတွေ နှိပ်စက်ပြီးသကာလ နေလိုက်တာ တချို့များမှာ အိုချိန်မရောက်ပဲနဲ့ကို လူရုပ်မပီ ဘူး....(မှန်ပါ့)။

ဟ....ဘယ်သူနှိပ်စက်လို့တုံးလို့ ပြောလို့ရှိယင်ဖြင့် တကာ တကာမတွေ.... တဲ့ ဝေဒနာ နှိပ်စက်လို့ဆိုတော့ ခင်ဗျားတို့ သိတဲ့ ဝေဒနာက ဒုက္ခဝေဒနာ တလုံးတည်း ပြောနေဘာ.... (မှန်ပါ့) မဟုတ်ပါဘူး တကာကြွယ်ရ မျက်လုံးဝေဒနာကလဲ ငါ ကြည့်ကောင်းအောင် မင်းလုပ်၊ နားဝေဒနာကလဲ ငါနား ထောင်ကောင်းအောင် ရေဒီယိုတို့ ဘာတို့ မင်း ဝယ်ပေးရမယ်.... (မှန်ပါ့) နားဝေဒနာလဲ တကာသစ်တို့ ခိုင်းတာပဲ.... (ခိုင်းပါ ဘယ်ဘုရား)။

နှာခေါင်းဝေဒနာကလဲ ဒီနေရာ ငါမနေချင်ပါဘူး နံတယ်- ဆော်တယ်၊ မင်း ဒီနေရာကရွှေ့နိုင်တဲ့ အခြေအနေရောက်အောင်

မင်း ကြိုးစားလုပ်ပါ....(မှန်ပါ့) နှာခေါင်းဝေဒနာကလဲ ဘာ လုပ်သတုံး.... (ခိုင်းပါတယ်ဘုရား) ခိုင်းတာပဲ သူက ကြီးစိုးနေ တယ်....(မှန်ပါ့ဘုရား)။

လျှာဝေဒနာကလဲ ဒီဟင်း ဒီထမင်းဖြင့် မျိုမကျပါဘူး....၊ မင်းသည်ကားလို့ဆိုယင် အရှာသွံ့လိုက်တာ ဆိုပြီး သကာလ တကာကြွယ်ရေ-မအားအောင်ပဲ ခိုင်းတယ်....(မှန်ပါ့ဘုရား)။

ကိုယ်ဝေဒနာကလဲ ဒီအဝတ်, ဒီအထည်, ဒီကားမျိုး မစီး ချင်ပါဘူး၊ ကြမ်းထော်ထော်နဲ့ အစရှိသည်နဲ့ အမြင်မကောင်း, အသွားမကောင်းနဲ့ ခဏခဏလဲ ပြင်ရ ပြုရဆိုပြီး ကိုယ်ဝေဒနာ ကလဲ ခိုင်းလိုက်တဲ့ဖြစ်ခြင်းဟာ ရတဲ့ငွေဟာ သူဖြုန်းတာနဲ့ပဲ တပ်ာသစ်ရေ ရှာလို့မအားဘူး....(မအားပါဘုရား)။

ဘယ်ဝေဒနာကပါလိမ့်.... (ကိုယ်ဝေဒနာကပါ) ကိုယ်က ကောင်းကောင်းကြိုက်နေတာကိုး.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ) ဘယ်သူက ကောင်းကောင်းကြိုက်နေသတုံး-(ကိုယ် က ကောင်းကောင်းကြိုက်နေပါတယ်ဘုရား)။

ဒါ့ကြောင့် စက်ကြီးတွေ တည်ထောင်ပြီး သကာလ ရင်း၊ သင်္ဘောကြီးတွေတည်ထောင်ပြီးသကာလ ရင်းလဲမလောက်ဘူး- (မှန်ပါ့)လောက်ကြရဲ့လား....(မလောက်ပါဘုရား) လိုသာနေ တာပဲဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဩော်....ခင်ဗျားတို့ ဒီဝေဒနာတွေကို နိုင်အောင်က မင်းဟာ ဒီ့ကို ဒါလောက်နှိပ်စက်တယ်၊ မင်းက ဝေဒနာကနေပြီး တဏှာ

ကို ကျေးဇူးပြုတယ်.... (မှန်ပါ့) အဲဒီတော့ တဏှာက ဒို့ခိုင်းတယ်၊တဏှာ့အရှင့်သခင်က ဝေဒနာ....(မှန်ပါ့)။

တဏှာ့အရှင်သခင်က....' (ဝေဒနာပါ) တကာတကာမတို့ ခင်ဗျားတို့ဝေဒနာဟာ သေးသေးသိမ်သိမ် မမှတ်လိုက်ပါနဲ့.... (မှန်ပါ့)။

တကာကြွယ်ကြီးကိုဆံဖြူသွားကျိုး ငယ်မူတွေပျောက်အောင် မအားလပ်အောင် ပြေးလိုက်,လွှားလိုက် ခိုင်းနေတာ တကာသစ် လက်သည်မိပလား....(မိပါပြီဘုရား)ဘယ်သူပါလိမ့်ဗျာ.... (ဝေ ဒနာပါ)အင်း....ဒီတကာတကာမတွေကို ဝေဒနာနှိပ်စက်နေတာ (မှန်ပါ့)။

ဒီဝေဒနာက သွားလိုက်,လာလိုက်, ကျန်းကျန်းမာမာနဲ့နှိပ် စက်တာက သုခဝေဒနာက နှိပ်စက်တယ်....(မှန်ပါ့)။

ကျန်းကျန်းမာမာရှိတုန်း နှိပ်စက်တာကတော့.... (သုခ ဝေ ဒနာက နှိပ်စက်ပါတယ်)သူက သုခဝေဒနာက ကောင်းကောင်း ကြိုက် ကောင်းကောင်းမြင်ချင်တယ်၊ ကောင်းကောင်းကြား ချင်တယ်၊ကောင်းကောင်း စားချင်တယ်၊ ကောင်းကောင်း ရှူရှိုက်ချင်တယ်....(မှန်ပါ့ဘုရား)။

ကောင်းကောင်းကားစီးချင်တယ်၊ကောင်းတဲ့အသည်မှ ဝတ် ချင်တယ်၊ကောင်းတဲ့ကြံလုံးကလေးတွေမှ စိတ်အေး လက်အေး နေချင်တယ် ဆိုပြီးသကာလ ဒီဝေဒနာခြောက်မျိုးက နေပြီး သကာလ ကျန်းမာတဲ့လူကို ဖင်ချပြီးနေရအောင်ကို အခွင့်မပေး

ဘူး....(မှန်ပါ့)ဝေဒနာခြောက်မျိုးက....(မှန်ပါ့) သဘောပါကြပလား....(ပါ ပါပြီဘုရား)။

အင်း....တကာကြွယ် ခင်ဗျားကို ဘယ်သူကြီးစိုးနေသတုံး....( ဝေဒနာကြီးစိုးနေပါတယ် ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ ဝေဒနိန္ဒြေကွတဲ့...( မှန်ပါ့ )ဝေဒနာလဲဟုတ်တယ်....၊ ဣန္ဒြေလဲဟုတ်တယ်၊ ဣန္ဒြေဆိုတာက ကြီးစိုးတယ်၊ဝေဒနာက ဝေဒနာ.... (မှန်ပါ့) မင်းတို့ကို ဝေဒနာက ကြီးစိုးနေဘယ်....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

တကာတကာမတွေ ဘယ်သူကကြီးစိုးနေပါလိမ့် (ဝေဒနာကကြီးစိုးနေပါတယ်) ဒါမသိဘူး တကာတကာမတွေ ငါ့အိမ်, ငါ့မင်း,ငါ့ချင်း ထင်နေတယ်....(မှန်ပါ့) အံမာလေး.... ဖြစ်မှဖြစ်ရပလေ....(မှန်ပါ့)။

တကာတကာမတို့ ငါ့အိမ်,ငါ့မင်း,ငါ့ချင်းကွ၊ လာမရှုပ်နဲ့၊ ကောင်းလဲ ငါပဲ၊ မကောင်းလဲငါပဲ၊မင်းတို့ ဆရာလာမလုပ်နဲ့ ငါ့အိမ်,ငါ့မင်း,ငါ့ချင်းတဲ့....( မှန်ပါ့ )။

ကြွားမျှားကြွားချင်လိုက်သေးတယ်--(ကြွားပါတယ်) စင်စစ်သူ့အပေါ် ဘယ်သူအုပ်ချုပ်နေသဘုံး....(ပေဒနာအုပ်ချုပ်နေပါတယ်ဘုရား)။

မျက်လုံးဝေဒနာက အုပ်ချုပ်တာတမျိုး၊ နားဝေဒနာက အုပ်ချုပ်တာ တမျိုး၊ မနောဝေဒနာဆိုတာက အုပ်ချုပ်တာ

ဘမျိုးဆိုတော့ သူ ဘယ်သူ့လက်အောက်မှာ ရောက်နေသတုံး တကာကြွယ်ရေ-(ဝေဒနာလက်အောက်မှာ ရောက်နေပါတယ်) ဝေဒနာခြောက်မျိုးအောက်မှာ ကျွန်သပေါက် ဖြစ်နေတယ်.... (မှန်လှပါဘုရား)။

ဝေဒနာခြောက်မျိုးအောက်မှာ.... (ကျွန်သပေါက်ဖြစ်နေပါတယ်ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် မြို့ထဲ့ရွာထဲမှာ တကာတကာမတွေ လျှောက်ကြည့်စမ်းတဲ့ ဟိုအိမ်မှာလဲ မအားကြဘူး၊ဟိုဘက်ကအိမ် ကြည့်ပြန်လဲ....(မအားပါဘုရား)။

ဟ....ဘာဖြစ်လို့ ဒီဟာတွေ မအားကြပါလိမ့်မတုံးဆိုတော့ ဒီ့ထက်ချမ်းသာချင်လို့ ဘုရာ့.... (မှန်ပါ့ဘုရား)။

ဒီ့ထက်ချမ်းသာချင်လို့ဆိုတော့ ချမ်းသာတဲ့ဝေဒနာက သွားဟဲ့-လာဟဲ့-ပြောဟဲ့-ဆိုဟဲ့ မခိုင်းဘူးလား.... (ခိုင်းပါတယ်ဘုရား)တကာကြွယ် ပေါ်ပလား....(ပေါ်ပါပြီဘုရား) ဘယ်သူက နှိပ်စက်နေတာတုံး.... (ဝေဒနာကနှိပ်စက်နေတာပါဘုရား)။

သို့သော် ခင်ဗျားတို့က နှိပ်စက်တယ်မထင်ဘူး....၊ ကျန်းမာဘုန်း ကြိုးစားလုပ်ရလိမ့်မယ် တဲ့.... (မှန်ပါ့)အ မာ.... ခင်ဗျားတို့က ပြုံးပြုံး ပြုံးပြုံးနဲ့....(မှန်ပါ့ဘုရား)။

ပစ္စည်းကလေးများရှာလို့ တရာရင်းရာမှာ တဆယ်လောက်များ မြတ်နေမယ်ဆိုလို့ရှိယင် ဝေဒနာက ခိုင်းမှန်းလဲမသိဘူး.... (မသိပါဘုရား)ပြုံးနေတာပဲ.... (ပြုံးနေပါတယ်ဘုရား) တကာကြွယ် ဘယ့်နှယ် ဘာဖြစ်လို့ ပြုံးတာတုံးဗျ....၊ ကျွန်မှန်းမသိ

လို့ပေါ့ဗျာ....( မှန်လှပါဘုရား )ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

ဘာဖြစ်လို့ပြုံးကြသတုံး.... (ကျွန်မှန်းမသိလို့ပြုံးကြပါ တယ်)သူ့အထက်က အုပ်ချုပ်နေတာက ဘယ်သူပါလိမ့်....(ဝေဒနာပါဘုရား)။

ဟော့.... ငါကောင်းကောင်း ကြည့်ချင်တယ်ဆိုတော့ မျက်လုံးက ကောင်းကောင်းကြည့်ချင်တယ်၊ ဒီအိမ်ဟာ ပြိုတော့မယ် တသပ်တည်း ဖြစ်နေတယ်-နှစ်ထပ်ဖြစ်အောင် သူများကနှစ်ထပ် ဖြစ်နေတယ်၊ကိုယ်ကကြားထဲမှာ ဒီလိုပဲဆိုတော့ နေရာမကျဘူး၊ နှစ်ထပ်ဖြစ်ပြန်လို့ရှိယင်လဲ ကျဉ်းသေးတယ် အစရှိသည်နဲ့ မျက်လုံးက ကြည့်မကောင်းသေးဘူး....(မှန်ပါ)။

မျက်လုံးဝေဒနာ ခိုင်းတာနဲ့ တကာသစ် မအားပါဘူး.... (မအားပါဘုရား) နားဝေဒနာခိုင်းလို့ကော.... (မအားပါ) နှာခေါင်းဝေဒနာခိုင်းလို့ကော....(မအားပါဘုရား)။

ဒါဖြင့် ဟိုဘက်အိမ်က ဒီအိမ်ပြေး့ဟိုမြို့က ဒီမြို့သွား ရှာကြ ဖွေကြ့တယ်၊ပြေးလွှားနေကြတာ ဘယ်သူ့ကျွန်တွေလဲ(ဝေဒနာ့ ကျွန်တွေပါဘုရား ) တကာကြွယ် ပေါ်ပြီဗျ.... (ပေါ်ပါပြီ ဘုရား)။

ဒါ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် စ့နေတာ တကာတကာမတို့ (မှန်ပါ) ဘာ ပဋိစ္စသမုပ္ပါဒ်တုံး.... (အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်ပါ ဘုရား)။

ပြီးတော့မှ ဝေဒနာပစ္စယာ တဏှာလာရမှာ၊ ဝေဒနာ အကြောင်း ကောင်းကောင်းသိပြီးတော့မှ ဩော်....သူ့ကြောင့် ဒီသန္တာန်မှာတဏှာတွေများပြီး ရှာဖွေနေရတာကိုးဆိုတာ ပေါ် လာတယ်....(မှန်ပါ့ဘုရား)။

ဝေဒနာကြီးစိုးလိုက်တာ တကာတကာမတို့ ခင်ဗျားတို့ လူလားမြောက်ကတည်းက အားကို မအားဘူး တကာကြွယ်ရေ- (မအားပါ)အင်း....ဘယ်သူက ခိုင်းနေပါလိမ့်.... (ဝေဒနာက ခိုင်းနေပါတယ်ဘုရား)။

ကျန်းမာတုန်းကတော့ သုခဝေဒနာကခိုင်းတယ်....(မှန်ပါ့) မကျန်းမာတုန်းကျတော့ ဒုက္ခဝေဒနာက ငါ့ကုဟဲ့ ငါ့သဟဲ့၊ ဘယ်လောက်ကုန်ကုန်ရှာဟဲ့၊ ငါပျောက်ဖို့ အရေးကြီးတယ်ဆိုပြီး ဒုက္ခဝေဒနာက မကျန်းမာတုန်း ကျပြန်တော့ သူက ပိုအရှာခိုင်း တယ်....(မှန်ပါ့ဘုရား)။

အင်း....သုခဝေဒနာနဲ့ ဒုက္ခဝေဒနာ တကာကြွယ် ဘယ်ဟာ ကြောက်စရာကောင်းသတုံး.... (သုခဝေဒနာက ကြောက်စရာ ကောင်းပါတယ်ဘုရား)။

ဟာ....ဒုက္ခဝေဒနာက တခါတလေမှ မမာမှသူကခိုင်းတာ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) သုခဝေဒနာက ကျန်းမာ တုန်းမှာဖြင့် နွားလုပ်ခိုင်းနေတာဘဲ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

သုခဝေဒနာကတော့.... (ကျန်းမာတုန်း နွားလုပ်ခိုင်းနေပါ တယ်ဘုရား)။

ဦးလှဘူးရေ သုခဝေဒနာက ပင်စင်မပေးချင်ဘူး(မပေးပါ) ဒုက္ခဝေဒနာကမှ ပင်စင်ပေးချင်ပေးလိမ့်ဦးမယ်....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အံမာလေး....ဘုန်းကြီးက တကာတကာမတွေ စဉ်းစားမိကြရဲ့လား....။ဒီဝေဒနာကလှည့်ပြီး တော်တော်ကြာ ဟိုဝေဒနာက ဒီအဝတ်, ဒီအစားနဲ့ တော်ပြီ ဆိုလို့ရှိယင်ဖြင့်တဲ့ .... မျက်လုံးဝေဒနာက အဝတ်,အစားတော့ တော်ပါပြီ၊ အနေအထိုင်က လိုသေးတယ်....(မှန်ပါ)အင်း....မျက်လုံးဝေဒနာက တိုက်နဲ့တာနဲ့ ဖြစ်အောင် လုပ်ပေးဦး....သူက ပြောပြန်တယ်....(ပြောပါတယ်ဘုရား)။

တကာသစ် အားသေးသလား.... (မအားပါ) မအားပေမဲ့ ဘယ်သူ့ကြောင့်လို့ ခင်ဗျားတို့က လက်သည်ရှာမတွေ့ဘူး.... (မတွေ့ပါ) ဒါလောက်တောင် နှိပ်စက်နေတာ နေ့လဲမအား ညလဲမအားနဲ့ ဘယ်သူများနှိပ်စက်နေပါလိမ့်မတုံးလို့ တကာကြွယ်တို့က လက်သည်မရှာဘူး....(မရှာပါဘုရား)။

ဘာရှာဘာဘ်မလဲတဲ့ တကာတကာမတို့ ကိုယ့်ခန္ဓာမှာဝေဒနာတွေ ပေါ်နေတာမှ ဝေဒနာမှန်းမသိ၊ ဒီဝေဒနာတွေပေါ်တာမှ မသိတော့ နှိပ်စက်တာသိဖို့ အတော်ခဲယဉ်းတယ်.... (ခဲယဉ်းပါတယ်ဘုရား)။

ဝေဒနာပေါ်တာမှ မသိယင် နှိပ်စက်ဘာသိဖို့....(ခဲယဉ်းပါဘယ်ဘုရား)။

အဲ....ဝိပဿနာမပါလို့ ရှိယင်ဖြင့် ပေါ်တာလဲမသိ၊နှိပ်စက်တာလဲမသိ....(မှန်ပါ့ဘုရား)။

တကာကြွယ် ကျုပ်တို့ ခင်ဗျားတို့ခန္ဓာထဲ ဝေဒနာခြောက်မျိုးရှိတယ်....(မှန်ပါ့ဘုရား)။

တကာသစ် ဝေဒနာဘယ်နှစ်မျိုးပါလိမ့်....(ခြောက်မျိုးပါ) အင်း....ဒါတွေက တကာသစ်တို့ကို နေ့မအား-ညမအား သုခဝေဒနာတွေကလေ....(မှန်ပါ့) ကျန်းမာတုန်း ကြိုးစားလုပ်ပေး၊ ကျန်းမာတုန်း ကြိုးစားလုပ်ပေးတဲ့....(မှန်ပါ့)အင်း....ဘယ်သူက ခိုင်းတာတုံး....(ဝေဒနာက ခိုင်းတာပါ) ဘယ်ဝေဒနာပါလိမ့်....(သုခဝေဒနာပါ)ဩြ... ကျန်းမာတုန်း ကျွန်သပေါက်လုပ်တာ သုခဝေဒနာပဲ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကျန်းမာတုန်း ကျွန်သပေါက်လုပ်နေတာ....(သုခဝေဒနာပါဘုရား)။

ဒါ ဘုန်းကြီးတို့ တကာတကာမတို့ ကျန်းမာတုန်းတော့ လုပ်ရလိမ့်ဦးမယ်၊ကိုင်ရလိမ့်ဦးမယ်၊နောင်မကျန်းမာတော့ မခက်ဘူးလား....(မှန်ပါ့) အံမာလေး....ကျန်းမာတုန်း ကျွန်ဖြစ်နေတာတော့ သူ အခက်ရယ်လို့ မသိဘူး....(မှန်ပါ့ဘုရား)။

ကျန်းမာတုန်း ကျွန်ဖြစ်နေတာ တကာကြွယ် ဒီအခက်ကော သေးသလား-ကြီးသလား....(ကြီးပါတယ်ဘုရား)။

ကျန်းမာတုန်း နေ့မအား, ညမအားနဲ့ ထမင်းနှစ်ထပ်ကို တထပ်တည်းပေါင်းစားဟေ့.... (မှန်ပါ့) အိပ်တာလဲလျှော့အိပ်ဟေ့၊ အအိပ်တွေ, အနေတွေလျှော့၊ ဘာ့ကြောင့်တုံးဆိုတော့

သူ့သာတုန်း ဗိုင်းငင်ရတုန်းလုပ်ရတာ.... (မှန်ပါ့) အင်္ကျီထား များခိုင်းလိုက်သေးတယ်...(ခိုင်းပါတယ်) ဘယ်သူပါလိမ့်ဗျာ.... (သုခဝေဒနာပါ) တကာကြွယ်တို့က ပြုံးများ လုပ်ဖော်ရနေ တယ်....(မှန်ပါ့ဘုရား) အတော်ခက်နေပါပေါ့လား.... (မှန်ပါ့ ဘုရား)။

နောက်က တကာတကာမတွေ ကျန်းမာတုန်း လုပ်ရတာ ပျော်လို့ ရွှင်လို့လား.... (ပျော်ပါတယ်)ပျော်တယ်-ပျော်တယ် (မှန်ပါ့)အံ့မှာလေး.... ကြောက်စရာကြီး ပါကလား.... (မှန်ပါ့ ဘုရား)။

တကာတကာမတို့ ဒီလိုမသိပြီဆိုမှဖြင့် တကာသစ်ရေ မသိတာ အခက်ဆုံးပဲ.... (ခက်ပါတယ်) မသိတော့ကို ခိုင်းတဲ့အရှင်သခင် ကို ကျုပ်တို့က ပြန်မသတ်တတ်ဘူး....(မှန်ပါ့) ပြန်မသတ်တတ် တော့ ကျွန်သပေါက် အဖြစ်နဲ့ သေရုံပဲရှိတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သူ့ကိုမသတ်တတ်တော့ ဘာတုံး....(ကျွန်သပေါက်အဖြစ်နဲ့ သေရုံပါ)သူခိုင်းတာလုပ်ပြီးသကာလ သူက မင်္ဂဘား၊ဖိုလ်ဘား ခိုင်းတယ်၊ သေတဲ့အထဲ တွန်းချလဲ ပြေဉ်.... ငါဘာ့ကြောင့် ပါလိမ့်၊ ကံမကောင်းလို့ထင်တယ်.... (မှန်ပါ့) ဘယ်ဟုတ်လိမ့် မတုံး....ဗျ...၊ ကြီးပွားချင်တဲ့ ဝေဒနာကခိုင်းတာ.... (မှန်ပါ့ ဘုရား)။

ရောဂါကနှိပ်စက်လို့ဒီငှက်တော၊ခွေးတောသွားပြီး သကာလ အစားမှား၊ အနေမှား၊ ဥတုမှားတွေသာ မတာဘ်သာလို သွားပြီး

သေကြရတာသည် သူ့ဟာ သူ့စိတ်ကူးမေးကြည့်ပါ၊ မင်း ဘာကြောင့် ဒီအရပ်လာပြီးသကာလ ဒီဝေဒနာတောထဲမှာ မင်း ဘာဖြစ်လို့ အသေခံရသဘုံးဆိုတော့ ဒီအရပ်မှ ရွှေရှာ, ငွေရှာ ကောင်းလို့လာခဲ့ရပါတယ်ဆိုတော့ ချမ်းသာချင်တဲ့ ဝေဒနာက ခိုင်းလိုက်လို့ ဒီမှာသေပွဲဝင်ရဘယ်....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ချမ်းသာချင်တဲ့ ဝေဒနာကခိုင်းတာနဲ့....(သေပွဲဝင်ရပါတယ် ဘုရား)။

ပြီးတော့ တကာကြွယ်တို့က စွဲချက်မှားလိုက်သေးတယ်၊ ဩော်.... သေတာမျှား နေရာမရွေးဘူး၊ ကံမျှားပစ်ချင်တဲ့နေရာ ပစ်ချလိုက်တာပဲ.... (မှန်ပါ့) ဖြစ်မှ ဖြစ်ရပလေ၊ ကံကပစ်ချချင်တဲ့နေရာ ပစ်ချတာလား- ခင်ဗျားတို့သဘောနဲ့ ခင်ဗျားတို့ သွားတာလား-ပြောပါဦး....(တပည့်တော်တို့သဘောနဲ့ တပည့်တော်တို့ သွားတာပါ)ဒါဖြင့် ဝေဒနာ့သဘောနဲ့ သွားတာပါ- (မှန်ပါ့ဘုရား)။

ကံက ဒီနေရာမသွားနဲ့၊ ဒီနေရာသွား သေလိမ့်မယ်လို့ ဒီလို ကံက စီမံရေးမပါ-ပါဘူး.... (မှန်ပါ့) ဟိုနေရာသွားလို့ရှိယင် သုခဝေဒနာက ဟိုသွားရှာမှ ဒီမှာ တိုက်နဲ့,တာနဲ့,ကားနဲ့,စိန်နဲ့, ရွှေနဲ့ နေနိုင်မှာ၊ အဲဒီတော့ မင်း ဟိုသွားဆိုတော့ ဝေဒနာက ခိုင်းတာ....(မှန်ပါ့ဘုရား)။

တကာကြွယ် ဘယ်သူကခိုင်းတာတုံး.... (ဝေဒနာက ခိုင်းတာ ပါဘုရား)။

(၄၄၈) မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား ။၂၀။

အဲဒီတော့ ဝေဒနာကခိုင်းလို့ သေကြကြေကြတဲ့ အခါ ကျတော့ တကာသစ်တို့က စွဲချက်ဘယ်သူ့ တင်လိုက်သတုံး.... (ကံပဲ အောက်မေ့ပါတယ်) ဩော်....ခုတ်ရာတခြား ရှရာတခြား ပေါ့....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်နေသတုံး ဆရာဝန်ကြီး... ကဲ.... ( ခုတ်ရာတခြား ရှရာတခြားပါ) စင်စစ် သူချမ်းသာချင်တဲ့ ဝေဒနာက ခိုင်းလို့ သွားတာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်သူကခိုင်းတာတုံး(ချမ်းသာချင်တဲ့ဝေဒနာခိုင်းပါတယ်) ဒါဖြင့် ဝေဒနာသတ်လို့သေတာ.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဝေဒနာနုပဿနာ နှလုံးသွင်း စမ်းပါ၊ နို့မဟုတ်သူက ကျွန်သပေါက်လုပ်ပြီး သေခြင်းဆိုး တွန်းနေတာ....(မှန်ပါ့ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)၊ ဝေဒနာက အတော်ကြီးကျယ်သနော် .... (ကြီးကျယ်ပါတယ် ဘုရား)။

တကာကြွယ် ဒါဖြင့် သုခဝေဒနာနဲ့ ဒုက္ခဝေဒနာ ဘယ်ဟာ သာပြီး ကြောက်စရာကောင်းသတုံး .... ( သုခဝေဒနာသာပြီး ကြောက်စရာကောင်းပါတယ်ဘုရား)။

အို....ခင်ဗျားတို့ကသာ အခုတရားပြောလို့ ကြောက်စရာ ကောင်းတာ....(မှန်ပါ့) ခင်ဗျားတို့က ချမ်းသာမယ်ဆိုလို့ ရှိယင် ဖြင့် မိုးပျံရ–ပျံရထဲက ခင်ဗျားတို့က သိပ်ကျေနပ်နေတာ.... (ကျေနပ်ပါတယ်)သုခဝေဒနာများ မကြောက်ဘူး ခင်ဗျားတို့.... (မကြောက်ပါဘုရား)။

တကာကြွယ် ဘယ်နှယ်တုံး သုခဝေဒနာဟာ သူသတ်လို့ သေဘာက များတယ်....( များပါတယ်ဘုရား ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

စင်စစ်တော့ ခင်ဗျားတို့က သုခဝေဒနာကို အကြိုက်-(ကြိုက်ပါတယ်ဘုရား) ခိုင်းစေပြီးသကာလ အသေတွန်းတာကတော့ တကာသစ် ဘယ်သူက များသတုံး ...(သုခဝေဒနာက များပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဩော်....ဒါဖြင့် ဒီတကာဘကာတွေမှာ ချမ်းသာတာ အလိုရှိတဲ့ ဝေဒနာက အသေခိုင်း၊ အနာခိုင်း၊ အအိုခိုင်းတယ်.... (မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သုခနဲ့ ဒုက္ခ တကာကြွယ် ဘယ်ဟာက ကြောက်စရာကောင်းပါလိမ့်.... (သုခက ကြောက်စရာကောင်းပါတယ်ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဟုတ်ကဲ့လား တကာသစ် ဉာဏ်သဲမှာ ရှင်းမှနော်....(မှန်ပါ) အားလုံး တကာတကာမတွေ နေ့မအား ညမအား ကျန်းမာတုန်းကို တခါတည်း အမောဆိုက်အောင် ခိုင်းနေတာ ဘယ်သူတုံး....(သုခဝေဒနာပါဘုရား)။

မအိပ်နဲ့ ကွ၊မင်း အစားလဲ လျှော့စား၊ တွေ့ရာကြုံရာနဲ့ စားကွ၊ ငွေရှာတဲ့အခါဆိုတာ ငွေရှာတာနဲ့ တူအောင်နေရတယ်-(မှန်ပါ) မကြွားပါနဲ့ဦး၊ မဝါပါနဲ့ဦး၊ နောက် ချမ်းသာတဲ့ အခါကျတော့ နေတာပေါ့-ဆိုတော့ ချမ်းသာချင်တဲ့ဝေဒနာကနေပြီး အင်္ကျီလဲ ထားလိုက်တာပဲ....(မှန်ပါ)။

ချမ်းသာချင်တဲ့ ဝေဒနာက.... (အငတ်သွားပါတယ်ဘုရား) သေတွင်းကိုလဲ တွန်းချသေးတယ်....(မှန်ပါ)။

သေတွင်းကိုကော....(တွန်းချပါတယ်ဘုရား) ဘယ်သူပါလိမ့် (သုခဝေဒနာပါဘုရား) သုခဝေဒနာဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

အံ့ဩစရာလေး.... တကာတကာမတွေက မသိလို့ ဒီနေ့ သုခဝေဒနာဟာ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်ကို သူက စ,တာနော်.... (မှန်လှပါ) ဘယ်သူက စ,ပါလိမ့်....(သုခဝေဒနာက စ,ပါတယ်ဘုရား) သုခဝေဒနာကစ,တယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

တကာကြွယ် ဒါဖြင့် ခင်ဗျားတို့ တခါ သုခဝေဒနာက နှိပ်စက်တာ ဟိုအိမ်,ဒီအိမ် မအားတာတွေ ကြည့်လို့ရှိယင် ဘာ့ကြောင့် မအားသတုံး....လို့ တကာသစ် သွားမမေးနဲ့-(မှန်ပါ) ချမ်းသာချင်လို့....(မှန်ပါ)။

ဘာ့ကြောင့် မအားကြပါလိမ့်....(ချမ်းသာချင်လို့ပါဘုရား) ချမ်းသာချင်လို့ပဲ....(မှန်ပါ) ချမ်းသာတာက ဘာဝေဒနာတုံး (သုခဝေဒနာပါဘုရား) အဲဒါကြောင့် မအားတာ.... (မှန်ပါ) ဒါ့ကြောင့် မအားကြတာဆိုတာ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေမှာဘဲ့ အငြိမ်ကို မနေနိုင်လောက်အောင် တခါတည်း အဓောဆိုက်ပြီး ဟာ်သိုးချားလဲသာအောင် ခိုင်းနိုင်တဲ့သဘောကဖြင့် ရှင်ဘုရင်က ဒါလောက် မခိုင်းပါဘူး-

(မခိုင်းပါဘုရား) ရှင်ဘုရင်ကတော့ လူတွေခိုင်းလို့ ရှိယင်ဖြင့် တော်တော်ကြာ အကုန် သူတို့က စုပြီး တော်လှန်မှာစိုးတယ်.... ( မှန်ပါ ) ဆိုပြီးသကာလ လူထုတိုက်ပွဲလုပ်မှာ စိုးတဲ့အတွက် ရှင်ဘုရင်က လျှော့ရသေးတယ်....(မှန်လှပါဘုရား)။

အို....ဒီဝေဒနာကတော့ လူစေ့-တက်စေ့ခိုင်းထားတာဘယ် သူမှ မသိဘူး....(မသိပါဘုရား) ဟိုအိမ်မှာလဲ သူကြီးစိုးနေတာ ပဲ.... (မှန်ပါ) ဒီအိမ်မှာကော.... (သူကြီးစိုးနေတာပါဘုရား) ဘယ်အိမ်ကများ တော်လှန်တယ်လို့ ပါရဲ့လား.... (မပါ-ပါ ဘုရား) အို....တော်လှန်ယင် အကုန်နိဗ္ဗာန်ရောက်ကုန်ပြီ (မှန်ပါ ဘုရား)။

အခုတော့ တကာသစ်တို့က ခေါင်းငုံ့များနေလိုက်သေး တယ်....(မှန်ပါ) ခေါင်းငုံ့ထားဘော့ကော တကာကြွယ်-ရေ.... အိုတဲ့ပုဂ္ဂိုလ်များ မခိုင်းဘူးလို့ ထင်သေးသလား.... (မထင်ပါ ဘုရား) အံမာ....အိုခိုင်း-ခိုင်းနေတာ....(မှန်ပါ) ပင်စင်ပေးသေး ရဲ့လား.... (မပေးပါဘုရား) မပေးဘူးဗျ၊ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

အံမာ....အိုတဲ့ပုဂ္ဂိုလ်လဲ အင်း....သားသမီးများ စိတ်ချမ်းသာ အောင် ကိုယ်က ခလေးထိန်းပေးဦးမယ်က လာသေးဘယ်.... (မှန်ပါ) မလာဘူးလား-လာသလား (လာပါဘယ်ဘုရား) ဝေဒနာဗျ.... (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် သုခဝေဒနာက ဘယ်လောက်ထိအောင် ခိုင်းတယ် ဆိုတာဖြင့် တကာကြွယ့်ရေ.... ပြောစရာမရှိဘူး၊ ကြောက်စရာ ကောင်းတယ်....(ကောင်းပါတယ်ဘုရား)။

ဒါက ပစ္စုပ္ပန်မှာ ဒုက္ခပေးတာ သေပွဲကျအောင်ပေးတယ်.... (မှန်ပါ) အနာဂတ်ပေးလိမ့်ဦးမယ် နားထောင်ပါ.... (မှန်ပါ ဘုရား)။

အနာဂတ်ပေးလိမ့်ဦးမယ်တဲ့ သုခဝေဒနာက၊ မင်း-ဘဝ ချမ်းသာတာ နည်းနည်းကလေးရှိသေးတယ်၊ သိန်း, ကိုးသောင်းပဲ ရှိသေးတယ်၊ နတ်ပြည်ဆိုတာကွာ ဥယျာဉ်ဗိမာန်တခု အဖိုး မပြတ်နိုင်ပါဘူး၊ ဘုံနန်းဆိုတာ စိန်တိုင်,ရွှေတိုင်, မြတိုင်တွေနဲ့၊ အဲဒီရောက်အောင်လဲ မင်းသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒါနသီလကလေးလုပ်ပါဦးလား....(မှန်လှပါဘုရား)။

အင်း....သုခဝေဒနာကပြတယ်.... (မှန်ပါဘုရား)ပြခိုင်းတော့ တကာတကာမတို့ကဟုတ်ထင်ပါရဲ့ ဆိုပြီးရွှေဘုံ,ရွှေနန်းရအောင် လုပ်လိုက်ပြန်တော့ ဟိုသွားပြီးသကာလ နတ်အိုပွဲ,နတ်သေပွဲတွေ ခင်းရ, မခင်းရ....(ခင်းရပါတယ်ဘုရား)။

အင်း.... ဘယ်ဝေဒနာကနေပြီး သေပွဲပေးလိုက်ပါလိမ့်.... (သုခဝေဒနာကနေပြီး သေပွဲပေးလိုက်ပါတယ်ဘုရား)။

တကာကြွယ်.... ဝေဒနာက ဒီတွင် နှိပ်စက်လို့ အားမရလို့ ဟိုပြပြီး နှိပ်စက်ပြန်ပြီ.... (မှန်လှပါ) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

အံမာလေး.... တကာတကာမတွေ ဒီတရားမျိုးလဲ တခါမှ နာဘူးမှာ မဟုတ်ဘူး... (မနာဘူးပါဘုရား)။

တကာကြွယ် ဒါလောက်နှိပ်စက်တာလဲ ခေါင်းကို မပြူနိုင်ဘူး....(မှန်လှပါဘုရား) လက်သည်လဲ မပေါ်ဘူး.... (မပေါ်ပါ ဘုရား)။

တကာသစ် ဒီနေ့ လက်သည်ပေါ်ပြီဗျ.... (ပေါ်ပါပြီဘုရား) အင်း....ဘာဖမ်းမိသလဲ.... (သုခဝေဒနာ ဖမ်းမိပါတယ်ဘုရား)၊

သုခဝေဒနာ ဖမ်းမိတယ်....တဲ့၊ ရှေးကဲ ဘယ်တော့မှ မဖမ်းတတ်ဘူး.... ( မှန်ပါ့ ) ဘယ်ဖမ်းတတ်လိမ့်မတုံး၊ သူက ခိုင်းလဲ ခိုင်းသေးတယ် တကာတကာမတွေကို....တဲ့ ပင်ပန်းမှန်းလဲ မသိအောင် ချော့ခိုင်းနေတယ်....(မှန်ပါ့)။

ဟော....မင်းတော့ဖြင့်မင်းကတော့ဖြင့်ယောကျ်ားပဲ တကိုယ်ရေ တကာယ ဘာဝတ်ဝတ်-ဘာစားစား ဘာကိစ္စရှိသတုံး....၊ မင်းစိတ်နဲ့မင်းတော့ ချမ်းသာသွားပဲ၊ မင်း သားမယားတွေ မျက်စိသူငယ်ဖြစ်နေယင် ဘယ့်နှယ်လုပ်မလဲ-တဲ့၊ သူက ဒီအသွားနဲ့ ခိုင်းတာ....(မှန်ပါ့)။

ဒီအသွားနဲ့ခိုင်းတော့ ခင်ဗျားတို့ကလဲ ကျွန်ပိပိ ဟုတ်ထင်ပါရဲ့....၊ ကိုယ့်အတွက်ကတော့ ကိစ္စမရှိဘူး၊ သူတို့အတွက်က အရေးကြီးနေတယ်.... (မှန်လှပါ) အစရှိသည်နဲ့ တကာကြွယ်တို့က သွားပြီကော.... (မှန်ပါ့) မလုပ်ဘူးလား.... (လုပ်ပါတယ်ဘုရား)။

အင်း....ကိုယ့်အတွက်လုပ်ရတာနဲ့ သူများအတွက် လုပ်ရတာနဲ့ ဘယ်ဟာက များသတုံး.... (သူများအတွက်က များပါတယ်ဘုရား)။

ဒါဖြင့်သူများချမ်းသာစေချင်လို့ သူများချမ်းသာစေချင်တာကလဲ ကိုယ့်နှိပ်စက်တာပဲ....(မှန်ပါ့) ကိုယ်ချမ်းသာချင်တာကလဲ ကိုယ့်နှိပ်စက်တယ်....(မှန်ပါ့)။

အဲဒီတော့ ဒီလိုမှ မလုပ်-ဘယ်နှယ်လုပ်မလဲ....တဲ့၊ လက်သည် မဖမ်းဘူး ခင်ဗျားတို့....(မှန်ပါ့) ဖမ်းသေးသလား.... (မဖမ်းပါ ဘုရား)။

ဒီလိုမှ မလုပ်ယင် .... ဘယ်နှယ်လုပ်မလဲဘုရာ့၊ အေး.... ဘယ်နှယ်မှ မလုပ်လဲ နေရုံပဲကွာ.... (မှန်ပါ့ဘုရား) ဘုန်းကြီး ပြောလဲ ဒါပြောရုံပဲရှိတယ်....(မှန်ပါ့ဘုရား)။

စင်စစ်တော့ သေသေချာချာ ပြောရမှာက တကာသစ်တို့ တကာကြွယ်တို့ ဒီဝေဒနာကို ခင်ဗျားတို့က နိုင်ယင်နိုင်၊ မနိုင်ယင် သူက ကြီးစိုးသွားလိမ့်မယ်....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့က နိုင်ယင်နိုင်၊ မနိုင်ယင် ဘာတုံး....(သူကကြီးစိုး သွားမှာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဝေဒနာကို အသေအလဲထိုးရလိမ့် မယ်၊ သူက အနိစ္စဝိပဿနာ ရှုလိုက်လို့ရှိယင်ဖြင့် သူခိုင်းတဲ့ အလုပ်တွေဟာ အကုန် ကျုပ်တို့နားရမယ်....(မှန်ပါ့)သဘောကျ ပလား....(ကျပါပြီဘုရား)။

အခုတော့ ဝေဒနာကခိုင်းတယ်ဆို မသိမသာ သူခဝေဒနာက ခိုင်းနေတဲ့ဥစ္စာကို ချမ်းသာချင်လို့ သူကနေ တိုးတိုး-တိုးတိုးပြီး သကာလ အရင်တသိန်းရင်းလို့ရှိယင် ဆယ်သိန်းရင်းနိုင်လောက် အောင် ဒါမှ မင်း-လျှာထွက်သေမှာကိုး၊ အမောဆိုက်ပြီးတော့ (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တကာကြွယ် ဒီလိုများ ခိုင်းတာကျတော့ သိသေးရဲ့လား.... ( မသိပါဘုရား ) သူက များများနဲ့ ဖိခိုင်းတာ.... ( မှန်ပါ့ ဘုရား)။

နည်းနည်းနဲ့ ခိုင်းတုန်းကတော့ ဘယ်လောက်တင် မင်း-ရသေးတယ်၊ ဒါ—ချမ်းသာ့ ချမ်းသာပါပြီ အရင်နဲ့စာယင်.... (မှန်ပါ့)။

သို့သော် ဒါလောက်နဲ့ မတင်းတိမ်နဲ့ဦးဆိုပြီး သုခဝေဒနာက လျှာထွက်သေအောင်ကို သူကခိုင်းတယ်.... (မှန်ပါ့) မခိုင်းဘူးလား.... (ခိုင်းပါတယ်) ဘယ်ဝေဒနာတုံး.... (သုခဝေဒနာပါဘုရား)။

အမယ်လေး.... တကာတကာမတွေ ဒီနေ့ လက်သည်ကောင်းကောင်းမိတယ်... (မိပါတယ်ဘုရား)။

တကာကြွယ် ဘာမိသတုံး....(လက်သည်ကောင်းကောင်းမိပါတယ်ဘုရား) ဘယ်ဝေဒနာမိသတုံး.... (သုခဝေဒနာ မိပါတယ်ဘုရား)။

ဒီဘဝတွင် အသေခိုင်းသလား- နောင်ဘဝ နတ်ပြည်၊ ဗြဟ္မာ့ပြည်ကော အသေခိုင်းသလား.... ( နတ်ပြည်၊ဗြဟ္မာ့ပြည်ရော အသေခိုင်းပါတယ်ဘုရား)။

သူခိုင်းလို့ သွားလုပ်လို့ တရားသဖြင့် ရှာရတာလဲရှိတယ်၊ မတရားသဖြင့် ရှာရတာလဲ ရှိတယ်၊ မတရားသဖြင့် ရှာတော့ အပါယ်လေးပါး သွားပြီး ဒုက္ခရောက်ရတာလဲ သုခဝေဒနာကြောင့်ပဲ....(မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

တကာတကာမတို့ ခင်ဗျားတို့အပေါ် ဘယ်သူကြီးစိုးနေသတုံး....(သုခဝေဒနာကြီးစိုးနေပါတယ်ဘုရား) တကာကြွယ် လွှဲကုန်ပြီဗျ....(မှန်ပါ့)။

နောက်က တကာတကာမတွေ ဒီခန္ဓ သုခဝေဒနာအကြောင်း ရိပ်မိသလား.... (ရိပ်မိပါပြီ) ကိုယ့်ကိုယ် ကိုယ် အိုဘာတောင်မှ ကျုပ် အလုပ်အကိုင် လုပ်နိုင်တုန်းဗျ.... (မှန်ပါ့) ဘယ့်နှယ်တုံး တကာတကာမတို့ ဘယ်သူတုံးဗျ....(သုခဝေဒနာပါဘုရား)။

အိုလို့ ဒီမှာဖြင့် မျက်စိကသဲမဲ့ပြီ၊ ခါးကလဲကိုင်း, နားကလဲ ထိုင်းနေတာတောင်မှ လုပ်မယ်ဆို လုပ်နိုင်သေးတယ်.... (မှန်ပါ့ဘုရား) အံမာလေး....ကျွန်ပီလိုက်တဲ့ဖြစ်ခြင်း.... ( မှန်လှပါဘုရား)။

တကာသစ် ဘယ်အသံတွေ ထွက်လာသတုံး.... (ကျွန်ပီတဲ့ အသံတွေ ထွက်လာပါတယ်ဘုရား)။

ကျွန်ပီတဲ့အသံတွေ ထွက်လာတာကို တကာတကာမတွေက မရိပ်မိဘူး....(မရိပ်မိပါ)လုပ်နိုင်သေးတယ်တဲ့ ...ကျုပ်လုပ်မယ်ဆိုယင် လုပ်နိုင်သေးတယ် ဆိုပြီးသကာလ အစိုးရလခစားဖြစ်ယင် အစိုးရဆီကို နှစ်တွေဘောင် တခါတည်းလျှော့ပြီး လျှောက်ရတာနဲ့....(မှန်ပါ့)ကျွန်ပီ သကိုးဗျ (မှန်ပါ့) ရိပ်မိသလား....(ရိပ်မိပါပြီဘုရား)။

အင်း....ပိုမိုပြီးသကာလ လုပ်မယ်ဆိုတဲ့ အားရ-ပါးရ ဆရာဝန်နဲ့ ပေါင်းပြီးသကာလ လုပ်နိုင်သေးတယ်တဲ့ ...(မှန်ပါ့) ဒါ.... သုခဝေဒနာက ခိုင်းတာနော်....(မှန်ပါ့ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဘယ်သူက ခိုင်းတာတုံး.... ( သုခဝေဒနာက ခိုင်းတာပါ ဘုရား)။

အံ့မာလေး.... ဒီအထဲ တကာတကာမတွေ သုခဝေဒနာက ခိုင်းလို့ ကျွန်လုပ်တဲ့ပုဂ္ဂိုလ်များ ပါကြရဲ့လား.... (မပါ-ပါ ဘုရား)။

အင်း....ခင်ဗျားတို့ကလဲ အခုမှသာ မပါဘူးပြောတာနော် (မှန်ပါ့) နဂိုတုန်းကတော့ဖြင့် သုခဝေဒနာခိုင်းယင် ပြုံးနေတာပဲ....(ပြုံးပါတယ်ဘုရား)။

ဒီနေ့သွားပြီး အရင်းဆည့်လိုက်လို့ သုခဝေဒနာကြောင့် တရေကို တဆယ်လောက် မြတ်လာတယ်ဆိုလို့ ရှိယင်ပဲ အကျိုးပေးလာတယ်....(မှန်လှပါဘုရား)။

အချိန်ရှိခိုက် လုံ့လစိုက်ဆိုပြီးသကာလ ဒီနေ့တတိုင်သွားယင် နက်ဖန်နှစ်တိုင်သွားမဟ....(မှန်ပါ့)အံ့မာလေး....ဘယ်သူနှိပ်စက်တာတုံး....(သုခဝေဒနာ နှိပ်စက်တာပါဘုရား)။

တကာတကာမတို့ ဒါလောက်အခိုင်းယဉ်တဲ့ ပုဂ္ဂိုလ်များ ဘကာကြွယ် တွေ့ဖူးရဲ့လား.... (မတွေ့ဘူးပါ) အခုသိပလား.... (သိပါပြီဘုရား)။

ကိုင်း....ဒီက ရှေ့လျှောက်လို့ သူကချမ်းသာချင်တယ်-ဟင်.... မလုပ်ဘူးကွာ.... (မှန်ပါ့) မလုပ်ဘူးကွ- မလုပ်ဘူးကွာ.... နဲ့ကိုတွန်းလှန်မှသာလျှင် တကာတကာမတို့ ကျွန်စာရင်းမှ လွတ်ကင်းမယ်....(မှန်ပါ့)။

အခုတော့ ဘုန်းကြီးတို့ တကာတကာမတွေက ပြုံးလိုက်-ဟင်....(မှန်ပါ့) လုပ်ရတာကိုပင် ကျေပ်ဖြင့် အလုပ်ထဲပျော်လိုက်တာများ ပြောလိုက်သေးတယ်....(ပြောပါတယ်ဘုရား)။

ဘယ်နှယ့်ကြောင့် ဒါလောက်ပြောပါလိမ့်....(ကျွန်မှန်းမသိလို့ပါ) ကျွန်မှန်းမသိလို့....( မှန်လှပါ ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ရက်ကန်းထောင်နေဘာတွေ တောင်မြို့က တကာတကာမတွေက နှစ်စင်က သုံးစင်၊သုံးစင်က လေးစင်၊ ငါးစင်၊ တရာဖြစ်မယ်ဆိုယင်ဖြင့် အင်း.... အကျိုးပေးလာတယ်၊ ကြိုးစားမှ-ကြိုးစားမှတဲ့....(မှန်ပါ့)။

အင်း....သူက ကြိုးစားမှတဲ့ သုခဝေဒနာက ခိုင်းတုန်းရှိသေးတယ်၊ လုပ်ရတဲ့လူဖြင့် ထမင်းတောင် မစားနိုင်တော့ဘူး(မှန်ပါ့) စားနိုင်သေးရဲ့လား.... (မစားနိုင်ပါ)မစားနိုင်အောင်ခိုင်းတာက ဘယ်သူတုံး....(သုခဝေဒနာပါဘုရား)။

ဒါကို တကာကြွယ်တို့က လက်သည် ခုထက်ထိမဖမ်းတော့ ဝေဒနာရှုမှ တော်မဟော့ သုခဝေဒနာလဲ့ သူနှိပ်စက်နေတာပဲ လို့လာရဲ့လား....(မလာပါဘုရား)။

ဖျင်းလိုက်တဲ့ဖြစ်ခြင်း တကာကြွယ်ရေ–(မှန်ပါ့)ဒါ့ကြောင့် ဆရာသမား ကောင်းရှာပါဆိုတဲ့ဥစ္စာ တကာသစ် ပြောထိုက်-မပြောထိုက်....(ပြောထိုက်ပါတယ်ဘုရား)။

သူကိုယ်တိုင်ဖြင့် ဒီအကြောင်း ပေါ်ကိုမပေါ်ဘူး–(မှန်ပါ့) ပေါ်ပါ့မလား....(မပေါ်ပါဘုရား)။

ဟာ.... သုခဝေဒနာ ဒါလောက် နှိပ်စက်နေပါကလား ဆိုပြီးသကာလ ဒိုကိုမသေမချင်းခိုင်းနိုင်တဲ့ စွမ်းရည်သတ္တိရှိတာဖြင့် သုခဝေဒနာပါကလား....(မှန်ပါ့)။

သူခိုင်းတာ မလုပ်ရလို့ ရှိယင်ဖြင့် သူက ချမ်းသာချင်တယ်၊ ကိုယ်က မမာမကျန်းရှိလာတာတောင်မှ ဝမ်းများနည်းလိုက်သေးတယ်(မှန်ပါ)ဘာဖြစ်လို့ ဝမ်းနည်းတာတုံး မေးတဲ့အခါကျတော့ သုခဝေဒနာခိုင်းသလောက် မလုပ်နိုင်လို့....(မှန်ပါ့ဘုရား)။

ဘယ်လိုကြောင့်ပါလိမ့် တကာသစ်ရေ....(သုခဝေဒနာ ခိုင်းသလောက် မလုပ်နိုင်လို့ပါဘုရား)။

မလုပ်နိုင်တော့ အိပ်ရာထဲကနေပြီး သကာလ ညည်းလုံးများထုတ်နေတယ်....(ထုတ်ပါတယ်) အံမာလေး....ဖြစ်မှဖြစ်ရလေဗျာ (မှန်ပါ့) တကာတကာမတွေ အိပ်ရာထဲကများ ညည်းလုံးထုတ်သေးတယ်.... ( ထုတ်ပါတယ်) ငါ ထနိုင်ယင် ထလုပ်သေးတယ်ကွ၊ အံမာ သားတွေ့မယားတွေများ တခါပြောလိုက်သေးတယ်... (ပြောပါတယ်ဘုရား)။

အင်း....နဂိုက သုခဝေဒနာ ခိုင်းထားလို့ ဒုက္ခတွေရောက်ပြီးသကာလ နေတာတောင်မှ လက်သည် မပေါ်သေးတော့ သူ့ကျွန်ကပီနေတော့ ထလုပ်ချင်သေးတယ်ဆိုတဲ့ စိတ်ဟာရှိသွားပြီ... (မှန်ပါ့ဘုရား)။

သေခါနီး အခါကျတော့ အလုပ်တန်းလန်းနဲ့များသေသွားခါနီးတဲ့ အခါကျတော့ ကျုပ်ဒါပဲ စိတ်မကောင်းတာ၊ မပြီးမပြတ်ပဲနဲ့ သေရမှာတော့ ကျုပ်မကြိုက်ဘူး....(မှန်ပါ့ဘုရား)။

အံမာ ကျွန်ပေမယ့် ကျုပ်က အစ အဆုံးလုပ်သွားချင်တယ် (မှန်ပါ့) ဒီအဓိပ္ပာယ်ဆိုတာ ပေါ်လာလား....(ပေါ်ပါပြီ) ဘယ်သူပါလိမ့် တကာတကာမတို့... (သုခဝေဒနာပါဘုရား)။

ဒါလောက် ဆိုယင်လဲ ရိပ်မိလောက်ပါပြီ ထင်ပါရဲ့ဗျာ ဘနာရီတောင်နီးနေပြီ....(မှန်ပါ့) သုခဝေဒနာ ဘယ်လောက် နှိပ်စက်တယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

တကာကြွယ် အခုမှ နည်းနည်းရိပ်မိတာ....(မှန်ပါ့)ခေါင်းလဲ ဖြူပြီဟုတ်လား....(မှန်ပါ့) မျက်လုံးလဲမှုံပြီ၊ အားအင်ဗလလဲ ချိနဲ့နေပြီ....(မှန်ပါ့)ဒီဟာတောင်မှ ကိုယ်၏စောင်မခြင်း၊နှုတ်၏ စောင်မခြင်းများ လုပ်ချင်သေးသလား....(မလုပ်ချင်ပါ) သုခ ဝေဒနာခိုင်းလို့လေ....(မှန်ပါ့ဘုရား)။

ရှိသေးတယ် တချို့က၊ အနီးနားမှာထိုင်ပြီး ကိုယ်၏စောင် မခြင်း၊ နှုတ်၏စောင်မခြင်း၊ သုခဝေဒနာ ဒဏ်ချက်တွေကဖြင့် လှုချင်းမပီတော့ဘူး.... (မှန်ပါ့) အဲဒီလူချင်း မပီဘာတောင်မှ ဘေးကနေပြီးသကာလ သူများလုပ်တာ အားမရသေးလို့ ကိုယ်တိုင်များ လုပ်လိုက်ချင်သေးတယ်.... (မှန်ပါ့) ဘယ်သူ့ ဒဏ်ချက်တွေ မိနေတာတုံး....( သုခဝေဒနာ ဒဏ်ချက်တွေပါ ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာဘကာမတို့ ခင်ဗျားတို့ခိုင်းတဲ့ ဝေဒနာဟာ အရှင်သခင် ဘယ်နှစ်ယောက်တုံး....(ခြောက်ပါ) လုပ်တဲ့လူက ဘယ်နှစ်ယောက်တုံး.... (တယောက်တည်းပါ) ခိုင်းတဲ့လူက .... (ခြောက်ယောက်ပါ) အို....သေလိမ့်မယ်-သေလိမ့်မယ်-ခင်ဗျား တို့ စိတ်သာချ....(မှန်ပါ့ဘုရား)။

ခိုင်းတဲ့ လူက ခြောက်ယောက်၊ လုပ်တဲ့လူက တယောက် တည်းဆိုယင်တော့ တကာသစ် အားကွက်ပြင်သေးရဲ့လား....

(မမြင်ပါ)ဒါကြောင့်ဘယ်နေ့များအားကြသတုံး....(ဘယ်နေ့မှ မအားပါဘုရား)။

ဟိုစာရင်းကလဲ မချုပ်ရသေး၊ ဟိုလူနဲ့ ပြောစရာ ရှိတာကလဲ မပြီးသေး၊ ဟိုသွားစရာကိစ္စကလဲ ဆိုင်းထားရ... ( မှန်ပါ့ဘုရား ) အံမာလေး ရှုပ်လိုက်တဲ့ဖြစ်ခြင်း....(မှန်ပါ့)ဘယ်သူခိုင်းထားတာ တွေတုံး....(သုခဝေဒနာ ခိုင်းထားတာတွေပါဘုရား)။

အင်း....မင်းမသွားယင် မပြီးဘူး၊ မင်းမပြောယင် မပြီးဘူး၊ မင့်ပဲ မျှော်နေကြတယ်များတောင် ပြောလိုက်သေးတယ် သုခဝေဒနာက....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သုခဝေဒနာကြောင့် ကျွန်ဖြစ်နေရဘယ်....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

သံသရာ့ကျွန် ဖြစ်နေဘာလဲ ဘယ်သူ့ကြောင့်ပါလိမ့် .... (သုခဝေဒနာကြောင့်ပါ)ဟော-လူ့ပြည်ထက် နတ်ပြည်ကောင်းတယ်ကွ၊ သုခဝေဒနာက ဟောပြန်ပြီ....(မှန်ပါ့ဘုရား)။

ဟောတဲ့အခါကျတော့ တကာသစ်တို့လူစုက နတ်ပြည်ရောက်ကြောင်းတွေ လုပ်လိုက်ပြန်တော့ နတ်အို့,နတ်နာ,နတ်သေဖြစ်ရမှာလား- မဖြစ်ရပေဘူးလား .... (ဖြစ်ရမှာပါ) ဟ....ဘယ်သူက လိုက်ပြီးသကာလ နှိပ်စက်ပြန်ပါလိမ့်....(သုခဝေဒနာက နှိပ်စက်တာပါ) ဒီက သုခဝေဒနာကနေ လှမ်းနှိပ်စက်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း....တကာတကာမတို့ ခင်ဗျားတို့ကို နှိပ်စက်တဲ့ ဝေဒနာ ဆိုတာဖြင့် ဒုက္ခသစ္စာပေါ်ပါပြီ(ပေါ်ပါပြီ) ဟုတ်လား(မှန်ပါ့)

ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာ၊ နိုပ်စက်တတ်တယ်ကွ ဆိုတော့ တကာသစ်က ဖြန်းကနဲဝေးနေတယ်....(မှန်ပါ့) အခုတော့ဖြင့် ရိပ်မိသွားပြီ....(ရိပ်မိပါပြီ) တကာကြွယ် ဘယ်သူက နှိပ်စက်နေ သတုံး....(သုခဝေဒနာက နှိပ်စက်နေပါတယ်ဘုရား)။

သုခဝေဒနာဟာဝေဒနာက္ခန္ဓာမဟုတ်လား....(မှန်ပါ့)ဒါဖြင့် ခန္ဓာငါးပါး နှိပ်စက်တတ်တဲ့ တရားဆိုတာ ပေါ်ပလား .... (ပေါ်ပါပြီ) ဒါဖြင့် သူ့ကို ဘာသစ္စာဖွဲ့မတုံး.... (ဒုက္ခသစ္စာပါ ဘုရား)။

အဲ....ဒုက္ခဿ ပိဠနဋ္ဌော....(မှန်ပါ့) ဒုက္ခဿ = ဝေဒနာဆိုတဲ့ ဒုက္ခသစ္စာ၏၊ ပိဠနဋ္ဌော=သတ္တဝါကို ညာတာမဖက် အမြဲနှိပ်စက် နေတယ်....(မှန်ပါ့) ဘယ်သူ့မှမညာဘူး( မှန်ပါ့ ) ဘုရားလဲ ဆွမ်းခံရသေးတယ်....(မှန်ပါ့ဘုရား)သဘောကျပလား (ကျပါပြီ ဘုရား)။

ဘုရားလဲ ဆွမ်းခံရတာ ဘယ်သူ့ကြောင့်ပါလိမ့်(သုခဝေဒနာ ကြောင့်ပါဘုရား)။

အရှင်ဘုရားဆွမ်းခံဦး၊ အရှင်ဘုရားဆွမ်းမခံလို့ရှိယင် ညနေ ကျလို့ရှိယင် ဆာလောင်မွတ်သိပ်တဲ့ ဝေဒနာရောက်ပါလိမ့်မယ်- (မှန်ပါ့) ဒါမှ အရှင်ဘုရားချမ်းသာမှာပဲဆိုတော့ သုခကြောင့် တကာတကာမတို့ အခိုင်းက မလွတ်သေးဘူး....(မှန်ပါ့)သဘော ကျပလား....(ကျပါပြီဘုရား)။

ကဲ .... ဘုရားလဲ ဆွမ်းခံရသေးတယ် ဆိုတော့ .... သူ့ကို ဒါ့ကြောင့် ဝေဒနိန္ဒြေကွ...(မှန်ပါ့)ဝေဒနာလဲဖြစ်တယ်၊ အကုန်

အပေါ်မှာ ကြီးစိုးနိုင်တယ်....(မှန်ပါ့) သဘောကျကြပလား.... (ကျပါပြီဘုရား)။

ဝေဒနာဟာ အလုံးစုံအကုန်ပေါ်မှာ (ကြီးစိုးနိုင်ပါတယ်) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ဝေဒနာလဲ ခြောက်မျိုး....(မှန်ပါ့)အခိုင်းခံရတဲ့ လူကဘယ်နှစ်ယောက်တဲ့....(တယောက်ပါ)ခိုင်းတဲ့ဘဲ့ဘ ာ ာ က (ခြောက်မျိုးပါဘုရား)။

အင်း....တကာကြွယ် ရိပ်မိပြီ....(ရိပ်မိပါပြီ) အရိုက်ခံရတဲ့လူက တယောက်တည်း၊ ရိုက်တဲ့လူက ခြောက်ယောက်၊အားကောင်းတဲ့ လူက ရိုက်မယ်ဆိုယင်ဖြင့် တကာတကာမတို့ သေပွဲဝင်ဖို့ဖြင့် ကေန်ပါပဲ....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ တချို့ အရွယ်မရောက်ဘူး ဆံဖြူ - သွားကျိုးပြီးသကာလ ဖြစ်နေတာ ဝေဒနာ ခြောက်ယောက်ဝိုင်းရိုက်လို့....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဝေဒနာခြောက်ယောက်က ဘာလုပ်လိုက်သလဲ.... (ဝိုင်းရိုက်ပါတယ်)ဝိုင်းပြီးခိုင်း နှိပ်စက်ချလိုက်တယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဒီခန္ဓာကြီး မကောင်းပါဘူးဆိုဘာ ဦးလှဘူး ပေါ်လာတယ်.... (ပေါ်လာပါတယ်)ဝေဒနာက္ခန္ဓာဟာခင်ဗျား တို့က ကောင်းတယ်ထင်သလား....(မကောင်းပါ) ခင်ဗျားတို့ကို ကျွန်သပေါက် လုပ်ခိုင်းနေတာသေချာပလား.... (သေချာပါပြီ) ကဲ...ဒါက သုခဝေဒနာကနှိပ်စက်တာ....(မှန်ပါ့ဘုရား)။

ဒုက္ခဝေဒနာကလဲ တကာတကာမတွေ ယားတယ်,ယံတယ်, နာတယ်,ကိုက်တယ်ဆိုလို့ရှိယင်ဖြင့် ဆေးရှာပေးပါဦး၊ဟုတ်လား (မှန်ပါ့) ခေတ်စာရှာပေးပါဦး.... ( မှန်ပါ့ ) တကာသစ်ရေ-ပြေးရ,လွှားရပြီ....(မှန်ပါ့) ဘယ်သူက နှိပ်စက်တာတုံး.... (ဒုက္ခဝေဒနာကနှိပ်စက်တာပါ) ဒုက္ခဝေဒနာက နှိပ်စက်တာကော ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကဲ.... ဒုက္ခဝေဒနာက ဒီတွင်နှိပ်စက်လို့ အားမရသေးဘူး၊ ဆေးရှာ ဝါးရှာခိုင်းတာလဲ နှိပ်စက်လို့ အားမရသေးဘူး .... (မှန်ပါ့) မင်း ဒီဘဝ ဒုက္ခရောက်နေတယ်တဲ့၊ နောက်ချမ်းသာအောင် မင်း ကြိုးစားဦးတဲ့....(မှန်ပါ့)။

နတ်ပြည်,ဗြဟ္မာ့ပြည် ရောက်အောင် ကြိုးစားဦး....(မှန်ပါ့) အင်း....ဒုက္ခဝေဒနာက တရားဟောတာနဲ့ ကျုပ်တို့က နတ်ပြည် ဗြဟ္မာ့ပြည် ရောက်တော့ နတ်ပြည်ကျတော့လဲ ဒီဒုက္ခတွေ့ပြန်တာပဲ....(တွေ့ပါတယ်) မတွေ့ဘူးလား.... (တွေ့ပါတယ်) ဒါ ဘယ်ဝေဒနာက နှိပ်စက်ပြန်သတုံး....(ဒုက္ခဝေဒနာက နှိပ်စက်ပါတယ်ဘုရား)။

တကာကြွယ် ဝေဒနာသုံးမျိုးဟာ ဒုက္ခသစ္စာနော်....(မှန်ပါ့) သတ္တဝါကို ညှာတာမဖက် အမြဲနှိပ်စက်တာ ဘယ်သူပါလိမ့်.... (ဒုက္ခသစ္စာပါ) ဝေဒနာပဲ....(မှန်ပါ့) သုခဝေဒနာ-ဒုက္ခဝေဒနာ (မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဥပေက္ခာဝေဒနာကလေး ထည့်ကြပါဦးစို့....(မှန်ပါ့) ဥပေက္ခာဝေဒနာကမြင်တယ်ဆိုယင်

ဥပေက္ခာဝေဒနာ....(မှန်ပါ့) စားဘယ်ဆိုယင် ဥပေက္ခာဝေဒနာ (မှန်ပါ့)။

သူတို့ကလဲ တကာတကာမတို့ ဥပေက္ခာဝေဒနာကလေးကလဲ သူ့ကို လိုက်ပို့ဦး ဘိုင်စကုတ်-ခေတ်ရှင်ကိုဆိုတော့ ဥပေက္ခာဝေဒနာ လိုက်ပို့ရမယ်.... (မှန်ပါ့) ခင်ဗျားတို့က ပိုက်ဆံထုတ်ရဘယ် ဥပေက္ခာဝေဒနာပေါ်အောင်လို့....(မှန်ပါ့)။

ဘာလုပ်ရသဘုံး(ပိုက်ဆံထုတ်ရပါဘယ်) ဒီပိုက်ဆံသူ့ဘယ်သူ ရှာခိုင်းတာတုံး မေးတဲ့အခါကျတော့မှ သူ့မျက်လုံး အခွန်ဆက်ဖို့ ရှာရဘာ....(မှန်ပါ့)။

မျက်လုံးအခွန်ဆက်ဖို့ တခါဘည်း လည်ပြီးသကာလ တနေ့လုံး သူများနဲ့ငြင်းဟယ်,ပြုဟယ် ဟုတ်လား၊ မရ- ရကြောင်းလုပ်ဟယ်၊ မမြတ်-မြတ်အောင်လုပ်ဟယ် အမျိုးမျိုးအဖုံဖုံဥာဏ်စွမ်းရှိသလိုထုတ်ဟယ်....(မှန်ပါ့)။

ဒီမျက်လုံး အခွန်ဆက်ဖို့.... (မှန်ပါ့) ပွဲလမ်းသဘင်ရှိယင် သူများနဲ့ တူတူကြည့်နိုင်ဖို့....(မှန်ပါ့ဘုရား)။

တကာကြွယ် ပေါ်ပလား.... (ပေါ်ပါပြီ) မျက်လုံး ဘာဝေဒနာတုံး.... (ဥပေက္ခာဝေဒနာပါ) အဲဒီမျက်လုံးပေါက်က ဥပေက္ခာဝေဒနာ အခွန်ဆက်ဖို့ကို ဘယ်လောက် ရှာရတယ် ဆိုတာကော တကာသစ် ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

နားပေါက်ကလဲ သူများအိမ်မှာ ရေဒီယိုရှိတယ် ဂရမ်မာဖုံးရှိတယ်၊အမျိုးမျိုးအဖုံဖုံဟုတ်လား၊ ရကောဘာရှိတယ်....(မှန်ပါ့ဘုရား)။

ဒို့လဲ အစုံအလင်ရှိမှ တော်မှာပဲ၊ သူများဆီ သွားနား ထောင်ရတာ တယ်အောက်ကျတယ် .... (မှန်ပါ့) အစရှိသည်နဲ့ ဆိုတော့ နားပေါက်ကို အခွန်ဆက်ချင်တာနဲ့လဲ နားနဲ့ပတ်သက် တဲ့ ပစ္စည်းကြောင့် ရှာလိုက်-ဖွေလိုက်ရတာလဲ တကာကြွယ် အား သေးသလား.... (မအားပါဘုရား) နားဝေဒနာကနေ နှိပ်စက် တာ....(မှန်ပါ့ဘုရား)။

နှာခေါင်းဝေဒနာကလဲ ထိုနည်းအတူပဲ အမွှေးအကြိုင်အစ ရှိသည်တို့ကို သူနှိပ်စက်တာနဲ့ပဲ တကာတကာမတွေ ဝယ်လို့ ခြမ်းလို့ ကိုပြီးရဲ့လား.... (မပြီးပါ) ကုန်ပြန်ယင် အဝယ်ခိုင်း ပြန်တာပဲ... (မှန်ပါ့ဘုရား)။

ကုန်ပြန်ယင်ကော.... (အဝယ်ခိုင်းပါတယ်) ဒီ့ထက်ကောင်း တာကော....(အဝယ်ခိုင်းပါတယ်) သူ အဝယ်ခိုင်းနေတာ နှာ ခေါင်းအခွန်ဆက်နေရတာနဲ့ကို မအားပါဘူး....(မအားပါ)ရိပ်မိ ပလား....(ရိပ်မိပါပြီဘုရား)။

ဘာတွေ အခွန်ဆက်နေရသတုံး.... (နှာခေါင်းအခွန်ဆက်နေ ရပါတယ်) နှာခေါင်းဝေဒနာ အခွန်ဆက်နေတယ်.... (မှန်ပါ့ ဘုရား)။

လျှာဝေဒနာကလဲ တနေ့နှစ်ကြိမ် ကောင်းကောင်းစားမယ် ကိုင်း....(မှန်ပါ့) လျှာပေါ်မှာ ဥပေက္ခာဝေဒနာက မပေါ်ဘူး သား....(ပေါ်ပါတယ်ဘုရား)။

အဲဒီ့ ဥပေက္ခာဝေဒနာ လျှာပေါ်မှာ ကောင်းကောင်း ကလေး ဖြစ်ဖို့ကိုလဲ တကာသင်တို့ အို.... နှစ်ပေါင်းများစွာစုပြီး

သကာလ ရှာရတာတမျိုး....(မှန်ပါ့) နှစ်ပေါက် လျှောင်ထားရတာတမျိုး....(မှန်ပါ့) မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဒါ....ဘယ်ဝေဒနာ အခွန်ဆက်ဖို့ပါလိမ့်.... (လျှာအခွန်ဆက်ဖို့ပါဘုရား) လျှာဥပေက္ခာဝေဒနာ အခွန်ဆက်ဖို့.... (မှန်ပါ့ဘုရား)။

ဟိုအိမ်မှာ ဟိုချောင်မှာသိပ်ထားတဲ့ ဆန်အိတ်တွေ ဆီပုံးတွေ ငါးပိ-ငါးခြောက်တွေ ဟ.... ဘာလုပ်တာတုံး ဒီဥစ္စာတွေလို့ ပြောယင် နှစ်ပေါက်အခွန်ဆက်ရအောင်လို့....(မှန်ပါ့) ဘယ်သူ့ပါလိမ့်ဗျာ....(လျှာဥပေက္ခာဝေဒနာ အခွန်ဆက်ရအောင်လို့ပါဘုရား)။

ဒါဟာ နှစ်ပေါက်အခွန်ဆက်နိုင်အောင်, ဝယ်နိုင်အောင်လဲ လျှာပေါက်ဝေဒနာက ကြီးစိုးပြီးခိုင်းတာနဲ့ ကျုပ်တို့ဒါလောက် လျှောင်ဖြစ်တာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဥပေက္ခာဝေဒနာကိုလဲ မနိုင်သေးသရွေ့ ကာလပတ်လုံး နှိပ်စက်ဦးမှာပဲ.... (မှန်ပါ့) တကာကြွယ် ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

သူကလဲ တခါဒီပြည်မှာ လူ့ပြည်တွေ လှတယ်, ပတယ်, ကောင်းတယ်ဆိုတာ အပိုကွ၊ နတ်ပြည်ဟာ ဒီ့ထက်သာတယ်, ဗြဟ္မာ့ပြည် ဒီ့ထက်သာတယ်လို့ အမြင်အထင်မှာ ဒီ့ထက်သာတယ်၊ အကြားအနာမှာလဲ ဒီ့ထက်သာတယ်၊ အစားအသောက်မှာလဲ ဒီ့ထက်သာတယ်လို့ဆိုပြီး ဥပေက္ခာဝေဒနာကခိုင်းတာနဲ့ ခင်ဗျားတို့ ဒါန-သီလတွေ လုပ်ရပြန်တယ်....(မှန်ပါ့) မလုပ်ရဘူးလား....(လုပ်ရပါတယ်ဘုရား)။

(၄၈၇)     မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား ။၂၀။

လုပ်ရတဲ့အခါကျတော့ အဲဒီရောက်ကြောင်းတွေ လုပ်ရတဲ့ ဒုက္ခလဲ မသေးလှဘူး....(မသေးပါဘုရား)။

ရောက်သွားတော့ ဟိုကျတော့ အိုပွဲ၊ နာပွဲ၊ သေပွဲ တွေကော မတွေ့ရဘူးလား.... (တွေ့ရပါတယ်) ဒါတွေက ဘယ်ဝေဒနာက နှိပ်စက်လိုက်တာတုံး.... (ဥပေက္ခာဝေဒနာက နှိပ်စက်တာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဥပေက္ခာဝေဒနာသည် ပစ္စုပ္ပန်မှာလဲ အေးအောင် လုပ်ရတယ်.... (မှန်ပါ) သံသရာမှာလဲ အိုပွဲ၊ နာပွဲ သေပွဲတွေ အမျိုးမျိုး အဆင်ခိုင်း- အနှဲခိုင်းနေတာ ဘယ်သူပါလိမ့်.... (ဥပေက္ခာဝေဒနာပါဘုရား) ဒါဖြင့် ခင်ဗျားတို့ ယနေ့ သဘောကျပြီ....(ကျပါပြီဘုရား)။

တကာကြွယ် ဘယ်ဝေဒနာသည် သတ္တဝါကိုညာတာမဖက် အမြဲနှိပ်စက်နေတယ်.... (မှန်ပါ) သုခကလဲ ညာတာမဖက်.... (နှိပ်စက်ပါတယ်ဘုရား)။

ဒုက္ခဝေဒနာကကော.... (ညာတာမဖက် နှိပ်စက်ပါတယ်) ဥပေက္ခာဝေဒနာကကော.... (ညာတာမဖက် နှိပ်စက်ပါတယ်) သဘောကျပြီ...(ကျပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးက စောစောပြောပါတယ်၊ တကာ တကာမတို့ ရေထဲကငါး ကုန်းပေါ်မှာ အရှင်လတ်လတ် သေ ဘာ မြင်ဘူးရဲ့လားလို့ မေးယင် တကာတကာမတွေ ဘယ့်နှယ် ပြောကြမလဲ... (မြင်ဘူးပါတယ်ဘုရား)။

ဩော် ....ရေထဲကငါးပဲ ရေထဲမွေးတာပဲ ရေထဲသေပါ စေတော့....(မှန်ပါ့)မဟုတ်ဘူးတဲ့ ဝေဒနာသုံးပါးနိုပ်စက်တာ.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ငါးစာကလေးကို ငါးမျှားတဲ့လူက ငါးစာကလေးပြတယ်၊ ငါးစာကလေးချလိုက်တော့ ငါးမှာရှိတဲ့ မျက်လုံးမှာ ဥပေက္ခာ ဝေဒနာ သွားမြင်တယ်....(မှန်ပါ့)။

ငါးမျက်လုံးက ဘာဝေဒနာတုံး.... (ဥပေက္ခာဝေဒနာပါ) ဥပေက္ခာဝေဒနာက ငါးစာကလေး ပြလိုက်တယ်.... (မှန်ပါ့) အတွင်းမှာရှိတဲ့ သုခဝေဒနာက မခံစားချင်ဘူးလား....(ခံစားချင် ပါတယ်) ခံစားချင်တဲ့အခါ ဒီငါးကသွားမျိုလိုက်တယ်....(မှန်ပါ့ ဘုရား)။

ဒါဖြင့် သုခဝေဒနာကြောင့် မျိုမိတယ်.... (မှန်ပါ့ဘုရား) ဥပေက္ခာဝေဒနာက ပြတယ်.... (မှန်ပါ့)။

သုခဝေဒနာက....(မျိုမိပါတယ်ဘုရား) အင်း....ဒါနဲ့ ငါး မျှားချိတ်ကြီးနဲ့ချိတ်ပြီး အပေါ်မှာ ရိုက်တော့ကို ဒုက္ခဝေဒနာ တွေနဲ့ သေရတယ်....(မှန်လှပါဘုရား)။

ဒါဖြင့် ငါးတကောင်မှာ သေရခြင်းသည် ဝေဒနာ ဘယ် နှစ်ပါး သဘောတူနှိပ်စက်သတုံး.... (သုံးပါးသဘောတူနှိပ်စက် ပါတယ်ဘုရား)။

ဒါ့ကြောင့် ရေထဲကငါး ကုန်းပေါ်မှာ သေရရှာတယ်.... (မှန်ပါ့) ဘယ်သူနှိပ်စက်တာပါလိမ့်....(ဝေဒနာသုံးပါးနှိပ်စက် တာပါဘုရား) ဝေဒနာ နှိပ်စက်တာ ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာကြွယ်-ရေ.... ဝေဒနာမရှိတဲ့နေရာ ကျုပ်တို့ သွားမှပဲ....(မှန်ပါ့) ခန္ဓာမရှိတဲ့နေရာ သွားမှပဲ.... (မှန်ပါ့) ခန္ဓာရှိတဲ့နေရာသာနေမယ်ဆိုယင် သူတို့နှိပ်စက်တာနဲ့ ကျုပ်တို့ ဖြင့် သေလို့ပဲ မအားတော့ဘူး... (မအားပါဘုရား) အားပါ ဦးမလား....(မအားပါဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီခန္ဓာဖြင့် ရွံကြပါကွ....၊ မုန်းကြပါကွ၊ မမွေ့လျော်တဲ့စိတ်ပေါ်အောင် ကြိုးစားကြစမ်းပါကွ-ဆိုတာ ခင်ဗျားတို့က သာမညပြောတယ် ထင်နေတယ်....(မှန်လှပါ) အခု သေသေချာချာစဉ်းစားတော့မှ ဝေဒနာသုံးမျိုးဟာ ဒို့ကိုသတ်နေတဲ့သုံးမျိုး....(မှန်ပါ့)။

ဒို့ကို လူစဉ်မမှီအောင်လုပ်တာလဲ ဒီဝေဒနာပဲ.... (မှန်ပါ့) ဒို့ကို သေအောင်သတ်နေတာလဲ.... (ဝေဒနာပါဘုရား) သဘော ကျပလား....(ကျပါပြီ)။

ဒါဖြင့် တကာတကာမတို့ သန္တာန်မှာ ဝေဒနာမှ ရှိရဲ့လား (ရှိပါတယ်ဘုရား) ထမင်းစားကောင်းတော့ ဘာဝေဒနာတုံး.... (သုခဝေဒနာပါ) စားမကောင်းတော့ .... ( ဒုက္ခဝေဒနာပါ )၊ စားမကောင်းယင်လဲ သေတော့မှာပဲ.... (မှန်ပါ့) သဘောကျ ပလား....(ကျပါပြီဘုရား)။

စားကောင်းတော့ သုခဝေဒနာ....(မှန်ပါ့) ဥပမာ-ခေါက်ဆွဲ တခု စားလိုက်တယ် ကိုယ်နဲ့မတည့်တာ၊ သုခဝေဒနာကတော့ ကောင်းနေတာပဲ... (ကောင်းပါတယ်ဘုရား) တော်တော်ကြာ ကျတော့ ဒီသုခဝေဒနာစားမိတာနဲ့ ဒုက္ခဝေဒနာ၊ မတည့်တဲ့

အစာတွေဖြစ်သောကြောင့် ရောဂါဆိုတဲ့ ဒုက္ခဝေဒနာမလာဘူးလား... (လာပါတယ်ဘုရား)။

ဒါဖြင့် သုခဝေဒနာကို အလိုလိုက်မိတာနဲ့ ဒုက္ခဝေဒနာ လက်တွင်း အပ်လိုက်သလိုဖြစ်နေတယ်....(မှန်ပါ့)။

ဒါဖြင့်.... သုခဝေဒနာက တကာတကာမတို့ကို လိမ်လည်ကောက်ကျစ်သမား....(မှန်ပါ့) လိမ်လည်ကောက်ကျစ်ပြီး သတ်ရာ ဌာနသို့ အခေါ်သမား....(မှန်ပါ့) ဒုက္ခဝေဒနာက အသတ်သမား(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် သုခဝေဒနာနဲ့ ဒုက္ခဝေဒနာသည် တကာတကာမတို့ တိုင်ပင်ဖော် တိုင်ပင်ဘက်.... (မှန်လှပါဘုရား) သုခဝေဒနာက ခင်ဗျားတို့ မတည့်တာကို တည့်အောင် အစားခိုင်းတယ်-(မှန်ပါ့) တော်တော်ကြာကျတော့ မတည့်တဲ့အစာဖြစ်ပြီး ဒုက္ခဝေဒနာ ဖြစ်ပြီး သုသာန်ပို့ရတယ်....(မှန်လှပါဘုရား) မပို့ရဘူးလား.... (ပို့ရပါတယ်ဘုရား)။

အင်း....ဒီဝေဒနာနှစ်ခုသည် တကာတကာမတို့ တယောက်ကလဲ သုသာန်ပို့ဖို့ နေရာဌာနအနီး ရောက်အောင်ပို့တာပဲ.... (မှန်ပါ့)တယောက်ကလဲ အနီးရောက်တော့ သူနိုင်တာနဲ့ သတ်လိုက်တာပဲ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာသုံးမျိုးသည် သဘောတူကျုပ်တို့ကို နှိပ်စက်သောကြောင့် ဒုက္ခသစ္စာ....(မှန်ပါ့)။

ဝေဒနာသုံးမျိုးသည်- (သဘောတူ နှိပ်စက်သောကြောင့် ဒုက္ခသစ္စာပါဘုရား) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

(၄၇၂) မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား ။၂၀။

တကာကြွယ် အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်တလုံးတည်း ဟောနေသေးတယ်....(မှန်ပါ့) ကိုးလုံးပြည့်အောင်ဟောရမှာ....(မှန်ပါ့)။

ကိုးလုံးဟောရမှာ ယနေ့ သူ့ကို ဒုက္ခသစ္စာ၊ ဒါ့ကြောင့် တကာတကာမတွေ အလုပ်-လုပ်တဲ့အခါ ဝေဒနာကလေးတွေက သုခပေါ်လဲ ဟာ....နှိပ်စက်တတ်တဲ့ဒုက္ခသစ္စာ၊ ဒီလို ဝိပဿနာရှုပါ....(မှန်ပါ့)။

ဒုက္ခဝေဒနာကလေးပေါ်လာယင်.... (နှိပ်စက်တတ်တဲ့ ဒုက္ခသစ္စာ) နှိပ်စက်တတ်တဲ့ ဒုက္ခသစ္စာ....(မှန်ပါ့)။

ဥပေက္ခာဝေဒနာကလေးပေါ်လာယင်.... ( နှိပ်စက်တတ်တဲ့ ဒုက္ခသစ္စာ) နှိပ်စက်တတ်တဲ့ ဒုက္ခသစ္စာလို့ဆိုပြီး ဓမ္မာနုပဿနာ ကြပ်ကြပ်ရှုစမ်းပါ....(မှန်ပါ့)။

ရှုလိုက်လို့ရှိယင်ဖြင့်....တဲ့ တကာတကာမတို့ ဝေဒနာကို ကျုပ်တို့က နိုင်သွားတယ်...(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)ဝေဒနာကိုကျုပ်တို့က မင်း-နှိပ်စက်တတ်တဲ့ တရားကိုး-လို့ သိသည်နဲ့ တပြိုင်နက်တည်း ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိတာပဲ .... (မှန်ပါ့)။

ဒုက္ခကို.... (ပိုင်ပိုင်နိုင်နိုင်သိပါတယ်ဘုရား) ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိတယ်ဆိုကတည်းက ဝေဒနာ့နောက်က တဏှာက လိုက်နိုင်သေးရဲ့လား....(မလိုက်နိုင်ပါဘုရား) တဏှာမှ မလိုက်နိုင်ပဲ ကံတွေက ကျုပ်တို့ကို နောက်ဘဝလုပ်နိုင်သေးရဲ့လား....(မလုပ်နိုင်ပါဘုရား) မလုပ်နိုင်လို့ရှိယင်ဖြင့် ကျုပ်တို့ ဝေဒနာနိုင်ယင် နိဗ္ဗာန်ရောက်တာပဲ....(မှန်ပါ့)။

ဘယ်လိုဆိုကြမယ်.... (ဝေဒနာနိုင်ယင် နိဗ္ဗာန်ရောက်ပါတယ်ဘုရား) ဒါဖြင့် တကာကြွယ် သုခဝေဒနာလာလဲ ဒုက္ခသစ္စာရှု (မှန်ပါ)။

ဒါ့ကြောင့် ဘုရားက "သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ".... (မှန်ပါ) ဘိက္ခဝေ=ငါ၏ချစ်သားတပည့်များတို့၊ သုခါဝေဒနာ=မင်းတို့နှိပ်စက်တဲ့ သုခဝေဒနာကို မင်းတို့ကြိုက်နေတဲ့ သုခဝေဒနာကို၊ ဒုက္ခတော = နှိပ်စက်တဲ့ ဒုက္ခအားဖြင့်၊ ဒဋ္ဌဗ္ဗာ=ရှုဖြစ်အောင်ရှုပါ၊ သံယုတ်ပါဠိတော်မှာ.... (မှန်ပါ) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အင်း....သုခဝေဒနာလာလဲ နှိပ်စက်တတ်တဲ့ ဒုက္ခဝေဒနာလို့ ရှုရမယ်....(မှန်ပါ) ဒုက္ခလာလဲ.... (နှိပ်စက်တတ်တဲ့တရားလို့ ရှုရပါမယ်ဘုရား) ဥပေက္ခာလာလဲ.... ( နှိပ်စက်တတ်တဲ့ တရားလို့ ရှုရပါမယ်ဘုရား)။

ဒါဖြင့် ရှုလိုက်တဲ့အခါကျတော့ သူက ဖြစ်ပျက်၊ ရှုတာက မဂ်....(မှန်လှပါဘုရား) သေတာက သမုဒယ၊ ရမှာက နိရောဓ ဆိုတော့ တကာသစ် ဘာပူစရာရှိသေးသလဲ.... (မရှိပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာမရှုလို့ ရှိယင်ဖြင့် ကျုပ်တို့ကို ဝေဒနာက သတ်လိမ့်မယ်....(မှန်လှပါ)။

ဝေဒနာမရှုယင်....(ဝေဒနာကသတ်မှာပါဘုရား)ဝေဒနာက ခိုင်းမယ်၊ ဝေဒနာက သတ်မယ်....(မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယနေ့ အိမ်တွင်းပဋိစ္စသမုပ္ပါဒ်မှာ သုခဝေဒနာ ဒသန ဘယ်ဆိုတော့ဖြင့် သိပြီ....(သိပါပြီဘုရား) မဆုံးသေးဘူး တကာ

သစ်,ရ၊ သူက ပွားမယ်....(မှန်ပါ့) သူက ကျေးဇူးပြုလိုက်တာ ကိုးချက်ကျအောင်သွားမယ်....(မှန်ပါ့)။

ကိုးချက်ကျအောင် သွားမယ်၊သုခဝေဒနာကနေပြီး ကျေးဇူး ပြုလိုက်တာ.... (မှန်ပါ့)။

တကာကြွယ် ဘယ်လောက်များ အကြောင်းအကျိုးဆက် ရှည်တယ်ဆိုတာ ဝေဒနာမရှုလို့ရှိယင် ခင်ဗျားတို့ ဒုက္ခကိုးမျိုး ရဦးမယ်ဆိုတာ ဘုရားဟောတယ်....( မှန်ပါ့ ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့်....ဝေဒနာ လာတိုင်း –လာတိုင်း ဝိပဿနာရှုပါ.... (မှန်ပါ့)ဘယ်လိုရှုကြမယ်(ဝေဒနာလာတိုင်းလာတိုင်း ဝိပဿနာ ရှုရပါမယ်ဘုရား) ဝေဒနာလာတိုင်း လာတိုင်း ဖြစ်ပျက်ဒုက္ခ သစ္စာလို့ရှု....(မှန်ပါ့)။

ဝေဒနာလာတိုင်းလာတိုင်း.... (ဖြစ်ပျက်ဒုက္ခသစ္စာလို့ ရှုရပါ မယ်ဘုရား) သုခလာလဲ ဖြစ်ပျက်ဒုက္ခသစ္စာ.... (မှန်ပါ့) ဒုက္ခ လာလဲ.... ( ဖြစ်ပျက်ဒုက္ခသစ္စာပါဘုရား ) ဥပေက္ခာလာလဲ.... (ဖြစ်ပျက်ဒုက္ခသစ္စာပါဘုရား)။

အဲဒီလိုချည့်ရှုတော့ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ရှုတာက မဂ္ဂ သစ္စာ၊ သေတာက သမုဒယသစ္စာ....(မှန်လှပါ) နောက် ခန္ဓာ မဖြစ်တာက နိရောဓသစ္စာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု...သာဓု....သာဓု

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
အမရပူရဓမ္မာရုံ၌-ဟောကြား တော်မူအပ်သော
အိမ်တွင်းပဋ္ဌာန်းစွသမုပ္ပါဒ်တရားတော် (၂)

# ဓနုအလှဴပေးတရားတော်

( ၃၀-၉-၆၁ )

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် မဟာနိဒါနသုတ် ဆိုပြီး ရှင်အာနန္ဒာကိုဟောပါတယ်၊ နိဒါနဆိုတာ အကြောင်း ရှာကွ၊ အကြောင်းရှာပြီးသကာလ အကြောင်းဖြတ်လို့ရှိယင် အကျိုးပြတ်တယ်ကွာ ဆိုပြီးသကာလ မဟာနိဒါနသုတ်ဆိုပြီး သုတ်မဟာဝါ ပါဠိတော်မှာ တကာကြွယ် ဟောထားတယ်နော် (မှန်ပါ့ဘုရား)။

အဲဒါတွေ ဟောထားတာ ထောက်တော့ဖြင့် ဒြော်.... ငါတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အကြောင်းရှိလို့ အကျိုး ဖြစ်နေတယ်၊ အကျိုးခန္ဓာကြီး ရနေတာပဲ....(မှန်ပါ့ဘုရား)။

အကြောင်းကိုသိမ်းလိုက်လို့ရှိယင် အကျိုးခန္ဓာဒုက္ခသစ္စာကြီး ပြတ်မှာပဲ ဆိုပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် မဟာနိဒါနသုတ်ကို ဟောတယ်....(မှန်ပါ့) မဟာက ကြီးကျယ် တာ၊ နိဒါနက အကြောင်း၊ မင်းတို့ခန္ဓာကိုယ်ကြီးမှာ ကြီးကျယ် တဲ့ အကြောင်းတွေ ရှိသကွာ၊ အဲဒီ့ကြီးကျယ်တဲ့ အကြောင်း

တွေကို မင်းတို့က ဝိပဿနာမဂ်ဉာဏ်တွေနဲ့ မဖြတ်ပဲသားလို့ ရှိယင် မင်းတို့အကျိုးကျတဲ့ အခါကျတော့ အောက်ကာ ငင်ကာ တစာစာနဲ့ မင်းတို့ ဒုက္ခအကြီးအကျယ် ရောက်ပြီးသကာလ လွတ်ရေး,ကျွတ်ရေး, မမြင်သေးတဲ့ အခြေအနေရောက်မယ်.... (မှန်ပါ့ဘုရား)။

ဒါကြောင့် မဟာနိဒါနသုတ် ဆိုတာ ဘုန်းကြီးများက နာမည်ပေးလိုက်တယ်တဲ့၊ ခင်ဗျားတို့ အိမ်မှုပြင်ပမှာဖြစ်တာမဟုတ်ဘူး၊ အိမ်တွင်းတွင် ပဋိစ္စသမုပ္ပါဒ်ဖြစ်နေတာ ဆိုတာကိုလဲ တကာ တကာမတွေ သိရမယ်နော်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် စ,ကြပါစို့တဲ့၊ ဒီတကာတကာမတွေမှာ အခု လောဘဆိုတဲ့ တရားဟာ သမုဒယသစ္စာ လူတိုင်းသိတယ်နော်.... ( မှန်ပါ့ ) လောဘဆိုတဲ့ တရားသည်ကားလို့ ဆိုယင်ဖြင့် ဒီလောဘသည် ရှာမှီးတဲ့လောဘ၊ ရှာမှီးရတာ သာယာတဲ့ လောဘ....(မှန်ပါ့) လောဘ ဘယ်နှစ်မျိုးရှိပါလိမ့်.... (နှစ်မျိုး ပါဘုရား)။

ရှာမှီးတဲ့လောဘ, ရှာမှီးလို့ရတာ သာယာတဲ့ လောဘ... (မှန်ပါ) ဘယ်နှစ်မျိုးရှိပါလိမ့်....(နှစ်မျိုးရှိပါတယ်ဘုရား)။

အဲဒီ လောဘ၏ ရေသောက်မြစ်ကို မင်းတို့ ရှာလို့ ရှိယင် ကောင်းမယ်တဲ့၊ လောဘ၏ ရေသောက်မြစ်သည် ကားလို့ ဆိုယင် ဖြင့် ဘယ်ကလာတယ်ဆိုတာ မသိလို့ရှိယင် သမုဒယသစ္စာ လောဘဟာ သူ့မှာလဲ အကြောင်းရှိသေးတာပဲ .... ( မှန်ပါ့ ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ သမုဒယသစ္စာ တဏှာ လောဘ၏ အကြောင်းကို ယနေ့ရှာကြစို့ .... (မှန်ပါ) ရှာလိုက်လို့ရှိယင် သမုဒယသစ္စာသည် ကျုပ်တို့ကို တသံသရာလုံး အပါယ်ထဲက ခေါင်းမပေါ်နိုင်အောင် နှိပ်စက်တတ်တဲ့တရား၊ ၎င်းနှိပ်စက်တတ်တဲ့တရား၏ ရေသောက်မြစ်ကို ဖြတ်လိုက်ရလို့ ရှိယင် နှိပ်စက်တတ်တဲ့ အပါယ်သည် ပြတ်သွားတော့မယ် .... (မှန်ပါ) မပြတ်ပေဘူးလား....(ပြတ်ပါတယ်ဘုရား)။

ဒါ့ကြောင့် တကာကြွယ်တို့ဆင်းရဲဇာတ်သိမ်းတာကို ဟောမှာပါပဲ၊ တိုတိုတော့နော်....(မှန်ပါ့ဘုရား)။

ဘာဟောမယ်ထင်ကြသတုံး....(ဆင်းရဲဇာတ်သိမ်းဟာ ဟောမှာပါဘုရား)။

အဲဒါ ဆင်းရဲဇာတ်သိမ်းတာကို ဟောလို့ရှိယင်ဖြင့် ဆင်းရဲဇာတ်သိမ်းတာကို ဒို့သည် ဟောတဲ့အတိုင်းကျင့်ဖို့ပဲ.... (မှန်ပါ့ဘုရား)။

ကျင့်လိုက်ရလို့ရှိယင်ဖြင့် ကိုယ် အခုဆင်းရဲနေတဲ့ ရှာမှီးရတဲ့ ဒုက္ခတွေ, ဒီခန္ဓာကိုယ်ကြီးကိုပြုစုနေရတဲ့ဒုက္ခတွေ, ဒီခန္ဓာကိုယ်ကြီး အတွက်နဲ့စိတ်မအေး-လက်မအေးနဲ့နေရတဲ့ ဒုက္ခတွေ၊ဒါတွေဟာ ဆင်းရဲဆိုးတွေပေါ့ဗျာ....(မှန်ပါ့ဘုရား)။

အဲဒီဆင်းရဲဆိုးတွေကို ဆင်းရဲခြင်းအကြောင်း ဖြတ်လိုက်လို့ရှိယင်ဖြင့် တကာကြွယ်တို့၊ ဦးမာဒင်တို့၊ တကာသစ်တို့ ဆင်းရဲဆိုးတွေဟာ ဆင်းရဲကြောင်း ဖြတ်မှရမယ် .... (မှန်ပါ့ဘုရား)။

အဲဒီတော့ တကာတကာမတွေ မနေ့ကတရား နည်းနည်း ဆက်ပြီးမှ ရှေ့ဆက်ကြရအောင်....(မှန်ပါဘုရား)။

အခုတရားနာနေတဲ့ တကာတကာမတွေ ဘယ်သူတွေတုံး လို့မေးယင်၊ သမုတိနယ်ကတော့ဖြင့် တကာတကာမတွေပဲ.... (မှန်ပါ)ပရမတ္ထနယ်ကနေ ကြည့်လိုက်တော့ ဩော်.... ဝေဒနာ သည်တွေပါကလားလို့ ပြောရမယ်....(မှန်ပါဘုရား)။

ဘယ်နှယ်ကြောင့် တပည့်တော်တို့ကို ဝေဒနာသည်လို့ပြော ရသတုံးဆိုတော့ ဩော်.... တရားနာလာကြတာ ကျန်းမာလို့ လာနိုင်ကြတာ....(မှန်ပါဘုရား)။

တရားနာ လာနိုင်ကြတာ....(ကျန်းမာလို့လာနိုင်ကြတာပါ) ကျန်းမာတယ်ဆိုတာ သုခဝေဒနာဖြစ်နေလို့ လာနိုင်ကြတယ်.... (မှန်ပါ) ဒုက္ခဝေဒနာဖြစ်နေယင် မလာနိုင်တော့ဘူး.... (မှန်ပါ ဘုရား)။

ဩော်....ဒါဖြင့် တရားနာကြတာသည် ဘယ်သူတွေတုံးလို့ မေးလို့ရှိယင်ဖြင့် ဝေဒနာက္ခန္ဓာတွေပဲ ဘုရား....(မှန်ပါ) ဘယ်လို မှတ်ကြမယ်....(ဝေဒနာက္ခန္ဓာတွေပါဘုရား)။

ဩော်.... ဒီလိုဆိုလို့ရှိယင် နေရာကျပါပြီတဲ့ ဘုန်းကြီးတို့ တကာတကာမတွေ ယောကျ်ားလဲမဟုတ်ဘူး၊မိန်းမလဲမဟုတ်ဘူး၊ ကျန်းမာလို့ လာနိုင်ကြတယ်(မှန်ပါ) ကျန်းမာတာက ဘာဝေဒ နာပါလိမ့်....(သုခဝေဒနာပါဘုရား)။

ဩော်.... ဒါ တကာတကာမတွေက ကျုပ်သွားချေဦးမယ် ပြောတာ....(မှန်ပါ) ကျုပ်ဘရားနာချေဦးမယ်လို့ပြောတယ်တဲ့၊ ဘယ်လိုပဲပြောပြော ဒုက္ခဝေဒနာ လဲလောက်အောင်ဖြစ်နေလို့ ရှိယင်ဖြင့် ဦးမာဒင် မလာနိုင်ဘူး....(မလာနိုင်ပါ) သုခဝေဒနာ

ကလေးပေါ်ပေါက်လာတဲ့ အခါကျလို့ရှိယင် လာကြတာပဲ-(မှန်ပါ)ဒါဖြင့် ဝေဒနာတွေလာကြတာ.... (မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (ဝေဒနာတွေ လာကြတာပါဘုရား) တကာကြွယ် သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါ ဘာလုပ်လိုက်တာတုံးလို့ ဆရာဘုန်းကြီးက ဘာအကူအညီပေးလိုက်တာတုံး-မေးတဲ့အခါကျတော့မှ ဒိဋ္ဌိဖြုတ်လိုက်တာလို့မှတ်ပါ....(မှန်ပါဘုရား)။

အခု လာကြတာသည်တဲ့ တကာတကာမဆိုတာ ပြောပါဘယ်....(မှန်ပါ) ကျန်းမာလို့လာကြတာ....(မှန်ပါ) ကျန်းမာတာဟာ ဝေဒနာပဲ (မှန်ပါ) ဘာဝေဒနာပါလိမ့်.... (သုခဝေဒနာပါ) သုခဝေဒနာနဲ့ဦးလှဘူးကြီးတို့ တရားနာနေတယ် (မှန်ပါဘုရား)။

တကာကြွယ်တို့ တရားနာနေတာ ဘယ်သူတုံး ဆိုတော့ ကျန်းမာတဲ့ ဝေဒနာနဲ့ နာနေတာဘုရား.... (မှန်ပါ )ဒါဖြင့် ဝေဒနာက္ခန္ဓာတွေ တရားနာနေတယ်.... (မှန်ပါဘုရား)။

ဘယ်သူတွေတရားနာနေသတုံး....(ဝေဒနာတွေ တရားနာနေပါတယ်ဘုရား)။

ဒါကြောင့် ဘုန်းကြီး ကပြောဘယ် တကာတကာမတို့၊ တရားဆိုတဲ့ဥစ္စာ စလာကတည်းက ဩော်....သူညတ ငါ-ငါ့ဥစ္စာမဟုတ်ဘူး၊ ဒိဋ္ဌိဖြုတ်တာကို အရေးကြီးပါလား ဆိုဘာပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

အခု တရားပြတာသည် အပြောမှာတော့ တကာတကာမတွေပဲ၊အရှိမှာတော့ ဝေဒနာက္ခန္ဓာတွေ....(မှန်ပါဘုရား)။

အပြောကဖြင့်.... (တကာတကာမတွေ့ပါ) အရှိကတော့.... (ဝေဒနာက္ခန္ဓာတွေ့ပါ)တကာတကာမတွေ့ရယ်လို့ လိုက်စမ်းတဲ့ အခါကျတော့ ကျန်းမာတာ တွေ့ကြတာပဲ.... (မှန်ပါ့ဘုရား)။

ကျန်းမာလို့ လာနိုင်ကြတယ်ဆိုတော့ ဝေဒနာက္ခန္ဓာတွေ လာနေတာ ( မှန်ပါ့ )တလှမ်းမကျန်းမာယင် တလှမ်းတွင် ဗိုင်းဗိုင်းလဲတယ်....(မှန်ပါ့ဘုရား)။

တလှမ်းမှာ ဒုက္ခဝေဒနာလာယင် တလှမ်းမှာပဲ ဒီဓမ္မာရုံ တော့ မရောက်ဘူး....ဒီဆရာသမားဆီမရောက်ပါဘူး.... (မှန်ပါ့) ကျန်းမာတဲ့ ဝေဒနာမို့ နောက်တလှမ်းမှာလဲ ကျန်းမာတာပဲ၊ နောက်တလှမ်းမှာလဲ(ကျန်းမာတာပါပဲဘုရား)။

ကျန်းမာတဲ့ဝေဒနာနဲ့ လှမ်းလှမ်း-လှမ်းလှမ်းလာပြီး ဒီကျ တော့ ထိုင်နေတာလဲ သုခဝေဒနာနဲ့ ကျန်းမာလို့ ထိုင်နိုင် တာပဲ....(မှန်ပါ့) လာတုန်းကလဲ ကျန်းမာလို့ လာနိုင်တာပဲ- (မှန်ပါ့) ထိုင်နေနိုင်တာကော....(ကျန်းမာလို့ ထိုင်နေနိုင်တာ ပါဘုရား)။

တခါ ဆရာဘုန်းကြီးကမေးတော့ တကာ တကာမတွေက အဖြေပေးကြတာလဲ ကျန်းမာလို့ ပေးနိုင်ကြတာပဲ....(မှန်ပါ့ ဘုရား)။

ဒါဖြင့် အလုံးစုံအကုန်ဟာ လာတာလဲ ဝေဒနာက္ခန္ဓာ၊ ထိုင် တာလဲ ဝေဒနာက္ခန္ဓာ၊ ဖြေနေကြတာလဲ.... (ဝေဒနာက္ခန္ဓာပါ ဘုရား)။

ဩော်....ဒါဖြင့် ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ဝေဒနာဟုတ်၏လို့ အခုအခါန်ကစပြီး နှလုံးသွင်းပါ.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘယ်သူတွေပါလိမ့်ဗျာ(ဝေဒနာက္ခန္ဓာတွေပါ)ဝေဒနာက္ခန္ဓာတွေဆိုတော့ သိကြပါပြီ....တဲ့၊ကိုင်း....ဒါဖြင့် တရားထူး,တရားမြတ်ရှာနိုင်တာလဲ ဝေဒနာက္ခန္ဓာ,သုခဝေဒနာဖြစ်ပေါ်တုန်းသာ ရှာနိုင်ကြတယ်....(မှန်ပါ)ဒုက္ခဝေဒနာဖြစ်ပေါ်ယင်.... (မရှာနိုင်ပါဘုရား)။

မရှာနိုင်ဘူး....တဲ့၊ ဥပေက္ခာဝေဒနာဖြစ်ပေါ်နေလဲ သူ့ဟာသူ လျစ်လျူရှုနေမှာပဲ၊ တရားမရှာပါဘူး.... (မရှာပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အခု တရားနာပြီးသကာလ နေကြတာတွေ မည်သူမည်ဝါလို့ ပရမတ်နယ်ကနေပြီး မရွေ့ပဲနဲ့ နေလိုက်လို့ရှိယင် ဖြင့် သုခဝေဒနာသမားတွေပဲ...လို့ ဆိုကြပါစို့.... (မှန်ပါ) သဘောပါပလား....(ပါ-ပါပြီဘုရား)၊

ကောင်းပြီ....ဒါဖြင့် ဒီဝေဒနာတွေကို တကာတကာတွေက သိပြီးနေတော့မှ ဩော်....ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ဝေဒနာသာ ဟုတ်၏ဆိုတဲ့ဉာဏ်စ တကာကြွယ် ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား)။

တရားနာတာသည်သုခဝေဒနာနဲ့နာကြတယ်....(မှန်ပါ)သုခဝေဒနာမရှိတဲ့ပုဂ္ဂိုလ် တရားပွဲထဲကတောင်မှ ထ,ပြေးရတယ်.... (ပြေးရပါတယ်ဘုရား) တချို့လဲ အိမ်ကပဲ ဒုက္ခဝေဒနာ ဖြစ်နေလို့ မလာနိုင်ဘူး....(မလာနိုင်ပါဘုရား)။

ဒါဖြင့် အခု တရားနာနေတယ်ဆိုတာ သုခဝေဒနာပေါ်နေတယ်ဆိုတာ သေချာပြီ....(သေချာပါပြီဘုရား)ပဿမဝေဒနာလဲ

သုခ၊ ဒုတိယဝေဒနာလဲ သုခ-တလှမ်းတလှမ်း-လှမ်းလာတာလဲ သုခ....(မှန်ပါ့)ရှင်းပြီ.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ ဝေဒနာက္ခန္ဓာကြီးဆိုတာ ကိုယ့်အတွက်မှာ သူများပြောလားတဲ့၊ တရားနာနေနိုင်တဲ့သဘောကိုက ပြောနေတာလားဆိုတာ အကဲခတ်ပါ.... (တရားနာနေနိုင်တဲ့သဘောကိုက ပြောတာပါဘုရား)သုခဝေဒနာနဲ့နာနေတယ်.... (မှန်ပါ့)သုခဝေဒနာမရှိယင်.... (မနာနိုင်ပါဘုရား)။

မနာနိုင်တော့ဘူး၊ပြန်ဘော့မယ်, သွားတော့မယ်, ဝမ်းကနာတယ်, ခေါင်းကခဲတယ်, မူးဝေလာတယ်.... အစရှိသည်နဲ့ဘုန်းကြီးတို့တကာတကာမတွေသည် ဒုက္ခဝေဒနာသမားဆိုယင် မနာနိုင်ဘူး....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သုခဝေဒနာကလေးနဲ့ တရားနာနေတယ်ဆိုတဲ့ဥစ္စာ ဘယ်သူတရားနာနေသတုံး၊ဝေဒနာက္ခန္ဓာကြီး တရားနာနေတယ်....(မှန်ပါ့) ဘယ်သူ တရားနာနေသတုံး-(ဝေဒနာက္ခန္ဓာကြီး တရားနာနေပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီ)။

ကဲ....ဒါဖြင့် ဒီဝေဒနာသည်ကား....လို့ ဆိုလို့ရှိယင် သုခဝေဒနာနဲ့ တရားနာတယ်၊ဒုက္ခဝေဒနာနဲ့ တကာတကာမတွေတရားနာပျက်တယ်....(မှန်ပါ့)။

သုခဝေဒနာကျတော့ သူတော်ကောင်းပုဂ္ဂိုလ်မှာ တရားနာတယ်(မှန်ပါ့)ဒုက္ခဝေဒနာကျတော့.... (တရားနာပျက်ပါတယ်ဘုရား)တရားနာပျက်တယ်....( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီ)။

ဥပေက္ခာဝေဒနာကျတော့လဲ တကာ့တကာမတို့ ကိုယ့်သန္တာန်မှာ တခါတလေ ကိုယ်က ပေါ်မှန်းမသိတာက များတယ်... (များပါတယ်ဘုရား)။

ပေါ်မှန်းမသိတာက များပြီးသကာလ နေတော့ ဥပေက္ခာဝေဒနာနဲ့ကျတော့ တကာ့တကာမတို့သည်ကားလို့ ဆိုယင်ဖြင့် အတွေးသန်နေတဲ့ အခါ ပါတယ်.... (ပါ-ပါတယ်ဘုရား) အဲ အတွေးသန်နေတာကတော့ ဘာပါလိမ့်....(ဥပေက္ခာဝေဒနာပါ ဘုရား)။

အေး....ဒါ့ကြောင့် တရားနာတာ သုခဝေဒနာ၊ တရားမနာတာ ဒုက္ခဝေဒနာ၊ ကိုယ့်ဟာကိုယ် တွေးလုံးရှုပ်ပြီးသကာလ နေတာကတော့ဖြင့် ဥပေက္ခာဝေဒနာ.... (မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ်အချိန်မှာ သုခဝေဒနာဆိုတာလဲ ကိုယ့်ဟာကိုယ် သိရမယ်....(သိရပါမယ်ဘုရား) ဘယ်အချိန် ဒုက္ခဝေဒနာဆိုတာလဲ....(သိရပါမယ်ဘုရား) ဘယ်အချိန် ဥပေက္ခာဝေဒနာဆိုတာလဲ....(ကိုယ့်ဟာကိုယ်သိရပါမယ်ဘုရား)။

အဲဒီလို သိတဲ့ပုဂ္ဂိုလ်ကျလို့ ရှိယင်ဖြင့် ဝေဒနာက ဝေဒနာ၊ သိတာက ပညာ....(မှန်လှပါ) ဝေဒနာက....(ဝေဒနာပါဘုရား) သိတာက....(ပညာပါဘုရား)။

အဲဒီလို သိသိ-သိသိသွားပြန်လို့ရှိယင် ဝေဒနာကို ဝေဒနာမှန်း သိလို့ရှိယင်ဖြင့် ဝေဒနာပေါ်တာသိလို့ ဝေဒနာပျက်တာ သိပါတယ်....(မှန်ပါ့)။

ဝေဒနာပေါ်တာသိယင်.... (ဝေဒနာပျက်တာသိပါတယ်) ဒါ့ကြောင့် တကာတကာမတို့ ဝိပဿနာအလုပ်ဆိုတာ တခြားမဟုတ်ဘူး၊ ဝေဒနာပေါ်တိုင်းပေါ်တိုင်း သိနေယင် ဝေဒနာပျက်တိုင်းပျက်တိုင်း သိနေတာပဲ.... (မှန်ပါ့ဘုရား) သုခဝေဒနာပေါ်တာ သိနေယင်လဲ ပျက်တာ သိတာပဲ.... (မှန်ပါ့) ဒုက္ခဝေဒနာပေါ်တာသိလဲ ပျက်ဘာသိတာပဲ.... (မှန်ပါ့) ဥပေက္ခာဝေဒနာပေါ်တာသိယင်လဲ.... (ပျက်တာသိပါတယ်ဘုရား)။

ဒီလိုမှ မသိတဲ့ပုဂ္ဂိုလ်မျိုး ဆိုလို့ရှိယင် ဘုရားက ဘယ်လို အပြစ်တင်သတုံး.... ဆိုလို့ ရှိယင်ဖြင့်....တဲ့ အန္ဓပုထုဇန်ဟေ့.... ကန်းလိုက်တဲ့ဖြစ်ခြင်း....(မှန်လှပါဘုရား)။

ဘာဖြစ်နေတယ်လို့ကိုမသိဘူး.... (မှန်ပါ့) တရားနာတာလဲ သုခဝေဒနာလို့မသိဘူး၊ တရားမနာတာလဲ ဒုက္ခဝေဒနာလို့ မသိဘူး.... (မသိပါဘုရား) ကြံတွေးပြီးသကာလ နေတာတွေလဲ ဥပေက္ခာဝေဒနာလို့မသိဘူး....(မသိပါဘုရား)။

ဒါဖြင့် တောင်မှန်း-မြောက်မှန်းမသိတဲ့အရူးပုထုဇန်, အကန်းပုထုဇန်....(မှန်ပါ့ဘုရား) ဆိုထိုက်,မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမတို့ တသံသရာလုံးမှာဝေဒနာက္ခန္ဓာကြီးနဲ့ စခန်းသွားပြီးသကာလ နေလိုက်တဲ့ဥစ္စာ ဘယ်ဝေဒနာမှ သူမသိဘူး....(မသိပါဘုရား) သိပြန်တော့လဲ....တဲ့ ပုထုဇန်တို့၏ ထုံးစံက သုခဝေဒနာသိပြန်တော့လဲ တဏှာနဲ့သိတယ်....(မှန်ပါ့) ဒုက္ခဝေဒနာသိပြန်တော့ ဒေါသနဲ့သိတယ်....(မှန်ပါ့) ဥပေက္ခာ

ဝေဒနာ သိပြန်တော့လဲ မောဟနဲ့သိတယ်.... (မှန်ပါ) သိပြန်တော့လဲ အရုပ်ဆိုးလိုက်တာ....(မှန်ပါ)။

တကာကြွယ် သိပြန်တော့လဲ.... (အရုပ်ဆိုးပါတယ် ဘုရား) သိပြန်တော့ ပဋိစ္စသမုပ္ပါဒ်ပေါ်လာတယ်.... (မှန်ပါ) သံသရာဆက်မည့် ပဋိစ္စသမုပ္ပါဒ်ပေါ်လာတယ်.... (မှန်ပါ) တယ်လဲ ဆိုးပါလား.... (ဆိုးပါတယ်ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ ဘုရား)။

ကဲ....ဒါဖြင့် ယခု တကာတကာမတွေ နေ့မအား ညမအားနဲ့ အလုပ်တွေဆက်ပြီးသကာလ နက်ဖြန်မှ လုပ်စရာတွေလဲ တကာသစ် မနည်းဘူးနော်....(မနည်းပါဘုရား)။

ဘယ်နှယ်ကြောင့် တကာသစ်တို့- တကာကြွယ်တို့ အပင်ပန်းခံနေကြပါလိမ့်မတုံး....လို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် တကာတကာမတို့ သိတဲ့အတိုင်း ဝေဒနာနှိပ်စက်တာ....(မှန်ပါဘုရား)။

ဘယ်လိုဆိုကြမယ်.... (ဝေဒနာနှိပ်စက်ပါတယ်ဘုရား) သုခဝေဒနာကလဲ တဏှာနဲ့ အရှာခိုင်းတယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီ)သုခဝေဒနာသည် တဏှာကို ဖြစ်စေတယ်.... (မှန်ပါ)။

ဒုက္ခဝေဒနာကလဲ တကာတကာမတို့ ဒေါသကို ဖြစ်စေတယ် (မှန်ပါဘုရား) ဥပေက္ခာဝေဒနာကလဲ မောဟကိုဖြစ်စေတယ်.... (မှန်ပါ) တယ်လဲ ကြောက်စရာကောင်းပါလား.... (ကောင်းပါတယ်ဘုရား)။

သုခဝေဒနာက.... (တဏှာကို ဖြစ်စေပါတယ်ဘုရား) အဲ.... လောဘကို ဖြစ်စေတယ်....(မှန်ပါ) ဒုက္ခဝေဒနာက....(ဒေါသကို ဖြစ်စေပါတယ်ဘုရား) ဥပေက္ခာဝေဒနာက.... (မောဟကို ဖြစ်စေပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဝိပဿနာဉာဏ်များ ဦးမာဒင် ကင်းဆိတ် လိုက်ရလို့ ရှိယင်ဖြင့် ပဋိစ္စသမုပ္ပါဒ်ဟာ အလယ်က ဖောက်တဲ့ ပဋိစ္စသမုပ္ပါဒ်လဲ လာတာပဲ....(မှန်ပါ)။

သုခဝေဒနာက တဏှာဖြစ်စေတာကို သုခဝေဒနာပေါ်မှန်း မသိတဲ့ပုဂ္ဂိုလ်ဟာ တဏှာကတော့ ပေါ်လာတာပဲ....(ပေါ်ပါ တယ်ဘုရား) မသိမှ မသိပဲကိုး....(မှန်ပါ) မသိယင် ဘာပေါ် ရမလဲ.... (တဏှာပေါ်ပါတယ်ဘုရား) ဒါ့ကြောင့် ဝေဒနာ ပစ္စယာ တဏှာ....(မှန်ပါ)။

ဝေဒနာပစ္စယာ.... (တဏှာပါဘုရား) အေး....သုခဝေဒနာ ပစ္စယာ တဏှာ....(မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ ဘုရား)။

ဩော်....ဘယ့်နှယ်ကြောင့် ဒီတဏှာ ပေါ်ပါလိမ့်မတုံးလို့ တကာသစ်မေးတော့ သုခဝေဒနာဖြစ်တာကို မသိလိုက်တာနဲ့ သုခဝေဒနာက တခါတည်း ငါ့ ထုံးစံ အတိုင်း ငါက တဏှာကျေးဇူးပြုမယ်၊တဏှာကို ဆက်ပေးလိုက်မယ်ဆိုပြီး မင်းတို့ ဟာမင်းတို့ ချောက်ကျပေတော့ဆိုပြီး တဏှာဆက်ပေးလိုက်တယ် (မှန်ပါဘုရား)။

ဒါ....သုခဝေဒနာဖြစ်တာကို ဘာဖြစ်လို့တုံး....(မသိလို့ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကာကြွယ် ဘာမသိတာတုံး....(သုခဝေဒနာဖြစ်တာကိုမသိလို့ပါ)မသိလိုက်တော့သူ့ထုံးစံအတိုင်းဘာတွန်းပေးလိုက်သတုံးဗျာ (တဏှာတွန်းပေးလိုက်ပါတယ်) တဏှာကို ဖြစ်ခွင့်ပေးလိုက်တယ်....(မှန်ပါ့ဘုရား)။

ဩော်....ဘုန်းကြီးတို့ တကာတကာမတွေ တဏှာဖြစ်ခွင့်ပေးလိုက်ပြီဆိုမှဖြင့် တဏှာက ဘာလုပ်ပါလိမ့်မတုံးလို့ မေးတဲ့အခါ ရှာဟဲ့ ...(မှန်ပါ့)။

ရှာဟဲ့ စီးပွားရှာဟဲ့ခိုင်းလိုက်ဘယ်....(မှန်ပါ့) ကြောက်စရာကောင်းလိုက်တာ....(ကောင်းပါတယ်ဘုရား)။

သေသေချာချာနားထောင်ပါ တကာတကာမတို့....(မှန်ပါ့) မြတ်စွာဘုရား ဟောတော်မူတာဟာ အင်မတန်မှ သိမ်မွေ့နက်နဲခက်ခဲပါတယ်....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ကိုလဲ မသိ-သိအောင်လို့ အင်မတန်မှ ဆရာဘုန်းကြီးက ပြောဆိုနေရတယ်....(မှန်ပါ့ဘုရား)။

သုခဝေဒနာဖြစ်တာ မသိလိုက်လို့ရှိယင် တကာသစ် ဘာလာမယ်....(တဏှာလာပါမယ်) တဏှာလာယင် အရှာခိုင်းတော့မယ်....(မှန်ပါ့ဘုရား)။

တဏှာလာယင်....(အရှာခိုင်းမှာပါ) ရော....ခင်ဗျားတို့ ခက်ကုန်ပြီ....(မှန်ပါ့)ဘကာကြွယ် ခက်ကုန်ပြီဗျ.... ( ခက်ပါတယ်ဘုရား)။

အားလုံး တရားနာလာကြတဲ့တကာတကာမတွေ သုခဝေဒနာဆိုတဲ့ ခန္ဓာထဲ ချမ်းသာလုံးကလေးကို မသိလိုက်လို့ရှိယင် ဒီ့

ထက် ချမ်းသာအောင် မသိလိုက်တဲ့အခါကျတော့ကိုတဲ့ တကာ တကာမတို့ ချမ်းသာမှုကို သာယာတဲ့ တဏှာလာတယ်....(လာပါ တယ်ဘုရား)။

ဒီတဏှာက ဘယ်လိုကျေးဇူးပြုလိုက်သတုံး မေးတဲ့အခါကျ တော့မှ ဒီ့ထက်ချမ်းသာအောင် ရှာဟေ့-ဆိုပြီး တဏှာကဘခါ ရှာမှုကို ပိုခိုင်းလိုက်တယ်....(မှန်ပါ့ဘုရား)။

တဏှာက ဘယ်ဘက်လှည့်သတုံး.... (ရှာမှုပိုခိုင်းပါတယ်) ဒါ့ကြောင့် တဏှာ ပဋိစ္စ ပရိယေသနာတဲ့.... (မှန်ပါ့) တဏှာ ကြောင့် ပရိယေသနတော့ ဖြစ်ပဟေ့တဲ့....(မှန်ပါ့)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ့တကာမတွေ ဇကာကြွယ်တို့ ခင်ဗျားတို့ကို အခု မြည်ဘယ့်တွန်တယ်လို့ တကာကြွယ်တို့က မအောက်မေ့နဲ့....(မှန်ပါ့ဘုရား)။

ပရိယေသန အရှာထွက်ပြီဆိုလို့ရှိယင်ဖြင့် တကာဘကာမတို့ တဏှာဖြစ်တာလဲ မသိလိုက်ဘူး....(မှန်ပါ့)လက်သည်အကြောင်း ရင်းဖြစ်သည့် ဝေဒနာဖြစ်ဘာလဲ မသိလိုက်လို့ ခင်ဗျားတို့ ဒေါင် ချာစိုင်းပေါ့လို့ အောက်မေ့ပါ....(မှန်ပါ့)။

ပရိယေသန အရှာထွက်လို့ရှိယင်ဖြင့် တကာသစ် သူ့အထက် နားက ဘယ်သူရှိသတုံး....၊ တဏှာရှိတယ်....(မှန်ပါ့)။

ဒီတဏှာက အလိုလိုပေါ်တဲ့တဏှာလား၊သုခဝေဒနာ့ကလာ တာလား....(သုခဝေဒနာကလာတာပါဘုရား)။

ဩော်....တကာကြွယ်ကြီးတို့က ထူတာနဲ့ သုခဝေဒနာကိုမသိ လိုက်ဘူး.... ( မသိလိုက်ပါဘုရား ) မသိလိုက်တော့ သူ့ထုံးစံ အတိုင်း သုခဝေဒနာက တဏှာကျေးဇူးပြုလိုက်တယ်....(မှန်ပါ့)။

တဏှာကျေးဇူးပြုလိုက်တော့ တဏှာက ငါလဲ ဆိုင်ရာ ကျေးဇူးပြုပါသော်ကောဆက်ပေးပါသော်ကောဆိုပြီး သကာလ သုဂတိကိန်းတဲ့ပုဂ္ဂိုလ်ကို အရှာခိုင်းတော့တာပဲ....(မှန်ပါ့) သဘောပါကြပလား....(ပါ့,ပါပြီဘုရား)။

ဒါဖြင့် သုခဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာ ပရိယေသနာ....(မှန်ပါ့)သေသေချာချာမှတ်ပါ....(မှန်ပါ့)။

သုခဝေဒနာပစ္စယာ.... (တဏှာပါဘုရား) တဏှာပစ္စယာ....(ပရိယေသနာပါဘုရား)။

ဩော်....ဒါဖြင့်ဈေးချိုတခုလုံး ရန်ကုန်သိမ်ကြီးဈေး,စကော့ဈေး အစရှိသည် ဘာလုပ်နေကြတာတုန်းလို့ မေးလို့ ရှိယင် တကာသစ်တို့,ဦးမာဒင်တို့ကသိတယ်၊ ပရိယေသနရှာနေကြတာ (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာလုပ်နေကြတာတုံး.... (ပရိယေသန ရှာနေကြတာပါဘုရား)။

ပရိယေသနရှာတာ ဘယ်ကလာတာတုံးမေးတော့....(တဏှာကလာပါတယ်) ဒီတဏှာကလဲ အလိုလို မိုးပေါ်ကျလား၊ဘယ်ကလာတာတုံး....(သုခဝေဒနာကလာပါတယ်ဘုရား)။

ဝေဒနာမသိတာနဲ့ ဒီတကာတကာမတွေ တဏှာကပေါ်၊ တဏှာက စီမံလိုက်တာနဲ့ ရှာမှုကိစ္စကြီးနဲ့ပဲ ခင်ဗျားတို့ အချိန်ကုန်ပြီးသကာလတဲ့ အိုပွဲ,နာပွဲ,သေပွဲသာ ဝင်သွားတဲ့ပုဂ္ဂိုလ်တွေ လဲ မနည်းပါဘူး....(မနည်းပါဘုရား)။

ဒါဘာကို လက်သည်အစ မသိလိုက်တာလဲလို့ မေးကြည့်စမ်း....(သုခဝေဒနာကို မသိလိုက်တာပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မြို့ထဲ,ရွာထဲ အားလုံးသောပုဂ္ဂိုလ်တွေ ဒီလို ဝိပဿနာကို နက်နက်နဲနဲ မနာရသေးတဲ့ ပုဂ္ဂိုလ်တွေမှာဖြင့်တဲ့ ပရိယေသန အရေးကြီးတယ်ဘုရား၊ ပရိယေသန အရေးကြီးတယ်ဘုရား ဆိုတဲ့ ပုဂ္ဂိုလ်များ ကျွံပြီး-လွန်ပြီး အသံထွက်လာတာ....(မှန်ပါ ဘုရား)။

ကျွံပြီး-လွန်ပြီးသားတွေ....(မှန်ပါ) တဏှာဖြစ်တာလဲ သူမသိဘူး....(မှန်ပါ)သူ့ အထက်က ဝေဒနာဖြစ်တာကော....(မသိပါဘုရား)။

သြော်....လူအ,တွေပါလား....(မှန်ပါ)လူအ,လူန တွေပဲလို့ ဦးမာဒင် ပြောထိုက်တယ်....(ပြောထိုက်ပါတယ်)ဟုတ်-မဟုတ်လဲ အကဲခတ်စမ်း....(ဟုတ်ပါတယ်ဘုရား)။

အင်မတန် ဟုတ်ပါတယ်တဲ့၊ သူ့ခဝေဒနာဖြစ်တာကို သူမသိလိုက်တဲ့အတွက် တဏှာကကြားဝင်ပြီး ချက်ခြင်းခိုလိုက်တယ်....(မှန်ပါ)။

တဏှာကလဲ ဝမ်းထဲခိုလိုက်ပါရော သွားဟဲ့ ရှာချေဆိုတဲ့ဥစ္စာ (လာပါတယ်)ဘယ့်နှယ်တုံး ပြေးရ,လွှားရတဲ့ကိစ္စ ရောက်ပလား (ရောက်ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့်ပြေးရ,လွှားရတဲ့ ကိစ္စတွေ တကာတကာမတွေ ထူထပ်နေပါလိမ့်မလဲလို့ တကာကြွယ်မေးတော့ တဏှာဖြစ်တာ မသိလိုက်ဘူး....(မှန်ပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

တဏှာဖြစ်တာကို မသိလိုက်တာလဲ ဘယ်နှယ်ကြောင့် မသိလိုက်ပါလိမ့်တုံးမေးတော့ ဝေဒနာဖြစ်တာကို မသိလိုက်လို့ တဏှာဖြစ်တာကို သူ-မသိလိုက်ဘူး....(မှန်ပါ့)။

ဝေဒနာဖြစ်တာကို သူသိလိုက်မယ်ဆိုယင် တဏှာချုပ်တယ် (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) တဏှာချုပ်လို့ ရှိယင် ပရိယေသနရှာတဲ့ကိစ္စကလဲ ငြိမ်းသွားတယ်...(ငြိမ်းသွားပါတယ် ဘုရား)။

အခုတော့ဖြင့် ချွေးဒီးဒီးကျလဲ ငါဘာ့ကြောင့်ပါလိမ့် မသိဘူး....(မှန်ပါ့) လမ်းမှာချော်လဲနေလဲ ...(မသိပါ) ကံမကောင်းလို့ လဲရတာတဲ့....(မှန်ပါ့)။

တကာတကာမတွေ ဘာတဲ့တုံး....(ကံမကောင်းလို့ လဲရတာပါတဲ့ဘုရား)။

ကံမကောင်းလို့ လဲတာလားတဲ့ တကာတကာမတို့ တဏှာခိုင်းလို့ လဲတာလား.... (တဏှာခိုင်းလို့ လဲတာပါဘုရား)။

ဒီတဏှာကလဲ ခိုင်းချင်လို့ ခိုင်းတာလားလို့ တခါကြည့်တော့ကို သုခဝေဒနာကို မသိလိုက်လို့ သုခဝေဒနာက တဏှာဖြစ်စေတာ....(မှန်ပါ့ဘုရား)။

အဲဒီတော့ လက်သည်က ကံမကောင်းလို့ မဟုတ်ဘူး....။ ဝေဒနာ မသိလိုက်တာနဲ့ ခင်ဗျားတို့ ချော်လဲရတာ....(မှန်ပါ့) ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

တကာတကာမတို့ ဘာမသိလိုက်တာတုံး.... (ဝေဒနာမသိလိုက်တာပါဘုရား)။

အင်း....တကာသစ်တို့များ တခါတလေ ဒီနေ့မသိတာ ရှိပါစေတော့၊ နက်ဖြန်အရှာထွက်ပြန်ပြီဆိုတော့ နက်ဖြန်လဲ မသိပြန်ဘူး....( မှန်ပါ ) သဘက်ခါ အရှာထွက်ပြန်တော့ကော ....(သဘက်ခါမသိပါ) ဖိန်းနွှဲခါ အရှာထွက်ပြန်ကော.... (ဖိန်းနွှဲခါမသိပါ) ဟာ....ဘယ်တော့များ သိဦးမှာပါလိမ့်....(ဘယ်တော့မှမသိပါ)ခက်နေပြီ....(မှန်ပါဘုရား)။

ဒါဖြင့် တကာကြွယ်ရေ- မသိသေ- သေသွားတဲ့လူ များပြီ-(များပါပြီ) ဆုံးဖြတ်ချက်ချပါတော့ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(မသိသေ-သေသွားတဲ့ လူများပါတယ်ဘုရား)။

ဝေဒနာကိုသိတဲ့ပုဂ္ဂိုလ်ရှားတယ်....(ရှားပါတယ်)ဝေဒနာကိုသိလိုက်လို့ ရှိယင် ဝေဒနာက-ဝေဒနာ သိတာက ဉာဏ်ဆိုလို့ရှိယင်ဖြင့်တဲ့ ဝေဒနာက ဖြစ်ပျက်၊ သိတာက မဂ်ဖြစ်သွားတယ်-(မှန်ပါဘုရား)။

ဖြစ်စဉ်-တကာသစ် တဏှာလာသေးရဲ့လား.... (မလာပါ) ခိုင်းတတ်တဲ့တဏှာမှမလာပဲ ရှာတတ်တဲ့ ပရိယေသနလာပါဦးမလား....(မလာပါဘုရား)။

အခုတော့ဖြင့် အိုကြီး, အိုမတွေနဲ့ တကာကြွယ်တို့ လူစု၊ ဦးမာဒင်တို့ လူစုတွေများ အင်း .... ဘာများ ဖြစ်နေကြပါလိမ့်မတုံး- ဝေဒနာမသိသေးပါဘုရာ့.... (မှန်ပါ) ဘာ့ကြောင့်တုံး-ရှာတုန်းကိုးဘုရာ့....(မှန်ပါဘုရား)။

တကာကြွယ်ဘာလုပ်နေသတုံး.... (ရှာတုန်းပါ)ဘာမသိလို့ဒါလောက်ရှာနေတာတုံး(ဝေဒနာမသိလို့ရှာနေတာပါဘုရား)။

ဝေဒနာမသိတော့ ဝေဒနာက ကျေးဇူးပြုတဲ့ တဏှာက ပေါ်လာတယ်....(ပေါ်လာပါတယ်)ပေါ်လာတဲ့အခါကျတော့ တဏှာက သူခိုင်းပြီ....( ခိုင်းပါပြီ ) ခိုင်းတော့ ခင်ဗျားတို့က ဘာလုပ်ကြသတုံး.... ( အရှာထွက်ပါတယ် ) အရှာထွက်ရတယ် ဆိုတာ ပေါ်လာကြပလား....(ပေါ်လာပါပြီဘုရား)။

ဩော်....ခင်ဗျားတို့ချင်းကျတော့လဲ ကျေနပ်ပြီးနေကြတယ်၊ ဘယ်နှယ်တုံး ခင်ဗျားရှာရဖွေရဘာ ရှာကျိုးများ နပ်ကဲ့လားတဲ့ (မှန်ပါ့)ဟာ....ဒီနှစ်တော်ပါတယ်၊ ရှေ့နှစ်ကနဲ့စာယင် ဒီနှစ် တော်ပါတယ်....(မှန်ပါ့ဘုရား)။

ဘာတုံး.... ရှေ့နှစ်ကနဲ့စာယင် ဒီနှစ်-ဒုက္ခအကြီး အကျယ် ရောက်ပါတယ်(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီ) ရှာရဘာပိုပြီး ကော....(မှန်ပါ့ဘုရား)။

အဲဒီကျအောင်လဲ တကာသစ်ရေ ခင်ဗျားတို့ချင်းတော့ဖြင့် ဒါ အင်မတန်ဟုတ်နေတာပဲ....(မှန်ပါ့ဘုရား)။

တကာကြွယ်....တကာကြွယ်တို့ချင်းကျတော့ဘယ်နှယ်တုံး.... (ဟုတ်နေပါတယ်) ဒါနဲ့ ညှော်ခံနေဘာ (မှန်ပါ့) ဒီလိုကြားရတာ ကျုပ်ဝမ်းသာသဗျာ....(မှန်ပါ့) အင်း.... ဟိုမှာဖြင့် အရှာထွက် လို့ အပါယ်ရောက်တော့မယ်၊ ဒီက ဝမ်းသာတုန်းရှိသေးတယ် (မှန်ပါ့ဘုရား)။

ရှာရတဲ့ကိစ္စနဲ့ အပါယ်ရောက်တော့မယ်....( မှန်ပါ့ ) ဒါကို တကာကြွယ်က ဘယ်နှယ်ညှော်ခံလိုက်သတုံး.... ( ဝမ်းသာဘာနဲ့

ညှော်ခံပါတယ်) ဖြစ်မှဖြစ်ရပလေတယ်၊ တကာသစ် သေသေ ချာချာတွေးမှနော်... (မှန်ပါ့) ပေါ်ပလား(ပေါ်ပါပြီဘုရား)။

ဒါ.... ဘုန်းကြီးက ဟောတာလားတဲ့၊ မဟာနိဒ္ဒေသတော်၊ သုတ်မဟာဝါပါဠိတော်မှာ ဘုရားကဟောပါတယ်.... (မှန်ပါ့) ခင်ဗျားတို့ကတော့ ခင်ဗျားတို့ချင်း နှုတ်ခမ်းပဲ့ချင်းမီးမှုတ် မသိတဲ့ သူချင်း စခန်းသွားနေတာကတော့ဖြင့် တကာကြွယ်ရေ ဒီလိုမှ မပြောယင် မကောင်းလို့ပဲ ဆိုဘာတောင်မှ မလာပါဘူး.... (မှန်ပါ့ဘုရား)။

ကိုယ့်အထဲက ကိုယ်နဲ့ သံယောဇဉ်စပ်တဲ့ မိတ်ဆွေတွေဟာ ယခုနေ့ ရှာဖွေလို့ ကြီးပွားပြီးသကာလ လာဘယ်ဆိုလို့ရှိယင်ဖြင့် သိပ်ဝမ်းသာပစ်လိုက်တာပဲ.... (မှန်ပါ့) မသာကြဘူးလား .... (သာပါတယ်ဘုရား)။

ခင်ဗျားတို့က ကံတက်တယ်လို့ ပြောကြဘယ် ....(ပြောပါ တယ်ဘုရား) ဘယ်က ကံတက်ရမဘုံးဗျ၊ ဒေါင်စိုင်းနေတဲ့ဥစ္စာကြီး (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒေါင်စိုင်းနေတယ် ဆိုတာက ရှာခိုင်းလိုက်ယင် ရှာရတဲ့ ကိစ္စကြီးဟာက တကာဘကာမတို့ ဘယ်သူက ခိုင်းသတုံး.... (တဏှာကခိုင်းတာပါ) တဏှာခိုင်းလို့ ရှာရတဲ့ကိစ္စကြီး- ကြီး ကျယ်ခမ်းနားလာတဲ့ဥစ္စာ တဏှာ အရှင်သခင်က ခင်ဗျားတို့ သမုဒယသစ္စာ....(မှန်ပါ့ဘုရား)။

အပါယ်ချောက်တွန်းမလို့ အရှာခိုင်းတာ....(မှန်ပါ့) အဲဒါ ကံတက်လာတယ်လို့ ထင်သေးတယ်၊ ကံမတက်ရဘူး တကာ

တကာမတို့ ချောက်ကျတာ....( မှန်ပါ့ ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

သေသေချာချာ စဉ်းစားမိတော့ ဒါဟာ ခင်ဗျားတို့ ရှေးနားနဲ့ တော့ မထောင်နဲ့....(မှန်ပါ့) အခုဟောနေတဲ့ မဟာနိဒါနသုတ် ဘုရားဟောတော်မူတဲ့ တရားနဲ့နာကြည့်မှ ပရိယေသနကိစ္စအတွက် တကာတကာမတွေ ပရိယေသနကိစ္စဆိုတဲ့ဉစ္စာ ဘယ်ကလာတာတုံး(တဏှာကလာတာပါ) ကဲ....ပေါ်ပလားဗျာ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တဏှာသည် မည်းတဲ့တရားလား, ဖြူတဲ့တရားလား တကာကြွယ်....( မည်းတဲ့တရားပါ ) မည်းတဲ့တရားခိုင်းသလို ခံမနေရဘူးလား၊ ရှာသမားက....(ခံနေရပါတယ်ဘုရား)။

အင်း....သူသည် အဖြူများဖြစ်ဦးမှာလား.... ( မဖြစ်ပါ ) အဲဒါ ကံတက်လာတယ်တဲ့ဗျာ၊ ခင်ဗျားတို့ချင်း-ခင်ဗျားတို့ချင်း ညှော့ခံတော့လေ....(မှန်ပါ့)အင်း....ခင်ဗျား-ကြီးမှတောင်အကျိုးပေးတယ်....(မှန်ပါ့)ဝမ်းသာပါ့ဗျာ၊ငယ်ငယ်တုန်းကသာ ကိုယ့်အားကိုးယင့် ကိုယ်ဌေးနိုင်လိုက်တာ၊ ကြီးမှချမ်းသာတာဆိုတာကတော့ မလုပ်နိုင်တဲ့အချိန် ချမ်းသာတာ၊ ကျုပ်တို့ဖြင့် မေတ္တာလဲ ပို့မိပါရဲ့တဲ့...(မှန်ပါ့) အံမာ ကောင်းလိုက်တဲ့စကား ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ) အတော်ဆိုးနေပြီ....(ဆိုးပါတယ် ဘုရား)။

တကာကြွယ် ဒီဉစ္စာက တကာကြွယ်တို့ အမှားတွေ ဖော်ပြောတယ်လို့ အောက်မေ့ပါ....(မှန်ပါ့ဘုရား)။

သူ့ခမျာမှာ ဥပမာမယ် တကာကြွယ်ကရှာနေတယ်၊ တကာ သစ်က ချီးမွမ်းတယ်၊ အခုဗျာ အကြောင်းအကျိုးကျုပ်တို့ဖြင့် အတွင်းမသိရပြေးသော်လဲ အပြင်ကကြားရတာနဲ့ပဲ မအား ဘူးတဲ့ ရောင်းလိုက်ရတာ....( မှန်ပါ့ ) မအားဘူးတဲ့၊ မအား ကတည်းက ဒုက္ခသစ္စာကြီး....(မှန်ပါ့ဘုရား)။

မအားတာက ဘာတုံး....(ဒုက္ခသစ္စာပါ)အဲဒါကို တကာသစ် ကနေပြီး ဓမ္မမိတ်ဆွေချင်းဆိုတော့ ကျုပ်ဝမ်းသာမိတယ်ဗျာ၊ ကြားရတာနဲ့တဲ့၊ ဟိုမှာဖြင့် လျှာထွက်နေပြီ- ဒီကဝမ်းသာတုန်း ရှိသေးတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဟိုမှာဘာဖြစ်နေသတုံး.... (လျှာထွက်နေပါတယ်) အဲဒါကို ဒီက တကာသစ် ဘာတဲ့တုံး.... (ဝမ်းသာပါတယ်တဲ့ဘုရား)။

အံမာလေး.... ဟိုနွားဖြင့် ဝန်ကြီးတင်လို့ ရုန်းလို့ ဟိုမှာ ရေကလဲငတ် ဝန်ကလဲလေးနဲ့ လျှာထွက်နေတာ ဒီကနောက်က ဝမ်းသာတုန်းရှိသေးတယ်....(မှန်ပါ့)။

ဒါလောက်ဆိုးရွားတဲ့လူတွေ မသိဆိုးရွားဖြစ်နေလို့ ပြော ချင်တာပြောနေတယ်ဆိုတာ ဦးမာဒင် ပေါ်ပြီဗျ (ပေါ်ပါပြီ) မပေါ်သေးဘူးလား(ပေါ်ပါပြီ)လက်သည်ကိုမတွေးတတ်ဘူးဗျ (မှန်ပါ့ဘုရား)။

ဒါဖြင့် အကြောင်း မတွေးတတ်လို့ရှိယင် တကာကြွယ် စဉ်းစားစမ်း၊ အကြောင်းသိမ်းတတ်ပါ့မလား .... (မသိမ်းတတ် ပါဘုရား) မသိမ်းတတ်ယင် အကျိုးလက်စ သတ်ပါ့မလား.... (မသတ်ပါဘုရား)။

အဲ.... တကာကြွယ်ရ အားလုံး အမှားချည့်ပဲ၊ လူတသိန်း သေလို့ နတ်ရွာသုဂတိ တယောက် မရောက်ပါဘူးကွ....တဲ့.... ( မှန်ပါ့ ) ဘုရားဟောတာများ စကား ကြီးသေးသလား.... (မကြီးပါ)ဦးမာဒင် ကြီးသေးသလား....(မကြီးပါဘုရား)။

မကြီးဘူး၊ဒီတယောက်တောင်များနေတယ်....(မှန်ပါ့)ဘယ့် နှယ်ဆိုကြမလဲ.... (များနေပါတယ်ဘုရား) တယောက်တောင် များနေတဲ့အဓိပ္ပာယ်ရောက်တယ်.... (ရောက်ပါတယ်ဘုရား) ဘာ့ ကြောင့်တုံး-ရှာရင်းဖွေရင်း သေသွားကြဘယ်....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ....(ရှာရင်းဖွေရင်း သေသွားကြပါတယ် ဘုရား)အင်း....တကာဘကာမတွေ ရှာရင်း့ဖွေရင်းသေသွားတဲ့ အသုဘပေါင်း တကာသစ် ဘယ်လောက်ပို့ဘူးသတုံး ..(မရေ တွက်နိုင်ပါဘုရား)ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါ....ဘယ်သူက အရှာခိုင်းတာတုံး....(တဏှာက အရှာခိုင်း တာပါဘုရား) တဏှာကလဲ ခိုင်းချင်လို့ခိုင်းတာသား-ဝေဒနာ မသိတဲ့ပုဂ္ဂိုလ်အရှာခိုင်းတာလား....(ဝေဒနာမသိတဲ့ ပုဂ္ဂိုလ်အရှာ ခိုင်းတာပါဘုရား)ဝိပဿနာမလုပ်တတ်တဲ့ပုဂ္ဂိုလ် အရှာခိုင်းတာ (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ဝေဒနာ မည်မျှလောက် အရေးကြီး တယ်ဆိုတာ တကာကြွယ် ဒီပါဠိတော်ကြီးတွေကို အကွက် အဆစ်နဲ့တကွ ကိုင်ပြောလာတော့မှ ဝေဒနာမသိမှုဟာ ဒိုမှာ ဖြင့် ဒေါင်ချာစိုင်းတာပဲဆိုတာ ပေါ်လာတယ်....(ပေါ်လာပါ တယ်ဘုရား)မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

အခု ရှာဖွေနေကြတာ တကာသစ် မြို့ထဲမှာ တောင်ကလူက မြောက်-မြောက်ကလူကတောင်၊ အရှေ့ကလူက အနောက်-အနောက်ကလူက အရှေ့ အို....ခြေချင်းလိမ်နေတာပဲ....(မှန်ပါ့) ဟာ....ဘာလုပ်နေကြတာတုံး....ဆိုတော့ ပရိယေသနပေါ့-ဘုရား (မှန်ပါ့) ဒါပဲ တကာသစ် ဒီ့ပြင် ဘာဖြစ်ဦးမလဲ့....(မဖြစ်ပါ ဘုရား)။

ပရိယေသနကိစ္စပေါ့ဘုရား၊ ဦးမာဒင် ဒီ့ပြင် ဘာဖြေဦးမလဲ (မဖြေပါဘုရား)ဒီ-ပရိယေသန ဘယ်ကလာသတုံး....(တဏှာက လာပါတယ်ဘုရား)။

အဲ....ဒါဖြင့် တဏှာအုပ်ချုပ်နေတဲ့လူ.... (မှန်ပါ့) တဏှာ စီမံသလို ပြေးလွှားနေတဲ့လူတွေ....(မှန်ပါ့) ဆိုထိုက်-မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီလူတွေ အရူးအနှမ်းဖြစ်ပြီး တောင်က မြောက်ပြေး-မြောက်ကတောင်ပြေး၊ မအားအောင်ဖြစ်နေကြပါ လိမ့်မတုံး ...ဆိုတော့ ဝေဒနာနုပဿနာမရှုတဲ့ပုဂ္ဂိုလ်(မှန်လှပါ) ပေါ်ပြီဗျ....(ပေါ်ပါပြီဘုရား)။

ဘယ်သူပါလိမ့်ဗျာ.... (ဝေဒနာ နုပဿနာမရှုတဲ့ ပုဂ္ဂိုလ်ပါ ဘုရား) သူခဝေဒနာလာလဲ ခင်ဗျားတို့က ဖြစ်ပျက်မရှုတော့ တဏှာက မရပ်ဘူး....(မှန်ပါ့ဘုရား)မရပ်တော့ တဏှာကနေပြီး သကာလ တဏှံပဋ္ဋိစ္စပရိယေသနာဆိုပြီး အရှာခိုင်းတော့တာပဲ (မှန်ပါ့)သဘောကျပလား... (ကျပါပြီ)။

ဒါဖြင့် တကာကြွယ့်ရေ ...ရှာနေတဲ့ လူအပေါင်း ဘယ်သူ့ ကျွန်ဆိုတာ ပေါ်ပြီ....(ပေါ်ပါပြီဘုရား) ဘယ်သူ့ကျွန်ပါလိမ့် (တဏှာ့ကျွန်ပါဘုရား)။

ဘယ်နှယ်ကြောင့် ဒီလူဟာ တဏှာ့ကျွန်ဖြစ်ရပါလိမ့် မတုံး လို့ တခါ တကာသစ်တို့ လက်သည်ရှာဦး....(ဝေဒနာပါဘုရား) ဝေဒနာကို ဝိပဿနာမရှုလို့ တဏှာ့ကျွန် ဖြစ်ရဘယ်ဘုရာ့.... (မှန်ပါ့)။

ဝေဒနာကို....(ဝိပဿနာမရှုလို့ တဏှာ့ကျွန် ဖြစ်ရပါတယ် ဘုရား) တဏှာ့ကျွန်ဖြစ်ရတယ်ဘုရားဆိုတော့ သူ့အကြောင်း အကျိုးဆက်မိတယ်....(မှန်ပါ့) မဆက်မိသေးဘူးလား....(ဆက်မိ ပါတယ်ဘုရား)။

တကာကြွယ် ကျုပ်မသေချင်သေးဘူးဗျာ၊ ရှာလို့ကောင်း တုန်း....(မှန်လှပါ) ကျွန်ခံလို့ကောင်းတုန်း....(မှန်လှပါဘုရား) တကာသစ် ဒီလိုပုဂ္ဂိုလ်လဲ တွေ့ဖူးပါတယ်.... (တွေ့ဖူးပါတယ် ဘုရား)။

ရှာလို့ကောင်းတုန်းဗျာ၊ ကျုပ်မှာ အခု တခါတည်းဝင်ပြီး မမာလိုက်လို့ အချိန်အခါ ကျုပ်မေ့နေတာ....(မှန်ပါ့)ဘာတုံး ဆိုတော့ ကျွန်စျေးကောင်းနေတာ....(မှန်ပါ့)ခါးတောင်းကြိုက် မဖြုတ်ရဘူး....(မှန်ပါ့) အဲဒါ ဂုဏ်ယူနေတာ....(မှန်ပါ့) ရိပ်မိ ပလား....(ရိပ်မိပါပြီ)။

တကာကြွယ် ဘာဂုဏ်ယူနေတာတုံး.... (ကျွန်စျေးကောင်း တာ ဂုဏ်ယူနေတာပါဘုရား) ကျွန်စျေးကောင်း၍ ခါးတောင်း ကြိုက် မဖြုတ်ရတာကို သူ့မှာ လာဘ်ကြီးဝင်နေဘယ် ဘင်နေ တာ....(မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ပါဠိတော်နဲ့ တကာသစ် ကိုက်ပလား....(ကိုက်ပါပြီ) ပရိယေသန ဘယ်ကလာသတုံး....(တဏှာကလာပါတယ်ဘုရား) တဏှာ ဘယ်ကလာပါလိမ့်.... (ဝေဒနာကလာပါတယ်ဘုရား)။

ဒါဖြင့် ဝေဒနာကို ကျုပ်တို့က ဝိပဿနာရှုတဲ့ပုဂ္ဂိုလ် တဏှာ ချုပ်တယ်....(မှန်ပါ့) တဏှာချုပ်ယင် ပရိယေသန ဇာတ်သိမ်း တယ်....(သိမ်းပါတယ်ဘုရား) မသိမ်းဘူးလား.... (သိမ်းပါတယ် ဘုရား)။

ဒါ့ကြောင့်....တဲ့ ဝေဒနာကုန်ယင် တဏှာကုန်သောကြောင့် ရှာမှု ဖွေမှုဆိုတဲ့ဥစ္စာ နိဗ္ဗာန်မှာ မရှိပါဘူးဆိုတဲ့ဥစ္စာ ဒါပေါ့ဗျ.... (မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

တယ်လဲ အရာကျယ်တဲ့တရားပါလားဆိုတာ တကာကြွယ် ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား) မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာကြွယ်တို့ ဦးမာဒင်တို့ တကာသစ်တို့က ကြိုးစားရှာနေ၊ ကြိုးစားရှာ ငယ်တုန်း ငယ်တုန်း၊ ပြီးတော့ ရှာနိုင်ကြမှာ မဟုတ်ဘူး....(မှန်ပါ့)။

အင်း....ဘာစကားပါလိမ့်၊ လူကြီးစကား ထားပါတော့ဗျာ (မှန်ပါ့) တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီ) ဒါနဲ့ ညှော်ခံ နေတယ်မဟုတ်လား....(မှန်ပါ့)။

ကိုယ်ကလဲ ဒီအထဲက ကြီးပွားလာတဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ ဒီအထဲကလာတဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ဒါပဲသင်တတ်တာပဲ(မှန်ပါ့ ဘုရား) ဒါပဲ သင်တတ်တော့ ကိုယ်ကလဲ တဏှာအုပ်ချုပ်သမား (မှန်ပါ့)။

ဟိုပုဂ္ဂိုလ်လဲ မင်းကို တကျာ အုပ်ချုပ်နေတာ မင်းဟာ ကျေးဇူးများပါတယ်ကွာ....လို့ ပြောလိုက်တာနဲ့ ကောအတူတူ ပဲ....(အတူတူပါပဲဘုရား)။

ဒါဖြင့် သူအပါယ်သွားတာကို၊ သူဒုက္ခရောက်တာကို ကျေနပ် မကျေနပ်....(ကျေနပ်ပါတယ်ဘုရား)။

မကောင်းပါဘူးဗျာ....(မှန်ပါ) မကောင်းပါဘူး-မကောင်း ပါဘူး၊ တကာကြွယ် အကြောင်းအကျိုး ဆက်ကြည့်မှ ပေါ် လာတယ်....(ပေါ်လာပါတယ်ဘုရား)။

အကြောင်းအကျိုး ဆက်မကြည့်လို့ရှိယင် (မပေါ်ပါ ဘုရား) မပေါ်တဲ့ပြင် ခင်ဗျားတို့က မေတ္တာရှိလို့ ပြောနေတာ တဲ့....(မှန်ပါ) ကျုပ်က စိတ်ကောင်းနဲ့ပြောလိုက်တယ်-(မှန်ပါ) အင်း....ဘာစိတ်ကောင်းတုံး-ဘာကျာစိတ်ကောင်းနဲ့ ပြောလိုက် တာ....(မှန်ပါ)။

ဟိုက နားထောင်တဲ့ပုဂ္ဂိုလ်ကလဲ တကျာနားနဲ့ပဲ ထောင် လိုက်တယ်....(မှန်ပါဘုရား) လူကြီးစကား-လူကြီးစကားဆိုတာ မြေဝယ်မကျနားထောင်မှ....(မှန်လှပါ)။

မြေဝယ်မကျ နားထောင်မှ....တဲ့၊ အတော်ဆိုးသွားတာ.... (ဆိုးပါတယ်ဘုရား) တကာသစ် လောကီနဲ့လောကုတ်ဆိုတာ ကန့်လန့်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

လောကီကတော့ ပရိယေသနမှမရှာတဲ့ပုဂ္ဂိုလ်လူပျင်း၊ သူပျင်း ကွာ၊ ငတ်တာ ကောင်းတယ်ကွ....( မှန်ပါ ) ဒီလိုပြောကြမှာပဲ ဘာယောက်နဲ့တယောက်နေ၁.... (ပြောပါတယ်ဘုရား) လော

ကုဋ္ဌရာဘက်ကနေကြည့်တော့ ပရိယေသနသည်ကားလို့ ဆိုယင် ဘယ်သူ့ကျွန်မှ လုပ်နိုင်တာတုံး....(တဏှာ့ကျွန်မှ လုပ်နိုင်တာပါ ဘုရား) တကာကြွယ် ပေါ်ပြီဗျ....(ပေါ်ပါပြီ) ပါဠိတော်က ဒီအတိုင်းကိုး....(မှန်ပါ့)။

ဒီတဏှာ့ကျွန်ကလဲ ဘယ့်နှယ်ကြောင့် ဒီကျွန်သပေါက် အဖြစ်သို့ သူရောက်ရပါလိမ့်မတုံး....လို့ မေးတဲ့အခါကျတော့ တကာသစ် ဖြေစမ်း....(ဝေဒနာမသိလို့ပါဘုရား) ဝေဒနာ မသိ ဘူး....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)၊

ဒါဖြင့် ဝေဒနာမသိသရွေ့ တဏှာမသေပါဘူး.... (မှန်ပါ့) တဏှာမသေသရွေ့လဲ ပရိယေသနရှာတဲ့ ကျွန်သပေါက်ဟာဖြင့် နေ့နဲ့ညဥ့်တောင် ပြောင်းအိပ်ရပုံရတယ်.... (မှန်ပါ့)မရဘူးလား၊ ရသလား....(ရပါတယ်ဘုရား) ဒီနေ့ည အလုပ်ရှုပ်လွန်းလို့မအိပ် ရဘူးဗျာ၊ နေ့လယ်မှ အတိုးချအိပ်ရမှာပဲ.... (မှန်ပါ့) ဘယ် လောက်များ ပရိယေသနကိစ္စ ကြီးကျယ်တယ်ဆိုတာ တကာ ကြွယ် ပေါ်ပြီ....(ပေါ်ပါပြီဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ပရိယေသန ရှာရတယ်ဆိုတဲ့ဥစ္စာ ခြေလျင် သွားရတဲ့နေရာ ရှိတယ်၊ လေယာဉ်ပျံနဲ့ သွားရတာရှိတယ်၊ ရထားနဲ့ သွားရ တာရှိတယ်၊ စက်ဘီးနဲ့ သွားလိုက်ရတဲ့နေရာ ရှိသေးတယ်.... (မှန်ပါ့)။

ဒီသွားလေသရွေ့ ဘုရားသွား ကျောင်းတက်လား၊လို့ မေးလို့ ရှိယင်ဖြင့် ပရိယေသနကြောင့်သွားတာ.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘုရားသွား-ကျောင်းတက်က ခုနစ်ရက်တပတ်၊ ရှစ်ရက်တပတ် တောင်မှန်ဖို့ အတော်ခဲယဉ်းပါတယ်....(ခဲယဉ်းပါတယ်) ပရိယေသန အလုပ်ကတော့ဖြင့် တကာတကာမတို့ တနေ့ကို အိမ်တွင်းနဲ့ အိမ်ပြင်ပဲ ဘယ်နှစ်ခေါက် ပြန်သတုံးမေးလို့ ရှိယင်.... (မရေ တွက်နိုင်ပါဘုရား)။

ဟိုက လာတောင်းလဲ စာရင်းကြည့်ပါရစေဦးဆိုပြီး အတွင်း ဝင်လာတာကတမျိုး၊ စာရင်းကြည့်ပြီးလို့ ရှင်းပေးလို့ အပြင် ထွက်ရတာကတမျိုး....(မှန်ပါ)။

ပရိယေသနက အိမ်တွင်းနဲ့ အိမ်ပြင်တွင်ပဲ တကာသစ် ဘယ် နှစ်ခေါက်ကျမယ်ထင်သတုံး....(မရေတွက်နိုင်ပါ) သဘောပါပ လား....(ပါပါပြီဘုရား)။

ဒါ ဘယ်သူ့ဒဏ်ချက်မိနေသတုံး.... (တဏှာ့ဒဏ်ချက် မိနေ တာပါဘုရား) ဒီဘဏှာကလဲ အလိုလို နှိပ်စက်ချင်လို့လားတဲ့ ခင်ဗျားတို့ ဝေဒနာပေါ်မှာ မေ့မှုကြောင့်လား.... (ဝေဒနာ ပေါ်မှာ မေ့မှုကြောင့်ပါဘုရား) ပေါ်ကြပြီ.... (ပေါ်ပါပြီ ဘုရား)။

ဝေဒနာမေ့နေတဲ့ တကာတကာမတွေဖြင့် ဒီဒဏ်ချက်ကဖြင့် အကြီးအကျယ်သင့်မှာပဲ....(သင့်ပါတယ်ဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဝေဒနာ နုပဿနာလို့ ဦးမာဒင်တို့ သာမညဟောသလား အကြီးအကျယ် ဟောသလား....(အကြီးအကျယ် ဟောပါတယ်) ဒါတွေမြင်တာ ကိုး....(မှန်ပါ့ဘုရား)။

တကာတကာမတွေ ပင်ပန်းတာ မြင်တော်မူတယ် ဘုရားက (မှန်ပါ့)ဝေဒနာမရှုယင် ဒီလူတွေဖြင့် ကောင်းစားဖို့မမြင်ဘူး၊ ဘယ်တော့မှ ကိုယ်အေး စိတ်အေးအေးစရာအကွက်မမြင်ဘူးဆိုပြီး ဝေဒနာနုပဿနာ ဟောတော်မူတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ-သုခဝေဒနာကြောင့် တဏှာလာတာ သေချာပြီနော်....(သေချာပါပြီ) ကိုင်း.... ဒါဖြင့် ဒုက္ခဝေဒနာ ရောက်နေတယ်ဆိုတော့ ဥပမာ ခန္ဓာကိုယ်ထဲမှာ ခေါင်းကိုက်တယ်, လည်နာတယ်, ရင်နာတယ် အစရှိသည်နဲ့ တကာကြွယ်.... တခါတခါလဲ မလာလားဗျာ....(လာပါတယ်ဘုရား)။

အဲဒီ့ဝေဒနာကလဲ တကာတကာမတွေပဲ စဉ်းစားကြည့်တဲ့ ဝေဒနာက သူကလဲ ကျေးဇူးပြုပြန်တာပဲ.... (မှန်ပါ့) သူက ကိုယ်-ကိုယ်တိုင်တော့ မရှာဘူး....(မှန်ပါ့)။

ဒီဆေးပေးပါဦး, ဟိုဆေးရှာပေးပါဦး ဆိုတဲ့ဥစ္စာ ဒုက္ခဝေဒနာရှိတဲ့ပုဂ္ဂိုလ်မှာ မင်းသည်ကားလို့ ဆိုယင်ဖြင့် အလိုအရှိဆုံး ပြောစမ်းလို့ မေးလို့ရှိယင် တကာသစ် သူဖြေလိမ့်မယ်နော်- ပျောက်ချင်တာ အရေးအကြီးဆုံး....(မှန်ပါ့ဘုရား)။

ဒုက္ခဝေဒနာ ရောက်နေတဲ့ပုဂ္ဂိုလ်မှာ အရေးအကြီးဆုံး ဘာလိုချင်ပါလိမ့်....(ပျောက်ချင်တာဟာ အရေးအကြီးဆုံး လိုချင်ပါတယ်ဘုရား)။

အင်း....တကာကြွယ် ပေါ်ပြီ ...(ပေါ်ပါပြီ) ဝေဒနာပစ္စယာ တဏှာပဲ.... (မှန်ပါ့) ပျောက်ချင်တာက တဏှာကိုး.... (မှန်ပါ့ဘုရား)။

ဒုက္ခဝေဒနာပစ္စယာ....(တဏှာပါဘုရား) ဦးမာဒင် ပေါ်ပြီ ဘျ....(ပေါ်ပါပြီဘုရား)။

ပေါ်ပြီ တကာတကာမတို့ ဒုက္ခရောက်နေတဲ့ပုဂ္ဂိုလ်များ လေနာ,ရင်နာတွေ ထနေတဲ့ပုဂ္ဂိုလ် မျက်စိ-မျက်နှာ နာနေတဲ့ပုဂ္ဂိုလ်, နားလေးနေတဲ့ပုဂ္ဂိုလ်, အမျိုးမျိုးအဖုံဖုံ ဝေဒနာဆိုင်ရာဆိုင်ရာ ဖြစ်နေတဲ့.... ပုဂ္ဂိုလ် မေးကြည့်စမ်းပါ တကာကြွယ်ရ မင်း- အလိုအရှိဆုံးပြောပေ့....(ပျောက်ချင်တာပါဘုရား)။

ဒါဖြင့် ပျောက်ချင်တာသည် ပျောက်ခြင်း အလိုရှိတဲ့တဏှာ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပျောက်ခြင်းကို....(အလိုရှိတဲ့တဏှာပါ) ဒါဖြင့် ဒုက္ခဝေဒနာပစ္စယာ....(တဏှာပါဘုရား)။

ဒါဖြင့် ပျောက်ခြင်း, အလိုရှိခြင်းကြောင့်တဲ့ သူသည်ကားလို့ ဆိုလို့ ရှိယင် ကိုယ်တိုင်သွားနိုင်တဲ့ ဆေးမြစ်တူးသွားမယ်ဆိုလဲ ကိုယ်တိုင်သွားမှာပဲ.... (မှန်ပါ့) သူတပါးရအောင် အရှာခိုင်းယင်လဲ ရှာမှာပဲ....(မှန်ပါ့) သဘောကျပလား.... ( ကျပါပြီဘုရား)။

ဒါဖြင့် ဝေဒနံ ပဋိစ္စ တဏှာပဲလာတယ်....(မှန်ပါ့) တဏှာ ပဋိစ္စ ပရိယေသနာ၊ မလာဘူးလား....(လာပါတယ်ဘုရား)။

တဏှာ အကြောင်းရင်းခံပြီးတော့ ပရိယေသနလာပြန်တယ် (မှန်ပါ့) မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခဝေဒနာရောက်နေတဲ့ ပုဂ္ဂိုလ်များမှာ တဏှာ မပေါ်ဘူးလား....(ပေါ်ပါတယ်) တဏှာလာယင် တဏှာပဋိစ္စ

သူသည်တဲ့ ဓာတ်စာအရှာခိုင်းတယ်....(မှန်ပါ့) အနာပျောက်စေလိုတဲ့ ဆေးအရှာခိုင်းတယ်(မှန်ပါ့)ကိုယ်ကိုယ်တိုင်ဆေးရှာချင်လဲ (ရှာမှာပါဘုရား)။

ဘယ့်နှယ်ကြောင့် ခင်ဗျား ဆေးမြစ်ရှာ ထွက်နေရသတုံးဆိုတော့ ပျောက်ချင်လို့ပေါ့ဘုရား.... (မှန်ပါ့) မလာဘူးလား.... (လာပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခဝေဒနာကိုတော့ သူသိတော့ သိပါတယ်တဲ့....၊ တဏှာနဲ့သိပြီး ဉာဏ်နဲ့မသိပဲ ဖြစ်နေတယ်....(မှန်ပါ့) တဏှာနဲ့တော့....(သိပါတယ်) ဉာဏ်နဲ့တော့....(မသိပါဘုရား)။

ဒါဖြင့် သွားလိုက် ဒုက္ခဝေဒနံ ပဋိစ္စတဏှာ(မှန်ပါ့) တဏှာ ပဋိစ္စ....(ပရိယေသနာပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အို.... ကျုပ်တို့တော့ ဒုက္ခရောက်နေတဲ့ပုဂ္ဂိုလ် ရှာမှပဲ.... (မှန်ပါ့) မလာဘူးလား.... (လာပါတယ်ဘုရား) သူများလို ပုံထားနိုင်တာမဟုတ်ဘူး၊ကိုယ်က ညစာ,မနက်စာဘောင်သွားနိုင် လာနိုင်မှ....(မှန်ပါ့)။

ကျုပ်တို့တော့ဖြင့် ဘယ်တရားရယ်လို့လဲ နှလုံးမသွင်းနိုင်ဘူး၊ ကိုယ့်မှာ ဒါ အရေးကြီးနေတယ်၊ အင်း.... သူများနဲ့တူတာ မဟုတ်ဘူး၊ ကိုယ့်ဒုက္ခက အတော်ကြီးတယ်....(မှန်ပါ့)။

စားအိုးကလဲကြီးတယ် (မှန်ပါ့) ကြီးအောင်လဲ ဘယ်သူလုပ်ထားတာလဲ သူမသိပါဘူး.... (မှန်ပါ့) အင်း.... ရှာမယ်ဆိုတဲ့

သဘောကဖြင့်သူများထက် ပိုရှာချင်တဲ့သဘော တကာသစ်-လာ မလာ....(လာပါဘယ်) သူက ဘယ်ပုဂ္ဂိုလ်ကိုး မေးတဲ့အခါကျ တော့ ဒုက္ခရောက်နေတဲ့ပုဂ္ဂိုလ်....(မှန်ပါ့)။

ဒါဖြင့် ဒုက္ခရောက်နေတာက ဒုက္ခဝေဒနာ....(မှန်ပါ့) ဒုက္ခ ပျောက်ချင်တာက....(တဏှာပါဘုရား) တဏှာအကြောင်းရင်း ခံပြီး သူများထက်ပိုရှာတဲ့ ပရိယေသန....(မှန်ပါ့) မလာဘူးလား (လာပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဩြော်....ဒါဖြင့် တကာတကာမတွေ နည်းနည်းကလေး သူ တို့က ပိုဆင်းရဲတဲ့လူဟာဘုရား မနက်များ အစောကြီးထပြီး ရေ ထမ်းတယ်တဲ့ဘုရားတဲ့....(မှန်ပါ့)။

အစောကြီးထပြီး သူ-ဘာလုပ်သတုံး....(ရေထမ်းပါတယ်) ဟ....ဘယ်နှယ်ကြောင့်သူက ပရိယေသန သူများထက် စောစော လုပ်ပါလိမ့်မတုံးမေးတဲ့အခါကျတော့ သူများနဲ့ မတူလို့ပေါ့ ဆိုတဲ့ အဓိပ္ပာယ် သူထွက်လာတယ်....(မှန်ပါ့)။

သူများနဲ့မတူဘူးဆိုတော့ သူ့မှာဆင်းရဲတဲ့ဝေဒနာရှိတယ်.... (ရှိပါတယ်) ဆင်းရဲတဲ့ဝေဒနာရှိလို့ရှာလိုတဲ့ တဏှာဟာ သူများ ထက် စောစောပေါ်တယ်....(ပေါ်ပါတယ်) ပေါ်တဲ့အတွက် စောစောကြီးရှာတယ်....(မှန်ပါ့ဘုရား)။

ဒါလဲ ဒုက္ခဝေဒနာကြောင့် တဏှာပေါ်၊ တဏှာကြောင့် ရှာမှုအလုပ်ကိုလုပ်.... (မှန်ပါ့) တကာကြွယ် ပေါ်ပလား... (ပေါ်ပါပြီ) တယ်လဲဆိုးပါကလား....(ဆိုးပါတယ်ဘုရား)။

ဒါဖြင့် သုံးဆယ့်တဘုံမှာဖြင့် လက်သည်ရှာကြပါဦး တကာ ဘကာမတို့ ဝေဒနာမသိမှု နှိပ်စက်နေတယ်....(မှန်ပါ့) ပေါ်ကြ သလား...(ပေါ်ပါပြီဘုရား)။

ဘာနှိပ်စက်နေသလဲ .... (ဝေဒနာမသိမှု နှိပ်စက်နေပါတယ်) တကာကြွယ် ဘယ်လောက်ဝေဒနာ အရေးကြီးသလဲ....(ကြီးပါ တယ်ဘုရား) ဝေဒနာမသိတဲ့ပုဂ္ဂိုလ်ဟူသရွေ့ အိမ်ရှိလျက်နဲ့ အိမ် ပေါ်မနေနိုင်ဘူး.... (မှန်ပါ့) စီးပွားရှာထွက်တယ်- ဟုတ်လား.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အိမ်ရှိလျက်နဲ့ အိမ်ပေါ်မနေတာသည် ဘယ်သူနှိပ်စက်တာ ဘုံး....( ဝေဒနာ နှိပ်စက်တာပါ) ဝေဒနာ နှိပ်စက်တယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ အိမ်ကို ဆောက်သာ ဆောက်ထားရတယ်၊ နေချိန်မရှိဘူး .... (မှန်ပါ့) ဘယ်သူနှိပ်စက်လို့တုံး....( ဝေဒနာနှိပ်စက်လို့ပါ) ဝေဒနာနှိပ်စက်တော့ တဈာကပေါ်(မှန်ပါ့)ဝေဒနာမသိလိုက် တော့ တဈာပေါ်၊တဈာပေါ်တော့ အရှာချည့်ထွက်နေရတယ် (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အိမ်ကို ခင်ဗျားတို့ သည်ကားလို့ဆိုယင်ဖြင့် အရှုံး ခံပြီးသကာလ တကာတကာမတွေ ထားကြတယ်၊ အိမ်ကိုမီး မလောင်အောင်၊ ကိုယ့်အိမ်ကလေး မပျက်အောင်ဆိုပြီး ဒိဋ္ဌိက စွဲခတော့ စွဲတာပဲ....(မှန်ပါ့) စွဲသာစွဲတယ်၊ ဒိဋ္ဌိကသာအစွဲမပြုတ် ဘာ နေတော့ မနေရတာများတယ်.... (များပါတယ်ဘုရား)။

နေတော့ ဘယ့်နှယ်တုံး(မနေရပါ) ဥပမာမယ် တကာသစ်ပဲ တွေးကြည့်လိုက်တဲ့ အခါကျတော့ တကာသစ်ရေ- မိုးလင်း ကတည်းက တနေ့လုံးမှာ ဆိုင်နဲ့အိမ် ဘယ်မှာနေရတာများသတုံး မေးယင် ဘယ့်နှယ်ဖြေမတုံး... ( ဆိုင်ကများပါတယ် ) ဆိုင်မှာ နေရတာကများတယ်... (မှန်ပါ့ဘုရား)။

တခါ ဆိုင်ကအလုပ်တွေဘာတွေက အကြွေးတွေဘာတွေ အမျိုးမျိုးအဖုံဖုံ လည်ပြီးသကာလ တောင်းရ ပြုရတဲ့ အခါ ကျတော့ အိမ်မှာနေရသေးရဲ့လား... (မနေရပါဘုရား)။

အို...အိမ်ဆောက်လျက်နဲ့အိမ်မနေရတာဟာ ဘယ်သူနှိပ်စက် တာပါလိမ့်....(ဝေဒနာ နှိပ်စက်တာပါ) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဝေဒနာနှိပ်စက်တော့ တကာက ပေါ်တယ်-(ပေါ်ပါတယ်) တကာပေါ်တော့ ပရိယေသန အရှာကထွက်လာတယ် (မှန်ပါ့) ထွက်ရဘူးလား....(ထွက်ရပါတယ်ဘုရား)။

အဲဒါကို တကာတကာမတွေက ဂုဏ်မယူပါနဲ့တော့ တကာ ကြွယ်ရေ....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုသတုံး....(ဂုဏ်မယူပါနဲ့ )ဂုဏ်မယူကြနဲ့တော့တဲ့၊ ဒီ ပရိယေသနကိုသာဖြင့် ခင်ဗျားတို့မြို့သုံး- သုံးလဲ တကာက ခိုင်းတာပဲ....(မှန်ပါ့) ခင်ရိုင်းရိုင်းသုံးလဲ.... ( တကာကခိုင်းပါ တယ်ဘုရား) တကာက ခိုင်းတာပဲဆိုတာ သေချာပလား ..... (သေချာပါပြီဘုရား)။

အဲဒီတော့ကို ဒီတဏှာမျိုးကျတော့ တကာတကာမတွေက သားလဲဝေပေးနိုင်တယ်၊ သမီးလဲ....(ဝေပေးနိုင်ပါတယ်ဘုရား) မဟုတ်ဘူး နင့်ဟာနင်လုပ်၊ တော်တော်ကြာကျလို့ ရှိယင်ဖြင့် လူကြီးတွေမျက်စိကွယ်သွားတဲ့ အခါကျလို့ရှိယင် နင်မရှာဘတ် မဖွေဘတ်ဖြစ်နေမယ်ဆိုတော့ သူ့လောဘကလေးနဲ့ သူရှာလို့ ခိုင်းတာ....(မှန်ပါ့ဘုရား)။

ဒါမှ နင့်ကိုယ်ချမ်းသာမှာပေါ့ဆိုတော့ ဝေဒနာကချည့်လာ ကိုင်တယ်....( မှန်ပါ့ ) အင်း.... လောကီက တကာကြွယ်ရေ ဝေဒနာကြောင့်တဏှာဖြစ်၊တဏှာကြောင့်ပရိယေသနဖြစ်ဆိုတာ ကိုယ်တိုင်မြင်ထားသလို သင်ထားတာ....( မှန်ပါ့ ) ဝေဒနာချုပ် အောင်ကျတော့ မသင်တတ်ဘူး....(မသင်တတ်ပါဘုရား)။

ဘယ့်နှယ်ဖြစ်နေသတုံး....(မသင်တတ်ပါ) မသင်တတ်ဘူး- (မှန်ပါ့)အံမာလေး....ဖြစ်မှ-ဖြစ်ရပလေ....။

ဒီ့ပြင်ဟာကျတော့ နင်ချမ်းသာအောင် နင်ရှာ နင်ချမ်းသာ ချင်ယင် နင့်လောဘကလေးနဲ့ နင်ရှာပေါ့....( မှန်ပါ့ ) ဒို့က ထမင်းကျွေးထားမယ်....(မှန်ပါ့) အံမာ-မအေမိဘဝတ္တရားကလဲ အတော်လာပါကလား....(လာပါတယ်ဘုရား)။

နင်တို့ အခုတည်ထောင်စ ဆိုလို့ရှိယင် ငွေကလေး ဘာက လေး အရင်းအနှီးဖြစ်အောင် ဒို့ကကျွေးထားမယ် .... (မှန်ပါ့) တကာသစ် လာပြီဗျ....(လာပါတယ်) မလာဘူးလား.... (လာပါ တယ်ဘုရား) ဒါဘယ်သူကသင်ဘာဘုံးဗျ....(တဏှာကပါဘုရား)

လူကြီးတွေက ဆိုပါတော့ဗျာ ငဲ့မနေနဲ့တော့၊ မဟုတ်ဘူးလား- (မှန်ပါ့ဘုရား)။

သူက ဒါပဲဘတ်ဘာ....(မှန်ပါ့) နင့်ဝင်ယင် နင်ချမ်းသာအောင်ဆိုတော့ ဝေဒနာကပြောတာ....(မှန်ပါ့) နင်ချမ်းသာအောင် နင်လောဘကလေးနဲ့နင်ရှာ(မှန်ပါ့) အံ့မှာ ဒါဘယ်သူက သင်တာတုံးဗျ....(လူကြီးတွေကသင်တာပါဘုရား)။

အင်း....ဝေဒနာပဋိစ္စသမုပ္ပါဒ်တော့ သင်ဘတ်တယ်၊ ဝေဒနာပဋိစ္စသမုပ္ပါဒ်ကို ပြတ်အောင်ကျတော့....(မသင်ပါဘုရား)။

ဩော်....ဒါဖြင့် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် သားသမီးကလေးချစ်ပါတယ်ဆိုပြီးမီးပုံထဲထိုးချတယ်....(မှန်ပါ့) အပါယ်ထဲထိုးချတယ်၊ ဘာဖြစ်လို့တုံး ခင်လွန်းလို့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဟို အစ်နေ့မူစလမန်တွေ နွားတွေဘာတွေ လည်လှီးရသလို ဖြစ်နေပြီ....(မှန်ပါ့) ချစ်လှစွာသော နွားကလေးမှကိုး (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီမှာလဲ ချစ်လှစွာသော သားကလေး, သမီးကလေးကျမှ တကာကြွယ် ဘာအမွေပေးသတုံးဆိုယင် ဘယ့်နှယ်ပြောမလဲ.... (အပါယ်ထဲတွန်းချတာ အမွေပေးပါဘယ်) ဘာဖြစ်လို့တုံး.... ချစ်လွန်းလို့....(မှန်ပါ့ဘုရား)။

အံမာလေး ဝေဒနာမသိတဲ့ဥစ္စာ တခါတည်း ကိုယ့်ဟာကိုယ် အပါယ် တွန်းချနေတာတောင်မှ ဦးမာဒင်ရေ မရိပ်မိဘူး ....

(မရိပ်မိပါ) ဘယ်လောက်များနှစ်နာတယ်ဆိုတာ ပေါ်ပလား—(ပေါ်ပါပြီဘုရား)။

ကဲ-ဒါဖြင့် ဒီနေ့ ဒီဝေဒနာသည် တကာသစ် နှစ်မျိုးပြီးသွားပြီ (မှန်ပါ) သုခဝေဒနာကြောင့်လဲ တဏှာ- တဏှာကြောင့် ပရိယေသနာ.... (မှန်ပါ)ဒုက္ခဝေဒနာကြောင့်လဲ....(တဏှာပါ) တဏှာကြောင့်....(ပရိယေသနာပါဘုရား)။

ကဲ....တခါသွားကြဦး၊ ဥပေက္ခာဝေဒနာကြောင့်လဲ တဏှာ လာဦးမှာပဲ.... (လာပါတယ်) ဥပေက္ခာဝေဒနာက သူများ တိုက်တွေ့တာတွေတည်တာ ကြည့်လိုက်တော့ မမြင်လိုက်ဘူး လားဗျာ....(မြင်ပါတယ်ဘုရား)။

မြင်လိုက်တဲ့အခါ ကျုလို့ရှိယင်ဖြင့် ဩော်....ဒီလိုတိုက်မျိုး ဘယ်တော့များ နေရပါ့မလဲဆိုတဲ့ နေချင်တဲ့ တဏှာလာပြီ.... (လာပါပြီ) မမြင်ပဲနဲ့ လာတာလား.... မြင်လို့လာတာလား .... (မြင်လို့လာတာပါဘုရား)။

ဟာဒီလို သူများလိုနေချင်ယင် သူများလိုရှာမှပေါ့(မှန်ပါ) လာပြီ- လာပြီ တကာတကာမတို့၊ မလာသေးဘူးလား .... (လာပါပြီ)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဥပေက္ခာဝေဒနာပစ္စယာ တကာသစ် ဘယ်နှယ်ဆို မလဲ....(တဏှာပါ)မြင်တာက ဥပေက္ခာဝေဒနာ.... ( မှန်ပါ ) မြင်တော့ ဒီလိုဖြစ်ချင်တာက....(တဏှာပါဘုရား)။

ဒီလိုဖြစ်ချင်ယင် သူများလို ရှာမှဖြစ်မှာပဲဆိုတော့ တဏှာ ပစ္စယာပရိယေသနာပါ)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဝေဒနာသုံးပါး ဘယ်လောက်အိုးတယ်ဆိုတာ အခု တကာ တကာမတို့ ဝေဒနာပစ္စယာတဏှာလို့ ဘုရားက တလုံးဘည်း ဟောတာကိုလဲ ဘုန်းကြီးက အခု ၀ လုံးတည်းနဲ့ အကုန် ဝေဒနာ သုံးပါးကို တဏှာချည့် ကျေးဇူးပြုတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ထုတ်ပြ တယ်....(မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့်"သုခဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ပရိယေ သနာ"(မှန်ပါ့)ဒုက္ခဝေဒနာပစ္စယာ(တဏှာပါ) တဏှာပစ္စယာ-(ပရိယေသနာပါ) ဥပေက္ခာဝေဒနာပစ္စယာ....(တဏှာပါဘုရား) တဏှာပစ္စယာ....(ပရိယေသနာပါဘုရား)။

ကိုင်း.... တကာတကာမတွေ ပရိယေသနချည့် သွားသွား ပေါင်းတယ်....(မှန်ပါ့) မပေါင်းကြဘူးလား.... (ပေါင်းပါတယ် ဘုရား)။

ကိုင်း.... ဒါကတော့ဖြင့် ဆုံးမှာလဲ မဟုတ်တော့ တကာ တကာမတွေ ဒီလိုလုပ်ကြဦး....(မှန်ပါ့) ဧြသ....ဝေဒနာ မသိမှု သည် ပရိယေသနလမ်းဆုံးနေပါကလားဆိုတာ ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား) ရှင်းပြီ....(ရှင်းပါပြီ)။

ဝေဒနာမသိမှုကြောင့်.... (ပရိယေသန လမ်းဆုံးနေပါတယ် ဘုရား) ကိုးခုထိအောင်တော့ သွားမှာပေါ့ဗျာ....(မှန်ပါ့)အခု ဒီကနေ့ နှစ်ခုဟောတယ်၊ တဏှာရယ်, ပရိယေသနရယ် နှစ်ခု ဟောတယ်....(မှန်ပါ့) လက်သည် အရင်းကျတာကြောင့် ဘယ် သူပါလိမ့်.... (ဝေဒနာပါဘုရား) ဝေဒနာပဲဆိုတာ ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဝေဒနာ မသိမှု ကြောင့် ပရိယေသန ရှာမှီးမှုနဲ့ပဲ ခေါင်းထဲ ဝင်ကြရတယ်....

ဝေဒနာမသိမှုကြောင့်....(ပရိယေသနနဲ့ပဲ ခေါင်းထဲ ဝင်ကြ ရပါတယ်ဘုရား)။

ပရိယေသနရှာယင်း ဘယ်သူဖြင့်ပေါ့....ဘယ်မှာ သူ–ရစရာ ကလေးသွားပြီးတောင်းယင်း အဲဒီမှာ သေရှာသတဲ့....(မှန်လှပါ) ဦးမာဒင် ကြားဘူးပါလိမ့်မယ်....(ကြားဘူးပါတယ်ဘုရား)။

တရားရှာသွားလို့ သေတာမဟုတ်ပါဘူး....(မှန်ပါ) တရား ရှာသွားလို့ သေတာမဟုတ်ပါဘူး၊ ရစရာရှိလို့ သွားယင်း....(သေ တာပါဘုရား)။

အင်း....အဲဒီမှာ အလုပ်ကလေးတခု တည်ထောင်မလို့ သွား လိုက်လို့....(သေတာပါဘုရား) မသေဘူးလား.... (သေပါတယ် ဘုရား) ဒါ.... ပရိယေသနဆက်တာပဲ.... (မှန်ပါ) ရိပ်မိကြ သလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာကြွယ် ပရိယေသန အရှာသွားယင်း ရှာယင်း အဝေးသွားယင်း အနည်းမှာရှာယင်း ဒီလိုသေတဲ့အသုဘ တကာ ကြွယ် ဘယ်လောက်ပို့ဘူးသတုံး.... (မရေတွက်နိုင်ပါဘုရား)။

လွန်လှချည့်လား....(မှန်ပါဘုရား)လွန်လှချည့်လား၊ တကာ တကာမတို့ သေသေချာချာစဉ်းစားပါ....၊ ဝေဒနာနှိပ်စက်မှု လက်သည် အရင်းကျတယ်....(မှန်ပါ)။

ဘာ–အရင်းကျသလဲ....(ဝေဒနာနှိပ်စက်မှု အရင်းကျပါတယ် ဘုရား) ချမ်းသာချင်တဲ့ဝေဒနာ.... (မှန်လှပါ) ဒုက္ခရောက်လို့

ဒုက္ခပျောက်ချင်တဲ့တဏှာ.... (မှန်ပါ့) သဘောကျပလား .... (ကျပါပြီ)။

သူများကို မြင်ရ,ကြားရတာ၊ သူများကိုယ်ကြီးမြင်ရလို့ သူများ ရကော်ဒါတွေ,ရေဒီယိုတွေကြားရလို့ ကိုယ်လဲ သူများ လို သယ်ထယ်ဝါဝါ နေချင်တဲ့တဏှာကြောင့် သူများလို အရှာ ထွက်ရတယ်....(မှန်ပါ့) မထွက်ရဘူးလား.... (ထွက်ရပါတယ် ဘုရား)။

အဲဒီတော့ တကာကြွယ် သေသေချာချာ စဉ်းစားတဲ့ ဝေဒနာပစ္စယာ တဏှာဟာ သေချာတယ်.... (မှန်ပါ့) တဏှာ ပစ္စယာ ပရိယေသနာကော (သေချာပါတယ်ဘုရား)။

ဒါ....မမေ့ပါနဲ့ တကာတကာမတို့.... (မှန်ပါ့) ရှတ်ကြစမ်း ပါဦး ဝေဒနာပစ္စယာ.... (တဏှာပါဘုရား) တဏှာပစ္စယာ.... (ပရိယေသနာပါဘုရား) သုံးခေါက်လောက် ရွတ်စမ်း (သုံး ခေါက်ရွတ်သည်)။

အဲဒါ ဒီတရားကို နှလုံးသွင်းကြ၊ ရကြပြီနော်.... (မှန်ပါ့) ဝေဒနာပစ္စယာ.... (တဏှာပါဘုရား) တဏှာပစ္စယာ.... (ပရိ ယေသနာပါဘုရား)။

ဩော်....ဒါဖြင့် ဒါ....အိမ်ကျလို့ရှိယင်လဲ ဒီဟာကလေး မမေ့ကြနဲ့ ...(မှန်ပါ့) ဒါကလေးမမေ့ကြပါနဲ့....တဲ့၊ ဩော်.... ငါ့အခု ပရိယေသနကိစ္စနဲ့ ထွက်လာတာ ဘယ်သူ့ပါလိမ့်မတုံး ဘဏှာကြောင့်....(မှန်ပါ့)။

ဒီတဏှာကလဲ မိုးပေါ်ကျ မဟုတ်နိုင်ရာ....(မှန်ပါ့) ဘယ်က များ လာပါလိမ့်....(ဝေဒနာကလာပါတယ်ဘုရား)။

ကြော်....ဒါဖြင့် ဒို-ဝေဒနာကို ဝိပဿနာမရှုသရွေ့ ကာလ ပတ်လုံး ဒီတဏှာမသေ၊ ဒီတဏှာမသေယင် ပရိယေသနကိစ္စကြီး ဟာဖြင့် ဒို-အပါယ်ရောက်အောင် ပို့တော့မှာပဲ.... (မှန်ပါ့) ဆိုပြီး ချက်ချင်းသတိရလို့ရှိယင် ချက်ချင်းပေါ်တဲ့ ဝေဒနာ တွေကို ဝိပဿနာရှုပါ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ချက်ချင်းပေါ်တဲ့ ဝေဒနာတွေကို.... (ဝိပဿနာရှုရပါမယ် ဘုရား) ဝိပဿနာရှုရမယ်ဆိုတော့ ဒီဟာကလေး ရှ့ထားမှ ဦးမာဒင် အဖိုးတန်မှာပဲ.... (မှန်ပါ့) သဘောကျကြပလား.... (ကျပါပြီ)။

ဒါဖြင့် ဒီလိုလုပ်ကြပါစို့....တဲ့ တကာတကာမတို့ ဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း ဘုရားက "သုခံ ဝါ ဝေဒနံ ဝေဒယမာ နော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ" မင်း-သိအောင် လုပ်....တဲ့....(မှန်ပါ့)။

တကာသစ် ဟောသင့်-မဟောသင့်.... (ဟောသင့်ပါတယ်) "ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာ မီတိ ပဇာနာတိ၊ ဟာ....ဒုက္ခဝေဒနာပေါ်လဲ မင်း-ဖြစ်ပျက် သိ အောင်လုပ်....(မှန်ပါ့) ဟောသင့်သလား.... (ဟောသင့်ပါတယ် ဘုရား)။

ဩော်.... ပရိယေသနဒုက္ခတွေရောက်မှာစိုးလို့.... (မှန်ပါ့) နောက် ဒီ-ပရိယေသနကနေပြီး အပါယ်ကျအောင် သူ သွားဦး မှာကိုးဗျ....(မှန်ပါ့)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အပါယ်ကျ မှာ သူ့မျက်စိအောက်မှာ မကြည့်ချင်တာနဲ့ တကာတကာမတို့ ဝေဒနာနုပဿနာကို သေသေချာချာဟောရှာတယ်... (မှန်ပါ့) အရင်း အင်မတန်ကျတဲ့တရားလို့ ဦးမာဒင် မှတ်လိုက်စမ်းပါ.... (မှန်ပါ့)။

အရင်း အင်မတန် မကျဘူးလား ... ( ကျပါတယ်ဘုရား ) အင်မတန် အရင်းကျပါတယ် တကာတကာမတွေ ဆင်းရဲလက်စ မသတ်ပဲနဲ့ အမောဆိုက်ပြီး သကာလ ရောဂါ မရသင့်ပဲနဲ့ ရပြီးတော့ နေကြ သေကြတာတွေဟာ ဝေဒနာလက်ချက်ချည့် မှတ်လိုက် (မှန်ပါ့)ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘယ်သူ့လက်ချက်ပါလိမ့်.... (ဝေဒနာ့လက်ချက်ပါဘုရား) ပေါ်ကြပြီ....(ပေါ်ပါပြီ)။

တကာတကာမတွေ ဝေဒနာအမျိုးမျိုးအဖုံဖုံ ငှက်ဖျားတွေ ဟုတ်လား.... (မှန်ပါ့) အမျိုးမျိုးသော ဝေဒနာတွေဖြစ်ပြီး အအေးမိတာတွေ၊ အပူမိတာတွေ၊ ရာဇဝင်ယင်းဆိုတဲ့ ဥစ္စာဟာ ဝေဒနာ့လက်ချက်တွေ....(မှန်ပါ့)။

ဝေဒနာကို ကျုပ်တို့ကနိုင်အောင်မလုပ်နိုင်တာနဲ့ ဖြစ်ပျက်မရှု နိုင်တာနဲ့ တကာကြွယ်-ရေ....သူက ပရိယေသနဘက် ထိုးခိုင်း လိုက်တယ်....(ခိုင်းပါတယ်ဘုရား)။

ထိုးခိုင်းလိုက်တော့ တကာကြွယ်တို့ကလဲ လက်သည် ဖမ်းမမိ တော့ ထုံးတမ်းပဲဘုရား၊ ဒါလုပ်ရမှာပဲ.... (မှန်ပါ) ထုံးတမ်း ထဲ ရောက်သွားတယ်....(ရောက်ပါတယ်ဘုရား)။

ဘယ်အထဲ ရောက်သတုံး.... (ထုံးတမ်းထဲ ရောက်ပါတယ် ဘုရား) ကဲ....ဦးမာဒင် ဘယ်အထဲ သွင်းလိုက်သတုံး-(ထုံးတမ်း ထဲ သွင်းလိုက်ပါတယ်ဘုရား)။

အံမာလေး....ထုံးတမ်းထဲသွင်းယင်နိဗ္ဗာန်မရောက်တဲ့ ပုဂ္ဂိုလ် ဘေ့လဲ ခင်ဗျားတို့ ဆွမ်းခံတုန်းတွေ့ရမှာပဲ-(တွေ့ရမှာပါဘုရား) အခု ဝေါတမမြတ်စွာဘုရား ဆွမ်းခံတယ်လို့ တွေ့သေးသလား (မတွေ့ပါဘုရား) ပရိယေသန မရှာတော့ဘူးဗျ.... (မှန်ပါ) ရှာဘောနေ့လား....(မရှာပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့သည် လက်သည်တွေ့သွားတဲ့ ပုဂ္ဂိုလ် က ဆွမ်းခံမထွက်တော့ပါဘူး.... ( မှန်ပါ ) တကာကြွယ်တို့ ဆွမ်းခံထွက်သေးသလား....(မထွက်ပါဘုရား) ရှင်သာရိပုတ္တရာတို့ ရှင်မောဂ္ဂလာန်ကြီးတို့ ဘယ်များတွေ့သေးသလဲ.... (မတွေ့ပါ ဘုရား)ဆွမ်းခံတဲ့ ပရိယေသနကိစ္စရှိသေးရဲ့လား-(မရှိပါဘုရား) အင်း....ဘယ်ဟာသိသွားလို့ပါလိမ့်.... (ဝေဒနာသိသွားလို့ပါ ဘုရား)။

ကြော်....ဝေဒနာသိသွားလို့ ပရိယေသနတွေချုပ်လို့ ပရိ ယေသနချုပ်တဲ့ နိဗ္ဗာန်ရောက်တယ်....(ရောက်ပါတယ်) မပေါ် သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဘယ်မှ ဆွမ်းခံတာမတွေ့ဘူး၊ ဂဂ်ါဝါဠူ သဲစုမက ဘုရားတွေလဲ ဘယ်မှာဆွမ်းခံနေတယ်လို့ တကာကြွယ် ရှာတွေ့သေးရဲ့လား....(မတွေ့ပါဘုရား)။

တဆူဘဆူမှာလဲကုဋေရှစ်ဆယ်နဲ့ ဗိုလ်ခြေတသိန်း ကျွတ်တမ်းဝင်သွားတဲ့ပုဂ္ဂိုလ်တွေလဲ ဘယ်ဆွမ်းခံထွက်တယ်လို့ ရှိသေးရဲ့လား....(မရှိပါ) ဘယ်သူချုပ်သွားတာတုံး....(ဝေဒနာချုပ်သွားတာပါဘုရား)။

သြော်.... ဝေဒနာချုပ်တာ သိပ်ချမ်းသာပါကလား-(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဝေဒနာချုပ်တာဟာ....(ချမ်းသာပါတယ်ဘုရား)။

ဒါဖြင့် ဝေဒနာတလုံးကို ခင်ဗျားတို့ ကျုပ်တို့သည်ဆုံးအောင်လိုက်နိုင်ကြပါမူကား တကာသစ် အလုံးစုံကိစ္စပြီးတယ်....(မှန်ပါ့ဘုရား)။

ဝေဒနာတလုံး အဆုံးလိုက်နိုင်ယင်.... ( အလုံးစုံကိစ္စပြီးပါတယ်ဘုရား) အလုံးစုံကိစ္စပြီးတယ်ဆိုတာ တကာကြွယ် ငြင်းနေဖို့ လိုသေးသလား....(မလိုပါဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ဝေဒနာနုပဿနာဖြင့် မမေ့ပါနဲ့.... (မမေ့ပါဘုရား) မေ့လိုက်ယင်ဆင်းရဲဘက်တွန်းချတယ်....(မှန်ပါ့ဘုရား)။

မေ့လိုက်ယင်.... (ဆင်းရဲဘက်တွန်းချပါတယ်) သဘောကျပလား....(ကျပါပြီဘုရား)။

ယုတ်စွအဆုံးဗျာ နည်းနည်းစားချင်တဲ့ ပုဂ္ဂိုလ်ဟာနည်းနည်းပဲ ဒုက္ခရောက်တယ်(မှန်ပါ့)များများစားချင်တဲ့ပုဂ္ဂိုလ်ဟာ (များများ ဒုက္ခရောက်ပါတယ်ဘုရား)။

များများတိုက်ခတွေဘည်ချင်တဲ့ပုဂ္ဂိုလ်ဟာ.... (များများဒုက္ခရောက်ပါတယ်) များများ အရောင်းအဝယ်ကြီး လုပ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ....(များများဒုက္ခရောက်ပါတယ်ဘုရား)။

ဒါဖြင့် တဏှာများလို့ ပရိယေသနများတယ်.... (မှန်ပါ့) ဝေဒနာများလို့ တဏှာများတယ်....(မှန်ပါ့) တဏှာများလို့.... (ပရိယေသနများပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာများယင် တဏှာများပါတယ်....(မှန်ပါ့) တဏှာများယင်.... (ပရိယေသနများပါတယ်) သဘောကျပလား ...(ကျပါပြီဘုရား)။

ဒါဖြင့် ဝေဒနာများ ချုပ်သွားလို့ရှိယင်ဖြင့် တဏှာ ဘယ့်နှယ်တုံး....(ချုပ်ပါဘယ်) ပရိယေသနကိစ္စတွေကော (ချုပ်သွားပါတယ်ဘုရား)။

ဩော်....ဒါဖြင့် သံသရာမှာ စခန်းသဘ်တဲ့တရားဟာ ဝေဒနာသိမှုတရားပါကလား....(မှန်ပါ့ဘုရား)။

သံသရာစခန်းသတ်တဲ့ တရားဟာ.... (ဝေဒနာသိမှုတရားပါ) ဝေဒနာသိမှုတရားပဲဆိုတာ တကာတကာမတို့ သေသေချာချာ မှတ်ပါ....(မှန်ပါ့)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သုခဝေဒနာနောက်က တဏှာ,ဒုက္ခဝေဒနာနောက်က ဒေါသတဏှာ,ဥပေက္ခာ

ဝေဒနာနောက်ကလဲ မောဟတဏှာ ဒီ-ကိလေသာတွေ မချုပ်သရွေ့ ကာလပတ်လုံး ဘယ်သူ နိဗ္ဗာန်ရောက်လိမ့်မယ်လို့.... ငါ-မဟောဘူးဟေ့ - ဆိုတာ ဝေဒနာက အဓိကထားဟောတယ်.... (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဘာ အဓိကထားဟောသလဲ....(ဝေဒနာအဓိကထားဟောပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘယ်ဝေဒနာလာလာ ကျုပ်တို့ဘကာတကာမတွေက ဖြစ်ပျက်ရှုရမယ်....(မှန်ပါ့)။

ဘယ်ဝေဒနာလာလာ.... (ဖြစ်ပျက်ရှုရမှာပါ) ဖြစ်ပျက်ရှုရလိမ့်မယ်ဆိုတာ သေချာကြပလား....(သေချာပါပြီ) သုခလာလဲ (ဖြစ်ပျက်ရှုရပါမယ်) ဒုက္ခလာလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဉပေက္ခာလာလဲ....(ဖြစ်ပျက်ရှုရပါမယ်) သောမနဿများ လာနေယင်....(ဖြစ်ပျက်ရှုရပါမယ်)ဒေါမနဿ လာနေယင်(ဖြစ်ပျက်ရှုရမှာပါဘုရား)။

မရှုယင် တဏှာလာမယ်....(မှန်ပါ့)တဏှာလာယင် ပရိယေသနကိစ္စကို ခင်ဗျားတို့ ကာယကံ,ဝစီကံ,ကျူးလွန်မှုတွေ အကုန်ခိုင်းတော့မယ်....(မှန်ပါ့)။

ပရိယေသန ရှာရတယ်ဆိုတာ တကာသစ် အကောင်းချည့်၊ စိတ်ထားကောင်းကောင်းချည့် ဖြစ်နိုင်ပါ့မလား.... (မဖြစ်နိုင်ပါဘုရား)။

မဖြစ်နိုင်တော့ သီလပျက်မှုတွေ လာရမလား- မလာရဘူးလား....(လာရမှာပါဘုရား) သီလပျက်ယင်ပဲ အပါယ်မရောက်တော့ဘူးလား- ရောက်ရမှာလား....(ရောက်ရမှာပါ)သေချာကြပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဥစ္စာတွေ အကုသိုလ်ပွားလေသရွေ့ ဝေဒနာမနိုင်မှုက လာတာပဲ....(မှန်ပါ့ဘုရား)။

အကုသိုလ်ပွားလေသရွေ့.... (ဝေဒနာမနိုင်မှုက လာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာသုံးမျိုးကို ယနေ့လှည့်ရှုပါ.... (မှန်ပါ့) ပေါ်ရာကိုရှုပါ.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း.... ယနေ့ဒီတွင် တော်ကြဦးစို့....

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့မမှာရှိ၍ ဟောကြား ဆုံးမတော်မူသော
အိမ်တွင်းပဋိစ္စသမုပ္ပါဒ်တရားတော် (၃)

# နေ့အလုပ်ပေးတရားတော်

( ၁-၁၀-၆၁ )

ခံစားချင်ကြလို့.... တဏှာ ပေါ်လာတယ်ဆိုတာ တကာ တကာမတွေ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် သိပြီးပါပြီ.... (မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ကြီးမှာ ဝေဒနာက္ခန္ဓာသုံးပါးကို အလိုဖြည့်ချင်တာနဲ့ပဲ....တဲ့ တဏှာပေါ်လာတယ်.... (မှန်ပါ့) ဒီတဏှာကလဲ တကာတကာမတွေ အလွန်ကောက်ကျစ်ပါတယ်.... (မှန်ပါ့ဘုရား)။

ဒီတဏှာသည်ကားလို့ဆိုယင် ဘယ်လိုမျိုး ကောက်ကျစ်သတုံးဆိုတဲ့ဥစ္စာဖြင့် သားမဟုတ်တာကို သားလုပ်ပြီး သကာလ ဒီသားအတွက် ရှာကွ....(မှန်ပါ့)သမီးမဟုတ်တာကို သမီးလုပ်ပြီးသကာလ ဒီသမီးအတွက်ရှာကွ.... (မှန်ပါ) ငါမဟုတ်တာကို ငါလုပ်ပြီးသကာလ ငါ့အတွက်လဲရှာကွ....(မှန်ပါ့)။

ဒါဖြင့် တဏှာသည် လိမ်လည် ကောက်ကျစ်တဲ့အထဲမှာဖြင့်...

တကာကြွယ် ဗိုလ်စွဲတယ်.... (စွဲပါတယ်ဘုရား) ဘယ်သူ့ပါလိမ့်ဗျာ....(တဏှာပါဘုရား)။

ဪ.... ဒီတဏှာဆိုတဲ့ တရားသည် တကာတကာမတို့ ကောက်ကျစ်တယ်နော်....(မှန်ပါ့ဘုရား)။

တကာတကာမတွေ.... ဟိုဘက်အိမ်မှာလဲ ဒေါင်ချာစိုင်းနေတာပဲ....(မှန်ပါ့)ဒီအိမ်မှာလဲ ဒေါင်ချာစိုင်းနေတာပဲတဲ့၊ အရှင်သခင်ရှာလိုက်တော့ တဏှာတခုတည်း....(မှန်ပါ့)။

ဒီတဏှာတခုတည်းက နေပြီးသကာလ အဘိုးကြီး-အဘိုးကြီးအလိုက်၊ အဘွားကြီး-အဘွားကြီးအလိုက်၊ လူငယ်ဖြင့် လူငယ်အလိုက် တခါတည်း ကောက်ကျစ်ပြီးသကာလ ထားလိုက်တာ အဖေမမာလို့- သားသမီးနေမကောင်းလို့၊ သားသမီးကလေးတွေ မင်္ဂလာကိစ္စရှိလို့နဲ့၊ တခါတည်း ကိစ္စတွေ မအားအောင်ရှာမီးတဲ့ကိစ္စတွေ မအားအောင်အလုပ်ခိုင်းနေတာ-တကာသစ်ရေ ရိပ်မိပါပြီ....(ရိပ်မိပါပြီဘုရား)။

ဪ....ဒါဖြင့် ဟိုအိမ် ဒီအိမ်မှာ သားကိစ္စ သမီးကိစ္စ ဆွေကိစ္စ မျိုးကိစ္စတွေနဲ့ ကိုယ့်အရေးဆိုတဲ့ သူတော်ကောင်းအလုပ်တောင် လုပ်ခွင့်မရပါဘုရား-ရှုပ်လိုက်တဲ့ဖြစ်ခြင်း လူ့ပြည်မျှားမပြောပါနဲ့တော့ အစရှိသည်နဲ့ တကာကြွယ်တို့က ညည်းရတယ်နော်....(ညည်းရပါတယ်ဘုရား)။

လူ့ပြည်မပြောပါနဲ့တော့ ဆိုတာ မဟုတ်ပါဘူး ဒီတဏှာ ကောက်ကျစ်မှုကို မသိလို့ပါ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်သူကောက်ကျစ်မှု မသိလို့ပါလိမ့်.... (တဏှာကောက်ကျင်မှု မသိလို့ပါဘုရား)။

ဒါကြောင့် ယနေ့ ဒီတဏှာကောက်ကျစ်မှု ကလေးဟာ ဘယ်နှယ်ကြောင့် တကာတကာမတွေဟာ ကိုယ်မအား၊ စိတ်မအား၊ လူက ဒီမှာနေပြီးသော်လဲ စိတ်ကမအား.... (မှန်ပါ) လူက ဟိုမှာနေပြီးသော်လဲ သားသမီးများက ဘခြားနေပြန်လဲ စိတ်ကမအားဘူး....(မှန်ပါဘုရား)။

တဏှာကတခါတည်း သားသမီးမဟုတ်ဘာ သားသမီးလုပ်ထားတော့ တကာသစ်ရေ သူကောက်ကျစ်သားလိုက်တဲ့ဖြစ်ခြင်းဟာပြင့် ကျုပ်တို့မှာဖြင့် ဒီအလိမ်ကလဲ မဖြေနိုင်တဲ့အတွက် တကာကြွယ်ရေ အပင်ပန်းချည့် ခံနေရဘယ်.... (မှန်ပါဘုရား)။

သူကောက်ကျစ်ထားတာကြောင့် သားကိစ္စတွေနဲ့ အားသေးရဲ့လား....(မအားပါ) သမီးကိစ္စတွေနဲ့ကော.... ( မအားပါ ) ပစ္စည်းကိစ္စတွေနဲ့ကော....( မအားပါ )ဒါ ဘယ်သူကောက်ကျစ်ထားတာနဲ့ မအားတဲ့ကိစ္စ ရှာမှီးတဲ့ကိစ္စတွေ လာရပါလိမ့် .... (တဏှာကောက်ကျစ်ထားလို့ပါဘုရား)။

ကိုင်း.... ဒါဖြင့် တကာတကာမတို့ ဒီတဏှာသည်ကားလို့ ဆိုယင်ဖြင့် ဘယ်နှယ်ကြောင့် ဒို့အပေါ်မှာ ဒါလောက်လိမ်လည်ကောက်ကျစ်ပြီးသကာလ ဒို့နွားလုပ်ပြီးသကာလ ခိုင်းနေပါလိမ့်မလဲ၊ ရှာမှီးခြင်းကိစ္စခိုင်းတာ....(မှန်ပါဘုရား)။

တဏှာက ဘာလုပ်ပါလိမ့်မလဲ ( ရှာမှီးခြင်းကိစ္စခိုင်းပါတယ်) ရှာမှီးခြင်းကိစ္စတွေနဲ့ ခိုင်းလိုက်တဲ့ဖြစ်ခြင်း အရွယ်နဲ့ မလိုက်အလုပ်များနေရတာ တကာကြွယ်ရေ ဘယ်သူ ကောက်ကျင်မှုကိုကျုပ်တို့လိုက်နာနေရတယ်ဆိုတာ ပေါ်ပါပြီ....( ပေါ်ပါပြီ )

ဘယ်သူပါလိမ့်.... (တဏှာကောက်ကျစ်မှုကို လိုက်နေရပါတယ် ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ ဟိုအိမ်ကြည့်လိုက်ပြန်လဲ အလိမ်မပြေ...(မှန်ပါ) ဒီအိမ်ကြည့်လိုက်ပြန်လဲ.... (အလိမ်မပြေပါဘုရား) တဏှာကောက်ကျစ်ထားတဲ့ လိမ်လည်မှုဟာလေ.... (မပြေပါဘုရား)။

မပြေတော့ ခင်ဗျားတို့ ကျုပ်တို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် မပြေသလို ဆင်းရဲနေပါတယ်....(မှန်ပါဘုရား)။

မပြေတော့ ဘယ်လိုဘုံး....(မပြေသလိုဆင်းရဲပါတယ်ဘုရား) ဒါကြောင့် ဘုန်းကြီးကပြောရတယ် အလိမ်ပြေပြီးသေသွားတဲ့ ပုဂ္ဂိုလ်ဟာ ရှားတယ်ဟေ့....(မှန်ပါဘုရား)။

အလိမ်ပြေပြီးသေသွားတဲ့ ပုဂ္ဂိုလ်ဟာ....(ရှားပါတယ်ဘုရား) တကာကြွယ်စဉ်းစားပါ၊ မရှားဘူးလား (ရှားပါတယ်ဘုရား)။

သားအမှတ်ပြုတ်၊ သမီးအမှတ်ပြုတ်ပြီးသကာလအလိမ်ပြေပြီး သကာလ သေသွားတဲ့ပုဂ္ဂိုလ်ဟာဖြင့် ရှာမှရှားပါတယ် .... (မှန်ပါ) သားကိစ္စဘန်းလန်း မပြီးပဲနဲ့ သေသွားရတယ်ဆိုတဲ့ သေခြင်းဆိုးစကားတွေတော့ အားကြီးပြောပေါ့ဗျာ.... (မှန်ပါဘုရား)။

သမီးကိစ္စမပြီးပြတ်ပဲနဲ့ အသော စေသွားရှာတယ် ဆိုပြီး ကိုယ်လဲမသေချင်သေးဘူး၊ ဒီကိစ္စမပြီးခင်ဆိုတော့ တကာသင်္ကာ စဉ်းစားစမ်း၊ ဒီသေမည့်လူဟာ အလိမ်မိ သေသွားတာလား၊ အလိမ်ပြေပြီး သေသွားတာလား (အလိမ်မိပြီး သေသွားတာပါ) ဟာ....ဦးမာဒင်ရေ ကြောက်စရာကြီးပါလား....(မှန်ပါဘုရား)။

ဒါဖြင့် တကာကြွယ် မသာတွေပို့လိုက်ရတာလဲ မနည်းပါဘူးနော်....(မှန်ပါ့) ဘယ်လိုမသာတွေများပါလိမ့်.... (အလိမ်မိသေသွားတဲ့ မသာတွေများပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ အလိမ်မိသေသွားတဲ့ မသာတွေဆိုလို့ရှိယင်ဖြင့် တဏှာလိမ်၊ ဒိဋ္ဌိလိမ်မိသောကြောင့် တဏှာဒိဋ္ဌိချယ်လှယ်တဲ့ သူတို့၏ ပို့ရာစခန်းဖြစ်တဲ့ အပါယ်လေးပါးသွားရှုံပဲ....(မှန်ပါ့) ဘယ်မှသွားစရာမရှိဘူး၊ အလိမ်မိသေသွားဘာကိုးဗျ....(မှန်ပါ့ဘုရား)။

သူတို့၏ ဆိုင်ရာပိုင်ရာ သူတို့လက်ညှိုးညွှန်ရာ သူတို့တွန်းချာ–ကျုပ်တို့လိမ့်ပြီးသကာလ တကာကြွယ် အပါယ်လေးပါးသွားကြရတယ်....(မှန်ပါ့) ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံးလို့ တကာသစ်က လက်သည်ရှာတော့ အလိမ်မပြေရှာလို့ဘုရား....(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်–(အလိမ်မပြေရှာလို့ပါ)တကာတကာမတွေ ဒီစကား သေးသေးသိမ်သိမ်မမှတ်ပါနဲ့ သုံးဆယ့်တဘုံဗိုလ်လုပ်နေတဲ့ပုဂ္ဂိုလ်၊ အပါယ်လေးပါး တွန်းချနေတဲ့ ပုဂ္ဂိုလ်၏ အလိမ်မပြေမှုနဲ့ သေကြရယင် သေခြင်းဆိုးအစစ်လို့မှတ်ပါ....(မှန်ပါ့ဘုရား)။

ဦးမာဒင် ဘယ်လိုမှတ်မယ်....(အလိမ်မပြေမှုနဲ့ သေကြရယင် သေခြင်းဆိုးအစစ်ပါ) တကာသာ မငြင်းနဲ့နော်....(မငြင်းပါ) ငြင်းစရာမလိုပါဘူး....(မှန်ပါ့ဘုရား)။

သားစွဲ သေသွားလေရဲ့, သမီးစွဲသေသွားလေရဲ့၊ သမီးမှမဟုတ်ပဲ နာမ်ရုပ်တွေပဲ.... (မှန်ပါ့) သင်္ခါရတရားဖြစ်ပျက်....

(မှန်ပါ့) အဲဒါတွေ အစွဲပြုပြီးသကာလ စိတ်မချလက်မချနဲ့ သေသွားရှာတယ်လို့ တကာကြွယ်တို့ မသာပေါင်းများစွာတွေ့ဖူးပါတယ်....(တွေ့ဘူးပါတယ်ဘုရား)။ .

တကာကြွယ် ဒီမသာ ဘယ်သွားပါ့မတုံးလို့ စဉ်းစားစမ်း.... (အပါယ်သွားမှာပါ) ငြင်းဖို့များ လိုသေးသလား.... (မလိုပါဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောတဲ့ လူတသိန်းမှာ တယောက်သုဂတိမရောက်ဆိုတဲ့ အဓိပ္ပာယ် ဦးမာဒင်-ရှင်းပြီ (ရှင်းပါပြီ)ဘယ့်နှယ်ကြောင့်တုံးဗျ... (အလိမ်မပြီးသေသွားလို့ပါဘုရား)။

အလိမ်မပြီးတော့ သေသွားတယ်၊ သားဟူသော အစွဲမပြုတ်ပါဘူး....(မပြုတ်ပါ) သမီးဟူသော အစွဲ.... (မပြုတ်ပါ) ငါဟူသောအစွဲ....(မပြုတ်ပါဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ ဒီဥစ္စာမပြုတ်ပဲနဲ့ သေသွားယင် အလိမ်မပြီး သေသွားတယ်၊ ဘယ်သူ့အလိမ်တုံး မေးတော့ တဏှာနဲ့ ဒိဋ္ဌိတွဲလိမ်လိုက်တယ်....(မှန်ပါ့ဘုရား)။

ဘယ်သူက တွဲလိမ်လိုက်ပါလိမ့်.... (တဏှာနဲ့ ဒိဋ္ဌိက တွဲလိမ်လိုက်ပါတယ်) တဏှာနဲ့ ဒိဋ္ဌိတွဲပြီးလိမ်လိုက်တယ်ဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီ) သဘောကျပလား .... (ကျပါပြီဘုရား)။

ဒါဖြင့် သေတဲ့ပုဂ္ဂိုလ်လဲ အလိမ်မပြေပဲနဲ့ သေသွားတယ်.... (မှန်ပါ့) သေကာမသာပို့တဲ့ ပုဂ္ဂိုလ်တွေကကော....တဲ့၊ ဒီဥစ္စာ

အလိမ်ပြေလို့ ဝမ်းနည်းကြတာ၊ဆွေးကြတာ၊တောင့်တကြတာ လား-အလိမ်ပြေလို့လားဆိုတာ အကဲခတ်ဦး....(အလိမ်မပြေလို့ တောင့်တကြတာပါဘုရား)။

ဩော်....မသာသမားနဲ့ မသာပို့သမားတွေဖြင့် အရှုးချည့်ပဲ ဟေ့....(မှန်ပါ့ဘုရား)။

ဘယ့်နှယ် ဆုံးဖြတ်ချက်ချမလဲ... ( အရှုးချည့်ပါဘုရား ) တကာသစ် သေသေချာချာတွေးမှနော်....(မှန်ပါ့)သေသေ ချာ ချာ တွေးမှ ဝိပဿနာဉာဏ်နဲ့တွေးမှ ဘကာတကာမတွေ ရှင်း ပါတယ်....(မှန်ပါ့) ဒီအတိုင်း ခင်ဗျားတို့ချင်း ဟုဘ်နေဘာ ကဘော့ အလကားပါပဲ....(မှန်ပါ့)။

ဦးလှဘူးတို့ချင်း တယောက်နဲ့ဘယောက် စကားပြောထိုပြီး သကာလ သက်သာမှုနဲ့ပြောနေကြဘာကဘော့ အလှဲနဲ့အချော် ချည့် မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ ဘုရား)။

အဲဒီတော့ကို ဒီတဏှာအလိမ်မပြေဘာ တကာသစ် ဒီနေ့ လက်သည်ကလေး ရှာပေးချင်တယ်....(မှန်ပါ့) ဩော်....ဒီတဏှာ လိမ်ဟာ ဘယ့်နှယ်ကြောင့် မပြေပဲနဲ့ သေပွဲဝင်ကြရပါလိမ့်မလဲ လို့ မေးတဲ့အခါကျတော့ ယထာဘူတဉာဏ်မရလို့.... (မှန်ပါ့) ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

ဘယ်ဉာဏ်မရလို့လဲ.... (ယထာဘူတဉာဏ်မရလို့ပါဘုရား) ဟုတ်တိုင်းမှန်စွာသပ်ပဲ့ဉာဏ်မရလို့....(မှန်ပါ့) ဦးလှဘူး ပေါ်ပြီ (ပေါ်ပါပြီဘုရား)။

ရုပ်-ရုပ်မှန်း, နာမ်-နာမ်မှန်း, အနိစ္စကို အနိစ္စမှန်းသိတဲ့.... ယထာဘူတဉာဏ်ကို မရလို့ ဦးမာဒင့်ရေ....အလိမ်မပြေတာ (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အင်း....တကာဘကာမတို့ လက်သည် မဖမ်းတတ်လို့ရှိယင်လဲ ခက်တယ်နော် တကာကြွယ်....(မှန်ပါ)။

ကဲ....တကာကြွယ့်ရေ....အလိမ်မပြေပဲနဲ့ သေသွားတဲ့ပုဂ္ဂိုလ်များ ဘယ်ဉာဏ်မရလိုက်တာပါလိမ့်.... (ယထာဘူတဉာဏ် မရလိုက်တာပါဘုရား) ရှင်းပြီ....( မှန်ပါ ) ဦးမာဒင် ရှင်းပြီ.... (ရှင်းပါပြီ) ဘယ်ဉာဏ်မရလို့ပါလိမ့်.... (ယထာဘူတဉာဏ်မရလို့ပါဘုရား)။

ဒါ့ကြောင့် ဘုရားက "ယထာဘူတံ ဉာဏာယ သတ္ထံ ပရိယေသိတဗ္ဗော" ယထာဘူတံ=ဟုတ်တိုင်းမှန်စွာ၊ ဉာဏာယ=သိဖို့ရာအလို့ငှာ၊ သတ္ထံ=မင်းတို့ဆုံးမတတ်တဲ့ဆရာကို၊ ပရိယေသိတဗ္ဗော=ရှာဖြစ်အောင် ရှာပါကွာ....တဲ့....(မှန်ပါ)။

အကြိမ်ပေါင်းသုံးဆယ့်နှစ်ကြိမ်လောက် မှာတယ်....(မှန်ပါ) မှာသင့်မမှာသင့်....(မှာသင့်ပါဘယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီကိုယ်တော်မြတ်ကြီး ဒါလောက်ကရုဏာကြီးကြီးမားမားနဲ့ မှာပါလိမ့်မလဲ....လို့ တကာသစ်တို့ တကာကြွယ်တို့ ဦးမာဒင်တို့ အတွေးထုတ်တော့မှ ဩော်.... အပါယ်လေးပါးသွားမှာ စိုးရိမ်လို့ပဲ....(မှန်ပါ)။

ဒီလိုမယူပဲနဲ့ သေသွားတော့ဗျာ.... (အပါယ်လေးပါး သွားမှာ စိုးရိမ်လို့ပါဘုရား) သွားဟူသော အမှတ်နဲ့ ဆိုယင် ဒိဋ္ဌိပဲ-

(မှန်ပါ) ခင်လျက်,မင်လျက်နဲ့ သေသွားယင် တဏှာပဲ ...(မှန်ပါ တဏှာပါဘုရား) ဒီတဏှာကလဲ ဥပါဒါန် ကံ,ဇာတိ,ဇရာ,မရဏ ဆိုတော့ အပါယ်လေးပါးဇာတိတွေ သူလုပ်တော့မယ် ...(လုပ်မှာပါ ဘုရား)။

ဒိဋ္ဌိကလဲ ဒိဋ္ဌိ,ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့ကံတွေနဲ့ အပါယ်လေးပါးရောက်အောင် သူပို့တော့မယ်ဆိုတာ ငြင်းဖို့ လိုသေးသလား....(မလိုပါဘုရား)။

ဒါဖြင့် အလိမ်မပြေတဲ့ပုဂ္ဂိုလ်များဘကာကြွယ် ဘယ်စခန်းနဲ့ ဘယ်များ မြန်းကြလေသတုံး....လို့ မေးဖို့မလိုဘူး....( မလိုပါဘုရား) အပါယ်လေးပါးပဲ သွားကြလေဘယ်....(သွားပါတယ်ဘုရား) ကြောက်စရာ ကောင်းလိုက်တာ ... ( ကောင်းပါတယ်ဘုရား)။

ဒီနေ့ ဒါ့ကြောင့် ဒီတရားကို တကာတကာမတို့ အထူး ဂရုစိုက်ပြီး သြော်.... ငါတို့ သားဟူသော အထိမ်းအမှတ်၊ သမီးဟူသော အထိမ်းအမှတ်ဟာ ရုပ်နာမ်တွေပျောက်, အနိစ္စတွေပျောက်အောင်လိမ်ထားတယ်၊ဒီလိုလိမ်ထားတာ ဘယ်သူပါလိမ့်မတုံး....မေးတော့ တဏှာဒိဋ္ဌိ....(မှန်ပါ)။

လိမ်ထားတာ....(တဏှာဒိဋ္ဌိပါဘုရား) ပေါ်ကြပလား(ပေါ်ပါပြီဘုရား) တကာတကာမတို့ လက်သည်မိပြီနော် ... (မိပါပြီဘုရား)။

အဲဒီဟာ သူလိမ်ချင်လို့ လိမ်ဘာလားလို့ မေးတော့ တကာသစ်တို့ ဦးမာဒင်တို့ ဘယ်ဉာဏ်မှရလိုက်လို့လဲ ... (ယထာဘူတဉာဏ် မရလိုက်လို့ပါဘုရား)။

ဒါဖြင့်....ယထာဘူတဉာဏ် ရအောင် ရှာစမ်းပါကွ.... ဆိုပြီး အကြိမ်ပေါင်းများစွာမှာတာဟာ ဦးမာဒင် မှာသင့် မမှာသင့်.... (မှာသင့်ပါတယ်ဘုရား) တကယ့် ကရုဏာတော်ရှင်ကြီးပါလား (မှန်ပါ့)။

ဦးလှဘူး ဘယ့်နှယ်ဆိုမလဲ....(တကယ့် ကရုဏာတော်ရှင်ကြီး ပါဘုရား) တကယ့် ကရုဏာတော်ရှင်ကြီးနော်....(မှန်ပါ့)။

အဲဒီလို သိလာတော့မှ ဩော်-တကယ် ကြည်ညိုစရာကောင်း ပါကလား.... (မှန်ပါ့ဘုရား) အရိယာတို့စိတ်နဲ့ကို တခါတည်း ကြည်ညိုလာတယ်....(မှန်ပါ့)။

တကယ့်ကို ဒို့ကို တခါတည်း ယထာဘူတဉာဏ် မရ-ရ အောင် ရှာပါကွ.... ဆိုတဲ့တလုံးဟာ အလိမ် မသေအောင်လို့ အပါယ်လေးပါးမရောက်အောင်လို့ မှာတော်မူတာပဲ ဆိုတာ ကလေးဟာ ဦးမာဒင် ပေါ်လာတယ်.... ( ပေါ်လာပါတယ် ဘုရား)။

ဒီတွင်မှ ကျေးဇူးတော်အစုံ ဂုဏ်တော် အနန္တဆိုတဲ့ ကိုယ် တော်ကြီးဟာ ဂုဏ်တော်တွေ ကရုဏာတော်တွေ တခါတည်း အကြီးအကျယ်ပေါ်လာတယ်.... (မှန်ပါ့) အရင် ကြည်ညိုပုံနဲ့ အများကြီးခြားနားတယ်.... (ခြားနားပါတယ်ဘုရား) မခြား နားဘူးလား....(ခြားနားပါတယ်ဘုရား)။

အို....ကြည်ညိုပုံကိုပဲ ဩော်....ငါရှူးနေတာ တခြား မဟုတ် ဘူး၊ ငါ....အလိမ်မိနေတာ တခြားမဟုတ်ဘူး၊ ဟုတ်တိုင်း မှန် စွာ သိတဲ့ဉာဏ်မရလို့....တဲ့....(မှန်ပါ့)။

အဲဒီတော့ ဟုတ်တိုင်း မှန်စွာသိတဲ့ဉာဏ်ရဖို့ရာလဲ ဘုရားက အဖျင်းဆုံး သုံးဆယ်နဲ့ နှစ်ကြိမ်, လောက်မှာသတဲ့.... (မှန်ပါ ဘုရား)။

ဒါ-ဒို့က မလိုက်နာမိတာပဲ၊ တကာယ့်ကို ကျေးဇူးဥပကာရ ကြီးလှတယ်၊ သားသမီးအဖြစ်နဲ့ တခါတည်းထားပြီး သူ့ရှေ့ အပါယ်မသွားစေချင်လို့မှာတာပဲ (မှန်ပါ) မပေါ်လာကြသေး ဘူးလား....(ပေါ်လာပါပြီဘုရား)။

တကာတကာမတို့ သာမည ကျေးဇူးရှင်လားဗျာ၊ ကျေးဇူး ကို ဆပ်လို့မကုန်အောင် တင်ထိုက်တဲ့ကျေးဇူးရှင်လား....(ဆပ် လို့မကုန်အောင် တင်ထိုက်တဲ့ ကျေးဇူးရှင်ပါဘုရား)။

ဒါ့ကြောင့် သောတာပန်တို့များ ကြည်ညိုပြီဆို တကာသပ် ခါးနဲ့ မင့်လည်ပင်းခုတ်လှီးသတ်မယ်၊ ဟောဒီဘုရား မကြည်ညို ရဘူးဆိုယင်တောင် သတ်ချင်သတ်တော့ဗျာ.... မကြည်ညိုတာ တော့ဖြင့်မဖြစ်နိုင်ဘူး၊ကြည်ညိုရမှာပဲ(မှန်ပါဘုရား)မရဲဘူးလား (ရဲပါတယ်ဘုရား) အဲဒါက ဒီလိုဂုဏ်တွေကို လိုက်လိုက်လှဲလှဲ သိလာလို့....(မှန်ပါ)ပေါ်ကြပလား....(ပေါ်ပါပြီ)။

အေး....ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေလဲ သြော်....ဒီကိုယ်တော်ကြီးဟာ ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်ကို ရှာပါဟဲ့....လို့ အကြိမ်ပေါင်း သုံးဆယ်ကျော်မှာတယ်ဆိုတော့ တကာကြွယ် သာမညကရုဏာလား....(မဟုတ်ပါဘုရား)သူ့ရေ လိုက်ယင် အလိမ်က မိပြီ....(မှန်ပါ)။

အလိမ်မိလို့ရှိယင် အလိမ်မိပြီးသေသွားယင် အပါယ်လေး ပါးမှ တပါးလဲ သွားစရာမရှိဘူး....(မရှိပါဘုရား)။

အပေါ်ယ်လေးပါးဆိုတာ တကာတကာမတို့ ရေတပေါက် တိုက်မည့်လူမရှိဘူးနော်.... (မှန်ပါ့) ထမင်းတလုပ် ကျွေးမည့် လူကော....(မရှိပါဘုရား) ကျွေးချင်လို့ ရှိယင်လဲ သံရေပူပဲ ⁕ (မှန်ပါ့ဘုရား) သောက်ချင်လို့ ရှိယင်လဲ သံရေပူပဲ.... (မှန်ပါ့ ဘုရား)။

ကိုင်း....တကာတကာမတို့ စဉ်းစားစံ့ကြရဲ့လား.... (မစဉ်း စားစံ့ပါဘုရား) အဲ....ဒါဖြင့် ယထာဘူတဉာဏ်ရမှ အလိမ်ပြေမယ်....(မှန်ပါ့)။

ဒါဖြင့်.... ယထာဘူတဉာဏ်ရမှ အလိမ်ပြေမယ် ဆိုတာကို ဦးမာဒင်တို့ သေသေချာချာမှတ်စမ်းပါ....(မှန်ပါ့)။

သြော်....ငါတို့တသက်လုံး အလိမ်မိပြီးသကာလ နေခဲ့တယ်၊ သားမဟုတ်တာ သားလုပ်၊ ငါမလုပ်တာ ငါလုပ်ပြီး သကာလ အလိမ်မိနေခဲ့တာ ဘာ့ကြောင့်ပါလိမ့်မတုံး....(ယထာဘူတဉာဏ် မရလို့ပါဘုရား)။

သမီးမဟုတ်တာ သမီးလုပ်၊ မောင်မဟုတ်တာ မောင်လုပ်ပြီး သကာလ နေတာဟာ ရုပ်နာမ်အနိစ္စတွေကို ဒို-အလိမ်မိပြီး ဖြစ်နေလို့ ဒီအခြင်းအရာတွေ ပေါ်နေတာကိုး ဆိုတာက ရှင်း တယ်....(ရှင်းပါတယ်ဘုရား) ဘယ်ဉာဏ်မရလို့တုံး.... (ယထာ ဘူတဉာဏ်မရလို့ပါဘုရား)။

ကိုင်း....တကာကြွယ်တို့ ဦးမာဒင်တို့ စဉ်းစားစမ်း၊ ဒီဉာဏ် ဘယ်လောက် အရေးကြီးသလဲ.... (အရေးကြီးပါတယ်ဘုရား)

---

⁕ ငရဲကို ရည်ရွယ်၍ ဆိုခြင်းဖြစ်သည်။

အပါယ်လေးပါး တံခါးပိတ်တဲ့ဉာဏ်ပါလား.... (မှန်ပါ့)နိဗ္ဗာန် ရောက်နိုင်တဲ့ဉာဏ်ပါလား....(မှန်ပါ့)။

အေး....ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ နေ့တိုင်း တရားနာတာ မပျင်းကြပါနဲ့၊ ဒီဉာဏ်ရဖို့ အလုပ်.... (မှန်ပါ့) ဒီဉာဏ်မရလို့ရှိယင် ဦးမာဒင် အလိမ်မပြေပဲနဲ့ သေမယ်(မှန်ပါ့) သေလို့ရှိယင် အပါယ်လေးပါးပဲ....(မှန်ပါ့) ပြန်တက်လမ်းက မြင်သေးရဲ့လား....(မမြင်ပါ) မမြင်တော့ဘူးဆိုတဲ့ဥစ္စာ ဒကာ ကြွယ် သေသေချာချာမှတ်ပါ....(မှန်ပါ့ဘုရား)။

အခု ဘုန်းကြီးများ ခေါင်းဆောင်ပြီးသကာလ အားလုံး ဒကာဒကာမကြီးတွေရော၊ ဒကာဒကာမငယ်တွေရော အခု ဖြစ်ပျက်တွေ့ကြပလားဟေ့လို့ မေးလိုက်တဲ့ဥစ္စာ ဒကာသစ် ယသာဘူတဉာဏ် ရပလားကွ....(မှန်ပါ့)အလိမ်ပြေပလားဟေ့- (မှန်ပါ့)ဒါ မေးတာဗျ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီဒကာဒကာမတွေက ဒါကလေးမှ မလုပ်ရ သေးလို့ရှိယင် အလိမ်မပြေသေး.... (မှန်ပါ့) အလိမ်မပြေယင် သေခြင်းဆိုး သေရချေရဲ့သာမှတ်(မှန်ပါ့ဘုရား)။

အလိမ်မပြေယင် ဘယ့်နှယ်ကုံး.... (သေခြင်းဆိုး သေရချေ ရဲ့ပါဘုရား) သိပ်ကြောက်စရာ ကောင်းပါလား....(ကောင်းပါ တယ်ဘုရား)။

တကာတကာမတို့ကိုယ့်ဟာကလေးနဲ့ဖြင့်ကိုယ့်ရွေ့ကိုယ့်ငွေ့ ကိုယ့်တိုက်, ကိုယ့်ရာကလေးနဲ့ တင်းတိမ်မနေပါနဲ့ ဆိုတာကို

လဲ မှာဘယ်နှယ်....(မှန်ပါ) လိုရင်းမဟုတ်သေးလို့.... (မှန်ပါ) လိုရင်းဟုတ်ကြရဲ့လား... (မဟုတ်ပါဘုရား)။

မဟုတ်သေးပါဘူးတဲ့ အလိမ်က မိလျက်ကြီးဖြစ်နေတော့ ဒီ-ဥပါဒါန်တွေနဲ့ စွဲလမ်းပြီးသကာလ သေကြတော့ အလိမ်မပြေပဲနဲ့ သေသွားကြတော့ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ကမ္မဘဝပစ္စယာ အပါယ်ဇာတိ....(မှန်ပါ)ဆိုတော့ တကာသစ် လွတ်ရေးကျွတ်ရေး မမြင်တော့ဘူး....(မမြင်ပါဘုရား)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ.... ဒါဖြင့် တကာတကာမတို့ ယထာဘူတဉာဏ်ကိုလဲ ဘယ့်နှယ်ကြောင့် ဒီတကာတကာမတွေ မရပါလိမ့်မလဲ ဆိုတာကိုဆင့်မေးပါဦး....(မှန်ပါ)။

အင်း....အလိမ်မိတာတော့ဖြင့် မိပါစေတော့ အလိမ်မိတာဘယ်သူ့ကြောင့်တုံးဆိုတော့ ယထာဘူတဉာဏ်မရလို့....(မှန်ပါဘုရား)။

ယထာဘူတဉာဏ် ဘယ့်နှယ်ကြောင့် မရပါလိမ့်မတုံးလို့ မေးတော့ကို ခုနင်ကတဲ့ တကာတကာမတို့ အကြားအမြင်မရှိလို့ မရတာပဲ....(မှန်ပါ)။

အဿုတဝါဖြစ်နေလို့....(မှန်ပါ)အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ်ဖြစ်နေလို့ တကာသစ် ယထာဘူတဉာဏ်မရတာ.... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

အဿုတဝါ အကြားအမြင် မရှိတဲ့ပုဂ္ဂိုလ် ဖြစ်ရတာသည် တကာတကာမတို့ ယထာဘူတဉာဏ် မရနိုင်တော့ဘူးတဲ့(မှန်ပါ)

ယထာဘူတဉာဏ်မရလို့ ရှိယင်လဲ ဦးမာဒင် အလိမ်မပြေတော့ဘူး (မပြေပါဘုရား)ပြေပါဦးမလား....(မပြေပါ)တကာကြွယ် တယ် အရေးကြီးပါကလား....(ကြီးပါတယ်ဘုရား)။

ကိုင်း.... တကာတကာမတို့ ဒီဥစ္စာ တသက်လုံး မှတ်ရမယ် နော်....(မှန်ပါ့) သတ္တဝါတွေ အလိမ်မိတာသည် တဏှာ၏လက် ချက်မိပါတယ်, ဒိဋ္ဌိ၏ လိမ်ချက်မိပါတယ်....(မှန်ပါ့) ဘယ့်နှယ် ကြောင့် ဒီအလိမ်မိပါလိမ့်မတုံး အကဲခတ်ပါ.... (ယထာဘူတ ဉာဏ် မရလို့ပါဘုရား)။

ယထာဘူတဉာဏ်ဆိုတာ တကာသစ်တို့ ခဏခဏကြားရတယ် ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ ယထာဘူတဉာဏ် မရတော့ကို အလိမ်မိတယ်.... (မှန်ပါ့) ဘယ့်နှယ်ကြောင့် တကာကြွယ် ယထာဘူတဉာဏ် ခင်ဗျားတို့ မရကြပါလိမ့်မလဲလို့ မေးတော့ အပ္ပဿုတ=အကြား အမြင်နည်းလို့....(မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

အင်း.... ဘယ်သူ့ကြောင့်ပါလိမ့်.... (အကြားအမြင်နည်းလို့ ပါဘုရား)။

ဒါဖြင့် အကြားအမြင်နည်းတဲ့အပြစ်ဟာလဲယထာဘူတဉာဏ် မရနိုင်ဘူး....(မှန်ပါ့) ယထာဘူတဉာဏ်မရလို့ ရှိယင် တဏှာလိမ် ချက်မိလျက်နဲ့ပဲ သေပွဲဝင်ရမယ်....(မှန်ပါ့ဘုရား)။

ကိုင်း.... ဒီလိုအကျိုးအကြောင်းတွေ အကုန်စစ်လိုက်တော့မှ တကာကြွယ်တို့ လူကြီးပိုင်းက ဦးမာဒင်တို့ စဉ်းစားကြည့်တော့မှ ဩော်....အခု ဆရာကောင်း သမားကောင်းနဲ့ တွေ့တာ အလွန့်အလွန် ကျေးဇူးများသကိုး....(မှန်ပါ) နို့မဟုတ်လို့ ရှိယင် ဒို့- အလိမ်မပြေပဲနဲ့ တော့ သေပွဲဝင်ရတော့မယ်....(မှန်ပါဘုရား)။

ယထာဘူတဉာဏ် ရတယ်ဆိုကတည်းက သောတာပန် တပိုင်း ဖြစ်နေပြီ....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အေး.... ဒါ့ကြောင့် ကဲ....တခါ တကာသစ်ရေ- ဆက်ပါဦး နော်....(မှန်ပါ) အလိမ်ဘယ့်နှယ်ကြောင့် မပြေပါလိမ့်မတုံး.... (ယထာဘူတဉာဏ်မရလို့ပါ) ဩော်.... ဟုတ်တိုင်းမှန်စွာသိတဲ့ ဉာဏ် မရဘူးပေါ့ဗျာ....(မှန်ပါ)။

ဘယ့်နှယ်ကြောင့် ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ် မရပါလိမ့် မတုံးလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ.... (အကြားအမြင် နည်းလို့ပါဘုရား)။

ဩော်....အကြားအမြင်နည်းကြလို့....(မှန်ပါ) ဒါ့ကြောင့် တရားနာပါဆိုတာများ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

တရားနာပါလို့ ဆရာဘုန်းကြီးကပြောတော့ ခင်ဗျားတို့က ဆရာဘုန်းကြီးဆီမှာ တရားနာများအောင်လို့-လို့ ထင်လိမ့်မယ် လွဲလိုက်တဲ့ ဖြစ်ခြင်း ခင်ဗျားတို့ မဟောရယင် ဘုန်းကြီးဟာ ဘုန်းကြီးကျင့်နေဖို့ပဲ....(မှန်ပါ) သဘောကျပလား ( ကျပါပြီ ဘုရား)။

ခင်ဗျားတို့ အလိမ်မပြေပဲနဲ့ အပါယ်လေးပါးသွားမှာစိုးလို့ ပြောနေတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ယထာဘူတဉာဏ် ဘယ့်နှယ်ကြောင့် မရပါလိမ့် တကာသစ်ရေ....(အကြားအမြင်နည်းလို့ပါ) ဦးမာဒင် ပေါ်ပြီဗျ....(ပေါ်ပါပြီဘုရား)အကြောင်းအကျိုး သေသေ ချာချာ ဆက်တာနော်....(မှန်ပါ့ဘုရား)။

ဩြော်.... ဒီ တကာ တကာမတွေ အကြားအမြင် များတဲ့ ယထာဘူတဉာဏ်မရ၊ ယထာဘူတဉာဏ်မရတော့ တဏှာဒိဋ္ဌိ အလိမ်မိ....(မှန်ပါ့)။

သေတဲ့ အခါကျတော့ အလိမ်မပြေပဲနဲ့ သေရတဲ့အတွက် တဏှာ ဒိဋ္ဌိစီမံရာသွား....(မှန်ပါ့) တကာကြွယ် တယ်နာတယ်.... (နာပါတယ်ဘုရား)။

အေး....သေသေချာချာ နားကြီးကြီးနဲ့ထောင်မှ ဦးမာဒင် ဒီဥစ္စာ ဩြော်....ဟုတ်ပါလားဟေ့....(မှန်ပါ့) တကယ် အရေးကြီးတဲ့တရား ယနေ့ပြောနေပါကလားဆိုတဲ့ဥစ္စာ တကာသင် ပေါ်လာတယ်.... (ပေါ်လာပါတယ်) အင်မတန် အရေးကြီး တယ်ဆိုတာ ဦးမာဒင် သေသေချာချာ မှတ်စမ်းပါ.... (မှန်ပါ့) မသေလို့တွေ့ရတာ....(မှန်ပါ့ဘုရား)။

မသေလို့တွေ့ရတာ၊ အသေဦးတဲ့ပုဂ္ဂိုလ်တွေဖြင့် အလိမ်ပြေ ခဏ်းဖြင့် တကာကြွယ် မရပါဘူး....(မရပါဘုရား)ဒါနလုပ်ပြန်လဲ နတ်ရွာသုဂတိရောက်ဖို့ဆိုတော့ အလိမ်မိဘာပဲ....(မှန်ပါ့) သီလ ဆောက်တည်ပြန်လဲ အသက်ရှည်ဖို့ဆိုတော့.... (အလိမ်မိပါတယ်

ဘုရား) အလိမ်မိတဲ့ဘက်ချည့် သွားတာပဲ.... (သွားပါတယ်) သဘောကျပလား....(ကျပါပြီဘုရား)။

နိဗ္ဗာန်မရမီစပ်ကြားကလေး ထည့်ပြန်တော့ကော....(အလိမ်ခံပါတယ်) အလိမ်မိတဲ့ဘက် သွားပြန်တာပဲ....(မှန်ပါ့)။

တကာကြွယ် ဒါ့ကြောင့် အလှူပေးတိုင်းဟာ အလိမ်လွတ်တဲ့ ဥစ္စာက ဦးမာဒင်တို့ တကာကြွယ်တို့ ရှာမှရှား.... (ရှားပါတယ် ဘုရား)။

ခင်ဗျားတို့ နားကြီးကြီးနဲ့ထောင်ကြည့်တော့မှ သြော်....ဒီ– အလှူဟာလဲ အလိမ်ပြေပြီး လှူတဲ့အလှူလား, အလိမ်မိလျက်နဲ့ လှူနေတဲ့အလှူလားဆိုတာ အလှူ့ရှင်စိတ်ထားကို ကြည့်လိုက်ယင် သိပါတယ်(မှန်ပါ့) များသောအားဖြင့် အလိမ်မိပြီးလှူကြတာပဲ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူ့ လိမ်ချက်ပါလိမ့်....(တဏှာဒိဋ္ဌိလိမ်ချက်ပါ) တဏှာ ဒိဋ္ဌိတို့၏လိမ်ချက်....(မှန်ပါ့)။

ဒါ့ကြောင့် သူတို့ ကာမသဝ,ဘဝါသဝ ဘုံအားဖြင့် ဘဝဂ် တောင်တက်လိမ်မယ်ပြောတာ(မှန်ပါ့)လူ့ပြည်များ အသာထားပါဦး၊နေဝသညာနာသညာယတနဘုံမှာရှိတဲ့ ပုထုဇန်ဗြဟ္မာတွေ ငါလိုက်လိမ်မယ်ကွ....(မှန်ပါ့)။

ကိုင်း.... ဘယ်လောက်များ စွမ်းရည်သတ္တိ ရှိတယ်ဆိုတာ ခပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့လို ပါမွှားတွေကိုမဆိုပါနဲ့-(မှန်ပါ့) ဟိုမှာ သမထတန်ခိုးကြောင့် လက်ညှိုးတချောင်း ထောင်လိုက်

လို့ရှိယင် နှစ်ယူဇနာ, သုံးယူဇနာ, နှစ်ကမ္ဘာ, သုံးကမ္ဘာဆိုသလို လင်းတဲ့ တန်ခိုးရှင် ဗြဟ္မာကြီးတွေတောင် လိမ်ချလိုက်တယ်.... (မှန်ပါ) မလိမ်ဘူးလား....(လိမ်ပါတယ်) သဘောပါကြပလား (ပါပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် ဒါလောက်ကျယ်ကျယ်ဆိုယင် တကာသစ် သိပါပြီ....(သိပါပြီ) ဘယ်သူ့ကြောင့် အလိမ်မိပါလိမ့်မတုံး.... (တဏှာဒိဋ္ဌိကြောင့်မိပါတယ်) အဲ....တဏှာဒိဋ္ဌိက အလိမ်သမား ကိုးဗျ....(မှန်ပါဘုရား)။

အဲဒီ့အလိမ်ကို ဘယ့်နှယ်ကြောင့် မိပါလိမ့်မတုံးမေးတော့ ဟုတ်တိုင်းမှန်စွာသိတဲ့ ဉာဏ်မရလို့.... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒီအလိမ် ဘယ့်နှယ်ကြောင့်မိကြပါလိမ့်....(ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ် မရလို့ပါ) မရလို့-မရလို့နော် .... (မှန်ပါဘုရား)။

ကဲ...တကာတကာမတို့ ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ် ဘယ့် နှယ်ကြောင့် မရပါလိမ့်မတုံး.... ( အကြားအမြင်နည်းလို့ပါ ) အကြားအမြင်နည်းတဲ့ သတ္တဝါကလဲ အပါယ်သွားဖို့ပဲ.... (မှန်ပါ ဘုရား)။

အကြားအမြင်နည်းတဲ့ သတ္တဝါကလဲ....( အပါယ်သွားဖို့ပါ ) အပါယ်သွားဖို့ပဲဆိုတာ သေချာကြပလား.... ( သေချာပါပြီ ဘုရား)။

ကိုင်း....တကာတကာမတို့ အကြားအမြင် ဘယ့်နှယ်ကြောင့် ဒီတကာတကာမတွေ နည်းပါလိမ့်မတုံးလို့ မေးဖို့မလိုဘူးလား (လိုပါတယ်ဘုရား)။

ဒီလို အခုလို ဆရာသမားကောင်းဖြစ်တဲ့ ကလျာဏမိတ္တကို မရှာကြလို့....(မှန်ပါ့)မနစ်နာဘူးလား (နစ်နာပါတယ်ဘုရား)။

ကဲ....တကာသစ် တကာသစ်တို့လဲ ဘုန်းကြီးနဲ့ မတွေ့ဘူး၊ ဦးမာဒင်လဲ ဘုန်းကြီးနဲ့မတွေ့တော့ဘူး၊ တကာကြွယ်လဲ မတွေ့တော့ဘူးဆိုယင်ဖြင့် ကလျာဏမိတ္တ မတွေ့တော့ဘူး....(မတွေ့ပါဘုရား)မတွေ့ယင် အလိမ်မပြေဘူး....(မပြေပါဘုရား)။

မပြေလို့ရှိယင်ဖြင့် တဏှာဒိဋ္ဌိဆိုတဲ့လိမ်တတ်တဲ့ တရားနှစ်ခု၏ ခိမ်းရာလိုက်နာပြီး အပါယ်လေးပါးပဲ ကိုယ့်အိမ် ကိုယ့်ရာ လုပ်ရုံပဲ....(မှန်ပါ့) ဒီ့ပြင်ဘာရှိသေးသတုံး.... ( ဘာမှမရှိပါ ) ဘယ်လောက်များ ဆိုးရွားသတုံး.... ( ဆိုးရွားပါတယ်ဘုရား )။

အခု လေးချက်ရှိသွားပြီနော်-တကာသစ်....(မှန်ပါ့) ကဲ ... ပြန်ပြောကြပါတကာတကာမတို့ အလိမ်ဘယ့်နှယ်ကြောင့်မပြေပါလိမ့်.... (တဏှာဒိဋ္ဌိကြောင့်ပါ) ယထာဘူတဉာဏ်မရလို့ .... (မှန်ပါ့ဘုရား)။

အလိမ်ဘယ့်နှယ်ကြောင့် မပြေပါလိမ့်....(ယထာဘူတဉာဏ် မရလို့ပါ) သေသေချာချာ မှတ်ပါ....(မှန်ပါ့)အလိမ်မပြေဘာ ဒီဉာဏ်မရယင် ဘယ်တော့ပြီးမှာတုံး....(မပြီးပါ) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အလိမ်ဘယ်နှယ်ကြောင့် မပြေသတုံး.... (ယထာဘူတဉာဏ် မရလို့ပါဘုရား)။

ဘယ့်နှယ်ကြောင့် ဒီဘကာဘကာမတွေ ယထာဘူတဉာဏ် မရပါလိမ့်မတုံး....(အကြားအမြင် နည်းလို့ပါဘုရား)။

ဘယ့်နှယ်ကြောင့် အကြားအမြင် နည်းပါလိမ့်မတုံး မေး တော့မှ ကလျာဏမိတ္တနဲ့ မတွေ့ရဘူး....( မှန်ပါ )ပေါ်ပြီဗျ.... (ပေါ်ပါပြီဘုရား)။

တကာကြွယ် ကလျာဏမိတ္တ ဘယ်လောက်အရေးကြီးသလဲ- (ကြီးပါတယ်) ကိုယ့်ကိုကယ်တင်မည့်ဆရာသမားနဲ့ မတွေ့လို့ ရှိယင်ဖြင့် အလိမ်ခံပြီးသေရုံပဲ....(မှန်ပါဘုရား)။

ကဲ....ဦးမာဒင် ပေါ်ပြီဗျ....(ပေါ်ပါပြီ) ပေါ်ပြီ-ပေါ်ပြီ ဘကာတကာမတို့နော်....(မှန်ပါ) ဦးလှဘူး ခင်ဗျားတော်သေး တယ်နော်....(မှန်ပါဘုရား)။

နောက်က တကာဘကာမတွေ ကိုယ့်ဟာကိုယ် ဘယ်လို အောက်မေ့ကြမလဲ... (တော်ပါသေးတယ်) တော်သေးတယ်- တော်သေးတယ်နော်....(မှန်ပါဘုရား)။

တော်သေးတယ် တကာကြွယ်ရေ ကျုပ်တို့မှာ အလိမ်ပြေရ တယ်....(မှန်ပါ) ဖျတ်ဆို ခန္ဓာဉာဏ်လှည့်လိုက်တဲ့အတွက် ဟာ ဘယ်ယောကျ်ား-မိန်းမဟုဘ်ရမတုံး ဖြစ်ပျက်တဲ့ အနိစ္စတွေပါ ကလား....(မှန်ပါ)ဆိုတော့ အလိမ်ဘော့ပြေသွားပြီ.... (ပြီးသွား ပါပြီဘုရား)။

ဒီ့ပြင်အချိန် လိမ်ချင်လိမ်၊ဉာဏ်ဦးတည်လိုက်ယင် လိမ်လို့ မရဘူး....(မရပါ) ယထာဘူတဉာဏ်နဲ့သာ ဦးတည်လိုက်စမ်း.... (ပျောက်သွားပါတယ်ဘုရား)။

အဲဒါ ယထာဘူတဉာဏ် ဘယ်ကရသတုံးမေးတော့ကိုတဲ့ "သုတဝါအရိယသာဝကော"ဆိုကရဘယ်-(မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

(၅၄၄) မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား ။၂၀။

ဒီပုဂ္ဂိုလ်နဲ့ အသုတဝါဆိုတဲ့ ခုနင်က အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်ကျတော့ တကာသစ် ပြောတဲ့အတိုင်းတဲ့ ယထာဘူတဉာဏ် မရရှာဘူး(မရပါ)ဒီမှာတော့ 'သုတဝါအရိယသာဝကော' ဆိုတဲ့အတိုင်း အကြားအမြင် များတော့ ယထာဘူတဉာဏ် ရတယ်....(ရပါတယ်)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါနဲ့ ပြန်မေးပါတယ် တကာတကာမတို့ အလိမ် ဘယ့်နှယ်ကြောင့် မပြေပါလိမ့်....(ယထာဘူတဉာဏ်မရလို့ပါ) သေချာပြီ၊ဒါမမေ့နဲ့နော်... (မှန်ပါ့ဘုရား)။

အိမ်မှာ ခင်ဗျားတို့ထမင်းစားချိန်လဲ တယောက်နဲ့တယောက် မေးနေပါ.... (မှန်ပါ့) ဟေ့....ဒီနေ့ဆရာဘုန်းကြီးက အရေး ကြီးတဲ့အချက်တွေ ပြောလိုက်တယ်ကွ....(မှန်ပါ့) တယောက်နဲ့ တယောက်ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဒို့သည်ကားလို့ဆိုယင် သားမဟုတ်တာ သားလုပ်၊ သမီး မဟုတ်တာ သမီးလုပ်ပြီး ဒို့အလိမ်မိနေကြတယ်.... ( မှန်ပါ့ ) ဒါ ဘယ်ဉာဏ်မရလို့ ပါလိမ့်မလဲဆိုတာ တယောက်နဲ့ တယောက်ပေးပါ(ယထာဘူတဉာဏ် မရလို့ပါဘုရား )။

ယထာဘူတဉာဏ် ဘယ့်နှယ်ကြောင့် မရပါလိမ့်....(အကြား အမြင်နည်းလို့ပါ)အကြားအမြင်နည်းတယ်.... (မှန်ပါ့) ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

အကြားအမြင် ဘယ့်နှယ်ကြောင့်နည်းပါလိမ့်မတုံးဆိုတော့ ကလျာဏမိတ္တ မရလို့....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ ဘုရား)အကြားအမြင် ဘယ့်နှယ်ကြောင့်နည်းပါလိမ့်(ကလျာဏ မိတ္တမရလို့ပါဘုရား)။

တော်သေးသဗျာ အခု ဆရာကောင်းသမားကောင်းနဲ့ လာတွေ့ရတာ ကလျာဏမိတ္တကောင်းနဲ့ လာတွေ့လို့ ခင်ဗျားတို့ အလိမ်ပြေတာနော်....(မှန်ပါ)ဦးမာဒင်-နို့ မဟုတ်ယင်ပြေစရာကို (မရှိပါ) မပြေပါဘူးတဲ့ ရိုးရာနဲ့ သေချေရဲ့.... (မှန်ပါ့ဘုရား)။

နောက်က တကာတကာမတွေ ဘယ်လိုအောက်မေ့ကြမယ်....(ရိုးရာနဲ့သေချေပါရဲ့ပါဘုရား) ရိုးရာနဲ့ မချသေရမယ်.... (မှန်ပါ့)ဩော်....သားကလေးစွဲ သေသွားရှာတယ်.... (မှန်ပါ့) သားကလေးရှင်ပြုချင်လျက်နဲ့.... (မှန်ပါ့) ရှင်မပြုရပဲနဲ့သေသွားရှာဘယ် တော်ပါသေးရဲ့....(မှန်ပါ့ဘုရား)။

ရှင်ပြုချင်တဲ့စိတ်ကလေးနဲ့ သေသွားရှာဘယ်....( မှန်ပါ့ ) ဘယ်ဟုတ်ရမတုံးတဲ့ သူ့သားကလေးကို သူ့သားဟုသော အထိမ်းအမှတ်ပြုပြီးသေဘာလား....(မဟုတ်ပါ) ဒါဖြင့် ဒိဋ္ဌိလိမ်တန်းလန်းနဲ့သေဘာ....(မှန်ပါ့ ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ချင်း မသာဂုဏ်ရှိအောင်ပြောတာတော့ ဘုန်းကြီးမတတ်နိုင်ဘူးပေါ့ဗျာ....(မှန်ပါ့)တကာကြွယ် ဒီလိုပြောတာလဲ ရှိသေးတယ်....(ရှိပါတယ်) ဦးမာဒင် ကြားဘူးပါလိမ့်မယ်ဗျာ.... (ကြားဘူးပါတယ်ဘုရား)။

မသာဂုဏ်ရှိအောင် အနားက ညှော်ခံပြောနေတာရှိသေးတယ် (ရှိပါတယ်ဘုရား) ဩော်....သူ့သားကလေးရှင်ပြုချင်တဲ့ စိတ်ကလေးနဲ့ သေသွားရှာတယ်....(မှန်လှပါ)မသာဂုဏ်တက်အောင်လို့....(မှန်ပါ့)။

ဘယ်ဟုတ်ရမတုံး သူ့သားကလေးဆိုပေါ့....(မှန်ပါ) သူ့သားကလေးဆိုကတည်းက အလိမ်ပြေပလား- အလိမ်မိတုန်းပဲလား.... (အလိမ်မိတုန်းပါဘုရား) အလိမ်မိပြီး သေသွားတာ.... ( မှန်ပါ )ရိပ်မိပလား....(ရိပ်မိပါပြီ) ဒါဖြင့် ဒီမသာဟာ အလကားပါပဲ....(မှန်ပါ)။

တကာကြွယ် ဘယ့်နှယ်ဆိုမလဲ....(အလကားပါ) အလကား အလိမ်မိမပြေပဲကိုး....(မပြေပါဘုရား)။

ဟို....နားမလည်တဲ့ ပုဂ္ဂိုလ်အတွက်တော့ ဟုတ်နေမှာပေါ့၊ ခြေသံ....စိတ်ကလေးကဘောင်သေးရှဲ၊ သားကိုသက်နီးချည်ချင်တဲ့ စိတ်ကလေးနဲ့သေသွားရှာဘယ် ... (မှန်လှပါ) သားဟူသော အစိပ္ပာယ်လဲမဖြုတ်ဘူး....(မဖြုတ်ပါဘုရား) ဖြုတ်သေးရဲ့လား (မဖြုတ်ပါဘုရား) မဖြုတ်တော့ တကယ်ကောမထင်ဘူးလား- (ထင်ပါဘယ်ဘုရား) တကယ်ထင်ယင် ဒိဋ္ဌိတဏှာ တန်းလန်းနဲ့ သေတယ်....(မှန်ပါ)။

ဒိဋ္ဌိတဏှာဘန်းသန်းနဲ့ သေကတည်းကိုက တဏှာပစ္စယာ ဉပါဒါနံ၊ ဉပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ အပါယ်ဇာတိ.... (မှန်ပါ) ဒီ့ပြင် သွားစရာရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဒါဖြင့် တကာသစ် ခုနင်က ညွှန်ခံဟာ ဟုတ်ပါသေးရဲ့လား (မဟုတ်ပါဘုရား) သို့သော်.... သာမည နားတွေမှာတော့ဖြင့် ဦးမာဒင် ဟုဘ်ယောင်ယောင်....(မှန်ပါ) တကယ်စစ်စစ်နဲ့ တွေးလိုက် တော့.... (မဟုဘ်ပါဘုရား) မဟုဘ်ပါဘူးဆိုတာ ဆုံးဖြတ်

-ချက်ချပါ၊ နောက်ခင်ဗျားတို့ ဒီစကားတွေလဲပြင်ကြစမ်းပါ.... (မှန်ပါ့)။

တကာကြွယ် ပြင်ရလိမ့်မယ်နော်.... (ပြင်ရမှာပါဘုရား) ပြင်ပေမယ့်လဲ ခဲပေါက်ခံရအောင်လဲ မပြင်နဲ့....(မှန်ပါ့)။

ဟာ....သူ့သားကလေး သက်နိုးချည်ချင်လျက်နဲ့ သေသွားတယ်ဆိုပေမယ့်ကွာ အပယ်ပါပဲလို့သွားလုပ်မနေနဲ့ ...(မှန်ပါ့) သွားလုပ်မနေနဲ့ မပြောချင် မြုံ့နေ....(မှန်ပါ့)။

ဒါပဲ ရှိတော့တာပဲ.... (မှန်ပါ့) ဟိုမှာ အပါယ်သွားမည့် အပူတွေက ရှုပ်နေရတဲ့အထဲ ဒီက ထိုးချတဲ့လူ လာပြန်ပြီ။

ကိုင်း....ဒါဖြင့် တကာဘကာမတို့ ယထာဘူတဉာဏ်မရတာ ဟာလဲ အကြားအမြင်နည်းတယ်-(နည်းပါတယ်ဘုရား)အကြား အမြင် ဘယ့်နှယ်ကြောင့် တကာသစ် နည်းပါလိမ့်မတုံး-(ကလျာ ဏ မိတ္တာမရလို့ပါဘုရား) ကလျာဏမိတ္တာမရလို့....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် လက်သည်အစစ်ပေါ်လာပြီ...(ပေါ်လာပြီ) ကလျာဏမိတ္တာရမှ အကြားအမြင်များတယ်(မှန်လှပါ) အကြား အမြင်များမှ ယထာဘူတဉာဏ်ရတယ်....(မှန်ပါ့) ယထာဘူတ ဉာဏ်ရမှ အလိမ်ပြေမယ်....(မှန်ပါ့) တကာကြွယ် ပေါ်ပြီဗျ.... (ပေါ်ပါပြီ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာတဲ့ ပြန်ပြီး အနုလောမ,ပဋိလောမ တကာသစ်,ရေ....ဒါကလေးဟာ မမေ့ပါနဲ့နော်....(မှန်ပါ့) မမေ့ပါနဲ့....တဲ့ ယထာဘူတဉာဏ် တို့ ဆိုတာ အလွန်အရေးကြီးနေလို့ ပြောပါတယ်.... (မှန်ပါ့ ဘုရား)။

အလိမ် ဘယ်နှယ်ကြောင့်မပြောပါလိမ့်....(ယထာဘူတဉာဏ် မရလို့ပါ) ဘယ်နှယ်ကြောင့် တကာသစ်တို့ လူစုတွေ ယထာဘူတဉာဏ်မရပါလိမ့်-(အကြားအမြင်နည်းလို့ပါဘုရား)တရားနာ နည်းတာကိုဆိုတာ.... (မှန်ပါ) ငွေ့စ္စသမုပ္ပါဒ်တရား, သစ္စာတရားကို ဆိုပါတယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီ) ဘယ်နှယ်ကြောင့် အကြားအမြင်နည်းပါလိမ့် တကာသစ်ရေ-( ကလျာဏမိတ္တ မဆည်းကပ်လို့ပါဘုရား ) သဘောကျပြီ....(ကျပါပြီ)။

ဩြော်-ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ ကလျာဏ မိတ္တဟာ သောတာပန်ဟာ သူ့ကြောင့် တည်ရတာဟေ့ ဆိုပြီးသကာလ ရှင်အာနန္ဒာကို ဘုရားဟောတာ ပေါ်သွားပြီ....(ပေါ်သွားပါပြီဘုရား) မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

ရှင်အာနန္ဒာကို ဘုရားက မေးလိုက်တယ်၊ အာနန္ဒာ-ကလျာဏ မိတ္တများ နိဗ္ဗာန်ရောက်တဲ့နေရာ သူ့အတွက် ဘယ်လောက် အကျိုးအညီရသတုံးကွ....တဲ့...(မှန်ပါ) ထက်ဝက် အကျိုးအညီ ရပါတယ်ဘုရား....လို့ ရှင်အာနန္ဒာက နိဗ္ဗာန် ထက်ဝက် အကျိုးအညီ ပေးပါသတဲ့....(မှန်ပါ)။

မင်း-သာဝကဉာဏ်နဲ့ပြောနေတာတဲ့၊ ဘုရားက အပြစ်တင်လိုက်တယ်....(မှန်ပါ)မင်း- ရှိတဲ့ဉာဏ်ကလေးဟာသေးသိမ်တယ်လို့ ပြောတာပါပဲ.... (မှန်ပါ) ငင်စစ် သူမပါယင် မရဘူးကွ နိဗ္ဗာန်၊ သူ့ကြောင့် ရတယ်လို့ လုံးလုံးဆို....တဲ့....( မှန်ပါ ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

နောက်ဆုံးပိတ် အခုပြောလိုက်တဲ့ ကလျာဏမိတ္တ အရေးကြီး ကြောင်း ဦးမာဒင် ပေါ်ပြီ....(ပေါ်ပါပြီ) တကာကြွယ်-ရေ.... ပေါ်ပလား....(ပေါ်ပါပြီ)။

ဘကာကြွယ်တို့ပဲ ရိုးရာနဲ့ ကိုယ့်အထည်ကလေးနဲ့ကိုယ်သာ နေလို့ ဒီ-ကလျာဏမိတ္တဆီကို မရ,အရမရှာတော့ပါဘူး ဆိုယပ် ဖြဲ့ အလိမ်မိပြီး သေမှာပဲ.... (သေနမှာပါဘုရား) သဘောကျ သလား....(ကျပါပြီ) အလိမ်မိသေတော့ ခုနင်က ဆုံးဖြတ်ချက် ချပေးထားတယ် သေခြင်းဆိုး....(မှန်ပါ)။

ဘယ့်နှယ်တုံး.... (သေခြင်းဆိုးသေပါတယ်ဘုရား) ရှင်းပြီ နော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ တကာသစ် ဆက်ပါဦး၊ ဒီကလျာဏမိတ္တကလဲ နှယ့်နှယ်ကြောင့် တကာတကာမတွေ မရပါလိမ့်မတုံး ဆိုတဲ့ ဥစ္စာကလေး တခါ အကြောင်းရှာပါဦး(မှန်ပါ) ကလျာဏမိတ္တ သူတို့ ဘယ့်နှယ်ကြောင့် မရပါလိမ့်မတုံး ဆိုတော့ သူတို့က ဝိစာရဏာဆိုတဲ့ စိစစ်တတ်တဲ့ဉာဏ်မရှိလို့....(မှန်ပါ) မပေါ်သေး ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့်တုံး.... (ဝိစာရဏာဆိုတဲ့ စိစစ်တတ်တဲ့ဉာဏ် မရှိလို့ပါဘုရား) စိစစ်တတ်တဲ့ဉာဏ်က မပါဘူး....တဲ့ တွေ့ရာ အဟုတ်မှတ်နေတယ်....(မှန်ပါ) တော်တော် အရေးကြီးတယ်.... (ကြီးပါတယ်ဘုရား)။

တကာကြွယ် ဘာတဲ့တုံး....(စိစစ်တတ်တဲ့ ဝိစာရဏာဉာဏ်မပါ သို့ပါဘုရား) အဲ....ပါ၍လိုသုံးတော့ ဝိစာရဏ၊ မြန်မာလိုတော့

စိစစ်တတ်တဲ့ဉာဏ်ရှိမှ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

ဘယ်ဉာဏ်လိုပါလိမ့်.... (စိစစ်တတ်တဲ့ ဝိစာရဏာဉာဏ်လိုပါ တယ်)စိစစ်တတ်တဲ့ ဉာဏ်ဆိုတာကတကာတကာမတို့တရားဟော ပုဂ္ဂိုလ်တွေဟောပြီးသကာလနေတာလဲ ကိုယ်ကလဲ စိစစ်ဦးမှ.... ( မှန်ပါ့ ) သူ့ဆီ လမ်းဆုံးနေလို့မဟုတ်သေးဘူး....( မှန်ပါ့ ) သူဟာ သစ္စာဆိုက်သလား....၊ ဘုရားကြိုက် သစ္စာဆိုက်သလား- ပဋိစ္စသမုပ္ပါဒ်ပြတ်သလား....၊ ပဋိစ္စသမုပ္ပါဒ်လည်နေသလား.... (မှန်ပါ့) ဒီလိုမှ မစိစစ်တတ်ပြန်တော့လဲ ခင်ဗျားတို့သည်....တဲ့ ကလျာဏမိတ္တာအစစ်ကို မတွေ့နိုင်ဘူး....( မတွေ့နိုင်ပါဘုရား ) ။

ကိုယ်ကစိစစ်တတ်တဲ့ဉာဏ်မပါလို့ရှိယင်လဲ တကာတကာမတို့ ဘယ်နည်းနဲ့မှ မရပါဘူး ...(မရပါဘုရား)။

ဥပမာမယ်ဆီအကြောင်းမှကိုယ်ကစိစစ်တတ်တဲ့ဉာဏ် ကိုယ်က မချလို့ရှိယင်ဖြင့် ဒီဆီဟာ ဘာနဲ့ရောထားတယ်၊ ဒီဆီဟာ ဘာနဲ့ ရောတယ်၊ ဒါဟာ မယ်ဆယ်ဆီနဲ့ရောတယ်၊ အမျိုးမျိုးအဖုံဖုံ ရောစရာတွေများပါတယ်....(ရောပါတယ်ဘုရား) ကိုယ်က ဆီကို စိစစ်တတ်တဲ့ဉာဏ်မပါလို့ရှိယင် ဒီဆီပုံးတွေဟာ ဂဟောပိတ်ချည့် ပဲ ဘိုလို့ရှိယင် အကုန်ယူသွားမှာပဲ.... (မှန်ပါ့) မယူပေဘူးလား (ယူပါတယ်ဘုရား)။

အဲဒီတော့ အဆိုးလဲ ပါလာမယ်၊ အကောင်းက နည်းလိမ့် မယ်....(မှန်ပါ့) မနည်းပေဘူးလား....(နည်းပါတယ်ဘုရား)။

အဲဒါ ဘာလို့တုံး....လို့ တကာသစ် မေးလိုက်တော့ ဘယ် နှယ်ဖြေမလဲ....(ဝိစာရဏာဉာဏ်မပါလို့ပါဘုရား)။

ဩြော်-ဒါဖြင့် ဆရာသမားက ကလျာဏမိတ္တဆိုဩြားသော်လဲ ကိုယ်က စိစစ်တတ်တဲ့ဉာဏ်မရှိယင်လဲ ကလျာဏမိတ္တအစစ်နဲ့ မတွေ့နိုင်ဘူး(မတွေ့နိုင်ပါဘုရား)"မိတ္တပြုပက"ဆိုတဲ့ အတုတွေနဲ့ တွေ့မှာလဲ စိုးရတယ်....(မှန်ပါ)။

တကာကြွယ် တော်တော်ခက်ဘယ်နော်.... (ခက်ပါတယ်) ဒီနေ့တရားကို တကာသစ်ရေ တခါမှလဲ မဟောဘူးသေးပါဘူး (မှန်ပါ)ဒီဥစ္စာက ခင်ဗျားတို့လိုချင်တဲ့ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် ဆက်မှာပဲ....(မှန်ပါဘုရား)။

သို့သော်လဲ... တဲ့ ဘဏ္ဍာ၏ကောက်ကျစ်ပုံ၏ လက်သည်တွေကို အမြစ်ရှာနေတယ်....(မှန်ပါဘုရား) သဘောကျပလား....(ကျပါ ပြီဘုရား)။

တဏှာကောက်ကျစ်ပုံ၏ အမြစ်တွေကို.... (ရှာနေပါတယ်) ရှာနေတယ်ဆိုတာ အခုရှာလို့ ဘော်တော်တွေ့လာပြီ....(တွေ့ လာပါပြီ)ဦးမာဒင်တော်တော်တွေ့ပြီ . (တွေ့ပါပြီ)တကာကြွယ် တော်တော်တွေ့ပလား....(တွေ့ပါပြီဘုရား)။

အင်း....လိမ်လည်ကောက်ကျစ်တာသည်ကား တဏှာဒိဋ္ဌိနော် (မှန်ပါ) ဘယ်နှယ်ကြောင့် ကျုပ်တို့ လိမ်လည်ကောက်ကျစ် ခံနေရပါလိမ့်မလဲ.... (ယထာဘူတဉာဏ်မရလို့ပါဘုရား)။

ဟော....တကာသစ် ရှင်းပြီ....(ရှင်းပါပြီ) ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်ပေါ့ဗျာ.... (မှန်ပါ) အနိစ္စ- အနိစ္စမှန်းသိတဲ့ဉာဏ် ဒုက္ခကို ဒုက္ခမှန်းသိတဲ့ဉာဏ်, ဒုက္ခသစ္စာကို-ဒုက္ခသစ္စာမှန်းသိတဲ့ ဉာဏ်... (မှန်ပါဘုရား)ဒီဉာဏ်ခရလို့ အလိမ်မပြေတာ....(မှန်ပါ ဘုရား)။

ဒီဥာဏ်ကိုလဲ အားလုံး တကာဘကာမတို့ ဘယ့်နှယ်ကြောင့် မရကြပါလိမ့်မတုံး.... (အကြားအမြင်နည်းလို့ပါ) ကဲ....ကိုယ့် ဟာကိုယ် အိမ်တွင်းပုန်းလုပ်နေလို့တော့ တကာကြွယ် မရဘူး.... (မရပါဘုရား)။

ရှာရမယ်၊ ဘုရားဘယ်နေရာပွင့်သတုံး၊ မရှာသင့်ဘူးလား ဗျာ...(ရှာသင့်ပါတယ်) တရားကောင်း ဘယ်နေရာရှိသတုံး.... (ရှာရပါမယ်) ဒါမှ အကြားအမြင်များရမှာကိုးဗျ... (မှန်ပါ) သဘောပါကြပလား ...(ပါပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် တကာသင်္ဃာရေ အကြားအမြင် တကာ တကာမတွေ နည်းနေပါလိမ့်မတုံး....(ကလျာဏမိတ္တာမရှိလို့ပါ) အဲ... ကလျာဏမိတ္တနဲ့မတွေ့လို့.... (မှန်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘာနဲ့မတွေ့လို့လဲ....(ကလျာဏမိတ္တာနဲ့မတွေ့လို့ပါ) ကြောက် စရာကောင်းလိုက်တာ....(မှန်ပါဘုရား)။

ကလျာဏမိတ္တနဲ့လဲ ဘယ့်နှယ်ကြောင့်သူတို့သည် တွေ့အောင် မရှာပါလိမ့်မလဲလို့ မေးပြန်တယ်....(စိစစ်တတ်တဲ့ဥာဏ်မရှိလို့ ပါဘုရား)သူ့ဝမ်းထဲ စိစစ်တတ်တဲ့ဥာဏ်မရှိပြန်ဘူး.... (မှန်ပါ) အရမ်းသမားဖြစ်နေတယ်.... (မှန်ပါဘုရား)။

တကာကြွယ် ဘာတဲ့....(အရမ်းသမားဖြစ်နေပါတယ်)ဘယ် ဥာဏ်မရှိဘာပါလိမ့်....(စိစစ်တတ်တဲ့ဥာဏ် မရှိဘာပါဘုရား)။

တကာတကာမတို့ သာမည ဒီတရားကို ဟောနေတယ်လို့ မအောက်မေ့နဲ့ ဦးမာဒင်.... (မှန်ပါ) ကော်တော်ကို ဒီဥစ္စာ ခင်ဗျားတို့ အရေးကြီးတယ် မှတ်ထားပါ....(မှန်ပါဘုရား)။

အခုပြောခဲ့တဲ့ အချက်အလက်တွေ အကြောင်းအကျိုးမဆက်လို့ ရှိယင်ဖြင့် အလိမ်မိပြီး သေကြ....(မှန်ပါ့)သဘောပါပလား (ပါ-ပါပြီဘုရား)။

ဘယ်လိုသေရမှာတုံး(အလိမ်မိပြီး သေရမှာပါ)တကာသစ်-သိပ်ကြောက်စရာကောင်းပါကလား (ကောင်းပါတယ်ဘုရား)။

အဲဒီတော့ အခုတွေ့ရတဲ့ပုဂ္ဂိုလ်တွေ, အခုကြုံရတဲ့ပုဂ္ဂိုလ်တွေ, အခုဆုံရတဲ့ပုဂ္ဂိုလ်တွေဟာဖြင့် ပုဂ္ဂိုလ်ထူး,ပုဂ္ဂိုလ်ချွန်,ပုဂ္ဂိုလ်မြတ်တွေပဲဆိုတဲ့ဥစ္စာ သူများပြောစရာမလိုပါဘူး ကိုယ့်ဟာကိုယ်သိလိုက်တော့....(မှန်ပါ့ဘုရား)။

ဟို....ဖြစ်ပျက်ကလေးတွေမြင်လို့ ရှုနေတဲ့ပုဂ္ဂိုလ်များ ဘယ်စိတ်လာလာ ဩော်....ဒါကြည့်လိုက်ယင် ဖြစ်ပျက်တာပဲ၊ ဘယ်ဝေဒနာလာလဲ ကြည့်လိုက်ယင် အခုဖြစ်ပြီး အခုပျက်တာချည့်ပဲဆိုယင် ဩော်...,ဒါ နောက်ကြောင်းတွေ မှန်လာလို့ဗျ....(မှန်ပါ့)နောက်ကြောင်းတွေမှန်လာတော့ အလိမ်ပြေနေတာ....(မှန်ပါ့)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

နောက်ကြောင်းတွေမှန်လို့....(အလိမ်ပြေနေတာပါ)အလိမ်ပြေတာ့ဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် စိစစ်တတ်တဲ့ဉာဏ်ဟာလဲ ဦးမာဒင် အတော်အရေးကြီးပါလား.... (ကြီးပါတယ်)ဒါက သူများပေးလို့မရဘူး....(မရပါဘုရား)ကိုယ်တိုင် ပဋိသန္ဓေကတည်းကပါမှ-(မှန်ပါ့ဘုရား)။

ဘုရားလက်ထက်က ဒိဋ္ဌိကြီးတွေကလဲ ဘုရားပဲတဲ့၊ ဘုရားကလဲဘုရားပဲ၊ စီစစ်တတ်တဲ့ဉာဏ်မရှိတဲ့ပုဂ္ဂိုလ် ဒိဋ္ဌိကိုးကွယ်တာပဲ(မှန်ပါ့) စီစစ်တတ်တဲ့ဉာဏ်ရှိတဲ့ပုဂ္ဂိုလ် ဘုရားဆီ ရောက်တာပဲ (မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

တချို့ စီစစ်တတ်တဲ့ဉာဏ်ရှိတယ်၊ ပဥ္စမ လက်ဦးဆရာဖြစ်နေတာနဲ့.... မနည်းပြောင်းယူရတာတွေလဲ တကာကြွယ်.... ရှိသေးတယ်....(ရှိပါတယ်ဘုရား) ဥပါလိသူကြွယ်တို့ဆိုယင် နောက်မှ ပြောင်းယူရတယ်....(မှန်ပါ့ဘုရား)၊

ဒါဖြင့် စီစစ်တတ်တဲ့ ဉာဏ်ဟာလဲတဲ့ ဘယ့်နှယ်ကြောင့် တကာတကာမတွေမှာ မရပါလိမ့်မလဲ, မရောက်ကြပါလိမ့်မလဲလို့ တကာသစ် မေးရတယ်....(မေးရပါတယ်ဘုရား)။

မေးရတော့ ဩြော်....သူ့မှာသည်ကားလို့ ဆိုယင်ဖြင့် ယောနိသောမနသိကာရမရှိလို့.... (မှန်ပါ့) ဒါတွေ တွေးလိုက်တော့ ဘယ့်နှယ်ကြောင့် စီစစ်တတ်,ရွေးချယ်တတ်တဲ့ဉာဏ် မရှိပါလိမ့်မတုံး(ယောနိသော မနသိကာရမရှိလို့ပါ) အဲ....အယောနိသော မနသိကာရဖြစ်နေလို့ပေါ့ဗျာ... (မှန်ပါ့)။

ယောနိသောမနသိကာရဆိုတာ မရှိပဲဖြစ်နေလို့ တကာကြွယ် သိပ်ကြောက်စရာကောင်းပါကလား....(ကောင်းပါတယ်) တကာသစ် တော်တော်အဓိပ္ပာယ်ပေါ်ပလား.... (ပေါ်သွားပါပြီဘုရား) အဓိပ္ပာယ်သိပ်ပေါ်သွားပြီ ဦးမာဒင်ရေ-ပေါ်သွားပြီ....(ပေါ်သွားပါပြီ) နှလုံးသွင်းမကောင်းလို့ပေါ့ဗျာ-(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် စိစစ်တဲ့ဉာဏ်မရပါလိမ့်တုံး.... (နှလုံးသွင်းမကောင်းလို့ပါ) အဲ.... နှလုံးသွင်းမကောင်းတဲ့ ပုဂ္ဂိုလ်ကျတော့ ဖြစ်ချင်ရာဖြစ်ကွာ၊ ဒါမှဒါပဲဟေ့ မထူးဘူးဟေ့.... (မှန်ပါ့) အဲ....ဒီလိုလဲ လာဘတ်တယ်.... (လာတတ်ပါတယ်) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီလိုဆိုတော့လဲ လွဲချင်လွဲကွာ, ချော်ချင်ချော်ကွာ အပါယ်ဇောက်ထိုး သွားချင်သွားကွာဆိုတဲ့အမိပ္ပါယ် ရောက်နေတယ်.... (ရောက်ပါတယ်ဘုရား) မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် စိစစ်တတ်တဲ့ဉာဏ်မရှိတာလဲနှလုံးသွင်းမှားမှုကြောင့် (မှန်ပါ့) ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

ဦးလှဘူး ဘာတဲ့တုံး....(စိစစ်တတ်တဲ့ဉာဏ်မရှိတာလဲ နှစ်လုံးသွင်းမှားမှုကြောင့်ပါ) နှလုံးသွင်းမှားမှုကြောင့် .... (မှန်ပါ့) ဦးမာဒင် ပေါ်ပြီဗျနော်....(ပေါ်ပါပြီဘုရား)။

ပေါ်ပြီတဲ့ တကာတကာမတို့ ချီးမြှောက်ပြောတာမဟုတ်ဘူး သေပျော်တဲ့တရားနော်.... (မှန်ပါ့) အကုန်လျှောက်စစ်တော့မှ ဩော်....ဘယ်သူဆိုတာ လက်သည်ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား)။

ကိုယ့်ကိုယ်-ကိုယ် အလိမ်မပြောတာကတော့လဲအထင်အရှားကိုး....(မှန်ပါ့)ဒီအလိမ်မပြေတဲ့လက်သည်တွေ အဆင့်ဆင့်မရှာတတ်ပြန်တော့လဲ ကိုယ့်မှာ အလိမ်မိပြီး သေသွားပြန်တော့ လူ့ပြည်အလည်လာ-အပါယ်မှာအမြဲနေ....(မှန်ပါ့)။

ဒီလိုဖြစ်သွားတော့ ဦးမာဒင် သိပ်နာတယ်.... (နာပါတယ်) ဘကာတကာမတို့ မနာဘူးလား....(နာပါတယ်ဘုရား)။

ဒါ့ကြောင့် ယနေ့ဟောတဲ့တရားဟာ ရကော်ဒါပါတဲ့ပုဂ္ဂိုလ်လဲ အင်မတန်ကောင်းပါတယ်.... (မှန်ပါ့) ရကော်ဒါခရှိတဲ့ ပုဂ္ဂိုလ်လဲ တရားမိတ်ဆွေချင်း မေးကြဘာပေါ့... (မှန်ပါ့ဘုရား) မပျောက်အောင်မေးရမယ်.... (မှန်ပါ့)ဒို့ အလိမ်မိနေတာ ဘာ့ကြောင့်တုံး....(ယထာဘူတဉာဏ်မရလို့ပါဘုရား)။

အဲ.... အလိမ်မိနေတယ်ဆိုတော့ အရှုပ်ဆိုးနေပြီပေါ့ဗျာ.... (မှန်ပါ့)ယထာဘူတဉာဏ်မရဘူး၊ ယထာဘူတဉာဏ် ဘယ့်နှယ်ကြောင့်မရပါလိမ့်မကုံး.... (အကြားအမြင်မရှိလို့ မရဘာပါ) အကြားအမြင် ဘယ့်နှယ်ကြောင့် ဒါလောက်နည်းနေပါလိမ့်မတုံး.... (ကလျာဏမိတ္တမရှိလို့ပါ) ကလျာဏမိတ္တဆိုတဲ့ ဆရာကောင်း သခားကောင်းမတွေ့လို့....(မှန်ပါ့)။

ဒီဆရာကောင်း သမားကောင်း ဘယ့်နှယ်ကြောင့် ခင်ဗျား တို့မတွေ့ပါလိမ့်မတုံး....(စိစစ်တတ်တဲ့ ဝိစာရဏာဉာဏ်ခရှိလို့ပါ) အင်း.... ကိုယ့်နားတွင် ကိုယ်လမ်းဆုံးနေယင်တော့ ပြီးရော.... (မှန်ပါ့ဘုရား)။

စိစစ်တတ်တဲ့ဉာဏ်က မပါဘူး.... (မှန်ပါ့)သဘောကျပလား (ကျပါပြီ)ကိုယ့်နားတွင် ကိုယ်လမ်းဆုံးနေယင် သွားပြီ တကာ ကြွယ်....(မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် စိစစ်တတ်တဲ့ဉာဏ်ကလဲ တကာသစ်တို့တရားတပွဲလုံး ဘကာတကာမတို့ ဘယ့်နှယ်ကြောင့် မပေါ်ပါလိမ့်မတုံး....

(နှလုံးသွင်းမှားလို့ပါ) နှလုံးသွင်းမှားနေလို့.... (မှန်ပါ့ဘုရား) အယောနိသောမနသိကာရပေါ့ဗျာ.... (မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘယ်သူ့ကြောင့်တဲ့ဗျာ.... ( အယောနိသော မနသိကာရ ကြောင့်ပါဘုရား)။

အဲဒီ အယောနိသောမနသိကာရကလဲ တကာကြွယ် မှတ်တော့နော်.... ( မှန်ပါ့ ) အယောနိသောမနသိကာရက အဝိဇ္ဇာကြောင့်ဖြစ်ရတယ်....(မှန်ပါ့ဘုရား)။

ကိုင်း...ဒါဖြင့် တကာတကာမတို့ ကိုယ့်အလိမ်မှာ .တကာ တကာမတို့ လက်သည်ရှင်း အဝိဇ္ဇာလာမိဘယ်.... (မှန်ပါ့ဘုရား) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

"အယောနိသောမနသိကာရ" နှလုံးသွင်း မှားတာဟာ တကာကြွယ် ဘယ်သူ့ကြောင့်ပါလိမ့် .... (အဝိဇ္ဇာကြောင့်ပါ ဘုရား)။

အဲဒီတော့ ပါဠိတော်ထဲသွားဝင်တယ်နော်.... (မှန်ပါ့ဘုရား) အဝိဇ္ဇာရှိနေတဲ့ပုဂ္ဂိုလ်ဟာဖြင့် "အယောနိသော မနသိကာရ" ဖြစ်မှာပဲဟေ့ဆိုတဲ့ ဘုရားပါဠိတော်နဲ့ သွားကိုက်တယ် .... (ကိုက်ပါတယ်)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် နောက်ဆုံးပိတ်ကျတော့ တကာတကာမတွေ မှတ်မိသထက်မှတ်မိအောင် သြော်–နှလုံးသွင်းမှားသည်အဝိဇ္ဇာက လာတာကိုး....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုရားက "အာသဝါနံ သမုပ္ပါဒါ အဝိဇ္ဇာသမုပ္ပဇ္ဇတိ" တဲ့.... (မှန်ပါ့) အာသဝါနံ=ကာမာသဝ ဘဝါသဝဆိုတဲ့ တရားတို့၏၊ သမုပ္ပါဒါ=ဖြစ်ခြင်းကြောင့်၊ အဝိဇ္ဇာ= အဝိဇ္ဇာသည်၊ ဥပ္ပဇ္ဇတိ=ဖြစ်၏၊ ဒီအဝိဇ္ဇာဟာ အာသဝက လာတာဟေ့တဲ့....(မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီဘုရား)။

အဝိဇ္ဇာဘယ်ကလာသတုံး.... ( အာသဝက လာပါတယ်) ကိုင်း....ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ပြောလိုက်တယ်"ဣဒံ မေပုညံ အာသဝက္ခယံ ဝဟံဟောတု"အာသဝေါ တရားကုန်ပါရစေ၊ ဤဘုရားအားထုဘ်ရတဲ့အတွက် အာသဝေါ တရား ကုန်ပါရစေဆိုတဲ့ ခင်ဗျားတို့ဆုတောင်းကို ဘုန်းကြီးကပဲ ရှေ့က တိုင်ပေးပြီးသကာလ တကာတကာမတွေ လိုက်စေတယ် ဆိုတာ ခုနင်က အလိမ်မိပြီး သေကြပါစေတော့လို့.... (မှန်ပါ့) မသေမည့်ပုဂ္ဂိုလ်ကတော့ မရှိပဲကိုးဗျ....(မရှိပါဘုရား)။

အလိမ်ပြေပြီးသေကြပါစေ ဆိုပြီးသကာလ တကာကြွယ်ရေ "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု"ဆိုတာ သူဟာ လက်သည်....(မှန်ပါ့) သူဟာ အကြီးဆုံး လက်သည်ပဲလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်.... ( သူဟာ အကြီးဆုံး လက်သည်ပါ) ဒါဖြင့် တကာသဘ်ရေ ပြောင်းပြန်လဲ နားလည်သွားဘော့ အစဉ်အတိုင်း နားလည်သွားဖို့လဲ တကာသစ်တို့ လိုလာဘယ်.... (လိုလာပါတယ်)အာသဝကြောင့် အဝိဇ္ဇာဖြစ်ဘယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အာသဝကြောင့်.... ( အဝိဇ္ဇာဖြစ်ပါတယ် ) အဝိဇ္ဇာကြောင့် နှလုံးသွင်းမှားတယ်....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီ ဘုရား)။

အဝိဇ္ဇာကြောင့်....(နှလုံးသွင်းမှားပါတယ်ဘုရား) နှလုံးသွင်း မှားတာသည် တကာတကာမတို့ စိစစ်မှုမရှိလို့....(မှန်ပါ့)။

စိစစ်မှု ဘယ့်နှယ်ကြောင့် မရှိပါလိမ့်မတုံးဆို ကလျာဏ မိတ္တက မတွေ့လို့... (မှန်ပါ့)ဒီပြန်ရောက်တာပဲ....(မှန်ပါ့)။

ဒီကလျာဏမိတ္တ ဘယ့်နှယ်ကြောင့် ခင်ဗျားတို့ မတွေ့ပါလိမ့် မတုံးဆိုတော့.... (အကြားအမြင် နည်းလို့ပါ) အဲ.... အကြား အမြင်နည်းလို့၊ ဘယ့်နှယ်ကြောင့် ခင်ဗျားတို့ အကြားအမြင် နည်းပါလိမ့်မတုံးဆိုတော့ (ယသာဘူတဉာဏ်မရလို့ပါဘုရား)။

ယသာဘူတဉာဏ်မရတော့ ခင်ဗျားတို့ ဘာဖြစ်သတုံး.... (အလိမ်ခံရပါတယ်) တဏှာဒိဋ္ဌိတို့၏ အလိမ်ခံရတယ်....(မှန်ပါ့) တဏှာဒိဋ္ဌိတို့၏ အလိမ်ခံရတော့ နိဗ္ဗာန်မရောက်-အပါယ်ရောက် (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

တကာကြွယ် ဒီနေ့တရား ဘယ်လောက်အရေးကြီးသတုံး.... (ကြီးပါတယ်) တကာတကာမတို့ ဒါဟာ ဘုရားစီစဉ်ထားတဲ့ အစီအစဉ်၊ အင်း....ဒီအစီအစဉ်ဟာ တော်တော် အရေးကြီး ပါကလား....၊ တသံသရာလုံး ဒီအစီအစဉ်ကို ဒို့မလိုက်လာပဲနဲ့ ဒီအလိမ်မိလျက်နဲ့ချည့်သေရတယ်....(မှန်ပါဘုရား)။

ဒီအစီအစဉ်ဖျက်လိုက်ရလို့ ရှိယင်ဖြင့် အောက်လမ်းသမား သည် တကာတကာမတို့ သံသရာ့ အောက်လမ်းသမားသည်

သံသရာ့ထွက်ရပ်လမ်းကို ရောက်ရမယ်....(မှန်ပါ့) မရောက်ပေဘူး လား... (ရောက်ပါတယ်ဘုရား)။

တကာကြွယ် ဘယ်လောက်အရေးကြီးသတုံး(ကြီးပါတယ်) ဒါ့ကြောင့် တကာသစ် ဒီနေ့တရားသည်သေပျော်တဲ့ တရား.... (မှန်ပါ့ဘုရား)။

ဦးမာဒင် ဘယ့်နှယ်ဆိုမလဲ.. (သေပျော်တဲ့တရားပါဘုရား) သေပျော်တဲ့တရား၊ တသံသရာလုံး အလိမ်မိတာဟာ အခုပြေတာ ပဲ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

တကာတကာမတို့ လိမ်ပြီးသကာလ တဘဝမှာလဲ တွေ့ရာ သားသမီးလုပ်ပြီးသကာလ လုပ်ကျွေးနေတာပဲ...(မှန်ပါ့)လုပ် ကျွေးပြီးသကာလ ခင်လျက်၊မင်လျက်နဲ့ သေယင်အပါယ်သွား ပြန်တာပဲ....(သွားပါတယ်ဘုရား)။

အပါယ်ကနှင်ကုန်လို့တက်ပြန်တော့လဲ အလိမ်ကမပြေတော့ တွေ့ရာ သားသမီးလုပ်ပြန်တာပဲ၊ သား၊ လင်၊ ခင်ပွန်းလုပ်ပြန် တာပဲ....(မှန်ပါ့) လုပ်ပြန်ပြီးသကာလ အလိမ်မပြေပဲနဲ့ သေ ပြန်တော့ အပါယ်ပဲပြန်ရောက်တယ်....(မှန်ပါ့ဘုရား)။

အလိမ်မိလိုက် အပါယ်ရောက်လိုက်၊ အပါယ်ကတက်လိုက် ပြန်အလိမ်မိလိုက်.... (မှန်ပါ့) ဦးမာဒင် ဘယ်မှာထွက်လမ်းပါ သေးသလဲ....(မပါ-ပါ) တကာကြွယ် ရိပ်မိပြီ.... (ရိပ်မိပါပြီ ဘုရား)။

အပါယ်ကတက်လာတော့လဲ ဘာဖြစ်ပြန်သတုံး .... (အလိမ် မိပါတယ်) သား၊လင်၊ ခင်ပွန်းနဲ့ နေကြတာပဲ၊ တိရစ္ဆာန်လဲ

တိရစ္ဆာန်အလိုက်ပေါ့....(မှန်ပါ) လူတွေလဲ လူ့အလိုက်၊ နတ်လဲ နတ်အလိုက်ပေါ့.... ( မှန်ပါ ) အလိမ်က မိမနေကြဘူးလား.... (မိပါတယ်) ဘယ့်နှယ်လုပ်မလဲဘုရာ့ဆိုယင် ဒါအလိမ်မိပြီးသား သာမှတ်....(မှန်ပါဘုရား)။

ဒီသား ဒီသမီးတွေ ကိုယ်တည်ဆောင်ထားတာတွေစွန့်ပစ်ပြီး သူတော်ကောင်း အလုပ်နဲ့ လုပ်ရမယ်ဆိုတာ မဟုတ်သေးပါ ဘုရာ့....(မှန်ပါ) မဟုတ်သေးပါဘူး၊ ဒါကိုယ့်သားသမီးတွေပဲ၊ လူပဲ၊ တိရစ္ဆာန်မှ မဟုတ်ပဲပဲ....( မှန်ပါ ) အဲဒီတော့ ဒီဟာ တွေကို တပည့်တော်တို့ ဥပေက္ခာမလုပ်နိုင်ဘူး....(မှန်ပါဘုရား) တခါတည်း ဇွတ်ငြင်းတော့တာပဲ .. (မှန်ပါဘုရား)။

ဘုရားကလဲ သားများ, သမီးများ သင်္ဂြိုဟ်ထောက်ပံ့ရမယ် ဆိုတယ်၊ ခင်ဗျားတို့ကလဲ အပိုအဆစ်တွေကထည့်တယ်၊ တဏှာ တွေပါထည့်တယ်....(မှန်ပါ)ဟိုကဘော့ကျေးရုံ-မွေးရုံ....(မှန်ပါ ဘုရား)။

ခင်ဗျားတို့ကခင်တာ,မင်တာအပါယ်ကျလောက်အောင်အဆစ် ထည့်ပစ်လိုက်တယ်....(မှန်ပါ) ကောင်းသေးရဲ့လား(မကောင်း ပါဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အပါယ် ရောက်သွားတာလဲ အလိမ်မိလို့....(မှန်ပါ) အပါယ်က နှစ်စေ့လို့ တက်လာတော့ ဘာဖြစ်ပြန်သတုံး....(အလိမ်မိပါတယ်ဘုရား)။

ရောက်ရာမှာ အလိမ်မိပြန်တယ် .... (အလိမ်မိပြီးသကာလ စွဲလမ်းမှုနဲ့ သေသွားပြန်တော့ ဘယ်ရောက်သွားသတုံး ....

(အပါယ်ရောက်ပါတယ်) တက်လာပြန်ပြီ နှစ်ကုန်လို့-(အလိမ်မိပါတယ်)ရောက်ရာဘဝမှာ ဘာဖြစ်ပြန်သတုံး.... (အလိမ်မိပါတယ်ဘုရား)။

ကဲ....ဦးမာဒင် ယထာဘူတဉာဏ် ဘယ်လောက်အရေးကြီးသလဲ....(ကြီးပါတယ်) တကာကြွယ် ပေါ်ပြီဗျ.... (ပေါ်ပါပြီဘုရား)။

ကိုင်းတကာတကာမတို့ တသက်နဲ့တကိုယ်ဖြင့် ကြားရပေပြီ-(မှန်ပါ့)ဩော်-တော်တော်အရေးကြီးပါကလား(ကြီးပါတယ်) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့်တကာတကာမတို့ ဒီတခေါက်လှည့်ပြီးလို့ ရှိယင်ဖြင့်တဲ့ ခင်ဗျားတို့လဲကျေနပ်ပါပြီ...(မှန်ပါ့) ဘုန်းကြီးလဲ ရှေ့ကိုဒီဥစ္စာပရိယေသနာစ္စနဲ့ ပတ်သက်ပြီးသကာလ သူပြောတော့မယ်.... (မှန်ပါ့) အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်ကို ဒီတဏှာက စ,ရမှာကိုးဗျ-(မှန်ပါ့ဘုရား)။

ကိုင်း-ဒါဖြင့် တကာတကာမတို့- လိမ်လည်ကောက်ကျစ်တာကို မဖြေနိုင်တာ အဘယ်ကြောင့်.... ( ယထာဘူတဉာဏ်မရလို့ပါဘုရား) ရှင်းပြီ....(မှန်ပါ့)။

ယထာဘူတဉာဏ် ဘယ်အတွက်ကြောင့် တကာတကာမတွေ မရပါလိမ့်မလဲ.... (အကြားအမြင်နည်းလို့ပါဘုရား) ဩော်....ဟုတ်ပြီ....ဟုတ်ပြီ၊ အကြားအမြင်နည်းတဲ့အပြစ်ကလဲ အတော်ကြီးပါလား....(ကြီးပါတယ်ဘုရား)။

အကြားအမြင် တကာတကာမတွေ ဘယ်နှယ်ကြောင့် ဒါလောက် နည်းနေပါလိမ့်မတုံး.... ( ကလျာဏမိတ္တမရလို့ပါ )

ကလျာဏမိတ္တမတွေ့ဘူး....(မှန်ပါ့)ကလျာဏမိတ္တဆိုတဲ့ သူတော်ကောင်းနဲ့ မပေါင်းရဘူး....(မှန်ပါ့)။

ဒီကလျာဏမိတ္တကို ဘယ့်နှယ်ကြောင့် ခင်ဗျားတို့ မရပါလိမ့်မတုံး.... (စိစစ်တတ်တဲ့ဉာဏ်မရှိလို့ပါဘုရား) စိစစ်တတ်တဲ့ဉာဏ်မရှိဘော့ သူက တကျပ်ရှိတယ်၊ သူက တမတ်ရှိတယ်လို့မှ ကိုယ့်ဆရာသမားတွေ စာအုပ်တွေကိုချိန်မှ မချိန်တတ်ဘော့ပဲ... (မှန်ပါ့) မချိန်တတ်ကတည်းကိုက တကာကြွယ် ရေ....ဒီဥစ္စာ အမှန်တွေ့ဖို့ ဘယ့်နှယ်တုံး....(ခဲယဉ်းပါတယ်ဘုရား)။

ဒါဖြင့် စိစစ်တတ်တဲ့ ဉာဏ်ဟာလဲ တကာသစ် အတော်အရေးကြီးတယ်....(ကြီးပါတယ်ဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း....စိစစ်တတ်တဲ့ဉာဏ် ဘယ့်နှယ်ကြောင့် မရပါလိမ့်.... (နှလုံးသွင်းမှားလို့ပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

နှလုံးသွင်းဘယ့်နှယ်ကြောင့် မှားပါလိမ့်....(အဝိဇ္ဇာကြောင့် နှလုံးသွင်းမှားပါတယ်ဘုရား)။

အဝိဇ္ဇာက ဘယ်ကလာပါလိမ့်မတုံး....(အာသဝက လာပါတယ်) ဒါဖြင့် အာသဝေါတရား မကုန်သရွေ့ အလိမ်မပြေ (မှန်ပါ့)။

အာသဝေါတရားမကုန်သရွေ့(အလိမ်မပြေပါဘုရား)ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် အာသဝေါတရား ကုန်ချင်လို့ရှိယင်ဖြင့် ဘယ့်နှယ်လုပ်ကြမှာတုံးဆိုတဲ့ မေးခွန်းဟာ တခါတည်း ထွက်လာတယ်.... (မှန်ပါ့) မထွက်လာဘူးလား....(ထွက်လာပါတယ်ဘုရား)။

အဲ....ဒီကျတော့ တကာတကာမတို့ အာသဝေါတရားကုန်ဖို့ အရေးဟာ အလွယ်ကလေးပါ....(မှန်ပါ)ဘယ့်နှယ်ကုန်ရမတုံး လို့ မေးတဲ့အခါကျတော့ တကာတကာမတို့ စဉ်းစားကြည့် မြစ်ပျက်မြင်လို့ရှိယင် ကုန်တာပဲ....(မှန်ပါ)။

ဩော်....သုံးဆယ့်တဘုံမှာ ဘောတွေ့တောင်တွေ့ရေတွေ့ မြေတွေ့ ပစ္စည်းတွေ့ သားတွေ့ မယားတွေ့ စိန်တွေ့ ရွှေတွေ့ ကားတွေ အကုန်အလုံးစုံ ဉာဏ်နဲ့ ကြည့်လိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့်...တဲ့ ခင်စရာ့မင်စရာမရှိဘူး၊ အနိစ္စလက္ခဏာနဲ့ ဒုက္ခ လက္ခဏာ.... (မှန်ပါ) အနတ္တလက္ခဏာနဲ့ အသုဘလက္ခဏာ.... (မှန်ပါ)။

ဒုက္ခသစ္စာအမှန်ဖြစ်အောင် ဉာဏ်ထဲမှာ ကြည့်လိုက်လို့ရှိယင် အာသဝက ဘယ်သွားငြိမလဲ.... (မငြိပါဘုရား) ငြိနိုင်သေးရဲ့ လား....(မငြိနိုင်ပါဘုရား)။

ဒါ့ကြောင့် ဒီတရားကို အာသဝေါတရားကုန်ဖို့ အရေးက မြင့် ဟကာကြွယ် သေသေချာချာမှတ် ဝိပဿနာလုပ်မှရမယ်.... (မှန်ပါ)ဝိပဿနာမလုပ်ယင်....(မရပါဘုရား) မရနိုင်ဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါ့ကြောင့် ဦးမာဒင်တို့ ဝိပဿနာဖြင့် ကြိုးစားပါ....(မှန်ပါ ဘုရား)ဘယ့်နှယ်ကြောင့် ခင်ဗျားတို့ အိုကြီးအိုမနဲ့ တကာ ကြွယ်တို့ အိုကြီးအိုမနဲ့ ကြိုးစားရသတုံးဆိုတော့ အို-အာသဝေါ တရားကုန်အောင် လုပ်နေဘာ ပြောလိုက်....(မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

အင်း....ဘာဖြစ်အောင်လုပ်ကြမယ်....(အာသဝေါတရားကုန်အောင် လုပ်ကြပါမယ်ဘုရား)။

ကြည့်လေ....အာသဝကုန်တော့ အဝိဇ္ဇာဖြစ်မယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီ) အဝိဇ္ဇာဖြစ်လို့ရှိယင် 'အယောနိသော မနသိကာရ' လာလိမ့်မယ်....(လာမှာပါဘုရား) မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီ 'အယောနိသော မနသိကာရ' လာခဲ့လို့ရှိယင်ကြွင်စိစစ်တတ်တဲ့ဉာဏ် ဆုံးရှုံးရမယ်.... (မှန်ပါ) မဆုံးရှုံးပေဘူးလား....(ဆုံးရှုံးပါတယ်ဘုရား) ဒါက ပြောင်းပြန်တက်လာတာ ဘာကာသစ်ရေ....(မှန်ပါ)။

အဲဒီ....စီစစ်တတ်တဲ့ ဉာဏ် ဆုံးရှုံးတာသည် ဘယ်သူ့ကြောင့်တုံး လို့မေးတော့ ကလျာဏမိတ္တမတွေ့လို့....(မှန်ပါ) ဒီ ကလျာဏမိတ္တ ဘာ့ကြောင့် မတွေ့ပါလိမ့်မတုံး.... (အကြားအမြင်နည်းလို့ပါဘုရား)။

ဘယ့်နှယ်ကြောင့် ဒီတကာတကာမတွေ အကြားအမြင်နည်းနေပါလိမ့်မတုံး....(ယထာဘူတဉာဏ်မရလို့ပါဘုရား)။

ဘယ့်နှယ်ကြောင့် ယထာဘူတဉာဏ်မရပါလိမ့်မတုံး... လို့မေးတဲ့အခါကျတော့ တကာတကာမတို့ အလိမ်ပပြေလို့.... (မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီ)။

အခုတော့ဖြင့် တကာတကာမတို့ အလိမ်လဲပြေပါပြီ-(မှန်ပါဘုရား) အေး....မင်းက သားရယ်,သမီးရယ်,ဆွေရယ်,မျိုးရယ်, မိတ်ဆွေရယ်,သင်္ဂဟရယ်လို့ မင်းက ဘာလုပ်လုပ် ဒို-ဝိပဿနာ

ဉာဏ်မှန်နဲ့ ကြည့်လိုက်တဲ့အခါကျလို့ ရှုယင်ဖြင့် အနိစ္စပဲ တွေ့တယ်... (မှန်ပါ့) ဒုက္ခပဲ.... (တွေ့ပါတယ်) အနတ္တပဲ....(တွေ့ပါတယ်ဘုရား) ဆိုတော့ တကာတကာမတွေက စဉ်းစားတော့ ဒါ ဘာဖြစ်တာတုံးဆိုတော့ အလိမ်ပြေတာ(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

အင်း....ဖြစ်ပျက်တွေ တွေ့တာ ဘာပါလိမ့်....(အလိမ်ပြေတာပါဘုရား)။

ဟာ....ဦးမာဒင် သေပျော်ပြီ....(မှန်လှပါ)ဘယ်လို သေပျော်သတုံး....(အလိမ်ပြေလို့ပါဘုရား)။

ခုနင်က ပြောခဲ့ပြီးပြီ အပါယ်နဲ့အလိမ်နဲ့ဟာ လှည့်နေတာ.... (မှန်ပါ့) လူ့ပြည်လာတာ အလိမ်ခံလိုက် အပါယ်ကျပြီ.... အပါယ်က နစ်စေ့လို့တက်ပြန်တော့ အလိမ်မိတာ.... (မှန်ပါ့ဘုရား)။

အလိမ်မိလိုက်-အပါယ်ကျလိုက်၊ အပါယ်ကျလိုက်-အလိမ်မိလိုက်၊ အပါယ်နဲ့အလိမ်ချည့် လှည့်နေတာ....(မှန်ပါ့ လှည့်နေပါတယ်ဘုရား) ဒီ့ပြင် ဘာပါသေးသတုံး....(ဘာမှ မပါ-ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ကောင်းပြီ.... ဒါ့ကြောင့် နေ့လယ်ကတောင် နည်းနည်းပြောပြီးပြီ....(မှန်ပါ့ဘုရား) သြော်....မြေပုံမှားပြီး ငိုကြတယ်.... (မှန်ပါ့) မြေပုံမှားပြီးတော့....(ငိုကြပါတယ်ဘုရား)။

မြေပုံကို သူ့သား့လင့်ခင်ပွန်းရယ်လို့ သူကတော့ အမှတ်သားတာပဲ၊ ရေတွေက ကြီးသွားပြီး သူများက ဒီနေရာ အစားထိုးလာတယ်... (မှန်ပါ့)။

အဲဒါ သွားငိုတဲ့ပုဂ္ဂိုလ်ကျတော့ တကာကြွယ်က ဘယ်လို စဉ်းစားသတုံး.... (အလိမ်မိတာပါဘုရား) အလိမ်မိပြန်တာပဲ.... (မှန်ပါ) မြေပုံတောင်မှားတယ်.... ( မှန်ပါ ) မမှားဘူးလား ... (မှားပါတယ်ဘုရား)။

အဲဒီကျအောင် မှားတဲ့ဥစ္စာသည် တကာတကာမတို့ ငိုချင်လို့ရှိယင် ခင်ဗျားတို့ မြေပေါ်မှာရှိသရွေ့ အကုန်လျှောက်ငို.... (မှန်ပါ)ကိုယ့်အမေ့ကိုယ့်အဖေ မသေဘူးတဲ့နေရာလို့ မရှိပါဘူး....(မရှိပါဘုရား) ကိုယ်မသေဘူးတဲ့နေရာကော.... (မရှိပါဘုရား)။

ဒါဖြင့် ငိုယင်လဲ တောက်လျှောက်ငိုယင်လဲ ကောင်းတယ်၊ ဘယ်နားမှာပါလိမ့်မတုံး ရွေးမနေနဲ့.... (မှန်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်နားမှာ မီးထွန်းရမှာတုံး ဘယ်နားမှာ ဘာဖြစ်ရမှာတုံး ရွေးမနေနဲ့ ဦးမာဒင်ရဲ့လျှောက်ပြီး မြေပေါ်သာလှိမ့်ငိုလိုက် (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံးဆိုတော့ မသေဘူးတဲ့နေရာမရှိ (မှန်ပါ)အမေ့အဖေ မသေဘူးတဲ့နေရာကော.... (မရှိပါဘုရား) မမြှုပ်ဘူးတဲ့နေရာတွေကော....(မရှိပါ)ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီအတိုင်း မြေပုံရှာငိုရတာနဲ့ လှိမ့်ငိုရတာနဲ့ တကာသစ် ဘယ်ဟာကမှန်သတုံး(လှိမ့်ငိုရတာက မှန်ပါတယ်) ဒါဖြင့် လှိမ့်ငိုပါလားဗျ ငိုချင်လို့ရှိယင်... (မှန်ပါ)။

အလကား မဟုတ်တာတွေ ရွေးနေတယ်ဆိုတော့ အလကား ချင်းတူတူဖြင့် လှိမ့်သာငို၊ လှိမ့်ငိုဘာက အမှန်ရောက်သေးတယ်....(မှန်ပါ့) မြေပုံရွေးငိုတာက.... (အမှားပါ) လှိမ့်ငိုလို့ ရှိယင်....(မှန်ပါတယ်ဘုရား)။

ဒါဖြင့် ဘယ်ဘက်က ခင်ဗျားတို့နေမတုံး....(ဘယ်ဘက်ကမှ မနေပါဘုရား)။

တကာသစ်....အမှန်တော့ လှိမ့်ငိုတာက မှန်တယ်-(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ကိုယ်မသေဘူးတဲ့နေရာကော.... (မရှိပါဘုရား) ကိုယ်မနာဘူးတဲ့နေရာကော....(မရှိပါဘုရား) ကိုယ်မမြုပ်ဘူးတဲ့ နေရာ.... ( မရှိပါဘုရား ) ဥပသာစကဆိုတဲ့ နာမည်နဲ့ပဲ ဒီအထဲမှာ သောင်းလေးထောင် မြုပ်ဘူးတယ်၊တနေရာထဲမှာ တနေရာထဲမှာ....(မှန်ပါ့ဘုရား)။

တကာကြွယ်ရေ-တကာကြွယ်ဆိုလဲ နာမည်နဲ့ဆိုယင် ရေတွက်နိုင်ပါ့မလား....(မရေတွက်နိုင်ပါဘုရား)။

အဲဒါလောက်တောင် ဆိုးရွားနေတဲ့ သံသရာရှည်မှုကြီးကိုဖြင့် တကာတကာမတို့ အလိမ်မိလို့ သာမှတ်ပေတော့.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သူများ အသုဘသွားပို့ ကိုယ်က မျက်ရည်သုတ်မိတာတွေလဲ အလိမ်မပြေသေးလို့....(မှန်ပါ့) ဘယ်လိုကြောင့်ပါလိမ့်(အလိမ်မပြေသေးလို့ပါဘုရား)။

အလိမ်မပြေသေးတော့ ဩော်.... ဒို့သားသမီးကလေးလဲ

ဟိုနေရာမှာ....(မှန်ပါ့)အင်း....ဒါ ဘာဖြစ်သတုံး.... (အလိမ်မိ ဘာပါဘုရား)။

ဗ....ဘယ်သူကလိမ်တာတုံးလို့ မေးတဲ့အခါ ကျတော့မှ ခမ်းထဲမှာ တဏှာနဲ့ဒိဋ္ဌိကလိမ်တာ....(မှန်ပါ့)ရိပ်မိပလား.... (ရိပ် မိပါပြီဘုရား)။

ဘယ်သူကပါလိမ့်....(တဏှာနဲ့ဒိဋ္ဌိကလိမ်ပါတယ်) ဒါဖြင့် ဒီ-အလိမ် ဘယ်ကလာသတုံး....(ယထာဘူတဉာဏ်မရလို့ပါ)ယထာ ဘူတဉာဏ်မရလို့.... (မှန်ပါ့ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ ဘုရား)။

ယထာဘူတဉာဏ် ဘယ့်နှယ်ကြောင့်မရပါလိမ့်....(အကြား အမြင်နည်းလို့ပါဘုရား)။

ဘယ့်နှယ်ကြောင့် အကြားအမြင်နည်းနေပါလိမ့် (ကလျာဏ မိတ္တာမတွေ့လို့ပါ) အဲ.... ဆရာကောင်းသမားကောင်းမတွေ့လို့ (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် မတွေ့ပါလိမ့်မတုံး....(စီစစ်တတ်တဲ့ဉာဏ် မရှိလို့ပါ)စီစစ်တတ်တဲ့ဉာဏ်မရှိလို့....(မှန်ပါ့ဘုရား)။

စီစစ်တတ်တဲ့ဉာဏ်ကလဲ ဘယ့်နှယ်ကြောင့်မရှိပါလိမ့် (နှလုံး သွင်းမှားလို့ပါ) နှလုံးသွင်းမှားလို့....(မှန်ပါ့)။

နှလုံးသွင်းဘယ့်နှယ်ကြောင့်မှားပါလိမ့်.... (အဝိဇ္ဇာကြောင့် ပါဘုရား)။

ဟ.... အဝိဇ္ဇာကလဲ ဘယ်ကများလာပါလိမ့်မတုံးမေးတော့

အသဝကြောင့်.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်ဟာ အာသဝေါကုန်ပါတယ် (မှန်ပါ့) ဖြစ်ပျက်ဆုံးတဲ့ပုဂ္ဂိုလ်လဲ အာသဝေါကုန်ပါတယ်.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့....

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း-မိုးကုတ်ဆရာတော်ဘု...
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော်မူသော
( ခန္ဓာမှာ တရားရှာပါ၊ ဘုရားပရိနိဗ္ဗာန်မစံသေးပုံ )

# ခန္ဓာအလုပ်ပေးတရားတော်

( ၂-၁၀-၆၁ )

အားလုံး တရားနာကြတဲ့ တကာတကာမတွေ ဘုန်းကြီးက ဟောတဲ့....တရားတော့.... နာကြပါဆိုတာ မေတ္တာရှေ့ထား ပြောတယ်နော်....(မှန်ပါ) ဉာဏ်ကတော့ဖြင့် ခန္ဓာကိုယ်လှည့်ပါလို့ ပြောလိုက်တယ် (မှန်ပါဘုရား)။

တရား ဘယ်ကနာရမလဲ....(နားကနာရပါမယ်) နားကနာပြီး သကာလ သိတဲ့ဉာဏ်ကလေးက ဘယ်လှည့်ရမတုံး....(ခန္ဓာလှည့်ရပါမယ်ဘုရား)။

ခန္ဓာကိုယ် လှည့်လိုက်တဲ့အခါကျတော့ ခန္ဓာကိုယ်က အမှန်ပြောပါလိမ့်မယ်(မှန်ပါ) ခန္ဓာကိုယ်ကအမှန်ပြောလာတဲ့တနေ့ကျတော့ တကာတကာမတွေ အထင်အမြင်နဲ့ ခန္ဓာကိုယ်က ပြောတာနဲ့ဟာ ဩော်....တခြားစီပါလား ဖြစ်လာလိမ့်မယ် (မှန်ပါဘုရား)။

ခန္ဓာကိုယ်ကပြောတာနဲ့ ကိုယ့်ပင်ကိုယ်က မိဘရိုးရာသင်လို့ အမြင်တွေနဲ့ဆိုလို့ရှိယင် တခြားစီဖြစ်လာလိမ့်မယ်.... (မှန်ပါ)

တခြားစံဖြစ်လာတော့ ဩော်....မိဘကသင်လိုက်တာက တမျိုး၊ ရပ်ရွာကသင်လိုက်တာကတမျိုး....၊ ခန္ဓာကိုယ် ဉာဏ်လှည့်ပြီး ကြည့်လိုက်တော့ ခန္ဓာက ပြောတာက တမျိုးဆိုတော့ တကာ တကာမတွေ ခန္ဓာက ပြောတာကို အတည်ယူကြရလိမ့်မယ်.... (မှန်ပါ့ဘုရား)။

ဘယ်ဟာ အတည်ယူကြမလဲ(ခန္ဓာကိုယ်ကပြောတာ အတည် ယူကြရပါမယ်) ခန္ဓာကပြောတာ အတည်ယူကြပါလို့ သတိ ပေးလိုက်တယ်နော်....(မှန်ပါ့ဘုရား)။

ခန္ဓာကတော့ တကာတကာမတွေ သိတဲ့အတိုင်းတဲ့ ကိုယ် ရှုထားတဲ့ ဆုတောင်းပြည့်တဲ့ ခန္ဓာကိုးဗျ....(မှန်ပါ့)ကိုယ်ရှုထား လို့ ဆုတောင်းပြည့်တဲ့ခန္ဓာဆိုယင် တကာကြွယ် ငြင်းဖို့လိုသေး သလား....(မလိုပါဘုရား)။

အဲဒီတော့ နဂိုက သံသရာတုန်းကလဲ ကိုယ်ကမျက်စိမှောက် မှားပြီး ခန္ဓာရအောင် ဆုတောင်းခဲ့ကြတယ်....( မှန်ပါ့ )ခန္ဓာ ရအောင် ဆုတောင်းခဲ့တော့ကို အခုခန္ဓာကို ဆရာဘုန်းကြီးက အရိယာမျက်လုံးဆိုတာကြီး တပ်ပေးလိုက်တယ်....( မှန်ပါ့ ) အရိယာမျက်လုံးကလေး တပ်ပေးလိုက်တော့ ခန္ဓာကပြောတာ မြင်ရတယ်....(မှန်ပါ့ဘုရား)။

ခန္ဓာကပြောတာ မြင်ရတော့ကို ဩော်.... တသံသရာလုံးက သူပြော-လူပြောနဲ့ လမ်းဆုံးလာခဲ့လို့ ဒုက္ခပင်လယ်ဝေခဲ့ရတယ် (မှန်ပါ့)ခန္ဓာကပြောတာ နားမထောင်မိလို့ နိဗ္ဗာန်နဲ့ ဝေးခဲ့ရ တယ်.... (မှန်ပါ့) သူပြော, လူပြောလမ်းဆုံးတာနဲ့ တကာ တကာမတို့ ဒုက္ခပင်လယ်ဝေရတယ်....(မှန်ပါ့ဘုရား)။

ခန္ဓာကပြောတာကို ယခုကဲ့သို့ နားမထောင်မိလို့ တကာ တကာမတွေမှာ ကိုယ်ကျိုးနည်းခဲ့ရတယ်.... (မှန်ပါ့ဘုရား)။

အဲဒီ့ ကိုယ်ကျိုးနည်းခဲ့ရမှုကို ယခုအခါမှာ နားက တရား နာ၍ ဉာဏ်က ခန္ဓာလှည့်လိုက်တော့ ခန္ဓာကိုယ်က ပူပြန်ပြီ ပြောလိုပြော၊အေးပြန်ပြီပြောလိုပြော.... ( မှန်ပါ့ ) ညောင်း ပြန်ပြီ ပြောလိုပြော၊ အိုက်ပြန်ပြီ ပြောလိုပြော.... ( မှန်ပါ့ ) ခန္ဓာကပြောတာကဖြင့် သူ့ ပင်ကိုယ် သဘောကပြောတာပဲ.... (ပြောပါတယ်ဘုရား)။

အဲဒီတော့ သူ့ကြည့်တိုင်း ကြည့်တိုင်းလဲ တကာတကာမ တွေက ကောင်းတဲ့ရုပ်တွေကပျောက်၊ အိုက်တဲ့ရုပ်တွေက ပေါ် ပေါက်လာပြန်တယ်....(မှန်ပါ့) ဆိုတော့ ခန္ဓာက အမျိုးမျိုး ပြောင်းလဲပြနေတယ်....(ပြပါတယ်ဘုရား)။

အေးတဲ့ရုပ်တွေပျောက်ပြီး ညောင်းတဲ့ရုပ်တွေ ပေါ်ပေါက် လာတယ်....(မှန်ပါ့) အင်း.... ခန္ဓာကပြောတာကဖြင့် တကာ တကာမတို့ အကောင်းပျောက် အဆိုးရောက်-အကောင်းပျောက် အဆိုးရောက်နဲ့ ပြောလေ့ရှိတယ်.... (မှန်ပါ့) ခန္ဓာကပြောတာ ကဖြင့် ဖြစ်လိုက်ပျက်လိုက်ချည့်ပဲ ပြောတာလို့ တိုတိုဆိုကြ ပါစို့....(မှန်ပါ့ဘုရား)။

ခန္ဓာက ဘာတွေပြောပါလိမ့်.... (ဖြစ်လိုက်-ပျက်လိုက်ချည့် ပြောပါတယ်ဘုရား)။

ဖြစ်လိုက်ပြန်ပြီ-ပျက်လိုက်ပြန်ပြီ ဖြစ်လိုက်ပြန်ပြီ-ပျက်လိုက် ပြန်ပြီ၊ ရိုးရိုးပြောတော့....မွေးလိုက်ပြန်ပြီ.... သေလိုက်ပြန်ပြီလို့ ပြောတာပဲ....(မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ ခန္ဓာကပြောတာ ကြည့်လိုက်တော့မှ တသံသရာလုံးက ဒိုကို လူချမ်းသာထက် နတ်ချမ်းသာကောင်းတယ်၊ နတ်ချမ်းသာထက် ဗြဟ္မာချမ်းသာ ကောင်းတယ်လို့ ဒို့အထင်မှားကြီးဒိဋ္ဌိစွဲနဲ့ တဏှာစွဲနဲ့ စွဲနေတာကြီး ယခုဉာဏ်မျက်လုံးနဲ့ လူချမ်းသာကောင်းတယ်ဆိုပြီးသကာလ၊ နားကတရားနာပြီးသကာလ၊ဉာဏ်ခန္ဓာကိုယ်အလှည့်ခိုင်းလို့ အရိယာမျက်လုံးတပ်ပေးပြီးဆရာဘုန်းကြီးက တပ်ပေးပြီး လှည့်လိုက်တဲ့အခါကျတော့ ခန္ဓာ့အပြောကဖြင့် နည်းနည်းမှ မကောင်းပါလားဆိုတာ ပေါ်လာလိမ့်မယ်....(မှန်ပါ့ဘုရား)။

ခန္ဓာ့အပြောကဖြင့်....(နည်းနည်းမှမကောင်းပါ)နည်းနည်းမှမကောင်းတာတွေ ပေါ်လာပါလိမ့်မယ်....(မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ နည်းနည်းမှမကောင်းတာတွေ ပေါ်လာလို့ ရှိယင်ဖြင့် သြော်....တသံသရာလုံးက သူပြော၊လူပြောနဲ့ လမ်းဆုံးပြီးဆရာကောင်း၊ သမားကောင်း မတွေ့ခဲ့တဲ့အတွက် ဉာဏ်ကခန္ဓာကိုယ်မလှည့်မိ၊ လှည့်မိတဲ့အခါ တကယ်ကြည့်လိုက်တဲ့အခါကျတော့ အကောင်းဟူသရွေ့ တစက်မှမပါပါကလား....ဆိုပြီးသကာလ ဒီလိုနားကြလို့ ရှိယင် ခန္ဓာ့ကိုယ်ကြီးဟာ ပျက်လိုက်အစားထိုးလိုက်၊ပျက်လိုက်-အစားထိုးလိုက်၊ ပျက်လိုက်၊ အစားထိုးလိုက်၊ဒီလိုချည့်နေတာပဲ....(မှန်ပါ့ဘုရား)။

ဒီဟာတွေ ကြည့်လိုက်တဲ့အခါကျတော့ကြည့်ရင်း-ကြည့်ရင်းမတ္တနဲ့ ခန္ဓာကိုယ်ကြီးကို ယထာဘူတဉာဏ်ရတယ်.... (မှန်ပါ့)။

ယထာဘူတဉာဏ်ဆိုတာ"ယထာသဘာဝ ဇာနဉာဏ်"ပါပဲ (မှန်ပါ့) ဟုတ်တိုင်းမှန်စွာ တကာတကာမတွေ့ သိနေတဲ့ဉာဏ်လို့ မှတ်လိုက်စမ်းပါ... (မှန်ပါ့ဘုရား)။

ဟုတ်တိုင်းမှန်စွာ သိနေတဲ့ဉာဏ် ဘာခေါ်ကြမယ်....(ယထာဘူတဉာဏ်ပါဘုရား)။

အဲဒါကြောင့် နားက ဘုန်းကြီးပြောတာ နားထောင်ပါ၊ ဉာဏ်က ယထာဘူတဉာဏ်နဲ့ ကြည့်ပါလို့ တရားတပွဲလုံးဆုံးမပါတယ်....(မှန်ပါဘုရား)။

နားကတော့ ဘုန်းကြီးဟောတာ နားထောင်ပါ၊ ဉာဏ်ကတော့ဖြင့် ယထာဘူတဉာဏ်နဲ့ ခန္ဓာကိုယ်ထဲကို ကြည့်ပေးပါ....(မှန်ပါ)ကြည့်ပေးလိုက်တဲ့အခါကျတော့ ပူပြန်ပြီဆိုယင် မပူတဲ့ရုပ်ပျောက်သွားလို့ ပူတဲ့ရုပ်ပေါ်တာပဲ....(မှန်ပါဘုရား)။

ညောင်းပြန်တယ်ဆို မညောင်းတဲ့ရုပ် ပျောက်သွားလို့ ညောင်းတဲ့ရုပ်ပေါ်လာတာပဲ....(မှန်ပါ) ဆိုတော့ ခန္ဓာကိုယ်က တရားနာတဲ့ အခိုက်အတန့်ကိုပဲ ခဏခဏ "ဝိပရိဏာမလက္ခဏ ဒုက္ခသစ္စ"ဆိုတဲ့အတိုင်း ဖေါက်ပြန်ပျက်စီးနေတဲ့ ဒုက္ခသစ္စာကြီး ခန္ဓာကပြောတယ်....(မှန်ပါဘုရား)။

ဘယ်သူက ပြောပါသိမ့်....(ခန္ဓာကပြောပါတယ်) ခန္ဓာက ပြောတာကို တကာတကာမတွေက ဉာဏ်ကလေးနဲ့ ခေါင်းညိတ်လိုက်ပါ....(မှန်ပါဘုရား)။

ခန္ဓာကပြောတာကို (ဉာဏ်ကလေးနဲ့ ခေါင်းညိတ်လိုက်ပါ) ဉာဏ်ကလေးနဲ့ခေါင်းညိတ်ပြီးဘုန်းကြီးတို့ တကာတကာမတွေက လိုက်ပြီဆိုမှဖြင့် သူပြော၊လူပြော လမ်းဆုံးတာလား....ကိုယ်ပိုင်အရိယာချက်သိုးအမြင်နဲ့ မြင်ရတာလားလို့ မေးလို့ရှိယင် ကိုယ်ပိုင်ပါဘုရား၊ "သုဘာဝါ အရိယသာဝကော" ဖြစ်သောကြောင့် အကြားအမြင်များတဲ့ဉာဏ်နဲ့ တပည့်တော်တို့ကြည့်လိုက်တဲ့အတွက် ဖေါက်ပြန်တဲ့ ဒုက္ခသစ္စာကြီး တွေ့ပါတယ်ဆိုတဲ့

ဥစ္စာ တကာတကာမတို့ ဒီဉာဏ်သည် အမှန်သိတဲ့ဉာဏ်ပဲလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့ဘုရား)။

ဒီဉာဏ် ဘာဉာဏ် ခေါ်ကြမလဲ.... (အမှန်သိတဲ့ဉာဏ်ပါ) အမှန်သိတဲ့ ယသာဘူတဉာဏ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) အဲဒီ့ဉာဏ်ရတဲ့ ဘုန်းကြီးတို့ တကာတကာမတွေက တရားကို နားကထောင်လို့ ကြားတော့ ကြားနေတာပဲ၊ ကြားပေမယ့်လဲ တရားနာရင်းကိုယ့်ဉာဏ်ကိုလက်မလွှတ်လိုက်ပါနဲ့(မှန်ပါ့)။

တရားနာရင်း ကိုယ့်ဉာဏ်ကို.... (လက်မလွှတ်လိုက်ပါနဲ့) လက်မလွှတ်ပဲနဲ့ နားကတော့ဖြင့် ကြားချင်ကြားနေမှာပဲ .... (မှန်ပါ့ဘုရေး)။

ကိုယ့်ဉာဏ်လက်မလွှတ်ပဲနဲ့ တကာတကာမတွေက ကြည့်မြဲတိုင်း ကြည့်နေ - အို....ဖေါက်ပြန်,ပြန်ပြီ၊ ပျက်စီးပြန်ပြီ၊ ဖေါက်ပြန်,ပြန်ပြီ၊ ပျက်စီးပြန်ပြီလို့ ခန္ဓာလှည့်ထား....(မှန်ပါ့ဘုရား)။

ဦးမာဒင် ခန္ဓာလှည့်ထားရမယ်နော် (မှန်ပါ့)တကာကြွယ်တို့ ဘယ်လှည့်ထားရမတုံး(ခန္ဓာလှည့်ထားရပါမယ်) ခန္ဓာကိုဉာဏ်က လှည့်ထားပါလို့ တကာတကာမတွေ သတိပေးလိုက်ပါတယ်.... (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ ခန္ဓာကို ဉာဏ်ကလှည့်ထားတော့ ခန္ဓာက ဘကာ တကာမတွေ အရင်တုန်းကမမြင်တာတွေတောင်မှ ခုနင်က အစ, တွေ့သွားတော့ ဆက်ပြီးမြင်လာတယ်....(မှန်ပါ့)။

ဆက်ပြီးမြင်လာတဲ့အခါ ဩော်....ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာမှ တပါး၊ ဆင်းရဲတာ အမှန်မှတပါး ဘာမှ မရှိပါကလားဆိုတဲ့ ဉာဏ်ဟာ တခါတည်း သူများပြောလား, ကိုယ်တိုင်မြင်လား ဆိုတာ အကဲခတ်ကြည့်....(ကိုယ်တိုင်မြင်ပါတယ်ဘုရား)။

ကိုယ်တိုင် မြင်ရောက်လာတယ်....(မှန်ပါ့)ကိုယ်တိုင်မြင်ရောက်လာတော့မှ ဩော်....ဒီကိုယ်တိုင်မြင်ဆိုတဲ့ဥစ္စာက ရှေးက စာအုပ်ဖတ်ပြီး လမ်းဆုံးတယ်.... (မှန်ပါ့) စာအုပ်ဖတ်ပြီး လမ်းဆုံးတယ်၊ တရားဟောတဲ့ ဘုန်းကြီးက ဟောတော့ သူ့တရားဆီမှာလမ်းဆုံးတယ်....(မှန်ပါ့) ကိုယ်တိုင်မြင်မရောက်ခဲ့ဘူး....(မရောက်ခဲ့ပါဘုရား)။

အဲဒီတော့ ဘုရားကလဲ ငါ့အပြော ငါ့အကြိုက်ကကွာ....တဲ့ ဒိဋ္ဌမမွော နာတဲ့ပုဂ္ဂိုလ်၏ ဒိဋ္ဌမမ္မဖြစ်စေချင်တယ်ကွ.... (မှန်ပါ့ဘုရား)။

ဘုရားက ကြိုက်တာက ဘာကြိုက်သတုံး....(ဒိဋ္ဌမမ္မဖြစ်စေချင်ပါတယ်ဘုရား) ဒိဋ္ဌမမွောကြိုက်ဘယ်....(မှန်ပါ့)။

ဒိဋ္ဌမမွောဆိုတာက တကာတကာမတွေ အကဲခတ်ကြည့်ပါ ကိုယ်တိုင်မြင်တာ ကြိုက်တယ်....(မှန်ပါ့)။

တကာတကာမတို့ ဘုရားက ဘယ်ဟာကြိုက်သတုံး....(ကိုယ်တိုင်မြင်တာ ကြိုက်ပါတယ်ဘုရား)။

ဘုရားက ကိုယ်တိုင်မြင်တာကြိုက်တယ်၊ဒါ့ကြောင့် ဘုန်းကြီးကလဲ မြတ်စွာဘုရား၏ တပည့်သားမြေး အရင်းအချာ ဖြစ်နေတော့တကာတကာမတို့နားကြီးကြီးနဲ့တရားနာပါဟုသတိပေးပါတယ်....(မှန်ပါ့) ဥာဏ်က-ယထာဘူတဥာဏ်က ခန္ဓာကိုကြည့်....(မှန်ပါ့) ကြည့်လိုက်တဲ့အခါကျတော့ ကိုယ်တိုင်မြင် ဖြစ်ပါလိမ့်မယ်....(မှန်ပါ့)။

ဘယ်လိုဖြစ်ကြမယ်.... ( ကိုယ်တိုင်မြင် ဖြစ်မှာပါဘုရား ) ဩော်....ဒါဖြင့် ဒီနေ့တရားသည် တကာတကာမတို့ ကိုယ်တိုင်

မြင်တရားဟောရလိမ့်မယ်.... ( မှန်ပါ့ ) ကိုယ်တိုင်မြင်တရားကို ကိုယ်တိုင်မြင်လာပြီဆိုတော့ အရင်တော့ ဦးမာဒင်တို့ တကာကြွယ်တို့ ဦးလှဘူးတို့ အားလုံးသော ပုဂ္ဂိုလ်တို့ ဘယ်လိုဖြစ်နေသဘုံးဆိုတော့ စာက ဒီလိုဆိုတယ်.... (မှန်ပါ့) ဟင်....စာဘက် လှည့်သွားတယ် တကာကြွယ်-ရေ.... (မှန်ပါ့) ကိုယ်တိုင်မြင်ကျသေးရဲ့လား....(မကျပါဘုရား)။

ဟာ....ဘယ်ဆရာတော်က ဘယ်လိုဟောထားတယ် ဆိုတော့ သူများပါးစပ်လမ်းဆုံးတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် သူများပါးစပ်နဲ့လဲ နိဗ္ဗာန်မရောက်နိုင်ဘူး (မှန်ပါ့) သူများပါးစပ်နဲ့လဲ နိဗ္ဗာန်မရောက်နိုင်ဘူး တကာတကာမတို့.... (မှန်ပါ့) စာနဲ့လဲ နိဗ္ဗာန်မရောက်နိုင်ဘူး.... (မရောက်နိုင်ပါ) စာက မှတ်တမ်းကိုးဗျ....(မှန်ပါ့) မှတ်တမ်းထဲ ငွေမရှိသလိုပဲ၊ တကယ် ဒုက္ခသစ္စာရှိတာက ခန္ဓာမှာရှိတယ်....(မှန်ပါ့)။

အဲဒီတော့ နံ့ာက ဘုန်းကြီးပြောတဲ့တရားကို ဦးမာဒင်တို့က နာ, တကာကြွယ်တို့ကနာ, ဦးလှဘူးတို့ကနာပြီး ဉာဏ်က ခန္ဓာစိုက်ထားပါ....(မှန်ပါ့)။

အားလုံး တကာတကာမတွေ ဒါ....အရေးအကြီးဆုံးအချက်ကို ပြောနေပါတယ်(မှန်ပါ့)အရေးအကြီးဆုံး အချက်ကို ပြောနေတယ်ဆိုတာကို တရားတပွဲလုံးသေသေချာချာမှတ်ပါ(မှန်ပါ့) သာမည မနာပါနဲ့ ဆိုဘာကို လေးစားစွာနဲ့ အားလုံးကို ကယ်တင်နေတဲ့ ဆရာဖြစ်နေလို့ ဦးမာဒင်- ရေ....လေးလေးစားစားပဲ မေတ္တာထားပြီး ပြောနေတယ်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် နားက ဘုန်းကြီးပြောတာနာ၍ ဉာဏ်က ခန္ဓာကိုယ် လှည့်လိုက်တော့ ကိုယ်တိုင် မြင်တွေ့ရပါလိမ့်မယ်... (တွေ့ရပါတယ်ဘုရား) ကိုယ်တိုင်မြင်တွေ့ရတော့ သူများပါးစပ် သမ်းဆိုးတာတွေ ပျောက်ပါတယ်....(မှန်ပါ့)။

ကိုယ်တိုင်မြင်တွေ့ရတော့ ဘာတွေပျောက်သလဲ....(သူများ ပါးစပ် လမ်းဆိုးတာတွေ ပျောက်ပါတယ်ဘုရား)။

ဩော်-သူများပါးစပ်လမ်းဆိုးတာတွေပျောက်တယ်ဆိုတော့ ဘာတွေများ ပျောက်သွားပါလိမ့်မကုံးဆိုတော့ ယောကျ်ားလို့ အမေက ဆိုးမသားတာလဲ ကိုယ်တိုင်မြင်ကျတော့ ယောကျ်ား မဟုတ်ဘူး....(မှန်ပါ့) နင်ဟာ မိန်းမ-မိန်းမပီပီနေတာ မဟုတ် ဘူး....လို့ အမေ့အဖေက ဆိုးမသားတာလဲ အမေ့အဖေက မိန်းမ....တဲ့၊ အရပ်က ပြောကြတယ်၊ ကျုပ်မိန်းမလို့ သမုတ် ကြတယ်၊ ကျုပ်ကိုယ်တိုင်၊ ကိုယ်တိုင်မြင်တာကတော့ ဖောက် ပြန် ပျက်စီးတဲ့ ဒုက္ခသစ္စာပဲ တွေ့ဘယ်.... (မှန်ပါ့) ဆိုတော့ အရပ်ပြောတွေ ပျောက်၊ ကိုယ်၊ ကိုယ်၊ ကိုယ်၊ ငါပဲ၊ သူပဲ ယောကျ်ားပဲ၊ မိန်းမပဲ ထင်တာတွေပျောက်... (မှန်ပါ့)။

ဒါဖြင့် နားက တရားနာပြီး ဉာဏ်က ခန္ဓာစိုက်လိုက်ဘာ ဦးမာဒင့်ရေ....ဒိဋ္ဌိကွာထွက်သွားတယ်....(မှန်ပါ့)။

နားက တရားနာပြီး ဉာဏ်က ခန္ဓာစိုက်လိုက်ဘာ ဘာဖြစ် သွားသဘုံး.... (ဒိဋ္ဌိကွာသွားပါတယ်ဘုရား) ဩော်....အဖိုးတန် လိုက်တဲ့ဖြစ်ခြင်း တကာကြွယ့်ရေ....(မှန်ပါ့) အင်မတန် အဖိုး တန်သွားပြီနော်....(မှန်ပါ့)။

တကာဘကာမတို့ တကာသင်တို့ ဒီအတိုင်းသာ ဉာဏ်စိုက် စိုက်၊ စိုက်စိုက်ပြီးသကာလ ခန္ဓာကြည့်ကြမယ် ဆိုလို့ရှိယင်ဖြင့် ကြည့်တာနဲ့ တပြိုင်နက်ဘည်း ဒိဋ္ဌိကွာတယ်....(မှန်ပါ့) ဩော်.... အများပြောတွေနဲ့ မတူပါလားဆိုလို့ရှိယင် ဒိဋ္ဌိကွာလို့သာ မှတ်....(မှန်ပါ့)။

အများပြောနဲ့မတူပါလားဆိုတာ.... (ဒိဋ္ဌိကွာလို့ပါဘုရား) အင်း....ကိုယ်တိုင် ဆုံးဖြတ်ချက်ချလာတာကိုးဗျ.... ( မှန်ပါ့ ) အများပြောနဲ့ မတူပါကလားဆိုဘာ ဦးမာဒင် ဘယ်သူဆုံး ဖြတ်ချက်ချဘာတုံး.... (ကိုယ်တိုင်ဆုံးဖြတ်ချက်ချတာပါဘုရား)။

နေရာကျလိုက်တာ....(မှန်ပါ့) အားလုံး တကာတကာမတွေ ပေပုင်းကြနဲ့နော်.... ဒီနေ့တရားဟာ အင်မတန်ကြီးတဲ့အရေးကို စ,ကတည်းက နားသွင်းနေတယ် သတိထားပါ.... (မှန်ပါ့) တရားပွဲအဆုံးမှာ သောတာပန်တည်တဲ့ဉာဏ်ရောက်အောင် ဖြစ် စေချင်လွန်းလို့ ခင်ဗျားတို့ ဝမ်းထဲက အခုသေယင် အခု အပါယ်သွားမှာ ချက်ချင်းပျောက်ပါစေလို့ တရားစ,ကတည်း က ဒိဋ္ဌိခွါပေးနေတာ....(မှန်ပါ့)။

တရား စ,ကတည်းက ဘာခွါပေးနေသလဲ....(ဒိဋ္ဌိခွါပေးနေ ပါတယ်ဘုရား)။

သေသေချာချာ ဂရုစိုက်ကြပါ။ ဒါဖြင့် ဒိဋ္ဌိခွါနည်း နည်း ရှည်းက စာထဲက ရုပ်နာမ်ကွဲယင် ဟောဒါရုပ်၊ ဟောဒါနာမ် လို့ သိလို့ရှိယင်ဖြင့် ဒိဋ္ဌိကွာကာပဲလို့ စာက ရေးပြောသော်လဲ ခန္ဓာက အပြောမဟုတ်တော့ ကပ်တာက ခန္ဓာမှာကပ်တာ စာမှာ ကပ်နေတာမဟုတ်ပါဘူး....(မှန်ပါ့)။

ဘယ်မှာ ကပ်နေတာတုံး....(ခန္ဓာမှာ ကပ်နေတာပါဘုရား) ခန္ဓာမှာကပ်နေတဲ့ ဒိဋ္ဌာနုသယကို ခန္ဓာကိုယ် ယထာဘူတဉာဏ်နဲ့ ခွါလိုက်တော့မှ၊ဒိဋ္ဌာနုသယက ကွာထွက်သွားတယ်.... (မှန်ပါ့ဘုရား)။

တကာကြွယ်-ရေ....သိပ်အဖိုးတန်ပါကလား.... (တန်ပါတယ်ဘုရား) ကြပ်ကြပ် တကာတကာမတွေ ဉာဏ်နားနဲ့ထောင်ပါ။ ဉာဏ်မျက်လုံးနဲ့ခန္ဓာကြည့်ပါ....(မှန်ပါ့)။

ဉာဏ်နားနဲ့ထောင်၍ ဉာဏ်မျက်လုံးနဲ့ ခန္ဓာကြည့်ပေးပါ ဆိုတာကို ကပ်ကြီးသုံးပါးကလဲ နီးကပ်နေတာက တကြောင်း၊ တကာတကာမတွေမှာလဲ အခုလိုတရားထူးတရားမြတ်ကြီး ခန္ဓာ ဉာဏ်စိုက်ရတော့ ဒီကပ်ဟာက ခန္ဓာရှိလို့ လာတဲ့ကပ်ကိုးဗျ.... (မှန်ပါ့) ခန္ဓာသိမ်းယင် ကပ်သိမ်းတာပဲ....(မှန်ပါ့)။

ခန္ဓာသိမ်းယင်.... (ကပ်သိမ်းပါတယ်ဘုရား) အဲဒါကြောင့် ကပ်ကိုလဲ ဘာမှ မကြောက်ပဲနဲ့ တကာတကာမတွေက အခု အချိန် ပြီးအောင်လုပ်လိုက်....(မှန်ပါ့)။

အခုအချိန်၊ပြီးအောင်လုပ်လိုက်ဆိုတော့ကို ဒီတရားပွဲမှာလဲ အားလုံး တကာတကာမတွေ နားက ဘုန်းကြီးပြောတာကို သက္ကာယဒိဋ္ဌိခွါတဲ့နည်းကိုပြောတာ နားထောင်ပါ.... (မှန်ပါ့) ဉာဏ်က ခန္ဓာကြည့်လိုက်တဲ့အခါကျတော့ ဖေါက်ပြန်နေတယ် ပျက်စီးပြန်တယ်၊ဖောက်ပြန်ပြီ ပျက်စီးပြန်ပြီဆိုတာတွေ မလာပေဘူးလား....(လာပါတယ်ဘုရား)။

(၅၈၂) မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား ။၂၀။

ထိုင်စကတကာတကာတွေ ဒါလောက်မပူဘူး....၊ အနေ အောက်ပိုင်းမှာ ကြည့်လိုက်လို့ရှိယင်ဖြင့် နည်းနည်းပူလာပြီ.... (မှန်လှပါ)။

အဲဒါ ဖောက်ပြန်တာပဲ....(မှန်လှပါ) နဂိုက ပျက်စီးသွား တယ်၊ထိုင်စကဟာ ပျက်စီးပြီး အခု ဖောက်ပြန်တာနဲ့နေလိုက် တယ်....(နေပါတယ်ဘုရား)။

ထိုင်စကဟာက....(ပျက်စီးသွားပါပြီဘုရား) အခု ဘာနဲ့ အတူနေသလဲ....(ဖောက်ပြန်တာနဲ့ အတူနေပါတယ်) ဟာ.... ဒါပြင့် ဘုန်းကြီးတို့ တကာတကာမတွေ သူများက ယောကျ်ား လို့ပြောကြတယ်၊ ခန္ဓာကိုယ်ထဲတော့ ဖောက်ပြန်တာနဲ့ ပျက်စီး တာတွေတယ်....(မှန်ပါ)။

အင်း.... ခန္ဓာကိုယ်ထဲတော့ ဘာတွေပါလိမ့်.... (ဖောက်ပြန် တာနဲ့ ပျက်စီးတာပဲတွေပါတယ်ဘုရား)။

လှည့်ပါ-လှည့်ပါ တကာတကာမတို့ ခန္ဓာလှည့်ပါ၊ ဉာဏ် လှည့်ပါလို့ဆိုတာ အများကြီးတိုက်တွန်းတယ် တကာကြွယ်.... (မှန်ပါဘုရား)။

ဘယ်လှည့်ရမတုံး....(ဉာဏ်လှည့်ရပါမယ်) ဉာဏ်နဲ့ လှည့်ပေး ဉာဏ်နဲ့လှည့်ပေးဆိုတာကို သတိပေးပါတယ်....(မှန်ပါ) ဉာဏ်နဲ့ လှည့်ပေးကြစမ်းပါ ဦးမာဒင်တို့....(မှန်ပါဘုရား)။

ထိုင်စတုန်းကတော့ ဒါလောက်မပူသေးပါဘူး၊ မညောင်း သေးပါဘူး၊ နည်းနည်းပူသလိုလို၊ နည်းနည်းညောင်းသလိုလို

လာတာတွေဟာ တကာ့ဘကာမတို့ မပူဘာတွေကပျောက်တယ် ပူတာတွေက ဖောက်ပြန်လာတယ်....(မှန်ပါ့ဘုရား)။

မပူဘာတွေက....(ပျောက်ပါတယ်) ပူဘာတွေက ...(ဖေါက်ပြန်ပါဘယ်ဘုရား)။

ဒါဖြင့် မပူဘာက ပျက်စီးတာ၊ပူဘာက ဖောက်ပြန်လာတယ် (မှန်ပါ့) ပျက်စီးတဲ့နေရာမှာ ဖောက်ပြန်တာ အစားထိုးတယ်.... (မှန်ပါ့)။

တကာသစ် ဘာတဲ့တုံး.... (ပျက်စီးတဲ့နေရာမှာ ဖောက်ပြန်တာ အစားထိုးပါတယ်ဘုရား)။

ဒါဖြင့် ပျက်စီးတာကလဲ အနိစ္စ ဖောက်ပြန်တာကသင်္ခါရ.... (မှန်ပါ့ဘုရား)။

ပျက်စီးတာက.... (အနိစ္စပါဘုရား) ဖောက်ပြန်တာက.... (သင်္ခါရပါဘုရား)။

ဒီဖောက်ပြန်တာကလေးဟာလဲ ဒီ့ထက်ဖောက်ပြန်လာတော့ နည်းနည်းပူတာက များများပူဘာ ဖြစ်လာပြန်တော့လဲ မူလ ဖောက်ပြန်တာကလေးက ပျက်စီးပြန်တယ်....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

အခု နည်းနည်းကြီးကျယ်တာက ဖောက်ပြန်,ပြန်ပြီ (မှန်ပါ့) ဒါဖြင့် ဖောက်ပြန်ကလေး ပျက်စီးပြီး ဖောက်ပြန်ကြီးနဲ့နေရပြန်တယ်....(မှန်ပါ့)။

ခန္ဓာလှည့်ပါ-ခန္ဓာလှည့်ပါဆိုတာ တကာ့တကာမတို့ သေသေချာချာ သတိပေးနေတယ်... (မှန်ပါ့) ဥာဏ်ဘယ်မှ မပြေးပါနဲ့ ဒီအထဲတွင် နေကြပါစေ....(မှန်ပါ့ဘုရား)။

ဉာဏ် ဒီအထဲတွင် နေကြပါစေဆိုတော့ ခန္ဓာက ပျက်စီးတာ ရယ်, ဖောက်ပြန်တာရယ် ပြောပါလိမ့်မယ်....(မှန်ပါ)။

ခန္ဓာက ဘာပြောမတုံး.... (ပျက်စီးတာရယ်, ဖောက်ပြန်တာ ရယ် ပြောပါတယ်ဘုရား)။

ပျက်စီးတာရယ်,ဖောက်ပြန်တာရယ် ဒါ ဘယ်သူက ပြော တာပါလိမ့်.... (ခန္ဓာကပြောတာပါ) ဩော်....ခန္ဓာက ပြော တယ် တကာတကာမတို့ သူပြော လူပြောလား-ခန္ဓာကပြောတာ လား....(ခန္ဓာကပြောတာပါဘုရား)။

နေရာကျလိုက်တာ,နေရာကျလိုက်တာ တကာတကာမတို့....၊ ဘယ်လိုလုပ် နေရာကျသလဲ ဆရာဘုန်းကြီးက ချီးမွမ်းထောပနာ ပြုတာပေးနေရပါလိမ့်မလဲလို့ ဒီဘရားဘပွဲလုံးက အမေးထုတ် လို့ ရှိယင်ဖြင့်....တဲ့ သူပြော လူပြောနဲ့ လမ်းဆုံးလာခဲ့ရလို့ ဒုက္ခ ပင်လယ်ဝေခဲ့ကြရတယ်....(မှန်ပါဘုရား)။

သူများက ယောကျ်ားရှိ,မိန်းမ,ရှိမှဆိုလို့ ဒုက္ခပင်လယ်ဝေခဲ့ ပြီ...(မှန်ပါ )မိန်းကလေး အပျိုအရွယ်ကလေးကလဲ ယောကျ်ား ရှိမှတင့်တယ်တယ် ထင်ပြီး သူများ-လူများပြောတာနဲ့ ဒုက္ခ ပင်လယ်ဝေလို့ အိုခြင်းဆိုး, နာခြင်းဆိုး,သေခြင်းဆိုးထဲ ပြေး ကြရတာတွေက များတယ်....(များပါတယ်ဘုရား)။

အဲဒီ သူပြော လူပြောတွေကို မယုံပဲနဲ့ ခန္ဓာပြောကို ဉာဏ် က လှည့်ပြီးကြည့်လိုက်တဲ့အခါကျတော့ ပျက်စီး,ဖောက်ပြန်နှစ်ခု ပဲ တွေ့တယ်....(မှန်ပါဘုရား)။

ဘာတွေကြသတုံး....(ပျက်စီး ဖောက်ပြန်နှစ်ခုပဲ တွေ့ပါတယ်ဘုရား)။

အင်း.... ပျက်စီးတာရယ်, ပျက်စီးမှုကုန်သွားတော့ ဖောက်ပြန်တာနဲ့ အတူနေရစ်ရတယ်....(မှန်ပါ)။

ပျက်စီးမှုကုန်သွားတော့....(ဖောက်ပြန်တာနဲ့ အတူနေရစ်ရပါတယ်ဘုရား)။

အဲဒီ့ ဖောက်ပြန်တာကလေးကလဲ ပျက်စီးသွားပြန်တော့ ဒီ့ထက်ဖောက်ပြန်တာနဲ့ နေရတယ်.... (နေရပါတယ်) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်တကိုယ်လုံး တကာကြွယ်တို့ ဦးမာဒင်တို့ ဘကာသစ်တို့က စဉ်းစားကြည့်တော့ ဖောက်ပြန် ပျက်စီးနဲ့ပဲ ခေါင်းထဲဝင်ရတော့တာပဲ....(ဝင်ရပါတယ်ဘုရား)။

ဖောက်ပြန်ပျက်စီးနဲ့ပဲ (ခေါင်းထဲဝင်ရပါတယ်) ခေါင်းထဲဝင်သည်တိုင်အောင် ဒီနှစ်ခုလှည့်နေတာပဲ....(မှန်ပါ)။

ခေါင်းထဲဝင်သည်တိုင်အောင်.... (ဒီနှစ်ခု လှည့်နေပါတယ်ဘုရား)။

ဩော်....ဒါဖြင့် သူပြော လူပြောနဲ့ ခန္ဓာပြောဖြင့်အကွာကြီးကွာ၍ အခြားကြီး ခြားနေပါပေါ့လားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်) သူပြော-လူပြောနဲ့ ခန္ဓာပြောဖြင့် အတော်မခြားနားဘူးလား....(ခြားနားပါတယ်ဘုရား)။

အဲဒီ့ခြားနားတာသည် ဦးမာဒင် တခြားမမှတ်ပါနဲ့ ဒိဋ္ဌိကွာသွားတယ်....(မှန်ပါ) ခြားနားတာသည် ဘာပါလိမ့်....(ဒိဋ္ဌိကွာသွားတာပါဘုရား)။

တကာကြွယ်ရေ- တရားနာတာ အခု နာရီဝက်တောင်မှ မပြည့်သေးပါဘူး ဆိုကြပါစို့နော်.... (မှန်ပါ့) ဒီ ဒိဋ္ဌိတလုံးကို ယခုကဲ့သို့ ပြော်....ခန္ဓာထဲမှာ အခုနင်က ထိုင်စ နဲ့ အခု တော်တော်ကလေး ထိုင်မိတဲ့အချိန်မှာ ပျက်စီးတာတွေက ပျက်စီးပြီး ဖောက်ပြန်တာတွေနဲ့ တရားနာနေရတယ်....(မှန်ပါ့)။

တော်တော်ကြာ ဖောက်ပြန်တာကလေးတွေ ပျက်စီးပြီး ဖောက်ပြန်တာကြီးနဲ့ပဲ တရားနာနေတယ်....(မှန်ပါ့)။

ဤခန္ဓာထဲမှာ သူပြော-လူပြော မဟုတ်ပဲနဲ့ ဉာဏ်အမြင်နဲ့ ခန္ဓာအစဉ်ကို ကြည့်လိုက်လို့ရှိယင်ဖြင့် ခန္ဓာအစဉ်ကဖြင့် ဖောက်ပြန်ပျက်စီးမှုပဲ တွေ့တယ်....(မှန်ပါ့ဘုရား)။

ခန္ဓာအစဉ်က ဘာတွေ့ပါလိမ့်....(ဖောက်ပြန်ပျက်စီးမှုတွေ့ပါတယ် ဘုရား)။

ဖောက်ပြန်ပျက်စီးမှုပဲ ပြောတယ်ဆိုတဲ့ဥစ္စာ ဦးမာဒင်တို့၊ တကာကြွယ်တို့၊ တကာသစ်တို့က သူပြော-လူပြောဟာ ပယ်ချလိုက်ပါ....(မှန်ပါ့)။

တကာသစ် ဘာပယ်ရမတုံး....(သူပြော-လူပြော ပယ်ရပါမယ်ဘုရား)။

သူပြော- လူပြောက မင်း-ယောကျ်ား၊ မင်း-မိန်းမဆိုတာ သူပြော- လူပြောနဲ့ နဂိုကမှတ်ထားတာ....(မှန်ပါ့) ယခုအချိန်ကျတော့လဲ ဒီခန္ဓာကြီးပဲ သူတို့က ယောကျ်ားလို့၊ မိန်းမလို့၊ ချစ်စရာလို့၊ ခင်စရာလို့၊ သူများက ပြောထားကြတယ်.... (မှန်ပါ့)။

ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်ကြည့်ပါတော့မယ်ဆိုပြီး ဆရာသမားစကား နားထောင်ပြီးသကာလ နားကနာတဲ့ပြီး ဉာဏ်က ခန္ဓာလှည့်လိုက်တဲ့အခါကျတော့ သူပြော-လူပြောပျောက်သွားတယ်....(ပျောက်သွားပါတယ်ဘုရား)။

တကာတကာမတို့ ဘာပျောက်သွားသတုံး(သူပြောလူပြော ပျောက်သွားပါတယ်) သူပြော လူပြော ပျောက်ပြီးသကာလ ဘာကို လက်ကိုင်မိလိုက်ပါလိမ့်မတုံးမေးတော့မှ ဖောက်ပြန်တာနဲ့ ပျက်စီးတာ တွေ့လိုက်တယ်....(မှန်ပါ)။

ဘာများတွေ့လိုက်ပါလိမ့်....(ဖောက်ပြန်တာနဲ့ ပျက်စီးတာတွေ့ပါတယ်ဘုရား)။

ဖောက်ပြန်တာနဲ့ ပျက်စီးတာတွေ့လိုက်တော့မှ ဩော်.... သူပြော လူပြောတွေ အကုန်သွားကြတော့ဟေ့၊ တလုံးမှမမှန်ဘူးဟ၊ ခန္ဓာကပြောတာမှ အတည်ပဲ....(မှန်ပါဘုရား)။

တကာကြွယ် ဘာတဲ့ဗျာ.... (ခန္ဓာပြောတာမှ အတည်ပါ) ခန္ဓာပြောတာကို အတည်ပြုလိုက်တဲ့အခါကျတော့မှ ဖောက်ပြန်တာနဲ့ ပျက်စီးတာပဲရှိတယ်ဆိုတော့ ဖြစ်ဒုက္ခ, ပျက်ဒုက္ခပဲ ရှိတော့တယ်....(မှန်ပါဘုရား)။

ဘာရှိပါလိမ့်....(ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခပဲရှိပါတယ်) ဖြစ်တာကလဲ ပျက်စီးမလို့....( မှန်ပါ )ပျက်တာကလဲ ပျက်စီးလို့.... (မှန်ပါဘုရား)။

ဖြစ်တာကလဲ ပျက်စီးမလို့၊ ပျက်တာကလဲ ပျက်စီးခြင်းသို့ ရောက်တယ်....(မှန်ပါဘုရား)။

အင်း....ဖြစ်တာကလဲ ပျက်မလို့ တကာတကာမတို့(မှန်ပါ့) ပျက်တာကလဲ ပျက်ခြင်းသို့ ရောက်တာပဲရှိတယ်....( မှန်ပါ့ ) ဩော်....ဒါဖြင့် သေမှာနဲ့ သေတာပဲ နှစ်ခုသာရှိပါကလား.... (မှန်ပါ့ဘုရား)။

ဖြစ်ပေါ်လာတာကသေမှာ(မှန်ပါ့)ပျက်သွားတာကသေတာ (မှန်ပါ့) ခန္ဓာကိုယ်ထဲမှာ သေမှာနဲ့သေတာနှစ်ခုသာရှိပါကလား (မှန်ပါ့) ဘာများရှိပါလိမ့် .... (သေမှာနဲ့သေတာနှစ်ခုပဲရှိပါတယ်ဘုရား)။

တကာကြွယ် ဒါကလေး ဉာဏ်ဦးတည့်လိုက်စမ်းပါ .... (မှန်ပါ့)တရားနာတဲ့ တကာတကာမတွေ သေမှာနဲ့သေတာကို ဉာဏ်ဦးတည့်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

သေမှာနဲ့ သေတာကို.... (ဉာဏ်ဦးတည့်လိုက်စမ်းပါဘုရား) သေမှာလဲ ဒုက္ခသစ္စာပဲ....(မှန်ပါ့) မသေသေးဘူး၊ သေမှာပဲ.... (မှန်ပါ့) သေမှာတရားသည် သေတာသို့ရောက်သွားတဲ့ အခါကျတော့လဲ ဒုက္ခသစ္စာပဲ....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ" သံယုတ်ပါဠိတော်မှာ....(မှန်ပါ့) ဒုက္ခမေဝ=သေမယ်လို့ ပေါ်လာတဲ့တရားသည်သာလျှင်၊ ဥပ္ပဇ္ဇမာနံ= ဖြစ်ဆဲဖြစ်၍၊ ဥပ္ပဇ္ဇတိ=ဖြစ်၏၊ ဒုက္ခမေဝ=ဒုက္ခတရားသည်သာလျှင်၊ နိရုဇ္ဈမာနံ ချုပ်ဆဲဖြစ်၍၊ နိရုဇ္ဈတိ=ချုပ်၏....( မှန်ပါ့ ) ဩော်....တကာတကာမတို့ ခန္ဓာကိုယ်ထဲမှာ ဖြစ်ဆဲဒုက္ခနဲ့ ပျက်ဆဲဒုက္ခရှိပါကလား....(မှန်ပါ့ဘုရား)။

ဘာများရှိပါကြလိမ့်....(ဖြစ်ဆဲဒုက္ခနဲ့ ပျက်ဆဲဒုက္ခရှိပါတယ်) ဖြစ်ဆဲဆိုတာလဲ ဒုက္ခမရောက်လို့ ဖြစ်တာ....(မှန်ပါ) ပျက်ဆဲဆိုတာက ဒုက္ခရောက်သွားတာ....(မှန်ပါ) ဒါဖြင့် ဦးမာဒင်တို့ ဒုက္ခရောက်မှာနဲ့ ဒုက္ခရောက်တာပဲရှိတယ်....(မှန်ပါဘုရား)။

တကာကြွယ် ဘာရှိပါလိမ့်.... (ဒုက္ခရောက်မှာနဲ့ ဒုက္ခရောက်တာပဲရှိပါတယ်)တကာသစ် ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါခန္ဓာကို ဉာဏ်နဲ့ကြည့်လိုက်တော့ သူပြော, လူပြောတွေ အကုန်ပျောက်.... (မှန်ပါ) စာပြောတွေ အကုန်ပျောက်... (မှန်ပါ)ကိုယ့်ဉာဏ်ဆဲရောက်လာတာကဖြင့် ဖောက်ပြန်တာနဲ့ ပျက်စီးတာ ဤနှစ်ခုပဲ ရောက်လာတယ်....(မှန်ပါဘုရား)။

ဖောက်ပြန်တာနဲ့ ပျက်စီးတာ ဤနှစ်ခုသာရောက်လာတော့ ဒုက္ခသစ္စာရောက်တယ်(မှန်ပါ) ဖောက်ပြန်တာကလဲ ဒုက္ခသစ္စာ၊ ပျက်စီးတာကလဲ....(ဒုက္ခသစ္စာပါဘုရား)။

ဒါတွေ ရောက်လာတော့ ဩော်.... ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ခပ်ကျဉ်းကျဉ်းဖြင့်ကွာ- မင်းတို့ခန္ဓာ ဒုက္ခသစ္စာ....(မှန်ပါ) "သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" ကိုး (မှန်ပါ)ခပ်ကျဉ်းကျဉ်းပြောပါရစေကွာ ရှည်မနေပါနဲ့၊ မင်းတို့ ခန္ဓာထဲ ဖြစ်ဒုက္ခ, ပျက်ဒုက္ခပဲရှိပါတယ်တဲ့....( မှန်ပါဘုရား )။

တကာတကာမတွေ ခန္ဓာထဲ ဘာရှိပါလိမ့်.... (ဖြစ်ဒုက္ခ,ပျက်ဒုက္ခပဲရှိပါတယ်ဘုရား)။

ဟာ....ဦးမာဒင် သူပြော,လူပြောပျောက်ပြီ.... ( မှန်ပါ ) တကာကြွယ် ဘာတုံး.... (သူပြော,လူပြောပျောက်ပါပြီဘုရား)။

သူပြော,လူပြော ပျောက်သွားပြီ တကာတကာမတို့(မှန်ပါ) ဉာဏ်လှည့်ပါ- ဉာဏ်လှည့်ပါ တကာတကာမတို့၊ ခန္ဓာဉာဏ်

လှည့်တော့ ဘာပျောက်သွားသတုံး....(သူပြော,လူပြောပျောက် သွားပါတယ်ဘုရား)။

သူပြော-လူပြောဆိုတာက ယောကျ်ားထင်တဲ့အမှတ်၊ မိန်းမ ထင်တဲ့အမှတ်....(မှန်ပါ့)မင့်ကိုယ် ကျားကိုးစီးစားလို့ မကုန်နိုင် ဘူးဆိုတဲ့ မိစ္ဆာဒိဋ္ဌိ....(မှန်ပါ့) အခုတော့ဖြင့် ဖောက်ပြန်တာနဲ့ ပျက်စီးတာချည့် တွေ့ရတဲ့အတွက်တဲ့ ဘုန်းကြီးတို့တကာတကာမ တွေ့ဦး ဩော်....အကျဉ်းဘုရားဟောတော့ ဒုက္ခသစ္စာလို့ ပြော တာ အရင်တော့ ဘုရားဟောစာထဲတွင် အောက်မေ့နေတယ်၊ ယခုတော့ဖြင့် ခန္ဓာကပြောပါပေါ့သားလို့ ဆုံးဖြတ်ချက်ချ.... (မှန်ပါ့ဘုရား)။

ဘယ်သူကပြောပါသိမ့်.... (ခန္ဓာက ပြောပါတယ်) ခန္ဓာက ပြောပြီ....(မှန်ပါ့) ခန္ဓာကပြောတော့ ဘာလို့ပြောသတုံး.... (ဒုက္ခသစ္စာလို့ပြောပါတယ်) ဒုက္ခက ဆင်းရဲတာ၊ သစ္စာက မှန်တာ....(မှန်ပါ့ဘုရား)။

ဒုက္ခက-ဒုက=ဆင်းရဲဘာ၊ခ, က=အသုံးမကျတာ၊ သစ္စာက မှန်တာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ စက်ဆုပ်စရာ အသုံးမကျဘာ အမှန်ပဲသွားဖြစ်ဘယ်....(မှန်ပါ့)ဒုက,ဒုကုစ္ဆိတံကိုး၊ စက်ဆုပ် အပ်တဲ့ဘရား၊ခ,က အသုံးမကျဘာ....(မှန်ပါ့) သစ္စာက,မှန်တာ (မှန်ပါ့)စက်ဆုပ်စရာ အသုံးမကျတာ အမှန်ပဲတွေ့ဘယ်ဘုရား (မှန်ပါ့ဘုရား)။

ခန္ဓာဉာဏ်လှည့်လိုက်တော့ ဘာတွေ့သတုံး.... (စက်ဆုပ်စရာ အသုံးမကျတာ အမှန်တွေ့ပါတယ်ဘုရား)။

တကာတကာမတို့ ဉာဏ်လှည့်မှ တွေ့သနော်.... (မှန်ပါ့) ဘာနဲ့လှည့်ရမတုံး(ဉာဏ်နဲ့လှည့်ရပါမယ်) ဉာဏ်နဲ့လှည့်လိုက်တော့မှ စက်ဆုပ်စရာ အသုံးမကျတာ အမှန်လာတွေ့တယ်.... (မှန်ပါ့ဘုရား)။

နေရာကျပြီ၊ဒါတွေကတည်းကိုက တကာကြွယ်တို့၊ ဦးလှဘူးတို့၊ဦးမာဒင်တို့က စဉ်းစားပေး၊သူပြော,လူပြော ပျောက်ပြီဘုရား (မှန်ပါ့)။

သူပြော,လူပြောပျောက်ပြီ(မှန်ပါ့)သူပြော, လူပြောအတိုင်း ကိုယ့်ကိုယ်က ငါ့,သူလို့ ထင်နေတဲ့အထင်လဲ... (ပျောက်ပါတယ်ဘုရား)။

ဟာ....ဒါဖြင့် တကာတကာမတို့ သညာလဲပျောက်၊ ဒိဋ္ဌိလဲပျောက်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ယမိုက်ကျမ်းများကျတော့ ဒိဋ္ဌိသညာ-ဒိဋ္ဌိနှစ်မျိုးလာတယ်....(မှန်ပါ့) ဒိဋ္ဌိသညာလို့ ရှိသေးတာကိုး၊ ဒိဋ္ဌိချည့်သက်သက်လဲရှိတာပဲ.... (မှန်ပါ့) အဲဒီတော့ သညာလဲပျောက် ဒိဋ္ဌိလဲပျောက်....(မှန်ပါ့ဘုရား)။

သညာဆိုတာက သူပြော-လူပြောမှတ်ထားတာ.... (မှန်ပါ့) ဒိဋ္ဌိက မှတ်တဲ့အတိုင်း စွဲနေတာက ဒိဋ္ဌိ ...(မှန်ပါ့ဘုရား)။

သူပြော လူပြောမှတ်ထားတာက.... (သညာပါ) မှတ်ထားတဲ့အတိုင်း တကယ်စွဲစွဲမြဲမြဲ ယူလိုက်တာက....(ဒိဋ္ဌိပါ) အဲဒီတော့ သညာရော-ဒိဋ္ဌိရော ပျောက်တယ် ...(မှန်ပါ့)အဖိုးတန်လိုက်တာ (မှန်ပါ့ဘုရား)။

တကာတကာမတို့တရားနာတာ နာရီဝက်ရှိသွားပြီ-(မှန်ပါ့) ဘာပျောက်သွားသတုံး.... (သညာရော-ဒိဋ္ဌိရောပျောက်သွားပါတယ်ဘုရား)။

အဲ....ဒါကြောင့် စာသင်ဘူးတဲ့ ကိုယ်တော်တွေ ယမိုက်တွေဆိုဘူးတဲ့ ကိုယ်တော်တွေ "ဒိဋ္ဌိသညာ-သညာ၊န သညာကျွန္နော" ဆိုတာတွေဟာ ဒိဋ္ဌိသညာရော-ဒိဋ္ဌိရော အကုန်ပျောက်သွားတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေဟာ ဘယ်လိုဖြစ်သွားသတုံးလို့ မေးဘော့ ပဋိစ္စသမုပ္ပါဒ်ကလေးနဲ့ နားထောင်လိုက် (မှန်ပါ့) ဒီကျတော့မှ ပိုရှင်းသွားမယ်....(မှန်ပါ့ဘုရား)။

ဘယ်လို ပိုရှင်းသွားသတုံးဆိုတော့ ဒိဋ္ဌိသညာက ၁-နံပါတ်ဒါ ဒိဋ္ဌိရိုးရိုး....(မှန်ပါ့)တော်တော်ကြာကျတော့ သူကကြီးထွားလာတော့ ဒိဋ္ဌုပါဒါန် ဖြစ်မလာဘူးလား.... (ဖြစ်ပါတယ်) အင်း....ဒိဋ္ဌိသညာက ဒိဋ္ဌုပါဒါန်ဖြစ်လာတယ်....(မှန်ပါ့ဘုရား)။

ဒိဋ္ဌုပါဒါန်က ကြီးထွားလာတဲ့အခါ သူကနေပြီး "ဥပါဒါန ပစ္စယာ ကမ္မဘဝေါ" ဆိုပြီး ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံလာဖြစ်တယ်.... (မှန်ပါ့)ကမ္မဘဝပစ္စယာ အပါယ်ဇာတိဆိုပြီး အပါယ်ကောင်ကြီး ပေါ်လာတယ်....( မှန်ပါ့ ) ဒီ ဒိဋ္ဌိမပြုတ်လိုက်တဲ့ဖြစ်ခြင်း (မှန်ပါ့ဘုရား)။

အခုတော့ဖြင့် တကာတကာမတွေ နားက ဘုန်းကြီးပြောတာနာလို့ ဉာဏ်ကခန္ဓာကိုယ်လှည့်လိုက်တာ ဒိဋ္ဌိသညာလဲပြုတ်၊ဒိဋ္ဌုပါဒါန်လဲပြုတ် ဒိဋ္ဌိအုပ်ချုပ်တဲ့ကံလဲ ပြုတ်သွားသောကြောင့် ဒို့အပါယ်လေးပါးမှာဖြင့် ဇာတိမဖြစ်တော့ဘူးလို့ မှတ်လိုက်.... (မှန်ပါ့)သိပ်အဖိုးတန်ပါတယ်....(တန်ပါတယ်ဘုရား)။

အားလုံး တကာတကာမတွေ အပင်ပန်းခံ၊ အဆင်းရဲခံပြီး သကာလ လာကြရတယ်၊ တိုးတိုးကြိတ်ကြိတ်နဲ့ မလှည့်သာ မပတ်သာနဲ့ နာကြရပေမယ့် လဲအပါယ်လောက်မဆိုးဘူး ဆိုတာလဲ သိကြပါပြီ....(သိပါပြီဘုရား)။

အဲဒီတော့ အဲဒီ အပါယ်ကိုသွားဖို့ကိစ္စဟာလဲ ဒိဋ္ဌိရှိမှ သွားမယ်.... (မှန်ပါ) ယခုတော့ဖြင့် ခန္ဓာဉာဏ်လှည့်လိုက်တော့ တကာတကာမတွေသိတဲ့အတိုင်း ဖောက်ပြန်ပျက်စီးပဲတွေ့ရမယ်၊ ယောကျ်ားလဲ မတွေ့ဘူး၊ မိန်းမလဲ မတွေ့ဘူး....(မှန်ပါ)၊ သူများ ပြောထားတဲ့ အမှတ်တွေလဲ ပြုတ်ပြီ....(မှန်ပါ)။

အဲဒီ အမှတ်အတိုင်း ကိုယ်ယူထားတဲ့အယူကော....(ပြုတ်ပါပြီဘုရား) ကိုယ်ယူထားတဲ့အယူဟာ ဒိဋ္ဌိအယူ ...(မှန်ပါ)သူပြောတာ မှတ်ထားတာက အမှတ်ကို....(မှန်ပါ)။

အဲဒီတော့ ဒိဋ္ဌိသညာရော-ဒိဋ္ဌိရော ပြုတ်သွားပါပြီ- (မှန်ပါ) တကာတကာမတို့ ဒီခန္ဓာကိုယ်ကြည့်စမ်းပါ၊ ဖေါက်ပြန်ပျက်စီးတာမှတပါး ဘာများတွေ့သေးသလဲ....(ဘာမှ မတွေ့ပါဘုရား)။

ဉာဏ်နဲ့ကြည့်စမ်းပါ- ဉာဏ်နဲ့ကြည့်စမ်းပါ၊ အားထုတ်နေတာ အခုဟာ....(မှန်ပါဘုရား) အားထုတ်နေတာ တရားပွဲ အဆုံးမှာ ကိစ္စပြီးအောင်လို့ ဟောနေတဲ့တရားပါ၊ နာကောင်းအောင်လို့ ဦးမာဒင် ဟောတဲ့တရားမဟုတ်ပါဘူး....(မှန်ပါ)။

ခန္ဓာဉာဏ်လှည့်ပြီးသကာလ ဒီအထဲတွင် အခု နာရီဝက်ရှိပါသေးတယ်၊ အခု ဘုန်းကြီးပြောတဲ့အတိုင်းတကာတကာမတွေက တရားနာပြီး ဉာဏ်က ဩော်.... ဖေါက်ပြန်နေတာ၊ ဩော်....

ပျက်စီးနေပြန်ပါပေါ့လားလို့ အချက်ကလေးတွေထင်လိုက်လို့ ရှိယင် တကာတကာမတို့ ခင်ဗျားတို့ ဝမ်းထဲမှာရှိတဲ့ ဒိဋ္ဌာနုသယ ဆိုတဲ့ ငရဲမျိုးစေ့မရှိတော့ဘူး....(မှန်ပါ့)။

ဒိဋ္ဌာနုသယဆိုတဲ့ ငရဲမျိုးစေ့....(မရှိတော့ပါဘုရား) သြော်- ဒို-ဆင်းရဲခံရတာ နာရီဝက်ထဲနဲ့ပဲ ဆင်းရဲကလေး ပိုးစုန်းကြူး လောက် ခံရတာနဲ့ မြင့်မိုတောင်လောက် ဆင်းရဲကြီးတွေ မရှိ ဘူး.... (မှန်ပါ့) ဒါလောက်ထိအောင် ကျေးဇူးများပါတယ်.... (များပါတယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတွေ သြော်.... ဒို့အတွက် ဖြင့် တော်တော်ကြီးတဲ့ ဘုန်းကံပါရမီနဲ့မို့ ဒီအခြေအနေ ဒီအကြောင်း လာဆိုက်တာပဲဆိုတာ ကိုယ့်ဟာကိုယ် ဝမ်းသာ လိုက်စမ်းပါ....(မှန်ပါ့)။

ဒီ-ဝမ်းသာမျိုးကတော့ဖြင့် တကာတကာမတို့ သာကောင်း တယ်လို့မှတ်ပါ.... (မှန်ပါ့) အပါယ်လေးပါးဘဝကျွတ်လို့ ဝမ်းသာရတာ ဦးမာဒင့်ရေ....(မှန်ပါ့) တကာကြွယ် သိပ်အဖိုး တန်တယ်နော်....(တန်ပါတယ်ဘုရား)။

အားလုံး တကာတကာမတွေ နားက နာပါနော်....(မှန်ပါ့) ဉာဏ်က ဘယ်လှည့်မလဲ....(ခန္ဓာလှည့်ရပါမယ်ဘုရား) ခန္ဓာလှည့် တော့ ခန္ဓာက ဘယ်လိုချား ပြောပါလိမ့်.... (ဖေါက်ပြန်ပျက်စီး တာ ပြောပါတယ်) ဖေါက်ပြန်တာနဲ့ ပျက်စီးတာပဲ ပြောမယ် (မှန်ပါ့)။

မူလက ပျက်စီးတယ်၊ နောက်ဖြစ်လာတာက.... (ဖေါက်ပြန်ပါတယ်ဘုရား)။

တော်တော်ကြာ အဲဒီ့ဖေါက်ပြန်တာကလေးက မူလဖြစ်ပြီး သကာလ မူလဟာက ဘာဖြစ်ပြန်သတုံး.... (ပျက်စီးပါတယ်) နောက်ဒီ့ထက် ဖေါက်ပြန်တာက လာပြန်ရော....(မှန်ပါ)။

ဒါဖြင့် တကာကာမတွေ တကိုယ်လုံးမှာ ဖေါက်ပြန်တာနဲ့ ပျက်စီးတာနဲ့မဲ လည့်နေတယ်.... (မှန်ပါ) ဖေါက်ပြန်တာက ဒုက္ခသစ္စာ၊ ပျက်စီးတာကလဲ ဒုက္ခသစ္စာ....(မှန်ပါ)။

ဩော်.... ဒါဖြင့် ဘုရားက ငါ....ရှည်ရှည်မပြောပါရစေနဲ့၊ အကျဉ်းသာ ပြောရလို့ရှိယင်ဖြင့် မင်းတို့ခန္ဓာ ဒုက္ခသစ္စာ...တဲ့ (မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မင်းတို့ခန္ဓာ.... (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ခြွင်းချက်မရှိ အမြင်အကျယ်ဆုံးပုဂ္ဂိုလ် ပြောတာနဲ့ ကိုယ့်ဉာဏ်နဲ့ ကိုက်ကြည့်လိုက်တော့ တသားတည်း ဖြစ်သွားတယ်....(မှန်ပါ)။

ခြွင်းချက်မရှိ အမြင်အကျယ်ဆုံး ပုဂ္ဂိုလ်ဖြစ်တဲ့ ဘုရားက အကျဉ်းပြောမယ်၊ မင်းတို့ခန္ဓာဟာ ဒုက္ခသစ္စာ....(မှန်လှပါ)။

အကျဉ်းပြောမယ် ဒုက္ခသစ္စာ....လို့ ကိုယ်တော်ကြီးက ခမ္မစကြာမှာ မိန့်ထားတာနဲ့ ကျုပ်တို့ခန္ဓာကိုယ် ဉာဏ်လှည့်ကြည့်လိုက်တာနဲ့ ဟပ်သွားတယ်.... (မှန်ပါ) တသားတည်း မသွားသေးဘူးလား....(သွားပါတယ်ဘုရား)။

တသားတည်း သွားလို့ရှိယင်ဖြင့် တကာ့တကာမတို့ သူပြောသူပြော ဒိဋ္ဌိသညာလဲ ကုန်၍ ဒိဋ္ဌာနုသယလဲ ချုပ်ပါပြီ... (မှန်ပါဘုရား)။

ဒိဋ္ဌိသညာလဲ ကုန်ပါပြီ....(မှန်ပါ့) ဒိဋ္ဌာနုသယလဲ....(ချုပ်ပါပြီဘုရား) ကြွင်.... တကာသစ်-ရေ.... သေပျော်ပြီ.... (မှန်ပါဘုရား)။

အားလုံး တကာတကာမတွေ ဘယ်လိုစိတ်ကူးကြမလဲ.... (သေပျော်ပါပြီ) သေပျော်တဲ့တရားလို့ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့)။

အပါယ်ခန္ဓာဟူသရွေ့ ချုပ်ငြိမ်းရပ်သိမ်းတဲ့တရားလို့ သေသေချာချာမှတ်ပါ... (မှန်ပါ့)။

တကယ်၍ ဒီတရားပွဲက ပြန်သွားတော့ တပည့်တော်တို့ဘုရား လောဘတွေ, ဒေါသတွေ, မောဟတွေက အိမ်ကျပြန်တော့ လာတာပဲ ဘုရာ့၊ အို....ဒါကတော့ ကျန်သေးတာ လာတာပဲ.... (မှန်ပါ့)။

မကုန်သေးတာ လာတာပဲ၊ ဒီအတိုင်းသာ ခင်ဗျားတို့ ဆက်အားထုတ်လို့ ဒုက္ခချုပ်တဲ့နိဗ္ဗာန်ကြီးမြင်လိုက်လို့ ရှိယင် ကျန်တာတွေ လာတာဟာလဲ အပါယ်သွားဖို့လာတာ မဟုတ်ပါဘူး တကာတကာမတို့၊ ကိုယ်ရ,ထားတဲ့မဂ်က မနိုင်သေးတာတွေ လာတာပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါကြောင့် ဒုက္ခဆုံးတဲ့နိဗ္ဗာန်ရောက်အောင်ဖြင့် အားလုံး တိုက်တွန်းလိုက်ပါတယ်၊ မရောက်-ရောက်အောင်လုပ်ပါ၊ ကိုယ့်အရေးမို့ ပြောပါတယ်.... ( မှန်ပါ့ ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ထမင်းချက်တာသည် ဩော်....ကိုယ့်အရေး မဟုတ်ပါဘူး၊ ညှော်သည်လာလဲ စားဖို့ဆိုတော့ ညှော်သည်လဲ ပါ-ပါသေးတယ်-(မှန်လှပါ) ဒီ အသုဘကောင်ကြီး, ကြီးပွါးရေးလဲ ပါ,ပါသေးတယ်.... (မှန်ပါ့) ကိုယ့်အရေးက မပါ,ပါဘူး.... (မပါ-ပါဘုရား)။

ထမင်းချက်တာသည် တကာတကာမတွေ ဘယ်သူ့ဖို့ချက်သတုံး၊ကိုယ့်ဖို့လဲ ပါ-ပါတယ်၊ ညှော်သည် စောင်သည်လာလဲ ကျွေးဖို့ပါပဲဆိုတော့ ဩော်-ထမင်းချက်နေတဲ့ တကာတကာမကို မေးရတာ သူ့အရေးကို မပါသေးဘူး.... (မပါသေးပါဘုရား)။

အသုဘကောင် ကြီးပွားရေးရယ်,ညှော်ဝတ်စောင်ဝတ် ကျေရေးရယ် ဒါပဲ ရှိသေးတယ်....(မှန်ပါ့)။

အခု ခဏကလေး နှလုံးသွင်းလိုက်ရတာက ကိုယ့်အရေးချည့် မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ကိုယ့်ကိုယ် အပါယ်လေးပါးမှ ကယ်တင်တဲ့အရေး....(မှန်ပါ့ဘုရား)ရောက်တာ ကယ်တင်တာလား....တဲ့ ရောက်မည့်တရားတွေ ဖျက်ဆီးပြီး ကယ်တင်တာလား.... (ရောက်မည့်တရားတွေဖျက်ဆီးပြီး ကယ်တင်တာပါဘုရား)။

တယ်လဲ အဖိုးတန်ပါကလား ဘကာကြွယ့်ရေ....အင်မတန်အဖိုးတန်တယ်နော် တကာတကာမတို့....(မှန်ပါ့)။

ဉာဏ်လှည့်တော့ ခန္ဓာထဲ ဘာတွေ့ကြပါလိမ့်....(ဖောက်ပြန်ပျက်စီးတာတွေ့ပါတယ်ဘုရား)။

(၅၉၈) မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား ။၂၀။

စဉ်းစားပါ-စဉ်းစားပါ တကာတကာမတို့၊ ပူလာတာဟာ နဂိုတုန်းက ပူတာလား၊ အခုမှ ပူတာလား....(အခုမှပူတာပါ ဘုရား)။

ဒါဖြင့် ပူတာသည်ကားလို့ဆိုယင် ဖောက်ပြန်လာတော့ ခုနင်က နဂိုက အေးနေတာကလေးဟာ ပျက်စီးတာပဲ(မှန်ပါ ဘုရား)။

အေးတာ ပျက်စီးပြီး ပူတာ ဖောက်ပြန်....(မှန်ပါ)အင်း.... ခန္ဓာကိုယ်ထဲ မျက်စိ, နား, နှာခေါင်း, လျှာ တွေ့သလား....၊ ဖောက်ပြန်ပျက်စီးတာပဲ တွေ့နေသလား.... (ဖောက်ပြန်ပျက်စီး တာပဲ တွေ့နေပါတယ်ဘုရား)။

ဖောက်ပြန်ပျက်စီးတာပဲတွေ့တယ်....(မှန်ပါ)လောကီ ဥပမာ ပြောကြပါစို့ဆိုလို့ရှိယင်ဖြင့်....တဲ့ တကာတကာမတွေက ရေ ပုံးကြီးထဲ ရေတွေထည့်ပြီးသကာလ ဟိုဘက်စောင်းလိုက်, ဒီ- ဘက်စောင်းလိုက်ဆိုတော့ တကာတကာမတွေ ဘာတွေတွေ့ သလဲလို့ မေးတဲ့အခါကျတော့ အဲဒီအထဲမှာဖြင့် စောင်းတာနဲ့ တည့်တာပဲ....ဆိုတဲ့ အဓိပ္ပာယ်မရပေဘူးလား.... ( ရပါတယ် ဘုရား)။

ဟိုဘက်စောင်းလိုက်,ဒီဘက်တည့်လိုက်၊ ရေတွေလှုပ်နေတော့ လေ....(မှန်ပါ)၊တကာတကာမတွေ ရေတွေတွေ့သလား၊ စောင်း တာနဲ့တည့်တာ တွေ့သလားမေးယင် ဘယ်နှယ် ပြောမတုံး.... (စောင်းတာနဲ့တည့်တာပဲ တွေ့ပါတယ်ဘုရား)။

ဒီမှာလဲ ယောကျ်ား, မိန်းမပျောက်ပြီး ဖောက်ပြန်တာနဲ့ ပျက်စီးဘာပဲဆိုတဲ့ စောင်းဘာနဲ့ တည့်ဘာပဲတွေ့ဘယ်(မှန်ပါ့) ရေပျောက်နေဘယ်....(မှန်ပါ့ဘုရား)။

ထို့အတူပဲ ယောကျ်ား,မိန်းမ ပျောက်ပြီးသကာလ ဖောက်ပြန်တာနဲ့ ပျက်စီးတာ နှစ်ခုပဲလာတွေ့ဘယ်...(မှန်ပါ့) ပေါ်ကြ ပလား....(ပေါ်ပါပြီဘုရား)။

ဘာလာတွေ့ပါလိမ့်.... (ဖောက်ပြန်တာနဲ့ပျက်စီးတာနှစ်ခုပဲ လာတွေ့ပါတယ်) ဘာ သစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အို....တကာတကာမတို့ တညီတညာတည်း ထွက်လာတဲ့ ဒီ-အသံကလေးဟာက ပြီးပြီးသားပါရမီရှိတဲ့ ပုဂ္ဂိုလ်မို့ပြိုင်ထွက်လာဘာ....(မှန်ပါ့ဘုရား)။

ပြီးပြီးသား ပါရမီရှိတဲ့ပုဂ္ဂိုလ်မို့ ပြိုင်ထွက်လာတဲ့ အတွက်ကြောင့်....ဘုရားက မှာထားခဲ့ဘာနဲ့ ကိုက်လေခြင်းလို့ အောက်မေ့စမ်းပါ....(မှန်ပါ့ဘုရား)။

ရှင်အာနန္ဒာက အရှင်ဘုရားပရိနိဗ္ဗာန်စံယင် သံသနာကြီးဖြင့် ဘုရား ကိုယ်ကျိုးနည်းပေါ့တဲ့....(မှန်ပါ့) အကွယ်ကြီးကွယ်တော့ မှာပဲတဲ့... (မှန်ပါ့)။

ဟာ....အာနန္ဒာ မင်းလဲ့ဘာပေါ့ကွတဲ့.... (မှန်ပါ့) "ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော သော ဝေါ မမစ္စယေန သတ္ထာ" ဆိုတော့ ငါဟာ သုတ် အဘိဓမ္မာတွေ ထားပစ်ခဲ့တယ်၊ ဝိနည်းတွေ သီလတွေထားပစ်ခဲ့တယ်။

သီလပညာတွေ ထားပေးခဲ့ဘယ်၊ အဲဒီ့ဆရာတွေက ချတ်ဦးမှာ ကွတဲ့....(မှန်ပါ့)။

အခုဟာကို ရိပ်မိကြပလား....(ရိပ်မိပါပြီ) ပေါ်ကြပြီနော်.... (ပေါ်ပါပြီဘုရား)။

ဩော်....ဒီဆရာတွေက အခုဒို့ကို ချတ်နေတာကိုး (မှန်ပါ့) အဘိဓမ္မာတွေ့ သုတ္တန်တွေကချတ်နေတာ....(မှန်ပါ့) အဲဒါတွေ ဘုရားလုပ်ပြီးသကာလ ချတ်နေတာ.... (မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ဉာဏ်ကလဲ အဘိဓမ္မာပဲ.... (မှန်ပါ့) ခင်ဗျားတို့ ခန္ဓာကလဲ အဘိဓမ္မာပဲ....(မှန်ပါ့) အဲဒါကိုဘုန်းကြီးက ဒီ အဘိဓမ္မာနဲ့ ဒီအဘိဓမ္မာကိုကြည့်စမ်းပါ....(မှန်ပါ့)။

ဉာဏ်အဘိဓမ္မာကနေပြီး ခန္ဓာအဘိဓမ္မာ ကြည့်စမ်းပါ.... (မှန်ပါ့)ကြည့်လိုက်တော့ ဘာတွေတွေ့သလဲ....(ဖောက်ပြန်တာနဲ့ ပျက်စီးဘာတွေ တွေ့ပါဘယ်ဘုရား)။

ဖောက်ပြန်ပျက်စီးဘာပဲ တွေ့ဘယ်ဆိုတော့ ဉာဏ်အဘိဓမ္မာ ကလဲ အင်း....ဘုရားပေးခဲ့ဘဲ့သဘာပဲ.... (မှန်ပါ့) ခန္ဓာအဘိဓမ္မာ ကလဲ ထို့အတူပဲ ခန္ဓာကြည့်ကြလို့ ပြောထားတယ် ...(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဉာဏ်အဘိဓမ္မာနဲ့ ခန္ဓာအဘိဓမ္မာ ကြည့်လိုက်တာ တခါတည်းဖောက်ပြန်ပျက်စီးတဲ့ ဒုက္ခသစ္စာကြီး နှစ်ခု ဖြိုင်ဖြိုင်ကြီးတွေ့တာပဲ ...(မှန်ပါ့) မတွေ့လားဗျာ ...(တွေ့ ပါတယ်ဘုရား)။

အင်း.... ထိုကဲ့သို့တွေတာ ထောက်လိုက်လို့ ရှိယင်ဖြင့် ငါ ဘုရားမရှိယင် ဆရာတွေ ဒါတွေပေါ်ကွာတဲ့....(မှန်ပါ့) မမှန်ဘူး လား....(မှန်ပါတယ်ဘုရား)။

ဘုရားမရှိမှ ဦးမာဒင် ကျွတ်တမ်းဝင်လိုက်တာ မရေတွက်နိုင် ဘူးနော်....(မှန်ပါ့) ဓမ္မာသောကမင်း လက်ထက်မှာလဲ မနည်း ဘူး....(မှန်ပါ့) ဓမ္မာသောကမတိုင်ခင်ကတော.... (မနည်းပါ) မိလိန္ဒတို့ခေတ် နှစ်ပေါင်းနှစ်ရာကျော်မှာလဲ မနည်းပါဘူး.... (မှန်ပါ့ဘုရား)။

အဲဒါတွေဟာဘုရားမရှိမှ ကျွတ်တာတွေ 'ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ' ဆိုတဲ့ ဓမ္မ ဝိနယကဆရာလုပ်သွားတာ (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ တကာတကာမတွေက ဆရာကောင်း, သမား ကောင်းနဲ့ ကိုယ့်ဉာဏ်ဝီရိယကောင်းကောင်းနဲ့ ခန္ဓာကို ကြည့် တတ်အောင် ပြောတတ်တဲ့ဆရာနဲ့ ခင်ဗျားတို့ကလဲ လုံ့လဝီရိယ မလျှော့ပဲနဲ့ ကြည့်ကြမယ်ဆိုယင်ဖြင့် ခင်ဗျားတို့သန္တာန်မှာ ဘုရားတွေရှိတုန်းပါပဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါ ပြီဘုရား)။

ဘုရားတွေ ကွယ်ပလား....၊ ဘုရားတွေရှိတုန်းပဲလား (ရှိတုန်း ပါဘုရား)။

အဲဒီတော့ ဩော်.... တကာတကာမတွေက မသိကြတော့ ဘုရားကလဲ ပရိနိဗ္ဗာန်စံတာ ဧာလိုက်တာ....၊ ဒို့ကလဲ ဘုရား

ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ၂၅၀၀-အတွင်းလောက်မှ ၂၅၀၀-ကျော်လောက်မှ လူလားမြောက်တယ်၊ ဒို့ကံများ ခေလိုက်တာလို့ မအောက်မေ့ပါနဲ့....(မှန်ပါ့)ဘုရားက ခင်ဗျားတို့ကို ချွတ်ဖို့မလိုဘူး.... (မှန်ပါ့) ငါချွတ်ရမည့် ပုဂ္ဂိုလ်က ပဉ္စဝဂ္ဂီအစ သုဘဒ်အဆုံးဆိုတော့ အဲဒါ ငါ့လူတွဲ့....(မှန်ပါ့)။

ရှင်အာနန္ဒာကို ဓမ္မ,ဝိနယနဲ့ သူ့ဆရာနဲ့ သူကျွတ်လိမ့်မယ်ကွတဲ့....(မှန်ပါ့) ဒါကို ခင်ဗျားတို့က ဒီလိုမတွက်တတ်တော့ ဩဘ်ပါရမီများ သေးသိမ်မှေးမှိန်လိုက်တာ....(မှန်ပါ့)။

ပါရမီ သေးသိမ်မှေးမှိန်လိုက်တာ ဘုရားအဆူဆူနဲ့ လွဲခဲ့ကြရသလို ဂေါတမဘုရားလဲ နောက်ဆုံးပိတ် အသံသာကြားလိုက်ရတယ်၊ အလွဲကြီးလွဲနေသေးတယ်လို့ မျက်ရည်ကြီးငယ်တော့မကျလိုက်ပါနဲ့....(မှန်ပါ့)ဘုရားရှိတယ်လို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့ဘုရား)။

"ယောဝေါ အာနန္ဒ (ပ)သတ္ထာ"လို့ သုတ်မဟာဝါပါဠိတော်မဟာပရိနိဗ္ဗာနသုတ်မှာ သေသေချာချာလာပါတယ် (မှန်ပါ့) ရှင်းပြီ....(ရှင်းပါပြီဘုရား)။

ဘုရားရှိသလား....၊ မရှိဘူးလား.... (ရှိပါတယ်) ရှိတယ်တဲ့ ခင်ဗျားတို့သန္တာန်ကို ဟောပြောနေတာ....(မှန်ပါ့) ဒါတွေက ဘုရားတွေပဲမှတ်လိုက်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် တရားနာတာလဲ တော်တော်ကလေး ကြာသွားတော့ နားကဘာလုပ်ကြရမယ်....(တနားနားရပါမယ်) နား

က တရားပဲနာကြရမယ်.... (မှန်ပါ) ဉာဏ်က ဘယ်လှည့်ရမလဲ (ခန္ဓာလှည့်ရပါမယ်ဘုရား)။

ခန္ဓာလှည့်တော့ ခန္ဓာက တကာသစ်ရေ ဘာတွေများပြောပါလိမ့်မလဲ.... ( ဖေါက်ပြန်ပျက်စီးတာတွေ ပြောပါတယ် ) ဖေါက်ပြန်ပျက်စီးတာပဲပြောတယ်....(မှန်ပါ)။

တကာကြွယ် ဘာတွေများပြောသလဲ.... (ဖေါက်ပြန်ပျက်စီးတာပဲ ပြောပါတယ်) ယောကျ်ားလို့လဲ မပြောပါဘူး- (မပြောပါဘုရား) မိန်းမလို့ကော....(မပြောပါ) ငါလို့လဲ.... (မပြောပါဘုရား) သူလို့လဲ.... (မပြောပါ)ဘယ်လိုများ ပြောပါလိမ့်.... (ဖေါက်ပြန်ပျက်စီးတာပဲ ပြောပါတယ်ဘုရား)။

ဖေါက်ပြန်ပျက်စီးတာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ) ဟာ.... သူက ဒုက္ခသစ္စာလို့ ပြောနေပါကလား တကာတကာမတို့....(မှန်ပါဘုရား)။

ဘာလို့ပြောပါလိမ့်.... (ဒုက္ခသစ္စာလို့ပြောပါတယ်) အင်း.... ဒါဖြင့် သူများပြောတာတွေ အကုန်ရှင်းသွားပြီ.... (ရှင်းပါပြီ) သူများပြောတာတွေ ဘယ့်နှယ်ဖြစ်ကြသတုံး....(အကုန်ရှင်းပါပြီဘုရား)။

အကုန်ရှင်းသွားတာထောက်လိုက်တဲ့ အခါကျတော့ သူများပြောခဲ့တဲ့ အမှတ်မှား....(မှန်ပါ)ကိုယ့်အယူဆိုတဲ့ အထင်မှား.... (မှန်ပါ)မရှိဘူးလား....(ရှိပါတယ်ဘုရား)။

သူများပြောက အမှတ်မှား(မှန်ပါ) သူများပြောတဲ့အတိုင်း ကိုယ်ယူထားတဲ့ အယူမှား....(မှန်ပါ)ဟာ-ဒါဖြင့် တကာတကာမ

တို့ အမှတ်များ, အယူမှားပြုတ်ပြီ၊ ခန္ဓာကပြောလိုက်တာနဲ့.... (မှန်ပါ့ဘုရား)။

ခန္ဓာကပြောလိုက်တာနဲ့ ဘာတွေများပျောက်သွားသတုံး.... (အမှတ်မှား,အယူမှား ပျောက်သွားပါတယ်) ဒါဖြင့် သညာဝိပ္ပလ္လာသပျောက်၍ ဒိဋ္ဌိဝိပ္ပလ္လာသချုပ်တာပဲ.... (မှန်ပါ့ဘုရား) အင်ခတန် အဖိုးတန်ပါကလား တကာကြွယ်ရေ.... (အဖိုးတန်ပါတယ်ဘုရား)။

နာရတဲ့ပုဂ္ဂိုလ် ဝမ်းသာတာထက် ဟောတဲ့ပုဂ္ဂိုလ်က အမှန်အကန်ကြီး ပြောဆိုပြီးသကာလ နေရတဲ့အတွက် တကာဦးမာဒင်ရေ ပိုဝမ်းသာဘယ်.... (မှန်ပါ့) အင်မတန် တကာတကာမတွေအတွက်လဲ ဝမ်းသာတယ်၊ ခင်ဗျားတို့ကလဲ ဩဘ်ဒုက္ခခပ်သိမ်းငြိမ်းဆိုတာ အမှန်မြင်ယင် ငြိမ်းတာကိုးလို့ သာမှတ်လိုက်ပါ....(မှန်ပါ့ဘုရား)။

ဒုက္ခခပ်သိမ်းငြိမ်းဆိုတာ....(အမှန်မြင်ပြီး ငြိမ်းဘာပါဘုရား) အမှန်မြင်လိုက်လို့ ရှိယင်ဖြင့် နောက် အမှားတွေလာသေးရဲ့လား (မလာပါ) ဒါဖြင့် အမှားမှမလာတော့ အမှားနိုင်ငံဆိုတဲ့အပါယ်လေးရွာ ကျုပ်တို့သွားစရာ ရှိသေးရဲ့လား.... ( မရှိပါဘုရား ) အဲဒါကြောင့် ဘုန်းကြီးကလဲ ပိုမိုဝမ်းသာပါတယ်.... (မှန်ပါ့ဘုရား)။

ပိုမိုဝမ်းသာတယ်ဆိုတာ ရွာထဲရပ်ထဲရောက်တော့ဖြင့် သူပဲငါပဲ- ယောကျ်ားပဲ- မိန်းမပဲတော့ ထင်ကြဦးမှာပဲ ....

(မှန်ပါ့) ထင်ပင်ထင်ပြားသော်လဲ မပူပါနဲ့- ဉာဏ်ဝင် ကြည့်လိုက်ယင် အကုန်ရှင်းသွားမှာပါ....(မှန်ပါ့ဘုရား)။

အထင်ကို ဉာဏ်ဝင်လိုက်ယင်.... (ရှင်းသွားပါမယ်)အကုန်ရှင်းသွားလို့ရှိယင်ဖြင့် တကာတကာမတွေတဲ့ ဒါသည် သမ္မာဒိဋ္ဌိမျက်လုံးရတာပဲ....(မှန်ပါ့ဘုရား)။

ဘယ်မျက်လုံးရပါလိမ့်....(သမ္မာဒိဋ္ဌိမျက်လုံးရပါတယ်ဘုရား) သမ္မာက-မှန်ကန်တာ၊ ဒိဋ္ဌိက-မြင်တာ....(မှန်ပါ့) အမှန်မြင်ပေါ့ဟေ့ဆိုတော့ အမှန်မြင်ယင် မဂ္ဂင်ပဲ....(မှန်ပါ့) အမှန်မြင်ယင် မဂ္ဂင်ဖြစ်ခဲ့လို့ရှိယင်ဖြင့်"ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ" ဘိက္ခဝေ=ရဟန်းတို့၊အယံ မဂ္ဂေါ=ဤအမှန်မြင် မဂ္ဂင်ရတဲ့သူသည်၊ ဧကာယနော=တကြောင်းတည်းနဲ့ နိဗ္ဗာန်ရောက်၏.... (မှန်ပါ့ဘုရား)။

သြော်....အမှန်မြင်လို့ ခင်ဗျားတို့နိဗ္ဗာန်ရောက်ပါတယ်၊ကဲ-ဘာမှ ပူမနေပါနဲ့....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ကိုယ့်ခန္ဓာ ကိုယ့်ဉာဏ်နဲ့ ကြည့်လိုက်တော့ သူပြော့လူပြော ပျောက်ပါရဲ့လား(ပျောက်ပါတယ်) သူပြောလူပြောနဲ့ ကိုယ်စွဲနေတဲ့ ဒိဋ္ဌိစွဲကြီးကော.... (ပျောက်ပါတယ်) ဟာ....ဒါဖြင့် သညာဒိဋ္ဌိ ပြုတ်တာပဲ.... (မှန်ပါ့) တယ်လဲအဖိုးတန်တယ် တကာတကာမတို့....(မှန်ပါ့ဘုရား)။

တကာကြွယ်....သေပျော်ပြီမဟုတ်လား.... (သေပျော်ပါပြီ) အားလုံး နောက်က တကာတကာမတွေ နားကြီးလေလေ သြော်....တကယ့်အကြိုးကြီး ကြုံတာပဲဆိုတာ ပေါ်လေလေပဲ.... (မှန်ပါ့)နားကြီးမှ-နားကြီးမှ....(မှန်ပါ့ဘုရား)။

နားကြီးလေလေ အဖိုးတန်လေလေပဲ.... (မှန်ပါ) သဘော ပါကြပ့လား....(ပါ-ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ယခုနားက ဘုန်းကြီး ပြောတဲ့တရားနာလို့ ဉာဏ်ကခန္ဓာကိုယ်လှည့်လိုက်တာဒိဋ္ဌိပျောက် တယ်၊ဝိစိကိစ္ဆာကတော့ အထူးပယ်စရာ မရှိဘူးတဲ့ အဂ္ဂိုတ်ိုရ်က (မှန်ပါဘုရား)။

ဒိဋ္ဌိနိရောဓော ဖြစ်လို့ရှိယင် ဝိစိကိစ္ဆာနိရောဓောဖြစ်တာပဲ (မှန်ပါ) ဒိဋ္ဌိပြုတ်ယင် ဝိစိကိစ္ဆာပြုတ်တာပဲဟော့တဲ့....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဒိဋ္ဌိ ဝိစိကိစ္ဆာပြုတ်တယ်ဆိုတော့ တကာတကာမ တို့ တခါတည်း စူဠသောတာပန် သေချာသွားတယ်....(သေချာ ပါတယ်) ကဲ....အပါယ်မကျတာဖြင့် အခုနာရီသုံးမတ်နဲ့ပဲ တာဝန်ခံပါတယ်.... (မှန်ပါ) တဘဝ,နှစ်ဘဝအပါယ်မကျဘူး တကာတကာမတို့....(မှန်ပါဘုရား)။

ကိုင်း.... လုံးလုံးမကျတဲ့နည်းကို ယူဦးမလားလို့ မေးယင် ခင်ဗျားတို့ အကုန်လက်ခံရမယ်(လက်ခံရပါမယ်)လုံးလုံးမကျတဲ့ နည်းလဲ ကျန်သေးတယ်၊ ဒါပေးရဦးမယ်....(မှန်ပါဘုရား)။

အခုဟာလဲ တဘဝ နှစ်ဘဝသာဖြင့် ဘုန်းကြီးက အခုနာရီ သုံးမတ်ဟောတာနဲ့ပဲ ခင်ဗျားတို့ကလဲ ဖောက်ပြန်ပျက်စီးမှု တပါး တာမှမရှိဘူး၊ ဒုက္ခသစ္စာတခုတည်းရှိတယ်လို့ ခင်ဗျားတို့ ဉာဏ်ထဲမှာလဲ ဆုံးဖြတ်ချက်ချလို့ရှိယင်ဖြင့် တကာတကာမတို့ တဘဝ,နှစ်ဘဝ အပါယ်မကျဘူးဆိုတာ သေချာတယ်....(မှန်ပါ ဘုရား)။

တနည်းအားဖြင့်လဲ အင်္ဂုတ္တိုရ်ပါဠိတော်အလို ပြောရမယ်ဆိုယင် ဘုရားဟောထားတဲ့သဘော ဆိုလို့ရှိယင်ဖြင့် ဒီဘဝကစုတေ နတ်သုဂတိရောက်၊ နတ်သုဂတိရောက်သည်နှဲ့ တပြိုင်နက်တည်း အိပ်သော ယောကျ်ား နိုးသောအလားကဲ့သို့ နတ်ဘုံဗိမာန်ထဲမှာ ငါသည်လူ့ပြည်မှာတရားအားထုတ်လာပါကလားဆိုတာ ချက်ခြင်းသတိပေါ်ပြီး နတ်ဉာဏ်နဲ့ ခန္ဓာကြည့်လိုက်တော့ ဖျတ်ဖျတ်ဖျတ်ဖျတ်နဲ့ တခါတည်း နတ်မျက်လုံးနဲ့ ဆိုတော့ ကျုပ်တို့အမြင်ထက် ရှင်းသွားတယ်....(မှန်ပါ့ဘုရား)။

ဖောက်ပြန်ပျက်စီးတာ မြင်လာတယ်.... (မှန်ပါ့)အဲဒီဗိမာန်ထဲမှာ သောတာပန်အစစ်တည်တယ်.... (မှန်ပါ့) ဘယ်လောက်ကျေးဇူးများတယ်ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီ)အဲဒါက ဒုတိယဘဝရောက်ပြီး တည်ပုံပြောပါတယ်....(မှန်ပါ့ဘုရား)။

ကဲ.... ဒီဘဝတည်ပုံကလေး အမြင်မှန် ပြောကြပါဦးစို့.... (မှန်ပါ့)ဒီဘဝ တည်ပုံကလေး အမြင်မှန် ပြောကြပါဦးစို့.... ဆိုတော့ တကာကြွယ် ဒီဟာလဲ တော်တော် အရေးတကြီးနားထောင်ရမယ်....(မှန်ပါ့ဘုရား)။

ဒီဟာ တော်တော် အရေးတကြီးနားထောင်ရမယ် တကာတကာမတို့.... (မှန်ပါ့) ခုနင်က အမြင်ပေါ်မှာ အမြင် ဆုံးရလိမ့်ဦးမယ်....(မှန်ပါ့)ခုနင်က အမြင်မှန်သာရတယ်....အမြင်မဆုံးသေးဘူး....(မှန်ပါ့ဘုရား)။

အမြင်တော့.... (ရပါတယ်) အမြင်မှန်တော့ ရထားပြီတဲ့ အမြင်မှန်၏ လမ်းဆုံးရောက်ပလားလို့ မေးတော့ မဆုံးသေးဘူး (မဆုံးသေးပါဘုရား)။

ဒါဖြင့်....အမြင်မှန်ကနေပြီးအမြင်မှန်လမ်းဆုံးကို ဘုန်းကြီးတို့ တကာတကာမတွေ တက်ပါဦး....(မှန်ပါ့ဘုရား)။

အမြင်မှန်ကနေပြီး....(အမြင်မှန်လမ်းဆုံးကို တက်ရပါမယ်)၊ အမြင်မှန်လမ်းဆုံးတက်ပါဦး ဆိုတာကိုလဲ တကာကြွယ်ပြောရလိမ့်မယ်... (မှန်ပါ့) ဘာ့ကြောင့်တုံးဆိုတော့ တကာတကာမတို့ ခန္ဓာကိုယ်ကြီးက ဒါရုစီရိယတို့လို ဖြစ်မှာစိုးရတယ်.... (မှန်ပါ့ဘုရား)။

ဒါရုစီရိယဟာ အခုတရားနာလို့ အခုပဲသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဘုရားခြေဖမိုးကိုင်ရင်း ဖြစ်သွားတယ် (မှန်ပါ့)တပည့်တော် သက်န်းဝတ်ပါရစေတော့ဘုရားတဲ့၊ သူက သက်န်းမလှူဘူးတဲ့ပုဂ္ဂိုလ်ဖြစ်နေတော့ မင်းကွာ သက်န်းရှာချေဦး သုသာန်တို့ ဈေးတို့မှာ အဝတ်စုတ်တွေ သွားရှာချေဦး.... (မှန်ပါ့)ဟာ....ရှာချေဦးမယ်ဘုရာ့ဆိုပြီး ရှာရင်းမတ္တာနဲ့ နွားဝှေ့သေရတယ်....(မှန်ပါ့ဘုရား)။

သက်န်းဝတ်မလို့ သက်န်းရှာသွားတာ တကာကြွယ် ဝတ်လိုက်ရသလား၊ အသေကစောသွားသလား.... (အသေကစောသွားပါတယ်ဘုရား)။

ခန္ဓာကိုယ်ဆိုတာက တကာတကာမတို့ အသေနေရာရွေးသလားလို့ မေးယင် ဘယ့်နှယ်ဖြေမလဲ....(မရွေးပါဘုရား)။

အဲဒီတော့ သူဒီအထဲမှာပဲ ကျန်းမာတော့ ဒီထဲမှာပဲ အမြန်လမ်းဆုံးလိုက်တာက အေးတယ်....(မှန်ပါ့)ရှင်းပလား(ရှင်းပါပြီဘုရား)။

ဒီထဲမှာ အမြင်မှန်ရတဲ့ဉစ္စာဘုရား- နောက်မှ လမ်းဆုံးပြပါ ဆိုလို့ရှိယင် မတော်ဘူး....(မတော်ပါဘုရား)။

အဲဒီတော့ နာရီကလဲ ကျန်နေသေးတဲ့အတွက် ဘုန်းကြီးတို့ တကာတကာမတွေ အမြင်မှန် လမ်းဆုံးကလေး လိုက်ပါဦး.... (မှန်ပါ့) အမြင်မှန်လမ်းဆုံးကလေး လိုက်ပါဦးဆိုတာ ကဲ.... ဖောက်ပြန်ပျက်စီးတာကို ကြည့်လိုက်ပါဦး....(မှန်ပါ့)။

တကာတကာမတို့ယောကျ်ားတွေ မိန်းမတွေတွေ့သေးသလား ဖောက်ပြန်ပျက်စီးတာ ကောန်ပဲလား.... (ဖောက်ပြန်ပျက်စီးတာ ကောန်ပါဘုရား)။

ဖောက်ပြန်ပျက်စီးတာ ကောန်ပဲလို့ မျက်လုံးမှိတ်ပြီး ဉာဏ်ကလေးနဲ့ကြည့်....( မှန်ပါ့ဘုရား ) ဆက်ကြည့်....ဆက်ကြည့်၊ ဆက်ကြည့်ယင်းမတ္တနဲ့ ဖောက်ပြန်ပျက်စီးမှုကြီးသည်ကား....လို့ ဆိုလို့ရှိယင် တခြားသော တရားမဟုတ်ပါဘူး တကာတကာမတို့ ရုပ်တို့၏ ဖောက်ပြန်ပျက်စီးမှု- နာမ်တို့၏ ဖောက်ပြန်ပျက်စီးမှုမှ တပါး ဘာရှိသေးသတုံး....(ဘာမှ မရှိပါဘုရား)။

ဩော်-ဒါဖြင့်ဖောက်ပြန်ပျက်စီးနေတာကြီးကိုယ်ကစောင့်ပြီး ကြည့်နေရတော့ နားကလဲ တရားနာလျက်- ဉာဏ်ကလဲ စောင့်ကြည့်နေလျက် ခန္ဓာပေါ်မှာ.... (မှန်ပါ့) ဖောက်ပြန်ပျက်စီးမှုကြီးကလဲ လမ်းဆုံးရဲ့လား....(မဆုံးပါဘုရား)။

တော်တော်နေ ဖောက်ပြန်,ပြန်ပြီ၊ ဉာဏ်ကလေးနေဖောက်ပြန်ပျက်စီး၊ ဖောက်ပြန်ပျက်စီး-ဖောက်ပြန်ပျက်စီးနဲ့ပဲ ဘုန်းကြီးတို့ တကာတကာမတွေမှာ ဒါနဲ့ပဲ နေရတယ်.... (နေရပါတယ်) ဉာဏ်ကလဲ ကြည့်လျက်ပဲ၊ တကာသစ် ဖောက်ပြန်ပျက်စီးကလဲ မရပ်မစဲ....(မရပ်ပါဘုရား)။

ဖောက်ပြန်ပျက်စီးက ဘာတဲ့....(မရပ်မစဲပါဘုရား) ဉာဏ်ကလဲ ကြည့်လျက်ပဲ....(ကြည့်လျက်ပါဘုရား) သြော်....ဒီအဖြစ်မျိုးကြီးဟာဖြင့် အဖြစ်ဆိုးပဲ....(မှန်ပါ)။

ဒီအဖြစ်မျိုးဟာဖြင့်....(အဖြစ်ဆိုးပါဘုရား)သြော်....ဒီအဖြစ်မျိုးဟာဖြင့် အဖြစ်ဆိုးပဲလို့ သိလာယင် ဒါ- ပါဠိလိုသုံးယင် နိဗ္ဗိန္ဒဉာဏ်.... (မှန်ပါ) မြန်မာလိုတော့ဖြင့် ဒီအဖြစ်မျိုးဟာ အဖြစ်ဆိုးပဲဆိုယင် ဒါ....ပြီးတာပါပဲ....(မှန်ပါ)။

ဒီအဖြစ်ဆိုးမျိုးဟာ.... (အဖြစ်ဆိုးပါဘုရား) အဖြစ်ဆိုးလို့ပဲဆိုဘာလဲ၊ စာလိုသုံးတော့ နိဗ္ဗိန္ဒဉာဏ် ခေါ်တယ်....(မှန်ပါ) မြန်မာလိုတော့ သြော်....ဒီအဖြစ်ကြီးဟာ တယ်ဆိုးပါကလားလို့ ကိုယ့်ခန္ဓာ ကိုယ်ကြည့်ပြီး ဆိုးမှန်းသိဘာ နိဗ္ဗိန္ဒဉာဏ်တက်တာ မှတ်လိုက်ပါ....(မှန်ပါ)။

ဒီအဖြစ်မျိုးဟာ တယ်ဆိုးပါကလားလို့ ကိုယ့်ဉာဏ်ထဲမှာ ပေါ်လာယင် စာလို ဘာတဲ့ဘုံး.... ( နိဗ္ဗိန္ဒဉာဏ်ပါဘုရား ) မြန်မာလိုပြောပါဆိုတော့ ဒီအဖြစ်မျိုးဟာ အဖြစ်ဆိုးပါကလားလို့ ဆုံးဖြတ်ချက်ချလိုက်ဘာ ဒါ....နိဗ္ဗိန္ဒဉာဏ်ဖြစ်သွားတာပဲ (မှန်ပါ)။

တကာကြွယ် ပါဠိမတတ်ပေမယ့် အရေးမကြီးဘူး....(မှန်ပါ) ကိုယ့်ဘာသာနဲ့ကိုယ် နားလည်မှု အရေးကြီးပါတယ်.... (မှန်ပါ ဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး တရားဟောတဲ့ အခါကျတော့ လူမျိုးတရာ့တပါးလာပြီး နားထောင်ကြငြားသော်လဲ ကိုယ့်ဘာသာနဲ့ကိုယ် နားလည်ကြတယ်.... ( မှန်ပါ ) ကိုယ့်

ဘာသာနဲ့ကိုယ် ကျွတ်တမ်းဝင်ကြတယ်....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ကောင်းပြီ....တဲ့၊ ဒါဖြင့် တကာတကာမတို့ ဒီအဖြစ်မျိုးဟာ အဖြစ်ဆိုးကြီးပါကလားဆိုတာ ဘာဉာဏ်တုံး.... (နိဗ္ဗိန္ဒဉာဏ် ပါဘုရား)။

ကြည့်ပေးပါ....ကြည့်ပေးပါ၊ ဒါ ကြပ်ကြပ် ကြည့်ပေးပါ၊ ပေါ်လာတိုင်း ဒီအဖြစ်မျိုးဟာ အဖြစ်ဆိုးကြီးပဲ- ဒီအဖြစ်မျိုးဟာ အဖြစ်ဆိုးကြီးပဲ....၊ ဖောက်ပြန် ပျက်စီးနေတာကြီးဟာ ဒီအဖြစ်မျိုးဟာ အဖြစ်ဆိုးကြီးပဲ၊ ဒီ့ထက်အဖြစ်ဆိုး မရှိတော့ဘူး....(မှန်ပါ့)။

ဒီလိုမျှား မြင်မြင်-မြင်မြင်လာလို့ရှိယင်ဖြင့် ပါဠိလို နိဗ္ဗိန္ဒဉာဏ်၊ မြန်မာလိုတော့ ဒီအဖြစ်မျိုးဟာ အဖြစ်ဆိုးလို့ သိမှုပဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒီအဖြစ်မျိုးဟာ.... (အဖြစ်ဆိုးပါဘုရား) အဲ.... ဒီအဖြစ်မျိုးဟာ အဖြစ်ဆိုးလို့ သိလို့ရှိယင် တော်ပြီ....(မှန်ပါ့)။

ကိုင်း-ဒီလိုနဲ့ပဲ ဒီအဖြစ်မျိုးဟာ အဖြစ်ဆိုးပဲ ဆိုပြီးသကာလ တကာတကာမတွေက ကြည့်ယင်း ကြည့်ယင်းနဲ့ပဲ လိုချင်စရာ ရချင်စရာ မရှိပါကလားဆိုတဲ့ဉာဏ် ဆက်ပြီး ဒီဉာဏ်ဟာ လာမလား၊ မလာဘူးလား အကဲခတ်ကြည့်စမ်း.... ( လာပါတယ် ဘုရား)။

ဒီအဖြစ်မျိုးဟာ အဖြစ်ဆိုးကြီးပဲလို့ မြင်တိုင်း မြင်တိုင်း ဒီအဖြစ်ဆိုးကြီးဖြင့် လိုချင်စရာ ရချင်စရာ လုံးဝမရှိပါကလား ဆိုတဲ့ ဉာဏ်သည် တက်မလား-မတက်ဘူးလား....(တက်ပါတယ် ဘုရား) ဆက်သာကြည့် တက်ရမယ်....(မှန်ပါ့)။

ဆက်သာကြည့်ပါ တကာ တကာမတို့ မတက်မရှိပါဘူး၊ ဆက်သာကြည့်ပါ တက်ရမှာ ကေန်ပဲဆိုတာ တကာကြွယ် မှန်တယ် မဟုတ်လား....(မှန်ပါတယ်ဘုရား)။

အဲဒါကြောင့် ဦးမာဒင်တို့ တကာသစ်တို့ဘက်ကလဲ ဒီအဖြစ် မျိုးနဲ့ ဒီအဖြစ်ဆိုးကြီးတို့ တွေ့လေလေ မရှောင်တမ်း ကြည့် လေလေ ကြည့်စမ်းပါ....(မှန်ပါ)။

ကြည့်နေလို့ရှိယင်ဖြင့် တကာတကာမတို့ ဘုန်းကြီးရှင်းပြော ပါ့မယ်....(မှန်ပါ) ဝက်သား, ကြက်သား, ဒံပေါက် ထော ပတ်ထမင်းသည် စားယင်းနဲ့ မစားချင်တာ ပေါ်လိမ့်မယ်.... (မှန်ပါဘုရား)။

စားယင်းနဲ့ (မစားချင်တာပေါ်လာမှာပါ) ရော....စားယင်း နဲ့ မစားချင်တာ ပေါ်လိမ့်မယ်ဆိုတဲ့ဥစ္စာ ဟုတ်သားပဲ ဦးမာဒင် ရ- စားယင်းနဲ့ပဲ တော်ပြီကွာဖြစ်လာတယ်....(မှန်ပါ) သဘော ကျပလား....(ကျပါပြီဘုရား)။

စာယင်းနဲ့.... (တော်ပြီကွာ ဖြစ်လာပါတယ်) ဒါဖြင့် ပထမ စားစကတော့ဖြင့်တဲ့ ကောင်းသလိုလိုနဲ့ တော်တော်အလယ်ပိုင်း ကျလာတဲ့အခါ ခပ်အီတောက်တောက်ဖြစ်လာတယ်....(မှန်ပါ) ခပ်အီတောက်တောက်ဖြစ်လာတာသည် နိဗ္ဗိန္ဒဉာဏ်ဝင်လာတာ တယ်မစားချင်တော့ဘူး....(မှန်ပါဘုရား)။

နောက်ကျတော့ တော်ပြီကွာ၊ ထည့်တဲ့လူက သုံးဆောင်ပါ ဦးဆိုပြီး ထည့်ငြားသော်လဲ ခင်ဗျားတို့က လက်ကာတယ်.... (မှန်ပါ)။

တော်ပြီ-တော်ပြီ ကျုပ်ဒုက္ခဖြစ်လိမ့်မယ်တဲ့....(မှန်ပါ)မပြော ဘူးလား....(ပြောပါတယ်ဘုရား)။

ဘယ်နှယ်ကြောင့် ဒုက္ခဖြစ်ရမှာတုံး....၊စားမှုကြောင့်ဒုက္ခဖြစ် လိမ့်မယ်ပြောတာ (မှန်ပါ့ဘုရား)။

အဲဒီကျတော့ တော်ပြီလို့ပြောတာ ဒုက္ခအစစ်မြင်လို့ မလို ချင်တော့ဘူးပြောတာ....(မှန်ပါ့) စားယင်းက မစားချင်တော့ ဘူး....(မှန်ပါ့ဘုရား)။

ဒီမှာလဲ ရှုယင်း မရှုချင်လာတာသည် တကာတကာမတို့ စားယင်း တော်ပါပြီမရချင်တော့ပါဘူးဆိုတာ ထမင်း ကောင်း ကောင်းစားယင်းနဲ့ မစားချင်တဲ့ဉာဏ်လို ဒီမှာလဲ ကြည့်ယင်း မတ္တနဲ့ ရှုယင်းမတ္တနဲ့ မရချင်ဘူးဖြစ်လာတာသည် မဂ်ဉာဏ်ပဲ (မှန်ပါ့) အိတောက်ကြီးဖြစ်လာတာက ဘုန်းကြီးတို့ တကာ တကာမတော့ မှတ်လိုက်စမ်းပါ၊ နိဗ္ဗာန်ဖြစ်လာတယ်....(မှန်ပါ့) မစားချင်တဲ့စိတ် လုံးလုံးပေါ်လာတာက မဂ်ဉာဏ်.... (မှန်ပါ့ ဘုရား)။

ဒီမှာလဲကြည့်ယင်းမတ္တနဲ့မုန်းလာတာက နိဗ္ဗာန်ဉာဏ်(မှန်ပါ့) မစားချင်သလို မလိုချင်တာက ဘာခေါ်ကြမယ်.... (မဂ်ဉာဏ် ပါဘုရား)။

ဒါဖြင့် ပထမကြည့်ပြီး အိတောက်ကြီးဖြစ်အောင် စားသလို၊ မစားချင်ပဲနဲ့ ရှုရှုနဲ့ပဲ ဝမ်းပြည့်သိပ်နေတဲ့ဥစ္စာသည် တကာ ကြွယ် နိဗ္ဗာန်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ ဘုရား)။

နောက်ကျတော့ ဘယ်လိုပဲ ရှာလပတ်ရည်သောက်ပါဦး...၊ အင်း.... ဘိလပ်ရည်အမျိုးမျိုးနဲ့ပဲ အဖြေတွေသောက်ပါဦး၊ တော်ပြီ တော်ပြီ မရတော့ဘူးဗျာ....အစရှိသည်နဲ့ လက်ကာ, ပါးစပ်ကလဲပြော....(မှန်ပါ့)။

ဦးမာဒင် ဒါ ဘယ်သူ့မစားချင်တာတုံးဆိုတော့ ခုနင်က ကြိုက်တဲ့ထောပတ်ထမင်းကို မစားချင်တာ, ဒ်ပေါက်ထမင်းကို မစားချင်တာ....(မှန်ပါ့ဘုရား)။

ဒီလိုပဲ နဂိုကခင်နေတဲ့ ခန္ဓာကြီးကိုပင်လျှင်မုန်း၊ မုန်းရာကနေပြီး မလိုချင်တာ.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

မုန်းရာကနေပြီး ဘာပါလိမ့်....(မလိုချင်တာပါ)မလိုချင်တာ မင်္ဂလာဉာဏ်မှတ်လိုက်....(မှန်ပါ့ဘုရား)။

မလိုချင်တာ.... (မင်္ဂလာဉာဏ်ပါ) အဲဒီတော့ ထောပတ်ထမင်းဟာ သူ့ဟာသူ ပန်းကန်ပြားနဲ့နေခြားသော်လဲ ကျုပ်တို့နဲ့ အဆက်အသွယ်ကင်းတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ကျုပ်တို့နဲ့တော့....(အဆက်အသွယ်ကင်းပါတယ်) ဒီခုံကြီးနဲ့ စားပွဲခင်းဖြူဖြူနဲ့ ရေမွှေးတွေပက်လို့ လက်သုတ်ပဝါတွေမှာ အမျိုးမျိုးအဖုံဖုံ ပြင်ဆင်ထားလိုက်တာ ယင်တကောင်မသန်း ပါဘူး....(မှန်ပါ့ဘုရား)။

ဒါလောက်ပဲ ဟော်တယ်မှာ သန့်ရှင်းသလောက်ပဲ သန့်ရှင်းအောင် လုပ်ထားခြားသော်လဲ ဦးမာဒင် ဒီထမင်းပွဲပြန်ကြည့်ချင်သေးရဲ့လား....(မကြည့်ချင်ပါဘုရား)။

ဟ....နဂိုက စားနေတာ၊စားရာက မုန်း၊မုန်းရာက မကြည့်ချင်....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

နဂိုက ယသာဘူတဉာဏ်နဲ့ ကြည့်လိုက်ကတည်းက တကာ တကာမတွေ အမှန်သိတယ်....(မှန်ပါ့)အမှန်သိလို့ ဆက်ကြည့်

တော့ မှန်းတယ်....(မှန်ပါ့) မှန်းရာကနေပြီး မလိုချင်....(မှန်ပါ့ ဘုရား)။

ဒါဖြင့် ယသာဘူတဉာဏ်ရယင် နိဗ္ဗိန္ဒဉာဏ် ရလိမ့်မယ်.... (မှန်ပါ့) နိဗ္ဗိန္ဒဉာဏ်ရယင် မလိုချင်တဲ့ဉာဏ်က.... ( ရမှာပါ ဘုရား)။

ရတော့ကို ခုနင်က ထမင်းစားပွဲ ပြန်ကြည့်ပါဦး ဆိုတော့ တကာကြွယ်-ကြည့်ချင်သေးရဲ့လား.... (မကြည့်ချင်ပါဘုရား)။

မဟုတ်ပါဘူးဗျ ဟိုမှာခင်ဗျားတို့နဲ့ ကိုင်စားမှ ကောင်း မည့်ဉ္စသည်ကလာတယ်၊ခင်ဗျားထိုင်ရုံကလေး ထိုင်စမ်းပါဦး ဆိုတာတောင် တကာကြွယ် အားနာပါ့နာ ထိုင်ဦးမလား....၊ မထိုင်တော့ဘူးလား....(မထိုင်တော့ပါဘုရား)။

ဘာဖြစ်လို့မထိုင်တာတုံး၊ လုံးဝမဆက်သွယ်ချင်တော့ဘူး.... (မှန်ပါ့) သူနဲ့တွေ့ရယင်ပဲ ဥပါဒ်ရောက်တော့မယ် ကိုယ့်မှာ.... (မှန်ပါ့)ဒီအခြေအနေ မဆိုက်သေးဘူးလား.... ( ဆိုက်ပါတယ် ဘုရား)။

အဲဒီအတိုင်းပါပဲ တကာတကာမတို့ ဒီခန္ဓာကြီးကိုပဲ မရ ချင်တဲ့ဉာဏ်ဟာ ဘာဉာဏ်တုံး....(မဂ်ဉာဏ်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒီခန္ဓာကြီးနဲ့ကို မဆက်သွယ်ချင်တဲ့ဉာဏ်သည်.... (မဂ်ဉာဏ် ပါဘုရား)ဒါဖြင့် မဆက်သွယ်ချင်တော့ ခုနင်က ထောပတ် ထမင်းကတော့ လူကမရှေ့တော့ စားပွဲကြီး ကျန်နေရစ်သေး တယ်....(မှန်ပါ့ဘုရား) ခင်ဗျားတို့မှာတော့ အားထုတ်ယင်း မတ္တာနဲ့ ဒီခန္ဓာကြီး တကယ်မလိုချင်ဘူးဆိုတော့ စားပွဲကျန်သလို

မကျန်ပဲနဲ့ ကျန်တဲ့ရုပ်နာမ်ဟာ အကုန်ပျောက်လိမ့်မယ်.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဘာပျောက်တုံး- (ကျန်တဲ့ရုပ်နာမ်အကုန်ပျောက်ပါတယ်) တကာကြွယ် ရုပ်နာမ်တွေ အကုန်ပျောက်လိမ့်မယ်ဆိုတာ သေချာပလား....(သေချာပါပြီ) ဒါဖြင့် ရုပ်နာမ်ဆုံးယင် နိဗ္ဗာန်ပဲ.... (မှန်ပါ့ဘုရား)။

ရုပ်နာမ်ဆုံးယင်....( နိဗ္ဗာန်ပါ ) ကြော်.... နိဗ္ဗာန်ဆိုတာ တခြားလားမှတ်တယ်၊ ကိုယ်ရှိမှုန်းနေတာကြီး ပျောက်သွားဘာကိုး....(မှန်ပါ့ဘုရား)။

တကာတကာမတို့ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်....(ကိုယ်ရှိမှုန်းနေတာကြီး ပျောက်သွားဘာပါဘုရား)။

ဒါဖြင့် ရှိမှုန်းနေဘာပျောက်လို့ ရှိယင် အန္တရာယ်ကင်းလို့ ဘေးရှင်းတာဆိုရမယ်....(မှန်ပါ့)။

ရှိမှုန်းနေတာကြီး ရှာမတွေ့ပါဘူး ဆိုကတည်းက တကာကြွယ်ရာ ဝဋ်ကျွတ်ဘာပဲ....( မှန်ပါ့ ) အိမ်နားမှာ ခွေးသေကောင်ပုပ်ကြီး မရှိဘာများ ဒို့အကျေနပ်ကြီး မကျေနပ်ပေဘူးလား....(ကျေနပ်ပါတယ်)နဂိုကရှိတုန်းက ရှိမှုန်းနေတာကိုး- (မှန်ပါ့) အခုတော့မရှိတော့ ဘယ့်နှယ်ဖြစ်နေကြသလဲ.... (ကျေနပ်ပါတယ်ဘုရား)။

ထို့အတူပဲ ဒီခန္ဓာကြီးဟာ အဲဒီ့အချိန်ကျလာတော့ ဒုက္ခသစ္စာ ခွေးသေကောင်ပုပ်ကြီး ဖြစ်ပြီးသကာလ သူလဲမရှိဘူး ဆိုတော့ အေးပေပေါ့ဟေ့....ချမ်းသာပေပေါ့ဟေ့လို့ ဝမ်းထဲမှာ ဟဒယသုသီတလဆိုတဲ့ နှလုံးအေးတဲ့မဂ္ဂင်ပေါ်လာတယ်.... (မှန်ပါ့)မပေါ်ကြလား....(ပေါ်ပါတယ်ဘုရား)။

ဘာပေါ်ပါလိမ့်.... (နှလုံးအေးတဲ့မဂ္ဂင် ပေါ်လာပါတယ်) နှလုံးအေးတဲ့မဂ္ဂင် ပေါ်လာတယ်ဆိုတာ ကျေနပ်ပသား.... (ကျေနပ်ပါပြီဘုရား)။

အဲဒီတော့ မစားချင်အောင်, မလိုချင်အောင် ခန္ဓာကို တကာတကာမတို့ ခုနင်က ဖောက်ပြန်ပျက်စီးတာကို မလိုချင်သည့်တိုင်အောင် ကြည့်လိုက်လို့ ရှိယင် ခန္ဓာပျောက်ပါတယ်.... (မှန်ပါ့ဘုရား)။

ခန္ဓာပျောက်တော့ ခွေးသေကောင်ပုပ် အိမ်နံ့ားမှာပျောက်သွားတော့ ဦးမာဒင်တို့ ဝမ်းသာတယ်... (ဝမ်းသာပါတယ်) ဒီမှာလဲ ဒုက္ခပျောက်တော့ ရင်ထဲအေးသွားတယ်.... (မှန်ပါ့)။

ရင်ထဲအေးသွားတာသည် တခြားမဟုတ်ပါဘူးတဲ့ တကာတကာမတို့ ပဏ္ဍာသအဠကာသာမှာလဲ လာပါတယ်၊ ရေအိုးတထောင်နဲ့ လောင်းလို့ အေးဘိသကဲ့သို့ အေးသွားပါတယ်ကွာ- (မှန်ပါ့)နိဗ္ဗာန်မြင်တဲ့အခါ ဒုက္ခချုပ်တာမြင်တဲ့အခါ ဒီအတိုင်း အေးသွားပါလိမ့်မယ်....(မှန်ပါ့) ရေခဲအေးသလို အေးတာလားလို့ဆိုတော့ မဟုတ်ဘူး၊ ဝန်ကျတဲ့ အအေးမျိုးမှတ်....(မှန်ပါ့ဘုရား)။

ဘယ်လိုအအေးမျိုးပါလိမ့်.... (ဝန်ကျတဲ့ အအေးမျိုးပါ) ဝန်ကျတဲ့ အအေးမျိုးလို့ သေသေချာချာမှတ်ပါ.... (မှန်ပါ့ဘုရား)။

တကာတကာမတွေ ဒါဖြင့် ခင်ဗျားတို့ ဖောက်ပြန်ပျက်စီးတာကို ၁-နံပါတ်မြင်အောင်ကြည့်ပါ....(မှန်ပါ့) ၂-နံပါတ်က ဖောက်ပြန်ပျက်စီးတာကိုမုန်းအောင်နေကြည့်ပါ(မှန်ပါ့ဘုရား)။

၃-နံပါတ်က ဖောက်ပြန်ပျက်စီးနေတာကြီးကို တကာတကာ မတွေ ရုပ်ကိုက်, ရုပ်ကြည့်၊ ဝေဒနာကိုက်, ဝေဒနာကြည့်၊ စိတ်ကိုက်,စိတ်ကြည့်....(မှန်ပါ)ကိုက်တာကြည့်၊ တွေ့တော့ဖြင့် ဖောက်ပြန်ပျက်စီးတာပဲ တွေ့ရမယ်....(မှန်ပါဘုရား)။

အဲဒီကဲ့သို့ တွေ့လို့ရှိယင်ဖြင့် တကာတကာမတွေက မလိုချင်တော့ဘူးဆိုယင်ဖြင့် မဂ်ဆိုက်ပြီလို့အောက်မေ့(မှန်ပါဘုရား)။

မလိုချင်တဲ့အခါမှာ မဂ်ဆိုက်တယ်-မဆိုက်တယ် မသေချာ-သေချာ ပြောလို့ရှိယင်ဖြင့် ရှေ့မှာ ခန္ဓာပျောက်ပါတယ်.... (မှန်ပါ)ရှေ့ခန္ဓာပျောက်လို့ရှိယင် မလိုချင်တဲ့ မဂ်ဉာဏ်ရောက်လို့သာမှတ်ပေတော့.... (မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တရားဘယ်ကနာကြရမယ်.... (နားကနာရပါမယ်) ဉာဏ်ကဘယ်လှည့်ရမယ်....(ခန္ဓာလှည့်ရပါမယ်)သုံးခါ လှည့်ယင် နိဗ္ဗာန်ရောက်ပါတယ်....(မှန်ပါဘုရား)။

သုံးခါအတိုင်း ဉာဏ်ရင့်ပြီး လှည့်လိုက်လို့ရှိယင် နိဗ္ဗာန်ရောက်ပါတယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ဘုရားမရှိငြားသော်လဲ ဉာဏ်လှည့်တာလိုရင်းပါပဲ.... (မှန်ပါဘုရား)။

ဘုရားမရှိငြားသော်လဲ.... (ဉာဏ်လှည့်တာလိုရင်းပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ တရားဘယ်ရှာရ မတုံးလို့ မမေးပါနဲ့တော့ ခန္ဓာ၏မပူရာက ပူလာတယ် .... (မှန်ပါ) မညောင်းရာက.... (ညောင်းလာပါတယ်) မကိုက်ရာက (ကိုက်လာပါတယ်) မပေါ်သေးတဲ့စိတ်က ပေါ်လာတယ် ....

(မှန်ပါ့) မပေါ်သေးတဲ့ဝေဒနာက ပေါ်လာတယ်.... (မှန်ပါ့) ဒါတွေ ဘာတွေပါလိမ့်မတုံး... (တရားပါ) တရားတွေပဲ.... (မှန်ပါ့)သူ့ကြည့်လိုက်တော့ တရားတွေပဲလို့ ကြည့်လိုက်တော့ ဖောက်ပြန်ပျက်စီးတာ သွားတွေ့တယ်....(မှန်ပါ့ဘုရား)။

တရားတွေရယ်လို့ ကြည့်လိုက်တဲ့အခါ....(ဖောက်ပြန်ပျက်စီးတာ သွားတွေ့ပါတယ်ဘုရား)။

အဲ-ဖောက်ပြန်ပျက်စီးတာတွေ့ယင်ဒုက္ခကွာပြီ(မှန်ပါ့)ဖောက်ပြန်ပျက်စီးတာတွေ ကြည့်ပါများလို့ မုန်းလာယင် နိဗ္ဗိန္ဒဉာဏ်တက်ပြီ.... (မှန်ပါ့) ဖောက်ပြန်ပျက်စီးတာတွေဟာ ခွေးသေကောင်ပုပ်ကဲ့သို့ တွေ့လို့ အနားမှာမရှိယင်ကြိုက်လို့ အနား မရှိယင် ကောင်းလေစွာဆိုတဲ့ ဉာဏ်လာယင် ခွေးသေကောင်ပုပ်လဲပျောက်(မှန်ပါ့)ဝမ်းသာတဲ့ဉာဏ်လဲ ရောက်ယင် မဂ်ဆိုက်ပြီလို့မှတ်ပါ....(မှန်ပါ့ဘုရား)။

ကိုင်း....ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု....သာဓု ...သာဓု

## ဤတွင်အမှတ်စဉ်( ၂၀ )ပြီးဆုံးပါပြီ။

အဖွဲ့၏ တည်ရာဌာန၊ အမှတ် ၅၇ - ဆင်းဒွစ်လမ်း၌
လက်လီရောင်းချခြင်း၊ ရပ်ဝေးသို့ စာတိုက်မှ တင်ပို့ခြင်း
မပြုပါ။

# မှတ်ချက်

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရား

# ဝိပဿနာ့ တရား ဂန္ထ နှင့် လုပ်ငန်းစဉ်

မြန်မာ့ပွားရေးအဖွဲ့မှ
ကမကထပြု၍ ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေသည်။